GIFT OF

SIGILLUM · UNIVERSITATIS · CALIFORNIENSIS
FIAT LUX
MDCCCLXVIII
EX LIBRIS

THE JUDSON

# BURMESE-ENGLISH DICTIONARY

---

REVISED AND ENLARGED

BY

ROBERT C. STEVENSON

BURMA COMMISSION

---

REVISED AND EDITED

BY

REV. F. H. EVELETH, D.D.,

AMERICAN BAPTIST MISSION

---

RANGOON

AMERICAN BAPTIST MISSION PRESS

F. D. PHINNEY, SUPT.

1921

CARPENTIER

# PREFACE TO THE FIRST EDITION

The compiler was led to undertake the preparation and publication of the present enlarged edition of Dr. Judson's Burmese-English Dictionary, by the warm encouragement received from Sir Charles Bernard, K. C. S. I., the Chief Commissioner of British Burma, and from his Secretary, Mr. G. D. Burgess, C. S. I., who first suggested the desirability of publishing a new edition, with examples exemplifying the use of the words therein contained.

It has been the aim of the compiler, throughout this edition of Dr. Judson's Burmese-English Dictionary, in no way to disturb the original arrangement of it, and also to endeavour to harmonize his own additions with the general character of the original work, as far as possible.

The special features of this edition are the following:—

(1) It has a considerable number of new words not contained in former ones.

(2) Most of the words have examples showing their use.

(3) Both the written and colloquial forms of expression are exemplified.

(4) It contains many *excerpta* from the best authorities regarding Buddhist religious and metaphysical terms.

(5) The exact pronunciation of many words is given.

(6) It contains many proverbs, aphorisms, old and quaint sayings which have not hitherto been published.

The compiler wishes to express his deep acknowledgments for the many definitions of Buddhist religious and metaphysical terms, to the works of the Right Rev. Paul Bigandet, the much-venerated Roman Catholic Bishop of Rangoon, and the Rev. Spence Hardy, formerly of the Ceylon Wesleyan Mission, author of "Manual of Buddhism" and "Eastern Monachism." The compiler has also derived considerable benefit from the dictionary of Mr. Childers, late of the Ceylon Civil Service; and he especially wishes to acknowledge

the great assistance received from his several Burmese *collaborateurs* U Si, U Thiri of Danubyu, Maung Pho U and Maung San Ngyeing, advocate at Monywa. To Maung San Ngyeing his special acknowledgments are due; for it was with him that more than half the work was compiled. The compiler also received valuable hints from Maung So Min of Yandoon, and U Maung of Moda, Upper Burma.

In conclusion the compiler hopes that this compilation may be found really helpful. He feels that he will be amply repaid if it lightens and renders more pleasant the labors of those who, like himself, are trying to master this most difficult, but very interesting, language.

ROBERT C. STEVENSON.

YE-U, UPPER BURMA:
*The 21st April, 1893.*

---

# PREFACE TO THE SECOND EDITION

The present edition of the Judson Dictionary, Burmese and English, will be found to differ in several particulars from the edition issued by Mr. Stevenson in 1893. The whole work has been carefully revised, and to some extent, enlarged. A few of the changes and additions may be mentioned.

1 The spelling of Burmese words has been made to conform to the Government standard, as revised by the Text-book Committee. For the convenience of those who have been accustomed to another system of spelling, many words are inserted with a brief definition under the former spelling, and a reference given to the new spelling where the word is more fully defined and its derivatives given, *e.g.*, "တန္တား, *see* တံတား, *n.* a bridge." Under တံတား, the revised spelling, the word is more fully defined, and is followed by its derivatives.

2 The dash (—) formerly used to represent the verbal root in its derivatives, has been superseded by the root word. Wherever there is a change in the root, without a corresponding change in spelling, such change is indicated by a dagger (†).

3 Initials formerly appended to definitions have been discontinued, save in the case of a few quotations which seem to require formal acknowledgment.

4 Most of the illustrative and explanatory notes which before were inserted in the body of the Dictionary, will now be found in Appendix A. The numbers in parentheses refer to the numbers of the corresponding Notes in the Appendix.

5 Burmese Proverbs and Quaint Sayings are reproduced in Appendix B.

6 As only a portion of the colloquial terms occurring in the Dictionary are indicated as such where they occur, a list of the more common colloquialisms, together with their corresponding formal expressions, has been given in Appendix C.

7 In Appendix D about five hundred pairs of antonyms have been arranged in order, with their Burmese equivalents. When the antonyms sought contain a moral quality, that expressing the good quality will usually be found in the first column.

8 While the present edition of the Dictionary is comprised in a smaller compass than the edition of 1893, it contains more than forty pages of new material.

F. H. E.

Maymyo, December, 1913.

# ABBREVIATIONS

*a.* adjective.
*abbrev.* abbreviation, abbreviated.
*adv.* adverb. adverbially.
*Anat.* Anatomy.
*Arith.* Arithmetic.
*aux.* auxiliary.
*Chem.* Chemistry.
*Bot.* Botany.
*colloq.* colloquial, colloquially.
*comb.* combination.
*comp.* compare, composition.
*conj.* conjunction.
*def.* definition.
E.M. Eastern Monachism.
Eng. English.
*Engin.* Engineering.
*fem.* feminine.
*fig.* figurative, figuratively.
*freq.* frequently.
*Geom.* Geometry.
*Gram.* Grammar.
*infreq.* infrequent.
*int.* interjection.
*intrans.* intransitive.
L.B. Lower Burma.
*lit.* literally.
M. Mason.
*mas.* masculine.
*Math.* Mathematics.
M.B. Manual of Buddhism.
*Med.* Medical, Medicine.
*n.* noun.
*naut.* nautical.
*neg.* negative.
*num.* numeral.
*obs.* obsolete.
*Ornith.* Ornithology.
*prep.* preposition.
*priv.* privative.
*pron.* pronoun, pronounced.
*pron. a.* pronominal adjective.
*Prov.* Proverb.
P.W.D. Public Works Department.
*qual.* qualifying.
*sec.* section.
T.K. Taw Sein Ko.
*trans.* transitive.
U.B. Upper Burma.
*v.* verb.
*verb.* verbal.

# THE

# JUDSON DICTIONARY

## BURMESE AND ENGLISH

### အ

အ. the first vowel in the Burmese alphabet.

အ. 1 (Pali), *priv. prefix*, as in အနိစ္စ, impermanence, from နိစ္စ, permanence; *combined with* န *before a vowel*, as အနိဋ္ဌာရုံ, an undesirable object, from ဣဋ္ဌာရုံ, a desirable object; အနိစ္စဘုရား, an exclamation of fright or surprise, *lit.* impermanence Lord! (Buddha understood).

အ. 2. *substantive prefix*, as in အလင်း, light, from လင်း, to be light; *an adverbial prefix*; *see Gram.*

အ. 3. *subscriptive*, formerly written under a letter to shorten and lighten the sound.

အမြစ် (from မြစ်, to stop or hinder), *n.* the light accent (.), အောက်မြစ်။

အ. 4. *v.* to be speechless, dumb, စကားအသည်; to be imperfect in utterance, စကားဆွံ့သည်; to be imperfect in sound, အသံအသည်; ခရာအသည်, ခေါင်းလောင်းအသည်, ဒင်္ဂါးအသည်, as a cracked rupee. ဆွံ့အသည် (စကားဆွံ့ *is more elegant than* စကားအ); to be stunted in growth, as a plant, စပါးထွက်ချိန်တန်လျက်နှင့်မထွက်ဘဲအနေပြီ; သည်လူစကားပြောသင့်သည်အခါ၊ မပြောဘဲနေသည်။ ဆွံ့သလို၊ အသလိုဘဲ, this man remains without speaking when it is proper for him to do so, as if he had an impediment in his speech or were dumb.

အ. 5. an *infinitive prefix*, equivalent to ရအောင် and ရခြင်းငှါ, as အကြည့်အရှုလာသည်, he came to see; အကူအညီသွားသည်, he went to help (*Colloq.*).

အအ. *a.* dumb; လူအ, လူအအ, a dumb person. *Prov.* လူအကျားကိုက်သလို, လူအအိပ်မက်မြင်သလို။

အအက် (from အက်, to crack open), *n.* an opening, gap, fissure, chink. အအက်အကွဲ, သည်အိုးအအက်ကြီးသည်။ ဖာထေးလို့မလုံနိုင်ပါ. this pot has a large crack in it; it cannot be mended so as to be water-tight.

အအိပ် (from အိပ်, to sleep), *n.* sleep.
အအိပ်ကြီး, *v.* to sleep much; to sleep soundly, အိပ်ကျူး; အပျော်တော်ကျူးသည်, applied to the royal family.
အအိပ်ဆတ်, *v.* to sleep lightly, မင်းအလွန်အအိပ်ဆတ်သည်၊ထကြွလှုံ့လရှိသည်။
အအိပ်ဆိုး, *v.* to sleep in such a manner as to present an unseemly spectacle; အအိပ်ဆိုးသည့်လူ, a restless sleeper.
အအိမ် (from အိမ်, a house), *n.* a sheath, အိမ်; a case or covering, as the inner covering of some seeds, အစေ့အအိမ်, အှမျက်အိမ်, ထားအိမ်, သေနတ်အိမ်, သားအိမ် (*pron.* သအိမ်).
အအုပ် (from အုပ်, to cover), *n.* a number or quantity placed together, as if under one cover, as စာအုပ်, ဖိတ်အုပ်, etc.; a president, ruler; ကြက်အုပ်, a flock of fowl; ကျွဲအုပ်, a herd of buffaloes; နွားအုပ်, a herd of cattle; ဆင်အုပ်, a herd of elephants; တောခွေးများအုပ်နှင့်နေတတ်သည်။
အအုပ်အချုပ်, *n.* a president, ruler.
အအုပ်အထိန်း, *n.* a guardian, one who oversees and takes care of, သားသမီးများကိုအအုပ်အထိန်းကောင်းလျှင်၊ ပျက်စီးခြင်းသို့မရောက်ပါ, ဗိုလ်ချုပ်မင်းကြီးစစ်မက်ဗိုလ်ပါကို အအုပ်အချုပ်ကောင်းသည်, the General's control and supervision of the officers and men is excellent.
အအုံ, *n.* a bulge; ဖျားများအအုံ့ဖွဲ့သည်, ငါးများအအုံ့ဖွဲ့သည်, တလိုင်းများငါးအုံ့ဖွဲ့သောတွင်းကိုတွေ့သောအခါ၊ဖောက်ထွင်း၍ယူကြသည်; *see* အုံ, 1.
အအူ, *n.* the intestines; *see* အူ။
အအေး (from အေး, to be cold), *n.* cold.
အအေးခံမိ, *v.* to catch cold. အအေးခံ, မင်းအအေးခံမိသောကြောင့်၊ရောဂါဝေဒနာရောက်သည်, you have caught cold, and that is why you are ill. *Prov.* အအေးရှိရာအပူလာသည်, heat comes to where cold is, as when experiencing a glow after bathing; an apothegm frequently quoted by Burmese medical practitioners.
အအောင်, *n.* a fee; *see* အောင်။
အဥ, *n.* an egg; *see* ဥ။
အဦး (from ဦး, to begin), *n.* a beginning, commencement, အစ; *see* ဦး, a beginning, fore end, fore part, top; *num. aux.* applied to rational beings, considered in some way as chief, or as having subordinates, ကုန်သည်တဦး, one merchant; *see Gram*
အဦးဆုံး, *adv.* at the very first, အစဆုံး, အရင်ဆုံး, ကျွန်ုပ်အဦးဆုံးရောက်ပါသည်, I arrived the very first.
အက, 1 (from က, to dance), *n.* dancing, as ထိုသူ့အကကောင်းသည်, his dancing (or manner of dancing) is good.

အက. 2 (from က, to harness), *n.* harnessing, as မြင်းကိုအကမတတ်, he does not understand harnessing a horse.

အက်. *v.* to crack open, *more than* ပဲ, *less than* အာ; hence အအက်မရှိ, အက်အက်မထင်, not to accord in sentiment (*rare*), သဘောမရှိ (*polite*); ခြောက်ရက်နှင့်လပြည့်သည်အက်အက်မျှမရှိဘူး, applied to persons who are in too great a hurry to effect anything; equivalent to မထိုင်ခင်ခြေဆင်းသည်။

အက်ဥပဒေ, *n.* a legislative act.

အက်ကွဲ, *v.* to be divided in the midst.

အကနိဋ္ဌဘုံ (အကနိဋ္ဌ), *n.* the highest of the sixteen *Brahmalokas*, ဗြဟ္မာဘုံအထက်ဆုံးထပ်။

အက္ခရာ (Pali), *n.* a character, letter of the alphabet, စာလုံး။

အက္ခရာသင်္ချာအတတ်, *n.* algebra, အက္ခရာသင်္ချာအရေအတွက်ကိုမင်းနားလည်သလား။

အကင်း (from ကင်း, to form, as fruit), *n.* fruit in the first state after the blossom, ကင်းစ, သီးစ (*pron.* ကင်းဇ, သီးဇ); noxious exhalation or effluvium, one kind of အငွေ့။

အကင်းထူ, *v.* to be of a gross, thick habit of body, အခေါက်ထူသည်; to be heavy, sluggish in motion (*infreq.*), ထိုင်းမှိုင်းသည့်သူအလွန်နားလည်ခဲသည်။ အကင်းထူလွန်းလို့။

အကင်းပါး, *v.* to be of a thin, spare habit; to be quick, agile, ပေါ့ပါးလျင်မြန်သည်, သည်သူ အကင်းပါးသည့်အတွက်၊ စေလို့ ခိုင်းလို့ ကောင်းသည်; also applied to horses and bullocks, သည်မြင်းအကင်းပါးလို့အစီးအနင်းကောင်းသည်။

အကစင်းမရှိ, *see* ကန်သင်းမရှိ, *v.* to be reckless, unreserved in conduct, wanton.

အကန့် (from ကန့်, to mark across), *n.* a line drawn across other lines; a transverse line of division; the space between two cross lines, a compartment; *comp.* အတန့်။

အကန့်အကွက်, *n.* the space between two cross lines, a compartment; *fig.*, a hindrance, restriction, prohibition, *e.g.*, သည်အမှုကိုအကန့်အကွက်မရှိပါစေနှင့်, do not let there be any interference with this business. သည်အမှုမင်းသဘောရှိရာလုပ်ပါတော့။ ကျုပ်အကန့်အကွက်မပြုပါ, do as you like in this matter; I will place no restriction on you.

အကန့်အကွက်လုပ်, *v.* to compart, divide into compartments.

အကန်းအတီး, အကန်းကန်းအတီးတီး (from ကန်း, to be blind), *adv.* blindly, as a blind person. အကန်းကန်းအတီးတီးသွားသည်, goes blindly, heedlessly, အကန်းကန်းအတီးတီးခိုက်သည့်လူ။

အကမ်း (from ကမ်း, to hand), *n.* a reach of the arm, of a weapon, a missile, the eye: *commonly used as a num. aux.*, သေနတ်တကမ်း လောက်ဝေးသည်; သေနတ်တဖော; လေးတကမ်း, a bowshot; လောက်လွှဲ တကမ်း, a sling throw; သေနတ်တကမ်း is said to be the distance which a gun or rifle will carry; သေနတ်တဖော, the distance a gun or rifle report is heard.

အကယ်, *adv.* indeed, certainly, တကယ်, အတပ်, အမှန်, ကေန်။

အကယ်စင်စစ်, အကယ်တံတံ, *adv.* same as အကယ်; အကယ်၍တံတံရှိပါမူကား, သွားပါမူကား။

အကယ်တုံ့တုံ့, *adv.* same, but involving the idea of courage.

အကယ်၍, *adv.* same, *but generally used in subjunctive or conditional clauses.*

အကလေး (*usually pron.* ခလေး), *n.* a child, infant, သူငယ် *Der.* ကလေး။

အကသမား (from က, to dance), *n.* a dancer, ကချေသည်, အကသမား၊ အတီးသမား။

အကာ (from ကာ, to cover on the side), *n.* the side of a building, room, fence, etc., a barrier, screen, partition; the external, soft, unsubstantial part of a thing; *opposed to* အနှစ်, the solid substance, as the outer part of a tree, *alburnum*, as distinguished from the solid wood, သည်သစ်အနှစ်မရှိ၊အကာချည်းဘဲ; the white of an egg, ကြက်ဥအနှစ်မရှိ၊ အကာချည်းဘဲ; *may be used fig.*, သည်လူအနှစ်မရှိ၊ အကာချည်းဘဲ။

အကာအကွယ်, *n.* what protects by interposing, အကွယ်အကာ; applied to certain kinds of charms.

အကာအရံ, *n.* a barrier, screen, partition, သည်အခန်းအကာအရံမရှိသော ကြောင့်မိုဃ်းပက်သည်။

အကာယိက (from ယံ and ဣက), *n.* the outside merely (*very rare*).

အကာလ (Pali အ, *priv.* and ကာလ, time), *n.* an improper, inconvenient or unseasonable time, အချိန်မဟုတ်သောကာလ, အကာလညအခါ, အကာလအခါဖြစ်လို့လူကိုမယုံရ။

အကုဋေ, *n.* the number of ten millions; *see* ကုဋေ။

အကုန် (from ကုန်, to come to an end), *n.* or *a.* all, the whole; *adv.* wholly, entirely, အကြွင်းမဲ့, အကြီးအကုန်မပြုသေးဘူး, အကုန်အကြွင်းမဲ့ပျက် စီးသည်, the whole without a remainder is destroyed.

အကုန်အကျ (from ကုန်ကျ, to be spent), *n.* expense, ဥစ္စာများအကုန်အကျ များသည်, အကုန်အကျများသောကြောင့်မပေးနိုင်သေးပါ။

အကုန်အစင်, *adv.* same as အကုန်, အသက်တရာရှိညားသော်လည်း၊ပညာကိုအ

ကုန်အစင်သင်၍မတတ်နိုင်ပါ, though one live to be a hundred years old, he cannot learn and understand all wisdom.

အကုန်ခံ, *v.* to bear the expense of an undertaking, etc.

အကုသမား (from ကု, to give medicine), *n.* a physician, ဆေးကုသမား, ဆေးသမား။

အကုသလ, အကုသိုလ် (Pali အ, and ကုသလ), *n.* demerit, guilt, မကောင်းမှု, အကုသလကမ္မ. မကောင်းကျိုးပေးသည့်တရား, သည်သူ အကုသလကမ္မများလို့ပျက်စီးသည်။

အကုသလကမ္မ, *n.* evil action, bad works, demerit, sin. *Childers.*

အကုသလဝိပါက် (ဝိပါက), *n.* the evil consequence of sin, punishment, မကောင်းကျိုး, ဝိပါကကမ္မ, ကုသလကမ္မ၊ အကုသလကမ္မ။

အကုံး (from ကုံး, to string), *n.* a string (of ornaments), as ပန်းကုံး, ပုလဲကုံး, ရွှေကုံး, ရွဲကုံး။

အကူအညီ (from ကူညီ, to aid), *n.* assistance, succor, သူတို့အိမ်မှာအလုပ်အကိုင်ရှိသောကြောင့်အကူအညီသွားကြသည်။

အကဲ, 1 (from ကဲ, to exceed), *n.* the proportion of alloy in money.

အကဲအနှုန်း, *n.* the average proportion.

အကဲကောင်း, *v.* to have a large proportion of silver in money.

အကဲကြီး, *v.* to be high in price, valuable; same as ကြေးထိုက် and အဘိုးကြီး။

အကဲခတ် (from ခတ်, to stamp), *v.* to decide the quality of alloyed money, ကြေးကဲငွေနှုန်းကိုသင်၍ပေးတတ်သလား, are you able to decide properly the proportion of copper and silver? သည်ငွေဘယ်အကဲရှိမည်ထင်ပါသလဲ, what do you think is the proportion of alloy in this silver? to make a mental estimate of another's character, လူကဲခတ်, လူကဲကိုခတ်တတ်သလား, are you a judge of character?

အကဲ, 2 (from ကဲ, to be chief), *n.* a chief, အကြီးအကဲ, အမှူး။

အကဲအမှူး, *n.* same as အကဲ။

အကဲ့ (from ကဲ့, to remove gradually), *n.* a stage in a process of gradual removal.

အကဲ့အဖွက်, *n.* secret (partial) abstraction of property, always used in a bad sense, သည်မိန်းမသူ့ယောကျ်ားပစ္စည်းအကဲ့အဖွက်များသည်၊

အကောက်, 1 (from ကောက်, to be crooked), *n.* a crook, အကောက်ကြီးသောနေရာ၌မတည်းရာ၊မဖြောက်ချီးသောနေရာ၌မခြိရာ။

အကောက်အကျစ်, *n.* crookedness, subterfuge, tergiversation.

အကောက်ကြံ, *v.* to contrive an artful, evil, or treacherous, design or scheme.

အကောက်လွှ, *n.* a scroll saw.

အကောက်, 2 (from ကောက်, to take a part), *n.* duties, customs; a *thugyi's* commission; *comp.* အခွန်။

အကောက်စာချွန်, *n.* a customhouse pass.

အကောက်စား, *v.* to receive a commission or percentage on revenue, or in any pecuniary transaction; သူကြီးအကောက်စား, a *thugyi's* revenue commission.

အကောက်ဆိပ်, *n.* a timber revenue station.

အကောက်တောင်, *n.* revenue or custom hill (1).

အကောက်တိုက်, *n.* a customhouse.

အကောက်ဝန်, *n.* a collector of customs; အကောက်ဝန်ထောက်, an assistant collector of customs.

အကောက်ဝန်ကြီး, *n.* the Chief Collector of Customs, Burma.

အကောင်, 1, *n.* a body, an animal body (*infreq.*), ကိုယ်; a brute animal, commonly one of an inferior kind, and affixed to the name, whether generic or specific, as ငါးကောင်, a fish, နှံကောင်, a grasshopper; *num. aux.* applied to inferior brute animals; applied to game in general; also applied in a contemptuous manner to persons, အလွန်မိုက်သည့်အကောင်, သည်အကောင်ကြီး. It is often applied to children, but rarely conveys any disparaging meaning, *e.g.*, အလွန်ချစ်စရာကောင်းသည့်အကောင်ကလေး, ကျွန်မမှာသားသမီးနှစ်ကောင်တည်းပါ။

အကောင်အထည်, *n.* a body, ကိုယ်; substance, အထည်ကိုယ်, ဘဏ္ဍာအကောင်အထည်ကိုမြင်ဘူးသလား။

အကောင်, 2, *n.* a dead body, အသေကောင်; *comp.* အလောင်း; ခွေးသေကောင်, ဝက်သေကောင်, အလောင်းကောင်, applied to human beings.

အကောင်း (from ကောင်း, to be good), *n.* a good thing, အကောင်းကျင့်က၊ အမြင့်ဖြစ်သည်။အဆိုးလုပ်ကအယုတ်ဖြစ်၏။

အကောင်းအကန်းပြု, အကောင်းလုပ်, *v.* to perform a good or praiseworthy deed.

အကိုက်, 1 (from ကိုက်, to bite), *n.* compression between the teeth, or in an instrument, အကိုက်အညှပ်; a bite, the quantity taken between the teeth at once, တကိုက်; *used chiefly as a num. aux.*; an ache, အကိုက်အခဲ, သွားကိုက်သက်သာသည်။

အကိုက်အခဲ, အကိုက်အညှပ်, *n. see above,* ထယ်ပုစွန်လုံးများ အကိုက်အညှပ်များသောကြောင့်စပါးပင်ပျက်စီးသည်။

အကိုက်, 2, *n.* a sprout from a seed (*obs.*), အညွှာတ်; *comp.* အစို့။

အကိုင် (from ကိုင်, to hold), *n.* a handle; a lieutenant officer under a chief, ကင်းကိုင်, မြို့ကိုင်, ရွာကိုင်. *In modern use* မြို့အုပ်, မြို့ထိန်း, ရွာအုပ်, ရွာထိန်း။

အကိုင်အလုပ်, *n.* work, အလုပ်အကိုင်။
အကိုင်ပေါ့ (from ပေါ့, to be light), *v.* to handle carelessly.
အကိုင်း (from ကိုင်း, to bend over), *n.* a large branch, bough of a tree, larger than အခက်။
အကျ (from ကျ, to bear a certain price), *n.* price, အဘိုး။
အကျအနံ, *n.* expense, အကုန်အကျ; remnants of inferior value, အဘိုးမမျှသောအစု; omissions in writing, စာရေးသည့်အခါအကျအနံမှားသည်။
အကျအလျော်, *n.* money forfeited, အလျော်အပေါ်, အလျော်အကျမှားသည်။
အကျစု, *n.* remnants, refuse.
အကျင်, *n.* a pin, bolt, bar; *not used singly, but found in* ကန့်လန့်ကျင်, ဆံကျင်, ဆံထိုးဆံကျင် (*sadosagyin*), တံကျင်, တံခါးကျင်, ထမ်းပိုးကျင်, ထိပ်ကျင်, သော့ကျင်။
အကျင့် (from ကျင့်, to do, etc.), *n.* a deed, အပြုအမူ; a habit acquired by practice, အလေ့, မျက်စိအကျင့်, ဝမ်းအကျင့်။
အကျင့်အလေ့, ဓလေ့, စာရိတ္တ, *n.* a habit acquired by practice, အလေ့အကျင့်, အကျင့်စာရိတ္တအလွန်ကောင်းသည်။
အကျင့်ကောင်း, *v.* to be of good habits.
အကျင့်ကျင့်, *v.* to perform duties.
အကျင့်ဆိုး, အကျင့်တန်, *v.* to be of evil habits, vicious, အကျင့်တန်သည့်လူ, အကျင့်တန်သည့်မြင်း။
အကျင့်ပါ, *v.* to acquire a habit of, အကျင့်အလေ့ပါသည်။
အကျင့်ပြု, *v.* to practise, အလေ့အကျင့်ပြုသည်။
အကျည်း, 1, *n.* appearance, အဆင်း (*seldom used alone*).
အကျည်းတန်, *v.* to be ill-favored, ugly, အဆင်းတန်သည်, အရုပ်ဆိုးသည်, အကျည်းတန်မှစကားတန်ထွက်, uncomely language proceedeth from (the mouth of) an uncomely person.
အကျည်း, 2 (*pron.* အကျဉ်း) (from ကျည်း, to be narrow), *n.* brevity, as in အကျည်းအားဖြင့်; an abridgment, compilation, အကျည်းချုပ်ရေး။
အကျည်းခံ, *v.* to be placed in confinement.
အကျည်းချ, အကျည်းထား, *v.* to place in confinement, particularly in irons, အကျည်းအကြပ်ထဲကျသည်; *also used fig.*, to fall into straits or difficulties.
အကျည်းဌာနချုပ်ပန်ကြီး, *n.* the Inspector-general of Prisons, Burma.
အကျည်းနေ, *v.* to be confined, particularly in fetters or chains, ငါ့သားအကျည်းထဲနေရရှာသည်။
အကျည်းသမား, အကျည်းသား, *n.* a prisoner; one confined in fetters or chains, a convict, ထောင်သား။

အကျန် (from ကျန်, to remain), *n.* a remainder, residue, balance, အကြွင်း။

အကျပ်, *see under* ကျပ်; အကျပ်နှစ်ဆယ်, twenty ticals.

အကျယ်အပွား, *adv.* prolixly, diffusely, စကားအကျယ်အပွားပြောမည်ကိုအလွန်မှီးပါသည်, လျှောက်ထားပြောဆိုမည်အမှုမှာ၊ ဆွေရင်းမျိုးရင်းအဆိုးနှင့်ဖြေးဖြစ်ကြ၍၊အကျယ်အပွားမပြောမဆိုကြနှင့်တော့။

အကျယ်အဝန်း (from ကျယ်ဝန်း), *n.* superficial extent.

အကျယ်ချုပ်ထား, *v.* to place in enlarged custody.

အကျယ်တော်ပြ, *v.* to give or explain in detail.

အကျိအချွဲ (from ကျိ and ချွဲ), *n.* any slimy matter, mucilage.

အကျိတ် (from ကျိတ်, to be hard, indurated), *n.* an induration, tumor, hard concretion in the flesh; a difficulty in the mind, something hard to get over.

အကျိတ်အခဲ, *n.* same as **အကျိတ်, အခဲအကျိတ်;** *used fig.*, သည်လူနှစ်ယောက်ဒေါသအကျိတ်အခဲအလွန်အားကြီးသည်; သည်အကလေးအသားထဲမှာအကျိတ်အခဲပေါ်၍ပေသည်; ရောဂါအကျိတ်အခဲကြီးသည်, similar to ရောဂါအဆောက်အဦး။

အကျိန်ရဲ (from ကျိန်, to swear), *v.* to be profane, daring in imprecating curses on one's self, အကျိန်အဆိုရဲဝံ့သည်, အကျိန်ရဲလို့ပျက်စီးလွယ်သည်။

အကျောင်း (from ကျောင်း, to feed, tend), *n.* a keeper of cattle, a herdsman, ကျွဲကျောင်းသမား, နွားကျောင်းသမား။

အကျော်, *n.* aloes wood, the *Excœcaria agallocha*; not the aloe plant (ရှားစောင်းလက်ပပ်), whence aloes (မှတ်); အကျော်စံပါ, said to grow only in Burma, in the Mergui district. [Sanskrit, *aguru*, *a*, *priv.* and *guru*, heavy, a soft resinous wood of highly aromatic odor. It has sometimes been called aloes wood, but it has no connection with the common aloe, found in the Malay Peninsula, *Aquillaria agallocha*, eagle wood, called *gaharu* in Malay.]

အကျော်အစော, *n.* notoriety, fame, ကျော်စော, သည်မင်းကြီးတရားခွဲလိမ္မာသောကြောင့်၊အကျော်အစောထင်ရှားသည်, this *Mingyi* is much renowned, owing to his being learned in the law; အကျော်ကိတ္တိရှိ, to be famous.

အကျိုက်, 1 (from ကျိုက်, to gulp down), *n.* a gulp; a swallow, ရေတကျိုက်ကျိုက်နှင့်ကျိုက်ချသည်, ရေတကျိုက်သောက်ပါဦး။

အကျိုက်, 2 (from ကျိုက်, to gird up), *n.* a turn in a knot; *used as a num. aux.*

အကိုင်း (from ကိုင်း, to be full, large), *n.* a branch of a tree, straight

round, suitable for making sundry utensils; *comp.* အကိုင်း and အခက်။

အကျိုး, *n.* a consequence, result, effect; *opposed to* အကြောင်း, a cause; a good result; *opposed to* အပြစ်; advantage, profit, benefit, ကျေးဇူး, အကျိုးနှစ်ပြာ, two rewards, အကျိုးလေးတန်, four rewards.

အကျိုးအကြာ (from ကြာ, to delay), *adv.* without profit, in the phrases နေကျိုးနေကြာ and သေကျိုးသေကြာ။

အကျိုးအကြောင်း, *n.* the *pros* and *cons*, အကျိုးအကြောင်းပြောပြပါရစေ, let me tell and explain to you the *pros* and *cons* of the case.

အကျိုးကြီး, *v.* to be of great benefit. အကျိုးခံစား, *v.* to derive benefit.

အကျိုးစီးပွား, *n.* benefits and profits of any scheme or undertaking, အကျိုးစီးပွားယုတ်သည်။

အကျိုးဆောင်, *v.* to further and protect the interests of another, အကျိုးလို, သူများအကျိုးဆောင်၊ ကိုယ်အကျိုးဆောင်။

အကျိုးနည်း, *v.* to get but little profit; to be totally ruined, lost, ပျက်စီးသည်, ခင်ဗျားစကားနားမထောင်မိသည့်အတွက်အကျိုးနည်းကုန်ပါပြီ။

အကျိုးနပ်, *v.* to obtain the accomplishment of one's end, အကြံထမြောက်သည်; to result in benefit to any one, သည်ကဲ့သို့ပြုလုပ်လျှင်အကျိုးနပ်ပါလိမ့်မည်။

အကျိုးဖြစ်ထွန်း, *v.* to be advantageous. အကျိုးမဲ့, *v.* to be profitless.

အကျိုးယုတ်, *v.* to be disadvantageous or detrimental to one's interest, အကျိုးယုတ် အကျိုးမဲ့ပြောသည်, he spoke in a manner which was profitless and detrimental, အကျိုးယုတ်အရှက်ကွဲပြောသည်။

အကျိုးလို, *v.* to have another's interest at heart; somewhat similar to အကျိုးဆောင် but implying a less active interest.

အကြင်, *pron. a.* whatever; but more nearly the obsolete whatso; *used as a counterpart to* ထို, thus, အကြင်တရားမှန်၏။ ထိုတရားကိုကျင့်ရမည်, whatsoever law is right, that law one must keep.

အကြင်သူ, *pron. a.* whoso, whosoever.

အကြင်သို့, *pron. a.* of whatever kind.

အကြည်တော်, *n.* a royal friend; used by kings in speaking to or of one another, အင်းဝဘုရင်အကြည်တော်မင်းမြတ်ကား၊ ဉာဏ်ဝတီရ ပူရတိုင်းအမိုးရတော်မူသောအကြည်တော်ဘုရင်မင်းမြတ်ထံ၊ ရာဇသံရေးလေးနှင့် ရေးလွှတ်ပိုက်သည်။

အကြပ် (from ကြပ်, to superintend), *n.* a subordinate officer, a chief of ten, a decurion; a sergeant or corporal.

အကြပ်အတည်း, *adv.* stringently.

အကြမ်း (from ကြမ်း, to be rough, harsh, violent), အကြမ်းတရကယ်,

အကြမ်းပတမ်း, အကြမ်းဘဲဖီ, *adv.* in rough, abusive, railing, violent language, တိုင်းထွာဆဲဆိုသည်။
အကြမ်းနှိုင်, *v.* to be in the habit of using abusive language.
အကြမ်းရေး, *v.* to make a draft. အကြမ်းရေးစာ, *n.* a draft, ပုံအကြမ်း။
အကြံ (from ကြံ, to think, intend). *n.* a thought, intention, design.
အကြံအစည်, အကြံအရွယ်, *n.* an intention, design.
အကြံအောင်, *v.* to be consummated, as a plan or design.
အကြံအိုက်, *v.* to be in a state of perplexity when carrying out a plan.
အကြံဦး, *v.* to anticipate or forestall another in any undertaking.
အကြံကုန်, *v.* to terminate, as a plan or scheme. *Prov.*, အကြံကုန်၊ဂဠုန်ဆားချက်။
အကြံကောင်း, *v.* to be well-planned; to be clever in conceiving a plan, အလွန်အကြံကောင်းသည့်လူ, a man very clever in conceiving plans.
အကြံခက်, *v.* to be difficult of accomplishment, as a plan; အကြံအိုက် is a more forcible term than အကြံခက်။
အကြံစော, *v.* to be premature, as a plan or design.
အကြံထမြောက်, *v.* to accomplish one's purpose, အထမြောက်သည်။
အကြံထုတ်, *v.* to project a plan.
အကြံနှောင်း, *v.* to be dilatory or behind hand in forming a plan.
အကြံပေး, *v.* to suggest an idea, plan, etc., ခင်ဗျားသည်လိုအကြံမျိုးမှာ၊အကြံပေးလမ်းပြပြုလုပ်သင့်သည်မဟုတ်။
အကြံပျက်, *v.* to be frustrated, as a plan or scheme; အကြံချော် has a somewhat similar meaning, but one implying that the plan may yet succeed.
အကြံဖျက်, *v.* to foil, frustrate.
အကြံဖျင်း, *v.* to be poor and ill-conceived, as a plan or scheme.
အကြံမြောက်, *v.* to accomplish one's purpose, အကြံထမြောက်။
အကြံရ, *v* to conceive an idea, hit upon a plan, ဘယ်လိုအကြံရသည်ပြောစမ်းပါခင်ဗျား။
အကြံလျှော့ (*pron.* ရှော့ *in colloq.*), *v.* to cease conceiving a plan through discouragement or fear of failure.
အကြံသာ, *v.* to excel another in projecting a plan.
အကြာခံ, *v.* to last, to endure; to keep; usually applied to property, သည်စာအုပ်အဖုံးအကြာခံမည်မထင်ပါ။
အကြား (from ကြား, to have a space between), *n.* a crack, opening, interstice, intermediate space, စပ်ကြား. *Der.* အကြိုအကြား and လမ်းကြား။
အကြိုအကြား, *n.* an intermediate space; *see* အကြိုအကြား, ပတ်ကြိုပတ်ကြား၊

အကြိမ် (from ကြိမ်, to meet with), *n.* a time, turn, as တကြိမ်, once, နှစ်ကြိမ်, twice, အဖန်, အလီ။

အကြိမ်ကြိမ်, *adv.* again and again, repeatedly, အဖန်ဖန်. Where the Burmese say အကြိမ်ကြိမ် the Arakanese say အလီလီ။

အကြိမ်ကြိမ်အထပ်ထပ်, *adv.* same as အကြိမ်ကြိမ်, အကြိမ်ကြိမ်အဖန်ဖန်။

အကြီး (from ကြီး, to be great), *n.* a chief.

အကြီးအအုပ်, အကြီးအကဲ, အကြီးအကြပ်, အကြီးအချုပ်, အကြီးအမှူး, အကြီးအမှူး, *n.* *see the parts.*

အကြီးတော်, *n.* the Chief Steward of a prince or princess holding the superintendence of the estate on which his master or mistress lives; အကြီးစာရေး, clerk to the အကြီးတော်, မင်းတုန်းရှင်ဘုရင်အိမ်တော်စံစည်အခါ၊ အကြီးတော်ပုခန်းမင်းကြီးဦးရန်ဝေး။

အကြေ, *n.* the lower part of a river, country, etc.; *opposed to* အညာ. *Der.* ကြေညာ။

အကြေအနပ် (ပြော), *adv.* in a satisfactory manner, အကြေအနပ်ပြောသည်, to explain satisfactorily.

အကြေး, 1, *n.* the scales of fish, ငါးကြေး (properly ငါးအကြေး, as it is liable to be confounded with ငါးကျေး, the small fresh-water catfish); the scales of other animals; အကြေးမပါမရှိသည့်ငါးလူသားနှင့်တူသောကြောင့် မြန်မာအချို့စက်ဆုတ်၍မစား။

အကြေးထိုး, *v.* to strip off the scales, သည်ငါးအကြေးထိုးလိုက်ပါ။

အကြေး, 2 (from ကြေး), *n.* dirt, filth; အညစ်အကြေး။

အကြော, *n.* a muscle, sinew, tendon, လေကြော; a vein or artery, သွေးကြော; a nerve, အာရုံကြော; a stream of water, ရေကြော, မြစ်ကြော; the outer integument of a bamboo or rattan, ဝါးကြော, ကြိမ်ကြော။

အကြောအခြင်, *n.* same as အကြော; အကြောအခြင်လိုက်, လူနာမှာအကြက်သားကိုစားလျှင်၊ အကြောအခြင်လိုက်တတ်သည်။

အကြောဆိုင်း, *v.* to have a muscle permanently contracted.

အကြောဆွဲ, *v.* to be subject to an involuntary retraction or twitching of the muscles, or to a temporary contraction; to have a cramp, ကြွက်တက်။

အကြောတင်, *v.* to have a muscle displaced so as to cross another.

အကြောတုပ်, *v.* to be slightly sprained.

အကြောထ, *v.* to be prominent or dilated, as a muscle or vein, သွေးကြောထ။

အကြောထုံး, *v.* to be cramped or contracted into a knot.

အကြောမ, *n.* a large muscle, sinew or tendon.

အကြောမျက်, အကြောမြစ်, *v.* to be sprained to a greater or less degree.

အကြောရှောက်ရောဂါ, *n.* a disease among horses (*kumri*).
အကြောလွဲ, *v.* to have a muscle displaced,
အကြောသိ, *v.* to know the position of muscles and tendons; a commendatory term applied to those who practise massage.
အကြောင်း, 1 (from ကြောင်း, to draw a line), *n.* a line, anything drawn out into a line; a line of writing, စာကြောင်း; a long mark or streak; a road; a furrow; a rivulet; an antecedent; a cause or reason; *opposed to* အကျိုး, a consequence. an effect; a circumstance, what pertains to or is connected with, သူ့ အကြောင်းနှင့်သူ့ ကံဘဲ၊ ဘယ်သူ့မှာမတက်နိုင်ပါ။
အကြောင်းအရာ, *n.* a circumstance, event, အခြင်းအရာ; a subject, topic.
အကြောင်းကုန်, *v.* to be dissolved, as a marriage (*more polite than* ကွာ), implying a cessation of the coalescence of the married couple's destinies.
အကြောင်း‌ကောင်း, *v.* to be fortunate, happy, implying that such fortune or happiness is derived from the stock of merit acquired in past stages of existence, as ခင်ဗျားအလွန်အကြောင်းကောင်းသည်။
အကြောင်းကြား, *v.* to communicate with, either verbally or in writing.
အကြောင်းချင်းတ, *n.* a circumstance, event.
အကြောင်းစကား, *n.* an account, narrative, အကြောင်းစကားကြားမှာလိုက်ပါသည်။
အကြောင်းဆိုင်, *v.* to have one's destiny bound up or connected with that of another.
အကြောင်းတရားလေးပါး, *n.* the four prime causes, ကံ, စိတ်, ဥတု, အာဟာရ။
အကြောင်းနည်း, *v.* similar in meaning to ကံဆိုး (in ordinary parlance).
အကြောင်းပါ, *v.* to have one's destiny bound up with that of another, as the result of association or union in past stages of existence.
အကြောင်းပြ, *v.* to account for.
အကြောင်းပြု, *v.* to make an occasion of; to advert to, speak with reference to.
အကြောင်းမဲ့တန်, *adv.* exceedingly, အကြောင်းမတန်ဝိဒ်ရလာရှိသည့်လူ; unconscionably, unaccountably.
အကြောင်းမဲ့, *adv.* without cause or reason, အကြောင်းမဲ့ပြောပါသည်; sometimes followed by သက်သက်, *e. g.*, အကြောင်းမဲ့သက်သက်ရိုက်ပါသည်, he beat me without the slightest reason.
အကြောင်းရင်း, *n.* an original cause.
အကြောင်းရာ, *n.* a trace or mark left by something passing over the ground.

**အကြောင်းရှာ**, *v.* to seek the cause or origin of anything; to seek a pretext for doing anything.

**အကြောင်းလုပ်**, *v.* to furrow.

**အကြောင်းသင့်**, *v.* to be on terms of amity with, သူတို့နှစ်ယောက်အလွန်အကြောင်းသင့်သည်၊ခွဲမှုမခွဲရက်နိုင်ပါ, they two are on very amicable terms; they cannot bear to be separated from one another. *Prov.* အကြောင်းသင့်ထနောင်းပွင့်။

**အကြောင်း**, 2, *conj.*; *see under* ရ, 2, ကျမ်းစာကိုသင်ရမည့်အကြောင်းသွားပြီ။

**အကြို့အကြား** (from **အကြား**, a space between), *n.* an intermediate space, a lane or narrow passage between two objects; *used in comp.*, as အိမ်ကြို့အိမ်ကြား, တောကြို့တောင်ကြား, နံကြို့နံကြား။

**အကြိုနေ့**, **အကြိုရက်** (from ကြို, to go to meet), *n.* the day before worship day, when religious observances are commenced by the devout. အဘိတ်နေ့။

**အကွ** (from ကွ, to be with), *n.* a being with, together with; *used only as a secondary noun*, အတူ, အတူအကွ, အတူတကွ။

**အကွအတူ**, *n.* same as **အကွ**, *infreq.*

**အကွက်** (from ကွက်, to make a circle), *n.* a round spot; a spot, compartment; a spot, place, အရပ်အကွက်; a square on a chessboard. *Der.* မြေကွက်။

**အကွက်အကန့်**, *n.* a compartment; *fig.*, a restriction, prohibition, obstruction, သည်အမှုမပြည့်စုံနေသည်အရာ၊ ခင်ဗျားအပေါ်တွင်အကွက်အကန့်ရှိလို့လား, is it because there is some restriction on you, sir, that this business is not yet finished?

**အကွက်အကျား**, *n.* a spot, mark on an animal.

**အကွက်အပိုင်း**, *n.* same as **အကွက်**။

**အကွက်ကောင်း**, **အကွက်ဆိုက်**, *v.* to happen opportunely, to be suitable; with ပြော, **အကွက်ဆိုက်** means to speak to the point, အကွက်ဆိုက်အောင်ပြောတတ်လျှင်လူများနှစ်သက်ကြတတ်သည်။

**အကွက်လည်**, *v.* to be explained, disclosed, unravelled, အကွက်လည်အောင်မပြောတတ်ပါ။

**အကွက်သွား**, *v.* to move a piece in the game of chess, ခင်ဗျားစစ်ဘုရင်အကွက်သွားတတ်သလား, do you understand the moves in chess?

**အကွင်း** (from ကွင်း, to make circular), *n.* a circle, ring, loop; အကွင်း is often used with words of seeing with great distinctness, *e.g.*, အကွင်းသားမြင်ရသည်; *in conversation the* အ *is omitted, and* ကွင်း *is pron.* ဂွင်း။

အကွင်းအခြည်, *n.* an ornamental ring, ထားပြတိုက်ခံရသည့်အရာ၊အကွင်းအခြည်အထည်အလိပ်များစွာပါသွားပါသည်။
အကွင်းပုံရှိသော, *a.* annular.
အကွပ် (from ကွပ်, to bind), *n.* the binding of a border or edge; a chief (of a town), မြို့ကွပ်အကြီးအကဲ။
အကွပ်အညှပ်, *n.* punishment, discipline, သည်မင်းအရင်မင်းလောက်အကွပ်အညှပ်မရှိပါ; execution.
အကွယ်, 1, *pron.* you, *mas.* or *fem.*; *see* ကွယ်, အကွယ်သည်ကနေ့ဘာလုပ်သလဲ။
အကွယ်, 2 (from ကွယ်, to conceal), *n.* what conceals or intercepts vision.
အကွယ်အကာ, *n.* what protects by interposing, သည်အိမ်အကွယ်အကာမရှိလို့၊ဟာလာဟင်းလင်းရှိသည်, owing to there being no walls or screens to this house, it is open and exposed; a charm used as a preservative from evil, သည်ဟူးရားသွား အကွယ်အကာမရှိလို့သေသည်ဟုမဟုတ်မမှန်ပြောကြသည်, people erroneously say that this astrologer died because he had no charms.
အကွေ့ (from ကွေ့, to bend round), *n.* a curve, corner, bend, as in a road or river, ဒေါင်းမြို့မြို့သို့ရောက်အောင်တယ်နှစ်ကွေ့ရှိပါသေးသလဲ; a bay, အထောင့်, ပင်လယ်ထောင့်ကွေ့။
အကွေး (from ကွေး, to curve), *n.* a thing that is curved or drawn together at the ends, as a bow, the bend of the elbow, တတောင်ဆစ်ကွေး, or of the knee, ဒူးကောက်ကွေး။
အကွဲအပျက်, *n.* a rent (in a building).
အကွဲ (from အကွယ်, 1), *pron.* you, *mas.* or *fem.*; *used vocatively only, and is rather disrespectful*, မင်းလုပ်ပုံမဟုတ်ဘူးကွဲ. သွားတော့မည်ကွဲ့ရှိ (ကရှိ) (*Colloq.*).
အကျွတ်, 1 (from ကျွတ်, to be freed), *n.* release; *adv.* to get the start in a race, သည်မြင်း or သည်သေ့အကျွတ်ထွက်သွားပါပေသည်။
အကျွတ်တရား, *n.* the system of practice and attainment which conducts to annihilation (နိဗ္ဗာန်); deliverance, salvation (Christian).
အကျွတ်တရားရ, *v.* to obtain such deliverance, မှတ်ဆိတ်ဆံကိုဖြတ်၊အကျွတ်တရားရသော၊တောထွက်ရဟန်း။
အကျွန်, 1, *pron.* I, *fem.* ကျွန်မ; *not in common use.*
အကျွန်, 2 (from ကျွန်, to be feigned), *n.* a feigned appearance, a feint; *used only in forming verbal nouns*, as သေကျွန်ပြုသည်, *e. g.*, ပိုးနားသန်ကောင် လူ့ထက်နှင့်ထိပါးရှိသော် သေကျွန်ပြုတတ်သည်, when the coiling centipede comes in contact with the human hand, it is in the habit of feigning death.

အကျွန်ုပ်, *pron.* I, *mas.* or *fem.*; *see* ကျွန်ုပ်; *preferable in grave and respectful discourse,* အကျွန်ုပ်အချုပ်အခြာအားဖြင့်အမှုဆိုပါတော့မည်။

အကျွမ်း (from ကျွမ်း, to be acquainted), *n.* an acquaintance, အသိအကျွမ်း။

အကျွမ်းတဝင်, *adv.* on terms of acquaintance and familiarity, အထက်လူနှင့်အောက်လူအကျွမ်းတဝင်ရှိလွန်းလျှင်မလျောက်ပတ်ပါ, extreme familiarity between a superior and a subordinate is not fitting.

အကျွမ်းဖွဲ့, *v.* to make acquaintance; အကျွမ်းဖွဲ့ပေး, to make one person known to another, to introduce.

အကျွမ်းဝင်, *v.* to be well acquainted with, ခင်ဗျားနှင့်ကျွန်ုပ်အကျွမ်းဝင်၍မိတ်ဆွေဖွဲ့ပါရစေ။

အကြွင်း (from ကြွင်း, to remain), *n.* a remainder, အကျန်။

အကြွင်းအကျန်, *n.* same as အကြွင်း။

အကြွင်းမဲ့, *adv.* without a remainder, wholly, entirely, utterly, အကုန်, အကြွင်းမဲ့ပယ်သည်, to wholly reject.

အကြွပ်, *n.* tourmaline, a beautiful mineral, so called from Tourmali in Ceylon.

အကြွပ်နက်, *n.* schorl or black tourmaline. အကြွပ်ဖြူ, *n.* white tourmaline.

အကြွေး (from ကြွေး, a debt), *adv.* on credit; *opposed to* လက်ငင်း, with ready money.

အကြွေးအငမ်း, *adv.* same as အကြွေး, သည်မြင်းကိုအကြွေးအငမ်းဝယ်ပါရစေ, allow me to buy this horse on credit.

အကြွေးရောင်း, *v.* to sell on credit, လက်ငင်းသာပေးမည်ဆိုလျှင်၊ အတိုးချိုချို နှင့်ရောင်းပါမည်။ အကြွေးရောင်းလိုက်လျှင်၊ နက်ဖြန်ရနိုးနိုး သန်ဘက်ရနိုးနိုး နှင့်များစွာမြော်ငြိုးနေရသည်ခင်ဗျား။

အကြွေးဝယ်, *v.* to buy on credit.

အခ, *n.* pay for service, wages; *comp.* လက်ခ and လခ။

အခအရမ်း (from ငှါးရမ်း), *n.* same as အခ။

အခက်, *n.* a branch of a tree; smaller than အကိုင်း။

အခက်အလက်, *n.* same; sometimes applied *fig.* to children, ခင်ဗျားအခက်အလက်နှင့်အလွန်ပြည့်စုံပါပေသည်။

အခက်မ, *n.* a main branch, ခက်မ။

အခင်, 1, *n.* thread wound on a weaver's quill, a skein or hank of thread, ချည်ခင်။

အခင်, 2, *n.* a valve; the mouthpiece of a musical instrument, as နှဲခင်; ခွေခင်; လျှာခင်, the uvula; အခင်ပါး။

အခင်း (from ခင်း, to spread out in order), *n.* anything spread out; *used in comp.* as အိပ်ရာခင်း, ချော်ခင်း, သည်အိပ်ရာကြည့်လိုက်လျှင်ချော်

ခင်းအလှန်သာယာသည်, particularly a cultivated spot of ground. as ယာခင်း, ကျုံခင်း, etc.; a portion, division of a day, နံနက်ခင်း, the morning. နေ့ခင်း, the middle of the day, ညခင်း, the evening or night portion; a business, affair, အမှု, အရေး; အခင်းကြီးအခင်းကလေးသွား, to obey a call of nature.

အခင်းအကျင်း, n. arrangement, array, အခင်းအကျင်းကောင်းသည်။

အခင်းအရာ, အခင်းအရေး, n. a business, affair, အခင်း, အရေးမှုကြီးမှုငယ် ထူလို့ကျွန်ုပ်မသွားနိုင်, အခင်း is in more frequent use than အခင်းအရေး။

ခင်းကိစ္စ, n. a business, ဘာအခင်းကိစ္စရှိလို့လာသလဲ။

ခင်းထား (အခင်းထား), v. to treat with deference, to regard as weighty; see ဝဒ္ဓ...

ခင်းရှိ, v. to be busy.

ခင်းလှ, v. lit. to be handsome in arrangement or array; in a more extended sense, to be well ordered or arranged, as a plan, scheme or business.

ခစား, n. one who lives on wages. မင်းလယ်ရှင်လား။လယ်ရိတ်အခစားလား။

ခဏ်း (Pali ခဏ္ဍ, to divide), n. a section, division, distinct part of a writing or discourse, စာ၏အပိုင်း။

ခန့် (from ခန့်, to estimate), n. an estimate of quantity or extent made in the mind without actual measurement; a business, affair, အခင်း. အမှု; about so much. အလောက်: used as a secondary noun, dropping the initial အ. တနှစ်ခန့်, about one year.

ခန့်အတ, n. a mental estimate of extent.

ခန့်အတွက်, n. a mental estimate of quantity or extent.

ခန့်အမှု, n. about so much, အလောက်။

ခန့်အယမ်း, n. a mental estimate of quantity or extent.

အခန့်အလောက်, n. about so much, အလောက်: thus ဘယ်ခန့်လောက်, or ဘယ်ကလောက်, how much? သည်ခန့်လောက်, or သည်ကလောက်, about so much.

အခန့်တော်, အခန့်သင့်, v. to be opportune, convenient, ခင်ဗျားနှင့်တွေ့သည်မှာအခန့်တော်, အခန့်တော်သည်, အဆင်သင့်သည်။

ခန်း, n. an apartment, room; a division, class of subjects, as ဆုတောင်းခန်း, ပါရမီခန်း, ...ခန်း။

ခန်းဆီးဗျည်းထောင်, n. a wooden partition.

ခန်း..., n. a wall forming a span in a bridge; စစ်တောင်းတံတားမှာ အခန်းဘယ်နှစ်ခန်းရှိသနည်း, how many spans are there in the Sittang bridge?

အခန်းပြောင်း, *v.* to move a sick person, whose death is imminent, from one room to another; to the အိမ်ဦးခန်း if a member of the family; if not, to the အလယ်ခန်း။
အခန်းဖွင့်, *v.* to perform a certain ceremony on the death of a member of the royal family.
အခန်းမ, *n.* the principal room in a house, ခန်းမ။
အခမ်း, *n.* a suitable appendage, something adapted or suited to a principal; an implement of use suited to the character of the user; a proper accompaniment, equipage, etc., အဆောင်အရောင်။
အခမ်းအနား, *n.* same; *most common.*
အခံအခု, *n.* a short prop, fulcrum, အခုအခံ။
အခါ, *n.* time, ကာလ။
အခါခါ, *adv.* repeatedly, အဖန်ဖန်, အခါခါပြောသော်လည်းမင်းနားမရှက်ဘူး။
အခါတပါး, *adv.* once upon a time.
အခါမဲ့, *v.* to be out of season, unseasonable.
အခါလင့်, *v.* to delay, tarry.
အခါလည် (*pron.* အခါလယ်), *v.* to turn a day, month or year, commonly the latter, be above a year old, နှစ်လည်သည်, ကျွန်မသားက လေးအခါလည်ပါပြီ. နှစ်ခါလည်သား။
အခါလည်သောနေ့, *n.* anniversary day; *comp.* နှစ်စည်ပွဲ။
အခါလေးမြင့်, *v.* to delay, be distant in time, be a long time, ကြာမြင့်။
အခါလေးမြတ်, *v.* to be a favorable or excellent time for doing anything.
အခု, **1**, *n.* a unit, an individual thing; *used only as a num. aux.*, တစုံစုံတခုခု, တစုံစုံတရာရာ။
အခု, **2**, *n.* the present time; *see* ယခု။
အခုခု, *adv.* repeatedly; at the present time, ခုတွင်ခု (*pron.* ခုင်ဂု). ခုတွင်ခုမေးလို့အလွန်နားပူပါသည်။
အခု, **3** (from ခု, to prop up), *n.* a short prop, fulcrum; a cushion, အခုနှီး. *Der.* ခေါင်းခု။
အခုအခံ, *n.* a short prop, fulcrum; resistance, တပ်အခုအခံရဲမက်စစ်သည် ဘယ်လောက်များမည်ထင်ပါသလဲ, အခုအခံမရှိမှန်းသိလို့ ကျွန်ုပ်ကို နှိပ်စက်ပါသည်, because he knows I have no means of resistance, he oppresses me.
အခုန်အလွှား (from ခုန်လွှား), *n.* a spring, bound, မျောက်လွဲကျော်များအခုန်အလွှားမှာအလွန်ပေါ့ပါးစွာခုန်နိုင်လွှားနိုင်သည်။
အခုံး (from ခုံး, to be convex), *n.* a convexity.
အခဲ (from ခဲ, to become hardened), *n.* a hard mass, anything

hardened; a smothered enmity, *when used in a fig. sense with* အကျိတ်, သည်လူအပေါ်၌သူ့ဝမ်းထဲမှာအကျိတ်အခဲအလွန်ကြီးသည်။
အခဲအကျိတ်, *n.* an induration, a tumor, အကျိတ်အခဲ၊
အခေါက် (from ခေါက်, to fold), *n.* a fold, double; the bark of a tree, သစ်ခေါက်; a time, turn, as တခေါက်, once, နှစ်ခေါက်, twice, ရှေကျွန်မြို့သို့ရောက်သည်မှာတခေါက်နှစ်ခေါက်ရှိပြီ. တခေါက်လာလည်ပါဦး, အကြိမ်, အဖန်, အလီ။
အခေါက်ခေါက်, *adv.* repeatedly, အကြိမ်ကြိမ်, အဖန်ဖန်။
အခေါက်ထူ, အခေါက်ပါး, when applied to human beings, have the same meaning as အကင်းထူ, အကင်းပါး, but are less polite.
အခေါင်, 1 (from ခေါင်, to be the top), *n.* the top, summit, highest part, acme, ထိပ်, အထွဋ်, အဖျား; the utmost, as in the phrases ပျက်ခေါင်တိုင်, as ပျက်ခေါင်တိုင်ပျက်သည့်လူ, or မိုက်ခေါင်တိုင်, မိုက်ခေါင်တိုင်မိုက်သည့်လူ။
အခေါင်, 2 (from ခေါင်, to slant, to be out of the way, as a locality), *n.* a slant, a turning from a straight line; ခင်ဗျားအခေါင်အဖျားနေသောကြောင့်ကျွန်တော်မလာမရောက်နိုင်ပါ, I cannot come to (see) you, sir, because you live in an out-of-the-way place.
အခေါင်း, 1, *n.* a large tuberous root; *see* ခေါင်း။
အခေါင်း, 2 (from ခေါင်း, to be hollow), *n.* a cavity, hollow place, excavation; the hollow of anything, as of a tree, a vessel, etc., ကျောက်ခေါင်း, ဝါးခေါင်း, သစ်ခေါင်း; ဦးခေါင်း, ပဲ့ခေါင်း, applied to boats; ဝံပိုက်တောကြောင်များသစ်ခေါင်းထဲမှာနေတတ်သည်, or အောင်းတတ်သည်။
အခေါင်းပေါက်, *v.* to be penetrated, as the abdominal cavity, သည်လူအခေါင် ပေါက်သောကြောင့်ရှင်မည်မထင်ပါ။
အခေါဘဏ်, *n.* an immense number.
အခေါ်, *n.* an appellation. နာမည်, သူတော်ကောင်းဟုအခေါ်ခံရသည်။
အခိုက် (from ခိုက်, to hit), *n.* a hit. အထိအခိုက်; time being, အတုန်း, ကျွန်ုပ်မရှိသည့်အခိုက်သားသွီးများကိုကြည့်ရှုရစ်ပါ။
အခိုက်အတန့်, *n.* a moment, a short interval of time, ခဏ. ခေတ္တ. အခိုက်အတန့်နေ. အခိုက်အတန့်သွား, အခိုက်အတန့်သာလာသည်. အခိုက်အတန့်နားကြပါစို့. ညောင်တုန်းမြို့တွင်မိးသဘော်အခိုက်အတန့်သာကျောက်ချသည်။
အခိုင် (from ခိုင်, to be firm), *n.* a stalk or branch (of fruit or flowers), ဒူရင်းခိုင်, ကွမ်းသီးခိုင်, ငှက်ပျောခိုင်, သရက်ခိုင်။
အခိုင်အမာပြု, *v.* to make or hold valid.
အခိုး, *n.* effluvium, exhalation, အငွေ့; smoke, မီးခိုး။
အခိုးအကင်း, *n.* a noxious exhalation or effluvium, အကင်း။

အခိုးအငွေ့, *n.* vapor, fume. အခိုးအငွေ့ထွက်, *v.* to throw off vapor.
အခိုးအထုံ, *n.* perfume, scent. အခိုးအနံ့, *n.* the odor of fumes.
အခိုးအဖွက်, *n.* thieving and concealing stolen property, ခိုးဖွက်ခြင်း။
အခိုးပြေ, *v.* to be dissipated, as a fume or vapor; to be evaporated or volatilized, as a perfume.
အချက်, *n.* subject, matter, object, thing proposed, aimed at; an article, item; *chiefly used as a num. aux.*; a mark, impression, as ရိုက်ချက်, ဒဏ်ချက်, ဒဏ်ရာဒဏ်ချက်; a mark on animals, အမှတ်, or in wood, အမျက်; a stroke, blow; hence in the Burmese time တချက်တီး, one beat of a drum, answering to 9 o'clock; နှစ်ချက်တီး, two beats, 12 o'clock; သုံးချက်တီး, three beats, 3 o'clock; လေးချက်တီး, four beats, 6 o'clock; hence also တချက်တည်း (*pron.* တချက်ထဲ), *adv.* at once, instantly, ချက်ခြင်း။
အချက်အခြာ, *n.* a central point; *see* အခြာ။
အချက်အရာ, *n.* a mark, impression; a subject, matter, object.
အချက်အလက်, *n.* same, 2nd def.; *in colloq. often abbrev. to* ချက်လက်, အလွန်ချက်လက်နားလည်သည့်လူ။
အချက်ကျ, *v.* to fall in place, be in point, hit the mark or object, accomplish the purpose aimed at, စကားအချက်ကျလွန်းလို့၊ နားမထောင်လိုသော်လည်း၊ နားထောင်ရပါသည်, the language was so very much to the point, that though one did not wish to listen to it, one was obliged to do so.
အချက်ထား, *v.* to preconcert a signal, ခင်ဗျားရှိမှန်းသိအောင်၊ အချက်ထားမှတော်မည်, that I may know you are there, it would be well to arrange some signal.
အချက်မ (*commonly* ချက်မ), *n.* a central point, အချက်, အခြာ, ဗဟို။
အချက်မှား, *v.* to fail in aim, not to hit.
အချင့်အတွက် (from ချင့်တွက်, to estimate), *n.* quantity estimated.
အချင်း, 1, *n.* one who belongs to, or is connected with, another; *used adjectively, dropping the initial* အ, *as in* အမျိုးသားချင်း, a fellow countryman; *and used vocatively, being prefixed to a term of compellation*, အချင်းမင်းသား, O prince; မြင်းမြင်းချင်းသာကန်သည်, မြေးအဘွားချင်း, သားအဘချင်း, သားအမိချင်း. *Der.* ချင်း, you.
အချင်းချင်း, *adv.* one another, mutually, respectively, relatively, အချင်းချင်းအငြင်းအခုံများလို့ဘာအကျိုးရှိမည်လဲ။
အချင်း, 2 (from ချင်း, to go through), *n.* the diameter of a circle, or the line which measures the length or breadth of any figure, တိုင်ထိပ်ဝအချင်းခြောက်လက်မ။

အချင်း, 3, *n.* the secundines, afterbirth.
အချင်းစား, *v.* to eat the secundines of young buffaloes and oxen, as the Burmese do. To prove the ownership of a buffalo a Burman will say သည်ကျွဲကျွန်တော်အချင်းစားခြီးပေါက်ကျွဲပါဘဲ။
အချင်းပြတ်, *v.* to come away, as the afterbirth.
အချင်း, 4, *n.* a kind of song, တေးချင်း, ခင်ဗျားပြွေချင်းနှင့်ဝင်အောင်ဆိုတတ်သလား, can you sing an accompaniment to the flute?
†အချင်းများ, *v.* to quarrel, သည်လူနှစ်ယောက်အချင်းများကြသည်, ရန်တွေ့သည်။
အချစ်, *n.* love, affection; အချစ်ကြီး၊အမျက်ကြီး, if there be great love, there is great resentment.
အချစ်အခင်, *n.* same as အချစ်; အချစ်အခင်နည်း, အချစ်အခင်များ။
အချည်း, *adv.* barely, without anything else. *Der.* ချည်း။
အချည်းစည်း, *adv.* nakedly, without clothes; uselessly, without profit, အချည်းစည်းပြန်ခဲ့ရသည်, အကြံအစည်မမြောက်၊ အချည်းစည်းဖြစ်သွားပြီ။
အချည်းစည်းရှိ, *v.* to be naked, အဝတ်မရှိ။
အချည်းနှီး, *adv.* in vain, uselessly, to no purpose, without profit, အလကား, အလဟဿ, အကျိုးမဲ့။
အချည်းမဲ့သက်သက် (*usually pron.* ဂျည်းမဲ့သက်သက်), *adv.* same; often means, without reason, အချည်းမဲ့သက်သက်ရိုက်ပါသည်။
အချပ်, 1 (from ချပ်, to be flat and thin), *n.* what is flat and thin; *chiefly used as a num. aux.*, ဘီးတချပ်, ကပ်တချပ်, ပုကန်ပြားတချပ်။
အချပ်, 2 (from ချပ်, to insert between two flat surfaces), *n.* a petal of a flower, ပွင့်ချပ်, အလွှာ, သည်နှင်းဆီပန်းပွင့်ချပ်ပွင့်လွှာအလွန်များသည်။
အချိတ် (from ချိတ်, to hook), *a.* waving, as the stripes of a Burmese waistcloth, လွန်း။
အချိတ်ထဘီ, *n.* a skirt of a waving pattern, worn by females.
အချိတ်ပုဆိုး, *n.* a waistcloth of such pattern, worn by males, မန္တလေးမြို့နားနေ ကန်တွင်းသူကန်တွင်းသားအချိတ်ပုဆိုးများကိုများစွာရက်တတ်ပါသည်။
အချိန်, 1, *n.* a time, period, season, သူ့ကိုမြင်လျှင်၊ဘယ်အချိန်လောက်မြင်ရသည်မိတ်ကထင်သလဲ; *often used in conjunction with verbs, when the* အ *is dropped, e.g.*, ထွက်ချိန်, ရောက်ချိန်နီးပြီ; *comp.* အခါ။
အချိန်ကုန်, *v.* to terminate, as time.
အချိန်ကောင်း, *v.* to be suitable, as a time or season for doing anything.
အချိန်စေ့, *v.* to be fulfilled, as time.
အချိန်နည်း, *v.* to be brief, as time for the performance of any business.
အချိန်မဲ့, *adv.* at an unseasonable hour, သူခိုးများအချိန်မဲ့သွားလာချောင်းမြောင်းတတ်သည်။
အချိန်မှီ, *v.* to be sufficiently early, to be in time to do anything.

အချိန်, 2 (from ချိန်, to weigh), *n.* weight, the weight of a body ascertained by the balance, ချိန်သား။

အချိန်ကိုက်, *v.* to have a sensible weight in the balance.

အချိန်ထွက်, *v.* to amount to in weight.

အချိန်မစီး, *v.* to be not well balanced in mind, စိတ်ပေါ့သည်။

အချီ (from ချီ, to take up), *n.* a child's nurse, bearer.

အချီအထိန်း, *n.* same as အချီ။

အချီတော်, *n.* a nurse or bearer to children of the royal family.

အချီအငေါ် (from ချီငေါ်), *n.* architectural proportion of a boat, ship, etc., သည်သင်္ဘောအချီအငေါ်ကောင်းသည်, or သင့်သည်; *comp.* အချိုးအစား; applied also to language, စကားအချီအငေါ်သင့်သည်, အချီအငေါ်တည့်သည်။

အချီး (from ချီး, to promote, exalt), *n.* an exordium, စကားချီး။

အချုပ် (from ချုပ်, to control), *n.* a chief, အအုပ်; a compend (*infreq.*), ရာဇဝင်ချုပ်, a compend of history; စာချုပ်, a bond; ခံဝန်ချုပ်, a bail bond.

အချုပ်အခြာ, *n.* a point of union, what unites several things; a person or thing to which several others are subordinate, သည်တပြည်လုံးအပေါ်မှာအချုပ်အခြာဖြစ်သူကား၊မဟာမင်းကြီးဖြစ်သတည်း။

အချုပ်ထောင်, *n.* a lockup in a police station.

အချုပ်သမား, 1, *n.* an under-trial prisoner; a convict.

အချုပ်သမား, 2 (from ချုပ်, to sew), *n.* a tailor, ချုပ်သမား, အင်္ကျီချုပ်သမား; ဘိနပ်ချုပ်သမား။

အချုပ်ဝန်, *n.* the royal Master Tailor, head of military tailors.

အချေ, *n.* a rejoinder at law.

အချေအတင် (from ချေ, to reply to), *adv.* alternately in debate, အပြန်အလှန်, အဖြေအတင်, အမိန့်တော်ရရှေ့နေနှစ်ယောက်စကားအချေအတင်ပြောကြသည်။

အချေလွှာ, *n.* the statement of a defendant in a criminal or civil case.

အချေး, *n.* dirt, filth, rust, excrement, whatever is excreted from any substance. *Der.* ချေး။

အချေးအညှော်, *n.* same as အချေး. *Der.* ကြေးညှော်။

အချောင်း, *n.* a bar, long piece, as သစ်ချောင်း, a bar of wood, သံချောင်း, a bar of iron; *comp.* အတံ, a straight piece slenderer than အချောင်း, *e.g.*, ခဲတံ. ဆေးတံ; သည်လူထားခုတ်ခံရသည်အရာမှာလက်ဘယ်နှစ်ချောင်းပြတ်သွားသလဲ, မောင်ကလေးကရန်သူကိုချောင်းရအောင်၊ချောင်းနားတွင်တုတ်တချောင်းနှင့်စောင့်နေရာ၊ ရန်သူကမောင်ကလေးချောင်းဆိုးသံကြားသည်နှင့် ချောင်ထွက်သွားသည်, Maung Gale with a stick, went and lay in wait for

his enemy near the creek, but hearing Maung Gale cough the enemy avoided him and went away.

အချိုအချည်, *n.* acids and sweets collectively, particularly when applied to fruit. စစ်ကိုင်းမြို့မှာသစ်သီးအချိုအချည်အလွန်ပေါ်များသည်, in the town of Sagaing, fruits sweet and acid are very abundant.

အချို့ (from ချို့, to be deficient), *pron. a.* some, တချို့, လူအချို့တို့သည်, အချို့သောလူတို့သည်, some men.

အချိုးအစား (from ချိုး and စား), *n.* proportion in relative parts or quantities.

**အပူအပြင်း**, *adv.* severely, violently, torturingly, အပူတပြင်း, အပူတပြင်းတောင်းသည်, to demand with force or urgency.
**အပူအပြင်းစစ်**, *v.* to examine by torture.
**အပူငုပ်**, *v.* to be latent, as fever in the human system.
**အပူငွေ**, *n.* money extorted by oppression, အနိုင်အထက်နှိပ်စက်ရသောငွေ။
**အပူငွေ့**, *n.* vapor arising from heat.
**အပူတလော**, *adv.* same as အပူအပြင်း; urgently, immediately, အပူတလောယခုချက်ခြင်းမလာဘူးလို့ထင်ပါသည်; လတ်တလော။
**အပူတိုက်**, *v.* to use violent measures in order to force payment.
**အပူတိုင်း**, *n.* a thermometer, ပြဒါးတိုင်, အပူအအေးပြသောပြဒါးတိုင်။
**အပူထုတ်**, *v.* to extract the heat of the body by some process, as by administering a vapor bath.
**အပူမှုတ်**, *v.* to be blown through the system, as a hot vapor, ခြေဘဝါးအပူမှုတ်လို့မျက်စိနာပါသည်။
**အပူရည်**, *n.* vapor arising from heat.
**အပူလောင်**, *v.* to be scalded, ရွက်ရည်ပူလောင်သည်။
**အပူဝင်**, *v.* to be absorbed, as heat into the system.
**အပေ**, *n.* a foot, a measure of length equal to twelve inches (တဆယ်နှစ်လက်မ), စတုရန်းတပေ။
**အပဲ့** (from ပဲ့, to be broken off), *n.* a bit broken off, a fragment, a chip. သည်ပုကန်ပြားမှာအပဲ့ရှိသည်။
**အပေါ်**, *n.* a bundle or sheaf of thatch, whether leaf (ဒနိပေါ်), or grass (သက်ငယ်ပေါ်).
**အပေါက်** (from ပေါက်, to perforate), *n.* a hole, aperture, opening; a drop, အစက်, အသွေးပေါက်ပေါက် (*pron.* ဖေါက်ဖေါက်) နှင့်ကျသည်, or repeated four times, ပေါက်ပေါက် ပေါက်ပေါက်နှင့် ကျသည်။
**အပေါက်အစ**, *n.* a small beginning of difficulty, ground of crimination, သည်အမှုအပေါက်အစရှာလို့မရနိုင်ပါ။
**အပေါက်အစက်**, *n.* a drop; a spot occasioned by a drop, မိုဃ်းရွာသည့်အခါခရီးသွားလို့၊အင်္ကျီမှာအပေါက်အစက်နှင့်ကွက်နေသည်, အစွန်းအကွက်။
**အပေါက်အလမ်း**, အပေါက်အဝ, *n.* a passage, way of entrance or egress, မြစ်ဝမှာရေတိမ်သောကြောင့်၊သင်္ဘောများထွက်ဝင်ရန်အပေါက်အလမ်းမရှိ။
**အပေါင်**, **1**, *n.* a thigh, ပေါင်; the side of a door (တံခါးပေါင်), bedstead,

chair etc., to which the hinges or legs are attached. *Der.* ပေါင်, ဒူးယပ်ပေါင်, ကန်ပေါင်ရိုး။

အပေါင်, 2 (from ပေါင်, to pawn or mortgage), *n.* property pawned or mortgaged. အပေါင်ရောက်သောကုန်းနှုန်းမြေ. When an article is sold or mortgaged for its full value, it is called အပိုင်း; when it is sold or mortgaged for half of its value, it is called အပေါင်; when it is sold or mortgaged for a quarter of its value, it is called တင်ပေါင် or ကျူပေါင်။

အပေါင်အနှံ, *n.* same, ခင်ဗျားအပေါင်အနှံမရှိဘဲကျွန်ုပ်ငွေမချေးနိုင်ပါ။

အပေါင်ခံသူ, *n.* a pawnee.

အပေါင်စာချုပ်, *n.* a deed of mortgage, ပေါင်နှံသောစာချုပ်။

အပေါင်း (from ပေါင်း, to unite in one), *n.* the many, all, အားလုံး။

အပေါင်းအဘက်, အပေါင်းအဘော်, *n.* a companion, associate.

အပေါင်းအသင်း, *n.* a company, society.

အပေါင်းပါ, *v.* as in the phrase, ထားပြမှုတွင်အပေါင်းပါလူ၊ မြတ်ကျော်၊ ထွန်းဝင်း။

အပေါင်းဝင်, *v.* to join with.

အပေါ့ (from ပေါ့, to be light), *a.* stolen, and therefore sold at a low price; *the opposite of* အမြစ်; ကုန်ပေါ့, အထည်ပေါ့, ကျွဲပေါ့, နွားပေါ့, သည်နွားနွားပေါ့မှိုသာအဘိုးချိုချိုနှင့်ရောင်းသည်; *n.* urine, ကျင်ငယ်, မုတ်, ရေဟောင်း, သေး။

အပေါ့အလေး (from လေး, to be heavy), *n.* urine and *fæces* collectively.

အပေါ့ဘွန့်, အပေါ့သွား, *v.* to pass urine (*polite*); သေးပေါက် (*vulgar*); အပေါ့ပါ, applied to children, အကလေးအိပ်ရာပေါ်မှာအပေါ့ပါသည်။

အပေါ် (from ပေါ်, to appear), *n.* the upper part, space above a thing, အထက်; the upper part, upper surface of a thing.

အပေါ်ချော (*pron.* အပေါ်ကျော), *a.* smooth, specious, plausible, ထမင်းရည်အပေါ်ချောနှင့်ပြောသည့်လူ။

အပေါ်ခွံ, *n.* the thin external covering of bark.

အပေါ်ဆင့်, *n.* a loft. အပေါ်ခန်း။

အပေါ်ထပ်, *n.* a superstructure. အပေါ်ထပ်မှာ, *adv.* upstairs.

အပေါ်ဖုံး, *n.* a wrapper.

အပေါ်ယံ, အပေါ်ယံက (from ယံက), *n.* the outside, surface; superficiality, သည်ဘုန်းကြီး စာတတ်ဟန်ဆောင်သော်လည်း၊ အပေါ်ယံချောသာဖြစ်သည်။

အပေါ်သားရေ, *n.* the scarfskin, cuticle, epidermis.

အပို (from ပို, to exceed), *n.* excess, odds, surplus, overplus.

အပိုအမို, အပိုအလျှံ, *n.* excess, overplus, odds.

အပိုနေ့, *n.* the day after a worship-day, when kept as supererogatory.

အပိုက်, *see* အပိုဒ်, *n.* a punctuation mark or stop, in writing.
အပိုင်, *n.* ownership. အပိုင်အပြတ်ရောင်း, *v.* to sell outright.
အပိုင်ပေး, *v.* to give another the ownership of any property; အပိုင်စားပေး, a term frequently met with in Burmese documents of conveyance and transfer, or in orders conferring a royal gift; အပိုင်ပေးသောစာချုပ်, a grant, conveyance in writing.
အပိုင်း (from ပိုင်း, to divide), *n.* a division, part, portion, ဆရာတပိုင်း၊ မိဘတပိုင်း၊သခင်တပိုင်းကိုပေးမှတော်ပါမည်။
အပိုင်းအခြား, *n.* a dividing line, boundary, နယ်၏အပိုင်းအခြား။
အပိုင်းအစား, *n.* a division, အဆစ်အပိုင်း; a kind, sort.
အပိုင်းပိုင်း (*pron.* အပိုင်းဗိုင်း), *adv.* in divisions or pieces.
အပိုဒ် (from ပိုဒ်), *n.* a mark or stop in writing; a portion of writing inclosed in marks or stops; *comp.* အပုဒ်။
အပိုးသေ (from ပိုး, to fasten on, and သေ, to be settled), *v.* to be well finished, done with precision, သေချာသည်။
အပွမေယျ (Pali အ, *priv.* and ပမာ, comparison), *a.* incomparable, beyond comparison, အတုမရှိသော။
အပျင်းထုတ် (from ပျင်း, to be lazy, and ထုတ်, to extract), *v.* to correct the disposition to be lazy.
အပျည်း (*pron.* ပျှံည်း) (from ပျည်း, to be tough), *n.* any flabby, pendulous substance; particularly applied to the flesh and skin of the cheeks, breasts, etc., ပါးပျည်း (*pron.* ပဗျည်း), ရင်ပျည်း။
အပျောက်, *n.* the act of losing, loss (of property).
အပျောက်အပျက်, *n.* loss and damage.
အပျော်အပါး, *n.* pleasure; usually used in a bad sense.
အပျော်အပါးလိုက်, *v.* to indulge in sensual gratification.
အပျော်ထမ်းလက်နက်ကိုင်, *n.* a volunteer, အပျော်အမှုထမ်း။
အပျို (from ပျို, to be young), *n.* a young unmarried woman, အိမ်မထောင်သောမိန်းမပျို; *comp.* လူပျို။
အပျိုကညာ, *n.* same as အပျို။
အပျိုကြီး, အပျိုဟိုင်း, *n.* an old maid.
အပျိုစင်, *n.* a pure virgin.
အပျိုဖို, အပျိုဖြန်း (*pron.* ဖြန်း), *n.* a female just arriving at pubescence.
အပျိုတော်, *n.* a maid of honor.
အပျိုတော်ဝင်, *v.* to arrive at puberty, as a woman.
အပျိုရံ, *n.* a bridesmaid.
အပြင်, *n.* the surface, outside of a thing; a surface, an open vacant surface; *used in comp.*, as ကွင်းပြင်, လယ်ပြင်, etc.; the outside, the

outer part (of a thing), what is beyond, outside, အပ; what is beside, in addition, သည်ဥစ္စာအပြင်ကျွန်ုပ်မှာပေးစရာမရှိပါ; ကျောတပြင်လုံး အဖူးချည်းတည်း; *much used as a secondary noun, see Gram. sec.* 74.
အပြင်အပ, *n.* the outer parts, externals.
အပြင်ခံတပ်, *n.* outwork, မြင်းတား။
အပြင်ဆုံး, *a.* extreme, အဆုံးစွန်သော။
အပြစ်, *n.* an evil result or consequence; *opposed to* အကျိုး ; an evil deed, ဒုစရိုက်; guilt, desert of punishment, အကုသိုလ်; *fig.*, punishment, ဒဏ်။
အပြစ်အဆာ, *n.* a fault, အပြစ်အနာ။
အပြစ်ကြီး, *v.* to be heinous, as a crime; to be very sinful.
အပြစ်ခံ, *v.* to suffer punishment. အပြစ်ငရဲ, *n.* the punishment of hell.
အပြစ်တင်, *v.* to blame, censure; အပြစ်တင်ခံ, to bear blame.
အပြစ်တင်ချက်, *n.* an impeachment, လျှောက်ထားအစီရင်ခံချက်; a slur.
အပြစ်ပေး, *v.* to punish, ဒဏ်ပေးသည်။
အပြစ်ပြု, *v.* to do wrong, commit sin; to treat as guilty; to harm, injure.
အပြစ်ပြေ, *v.* to be expiated, as guilt.
အပြစ်ပို့, *v.* to lay the blame on another in order to clear one's self.
အပြစ်ဖြေ, *v.* to expiate guilt. အပြစ်ဖြေရာစကား, *n.* an apology.
အပြစ်ရောက်, *v.* to incur a penalty; to contract guilt.
အပြစ်ရှိ, *v.* to be guilty.
အပြစ်လွှတ်, *v.* to forgive, pardon.
အပြစ်သင့်, *v.* to incur a penalty; to suffer punishment.
အပြည်, *n.* a measure of capacity equal to four *sales*.
အပြန်အလှန်ပစ်, *v.* to throw back upon.
အပြန်အလှန်ပြု, *v.* to reciprocate.
အပြာ (from ပြာ, to be blue), *n.* a blue color.
အပြာခြောက်, *n.* a dull blue color.
အပြာနု, *n.* a light blue. အပြာရင့်, *n.* a deep blue.
အပြား, 1 (from ပြား, to be flat), *n.* what is flat; *used as a num aux.*; *see Gram. sec.* 98.
အပြားအပျည် (*pron.* ပျည်), *n.* a table; any flat, level surface.
အပြားခတ်, *v.* to draw, spread by beating.
အပြား, 2 (from ပြား, to be divided into several parts), *n.* a division into parts.
အပြီး (from ပြီး, to be finished), *n.* a finish, finishing, completion; *adv.* completely, စိုလင်စွာ; to completion, ပြီးအောင်; finally.

**အပြီးအစီး**, *n.* completeness. စုံလင်ခြင်း, သွားရမည်ခရီးကို စုံစုံလင်လင်ပြင်ဆင်၍အပြီးအစီးသို့ရောက်ခဲ့ပြီလား။
အပြီးအပ်, *v.* to hand or make over finally.
အပြီးဆေး, *n.* medicine to cause invulnerability.
အပြီးပြော, *v.* to speak decidedly, give a final answer.
အပြီးသတ်, *adv.* to completion, to a finish, အပြီးသတ်ပြောသည်, to give a final answer, အပြီးသတ်လုပ်သည်, to finish.
အပြု (from ပြု, to do), *n.* a deed, action, အမှု, သွားမည်အပြုတွင်, in the act of going.
အပြုအကျင့်, အပြုအမူ, *n.* same as အပြု; ခင်ဗျားအပြုအမူကိုနှစ်သက်ရန်အနည်းငယ်မျှအခွင့်မရှိ။
အပြေအပြစ် (from ပြေပြစ်, to be smooth), *n.* evenness, smoothness, finish, as in joiner's work, or in language spoken or written, အလုပ်အကိုင်မှာ တရုပ်လက်သွား၊ မြန်မာလက်သွားထက် အပြေအပြစ်ရှိသည်, သည်ဆရာစကားအပြေအပြစ်ပြောတတ်သည်။
အပြေး (from ပြေး, to run), *n.* running, manner of running, course; hence တပြေးတည်း, *adv.* in a straight line, or in a plane surface, အနိမ့်အမြင့်မရှိ။
အပြေးအလွှား, *n.* running and leaping.
အပြေးကောင်း, *v.* to be able to run well; to have an even surface, frequently applied to the roofs of buildings.
အပြေးဖြောင့် (from ပြေး and ဖြောင့်), *v.* to move in a straight line, as an arrow; to be in a straight line, as the ridge of a roof, a line of soldiers, a road, etc.; သည်မြို့အလွန်အပြေးဖြောင့်သည်။
အပြေးမောင်း, *v.* to ride or drive a horse on the run.
အပြေးမြန်, *v.* to be swift of pace, fleet.
အပြေးသန်, *v.* to run without being easily fatigued.
အပြော, 1 (from ပြော, to speak), *n.* speech, manner of speaking.
အပြောအဆို, *n.* same, အပြောအဆိုကောင်းသည်, အပြောအဆိုယည်ကျေးသည်, အပြောအဆိုရိုင်းသည်, အပြောအဆိုသာယာသည်။
အပြောကြီး, *v.* to be bombastic, to be exaggerated, as one's language; *n.* bombast.
အပြော, 2 (from ပြော, to be much), *n.* extent of surface; applied to the sea, and to successive existence (သံသရာ), သမုဒ္ဒရာအပြောအလွန်ကျယ်သည်, သံသရာအပြောကျယ်စွာရှိသည်။
အပြောက် (from ပြောက်), *n.* painted, embroidered, or carved work.
အပြောက်အဖြိန်း, အပြောက်မင်ကာ (*pron.* မှင်ဂါ), *n.* same as အပြောက်။
အပြောင်မယား, *n.* a concubine (တော်ပြောင်), superior to အသိမ်းမယား,

styled ကျွန်ပြောင်. An အသိမ်း was bought with money, while an အပြောင် was not.

အပြိုက်, *n.* shorl, or black tourmaline, အကြွပ်နက်။

အပွ (from ပွ, to be puffy), *n.* a loosely woven spot in cloth.

အပွင့် (from ပွင့်, to blossom), *n.* a blossom; *see* ပန်း။

အပွင့်ချပ်, *n.* a petal.

အပွင့်ပပ်, *n.* the calyx of a flower, ပဒုံမာကြာသည် ပွင့်ပပ်အလွန်များသည်, the water lily has a great many petals.

အပွားအရင်း, *n.* interest and principal.

အပွေ (from ပွေ, to be confused), *n.* confusion; လူပွေ, a man of mischievous practices.

အပွေအရှုပ်, *n* same as အပွေ။

အပွေသား, *adv.* in a confused state, as အမှုအပွေသားနေသည်, the business is in a confused state.

အပွေ့ (from ပွေ့), *n.* an armful, အပွေ့အပိုက်, ကောက်ရိုးတပွေ့လောက်ပွေ့ခဲ့ပါ, ထင်းတပွေ့လောက်ပွေ့ခဲ့ပါ။

အပွေး, *n.* the outer scaly parts of the fruit or bark of trees, အပွေးမြင်အပင်သိ, by seeing the outer bark one knows the kind of tree. This proverb is always applied to persons.

အပြွတ် (from ပြွတ်, to grow in clusters), *n.* a cluster, bunch of fruit; *comp.* အဆုပ်။

အပြွတ်အရွတ်, *adv.* in clusters. ထန်းပင်၊ သဖန်းပင်၊ စပျစ်ပင်များ အပြွတ်အရွတ်နှင့်သီးတတ်သည်။

အဖ, *see* အဘ, *n.* a father.

အဖက်, *see* အဘက်, *n.* an associate, companion.

အဖင်, *see* အဘင်, *n.* an ancestor of the fifth degree.

အဖတ်, *n.* what remains of a thing after the liquor or juice is extracted; *opposed to* အရည်, the liquid part; that which is ejected from the mouth after the juice is extracted by chewing; *see* ထမင်းဖတ်, နှမ်းဖတ်, etc.; hence လိုဖတ်, any object of desire. လိုဖတ်ရှိရာပေးပါမည်. *Prov.* မျက်နှာကြီးရာဟင်းဖတ်ပါသည်။

အဖတ်အရည်, *n.* a substance composed of solid and liquid, အရည်အဖတ်။

အဖတ်တင်, *v.* to have what remains; to remain after all expenses are paid, အသားတင်ဖြစ်; *capable of many fig. applications;* the doing or saying anything which may compromise or commit one's self, *e.g.*, သည်အကြောင်းကိုအဖတ်တင်အောင်မပြောပါနှင့်, ခင်ဗျားသည်လိုပြုလျှင်အဖတ်သာတင်စရာရှိသည်။

အဖန် (from ဖန်တီး, to plan), *n.* a time, turn; အကြိမ်, အလီ။

အဖန်တလဲလဲ, *adv.* repeatedly, သည်အကြောင်းကို အဖန်တလဲလဲပြောမနေပါနှင့်. *Prov.* အသစ်သေအောင်ကောင်းစေတော့။အဟောင်း(ကို)အဖန်တလဲလဲအောက်မေ့တတ်သည်. in the way of one's first love being superior to any other.

အဖန်ဖန်, *adv.* same, အကြိမ်ကြိမ်, အလီလီ။

အဖန်ဖန်ဖြစ်, *v.* to be recurrent.

အဖာ (from ဖာ, to mend), *n.* a patch, or any material inserted to mend a hole, အဖာအရာ; also applied *fig.* to language, အဖာအရာများစွာထူသောမိန့်မ။

အဖိ, 1, *see* အဘိ, *n.* an ancestor of the fourth degree.

အဖိမ, *see* အဘိမ, *n.* the mother of a great-grandfather.

အဖိ, 2 (from ဖိ, to press down), *n.* a weight; a paper weight.

အဖိတ်အစည် (*pron.* စည်), *n. lit.* a spilling and scattering of a liquid; *in a fig. sense,* applied to mortality of human beings during a period of epidemic disease, ကာလရောဂါဖြစ်တုန်းခါ ရန်ကုန်မြို့မှာ အဖိတ်အစည်ရှိသည်ကိုမကြားပါ။

အဖိတ်နေ့, *see* အဘိတ်နေ့, *n.* the day before worship-day, အကြိုနေ့။

အဖိ (အိမ်), *n.* a penthouse, a small shed attached to a building, a lean-to.

အဖီး. *n.* a mark occasioned by a blow from a flat instrument, အကလေးကိုတံဖျာကလေးနှင့်ရိုက်သောကြောင့် အဖီးအဖီးထသည်။

အဖု (from ဖု, to be bulbous), *n.* a protuberance, bunch, knob, boss, bulb; a pimple, small boil, not as pointed as အဖူး, ကရင်နှံကောင်များကိုက်လျှင်အဖုထ၍နာတတ်သည်။

အဖုအထစ်များ. *v.* to be scabrous; to be very uneven.

အဖုပေါက်, *v.* to have a rash.

အဖုတ်, *n.* a tuft or clump (of grass, etc.); *smaller than* အရုံ; hence အိမ်ဖုတ်, အိုးဖုဘ်, မြက်ဖုဘ်, ချုံဖုတ်, ဖုဘ်စု; the *mons veneris*; hence လဖုတ်: အဖုတ်ကလေး, the genitals of female children.

အဖုံ, 1, *n.* a sail, *used in comp.*, as အောက်ဖုံ, a lower sail, etc.; *num. aux.* applied to sails, nets, etc., ပိုက်တဖုံ. ရွက်တဖုံ။

အဖုံ, 2, *n.* a party, sort (*not used*); တဖုံ, *adv.* separately, schismatically, တသီးတခြား, တသီးတဖုံ, တဖုံတခန်း။

အဖုံး (from ဖုံး, to cover), *n.* the cover of a vessel, စလောင်းဖုံး; *also used fig.*, စကားအဖုံးအဖိတ်ကောင်းသည်။

အဖုံးချွတ်, *v.* to uncap. အဖုံးဖွင့်, *v.* to uncover.

အဖူး (from ဖူး. to protuberate), *n.* a bud of a leaf or flower, ငုတ်

ပျော့ဖူး; a pimple, small boil; *comp.* အဖု; a swelling, as from a blow or sting.

အဖူးအဖိမ့်. *n.* a cutaneous eruption.

အဖေ. *see* အဘေ. *n.* a father.

အဖေး. 1, *see* အဘေး. *n.* a great-grandfather.

အဖေး. 2 (from ဖေး. to scab over), *n.* a scab. အနာဖေးကွာမှအနာပျောက်တတ်သည်။

အဖဲ့ (from ဖဲ့. to break off). *n.* a bit broken off.

အဖောက်, 1, *n.* a woof. ရက်ကန်းဖောက်။

အဖောက်. 2 (from ဖောက်. to perforate), *n.* perforating. as ဆောက်အထွင်းအဖောက်ကောင်းသည်. he is good at mortising.

အဖော်, *see* အဘော်. *n.* an associate, companion.

အဖို (from ဖို, to be barren), *n.* a wife who has not borne children; a man who is impotent. ယောက်ျားဖို; the male of certain birds and animals, ငှန်းဖို. ဆတ်ဖို, ဒရယ်ဖို. of certain trees, ထန်းဖို. သဘော်ပင်အဖို; a leading word, စကားဖို, *opposed to* စကားမ, a synonymous word, or expletive, *e.g.*, တိုင်ပင်နှီးနှော, တိုင်ပင် being the စကားဖို, နှီးနှော the စကားမ။

အဖို့. *see* အဘို့. *n.* a part, portion, share.

အဖိုး. 1, *see* အဘိုး. *n.* price.

အဖိုး, 2. *see* အဘိုး, *n.* a grandfather.

အဖျင်း (from ဖျင်း. to be unsubstantial), *n.* chaff; *comp.* အမှော်။

အဖျင်းအမှော်, *n* chaff and refuse collectively.

အဖျင်းအလွှေး. *n.* chaff and small grain. အသိန္နိ။

အဖျင်းကြီး. *n.* a worthless fellow. လူအဖျင်းကြီး; အဖျင်းစကား, nonsense.

အဖျင်းပြော. *v.* to indulge in chaff, persiflage.

အဖျင်းလွင့်, *v* to be scattered. as chaff; *capable of fig. applications. e.g.*, ခင်ဘျားငါ့ကိုအလကားမဲ့သက်သက်အမှုရှာလျှင်၊ ခင်ဘျားအဖျင်းကိုလေလွင့်သလိုရှိပါလိမ့်မည်။

အဖျည်း (*pron.* ဖျည်း). *n.* an appendage to the lungs.

အဖျား. 1 (from ဖျား. to be in a fever). *n*, fever; ငှက်ဖျား. malarial or jungle fever.

အဖျားကျ, *v.* to intermit. in fever.

အဖျားကြီး, *v.* to have high fever.

အဖျားဆုတ်. *v.* to abate. in fever.

အဖျားတက်, *v.* to have a paroxysm of fever.

အဖျားဖြတ် (*pron.* ဖြတ်) ဆေး. *n.* medicine for fever, quinine.

အဖျား. 2. *n.* an end. ရွာဘယ်အဖျားကလဲ; extremity, point, အစွန်း, ထိပ်;

a top, summit, ထိပ်; *opposed to* အရင်း, a bottom, foundation; *a.* not original, not an own, as သားဖွား, a son by affinity, *opposed to* သားရင်း, an own son; အဖျားမည်းနှင့်ပြောသည်, or အဖျားမည်းကလေးနှင့်ပြောသည်, to speak (*lit.*) with a little black point, *i.e.*, to speak in an indirect, suggestive manner, to insinuate.

အဖျော် (from ဖျော်, to dilute), *n.* a sweet liquor.

အဖြစ် (from ဖြစ်, to be), *n.* being, a state of being, condition.

အဖြစ်အဆစ်, အဖြစ်အပျက်, *n.* the circumstances, events, adventures (of one's life), အကြွင်းမဲ့ကြွ. ခင်ဗျားအဖြစ်အပျက်ပြောစမ်းပါ။

အဖြစ်အနှစ်, *n.* same as အဖြစ်အပျက်။

အဖြစ်အဟန်, *n.* state, condition, circumstance, case, ဖြစ်ဟန်, ကျွန်ုပ်တို့ဖြစ်ဟန်များကို မိတ်တို့မြင်ရလျှင်၊ဘယ်လောက်သနားကြမည်နော်။

အဖြုန်း (from ဖြုန်း, to be worn away), *n.* grit of any kind, as the worn part of grain, or the refuse that remains in chiselling marble.

အဖြူ, *n.* whiteness, white color; *a.* white, သည်နွားအရောင်အမွေးအဖြူဘဲ။

အဖြူထည် (*pron.* အဖြူဒယ်), *adv.* in frame only, သည်ကျောင်းဆောက်သည်မှာအဖြူထည်ဘဲရှိပါသေးသည်။

အဖြူထည်ကိုင်မိ. *v.* to have done in the rough or outline only, ဘုရားကိုအဖြူထည်ကိုင်မိပြီ။ မွမ်းမံဘို့သာရှိတော့သည်။

အဖြေ (from ဖြေ, to unloose), *n.* an answer to a question; a key, ပါရမီတော်ခန်းအဖြေ, a key to the *Paramigan*; manner of answering; forgiveness (of sin), as အပြစ်ကိုအဖြေမရှိနိုင်, there can be no forgiveness of sin; an antidote, မြွေဟောက် ကိုက်လျှင် အဖြေရှိသလား။

အဖြေအတင်, *adv.* alternately (in speech), လူငယ်လူကြီးနှင့်စကားပြောသောအခါ၊အဖြေအတင်မပြောအပ်။

အဖြောင့်ခံ. *v.* to plead guilty in a court of law; to confess one's faults, to admit, အဖြောင့်ဆို။

အဖြိုက်ကျောက်. *n.* a stone used in alchemy.

အဖွင့် (from ဖွင့်. to open), *n.* an exposition; the act of opening. as တံခါးကိုအဖွင့်မတတ်။

အဖွင့်အပိတ်. *n.* the act of opening and shutting, တရုပ်ကပ်များအဖွင့်အပိတ်ခက်သည်။

အဖွယ်, *see* အဘွယ်, *n.* what is suitable, desirable.

အဖွံ့, *n.* plumpness, as of a child.

အဖွံ့အထွား, *n.* same as အဖွံ့။

အဖွာ (from ဖွာ, to puff), *n.* a puff from the mouth, ခင်ဗျားဆေးလိပ်တဖွာလောက်သောက်ပါရစေ, ကျွန်ုပ်အနားမှာ ဆေးလိပ်အထောင်းထောင်းအဖွာဖွာရှိအောင်မသောက်ပါနှင့်။

/ အဖွား, *see* အဘွား, *n.* a grandmother.

အဖွဲ့, *n.* a small bit, as of rice, အနှပ်အဖွဲ့, as of money levied, အခေါး အဖွဲ့, စပါးကိုကြိတ်ဆုံထဲမှာထည့်၍ကြိတ်သောအခါအမှုန့်အဖွဲ့ကျသည်။

/ အဘ, *n.* a father; *a.* masculine, used to designate the gender of certain birds, ကြက်ဘ, တင်ကျီးတဘ, ရှူး (*pron.* ဖြူး) တဘ. *Prov.* အဘ ထက်သားတလကြီးသည်။

အဘသားချင်း, *n.* paternal relatives.

အဘက် (from ဘက်, to match, form a pair, to unite with), *n.* a match, one of a pair, ဘိနပ်တဘက်, လက်တဘက် (လူတဘက်သား, people other than one's self); a corresponding part in a union; *freq. used as a num. aux*; an associate, companion, အဘော်, အပေါင်းအဘော်, အ ပေါင်းအဘက်။

အဘက်ညီ, *v* to be well matched, သည်နွားနှစ်ကောင် အဘက်ညီသည်; အ ဘက် also signifies an ingredient used in compounding or mixing drugs, medicines or paints, ထိုးသုတ်ဆေးအဘက်ညီသည်။

အဘက်တန်, *v.* same as အဘက်ညီ။

အဘက်ဖြစ်, *v.* to correspond with; အဘက်ဖြစ်သော, *a.* correspondent.

အဘက်လုပ်, *v.* to associate with on terms of equality, သည်လူနှင့်အ ဘက်မလုပ်လိုပါ။

အဘင်, *n.* an ancestor of the fifth degree.

အဘယ်, *pron. a.* what; *interrogative,* ဘယ်; *in neg. sentences, combined with the neg. particle* မ, none, as အဘယ်သူမရှိ; *in colloq. pron.* အဘဲ့, *when preceding* ကြောင့်။

အဘယ်သူ, *pron. a.* what person? who? အသူ, ဘယ်သူ။

အဘယ်သို့, *pron. a.* of what sort? အသို့, ဘယ်သို့; *adv.* how?

အဘိ, *n.* an ancestor of the fourth degree, the father of a great-grandfather, အဘေး, ဘိုး၊ ဘေး၊ ဘိ။

အဘိမ, *n.* the mother of the same.

အဘိဇ္ဈာတရား, *n.* the principle of malevolent envy of another's good fortune, အဘိဇ္ဈာကာဒ၊ သူ၏စည်းစိမ်ကို ရှေ့ရှုကြီးခြင်း; *usually used with* ဗျာပါဒ, as သည်သူအဘိဇ္ဈာဗျာပါဒအလွန်အားကြီးသည်။

အဘိညာဉ် (Pali အဘိ, excelling, and ညာဏ, wisdom), *n.* extraordinary wisdom, of which there are six kinds, *viz.*, ဒိဗ္ဗစက္ခု, the faculty of seeing like a *nat*; ဒိဗ္ဗသောတ, the faculty of hearing like a *nat*; ဣဒ္ဓိဝိဓ, creative power; စေတောပရိယာ, or ပရစိတ္တဇာနနာ, knowledge of others' thoughts; အာသဝက္ခယ, freedom from passion; ပုဗ္ဗေနိဝါသာနုဿတိ, knowledge of one's own past existences.

အဘိညာဉ်သွေး, *n.* primitive blood. that in which the life particularly resides.

အဘိတ်နေ့ (from ဘိတ်, to invite), *n.* the day before worship-day.

အဘိဓမ္မ (Pali အဘိ. excelling, and ဓမ္မ, law), *n.* one grand division of the Buddhist Scriptures, containing the instructions of Gautama Buddha addressed to the *dewas* (နတ်) and *bramas* (ဗြဟ္မာ) of the celestial world, comprising seven books (အဘိဓမ္မခုနစ်ကျမ်း), *viz.*, ဓမ္မသင်္ဂဏီ, ဝိဘင်, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်; *see* ပိဋကတ်။

အဘိဓါန် (Pali), *n.* a vocabulary, dictionary.

အဘိသိက် (*pron.* အဗိတ်သိတ်) (Pali အဘိ, excelling and သေက, pouring), *n.* a pouring (of water), accompanying a blessing pronounced by Brahmins, a ceremony of inauguration equivalent to that of pouring oil (ဘိသိက် is in more general use).

အဘိသိက်ခံ, *v.* to be the subject of such a ceremony of inauguration.

အဘိသိက်သွန်း. *v.* to perform the ceremony of pouring.

အဘေ, *n.* a father, အဘ, ဘဘေ (7).

အဘေး, *n.* a great-grandfather, ဘေး။

အဘေးမ, *n.* a great-grandmother, ဘေးမ။

အဘော်. 1 (from ဘော်, to associate), *n.* a companion, associate, အဘက်, အပေါင်းအဘက်, အပေါင်းအဘော်။

အဘော်ရ, *v.* to get a companion; to find companionable.

အဘော်, 2 (from ဘော်, to mix), *n.* mixing, manner of mixing, as ဆေးအဘော်ကောင်းသည်။

အဘို့ (from ဘို့, to throw into or upon), *n.* a part, portion, share; what is for; *often used with* အလျှာ, ၎င်းငွေငါးကျပ် မောင်ကြီးတို့ အဘို့ အလျှာလာပေးသည်နှင့်; တောင်ငူမြို့သို့မသွားမှီ ရှေ့အဘို့က, the period of time before he went to Toungoo; a throwing upon. or what is thrown upon, as လမ်းမှာမြေကြီးအဘို့မည်။

အဘိုး. 1 (*pron.* အဖိုး), *n.* price.

အဘိုးအစား, အဘိုးစားနား, အဘိုးသားနား, *n.* same, သည်ပုဆိုးအဘိုးစားနား ဘယ်လောက်ဆိုမည်လဲ။

အဘိုးအနဿထိုက်, *v.* to be priceless.

အဘိုးကြီး, 1, *v.* to be high priced, costly; to be higher priced than common, to be dear. အဘိုးမြတ်။

အဘိုးကြီး. 2. *n.* an old man.

အဘိုးချို. အဘိုးနည်း. အဘိုးတော်. *v.* to be cheap.

အဘိုးတန်. အဘိုးထိုက်. အဘိုးထိုက်တန်, *v.* to be of worth, of value, precious.
အဘိုးတပ်, *v.* to fix a price. အဘိုးထား, *v.* to set a price upon.
အဘိုးပေး, *v.* to pay the value of; to pay the price of.
အဘိုးဖြတ်, *v.* to appraise.
အဘိုးမပေးရဘဲ, *adv.* *gratis*, gratuitously.
အဘိုးလျော့, *v.* to depreciate in value.
အဘိုးလျှော့, *v.* to cheapen, reduce the price.
အဘိုး, 2, *n.* a grandfather, ဘိုးတော်. ဘိုး။
အဘွယ် (from ဘွယ်, to be suitable), *n.* what is suitable; *used as a verb. formative*, အလွန်ချစ်ဘွယ်ရာအကြောင်းရှိသည်။
အဘွား, *n.* a grandmother, ဘွားတော်, ဘွား။
အမ, *n.* a female; a brood, swarm, ဆိုးပင်၌ပျားအမများစွာစွဲပါသည်; a collection; *used as a num. aux.*; the main part of a box, *opposed to* အဖုံး, the cover; feminine, of the female gender; hence မ, နွားမ။
အမင်္ဂလာ (Pali အ, *priv.* and မင်္ဂလာ, what is propitious), *n.* what is unpropitious, productive of unhappiness, an evil. အမင်္ဂလာစကား မပြောပါနှင့်. လူသေအဝတ်ကိုဝတ်လျှင်၊အမင်္ဂလာရှိသည်။
အမင်း, 1, *n.* the hollow head of a tool, weapon, etc., into which the handle is inserted, ဆေးအိုးအမင်း, ဆောက်အမင်း; *comp.* အဆောင်။
အမင်းတပ်, *v.* to affix such a head.
အမင်း, 2, *see* မင်း, *pron.* you.
အမည် (from မည်, to have a name), *n.* a name.
အမည်အရည်, *n.* a respectable name, title, ဘွဲ့အမည်။
အမည်တပ်, *v.* to name, designate, သည်ပန်းကိုအမည်တပ်၍မခေါ်တတ်ပါ။
အမည်တွင်, *v.* to call by name.
အမည်ပေး, အမည်မှည့်, *v.* to name, give a name.
အမည်း (*pron.* အမဲ), *n.* the flesh of beasts; game.
အမည်းကင်, *v.* to broil flesh.
အမည်းချောက်သမား, *n.* a game beater.
အမည်းစားမှု, *n.* the offense of eating animal flesh, in the time of the Burmese Kings.
အမည်းဆီ, *n.* tallow, အမည်းဆီကျက်။
အမည်းညှင်းကျပ်တင်ခြောက်, *n.* slices of dried meat.
အမည်းသား, *n.* same as အမည်း။
အမည်းသားငါး, *n.* animals and fish collectively, in the sense of food, အမည်းသားငါးပေါသည့်အရပ်။
အမည်းသားနှာ, *v.* to be tainted, as meat.

အမတ်, *n.* a person of rank, a nobleman, အမှူးအမတ်, အမတ်ကြီးလေးပါး။
အမတေ, *n.* a kind of calculus found in the body of an animal or in a plant, and used as a charm; *see* အမြုတေ။
အမန်, *n.* time recently passed; *see* ယမန်။
အမနုဿ (from အ, *priv.* and မနုဿ, man), *n.* a monster, ဘီလူး။
အမယ်, *n.* a mother, အမိ, အမေ, မိခင်; *int.* mother! expressive of surprise or distress. In Mergui, women style their elder sisters အမယ်, and their mothers-in-law အမိငယ်။
အမယ်ကြီး, 1, အမယ်မယ်, အမယ်လေး, အမယ်ကြီးလေး, *int.* same, မင်းသည် ခန္ဓာလောက်အနာတရခံရသောကြောင့်၊အမယ်လေးကိုအော်သလား။
အမယ်မင်း, *int.* same, expressive of wonder, အမယ်မင်းကြီးလိုက်ထာ, mother! so big! အမယ်မင်းငါးကြီး, အမယ်မင်းကျားကြီး (*Colloq.*).
အမယ်ကြီး, 2, *n.* an old woman.
အမာရွတ် (from မာ and ရွတ်), *n.* a scar, when the skin is thickened.
အမိ, 1, *n.* a mother, အမယ်, အမေ, မိခင်; miss, madam; *a term of compellation* by which a daughter, wife, or any woman younger than the speaker, is addressed in the way of affection or friendship.
အမိနို့ရည်ခန်း, *v.* to become absorbed in the system, as mother's milk, which the Burmese affirm takes place at the age of forty years.
အမိမဲ့သား, *n.* a motherless child; *also used fig.* of persons in a helpless, forlorn state, အမိမဲ့သားကဲ့သို့။
အမိမွေးတိုင်း၊ဘမွေးတိုင်းကု, *v.* to restore to one's normal state of health, as a physician. *The* အ *in* အမိ *is usually omitted.*
အမိသားချင်း, *n.* maternal relatives.
အမိ, 2 (from မိ, to attain to), *adv.* equivalent to မိအောင်, unto attainment, as အမိဘမ်းသည်, to catch, to succeed in catching, အမိလိုက်သည်, to pursue and catch.
အမိန့် (from မိန့်, to speak authoritatively), *n.* an order given by official authority.
အမိန့်စာ (*pron.* အမိန့်ဇာ), *n.* a written order.
အမိန့်တော်, *n.* a royal, or divine order, အမိန့်တော်စာချွန်; အမိန့်တော်ပြန်တန်း, Government Gazette; also applied to an order issued by the သာသနာပိုင်ဆရာတော် to Buddhist monks. In U. B. the word အမိန့်တော် was never applied to any order excepting one emanating from royal authority; in L. B. it is indiscriminately applied to orders given by all grades of officials.
အမိန့်တော်ကျည်တောက်, *n.* a hollow bamboo used for the safe keeping

of a royal order or commission, အမိန့်တော်ကျည်တောက် ကဏ္ဍိပါဖိတ် စွပ်၍ဖြင့်ဖြတ်သောနေရာမှာထားသည်။
အမိန့်တော်ထုတ်, *v.* to utter, issue, promulgate a royal order.
အမိန့်တော်ပြန်, *v.* to repeat a royal order.
အမိန့်တော်ရရှေ့နေ, *n.* a certificated pleader or advocate; ဝတ်လုံရှေ့နေ, a barrister.
အမိန့်တော်ရေး, *n.* a writer of royal orders.
အမိန့်တော်ရှိ, *v.* to give a royal order.
အမိန့်တော်လက္ခဏ, *n.* a decretal, collection of laws.
အမိန့်ခံ, *v.* to receive an order.
အမုတ် (from မုတ်, 4), *n.* a *mok,* a measure of length equal to five finger breadths (အသစ်).
အမုန် (*in colloq.* မုန်), *n.* the temporal juice, which at certain seasons exudes from a male elephant's head.
အမုန်ထွက်, အမုန်ယို, *v.* to exude, as such temporal juice, ဆင်များမုန်ယို သည့်အခါ၊မည်သူမျှအနားသို့မချဉ်းဝံ့မကပ်ဝံ့ပါ။
အမုန့်, *n.* pulverised matter, powder.
အမုန်း (from မုန်း, to hate), *n.* hatred, မုန်းထားခြင်း, ရန်ငြိုး။
အမုန်းခံ, *v. see* အမုန်းဆေးခံ, ခင်ဗျားသည်လိုပြုလုပ်လျှင်အမုန်းခံရလိမ့်မည်။
အမုန်းဆေး (from မုန်း, to hate, and ဆေး, a drug, medicine), *n.* hatred prompted by another, မုန်းဆေး။
အမုန်းဆေးခံ, *v.* to incur displeasure on account of another person.
အမုန်းဆေးတိုက်, *v.* to prompt one to hate another.
အမုံ (from မုံ, to begin to bud), *n.* an incipient bud.
အမှု (from မှု, to do), *n.* a deed, action, အပြု; affectation.
အမှုအကျင့်, အမှုအထား, *n.* conduct, behavior, သူ့အမှုအထားကိုကြည့်စမ်းပါ။
အမှုအရာ, *n.* same as အမှု။
အမှုကောင်း, *v.* to be expert in affectation.
အမှုကွဲလွဲ, *v.* to be unlike in deed or action (implying deterioration); to alter in conduct or behavior, usually for the worse.
အမှုမှန်, *v.* to be true and correct in deed or action.
အမှူး, 1, *see* အမှူး, *n.* a person of rank, a nobleman (*not used alone*).
အမူး, 2 (from မူး, to be dizzy), *n.* dizziness; intoxication.
အမူးအမေ့, *n.* same, ပင်လယ်ကိုမကူးဘူးသောသူများ၊ပင်လယ်ကိုကူးလျှင်၊အမူး အမေ့အလွန်အားကြီးသည်; *see* လှိုင်းမူး။
အမူးပြေ, *v.* to become less or wear off, as a fit of dizziness, intoxication.
**အမေ,** *n.* a mother, အမယ်, အမိ, မိခင်. အမေကြီး, *n.* a goody.
**အမေလေး,** *int.* mother! expressive of surprise or distress, အမယ်လေး။

**အမေ့အလျော့**, *n.* forgetfulness, absence of mind, အမေ့အလျော့အားကြီးသည့်လူကိုခိုင်းဘို့မတော်ဘူး။

**အမေး** (from မေး, to question), *n.* a question, ပုစ္ဆာ. ပြဿနာ။

**အမေးအစစ်** (အစစ်အမေး *more frequent*), *n.* same as အမေး။

**အမေးခိုင်း**, *v.* to cause to inquire, or question.

**အမော**. *n.* fatigue, weariness.

**အမောဖြေ အညောင်းဖြေ**. *adv.* in the way of resting the limbs, after being fatigued.

**အမောက်** (from မောက်, to be convex), *n.* a cock's comb, ကြက်မောက်; a dragon's crest, နဂါးမောက်; **အမောက်အမို**, a term applied to words of overflowing, တောင်းထဲမှာဆန်အမောက်အမိုမထည့်ပါနှင့်။

**အမောင်**, *see* မောင်, *n.* a woman's brother.

**အမောင်း** (from မောင်း, to drive), *n.* driving, as နွားအမောင်းမတတ်, he does not understand driving oxen.

**အမော်** (from မော်, to project upwards), *n.* a promontory; *see* ရေမော်။

**အမိုက်**, 1 (from မိုက်, 3), *n.* a measure of length equal to eight finger-breadths (အသစ်), one third of a cubit.

**အမိုက်**, 2 (from မိုက်, to be dark), *n.* darkness, မှောင်မိုက်; a fool, an ignorant person, အမိုက်ကြီး, အမိုက်သားကိုဘွေ့ယူလို့မတော်ပါ (6).

**အမိုး** (from မိုး, to cover), *n.* a roof; a chief, အကဲ။

**အမိုးအကာ**, *n.* a sheltering cover; something that shelters from evil.

**အမိုးစွန်း**, *n.* the eaves and ends of a roof.

**အမိုးပြတင်း**, *n.* a skylight.

**အမ္ဗဏ** (Pali), *n.* a measure of capacity equal to a *tin* (အတင်း).

**အမ်း**, 1, *v.* to hold back, from inability to recognize or fear of advancing; to be impeded in progress, as a boat or ship by a head wind, နေ့လယ်လေလာသောကြောင့်လှေအသွားအမ်းသည်။

**အမ်းတမ်းတမ်းနေ**, *v.* same (*more common*), မင်းမျက်နှာကို မြင်သော်လည်း၊ အမ်းတမ်းရှိသောကြောင့် နှုတ်မဆက်ဘဲနေလိုက်သည်။

**အမ်း**, 2, *v.* to pay change, return the balance of money delivered in excess of the price of the article purchased, ခင်ဗျားငွေပိုလို့ ပြန်အမ်းလိုက်ပါသည်။

**အမ်းငွေ**, *n.* change, the balance of money, paid back.

**အမျက်**, 1, *n.* a knot in timber.

**အမျက်အဆာ**, *n.* a bad knot (in wood), သည်လှည်းဘီးအမျက်အဆာအလွန်များသည်။

**အမျက်အသက်**, *n.* same as အမျက်။

**အမျက်ကန်း**, *a.* without a knot, as some bamboos.

အမျက်ဆုံ, *n.* a junction of knots.
အမျက်ဆုံပါ, *v.* to be gnarled, knotty.
အမျက်. 2 (from မျက်, to be angry), *n.* anger, ဒေါသ, အမျက်ရန်ငြိုး။
အမျက်ကြီး, *v.* to be very angry, wrathful, အချစ်ကြီးအမျက်ကြီး။
အမျက်ခံ, *v.* to feel anger without expressing it, ခုခံ; to incur displeasure, ဒေါသခံ။
အမျက်ထွက်, *v.* to express anger, ပညာရှိအမျက်ပြင်မထွက်။
အမျက်ပြေ, *v.* to be appeased.
အမျက်ရှိ, *v.* to feel anger without expressing it, ခုခံ။
အမျက်ဝင်, *v.* to become angry.
အမျက်သိမ်း, *v.* to curb or restrain anger, အမျက်ကိုသိမ်းတော်မူပါဘုရား။
အမျက်သို, *v.* to feel anger without expressing it, ဒေါသခုခံသည်။
အမျက်ဟုန်းဟုန်းထွက်, *v.* to be in a rage.
အများ (from များ, to be many), *a.* many; *n.* the many, the main part.
အများအစား, အများတကာ, same, အများတကာမရှိသေသောအမှုကိုမပြုပါနှင့်။
အများနည်း, *a.* like the many, majority, ၎င်းကဲ့မှာအများနည်း။
အမျိုး, *n.* a race, lineage, အနွယ်; a kind, class, sort, အတည်, အဝ; မင်းမျိုး, the official class, ပုဏ္ဏားမျိုး, the Brahmin caste, သူဌေးသူကြွယ်မျိုး, the wealthy class, သူဆင်းရဲမျိုး, the indigent class.
အမျိုးအဆွေ, *n.* a relative, kinsman, အဆွေအမျိုး။
အမျိုးအနွယ်, *n.* a race, lineage, ယောသပ်သည်ဒါဝိဒ်အမျိုးအနွယ်ဖြစ်၏။
အမျိုးအရိုး, *n.* hereditary stock.
အမျိုးအလိုက်, *adv.* specifically, အမျိုးအားဖြင့်။
အမျိုးကွဲ, *n.* a person of a different race; a Burman would designate a Chinaman or a European as အမျိုးကွဲ, တပြည်သား။
အမျိုးခုနစ်ဆက်, *n.* seven degrees of ancestry, reckoning upwards, *viz.* အဘ, အဘိုး, အဘေး, အဘီ, အဘင်, အဘျောက်, အစေ့; also seven degrees of posterity, *viz.* သား, မြေး, မြစ်, တီ, ကျွတ်, ဆတ်, ဆက်။
အမျိုးစစ်, *a.* born of parents of the same race.
အမျိုးမစစ်, *n.* and *a.* half-caste (*reproachful*), ကပြား။
အမျိုးသန့်, *v.* to be of pure race.
အမျိုးသား, *n.* one of the same race, a fellow-countryman, အင်္ဂလိပ် အမျိုးသားထဲက။
အမျိုးသားချင်း, *n.* same as အမျိုးသား။
အမျိုးသမီး, *n.* a fellow-countrywoman.
အမြင် (from မြင်, to see), *n.* sight, appearance, as အမြင်ကပ်, သည်လူ ငါ အလွန်အမြင်ကပ်သည်, the sight of this man is very disagreeable to

me: observation, as အမြင်နည်းသည်, အတွေ့အမြင်များသည်; combined with အမြော်, as အမြော်အမြင်, foresight.
အမြင်လှ, *v.* to be beautiful to the sight.
အမြင်သာ, *v.* to be pleasant to the sight; အမြင်နီး, အမြင်ဝေး, to be near or far to the sight, အမြင်နီး၊ ခရီးဝေး။
အမြင့် (from မြင့်, to be high), *n.* height, altitude.
အမြစ်, 1, *n.* a root, bottom, origin, အခြေ, အရင်း, မူလ; the gizzard of a bird; hence ရေသောက်မြစ်, the taproot of a tree.
အမြစ်ကျည် (*pron.* ကျည့်), *v.* to be checked, as the circulation of sap in a tree.
အမြစ်စွဲ, *v.* to take root.
အမြစ်ပါနုတ်, *v.* to extirpate, eradicate, root up.
အမြစ်ဖု, *n.* a bulbous root.
အမြစ်, 2, *n.* the light accent (့), originally a small အ placed under a letter, and called မြစ်, because it interrupts the natural sound, အောက်မြစ်။
အမြတ် (from မြတ်, to exceed, be a gain), *n.* gain, profit; *a.* excellent; *opposed to* အယုတ်; အရင်းကြီးက၊အမြတ်ကြီးတည်း။
အမြတ်အစွန်း, အမြတ်အပွား, *n.* same as အမြတ်။
အမြတ်အယုတ်, *a.* that which is excellent and that which is inferior, worthless or vile, အမြတ်အယုတ်မခွဲသာ။
အမြတ်စား, *v.* to make profit.
အမြတ်တနိုး, *a.* excellent, precious, implying affection; *adv.* fondly.
အမြတ်တော်ကြေး, *n.* the income tax.
အမြိတ်, *n.* the dangling end or border of anything, as the fringe of a garment, the ends of hair, or of thatching, လေးဘက်မြိတ်ပဝါ; an unfavorable hint, intimation, one kind of အရိပ်အမြွက်, သွားလျှင် အရိပ်နှင့်၊ပြောလျှင်အမြိတ်နှင့်, မင်းစကားအရိပ်နိမိတ်အမြိတ်မကင်းပါ, အမြိတ်အစလောက်ပြောသည်. *Der.* မြိတ်ဆာ။
အမြိတ်စ, *n.* same as အမြိတ်။
အမြီး, *n.* a tail; *also used fig.*, မင်းစကားအမြီးအမောက်မရှိ, or မညီ, your language has neither head nor tail to it.
အမြီးဆူး, *n.* the sting of an insect, အဆိပ်ဆူး။
အမြီးတံခါးပိတ်, *a.* a term applied to elephants, whose tails cover the anal aperture completely; a sign of excellence of breed.
အမြီးထူး, *n.* the root of a tail, မိကျောင်းများမှာအမြီးထူးကိုထားနှင့်ဖြတ်လျှင်၊ မသွားတတ်ပါ။
အမြီးနှန့်, *v.* to wag the tail, as a dog.

အမြီးပေါက်, *v.* to protrude, as an incipient tail.
အမြီးရင်း, *n.* same as အမြီးထူး။
အမြီးရွက်, *n.* the extremity of an elephant's tail.
အမြုတေ (*pron.* အမေဒေ), *n.* a kind of calculus found in the body of an animal or in a plant, and used as a charm, ချိုးအမြုတေ၊ခါအမြုတေ၊ စပယ်အမြုတေ၊ မြွေအမြုတေ၊ လိပ်အမြုတေများကို လူဆောင်ရွက်သော အခါ၊ ထားဖြိုးသည်ဟု မြန်မာလူအချို့က အယူရှိကြသည်, the *calculi* of doves, partridges, the jasmine, snakes and turtles, when carried about by men, render them *da*-proof, according to the opinion of some Burmans.
အမြို့ (from မြို့, to chew the cud), *n.* a cud, စားမြို့။
အမြဲကပ်, *v.* to adhere permanently. အမြဲစွဲ, *v.* to be firmly fixed.
အမြောက်, *n* a gun, cannon; hence စစ်ဆောင်အမြောက်, a fieldpiece.
အမြောက်ခဲ, အမြောက်ဆန်, အမြောက်ဆန်လုံး, *n.* a cannon ball.
အမြောက်ဆန်ဒလက်, *n.* bar shot.
အမြောက်ဆို့, *n.* a tompion, stopper of a cannon.
အမြောက်တကမ်း, *n.* a gunshot, the reach of a cannon, အမြောက်တလှမ်း။
အမြောက်တပ်, *n.* a battery of artillery.
အမြောက်တိုက်, *n.* a gun shed.
အမြောက်နားဖုံး, *n.* the apron of a gun.
အမြောက်ပစ်, *v.* to discharge a cannon.
အမြောက်ဗိုလ်, *n.* an artillery officer.
အမြောက်ရင်း, *n.* the breech of a gun.
အမြောက်ဝန်, *n.* the Commander of the artillery force.
အမြောက်လှည်း, *n.* a gun carriage.
အမြောက်သား, *n.* an artilleryman, a gunner.
†အမြောက်အမြား, *a.* many, လူအမြောက်အမြားရောက်လာသည်။
အမြော်အမြင်, *n.* foresight.
အမြော်အမြင်ကြီး, အမြော်အမြင်များ, *v.* to have great or excellent foresight.
အမြော်အမြင်နည်း, *v.* to have little foresight.
အမြိုက်, *n.* amrita, nectar, တရားအမြိုက်တိုက်ကျွေး, to administer the nectar of the law, *i.e.*, to dispense justice impartially.
အမြိုက်ရည်, *n.* same as အမြိုက်။
အမွေ, *n.* an inheritance, permanent estate.
အမွေအဒုတ်, အမွေအနှစ်, အမွေဥစ္စာ, အမွေခံရသောဥစ္စာ, *n.* same as အမွေ။
အမွေခမ်းဖြတ်, *v.* to disinherit, သားအရာနုတ်။
အမွေခံ, *v.* to inherit; *n.* an heir, အမွေဆက်အမွေခံ; အမွေခံမှု, an inheritance case.

အမွေခံပေး, *v.* to deliver a child to be heir of another person, ကောင်းမွေဆိုးမွေခံ။

အမွေခံမိန်းမ, *n.* an heiress.

အမွေခံဘက်, *n.* a co-heir, fellow-heir.

အမွေခံမြိတ်စွန်မရှိ (from အစွန်, a border), *v.* to be without heirs, as an estate or property, implying without even remote heirs.

အမွေခံယောက်ျား, *n.* an heir, အမွေစား။

အမွေခွဲ, *v.* to divide hereditable property.

အမွေစား, *n.* an heir, အမွေခံ။

အမွေထိန်းလက်မှတ်စာ, *n.* letters of administration (*Law*).

အမွေရ, *v.* to receive by inheritence.

အမွေရှင်, *n.* an heir; more pronounced than အမွေခံ, အမွေရှင်ရှိစည်လျက်၊အမွေမတောင်းရ၊တောင်းသောသူအမွေမှကင်းလပ်စေ။

အမွေလိုက်, *v.* to lay claim to an inheritance.

အမွေ့, *n.* a glimpse, shadow; vapor; *see* အငွေ့။

အမွေး, *n.* the hair of the body, fur; hence သားမွေးအင်္ကျီ, a fur coat; သိုးမွေး, wool; when applied to horses and cattle, အမွေး refers to the color.

အမွေးအတောင်, *n.* feathers, plumage; the coat of a horse, အမွေးအတောင်တူသည့်မြင်းနှစ်စီး။

အမွေးအတောင်စုံ, *v.* to be fledged.

အမွေးညှင်း, *sometimes* အမွေးညင်း, *n.* fine, short hair of the body; down.

အမွေးညှင်းထ, *v.* to have the fine hair of the skin erected, or stand on end, through sudden cold or strong emotion, ကြက်သီးထ, ကြက်သီးမွေးညှင်းထ (goose-flesh).

အမွေးညှပ်, *v.* to clip the hair, as of a horse, dog, sheep.

အမွေးထောင်, *v.* to stand erect, as the hair of an animal, to bristle.

အမွေးနု, *n.* a pinfeather.

အမွေးဖွား, *v.* to have shaggy hair, as a dog, wolf, etc.

အမြွက် (from မြွက်, to utter), *n.* anything uttered, a speech; the beginning of speech, a hint, an intimation, အရိပ်.အမြွက်ကလေးလောက်သာပြောပါသည်, အမြွက်သူ့ဆီမှာသာပေါ်သည်, အမြွက်ကိုကြားသည်။

အမြွာ (from မြွာ, to slice lengthwise), *n.* a couplet or triplet, or more, springing from one stalk, as plantains or other fruit adhering and growing together, ငှက်ပျောသီးအမြွာသီးသည်, or as twins or more born at one birth, အမြွာမွေး။

အမြွာဘွားဘက်, *n.* a twin.

အမှင်, *n.* stiff hair, bristles, သန်သောအမွေး။

အမှည့်ကြွေကြွေ (*pron.* အမှည့်ကြွေကြွေ), *v.* to drop off a tree from ripeness, as fruit; *also used fig.* of persons who die of a ripe old age.
အမှတ် (from မှတ်, to mark), *n.* a mark, sign; a geometrical point.
အမှတ်အလေ့. *n.* same as အမှတ်; *see* စမှတ်။
အမှတ်အသား, *n.* a mark, badge; observation, remembrance, knowledge. အမှတ်အသားကောင်းသည်, to be observant.
အမှတ်တရ, *adv.* carefully, mindfully, with good observation of position, as when one buries treasure so as to be sure to remember the place; ဥစ္စာကိုအမှတ်တရအပ်နှံသည်။
အမှတ်တိုင်, *n.* a signal post, a railway signal post.
အမှတ်ပေး, *v.* to give a sign, token.
အမှတ်ပြု, *v.* to appoint for a mark, to observe as a mark; to think, suppose; အမှတ်အလေ့ပြု, *v. used in forming verbal nouns.*
အမှတ်မဲ့, အမှတ်တမဲ့, အမှတ်မထင်, *adv.* inadvertently, unawares, unexpectedly, by surprise; in an inattentive casual manner; *not as strong as* ထိုပေပေ။
အမှတ်ရ, *v.* to recall to mind.
အမှန် (from မှန်, to be true), *n.* truth, right; *opposed to* အမှား, falsehood; regularity; *adv.* truly, certainly, regularly.
အမှန်အကန်, *adv.* truly, certainly.
အမှန်ကျ (from မှန် and ကျ), *v.* to hit right, to be to the point, as a remark, အချက်ကျ။
အမှန်း, 1 (from မှန်း, to aim, guess at), *n.* guessing, power of guessin aim, as in shooting.
အမှန်းကောင်း, အမှန်းဖြောင့်, အမှန်းမှန်, *v.* to be good at guessing.
အမှန်း, 2 (from the verbal form မှန်း), *adv. intensive* in the phrase အမှန်းမသိ, he knows nothing, အရှူးအမိုက်သက်သက်။
အမှန်းကမ်းလမ်း, or အမှန်းကမ်းနား, *adv.* at all; *in neg. sentences,* as အမှန်းကမ်းလမ်းမသိ, he knows nothing at all.
အမှာ (from မှာ, to instruct, order), *n.* an order.
အမှာတော်, *n.* an order from a prime minister, ဝန်ကြီးအမှာတော်။
အမှာတော်ရေး, *n.* a secretary to a *wungyi* appointed by the King; a secretary to ministers or assistant ministers.
အမှား, 1 (from မှား, to err), *n.* an error, blunder; a falsehood.
အမှားခံ, *v.* to suffer or tolerate a blunder, အမှားပင်ဖြစ်သော်လည်း၊အပြစ်တင်မဦးနှင့်။
အမှားစောင့်, *v.* to watch another with a view of entrapping him in a blunder.

အမှားပါ, *v.* to contain an error or errors, as a document, or applied to conduct involving or entailing errors.
အမှားရှာ, *v.* to seek faults in another.
အမှား, 2, *int.* what is it? show it! *see* ဟမား။
အမှီ (from မှီ, to lean on), *n.* anything to lean on, a thing that affords support; *comp.* တံကဲ။
အမှီအတင်း, *n.* same as အမှီ။
အမှီတံကဲ, *n.* a person who affords support.
အမှီပြု, *v.* to adhere to, trust in, မှီခို။
အမှီလိုက်, *v.* to follow so as to overtake.
အမှီသဟဲ, *n.* same as အမှီတံကဲ။
အမှီး (from မှီး, to store up), *n.* a stock, အနှီး, အရင်း။
အမှု, *n.* business, work, affair, အခင်း, အရေး; a process in law, a prosecution, မင်းမှု။
အမှုအရာ, *n.* business, work, affair.
အမှုအောင်, *v.* to gain a cause at law.
အမှုခိုင်လုံ, *v.* to be sound and conclusive, as the evidence in a civil or criminal case.
အမှုစွဲ, *v.* to prosecute, either as a complainant in a criminal, or as a plaintiff in a civil, case.
အမှုစွဲရက်, *n.* the day on which parties to a suit are directed to meet, အမှုချိန်းရက်, အမှုဆုံးဖြတ်ရက်။
အမှုဆိုင်း, *v.* to adjourn a case in court, as a judge, or magistrate.
အမှုဆောင် (*pron.* အမှုဇောင်), *n.* one who conducts a business or case for another; အမှုဆောင် (*pron.* as spelt), *v.* to conduct such business or case.
အမှုတွဲ, *n.* the file or record of civil, criminal, or revenue proceedings.
အမှုတွဲထိန်း, *n.* a court record keeper, judicial or revenue, အရေးပိုင်မင်းရုံးအမှုတွဲထိန်းမောင်ဘိုးနှင်။
အမှုထမ်း, *n.* a person on service, commonly government service; a police officer. အမှုထမ်းသားလက်နက်ကိုင်အမှုထမ်းသား။
အမှုထား, *v.* to make account of, take into consideration, ပမာဏပြု, ခင်ဗျားငါ့ကိုအမှုထားပါမည်လား။
အမှုပေါ်ပေါက်, *v.* to come to light, as a crime.
အမှုလိုက်, *v.* to prosecute in a case, as a government advocate or police officer; အမှုလိုက်ကောင်းသည်, to be clever or skilful in prosecuting.
အမှုရှာ, or အမှုရှာကြံ, *v.* to endeavor to get another into trouble; to fabricate a case against another, မှုခင်းရှာကြံ။

အမှုသည် (*pron.* သယ်), *n.* one who has business; a party in a suit, တရားတွေ့ဘက်, တရားဘက်။

အမှုသေးဖွဲ့, *n.* petty, miscellaneous cases in court.

အမှုသွင်း, *v.* to put a case into court.

အမှုတ် (from မှုတ်, to blow), *n.* a blast, လင်းဗိုင် မှုတ်သော အမှုတ် အလွန်ပြင်းထန်သည်။

အမှုန် (from မှုန်, to be minute), *n.* fine dust, *larger than* မြူ။

အမှုန့်, *see* အမုန့်, *n.* pulverised matter, powder.

အမှုန်း (from မှုန်း, to harrow), *n.* a harrowing.

အမှူး (from မှူး, to be chief of), *n.* a chief, ruler, chieftain, a term applied to chiefs of Shan villages, who held land in service-tenure, of the kings of Burma.

အမှူးအမတ်, *n.* the chiefs and nobility collectively, မှူးမတ်, မှူးတော်မတ်တော်။

အမှောက် (from မှောက်, to turn upside down), *n.* an overturn, subversion, upset, overthrow, ကျွန်ုပ်သည် ကုန်ကို ရောင်းမိသောကြောင့်၊ အမှောက်ကြီးမှောက်နေပြီ။

အမှောင့် (from မှောင့်, to annoy), *n.* an annoyance, particularly that occasioned by witchcraft or demoniacal possession.

အမှောင့်အရှောင့်, *n.* same as အမှောင့်။

အမှော်, *n.* refuse, particularly the threshed pods of peas and beans; *comp.* အဖျင်း။

အမှိုက်, *n.* refuse, dust.

အမှိုက်လှည်း (*pron.* လှဲ), *v.* to sweep refuse, etc., အမှိုက်လှည်းကုလား, a native of India sweeper.

အမှိုက်သရိုက်, *n.* same as အမှိုက်, with the additional meaning of တန်မြတ်စာ, တန်မြတ်ချေး; riff-raff, လူညံ့စု; rubbish.

အမျှ, 1 (from မျှ, to divide and distribute equally), *n.* an equal quantity, an even share.

အမျှတွက်, *v.* to take or strike an average.

အမျှပေး, *v.* to give to another an equal share; to offer to another an equal share of the merit obtained by the performance of a work of merit.

အမျှယူ, *v.* to accept such a share.

အမျှ, 2 (from မျှ, to be as much as), *n.* a specified quantity, as much as, ရွှေတော်က ဆင့်ဆိုသမျှ; *commonly used as a secondary noun, or in comp. dropping its initial,* as ဆန်တတင်းမျှ, one basket of rice; ဘယ်မျှ, how much? သည်မျှ, so much.

အမျှအလောက်, *n.* about so much, as တတင်းမျှလောက်, about one basket; ဘယ်မျှလောက်, သည်မျှလောက်, *as above*; သည်ခန့်လောက် (*pron.* သည့်ဂလောက်), as much as this.

အမျှင် (from မျှင်, to make stringy), *n.* a string, thread, fibre, nerve; any stringy substance; စကားအမျှင်ရှည်သည်, to be spun out, as language; သွေးအမျှင်မျှင်, threads, or small currents of blood, အမျှင်မျှင်နေ, အမျှင်တန်း။

အမျှင်ကြော, *n.* a nerve.

အမျှော်အမြင်, *see* အမြော်အမြင်, *n.* foresight.

အမြှုပ်, *n.* froth, scum; an embryo in the second stage of conception; *comp.* ကလလ, ရေကြည်, and သားတစ်။

အမြှုပ်ထ, *v.* to rise, as froth or scum.

အမြှုပ်ထွက်, *v.* to issue, as froth or scum, အမြှုပ်စီစီထွက်သည်။

အမြှေး (*pron.* အမှေး) (from မြှေး, to overspread), *n.* any membranous matter covering or overspreading something, as a spider's web, the thick rising of porridge, the caul, the secundines, အစာအိမ်၏အမြှေး, the peritoneum.

အမြှေးအသန်း, *n.* the caul, the secundines, ဘုရားလောင်းသည်မယ်တော်ဝမ်းမှမြှေးသန်းမရှိ၊ မငြိမတင်စင်ကြယ်သန့်ရှင်းစွာမျက်စိတော်ကိုဖွင့်လျက်ဘွားတော်မူ၏။

အမြှောက်, *n.* flattery, မြှောက်သောစကား။

အမြှောက်ကြိုက်, *v.* to be fond of flattery.

အမြှောင့် (from မြှောင့်), *n.* the lateral angle of the segment of a spherical or cylindrical body, divided lengthwise; ရှစ်မြှောင့်, octagonal.

အမြှောင့်စိတ်, *v.* to divide such a body lengthwise.

အမြှောင့်ဖော်, *v.* to make such a body many-sided.

အမြှောင့်လုပ်, *v.* same, spoken of bricks, posts, table legs, etc.

အမွှမ်း (from မွှမ်း, to decorate), *n.* ornamental points, projections, pinnacles, spires, etc. on a roof; the source of a river, မြစ်၏အမွှမ်း; *fig.*, a chief, governor, အကြီး, အမှူး, မော်လမြိုင်မြို့ စစ်ကဲမောင်ထော်လေးကိုအင်္ဂလိပ်မင်းများကအမွှမ်းတင်ထားသည်။

အမွှာ, *see* အမြွှာ, *n.* a couplet, triplet or more springing from one stalk.

အမွှား (from မွှား, to be diminutive), *n.* a small thing, အလှေး, ယပ်ကိုကြွက်ကိုက်သောကြောင့်အမွှားအမွှားဖြတ်ကျသည်။

အမွှေအနှောက် (from မွှေနှောက်, to stir up), *n.* agitation, stirring up the mind of others in an annoying manner, သူ့အမွှေအနှောက်ကိုမခံနိုင်သောကြောင့်ထွက်ပြေးရသည်။

အမွှေး (from မွှေး, to be fragrant), *n.* any fragrant scent.

အမွေးအကြိုင်, *n.* same, မိန်းမငယ်များ အမွေးအကြိုင်အလွန်လိမ်းကျံ လွှ ကြသည်၊
အယ်, 1, *v.* to be full, distended, puffed up, swollen, as the stomach or bowels, စပါးကြီးအစာကိုမျိုသောကြောင့်ဝမ်းအယ်နေသည်, သည်အကလေးအယ်အောင်စားသည်။
အယ်အောင်, *adv.* very, exceedingly, တယ်ကရ။
အယ်, 2, *v.* to make the sound in crying which the word imitates; *used only in the form* တအယ်အယ်, *adv.* incessantly (crying), သည်အကလေးတအယ်အယ်နှင့်ငိုနေသည်။
အယည် (*pron.* ယညီ) (from ယည်, to be tame), *a.* tame.
အယည်အကျေး, အယည်အကျော့, အယည်အချော, အယည်အနူ, အယည်အပြေ့, အယည်အပျောင်း, အယည်အလှ, *n.* civilization, refinement, taste, politeness, gracefulness, နန်းတော်သားများအယည်အကျေးရှိတတ်သည်။
အယည်အရွ, *n.* gracefulness of movement; applied particularly to the prancing of a horse, သည်မြင်းအယည်အရွအလွန်တင့်တယ်သည်။
အယည်တမ်း, *v.* to pretend to refinement, be finical.
အယမ်း, *n.* a guess, a conjecture.
အယမ်းအဆ, *n.* same, အယမ်းအဆပြောသည်။
အယမ်းအတာ, *n.* conjectural distance, distance guessed at.
အယာ, *n.* a quid of betel-leaf, with the contents made up for chewing, ကွမ်းတယာ; hence ဆေးတယာစား, a quid of tobacco; ကွမ်းတယာညက်, ဆေးတဆိုကျမ်း, a short period of time, about ten minutes; တင့်စာ, ဆေးတင့်။
အယိ, *see* အရိ, *n.* any slimy discharge.
အယုတ္တအနုတ္တ (Pali), *n. lit.* that which is wrong and foolish; often applied to coarse and obscene language, ကျွန်မကိုအယုတ္တအနုတ္တဆဲဆိုပါသည်။
အယုတ်သဖြင့်, *adv.* at least, at the least, leastwise.
အယုံသွင်း (from ယုံ and သွင်း), *v.* to seek to gain the confidence of one for another, with some private aim, ကျောင်းမှာနေရအောင်၊မိဘများကာ၊သားသမီးများကိုအယုံသွင်းတတ်သည်။
အယူ (from ယူ, to take), *n.* an opinion, sentiment.
အယူခံ, *v.* to take an opinion, appeal to the decision of another; to appeal against a legal decision, အယူတော်ခံ, အရေးပိုင်မင်းစီရင်ချက်ကိုမကြေမပြေသောကြောင့်၊ တရားမဝန်ရှင်တော်မင်းကြီးထံအယူခံသည်, or အယူခံဝင်သည်။
အယူတင်း, *v.* to be rigid, as belief in a creed (religious), an opinion; *stronger than* အယူသန်, to be bigoted.
အယူတော်ခံရုံး, *n.* an appellate court.

အယူပြန်**, အယူသီး,** *v.* to be heterodox, heretical; အယူပြန်သောဆရာ, a false teacher.

အယူရှိ, *v.* to be of an opinion, to have an opinion; one kind of အယုံရှိ။

အယူဝါဒ, *n.* a dogma, doctrine.

အယူသန်, *v.* to be bigoted; to be heretical.

အယောင်ဆောင်, *v.* to assume an appearance, အဟန်ဆောင်, အကျွန်ပြု, ကဗျိတန်ဗာတင်သည် ဗလီဆရာတပည့်အယောင်ဆောင်၍၊ ပသီများအလွန်ကြည်ညိုသောမဏ္ဍာပ်ရှိသို့ဝင်သွားသည်, မမြင်ချင်ယောင်ဆောင်, မသိချင်ယောင်ဆောင်။

အယိုင် (from ယိုင်, to lean), *adv.* short and quick; applied to playing on an instrument, dancing, running, etc., လက်ဖွေသတ်များအယိုင်ပြေးသည်, ကချေသည်အယိုင်ပြေးသည်။

အယှဉ်, *adv.* contrariwise, သူအယှဉ်ကြီးလျှင်ငါသည်လည်းကြီးရမည်။

အယှဉ်ကြီး, *v.* to act in a contrary manner, usually implying bad faith, or something done in a disingenuous manner.

အရ, 1 (from ရ, to get), *n.* meaning, purport of words, ခင်ဗျားစကားအရ, ခင်ဗျားစာပါအရ; အရ also has the same meaning as အမှီ, with the additional idea of exertion, ခင်ဗျားနောက်သို့ကျွန်ုပ်အရလိုက်သည်; *postposition,* according to.

အရကုတ်ကုတ်, *adv.* attainably, with great exertion.

အရကျက်, အရဆောင်, *v.* to retain in memory, have by heart, အာဂုံဆောင်, နှုတ်ကျက်ရ။

အရလိုက်, *v.* to pursue, or follow up, so as to overtake and catch.

အရ, 2, *n.* a collection, body; *see* အစု။

အရက်, 1, *n.* *see* ရက်, *n.* a natural day; *when preceding a numeral, the* အ *is not omitted, e.g.,* အရက်နှစ်ဆယ်, *otherwise it is usually omitted,* နှတ်တော်လဆန်းဆယ်ရက်။

အသားစင်း, *v.* to be straight grained (applied to timber).
အသားဆိုး, *n.* proud flesh, အသားဆွေး, အသားဆိုးတက်သည်။
အသားတိုး, *n.* a spreading fungous excrescence, အသားပွား။
အသားထွက်, *n.* a small, fleshy excrescence, အသားမြွတ်။
အသားနီ, *n.* red or raw flesh, အသားနီလန်အောင်ရိုက်သည်။
အသားပွတ်, *n.* a cutaneous affection.
အသားပြည့်, *v.* to be full-fleshed. အသားဖြူ, *v.* to be fair-complexioned.
အသားပွား, *n.* a spreading fungous excrescence. အသားတိုး။
အသားမာ, *n.* a kind of cutaneous affection.
အသားမြွတ်, *n.* a small fleshy excrescence; a polite substitute for နို။
အသားလတ်, *v.* to be of a brown complexion, between white and black.
အသားသေ, *v.* to be subdued, reduced to a state of permanent subjection; to be tamed, so disciplined as to be perfectly tractable, ဖိတ်နှိံ, နှိံကျ။
အသိ (from သိ, to know), *n.* one known to another; a witness.
အသိအကျွမ်း (from ကျွမ်း, to be acquainted), *n.* an acquaintance.
အသိအကြား (from သိ, to know, and ကြား, to hear), *n.* one who knows by hearing, an ear-witness, သက်သေအသိအကြား; knowledge, information.
အသိအမြင် (from သိ, to know, and မြင်, to see), *n.* one who knows by seeing, an eye-witness, သက်သေအသိအမြင်; knowledge, observation.

**အသိအရှိ**, *n.* one who knows by being present; a word much used in the attestation of documents. အသိအရှိ၊ ကျောင်းတကာဦးအောင်ကျော်၊ လှေစီးမောင်သက်ရှည်။

**အသိမိတ်ဆွေ**, *n.* a friendly acquaintance.

**အသိန္နသား**, *adv.* in great numbers, as a numerous army crowded together, ရန်ကုန်မြို့သို့ဝင်လာသည့်သင်္ဘောတွေ (*pron.* ဒွေ) အသိန္နသား, သည်အိမ်မှာအိမ်ရှင်ကာကစားသမားများကိုအသိန္နသားလက်ခံသည်။

**အသိန်း**, *n.* the number of a hundred thousand.

**အသိမ်**, *n.* chaff and small grain, အဖျင်း, အလှေး။

**အသိမ်း** (from သိမ်း, to take into possession), *n.* a concubine.

**အသိမ်းအပိုက်**, **အသိမ်းအငြောင်**, *n.* same as **အသိမ်း**။

**အသိမ်းခံရ**, *v.* to forfeit (an estate).

**အသိမ်းမယား**, *n.* an inferior wife who was purchased with money; အပြောင်မယား, ငါ့ကိုအသိမ်းအပြောင်မှတ်လို့ သုံးစွဲရမဟာခိုးနိုးနိုး ဖွက်နိုးနိုး ထင်ရသလား (*Colloq.*).

**အသီတိသာဝက** (Pali အသီတိ, eighty, and သာဝက, disciple).

**အသီတိသာဝကရှစ်ကျိပ်**, *n.* the eighty chief disciples of a Buddh. under the အဂ္ဂသာဝကနှစ်ပါး; *comp.* မဟာသာဝက။

**အသီး**, 1 (from သီး, to bear fruit), *n.* fruit.

**အသီးအနှံ**, *n.* an ear or head of grain.

**အသီးအောင်**, *v.* to come to maturity, as fruit.

**အသီးကြွေ**, *v.* to fall off, as fruit, အသီးကြွေကျ။

**အသီး**, 2 (from သီး, to be separate), *adv.* separately, distinctly.

**အသီးအခြား**, *adv.* same; independently; respectively.

**အသီးအသီး**, **အသီးပုဂ္ဂလ**, *adv.* same as **အသီး**, သည်လူများအသီးပုဂ္ဂလတအိမ်တည်းခွဲ၍နေသည်။

**အသီးသီးအခြားခြား**, *adv.* variously; *a.* various, diverse one from another, အယူဝါဒအသီးအသီးအခြားခြားရှိကြသည်, they are of diverse sentiments.

**အသုတ်** (from သုတ်, to snatch away), *n.* what is taken away at one swoop; company, party; also applied to time, အရင်တသုတ်။

**အသုဘ** (Pali အ, *priv.* and သုဘ, pleasant), *n.* a corpse, အသုဘနိမိတ် (*clerical*).

**အသုဘရှု**, *v.* to look at and meditate on a corpse; *in modern use*, to attend a funeral, as a priest or fakir, သုသာန်သင်္ချိုင်းမှာအသုဘကိုရှု၍နေသောဖော်ဂီပုဂ္ဂိုလ်, ဆရာတော်အသုဘရှုကြွသည်။

**အသုံး** (from သုံး, to use), *n.* use, usefulness, သည်ဟာကိုဘယ်သို့အသုံးပြုနိုင်ပါသလဲ၊

အသုံးအစွဲ, *n.* use, အသုံးအစွဲမရှိ, it is of no use.
အသုံးအစွဲဖြုန်း, *v.* to be extravagant in the matter of expense.
အသုံးအဆောင်, *n.* an utensil, article of use, သည်လူအသုံးအဆောင်ပုဆိုးအဝတ်များရှိသည်။
အသုံးအဆောင်အခမ်းအနား, *n.* an utensil, article of use.
အသုံးကျ, *v.* to be of use, useful, စားပွဲကုလားထိုင်များကိုသူအသုံးကျရာပြင်ဆင်ပြီးထားသည်။
အသုံးခံ, *n.* one who supplies what is requisite; *v.* to furnish, အမိုးရများကငွေကိုအလိုရှိသောအခါ၊သူဌေးများက၊အသုံးခံ၍ပေးကြသည်။
အသုံးစရိတ်, *n.* expense; အသုံးစရိတ်စာရင်း, a contingent account.
အသုံးစာရေး, *n.* a secretary in charge of government buildings and works.
အသုံးတည့်, *v.* to be of proper use, such use as is properly required and expected: to be commodious; သည်လူလျှင်မြန်ပေါ့ပါးသော့ကြောင့်၊အသုံးတည့်သည့်နေရာမှာထားသည်။
အသုံးပြု, *v.* to apply to a certain use.
အသုံးဖြုန်း, *v.* to be profuse in the use of money; *comp.* လက်ကြီး။
အသုံးမန့်, *adv.* of no use, သည်လူကိုသုံးချင်သော်လည်း၊အသုံးမန့်ဖြစ်သည်။
အသုံးရ, *v.* to be of use, useful.
အသုံးရှိ, *v.* to be for use, in use, useful.
အသုံးလို, *v.* to need, be in want of.
အသုံးဝင်, *v.* to be of use, useful; to be brought into use, to come into use, as a fashion.
အသူ, *pron. a. a contraction of* အဘယ်သူ, who?
အသူတရာ, *adv* very, exceedingly; applied to words of depth, အသူတရာနက်လှစွာသောချောက်, အသူတရာနက်သောမဟာသမုဒ္ဒရာ။
အသူရကာယ်, *n.* an *athurake*, a kind of being inferior to man, and inhabiting one of the four states of suffering: *see under* အပါယ်။
အသူရာ, (Pali အ, *priv.* and သူရာ, a happy *nat*), *n.* a fallen *nat*, banished from the celestial regions, and inhabiting the space between the three stone pillars which support the *Myinmo* Mount (13).
အသူရိန်, *n.* the *nat* regent of ရာဟု (inhabiting the *Karawika* rock); *see* ငပုပ် and ရာဟု။
အသေ (from သေ, to die), *a.* dead; fixed, not moveable; *opposed to* အရှင်, သည်စားပွဲခြေအသေလုပ်ထားလို့ရွှတ်မရနိုင်ပါ; *adv.* completely, perfectly; အသေနှင့်အရှင်အသေများသည်, a phrase much used by the Burmese, regarding a person in a very precarious state of health.

အသေအလဲ, *adv.* very, exceedingly (*colloq.*), ကျွန်တော်ကိုအသေအလဲဆွဲပြီးထောင်းထုပါသည်။

အသေကောင် (*pron.* အသေဂေါင်), *n.* a dead body, အကောင်, လူအသေကောင်, အလောင်းကောင်။

အသေခံ, *v*, to suffer death, အသေခံဝံ့ပါ၏။

အသေသတော, *adv.* same as အသေသံ; definitely.

အသေသံ (Pali အ, *priv.* and သေသံ, a remainder), *adv.* without a remainder, wholly, entirely, အကြွင်းမဲ့, အသေသံအကြွင်းမဲ့ရှိသောစကားကိုပြောသည်။

အသေး (from သေး, to be small), *n.* a little matter, as in the phrase, တိုင်းသေးမင်းမှု, the less important concerns of government.

အသေးအသုံး, *n.* same, as in the phrase, အသေးအသုံးများသည်။

အသဲကြိုး, *n.* the upper straps of a Burmese sandal, ဘိနပ်သဲကြိုး။

အသောက်အစား, *n.* what is drunken and eaten; generally used in a bad sense, and applied to over-indulgence in drinking, ငွေ ငမည်းလောက် ဥစ္စာရည်ဥစ္စာသွားမရှိပါ။ သို့သော်၊ ငွေကြ အသောက်အစားမရှိသို့ ဥစ္စာသာသလိုလိုရှိနေပါသည်။

အသော့ (from သော့, to be quick), *adv.* quickly, အဆောတလျင်, အသော့သွားပါ။အသော့လုပ်ပါ, go quickly; work quickly.

အသောင်း, *n.* the number of ten thousand.

အသောင်းသောင်း, *adv.* by thousands.

အသော်က, *n.* အသော်ကဖို, the *Jonesia* tree; အသော်ကမ, the *Amherstia* tree; *comp.* သော်က။

အသိုက်, *n.* a nest, whether of a bird, or a beast.

အသိုက်အအုံ (from အုံ, to bulge), *n.* a dwelling place.

အသိုက်အဝန်း (from ဝန်း, to rise), *n.* a dwelling place.

အသိုက်ဖွဲ့, အသိုက်လုပ်, *v.* to build a nest.

အသို့, *pron. a. a contraction of* အဘယ်သို့, of what sort? how? အသို့ထိုးဖြိုကြက်သရေဆောင်ရှိင်အံ့နည်း။

အသိုး (from သိုး, to be rancid), *n.* virility; the testicles; *a.* uncastrated, as ခွေးသိုး, *opposed to* ခွေးပြီး; နွားသိုး (*pron.* နသိုး); rancid, stale, as ထမင်းအသိုး။

အသိုးစင်, *v.* to be perfectly castrated.

အသိုးထုတ်, *v.* to castrate, ဖွေးစေ့လှီး။

အသိုးမစင်, *v.* to be imperfectly castrated.

အသိုင်းအဝိုင်း, *n.* circumvention.

အသိုင်းအဝိုင်းကောင်း, *v.* to be good at circumvention; *used in a fig. sense*, of language, and also applied to schemes.

အသ (Pali), *n.* a horse.
အသဇာနည် (Pali အာဇာနည်, supernatural), *n.* a kind of fabulous horse.
အသတိုရ်ရ, *n.* another kind of fabulous horse.
အသမုခိ (Pali မုခ, a mouth), *n.* a monster, having the body of a man and the head of a horse.
အသာသ (Pali), *n.* breath expired, ထွက်သက်; *comp.* ပဿာသ (ဝင်သက်).
အသွင်, *n.* form, ပုံ။
အသွင်အပြင်, *n.* same; appearance, guise, a person's exterior. သူ့အသွင်အပြင်ကြည့်လိုက်လျှင်၊ပုရိသနိမိတ်ထင်သည်။
အသွင်အပြင်ဆောင်, *v.* to assume an appearance, တရုပ်အသွင်အပြင်ဆောင်သွားသည်, he went in the guise of a Chinaman.
အသွင်တူ, *v.* to be similar in appearance, အသွင်မတူအိမ်သူမဖြစ်, if unlike in appearance, one does not become an inmate of the house (said of married persons, and implying that they are like one another because their destinies are bound up together).
အသွင်ဖန်ဆင်း, *v.* to create in the form of.
အသွင်ယူ, *v.* to take the form of.
အသွင်း (from သွင်း, to put in), *n.* putting in, introducing.
အသွန် (from သွန်, to be inefficient ), *a.* wanting the principle of vitality, ကြက်သွန်အသွန်, ကြက်ဥအသွန်အားကြီးသော့ကြောင့်၊ အကလေးမပေါက်ပါ။
အသွပ် (from သွပ်, to be foolish), *n.* a fool, အရူးအသွပ်။
အသွမ်း (from သွမ်း, to be dissolute), *adv.* wickedly, scoffingly.
အသွမ်းသွေး, *v.* to turn into ridicule, to deride, ရယ်သွမ်းသွေး, လက်ခွေသတ်မည် ယောင်ယောင်နှင့်၊ မသတ်ဘဲ တယောက်နှင့် တယောက်ကို အသွမ်းသွေး၍နေကြသည်။
အသွယ် (from သွယ်, to be long and slender), *n.* what is long and slender; *applied as a num. aux.* to things long and slender, as မြစ်တသွယ်, one river.
အသွယ်အဖြာဖြာ, *adv.* same as အသွယ်သွယ်အဝဝ။
အသွယ်သွယ်အဝဝ, *adv.* in different ways, variously, အသွယ်သွယ်အဝဝကြံ။
အသွား, 1, *n.* the edge of a cutting instrument; *opposed to* အနှောင့်; the point of some instruments, as စုတ်သွား, ကညစ်သွား, တံစည်းသွား, ထားသွား; ability, faculty, ဉာဏ်ရည်ဉာဏ်သွား, အရည်အသွား။
အသွားတော်, *v.* to furnish with an edge; *comp.* သံခဲတင်။

အသွား, 2 (from သွား. to go). *n.* going; gait, pace, as of a horse; the speed of any quadruped, or vehicle.
အသွားအလာ, *n.* going and coming, walk, carriage, deportment.
အသွားကျ (*pron.* အသ, ကျ), *n.* the Burmese trot; *a.* smooth-paced.
အသွေး, 1, *n.* blood; *see* သွေး။
အသွေးအသား, *n.* offspring; consanguineous relatives, သူ့အသွေးအသား မဟုတ်သောကြောင့်မချစ်ပါ။
အသွေးအသားဖြစ်, *v. lit.* to become blood and flesh, equivalent to the English expression "to put on flesh".
အသွေး, 2, *n.* color, appearance, အဆင်း, အရောင်။
အသွေးအမွေး, အသွေးအရည်, *n.* same, အသွေးအမွေးတူသည့်မြင်းနှစ်စီး, သွေးတူမွေးတူဖြိုတူ။
အသွေး, 3 (from သွေး, to rub), *n.* rubbing, sharpening, as ထားကိုအသွေးမတတ်, he does not understand sharpening a knife; ကျောက်ကိုအသွေးမတတ်သောကြောင့်၊အရောင်မှိန်မြဲနေပြီ။
အဟ (from ဟ, to gape), *n.* a gap, hiatus, သည်သစ်လုံးအဟများသည်။ သုံး၍မကောင်းပါ။
အဟစ် (from ဟစ်, to call loudly), *n.* a call, loud call from a distance.
အဟန် (*freq. pron.* အဟန့်, *in colloq.*) (from ဟန်, to have an appearance), *n.* appearance, semblance, အရောင်; assumed appearance, အကျွန်, သူမသိရသလိုအဟန်ပြုသည်, he makes a pretence as if he did not know.
အဟန်ဆောင်, *v.* to assume an appearance, အယောင်ဆောင်, အကျွန်ပြု. သူ့ကိုယ်ကိုလိမ္မာဟန်ဆောင်သည်, he assumes an air of being clever.
အဟန်ပြု, အဟန်လုပ်, *v.* to make a feint, pretence, အကျွန်ပြု. ရိုက်မည်လို့အဟန်ပြုသည်။
အဟန်ရှိ, *v.* to seem; *n.* semblance.
အဟန်သေး, *v.* to be insignificant in personal appearance, သည်လူအဟန်သေးလှသည်။
အဟန်း *int.* hem! အဟန်းဆိုလိုက်ပျှောင်ထွက်ခဲ့ပါ။
အဟိတ် (Pali အ, *priv.* and ဟိတ်, a certain privileged state), *a.* born out of a certain privileged state, as irrational creatures, and those in a state of suffering, ခွေး၊ ဒရယ်၊ သမင်၊ ဓိုင်၊ ဆတ်အဟိတ်တိရစ္ဆာန်မျိုးခေါ်သည်, အဟိတ်ပဋိသန္ဓေ,ဒုဂတိအဟိတ်ကောင်။
အဟိရိက (Pali အ, *priv.* and ဟိရိ, shame), *n.* shamelessness, want of modesty, မရှက်ခြင်း။
အဟိ (from ဟိ, to neigh), *n.* neighing, စစ်တိုက်သည့်မြင်း၊အဟိအလွန်အားကြီးသည်; loud and rude laughter.

အဟုတ်, *n.* truth, right, အဟုတ် ပြောပါသည်. ခင်ဗျားပြောသည်မှာ အဟုတ်သားဘဲ။

အဟုန် (from ဟုန်, to be quick), *n.* velocity, vehemence, a sudden rush, ပညာအဟုန်ကြောင့်. ပါရမီ အဟုန်ကြောင့်. သိမ်းစွန်ရဲ ငှက်များကောင်းကင်ထက်က၊တဟုန်တည်းထိုး၍စာငယ်များကိုဘမ်းစားတတ်သည်. hawks and kites, bold birds of prey, descend from the sky with a sudden rush and seize and eat little sparrows.

အဟုန်ပြင်း, *v.* to be violent, impetuous.

အဟေးသား, *int.* indicative of fatigue.

အဟောဝတ (Pali), *int.* expressive of wonder, အဟောဝတနိဗ္ဗာန်ရသောသူ။

အဟောသိက (Pali), *n.* a profitless deed, အကျိုးမပေးသောအမှု, ခင်ဗျားကြံသည့်အမှုအဟောသိကပါဘဲ။

အဟောက်, 1 (from ဟောက်, to roar), *n.* a roar, as of a lion; snoring, အဟောက်ကြီးသောသူနားအအိပ်ခက်သည်။

အဟောက်, 2 (from ဟောက်, to be depressed), *n.* a hollow, as of a grave in which the earth has settled below the surface, or as of a basket in which the grain has settled below the brim, စပါးအတင်းမပြည့်လို့၊အဟောက်သားဟောက်နေသည်။

အဟောင်, 1 (from ဟောင်, to be rancid), *n.* rancidness, a rancid smell, အပုပ်အဟောင်။

အဟောင်, 2, *n.* a dog's bark, အမည်းနှင့်တွေ့လို့ခွေးအဟောင်အားကြီးသည်။

အဟောင်း (from ဟောင်း, to be old), *a.* old. အဝတ်အဟောင်းများကိုမထားပါနှင့်။သူဆင်းရဲများကိုစွန့်လိုက်ပါ။

အဟောင်းအမြင်း, *a.* same as အဟောင်း။

အဟောင်းအဆွေး, *a.* old, decayed, crumbling, rotten, as wood or cloth.

အဟို, *n.* time long past (*infreq.*), အဟိုသံသရာဆက်များစွာမေတ္တာအထူးရှိခဲ့ဘူးသည်။

အံ, 1, *n.* a drawer, ဆွဲအံ။

အံထိုးသေတ္တာ, *n.* a chest of drawers.

အံဖုံး (*pron.* အံဗုံး), *n.* the inner cover of a drawer and till; a hatch, the cover of a hatchway; အံဖွက်သေတ္တာ, a box with a secret drawer.

အံ. 2, *n.* a double tooth, molar, အံသွား; အံသွားတကြွတ်ကြွတ်; သွားကျိန်းသည်, to have the teeth set on edge.

အံခဲ *v.* to gnash the teeth, အံသွားခဲကြိတ် as in anger, ထည်ရှုံးလို့အံသွားတခဲခဲနှင့်နေသည်။

အံစောင်, *n.* the end of a row of double teeth.

အံဆိုး (*pron.* အံဇုံး), *n.* a wisdom tooth; အံဆုံးပေါက်. to cut a wisdom tooth.

အံပွါး, *n.* a supernumerary double tooth.
အံသွား, *n.* a molar, double tooth.
အံသွားခဲကြိတ်, *v.* to gnash upon with the teeth, ငါ့ကိုအံသွားခဲကြိတ်ကြ၏။
အံသွားတခဲ, *adv.* gnashingly.
အံ, 3, *v.* to read aloud, as a pupil to a teacher, စာအံ။
အံဒိမံ (English, on demand) စာချုပ်, *n.* a promissory note, payable on demand.
အံ့, 1, *v.* to wonder, အံ့သြ။
အံ့ဘွယ်သရဲ, *n.* a wonderful thing, အံ့တပါးဖြစ်သည်။
အံ့အဲ, *v.* to wonder (*infreq.*), မဖြစ်ဘူး၊မြဲအံ့အဲစရာ။
အံ့သြ, *v.* same (*most common*), ခင်ဗျားပြောသည်မှာအလွန်အံ့သြစရာကောင်းပါသည်။
အံ့ဘွယ်, အံ့သြဘွယ်, *n.* a wonderful thing; *a.* wonderful.
အံ့ဘွယ်သရဲ, *n.* a prodigy.
အံ့, 2, *verb. affix*, shall, will; စားအံ့သောငှါ, to eat, စားအံ့သောငှါလာသည်; ရုံးသို့ရောက်အံ့သောနေ့, ကြီးအံ့ထင်သည်, နီးအံ့ထင်သည်, ဝေးအံ့ထင်သည်, ကျွန်ုပ်မစားအံ့, I will not eat.
အာ, 1, *an abbrev. of* အာသဝက္ခယညာဏ (Pali), *n.* that kind of wisdom which is destructive to the four intoxicating principles (အာသဝေါလေးပါး); *comp.* ပ and ဒိ။
အာ, 2, *n.* the inside of the mouth, အာသံလျှာသံကောင်းသည်။
အာကြမ်း, *v.* to be rough, abusive in speech, နှုတ်ကြမ်းသည်။
အာခံ့, *v.* to be hard-mouthed, as a horse.
အာခေါင်, *n.* the roof of the mouth.
အာငွေ့လွှတ်, *v.* to breathe (upon).
အာစက်, *n.* the faculty of speaking with authority, လျှာစက်, အာစက်လျှာစက်ရှိသည်, ဘုရားတင်သည်ပစ္စည်းကိုစားမိလျှင်၊အာစက်လျှာစက်ညှိုးတတ်သည်။
အာစလျှာစ, *n.* ability to speak, နှုတ်သတ္တိ။
အာစောက် (ဓောက်), *n.* the lower part or under surface of the mouth.
အာစောင် (from အစောင်, a side), *n.* the sides of the mouth, back part of the jaws, အာလုပ်။
အာနု, *v.* to be tender-mouthed.
အာပူမှုတ်, *v.* to blow hot air from the mouth, ကျပ်ထုပ်အာပူမှုတ်ပြီးထိုးသည်။
အာပေါင် (from အပေါင်, a side), *n.* same as အာစောင်။
အာပြော့, *v.* to be tender-mouthed, as a horse.
အာဖုံး, *n.* the inside of the cheeks.

အာတော်, *n*, same as အာ, ဘယ်ပုံအာတော်ထားလို့စကားပြောသလဲ။
အာတော်ကြွမ်း, *v.* same as, အာကြွမ်း။
အာမာ, *v.* to be hard-mouthed, as a horse; *see* အာခံ။
အာမွ, *v.* to be tender-mouthed, as a horse, အာလျှယ်, အာသာ။
အာရင်း, *n.* the lower part, or under surface of the mouth, အာစောက်။
အာလုပ်, 1, *n.* the sides of the mouth, back part of the jaws.
အာလုပ်, 2. *n.* a vocative word, a word of calling, အာလုပ်သံ။
အာလွန်, *v.* to be very hard-mouthed, as a horse.
အာသံ, *n.* a full bass sound.
အာ, 3. *v.* to crack open, gape, widen; *more than* ပပ် and အက်; ပန်း
အဖူးက ပွင့်ချိန်တန်သောကြောင့်အာနေပြီ။
အာကွဲ, *v.* same as အာ။
အာတာ, *a.* cracked open, as ripe fruit, or as the earth.
အာတာကွဲ, *adv.* gapingly (*vulgar*).
အာ, 4, *v.* to caw or croak, as a raven or crow, ကျီးကန်းအာသည်။
အာကာ (*pron.* အာဂါ), *a.* uncommon, extraordinary, ဒိုဘဲ့, အာကာ
ယောက်ျားဘဲ။
အာကာသ (Pali), *n.* space, the expanse of heaven, ကောင်းကင်။
အာကာသစိုး (*pron.* ဇိုး), *n.* a god of the air, ကောင်းကင်အစိုးရသောနတ်။
အာကာသဓါတ်, *n.* same as အာကာသ။
အာဂန္တု (Pali), *n.* a sojourner, stranger, pilgrim, ဧည့်သည်။
အာဂန္တုကာ, *n.* same as အာဂန္တု။
အာဂန္တုဝတ်, *n.* the reception, entertainment of strangers, the duties
of hospitality.
အာဂုံ (Pali အာဂမ, ရောက်ခြင်း).
အာဂုံအာဂါပြု, *v.* to be refractory, to resist authority, မိဘမျှားကိုမင်းဘာ
ဖြစ်လို့အာဂုံအာဂါပြုချင်သလဲ။
အာဂုံကြီးဝါး, *v.* to assault outrageously.
အာဂုံဆောင်, အာဂုံဆောင်ရွက်, *v.* to have by heart, to be able to repeat
from memory, နှုတ်ကျက်ရ, ခင်ဗျားဝေဿန္တရာဝတ္ထုတစောင်လုံးကိုအာဂုံ
ဆောင်နိုင်မည်လား, အာဂုံရ။
အာစရိယ (Pali), *n.* a religious teacher, အာစရိယအာယုဒိဃောဟောတု,
ဆရာအသက်ရှည်ခြင်းသို့ရောက်စေသတည်း။
အာစာရ (Pali), *n.* a deed, အကျင့်။
အာစိဏ္ဏ (Pali), *n.* custom, habit, အလေ့အကျက်။
အာစိဏ္ဏကံ, *n.* an action performed from habit.
အာဇာနည် (Pali အာဇာနီယော), *a.* possessed of supernatural powers.
အာဏာ (Pali), *n.* authority, governmental dominion.

အာဏာကုန်စီရင်, *v.* to sentence an accused person to the limit of one's legal powers, as a judge or magistrate.
အာဏာကြီး, *v.* to have great authority.
အာဏာစက်, *n.* same as အာဏာ, only more forcible.
အာဏာတည်, *v.* to be established, as authority, အရှင့်အာဏာကျွန်းမှာတည်စေ,အသျှင်ဘုရင်မဘုရားအာဏာတည်ရာအရပ်။
အာဏာတိတ္တမ, *n.* same as အာဏာ။
အာဏာထက်, *v.* to be stringent in enforcing authority.
အာဏာထား, *v.* to exercise authority.
အာဏာပိုင်, *v.* to possess authority, to have authority over.
အာဏာပြ, *v.* to make a display of authority, အာဏာတံခွန်ပြ။
အာဏာပြင်း, *v.* to be severe or stringent in the general exercise of authority, as an official; to be severe, as a judge or magistrate.
အာဏာပြေ့. *v.* the opposite of အာဏာပြင်း။
အာဏာသား, *n.* a public executioner, လက်မရွံ့။
အာဒရ (Pali), *n.* respect, ရိုသေခြင်း, အာဒရရိုသေခြင်းနှင့်စကားပြောသည်။
အာနန္ဒာ, *n.* a whale, ငါးကြီးအာနန္ဒာ။
အာနန္ဒာဆီ, *n.* spermaceti oil, အာနန္ဒာဘယောင်း။
အာနိသင် (Pali အာနိသံသ), *n.* profit, advantage, အကျိုး။
အာနုဘော် (Pali အာနုဘာဝေန), *n.* energy, power, တန်ခိုး, အာနုဘော်ထွန်း။
အာပတ် (Pali အာပတ္တိ), *n.* a fault, crime, sin, အပြစ်; applied to the sins of Buddhist *rahans.*
အာပတ်ပေး, *v.* to suspend from privilege, to discipline, as a Buddhist monk, or a member of a Christian church.
အာပတ်ဖြေ, *v.* to confess; a term used by native Christians in the Roman Catholic church.
အာပတ်သင့်, *v.* to incur guilt (*clerical*), လူသားကို ရဟန်းများ စားမိလျှင်၊ အာပတ်သင့်သည်, တပည့်လိမ္မာလျှင်ဆရာအာပတ်လွတ်သည်။
အာပေါ (Pali), *n.* water, ရေ, အာပေါဓါတ်။
အာမ (Pali), *n.* a yes, assent, acquiescence, agreement.
အာမခံ, *v.* to assent, agree to; to engage for, take the responsibility, ဝန်ခံ, ခံဝန်, တိုင်ခံ; to be security for another, in a case of civil or criminal proceedings; *n.* (*pron.* အာမငံ), a security.
အာမခံတောင်း, *v.* to demand security, as a judicial or police officer.
အာမခံပေး, *v.* to give security. အာမခံယူ, *v.* to take security.
အာမဘဏ္ဍာခံ, *v.* and *n.* same as အာမခံ။
အာဗဝန်တံခံ, *v.* and *n.* same as အာမခံ။

အာဓိသ (Pali), *n.* permission, commission, အခွင့်,သူ့အာဓိသအခွင့်ပန်သည့်ကိုကျွန်ုပ်မကြားရပါ။
အာမေဍိတ် (Pali အာမေဍိတ), *n.* a sound uttered repeatedly, through a sudden emotion.
အာယတန (Pali), *n.* a place, abode, တည်ရာ; an abode of the mind, ဝိညာဉ်၏တည်ရာ, denoting the six senses (အဇ္ဈတ္တိကာယတန), *viz.* စက္ခာယတန, the faculty of seeing; သောတာယတန, the faculty of hearing; ဃာနာယတန, the faculty of smelling; ဇိဝှါယတန, the faculty of tasting; ကာယာယတန, the faculty of feeling; မနာယတန, the faculty of thinking; a cause, reason, အကြောင်း; an object with which the mind is conversant, ဝိညာဉ်၏မွေ့လျော်ရာ, or ကျက်စားရာ, denoting the objects of the six senses (ဗာဟိရာယတန), *viz.* ရူပါယတန, appearance seen; သဒ္ဒါယတန, sound heard; ဂန္ဓာယတန, odor smelt; ရသာယတန, flavor tasted; ဖောဋ္ဌဗ္ဗာယတန, tangibility felt; ဓမ္မာယတန, immaterial objects thought on.
အာယုကပ် (Pali အာယု, life, and ကပ္ပ, a period), *n.* the period of one's life, အသက်တန်း။
အာယုဝဍ္ဍနဆေး, *n.* medicine which prolongs life, သက်စောင့်ဆေး။
အာရုဏ်, *see* အရုဏ်, *n.* dawning light, the morning dawn.
အာရုံ (Pali အာရမ္မဏ), *n.* an object of actual sense, or of thought, material, or immaterial, ဗာဟိရာယတန; *see under* အာယတန; အာရုံခြောက်ပါး, ဘိန်းအာရုံမွေ့လျော်ခံစား။
အာရုံကပ်, *v.* to retain an idea, to have a strong or lasting impression, အာရုံခံ; အာရုံတပ် has a more intense meaning; အာရုံပြု။
အာရုံကုန်, *v.* to terminate, as an idea or impression; similar to အာရုံပြတ်, အာရုံပြေ။
အာရုံကြော, *n.* a nerve.
အာရုံခံစား, *v.* to enjoy an object of actual sense, or of thought.
အာရုံစွဲကပ်, အာရုံစွဲလမ်း, *v.* same as အာရုံကပ်, but also implying liking or desire; to be fixed in attention.
အာရုံတွေ့, *v.* to experience sensation, အာရုံထိခိုက်။
အာရုံထင်, *v.* to conceive in the mind, အာရုံအားဖြင့်ထင်မြင်မိသည်။
အာရုံထား, အာရုံပြု, အာရုံမှု, *v.* to dwell upon in the mind, make an object of thought, desire, etc.: to take notice of, သူ့ကိုကျွန်မအာရုံပြုပါသည်။သူကသာမပြု, ဘယ်လိုအာရုံမှုနေသလဲ။
အာရုံပြတ်, *v.* to have one's attention taken from anything; to cease, as a train of thought.

အာရုံပြေ, *v.* to lose regard, or desire for (anything), သည်မြင်းကို ကျွန်တော်အာရုံပြေပါပြီ၊ဝယ်ချင်ဝယ်တော့။

အာရုံရောက်, *v.* to think of something at a distance, ခင်ဗျားမရှိသော်သည်း၊ကျွန်တော်အာရုံရောက်လျှက်နေပါသည်။

အာရောကပတ်, *adv.* with the arms wrapped about the knees.

အာရောဂျ (Pali), *a.* well, free from disease, အနာမရှိ, ကျောင်းတကာ အာရောဂျမာမာမြင်းမြင်းရှိပေသည်၊

အာလယ (Pali), *n.* dwelling, house, abode; longing desire, attachment, lust. *Childers.* အလို, တဏှာ, အာသာ။

အာလယပြတ်, *v.* to terminate, as a desire, passion; to lose one's desire for.

အာလိန်, *n.* an encircling gradation or story in any pyramidical structure, အဆင့်, in pagodas, ပစ္စယာ။

အာလောက်, အာလောက်လောက်, *n.* one of the notes of a crow, which the words imitate; when a crow emits this sound the Burmese term it ကျီသာ (*doubtless a contraction of* ကျီအသံသာသည်), and have a superstition that it foretells the arrival of guests, or strangers.

အာဝဇ္ဇန်း (Pali), *n.* consideration, ဆင်ခြင်ခြင်း, အာဝဇ္ဇန်းကြီး, အာဝဇ္ဇန်းထုတ်။

အာဝါသ (Pali), *n.* a resting place, abode, အရိပ်အာဝါသ။

အာဝုသော (Pali), *n.* friend! sir! brother! *a term of compellation;* this form of address is employed by senior priests, in speaking to priests of equal or inferior standing; used by an *acariya* (အာစရိယာ) to his pupil. *Childers.*

အာသန္နကံ (Pali အာသန္န, near, and ကမ္မ, a deed), *n.* a deed performed in the near approach of death, သေခါနီးဆဲဆဲ၊နောက်နောက်ပြုခဲ့ဘူးသော အကြောင်းကိုအောက်မေ့တတ်သောအကြောင်းအာသန္နကံမည်၏။

အာသဝက္ခယဉာဏ်, *n.* a kind of wisdom attained by the extinction of evil desire, အာသဝက္ခယဉာဏ်။

အာသဝေါ (Pali), *n.* an intoxicating or enslaving principle (ယစ်မျိုး) or law, of which there are four, *viz.* ကာမာသဝေါ, ဘဝါသဝေါ, ဒိဋ္ဌာသဝေါ, အဝိဇ္ဇာသဝေါ; *comp.* ဩဃ။

အာသာ (Pali), *n.* desire, passion, အလို, တဏှာ, အာလယ, အာသာကပ်, အာသာပြီ, အာသာပြေ, အာသာမျှ။

အာသာဝတီ, *n.* the laurel-shaped passion flower creeper, *Passiflora laurifolia.* အာသာဝတီနတ်ပန်း, ရုက္ခာ။

အာသိသ (Pali), *n.* a longing for, တောင့်တခြင်း။

အာဟာရ (Pali), *n.* nourishment, food, အစာ; "cause, contact, thought, consciousness. *Ahara*, the food of action, or bases; they are four, *viz.* matter, touch or contact (whether corporeal or mental), thought, and consciousness." *Childers.*

အား, 1, *n.* strength, force, အစွမ်း; means, as အားဖြင့်, by means of, in regard to.

အားအင်, *n.* strength, force of any kind; အားအင်ပြည့်ဖြိုး, တိရစ္ဆာန်တကာ တွင်ဆင်ဆိုသည့်တိရစ္ဆာန်သည်အားအင်အကြီးဆုံးဖြစ်သည်; *see* အင်။

အားအန်, *n.* strength, force, အန်အား, သူရဲတက်ကြွပ်တို့သည် အလွန်အားအန် ကြီးသည်။

အားအန်သင့်, *v.* to be stupefied, astounded through surprise or fear; *see* အန်အားသင့်။

အားကုန်, *v.* to be exhausted in strength; also used in the sense of putting forth every effort when carrying out a plan, အားကုန်ကြိုး။

အားကိုး, အားထား, *v.* to depend on (and therefore venture to do something), သူ့အရှင်ကိုအလွန်အားကိုးအားထားပေသည်။

အားကျ, *v.* to emulate, vie with, သူစီးပွားဖြစ်သည်ကိုကျွန်တော်အလွန်အား ကျပါသည်; to be envious of, in a good sense.

အားကြီး, အားနည်း, *v.* to be strong, to be weak; *sometimes used as a verb. aux.*, as စွဲလမ်းအားကြီး, စွဲလမ်းအားနည်း, to be strongly, or weakly attached (to a thing); အားကြီး *often immediately follows a verb or noun, when it gives it an intensive meaning, or denotes excess*, မိုက်လွန်းအားကြီး, အလိမ္မာအားကြီး။

အားကြီးအန်ထောင်, *adv.* resolutely and boastingly.

အားကြီးမာန်တက်, *adv.* with great effort, straining to accomplish, အား ကြီးမာန်တက်ကြိုး, အားကြီးမာန်တက်လုပ်။

အားခဲ, *v.* to put forth strength; *see* အားထုတ်။

အားခွန်, *n.* bodily strength, force; *see* ခွန်အား, အားကိုးခွန်ကိုးလက်နက်မရှိ။

အားငယ်, *v.* to be in an enfeebled state of body; to be in a dejected state of mind.

အားစမ်း, *v.* to put another's ability or skill to the test.

အားစိုက်, *v.* to put forth strength, make exertion, ကြိုးစား။

အားဆည်း (*pron.* ဆဲ), *v.* to gather strength, to nerve one's self for a fresh effort.

အားဆေး, *n.* an aphrodisiac, a medicine supposed to give virility.

အားတက်, *v.* to take courage, renew one's strength, ဥစ္စာပစ္စည်း အတော် ရသောကြောင့်၊ အလွန်အားတက်သည်။

အားတက်သရော, *adv.* in the way of endeavoring to overcome a difficulty, or to excel another.

အားတန်အင်လျှောက်, *adv.* according to one's capacity or ability.

အားတိုးဆေး, *n.* a tonic.

အားထုတ်, *v.* to put forth strength, make exertion, သည်အလုပ်ကိုယနေ့ ပြီးပြတ်အောင်ကြိုးစားအားထုတ်ပါ။

အားနာ, *v.* to be deterred by feelings of respect, delicacy, constraint, or by fear of offending, ဆရာကို နှိုးရမည်ကို အလွန် အားနာပါသည်, သူ့ အိမ်သို့သွား၍တောင်းပန်များသောကြောင့်၊အလွန်အားနာပါသည်, ကျွန်တော်နှင့် မတည့်သောကြောင့်၊သူ့သေနတ်သွားငှားရမည်ကို အလွန်အားနာပါသည်, ဂုဏ် ဒြပ်ကြီးသောသူဖြစ်သောကြောင့်၊ သူ့ရှေ့တွင် ရယ်ရယ်မောမော လုပ်လို့အလွန် အားနာစရာကောင်းလှပါသည်။

အားနာသည့်အမှု, အားနာသမှု, အားနာစမှု, *n.* a business, or circumstance which occasions deterrent feelings (အားနာခြင်း).

အားနွဲ့ပါး, *v.* to be feeble in strength; *also used fig.*

အားပါး, *n.* same as အား, in certain combinations.

အားပါးတရ, *adv.* with interest, with zest, so as to give satisfaction, အားပါးတရလုပ်သည်။

အားပေး, *v.* to encourage, hearten, cheer, animate, abet, မိုးနဲ့စော်ဘွား အားပေးသူရှိလို့၊သည်လောက်ခံနေသည်, အားပေးအားမြှောက်။

အားပြ, *v.* to show feats of strength; *also used fig.*

အားပြု, *v.* to derive strength from, to depend on.

အားပြော့, *v.* to be weak, delicate; *chiefly used in a fig. sense,* when it has a meaning similar to အားလျော့။

အားဖြည့်, *v.* to be refreshed, to recover strength, သည်လက်ဖွေ့သတ်အလွန် မောပန်းသောကြောင့်၊ ရပ်နား၍အားဖြည့်နေသည်။

အားယူ, *v.* to take fresh strength.

အားရ, *v.* to be gratified, to take satisfaction, ခင်ဗျားမြင်း နိုင်သည်မှာ ကျွန်တော်အလွန်အားရသည်။

အားရပါးရရှိ, *v.* same; အားရပါးရရယ်, to laugh heartily.

အားရှိ, *v.* same as အားရ, ကိုယ်တော် ရောက်သည်မှာ ကျွန်တော် အလွန်အားရှိသည်; အားရှိအင်မျှပေးရသည်, to give according to one's ability.

အားလျော့, *v.* to give out, to lose strength, to become discouraged; *see* အားပြော့။

အားလျော်စွာ, *adv.* according to one's strength or ability; accordingly, suitably, အကြောင်းအားလျော်စွာ။

အားသန်, *v.* to be strong in purpose, resolute, to feel sanguine, သည် အကြံအထမြောက်မည်ထင်သောကြောင့်၊ကျွန်ုပ်အလွန်အားသန်သည်။

အား, 2, *v.* to be vacant, လစ်; to be free, disengaged, at leisure, ကျွန်ုပ်ကိစ္စများသောကြောင့်မသွားအားပါ; hence မအားမှာ, in a part of the body that cannot be shown, အနာစိမ်းမအားမှာပေါက်သည်; to be disengaged or at liberty, as the hand, လက်မအားသေးလို့။

အားလပ်, *v.* same as အား, နေရာမအားမလပ်။

အား, 3, *n. affix. dative*, to, for; *sometimes objective.*

အားလုံး, *pron. a.* all, အလုံး, ခပ်သိမ်း, လှေသားအားလုံးဘဲရှိ၏လား။

အိ, or အ္စ, *v.* to be soft. tender, delicate, yielding, ပြေ့, မတောင့်မမာ, ရွှေကောင်းလိုက်ထာ (လိုက်သည်မှာ) အိနေရော့ (*Colloq.*), the gold is so good, it is quite soft.

အိတ်, *n.* a bag, ရွှေထည့်သည်အိတ်, ငွေထည့်သည်အိတ်: a pocket, အင်္ကျီအိတ်။

အိတ်ဆောင်နာရီ, *n.* a watch.

အိန္ဒ, 1, *v.* to roll over and over obliquely; *comp.* လိမ့်; to swell, as waves of sound, အသံအိန္ဒ; to lean this way and that, in walking or dancing, သည်ကချေသည် အကကောင်းသောကြောင့်၊အိန္ဒပြီးကသည်; to put on airs, be affected in carriage; to feign unwillingness through pride or affectation, လိုချင်သလိုလို မလိုချင်သလိုလိုနှင့်အိန္ဒ၍နေသည်, အင်; တအိန္ဒအိန္ဒ, moderately.

အိန္ဒတလိမ့်, *n.* a kind of wizard or witch; အိန္ဒတလိမ့်စုန်းခေါင်းချည်းတည်းထွက်ကျက်စားသည်, the *ein-talein* witch, whose head only goes forth to eat food.

အိန္ဒ, 2, *v.* to be pleasant to the taste, savory; *see*, ဆိမ့်အိန္ဒ။

အိပ်, 1, *v.* to become dry, as paint, သည်ဆေးမအိပ်သေးပါ။မကိုင်ပါနှင့်ဦး။

အိပ်. 2, *v.* to lie down; to compose one's self to sleep; to lie in a state of torpor, as a boa constrictor; to couch.

အိပ်ကျူး, *v.* to sleep too much, အိပ်ပျော်ကျူး။

အိပ်ကြီး, *v.* to sleep much or soundly.

အိပ်ချိန်, *n.* bedtime.

အိပ်စက်, *v.* to sleep, take repose; *see* စက်။

အိပ်ဆတ်, *v.* to sleep lightly, ခေါင်ကြီးတယ်အိပ်ဆတ်သည်။

အိပ်တန်း, *n.* a roost, အိပ်တန်းတက်, to roost, as fowls.

အိပ်နိုးစမွှား, အိပ်မှုန်စမွှား, *adv.* half asleep and half awake, as one unseasonably roused from sleep.

အိပ်ပျက်, *v.* to be disturbed in sleep, to have one's sleep broken, to sleep badly.

အိပ်ပျော်, *v.* to sleep soundly; *comp.* ကျိန်း and စက်။

အိပ်ပျော်ဆေး, *n.* an opiate.

အိပ်ဖန်သား. *n.* a night watch, one that sleeps by turns, အိပ်ဖန်စောင့်။
အိပ်ဖော်အိပ်ဘက်, *n.* a bedfellow.
အိပ်မက် (*pron.* အိမ်မက်), *v.* to dream, မြင်မက်; အိပ်လို့မပျော်၊ပျော်ပြန်လျှင်လည်း၊အရှင်ကိုသာအိပ်မက်မြင်မက်ပါသည်; အိပ်မက်ကောင်း, to have a pleasant dream, အိပ်မက်မကောင်း, to have a bad dream, အိပ်မက်၊ရာမက်မကောင်း။
အိပ်မက်မြင်, *v.* to dream.
အိပ်မောကျ, *v.* to be so sound asleep as to be wakened with great difficulty, နေ့အခါခရီးပန်းသွားရသောကြောင့်၊အိပ်မောကျရှာသည်။
အိပ်ငြွေ. *v.* to sleep soundly; commonly applied to sleep induced by some charm, or charmed medicine.
အိပ်ငြွေဆေး, *n.* chloroform, protoxide of nitrogen, or any soporific medicine.
အိပ်မှိန်းကျ, *v.* to fall into a languid slumber.
အိပ်ရာ, *n.* a bed, sleeping place; အိပ်ရာဝင်, to go to bed.
အိပ်ရာခင်း, *n.* any cloth spread on a bed, bed clothes: စပ်အိပ်ရာခင်း, a patchwork coverlet, စောင်တင်းတိမ်, ဖူးစောင်။
အိပ်ရာပြင်, *v.* to prepare a bed or sleeping place, for use.
အိပ်ရာလိပ်, *n.* a roll of bedding.
အိပ်ရေးဝ, *v.* to be refreshed with sleep.
†အိပ်ငြွေ, *n.* the *Embellia robusta*, a leaf-shedding, large, climbing shrub, of which there are two varieties, the *Emb. Roxburghii*, and the *Emb. villosa*. The medicine prepared from the bark of this tree is said to be efficacious in lumbago, rheumatism, and sciatica.
အိမ်. *n.* a house, dwelling; အိမ်လေးဆောင်, four houses; *in comp.* a case, frame, sheath, ထားအိမ်; *also used in opposition to* သချိုင်း and တော. အိမ်ကြက်, အိမ်စပယ်။
အိမ်အုပ်, *n.* a major-domo, ဘဏ္ဍာစိုး, အိမ်ထောင်အုပ်။
အိမ်ဦး, *n.* the front part or entrance of a house, a porch.
အိမ်ဦးခန်း, *n.* the front room in a house.
အိမ်ဦးခုံ, *n.* a magisterial bench in the front of a magistrate's house.
အိမ်ဦးနတ်, *n.* a household *nat.*
အိမ်ကုပ် (from ကုပ်, to be bent down, curved), *n.* a low house.
အိမ်ကျောင်း, *n.* a house used for a school; a lay school.
အိမ်ကြက်, *n.* the domestic fowl, in contradistinction to တောကြက်။
အိမ်ကြီးရခိုင်, *n.* a large, respectable house, အိမ်ကောင်းရခိုင်; *probably a corruption of* အိမ်ကြီးအခိုင်။

အိမ်ခန်း, *n.* an apartment, အခန်း။
အိမ်ခေါင်, *n.* the ridge of the roof, အိမ်ခေါင်မိုး။
အိမ်ဆင့်, *n.* a story, set of rooms on one floor, တိုက်ဆင့်။
အိမ်ဆောက်, *v.* to build a house; အိမ်ဖျက်, to destroy a house.
အိမ်တန်းလမ်း, *n.* a street with houses.
အိမ်တာကြေး, *n.* the rent of a house site.
အိမ်တွင်းပုန်း (အိမ်ဒွင်းပုန်း), *n.* a *purdah nashin*; a woman who does not appear in public; a term usually applied to the wives of Mohammedans or Moguls.
အိမ်ထောင်, *v.* to enter into the conjugal state, begin a family; *n.* a family, a household, including goods, အိမ်ထောင်ပစ္စည်း, အိမ်ထောင်ပရိဘောဂ; အိမ်ထောင်ဖျက်။
အိမ်ထောင်ကျ (*pron.* အိမ်ဒေါင်ကျ), *v.* to marry, become settled as husband and wife, အိမ်ထောင်လျက်သားကျ။
အိမ်ထောင်ကြီး, *n.* a widower or widow.
အိမ်ထောင်စုံ, *n.* a married couple.
အိမ်ထောင်ပရိက္ခရာ, *n.* household stuff.
အိမ်ထောင်ဘက်, *n.* a correlate in marriage, a spouse, ခင်ပွန်း, ဇနီးသော ကအင်းဝ ရာဇာ၊အိမ်ထောင်ဘက်အသက်မရှည်ရာ။
အိမ်ထောင်မှုရေး, *n.* domestic affairs.
အိမ်ထောင်သင့်, *v.* same as အိမ်ထောင်ကျ။
အိမ်ထောင်သည်, *n.* a married person.
အိမ်နိမ့်, *n.* the state of a king from the time of his birth to the time of his attaining to sovereignty, အိမ်ရှေ့မင်းမဖြစ်မီအိမ်နိမ့်နှင့်နေသည်။
အိမ်နီးချင်း, *n.* a neighbor, တဲနီးချင်း။
အိမ်ဖိစပ် (from ဖိစပ်), *n.* a small, low house, a hut.
အိမ်ပေါက်ကျွန်, *n.* the child of a slave, but redeemable: *comp.* သားပေါက်ကျွန်။
အိမ်ဖုတ် (from အဖုတ်, a clump), *n.* a hut, small house.
အိမ်ဖြူပြတင်းရွှေချ, *n.* the white house with gilded windows; the house in which a captive monarch was formerly confined, အိမ်ဖြူပြတင်းရွှေချပြောင်းထားသည်။
အိမ်ဖွဲ့, *v.* to wreathe together, to intertwine.
အိမ်မ, *n.* a chief or principal house among several; the principal room in a Burmese house, where the family sleeps.
အိမ်မက်, *see* အိပ်မက်, *v.* to dream.
အိမ်မိုး, *v.* to roof a house; *n.* the roof of a house.
အိမ်မိုးခြင်တင်, *n.* a near neighbour.

အိမ်မြေရာ, *n.* a site for building, အိမ်ရာ။
အိမ်မူးခန်း, *n.* a spare room at the east end of a house, kept for company.
အိမ်မြှောင်, *n.* the common house lizard; the needle of a mariner's compass; အိမ်မြှောင်နှင့်မြေတိုင်း, to make a compass survey.
အိမ်မြှောင်အိမ်, *n.* a mariner's compass.
အိမ်မြှောင်ဝပ်, *n.* a level (in mechanics); the catch in the rod of an umbrella, to hold it open.
အိမ်ရာ, *n.* a house; a settled place of abode, as အိမ်ရာရှိသောသူ, a settled inhabitant, in opposition to a transient person; a site for building.
အိမ်ရာထောင်, *v.* to enter into the conjugal state, begin a family; *see* အိမ်ထောင်။
အိမ်ရိပ်, *n.* the shadow of a house, ယနေ့ကစ၍ငါ့အိမ်ရိပ်မှာမနင်းရ။
အိမ်ရှင်, *n.* the owner of a house, a householder.
အိမ်ရှေ့, *n.* the state of an heir apparent associated in the sovereignty; the eastern section of the palace.
အိမ်ရှေ့မင်း, *n.* an heir apparent associated in the sovereignty.
အိမ်သင့်, *v.* to marry, become settled as husband and wife, အိမ်ထောင်ကျ။
အိမ်သာ, *n.* a privy, (*polite*), ရေအိမ်, ရေသွန်; *v.* to be pleasant, as a place of human abode, အိမ်သာမှညော့်လာသည်။
အိမ်သား, *n.* an inmate of a house.
အိမ်သစ်မ်းပွဲ, *n.* a house-warming.
အိမ်း (*pron.* eh) (Pali ဆူယိ), *int.* yes, အေး, ဟုတ်ကဲ့; hence တအိမ်းအိမ်းနေ, to remain saying "yes," without acting (*impolite*).
အီ, or ဤ, 1, *v.* to be cloyed with rich, savory food; အဆိမ့်ကြီး၍အီသည်, ဝက်သားစားလို့ အီနေပြီ၊ မလျှပ်ချင်ပါ; applied also to the tide just before ebbing and flowing, ရေအီ, ရေအီပြီ၊ ဒီတက်တော့မည်, to be slack water.
အီသာ, *v.* to be well, healthy, ကျန်းမာ; *usually used in a reduplicated form*, ခင်ဗျားအကလေးအီအီသာသာရှိသလား။
အီ, 2, *v.* to creak, as a cart wheel, လှည်းမောင်းသောအခါ လှည်းဘီးအီလိုက်သည်, လှည်းအီသံကိုကြားသည်; *comp.* အစ်အစ်။
အီးပေါက်, *v.* to break wind (*vulgar*), လေစို့, လေလည် (*polite*), ဝမ်းလေသက်, ဝမ်းလေစို့, ဝမ်းလေဖြောင့်။
အုတ်, 1, *n.* a brick; of the three qualities of brick, အုတ်သံရောင် is the best, အုတ်ဖုတ်ခွေး the medium, and အုတ်သမင်ခွေး the poorest.

အုတ်ကျိုးမှုန့်, *n. surki.*
အုတ်ကြွပ်, *n.* a tile, ပျဉ်အုတ်ကြွပ်, a shingle; မြေအုတ်ကြွပ်, a tile.
အုတ်ကြွပ်ခုံး, *n.* a pantile. အုတ်ကြွပ်တန်း, *n.* a lath; a scantling.
အုတ်ကြွပ်ဒဝယ်ညှင်း, *n.* same as အုတ်ကြွပ်။
အုတ်ကြွပ်မိုး, *v.* to roof with tiles.
အုတ်ခင်း, *v.* to pave with brick; အုတ်တွား, to pave with bricks laid flatwise.
အုတ်ခဲ, *n.* a bit of brick, a brickbat.
အုတ်ချပ်, *n.* a brick. အုတ်ပြာသာဒ်, *n.* a brick steeple.
အုတ်ဖို, *n.* a brickkiln, အုတ်တဖိုလောက်ရမှပြီးနိုင်ပါမည်။
အုတ်မြစ်, *n.* a revetment wall.
အုတ်လှော, *n.* a brick.
အုတ်, 2, *n. an astrological term*, a division, class, as တနင်္ဂနွေအုတ်။
အုတ်, 3, *v.* to be noisy; *used only in adverbial forms.*
အုတ်အာသောင်းသဲ, *adv.* noisily, clamorously, အုတ်အော်သောင်းနင်း, အုတ်အော်သောင်းနင်း ငှက်အပေါင်းမြူးပျော်ကြသောနေရာ။
အုတ်အုတ်ကျက်ကျက်, *adv.* same, ပွဲလမ်းသဘင် သွားသောအခါ၊ လူများစကားအုတ်အုတ်ကျက်ကျက်ပြောကြသည်။
အုတ်အုတ်ကျွတ်ကျွတ်, အုတ်အုတ်သဲသဲ, *adv.* same.
အုတ်ကောတရ, *adv.* in the way of being spread far and wide, as a rumor, or intelligence.
အုတ်ခနဲ, *adv.* indicative of the sound of a cry forced out by a blow on the back or side; *see* အွတ်ခနဲ။
အုန်း, 1, *n.* the cocoanut (tree, fruit, etc.).
အုန်းခွံ, *n.* the outer fibrous bark of a cocoanut; *a.* cream-colored or light bay (with a black mane), applied to horses; *comp.* ဝတ်ပန်း။
အုန်းဆန်, *n.* the cocoanut meat; called also အုန်းသီးဆန်၊
အုန်းဆန်ချည်ထွေး, *n.* the pulpy substance into which the milk is converted.
အုန်းဆံ, *n.* the fibrous bark of a cocoanut when pounded, coir.
အုန်းဆံထု, *v.* to pound coir, as prisoners in a jail.
အုန်းဆီ, *n.* cocoanut oil.
အုန်းတော, *n.* a cocoanut plantation.
အုန်းထမင်း, *n.* rice mixed or flavored with cocoanut meat, အုန်းထမင်းနယ်။
အုန်းမှုတ်, *n.* the shell of a cocoanut scooped out and used as a dipper.
အုန်းရည်, *n.* the cocoanut milk; the Arakanese euphemistically apply this term to ဒနိရည်; အုန်းရည်မူးသည်, *lit.* to be intoxicated with cocoanut milk, means, to be drunk with ဒနိရည်။

အုန်းလက်, *n.* the frond of a cocoanut tree; the slanting, corner ridgepole of a roof; a hip-rafter, အုန်းလက်လေဘက်ချ။

အုန်းသီး, *n.* a cocoanut (fruit); ကေမုက်အုန်းသီး, the one-mouthed cocoanut.

အုန်း, 2, *v.* to be noisy; *chiefly used adverbially.*

အုန်းအုန်းအင်းအင်း, *adv.* noisily, clamorously, အုန်းအုန်းအင်းအင်းမြွတ်ွင်း မှာဘာဖြစ်သလဲ, အုတ်အုတ်ကျက်ကျက်, တအုန်းအုန်း (with or without နှင့်)ရယ်ကြသည်။

အုန်းခနဲ, *adv.* indicative of a sudden noise, or loud sound, as of a falling body.

အုန်း, 3, *a.* same as အဘောက်, musty; used only in the phrase မအုန်း မအောက်။

†အုန်းနှောက်, *see* ဦးနှောက်, *n.* the brain.

အုန်းဖွဲ, *n.* a kind of plant, used for stuffing Burmese mattresses and saddles.

အုပ်, 1, *v.* to cover, ဖုံး; to take care of, to preside over, rule, ထိန်း, ချုပ်, စိုး, ငိုး; hence တအုပ်တအော, *adv.* in a large body, *en masse*; တစုတလုံးတည်း; သားသွီးများ မအုပ်မိဘဲသေရပါစေ, an imprecation used by the Burmese, when endeavoring strenuously to impress on one, the truth of any particular statement.

အုပ်ကွက်, *n.* what comes within the jurisdiction of an official, မြိရင်စု။

အုပ်ချုပ်, *v.* to have charge of, manage, rule.

အုပ်ခြုံ, *v.* to cover, overspread, as with cloth or clothes; *see* ခြုံ။

အုပ်စု, *n.* what comes within the jurisdiction of an official (usually the head of a district, ဒိစတြိတ်မြိရင်စု).

အုပ်စို, *adv.* completely, without exception.

အုပ်စိုး, *v.* to rule, have authority over.

အုပ်ထိန်း, *v.* to take care of, တရားလိုသွီးမိရှေ့လျှင်ကိုအုပ်ထိန်းသူထံမှ ဖြား ယောင်းခိုးယူသည်။

အုပ်, 2, *n.* a box with a conical cover.

အုပ်ဆောင်း, *n.* a conical cover, used for covering food, etc.; a three sided lantern used by hunters to attract wild animals.

အုပ်ဆောင်းပုံ, *n.* a cone.

†အုပ်ခြေသြ, *see* ဥခြေသြ, *n.* a species of black cuckoo.

အုပ်ခက်, *see* ဦးခက်, *n.* a headstall.

အုပ်ဆက်, *see* ဦးဆက်, *n.* the atlas of the neck, the first vertebra of the neck articulating immediately with the skull.

အုပ်ထုပ်, *see* ဦးထုပ်, *n.* a cap, hat.

အုပ်နှဲ, *n.* a species of *Euphorbia. M.*; the *Strebulus*, of which four species are enumerated. K.
အုပ်မှင်, *see* ဥမင်, *n.* a cave.
အုပ်မွန်း, *n.* a kind of potato plant.
အုပ်ရှစ်, *n.* the Bengal quince, *Ægle marmelos.*
အုပ်လုံး, *see* ဦးလုံး, *n.* the whole head.
အုပ်သျှောင်, *see* ဦးသျှောင်, *n.* a knot of hair, as worn by Burmese men.
အုံ. 1, *n.* a bulge, protuberance, ဖုဋ်; applied to certain things which are bulging, or have a bulging form, as အိုးအုံ, နားအုံ, နှုံအုံ, ပန်းအုံ, ရင်အုံ, ပခွက်အုံ, ပျားအုံ, တောအုံ; hence အဆောက်အအုံ, အသိုက်အအုံ။
အုံဖွဲ့, *v.* to form a cluster, as bees, ants, etc., အအုံဖွဲ့သည်။
အုံ, 2. *v.* to plaster, cover over, ဖုံ; to cover with a medicament, ဆေးအုံ; to be covered with clouds, as the heavens, မိုဃ်းအုံ; *comp.* အုံ့; to be almost smothered. as fire that burns dully, မီးအုံ၍တောက်သည်; to be dull, heavy-headed from illness; to be anxious, distressed, စိတ်အုံသည်; hence တအုံနွေးနွေး, *adv.* brooding over, as a trouble; unyieldingly, as a slow fever.
အုံ. 3, *v.* to assemble, crowd together and surround, စုရုံး၍ဝန်းရံသည်; hence အအုံ, a swarm (of flies, ယင်အုံ, of bees, ပျားအုံ, etc.); *comp.* အုံ. 1; လူတွေအုံပြီးလိုက်လာသည်။
အုံတို, *n.* a kind of *laurus*, the *Tetranthera laurifolia*, of which as many as eighteen species are enumerated; the bark of one species is used by the Burmese, in salt, to prevent sweating, ဆားမဒိုရအောင်။
အုံ့, *v.* to be overcast, slightly overspread with clouds, မိုဃ်းအုံ့သည်; *comp.* အုံ. 2; *see* မိုဃ်းဆင်, မိုဃ်းနာ။
အုံ့မှိုင်း, *v.* to be dark, gloomy, lowering, မှိုင်းဝေသည်။
†အုံ့ပုန်း (*pron.* အုံ့ဗုန်း), *adv.* under a disguise; *n.* a hypocrite. a dissembler, သည်လူအုံ့ပုန်းပါဘဲ၊ မယုံနှင့်။
အုံ့ပုန်းတစ်လစ်, *n.* a person who conceals a bad character under a fair exterior.
အုံး, 1, *v.* to roast in embers, မီးအုံး; *comp.* ကင် and ဖုတ်။
အုံး, 2, *n.* a pillow, pack; hence ခေါင်းအုံး, မှီအုံး။
အုံးအိပ်ရာယှဉ်တွဲ၍အိပ်, *v.* a term of frequent occurrence in divorce cases, အုံးအိပ်ရာများကိုကျော်နင်း။
အုံးကွဲ, *n.* a pack saddle.
အုံးမြိုက်မြီးမြိုက်လိုက်, *v.* to follow, as a horse; *lit.* to follow touching the tail and saddle (of the one in front), *i.e.*, close to the quarters; a term of frequent use in *racing parlance.*

အုံးတား, *n.* a headboard.
အုံးတုံး. *n.* stocks, the frame on which a ship rests while building.
အုံးလွဲ, *n.* a crick. stiffness in the neck; *v.* to have a crick.
အူ. 1. *n.* the intestines, အူမ, အူမကြီး; the pith of a plant or tree: the inside or pulpy part of some fruit.
အူအိမ်, *n.* the paunch; tripe.
အူကြောင်း, *n.* the hollow of the intestines; the hollow which perforates some plants and trees, and contains the pith; the hollow of a quill; အူကြောင်းထွဲ, to be out of line, as centre pegs when constructing a road.
အူခြာ (from အခြာ, a point of union), *n.* connecting parts of the intestines.
အူစင်း, *v.* to be straight-gutted, မြင်းဆိုသည့်တိရစ္ဆာန်မျိုး အူတစင်းတည်းရှိသည်; to be upright, သဘောဖြောင့်, သဘောဖြူအူစင်း။
အူတို (from တို, to be short), *v.* to be easily provoked, စိတ်တို။
အူတိုင်, *n.* the core of fruit; the pith of some plants, as the plantain, ငှက်ပျောသီးကိုထက်ခြမ်းခွဲလျှင်အူတိုင်ကိုမြင်ရသည်။
အူထွက်, *v.* to protrude, as the intestines.
အူနာခေါင်းသက်အကွဲအနာလွတ်, *n.* clean timber; a term made use of in timber contracts.
အူနာလိုက်, *v.* a term applied to a certain disease of the rice plant.
အူပူလောင်ခြင်း, *n.* inflammation of the bowels; a disease of cattle.
အူပေါက်, *v.* to rupture the intestines, အူပေါက်၍သေသည်။
အူမကြီး, *n.* the colon; အူမအောက်ဆုံးပိုင်း, the rectum.
အူရှည် (from ရှည်, to be long), *v.* to be slow to anger, not easily provoked, စိတ်ရှည်။
အူသည်းပြတ်မျှငိုကြွေး, *v.* to cry in a heart-breaking manner.
အူ, 2, *v.* to make the noise indicated by the word, to "oo", to howl, as a dog, jackal, or orang-outang, ခွေးအူ, လူဝံများ တကောင်က တကောင်ကိုအူ၍ခေါ်သည်; to be much; *used as an intensive* in the phrase အူအောင်ပွင့်သည်, it is full of blossoms, စပယ် အူအောင်ပွင့်သည်, စလပ်ဖြူအူအောင်ပွင့်သည်။
အူ. 3, *v.* to be stale, tainted, to begin to putrefy; *less than* ပုပ်; ငါးအူ, အမည်းသားအူ။
အေ, *int.* don't; prohibitive, disapprobatory. အေအေမလုပ်နှင့်။
အေ့ဟေ, *int.* aha! (*contemptuous*).
အေး, 1, *see* ဧ, *v.* to be cool; has sometimes the same meaning as လျော့. *e.g.*, ဤ ဝိ သား ဝဲ လောက်အေးလိမ့်မည်, or ပျော့ပါလိမ့်မည်။

ဘေးရှိဲ, *v.* to congeal.

အေး, 2. *int.* yes, အိမ်း, ဟုတ်ကဲ့။

အေးအေး, *int.* same as အေး။

အေး, 3, *pron. used vocatively,* in addressing women when their names are not known, or when he who calls does not wish to call the name, as အိုအေးတို့; shortened to အေ့, for the singular, အေ့ဆိုင်း ပါဦး။

အဲ. 1. *n* a kind of verse.

အဲချင်း, အဲအန်, *n.* same.

အဲဆို, အဲထူး, *v.* to sing the said verse.

အဲ. 2, *v.* to remain in a body, without advancing, ရှေ့ကကျွဲးရှိလို့၊ လူများမသွားဝံ့။အဲနေကြသည်။

အဲ, 3, *int.* very well. that's right, ဟုတ်ကဲ့။

အဲအဲ, *int.* same, ငမြွေကါသည်အမှုကိုပြုပါတော့။ငမည်းကကောင်းပြီ၊အဲအဲလိုက်သည်။

အဲမောင်, *n.* a kind of official spear.

အဲ့, *int.* expressive of disgust, as when mothers see their children eating something hurtful, အဲ့အဲ့ထွေးပစ်လိုက်။

အဲ့တဲ့တဲ့, *adv.* sickishly, as at the smell of unpleasant fruit, သည်ဟာမပုပ်သော်လည်း၊အဲ့တဲ့တဲ့ရှိပြီ; *comp.* တောက်အဲ့။

အော, *int.* O! of various applications.

အောအော. *int.* O! expressive of satisfaction.

အောက်, 1, *n.* the under part, space under (a thing).

အောက်အပြင်, *n.* the outside of the bottom (of a thing).

အောက်ခံ, *n.* the bottom (of a box); anything placed for something to rest on, a substructure.

အောက်ခြေရှင်း, အောက်ခြေလင်း, *v.* terms used to describe the heavens, when the lower part of an otherwise cloudy sky, is clear in the horizon.

အောက်ဆင့်, *n.* the ground floor.

အောက်ဆွေစည်မျိုးဆက်, *n.* descendants collectively, posterity.

အောက်တောကျိုက်, အောက်ဒွိကျိုက်, *v.* to gird up the loins with a waistcloth (*obs.*), ခါးတောင်းကျိုက်။

အောက်မေး (from မေး, the lower jaw), *n.* the lower grooved timber of the lath of a loom, which receives the sley (ရည်သွား); *less commonly called* ရူ, *which see.*

အောက်မြစ်, *n.* the light accent ( ့ ), အမြစ်။

အောက်ခြေ, အောက်ခြေခံ, *n.* the bottom of a well, the sea, etc.

အောက်လျှိုး, *v.* to stoop respectfully, as in passing before a superior; to be humble.

အောက်သား, အောက်သူ, *n.* a male, a female, native of L. B.; the Arakanese apply the terms အရှေ့သား, အရှေ့သူ, to the inhabitants of U. B.

အောက်, 2, *v.* to bring in, as a tame elephant brings in a wild one; to catch, detect by questioning, စကားအစ်; to draw out by questioning.

အောက်အစ်, *v.* same, 2nd and 3rd definitions.

အောက်မ, *n.* a female elephant employed to bring in wild male elephants, a decoy tame elephant, အောက်မသင်း, မှန်းဆင်မ။

အောက်မဝန်, *n.* the officer in charge of the king's female decoy elephants.

အောက်, 3, *v.* to be musty; to be dark (in countenance), မျက်နှာအောက်, မျက်နှာပုပ်; အဝတ်များကိုနေပူမလှန်းလျှင်၊အောက်တတ်သည်။

အောက်အောက်သက်သက်, *adv.* gloomily; *more than* အောက်တောက်တောက်။

အောက်ကလိအာ (compounded of the sounds uttered by a fowl and a crow), *a.* or *adv.* not clear, not straightforward; of mixed races, အမျိုးမစစ် (*reproachful*).

အောက်တောက်တောက်, *adv.* gloomily (in countenance); somewhat musty, မှုန်တုန်တုန်, အောက်တောက်တောက်နှင့် အဘဖြစ်လို့မင်းမျက်နှာ မှောင်ကုပ်နေသလဲ။

†အောက်ချင်း, *n.* the small hornbill, *Buceros monoceros*; a kind of tree.

အောက်ချင်းစာ, *n.* the *Diospyros ehretoides*, a tree attaining to the height of sixty or seventy feet, and having a hard heart-wood. The berries, which have a smooth, thick, yellow rind, are the size of a very large cherry.

အောက်ချင်းရား, *n.* a species of ebony, the *Diospyros melanoxylon*.

†အောက်မေ့, *v.* to remember, bear in mind, ကျွန်ုပ်မရှိလျှင်တခါတလေအောက်မေ့ပါနော်; to recollect, call to mind, မင်းငါ့ကိုလှည့်စားသည်မှာပြန်ချည်းအောက်မေ့သည်, သတိရ; to remember with affection, အိမ်ကိုပြန်ချင်လှပြီ၊သွီးကလေးအောက်မေ့လွန်းလို့; to regret the loss of, လွမ်း; *often used in combination*, in the sense of remembering with great affection, with လွမ်းဆွတ်, အလွန်အောက်မေ့လွမ်းဆွတ်လှပြီ; sometimes used with ကြံစည်; အောက်မေ့ sometimes has a meaning similar to ထင်, ယနေ့ ဆရာပြည်မိုးလာလိမ့်မည်၊အောက်မေ့ပါသည်။

†အောက်မဲ, *n.* a kind of creeper, the *Clitoria*.

အောက်မဲညို, အောက်မဲဖြူ, *n.* varieties of the same, အောက်မဲဖြူ၊အောက်မဲညို၊ဘုရားကိုပူဇော်သည့်ပန်း ပွင့်။

အောင်, 1, *v.* to beat, conquer, overcome, နိုင်; to gain a point, အမှုအောင်; to pass an examination, စာပွဲအောင်; to be full, complete, not deficient in any natural quality; applied to fruit (အသီးအောင်) and seeds; to come to maturity, as cereals; *n.* a fee given to a judge on gaining a cause, အအောင်။

အောင်ခြာ (from အခြာ, a point of union), *n.* a city which is the centre or seat of victory, အောင်ခြာပူရကဗ္ဗိလဝတ်ပြည်။

အောင်ဆု, *n.* the reward granted to a conqueror.

အောင်ဆို, *v.* to mediate in love affairs, အောင်သွယ်။

အောင်ပန်း, *n.* a leaf, as the palm, worn in token of victory.

အောင်ပွဲ, *n.* a triumphal festival, အောင်ပွဲခံ, လက်ထပ်မင်္ဂလာ ပြုသောအခါ၊ ယောက်ျားမိတ်ဆွေများကအောင်ပွဲခံသည်။

အောင်မာ, *v.* to be full, complete, not deficient in any natural quality; applied to fruit and seeds.

အောင်မြင်, *v.* to conquer; to be full, complete; to be possessed of active virility.

အောင်လံ, *n.* a banner, flag of victory, တပ်ဦးမှာအောင်လံစိုက်သည်။

အောင်သည်, *n.* a go-between in love affairs: a match-maker.

အောင်သူ, *n.* a conqueror.

အောင်သွယ်, *v.* to mediate in love affairs; *n.* a match-maker.

အောင်, 2, *verb. affix, continuative,* that, so that, noting a consequence; that, in order that, noting a final aim, ရယ်အောင်ပြောပါသည်, ခရီးသွားရအောင်ခင်ဗျားအသင့်နေပါနော်။

အောင်မယ်, *int.* expressive of wonder, အောင်မယ်ဆန်းကျယ်လိုက်ထာ, oh, how extraordinary!

အောင်လှိုင်, *n.* a sinus, deep, narrow bay, လေနီလာတော့မည်။ အောင်လှိုင်ထဲခိုကြနို့ကွရို့ (*Colloq.*).

အောင့်, *v.* to be prevented from moving or flowing in a natural way; applied to retention of the breath, to constriction of the back, breast, ခါးထဲကအောင့်သည်, ခါးအောင့်သည်, ရင်အောင့်သည်, or urine, ဆီးအောင့်သည်, to stoppage of a current of water, etc., ချုပ်; to restrain one's self, suppress one's feelings, အောင့်ခံ, မြို, စိတ်ချုပ်တည်း, သည်းညည်းခံ, or သည်းခံ; hence တအောင့်, *n.* a moment, တအောင့်ကလေးလောက်ကြာသည်, ခဏ။

အောင့်အည်း, *v.* to restrain one's self, repress one's feelings; ဘယ်အခါဘဲ့ကိုယ်တော်အရှင်ခေါ်ခေါ်မအောင့်အည်းပါဘူး; in this sense it appears to have a meaning similar to ငြင်းပယ်။

အောင့်ခနဲ, *adv.* with a momentary constriction in the breast, back, or bowels.

အောင့်ဆောင့်, *v.* to show signs of stubbornness, resistance of authority, as a child or servant; *see* ဆောင့်အောင့်။

အောင့်တီးအောင့်တောင့်, *adv.* with a restricted, tightened sensation, as of the breast; in an obstinate, refractory manner, သည်လူကိုဘယ်အခါပင်ခိုင်းခိုင်း၊အောင့်တီးအောင့်တောင့်ချည်းလုပ်သည်။

အောင့်တောင့်, *v.* to be restricted and tightened; to be refractory, wayward, obstinate, rebellious; မင်းအောင့်တောင့်စွာအလွှန်လုပ်သည့်လူ; ခါးထဲမှာနာတာတာ၊ရင်ထဲမှာအောင့်တောင့်တောင့်။

အောင့်၍နေ, *v.* to tolerate.

ကထကရ, *adv.* overbearingly, ငါ့မွေးသဘခင် ဖြစ်လျက်သားနှင့် ကထကရမပြောအပ်၊ပြောလျှင်မင်းအပေါ်ဉ္စရောအပြစ်ကြီးတင်လိမ့်မည်။

ကထိကပါး (from ထိ and အပါး), *adv.* allusively, indirectly, so as to annoy, but without making a direct charge, ထိကပါးရိကပါး; differs from စောင်းဘဲရိပ်ခြည်, when a person speaks in a ကထိကပါး manner, he speaks directly to another in an allusive manner; whereas in စောင်းဘဲရိပ်ခြည်, he speaks allusively of another person, in his hearing, and not directly to him, ကထိကပါးမပြောနှင့်။ ထိထိရောက်ရောက်ပြောပါ။

ကထိကရိ, *adv.* same as ကထိကပါး, but sometimes with a variable meaning, as in the phrase အကလေးကိုကထိကရိချီမသွားပါနှင့်, don't carry the child in a careless, negligent manner.

ကထိကဝတ်, *see* ဝတ်ကဝတ်, *n.* a promise, word, pledge.

ကထိန် (Pali ကထိန), *n.* a sacred period (month of *Tazaungmon*), during which priests' garments are presented, with ceremonies. The cloth for this purpose is called ကထိန (24).

ကထိန်ခင်း, *v.* to offer garments to *rahans*, ကထိန်လှူ။

ကထိန်သင်္ကန်း, *n.* a priest's garment made in the month of *Tazaungmon*, ကထိန်သင်္ကန်းလှူ။

ကဒတ်, *n.* a species of yam.

ကဒပ်ငန်း, *n.* a species of custard apple; the sweet-scented *Uvaria*, တောကဒပ်ငန်း, ကဒပ်ငန်းပန်းကိုမြန်မာလူမျိုး၊အမျိုးသမီးများပန်ဆင်တတ်ကြသည်။

ကန်, 1, *n.* an artificial pool, a tank of water, ရေကန်; လက်ဆည်ကန်, an artificial tank; တဘက်ဆည်ကန်, a tank, artificial in part; သဘာဝကန်, a natural tank; ရေပြည့်ကန်မှာ၊ထပ်မံ၍မိုးသည်းရွာသလို။

ကန်ကြီးတကာ, *n.* one who makes a tank for the use of the public.

ကန်ပေါင်ရိုး (from အပေါင် and အရိုး), *n.* a mound, bank of earth, to form a reservoir of water, ကန်ဆည်ရိုး။

ကန်သင်း, ကန်သင်းရိုး, *n.* a ridge of earth in a rice field; any ridge of earth to prevent the flow of water.

ကန်သင်းမရှိ, *v.* to be reckless, unreserved in conduct, wanton, အကသင်းမရှိ။

ကန်, 2 (Pali ကညာ, a virgin), *n.* Virgo, the sixth sign of the zodiac, ကန်ရာသီ။

ကန်, 3, *v.* to kick; *less than* ကျောက်; to put off, or push a boat from land, ကျောက်သည်; to repel, make rebound; to kick, as a gun when fired, သေနတ်ကန်သည်; to prop laterally, ကျားကန်သည်; အက လေးကိုမြင်းကန်သောကြောင့်ခြေကျိုးသည်; လှေကိုကန်လိုက်ပါ, please push off the boat; သည်သေနတ်ကန်တတ်လို့ ကျွန်ုပ်မပစ်ချင်ပါ, I do not wish to fire this gun, because it kicks.

ကန်ပြန်, *v.* to fly back, အကန်ခံ၍ပြန်သည်။

ကနက်, *n.* the umbrella over the royal bed, ကနက္ကဒဏ်, ကနက္ကဒဏ်ထီး ဖြူတော်။

ကနက်တိုင်, *n.* stakes (two in number) used to secure the ကျောက်ကြိုး in a ဒမင်း (trap).

ကနကုပ်, *n.* the innocuous estuary serpent, ကနကုပ်မြွေသားကိုကရင်များ နှစ်နှစ်မြိုက်မြိုက်စားကြသည်။

ကနစို, 1, *n.* a disease of the gums, ဒဏ္ဍာစို။

ကနစို, 2, *n* the *sundri* (25).

ကနစိုး, *n.* the *Heritiera attenuata*, producing an edible fruit, subacid in flavor.

ကနား, *n. see* ကနားဖြင်း။

ကနားပြင်, *n.* a porch, or platform, or small building, attached to a larger, commonly without a roof, ကျွန်တော်အမှုတကြိမ်တခါမျှ မဖြစ်ဘူး ပါ။ ရုံးကနားပြင်တခါမျှမရောက်ဘူးပါ, I have never once been in trouble (or had a case against me); I have not so much as arrived at the precinct of a court.

ကနားဖြင်း, *n.* an awning, booth, large shed, with a roof like a house, or with an arched roof, လိပ်ခုံးမိုးသည်, ကနားဖြင်းထိုး; *comp.* မဏ္ဍပ်။

†ကနားဦး, *n.* the beginning, the first (of a thing), the very first, အစ, အစအဦး, အစရွာ, အရင်, မင်္ဂလာလေးမြို့ဦထီးတော်ပွဲကိုဖွင့်သောအခါ၊ တို့ရွာက မည်သူမျှမရောက်သေးပါ။ ကျွန်ုပ်အစကနားဦးရောက်ပါသည်။

ကနားစ, *n.* same as ကနားဦး။

ကနုကမာ, *n.* an oyster; ကနုကမာကြယ်သီး, a mother-of-pearl button or stud.

ကနုတံ (Pali ကနု, anything insignificant), *n.* the small pieces of whittled bamboo or wood, made use of by *rahans* in the ရေအိမ် (ကုဋီ အိမ်) (26).

ကနော့, *see* ကမြင်း, *v.* to be immodest, shameless in deportment and conduct.

ကန္တာရ (Pali), *n.* any place extensive and difficult to pass, as a road intersected with ravines or beset with robbers, or a desert of wood or sand; hence တောကန္တာရ, an extensive wood, wilderness; ညွန်ပျောင်းကန္တာရ, an extensive swamp; သဲကန္တာရ, သဲပြင်ကန္တာရ, an extensive sandy desert; သမုဒ္ဒရာကန္တာရ, the expanse of the ocean; ပင်လယ်ကန္တာရ, the expanse of the sea.

ကန်တော့ (*pron.* ကဒေါ့), *v.* to beg pardon; to shorten the tusks of an elephant, ဆင်စွယ်ကန်တော့သည်; ကျွန်တော်နှလုံးနှင့်ပြစ်မှားသည်ကိုကန်တော့ပူဇော်ပါ၏ခင်ဗျား, I offer homage and beg pardon, sir, for the wrong I have committed against you in my heart, ကာယကံဝစီကံ ကန်တော့ပါ၏ (27).

ကန်တော့ပွဲတော်, *n.* a festival, formerly held three times a year at Mandalay, at which all feudatories, ministers, etc., paid homage to the king.

ကန့်, 1, *v.* brimstone, sulphur, ကန့်မှုန့်, ကန့်ကျောက်။

ကန့်ရှု, ကန့်ပွင့်, *n.* flowers of sulphur.

ကန့်, 2, *v.* to mark across, make a division; to intersect; *n.* the thwart of a boat, ကန့်ထောက်, ပါးကန့်. *Der.* အကန့်။

ကန့်ကွက်, *v.* to hinder, prevent, prohibit, ဆီးသည်, တားသည်, မြစ်သည်, ငင်းအမှုတွင်ဆီးတားကန့်ကွက်ခြင်းမရှိစေရ။ ကောင်းမွန်စွာလုပ်ဆောင်စေရမည်။

ကန့်ချက်, *n.* an objection, exception, *e.g.*, an exception in the Indian Penal Code, Evidence Act, etc., ပချက်။

ကန့်တလန့်လန့်, *adv.* *see* ကန့်လန့်။

ကန့်ထောက်, *n.* the thwart of a boat.

ကန့်လန့်, *adv.* right across, athwart, ဖီလာ; *n.* (*pron.* ဂလန့်), a bolt, ကန့်လန့်ဖြုတ်, to draw back a bolt; သည်လူတံခါးဝမှာဘာဖြစ်လို့ကန့်လန့်အိပ်သလဲ, why does this man sleep right across the doorway? ကျောင်းတကာမောင်တရုပ်ဖြူကန့်လန့်ပြောတတ်လေ့ရှိသည်။

ကန့်လန့်ကျင် (*pron.* ဂလန့်ကျင်), *n.* a bolt, crossbar, တံခါးကျင်။

ကန့်လန့်နား, *n.* a selvedge; *see* ကလနား။

ကန့်လန့်ပြု, *v.* to thwart, act contrary to, ဆန့်ကျင်ဘက်ပြုသည်။

ကန့်လန့်ဖြတ်, *v.* to intersect.

ကန့်လန့်ဖြတ်ချက်, *n.* an intersection, the point of crossing.

ကန့်ဝင် (*pron.* ကဝင်), *n.* the division or compartment of a Burmese boat, in the stem or the stern, as ဦးကန့်ဝင်, ပဲ့ကန့်ဝင်။

ကန့်သတ်, *v.* to make a division between, fix the boundary of, သတ်မှတ်သည်; to complete; နယ်ကိုကန့်သတ်သည်, to fix a boundary, တရားမဝန်ထောက်တော်မင်း လယ်နယ်များဝေ၍ ကန့်သတ်သည်များကို၊ ကျွန်တော်မျိုး

သဘောမတူပါ, your petitioner does not approve of the distribution and boundaries of the paddy-land allotments made by the Assistant Commissioner.

†ကန္ဒိတ်, *n.* a species of gingerwort, which, mixed with vermicelli, the natives of Burma eat in large quantities.

ကန္ဒကူ (*pron.* ကင်္ဂူ), *n.* a variety of steatite or soapstone.

ကန္ဒကူသံ, *n.* a soapstone pencil.

ကန္ဒကူတံ, *n.* the handle of a soapstone pencil.

ကန်း, *v.* to be blind, မျက်စိကန်းသည် (*vulgar*), စက္ခုအလင်းမရ, မျက်လုံးမလှ, စက္ခုကွယ်, စက္ခုချို့ are more elegant, and may be used in speaking to blind persons themselves, without hurting their feelings; to be filled or nearly filled with earth, so as to hold no water, as a well, a tank, or the bed of a river, ရေတွင်းကန်းပြီ၊တူးလို့ရေမထွက်ပါ; ဆင်ကန်းတမြို့၊မြင်းကန်းတရွာ, signifies, that a blind elephant will cause the destruction of a city, and a blind horse that of a village.

ကန်းစော်, *n.* a kind of tree yielding excellent timber.

ကန္ဆဲ့ကလျှ (from ချွဲလျှ), *adv.* wheedlingly, coaxingly, ကဆွဲကနွဲ့, သည်သူငယ်ကန္ဆဲ့ကလျှငိုချည်းနေသည်၊မတိတ်နိုင်ဘူး, this child does nothing but cry in a coaxing (or teasing) way, and cannot keep quiet; မမည်းသူ့ယောက်ျားကိုကန္ဆဲ့ကလျှအလွန်ပြုတတ်သည်။

ကပ်, 1 (Pali ကပ္ပ), *n.* a period or cycle of time, an era, ကာလအပိုင်းအခြား။

ကပ်ဦး, *n.* the beginning of the world.

ကပ်ဦးသူ, *n.* a primeval inhabitant of the world, ကမ္ဘာဦးသူ, ကပ်ဦးမဟာသမတမင်း။

ကပ်နာ, *n.* an epidemic disease, or any prevailing disease for which there is no assignable cause; *see* ကာလနာ။

ကပ်ပြုမိုးသည်း, *n.* the rain, by which a future world is formed.

ကပ်လေးပါး, *n.* the four periods, *viz.* သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဋ္ဌာယီကပ်, which compose one grand period or cycle (မဟာကပ်); *comp.* အန္တရကပ်။

ကပ်သုံးပါး, *n.* the three evil periods, *viz.* ဒုဗ္ဘိက္ခန္တရကပ်, ရောဂန္တရကပ်, သတ္ထန္တရကပ်, the period of famine, of pestilence, and of slaughter (28).

ကပ်, 2, *n.* a texture made of bamboos, split and interwoven; a hurdle; *comp.* ရှင်; မီးကိုရိုက်ရန်တအိမ်ကိုမီးကပ်နှစ်ကပ်စီ၊အိမ်ဝမှာထောင်၍ထားသည်, there are set up at the entrance of every house, two bamboo fire flappers, for beating out fire; *see* မီးကပ်. *Der.* ယင်းကပ်။

ကပ်ခုန်ပွဲ, *n.* a hurdle race.

ကပ်, 3, *v.* to join, unite, put together flatwise, အပ်; to stick to, adhere to (in any manner); to adjoin one another, as houses, အိမ်ချင်းကပ်နေသည်; သည်မင်းကိုသူကပ်ကိုးနေသည်, he remains attached (with a view of protection and future advancement) to this official. *Der.* ချည်းကပ်, ဆည်းကပ်, ပူးကပ်။

ကပ်ကိုး, *n.* to trust in, rely on, receive as a teacher; *see* ကိုး, 2.

ကပ်ခို, *v.* to adhere to, take refuge in, မှီခို, မှီဝဲ, ကပ်ခိုတိမ်းရှောင်; to take advantage of, in order to gain an end; to be restive, as a horse; to be unwilling to move, as a bullock when attached to a cart, သည်နွားလှည်းကိုတပ်သောအခါ၊ မသွားဘဲလှည်းသန်မှာကပ်ခိုနေသည်။

ကပ်ငြိ, *v.* to attach, ပူးတွယ်။

ကပ်တွယ်, *v.* to cling to, hang on; to attach, ကပ်ငြိ; သည်အထက်သားဆင်းရဲနွမ်းပါးသောကြောင့်၊ လှေသူကြီးမှာကပ်တွယ်နေသည်; *see* တွယ်။

ကပ်ထား, *v.* to apply.

ကပ်ပါ, *n.* one who has no settled residence, a temporary guest; ဝင်နေကပ်ပါ, a loafer.

ကပ်မြောင်, *v.* to adhere to, for the purpose of protection or future benefit.

ကပ်ယပ်, *v.* to adhere to, take refuge in, မှီခိုကပ်ယပ်, မန္တလေးမြို့ကကြွလာသောဘုန်းကြီးများ၊ အင်္ဂလိပ်နိုင်ငံမှာ ရုတ်တရက် အခြေအနေ မရှိသောကြောင့်၊ ဘုရားနားမှာကပ်ယပ်၍သိတင်းသုံးနေကြသည်။

ကပ်, 4, *v.* to offer respectfully (to a priest).

ကပ်လှူ, *v. see the parts*, သားသည်လက်ဖက်ခြောက်သကြားထုပ်များကိုဘုန်းကြီးထံသွား၍ကပ်လှူပါချေ, my son, go and offer to the *pongyi* these packages of tea and sugar.

ကပက်ကစက် (from ပက်စက်), *adv.* carelessly, neglectfully, in a squandering manner, heedlessly, ပစ်စလက်ခတ်, used with reference to a person's having no proper place to put anything; ကပက်ကစက်ကြေးငွေဥစ္စာများကိုမသုံးနှင့်, do not use money and property in a squandering manner.

ကပက်ကရက် (from ပက်ရက်), *adv.* carelessly, wastefully, scatteringly, without consideration, ကပက်ကရက်တွေ့ရာမြင်ရာမစားနှင့်, do not carelessly eat whatever you may find or see; ကပက်ကရက်စားလျှင်ဆင်းရဲတတ်သည်, if one eats in a wasteful manner, one is apt to come to want.

ကပ်စေးနဲ, *n.* *Urena* hemp, ဝက်ချေးပနဲ, ရှတံတိုင်း။

ကပ်ပယ်, *n.* small scales used by goldsmiths, ချိန်ခွင်ကလေး။

ကပ်ပယ်အိတ်, *n.* the scrotum (*polite*), ဝှေးစေ့အိတ်။

ကပိုကရို, *adv.* with the clothes put on and worn in a slovenly manner, ပုဆိုးကိုကပိုကရိုမဝတ်နှင့်, ခေါင်းပေါင်းကပိုကရိုမပေါင်းနှင့်; *comp.* ဒရင့်တသီ။

ကပ္ပဗိန္ဒု (Pali), *n.* a ceremonial perforation in the corner of priests' garments, သင်္ကန်းထောင့်စွန်းမှာ သုံးလုံးဆိုင်၍၊ ကပ္ပဗိန္ဒုဘုန်းကြီးထိုးသည်, in the extreme corner of the priest's garment the *pongyi* makes three holes (thus ° ° °).

ကပ္ပလီ (from Kaffir), *n.* a negro, သည်ကပ္ပလီနက်လိုက်သည်မှာမှောင်ကျရော့သည်။

ကပ္ပိတန် (Eng.), *n.* a captain of a ship or steamer, သင်္ဘောကပ္ပိတန်။

ကပ္ပိ (Pali), *v.* to do any service for a priest which it is not lawful for him to do for himself; used by priests in speaking to their followers, ကျောင်းပရဝုဏ်အတွင်းမင်းတို့က ခြက်သစ်ပင်များကိုကပ္ပိလိုက်ပါ, *i.e.*, do you, on my behalf, cut down the trees and pull up the weeds in the *kyaung* premises (29); ဆွမ်းကိုကပ္ပိလိုက်ကြ, cook the rice, on my behalf.

ကပ္ပိယဒါယကာ (Pali), *n.* a layman who supplies all the wants of a priest, and acts as his *fidus Achates*; *comp.* ဒါယကာ။

ကပ္ပိလဝတ် (ပြည်), *n.* Kappilawut, the birth-place of Gautama the Buddh (Singh. Kappilawastu). Some authorities maintain the correct orthography to be ကပိလဝတ်, from the name of the ascetic Kapila.

ကပ္ပိလသံချောင်း, *n.* an iron rod.

ကပျာကယာ (*pron.* ကဗျာကယာ) (from ပျာယာ), *adv.* in a disorderly hurry, ပျာယီပျာယာ, ကပျာကယာသူပြေးသွားသည်, he runs in a disorderly hurry; မီးသင်္ဘောဥဩမှုတ်သံကိုကြားသောကြောင့်၊ စားနပ်ရိက္ခာများကို ကပျာကယာ ဝယ်ကြရသည်, owing to their hearing the steamer's whistle, they were obliged to buy the provisions for the journey in a disorderly hurry; hurriedly.

ကပြစ်ကညစ်, *adv.* slatternly, dirtily, ကပြစ်ကညစ် အဝတ်များကို မထားပါနှင့်, ကပြစ်ကညစ်လှည်းများကိုမစီးမသုံးပါနှင့်။

ကပြား (from ကွဲပြား), *n.* one whose parents are of different races, အမျိုးမိဘကွဲသင့်နေ၍ရသောသားသွီး, the children of parents of different races, အင်္ဂလိပ်ကပြား, တရုပ်ကပြား။

ကပြောင်းကပြန် (from ပြောင်းပြန်), *adv.* one end for the other, or upside down; သည်အမှုကိုကပြောင်းကပြန်လုပ်သောကြောင့်မပြီးနိုင်။

ကဗ္ဗီး, *n.* the Tavoy name for ဘန့်သွေး, a tree yielding useful timber, which is not, however, like the ဘန့်သွေး found in Pegu.

ကဗောက်ကဗက် (from ဗောက်ဗက်), *adv.* dashing from side to side, as water; unsteady, rolling about, သည်မိုးမရေအိုးရွက်၍ကဗောက်ကဗက်သွားသောကြောင့်၊ရေအိုးကျကွဲလိမ့်မည်။

ကဗျာ, *n.* poetry, both of a religious and secular kind, လင်္ကာ, ပို့ကဗျာ။

ကဘုန်းသား, *n.* a species of mollusk, the *Modiola variosa.*

ကဘိုင်, or ကျဘိုင်, *n.* mangrove mordant.

ကမကထပြု (from မ and ထ), *v.* to superintend and encourage personally, ကြပ်မတ်၍ နှီးဆော်သည်, သူ့အမှုကိုကျွန်ုပ်ကမကထပြု၍ဆောင်ရွက်သည်, I superintended and arranged his case (in court).

ကမန်းကတန်း, *adv.* in a wild, incoherent manner, as a person suddenly waking, ဝက်ရူးရူးသောသူမှားကမန်းကတန်းတောင်စမ်းမြောက်စမ်း စမ်းတတ်သည်; လူနာညည့်အချိန်မဲ့ သေနတ်သံကြားသောကြောင့်၊ အိပ်ရာက ကမန်းကတန်းထသည်, the sick person started up from his bed in an affrighted manner, owing to his hearing the report of a gun, at an unseasonable hour of the night; *see* ကတန်းကယမ်း။

ကမာ, *n.* an oyster, ကန္နကမာ။

ကမာခရင်း, *n.* a small species of *Perna,* a bivalve mollusk.

ကမာခါး, *n.* the Persian lilac, pride of China, pride of India, တမာခါး။

ကမူကယူ, *adv.* distractedly, in an absent minded manner (*rare*).

ကမဲ, *n.* a species of sea-shell, *Solenocurtus.*

ကမ္ပည်း, *n.* a permanent inscription, commonly on stone, ကမ္ပည်းကျောက်စာ; any superscription, လိပ်စာ, လိပ်စာထိုး, ကမ္ပည်းကျောက်စာနှင့် မန္တလေးမြို့မှာ မင်းတုန်းရှင်ဘုရင်က၊ ပိဋကတ်သုံးပုံကို အသေအချာရေးထားစေသည်, King Mindon caused the three grand divisions of the Buddhist Scriptures to be accurately inscribed on stone, in the city of Mandalay.

ကမွတ်, *n.* the narrow board which forms the border of a coffin; a border in any board work; *comp.* ဇလီ။

ကမ္ဗလာ, 1, *n.* the *Sonneratia apetala* of Symms.

ကမ္ဗလာ, 2, *n.* a kind of Chinese carpeting, felt; a kind of cloth made of hair and wool, သားမွေးကမ္ဗလာ။

ကမ္ဗလွေ, *n.* a wrapper or case for palm-leaf books, made of cloth and bamboo splints.

ကမ္ဘလူ, *n.* a species of *Crinum* bulb, a fragrant drug imported from the Shan country.

ကမ္ဘာ, *n.* the grand cycle or period of time during which an entire revolution of nature is performed, မဟာကပ်; *in a secondary and fig. sense,* the world or *sekya* system (စကြဝဠာ), considered as

subsisting through an entire revolution, as in the phrase ကပ္ပါမီးလောင်ခြင်း, the conflagration of the world; ကပ္ပါဆွန်းတရက်ကကြား သည့်သိတင်း, a phrase used by the Bur , when being told news of an antiquated character (80).

ကမ္ဘာဦးသူ, n. a primeval inhabitant of the world, ကမ္ဘာဦးသူများနေနှင့် လတမြောက်သိသကဲ့သို့။

ကပ္ပါတန်ဆာ (*pron.* ကဗ္ဗဒ္ဒတဆာ), n. things coeval with the earth, such as rivers, mountains, lakes, rocks, the sea, etc.

ကမ္ဘာနာ, n. a disease to which a person is subject but once, as the smallpox.

ကမ္ဘာပျက်လေ, n. the wind which destroys the earth.

ကမ္ဘာမီးလောင်, v. to be burnt up, as the earth.

ကမ္ဘာရန်, n. an imperishable enmity, a deadly enmity, *lit.* an enmity which can not be appeased during the present cycle, သည်လူကျွန်ုပ် နှင့်စကားမပြောဘူး။ ကမ္ဘာရန်ဘဲ, this man and I are not on speaking terms; between us there is eternal enmity.

ကမ္ဘာလေးရပ်, n. the four kinds of trial by ordeal, *viz.* မီးထွန်း, burning candles; ဆန်ဝါး, chewing and swallowing rice; ရေလား, going under water; ခဲထောက်, thrusting the finger into melted lead.

ကမ္ဘာလေးရပ်လား, v. to undergo one of the four ordeals, မောင်မင်း ပြောသည့်စကားမှန်က၊ ကမ္ဘာလေးရပ်တရပ်ရပ်ကိုလားဝံ့ပါမည်လား, if what you say is true, will you venture to undergo one of the four ordeals?

ကမ္ဘာသက္ကရာဇ်, n. *Anno Mundi.*

ကမ္မ (Pali), n. a deed, အမှု; the accusative case.

ကမ္မချုပ်, v. to die.

ကမ္မဇရုပ်, n. the body, as produced by the influence of past deeds.

ကမ္မဇာ, a. caused by the influence of past deeds; ကမ္မဇာတံ; ကမ္မဇာလေလှုပ်, a euphemism for ဝမ်းနာ; applied to women experiencing the pains of child-birth.

ကမ္မဋ္ဌာန်း, n. a short sentence for repetition, of which there are forty; *comp.* ဘာဝနာ။

ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်း, v. to repeat sentences from the ကမ္မဋ္ဌာန်း and ဘာဝနာ; ကမ္မဋ္ဌာန်းကျစရာကောင်းသည်, said ironically when speaking of a person's bad behavior.

ကမ္မဋ္ဌာန်းရှု, v. to meditate on such sentences.

ကမ္မဝါ, n. the ordination service of the Buddhist priestood, ကထိန်ကမ္မဝါ, နာမသမုတိကမ္မဝါ, ရဟန်းကမ္မဝါ, ဝိဟာရကမ္မဝါ. These are sacred

books, generally written on copper plates, or lacquered bamboo, or on cloth, which are read aloud by priests, at ceremonies of ordination, or during the prevalence of an epidemic.

ကမ္ဘဝါစာ, *n.* the writing containing the ordination service.

ကမ္ဘဝါစာဘတ်, *v.* to read the said ordination service.

ကမ္ဘသကာ, *n.* one's own destiny, ထောင်ထဲသို့ရောက်သည်မှာ၊မည်သူ့ကြောင့်မဟုတ်၊မင်းကမ္ဘသကာဘဲ, your going to jail is on account of no one; it is your own destiny, *i.e.*, your own fault, သဗ္ဗေသတ္တာကမ္ဘသကာချည် ဘဲ။

ကမ်စေ်, *n.* the illiepie oil tree, *Bassia longifolia*.

ကမ်ဗလာ, *n.* a species of *Sonneratia* resembling the weeping willow, found in low marshes near the mouths of rivers.

ကမ်း, 1, *n.* the bank of a river, lake, or sea, ကမ်းနားသို့တိုက်သွားကြသည်။

ကမ်းခြေ, *n.* the foot or bottom of a bank.

ကမ်းခြေသောင်ခုံ, *n.* a sandy beach, ထားဝယ်မြို့နှင့်ခရီးသုံးတိုင်ခွဲကွာ မောင်းမကန်အရပ်တွင်၊ကမ်းခြေသောင်ခုံအလွန်သာယာသည်; ကမ်းခြေသောင်ပြင်, a beach, strand, ကမ်းနား။

ကမ်းငူ, *n.* a projecting bank.

ကမ်းစောက်, *n.* a steep bank, a cliff, bluff.

ကမ်းထစ်, *n.* a natural recess in the side of a bank; a terrace.

ကမ်းထိပ်, *n.* the top of a bank.

ကမ်းနဖူး, *n.* the front of the top of a bank. ရေ၊ ကမ်းနဖူးကိုနမ်းပြီ။

ကမ်းပါး, *n.* a steep bank.

ကမ်းပါးစောက်, *n.* same as ကမ်းပါး။

ကမ်းပါးပြတ်, *n.* a breach in a high bank, a chasm, gulf. ချောက်။

ကမ်းပါးလျှော, *n.* a sloping bank.

ကမ်း, 2, *v.* to hand, transmit with the hand, လှမ်း၍ပေးသည်; to give, grant, bestow, ပေးသည်. *Der.* အကမ်း and ပေးကမ်း။

ကမ်းလှမ်း, *v.* same as ကမ်း, ရေပူရေချမ်းကမ်းလှမ်း၍လိုက်ပါရမည်အကြောင်း, an expression used by an inferior to a superior, when making an offer of personal service.

ကမ်း 3, *n.* the king crab, ဂဏန်း။

**ကမ်းယံ**, *n.* a section of the Burmese race, which in the first century of the Christian era occupied the southern part of Arakan, လူကမ်းယံ။

**ကမျှည်းနို့**, *n.* a small species of tick.

**ကမြင်း**, *v.* to be immodest, shameless in deportment and conduct, ကလက်သည်, ကနေ့သည်; ကုပ်ကမြင်း, a slyly lascivious person.

**ကမြင်းထီး**, *n.* a shameless, impudent fellow (a term of reproach used by women to men).

ကမြင်းမ, *n.* an immodest. wanton woman (a term of reproach used by men to women, and by women to each other).

ကမြစ် (from ကန့် and မြစ်), *v.* to prohibit, as a parent or teacher; *mostly used in combination with* ဆုံးမ; ဆိုဆုံးမကမြစ်တားလျက်သား နှင့် သူသွားခိုးသေးသည်, notwithstanding he had been spoken to and forbidden, he still went and committed theft.

ကမြော, *v.* to be light, vain, wanton; *less than* ကမြင်း, *and* ကလက်။

ကမြိုင်, *n.* a species of *Butea*, a leguminous plant.

ကယ်, 1, *v.* to deliver from some evil, to save, to rescue, ရှင်ဒေဝဒတ်ကို မြတ်စွာဘုရားကယ်ပါသော်လည်း၊ မြတ်စွာဘုရားစကားကိုနားမထောင်၍၊ မဟာအဝိစိသို့ကျရသည်။

ကယ်ချွတ်, ကယ်ဆယ်, ကယ်တင်, ကယ်နုတ်, ကယ်မ, ကယ်ယူ, *v. see the parts.*

ကယ်ပါစု, ကယ်ပါရွာ, *n.* a spot appropriated to the residence of beggars, grave-diggers, ပန်းတနော်နှင့်ညောင်တုန်းမြို့ဖျားနားမှာ ကယ်ပါရွာကပ်နေသည်။

ကယ်လွှတ်, *v.* to deliver from, ခြင်္သေ့တို့မှကယ်လွှတ်တော်မူပါ။

ကယ်, 2, *v.* to be distended, puffed, swollen, as the stomach or bowels, အယ်သည်, သည်အကလေးသံရှိသောကြောင့်၊ဝမ်းကယ်နေသည်, ကျွန်ုပ်အစာမကြေသောကြောင့်ဝမ်းကယ်နေပြီ။

ကယ်, 3, *v.* to be oblique, sidewise in position or action; chiefly used in playing marbles and similar games; ရေစီးအားကြီးသောကြောင့်၊ လယ်ကွက်ထဲသို့၊မြောင်းကလေးနှင့်ကယ်ချရသည်။

ကယ်ကယ်, *adv.* aslant.

ကယ်ပေါက် (*pron.* ဂယ်ပေါက်), *n.* a concealed passage under ground, made by some animals, ကြွက်တွင်းများ, ကြွက်များတွင်းမကြီးကဖယ်၍၊ လူများတူးသောအခါမတွေ့ရအောင်၊ကယ်ပေါက်ကိုဖောက်၍အောင်းနေသည်။

ကယုကယ (from ယုယ, to take tender care of), *adv.* with tender care, မဆိုကြီးသားသမီးများကိုအလွန်ကယုကယပြုသည်။

ကယော, 1, *n.* the *Congea*, of which at least three species grow in Burma.

ကယော, 2, *n.* blind aloes; *see* တယော, 2.

ကယောက်ကယက် (from ယောက်ယက်), *adv.* restlessly, fidgetingly, meddlesomely, disorderly, as children; သည်မြို့မှာအစိုးရမရှိသောကြောင့်၊ ကယောက်ကယက်ရှိနေပြီ။

ကယောင်ကယင်, *adv.* disorderly in mind, at random; ကယောင်ကတင်။

ကရ, *adv. equivalent to* သမျှ, as much as, တွေ့ကရပြောသည်, *lit.* he speaks whatever he finds, or, he says whatever comes into his head first; မြင်ကရကောက်ယူသည်, he picks up whatever he sees.

ကရကဋ် (Pali ကက္ကဋကော, a crab), *n.* Cancer, the fourth sign of the zodiac, ကရကဋ်ရာသီ (June).

ကရကတ်, *n.* a kind of bird, said to live in stagnant water, to be ruddy in color, and like a duck in appearance.

ကရင်, *n.* a Karen, one of the race of Karens, ကရင်အကြီးအကဲကရသည့်အခွန်, Karen Hill Chief's tribute; ကုလားမှာသခင်၊ ကရင်မှာဘုရား၊ မြန်မာအလကား။

ကရက်ကိုနာ, *n.* a species of leprosy, နွေးကရက်ကိုနာ။

ကရင်နီ, 1, *n.* a Red Karen.

ကရင်နီ, 2, *n.* a species of large ant commonly found on trees, the bite of which is painful.

ကရင့်ကသီ, *adv.* trailingly; *see* ဒရင့်တသီ။

ကရဇာ (Pali ကရ, to do, and ဇာ, produced), *a.* produced by the operation of an agent, ကရဇာပြုသည်။

ကရဏ (Pali), *n.* the instrumentive case in Pali grammar.

ကရမက်, *n.* the bastard sandal tree, said to grow only in the Mergui district; *see* အကျော်။

ကရမက်ဆီ, *n.* an oil manufactured from the wood of the bastard sandal tree; used as an unguent.

ကရဝိတ် (ငှက်) (Pali ကရဝိတ), *n.* Garuda, the carrying bird of Vishnu, which has been brought into Burmese mythology with the other prominent objects of the Hindu pantheon (31).

ကရဝေး, *n.* a species of *Laurus*, very plentiful at Tavoy, much used for making the walls of houses.

ကရာနီ (Beng.), *n.* a court writer, able to use foreign tongues.

ကရား, *n.* a pitcher or jug with a spout; လက်ဖက်ရည်ကရား, a teapot.

ကရားနှုတ်, *n.* the spout of a pitcher, လက်ဖက်ရည်ကရားနှုတ်ဘဲ့နှယ်ကျိုးသွားသလဲ, how did the spout of the teapot get broken off?

ကရိယာ (Pali), *n.* a deed, action, အပြု, အကျင့်; a verb; appendages, utensils, အသုံးအဆောင်, သည်သခင်မှာ ကရိယာ အသုံးအဆောင် အများရှိသည်, this gentleman has much furniture.

ကရုဏာ (Pali), *n.* pity, compassion, သနားခြင်း။

ကရုဏာဒေါသ (Pali), *n.* a blending of anger and compassion, မုန်းချစ်သနား, သူသားသမီးကို ဆုံးမသော်လည်း၊ ကရုဏာဒေါသနှင့်သာ ဆုံးမသည်၊ အနာတရအားဖြင့်မဆုံးမ, although he chastens his children, he does so only in a manner in which anger is tempered with compassion, not severely.

ကရုန်းကရင်း (from ရုန်းရင်း), *adv.* in the way of making a tumult, in

a disorderly manner, သူ့အိမ်ထက်မှာတက်၍ကရုန်းကရင်းမပြုသင့်။ ပြုသည့်အတွက်မင်းအပေါ်၌ငွေအစိတ်တပ်လိုက်သည်, you had no right to go up into his house and make a disturbance; for doing so, I inflict upon you a fine of twenty-five rupees.

ကရဲကစဲ, *adv.* out of order, helter-skelter; *see* ကစဲကရဲ။

ကရော့ကရည်, *adv.* in a loose, careless, perfunctory manner, မသေမချာ. သည်မြေတိုင်းစာရေး မြေကိုကရော့ကရည် မသေမချာ တိုင်းသောကြောင့်၊ ကျွန်ုပ်ထပ်မံ၍အကုန်ပြန်တိုင်းရဦးမည်။

ကရော်ကမည်, ကရော်ကမယ်, *adv.* in a contemptuous, ridiculing, flippant manner, tauntingly, insultingly, as one introducing irrelevant, nonsensical remarks in grave conversation, ဖျက်ပြယ်ပျက်ယယ်ပြုရသည်နှင့်, သရော်သည်နှင့်။

ကရော်ကမည်ပြု, *v.* to fleer, to deride.

ကရော်ကမည်ပြောချက်, *n.* a quib.

ကရော်ကရည်, *adv.* same as ကရော်ကမည်။

ကရိဏ်း, *n.* the instrumentive case in Pali grammar; *see* ကရဏ။

ကရို့, *see* ကွရို့, *pron.* you, the plural of ကွယ်။

ကရွတ်, *n.* a stand for pots or jars, made of rattan or rope, intertwisted into a ring.

ကရွတ်ကင်းရှောက်စကားပြော, *v.* to beat about the bush in speaking, to use circumlocution.

ကရွတ်ခွေ, *n.* same as ကရွတ်။

ကရွေး, *n.* Martaban camphor wood. The Karens call the tree *galanga*, from its fragrance.

ကလွဲကချောင်း, *adv.* contrarily, at cross purposes, with a design to puzzle and mislead, သည်လူကျွန်ုပ်တို့အကြားမှာ ကလွဲကချောင်းစကားပြောသောကြောင့်၊ကျွန်ုပ်အကြံပျက်သွားသည်; out of the natural or regular shape, as the limbs of the body after a paralytic stroke.

ကလွဲ ချောင်းပင်း, *adv.* same as ကလွဲကချောင်း။

ကလက်, 1, *v.* to behave in a shameless, immodest way, as a woman, သည်မိန်းမ အလွန်ကလက်သည်၊ မကြာမီပျက်စီးလိမ့်မည်; *see* ကမြင်း။

ကလက်, 2, *n.* a species of vinewort, the *Leea staphylea.*

ကလက်သိမ်, *n.* a tall shrubby perennial, the *Leea crispa.*

ကလဒက်, *n.* a piece of wood hollowed out, with a longitudinal slit in one side. This is beaten three times a day in Burmese Buddhist monasteries, to call the boys to their lessons.

ကလဒက်ခေါက်, *v.* to beat a ကလဒက်။

ကလန်, ကလန်သံပျှင်, *n.* an official of inferior rank; *comp.* သူကြီးကလန်၊

ကလနား (from ကန့်လန့်နား), *n.* a selvedge, ပုဆိုးကလနား, ထမိကလနား။

ကလပ်, *n.* a low stand with a concave surface, a salver.

ကလယ်, *n.* a Hindu.

ကလလ, *n.* the embryo in the first stage of conception, ရေကြည်ကလလ; *comp.* အမြှုပ်, and သားတစ်။

ကလလံ, or ကလန့်, *n.* a narrow waistcloth (ပုဆိုးနံငယ်) worn instead of a *puhso*, by Burmese men who are employed in any laborious occupation, as fishermen, carpenters, coolies, cultivators, boatmen.

ကလာပ် (Pali ကလာပေါ), *n.* a collection, union of several, အစုအပေါင်း။

ကလာပ်ရှစ်ပါး, *n.* the eight collections, အဋ္ဌကလာပ်, *viz.* ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသာ, and ဩဇာ, *which see.*

ကလိ, 1, *v.* to irritate or tickle, as the ear, by introducing a feather and twisting it about; *comp.* ကျုပ်, 6; to tease by impertinence or petty annoyance, to vex; one kind of နှောင့်ယှက်; to instigate by continually importuning, as a woman her husband, ယောကျ်ားတော်တော်ပင်အမှုလုပ်ချင်သည်၊မိန်းမကလိလွန်းလို့အမှုလုပ်ရသည်, this man hardly wants to bring a case (in court); it is owing to his wife being exceedingly importunate that he is obliged to do so.

ကလိထိုး, *v.* to tickle, အကလေးငိုနေသည်ကို ရယ်အောင်ခါးကိုကလိထိုးသည်, in order to make the crying child laugh, he tickles him in the small of the back.

ကလိ, 2, *n.* a species of *Coix* millet; *see* ကြိတ်။

ကလိပေါက်ပေါက်, *n.* parched millet.

ကလိမှင်, ကလိရှည်, ကလိသိမ်, *n.* varieties of *Coix*.

ကလိန်းကလက်, *adv.* unsteadily, discomposedly, rocking from side to side, ဏ္ဍြေမရသည်နှင့်,သည်လူဏ္ဍြေ မရနိုင်ဘူး၊ ကလိန်းကလက် အလွန်နိုင်သည်, this man cannot be composed, he behaves in a very unsteady manner.

ကလိမ်, *n.* a species of leguminous plant, the *Guilandina bonduc*.

ကလိမ်ကလည် (from လိမ်လည်), *adv.* in a circumventing, deluding, swindling manner, သည်မြို့အုပ်တရားသူကြီးပြုလုပ်သည်မှာ၊ ကလိမ်ကလည် အလွန်နိုင်သည်။

ကလိကမာ (from ပလိ and လိမ္မာ), *n.* falsehood, deceit, fraud; *comp.* ဗလောင်းဗလဲ။

ကလိကမာနိုင်, *v.* to have a facility for lying, to be much addicted to lying; သည်လူကလိကမာနိုင်လွန်းလို့၊ မည်သည်အခါမျှပြောလို့ ယုံဘွယ်မရှိ, this man is so exceedingly addicted to lying, that he can never be believed when he speaks.

ကလူ, *v.* to divert, amuse, as a child, မြူသည်; *see also under* ညှည်းဆဲ, နှိပ်စက်, and အနှိင်အထက်။

ကလူကလဲ, *adv.* caressingly; *see* ပါးလူးပါးလဲ။

ကလူစား, *v.* to amuse one's self.

†ကလူကွက်, *n.* a species of water hen, the *Gallinula Javanica.*

ကလေဝရ (Pali, a rotten carcase), *a.* totally useless, good for nothing, အသုံးမရသော, သည်ခွေးကိုမြှပ်မည်လူမရှိသောကြောင့်၊ ကလေဝရသက်သက်စက်ဆုပ်ရွံရှာဘွယ်ရာဖြစ်ပါသည်။

ကလေး (from အကလေး), *a.* young; small, little; *v.* to act childishly, or in an undignified manner; ကလေး *is often incorrectly employed as a diminutive when* ငယ် *should be used.*

ကလေးကလား, *adv.* in an unmanly, childish manner, childishly; one kind of သေးနှပ်; ကလေးကလားနှိင်သည်, သည်ရွာလူကြီးအလွန်ကလေးကလားနှိင်သည်, this village elder behaves in a very childish manner.

ကလော (ပင်), *n.* western cassia, the *Cassia occidentale.*

ကလောင်, *n.* a pen, မင်တံ, ကလောင်သွား။

ကလော်, *v.* to raise out of place, as with a lever, ကော်သည်, မြှောသည် လူနားကို လာသောအခါ၊ ကိုက်မည်စိုးသောကြောင့်၊တုတ်ဖြင့်ကလော်၍ပစ်လိုက်သည်, being afraid that the snake would bite some one when he came near the people, he raised it up with a stick and flung it away.

ကလော်ဆဲ, *v.* to reproach, revile in unmeasured terms; *see* ကော်ဆဲ။

ကလိုင်, *n.* a seat, used on toddy palms, by toddy-palm climbers.

ကလျာ, *n.* a woman who has been once married and remains single for ever after(?); *comp.* ကညာ။

ကလျာဏ (Pali), *n.* goodness.

ကလျာဏပုထုဇဉ် (*pron.* ဇဉ်), *n.* a good, virtuous person; *opposed to* အန္ဓပုထုဇဉ်; applied to a priest, ကလျာဏပုထုဇဉ်ဖြစ်သောသင်္ဃာတော်။

ကလျာဏမိတ်ဆွေ, *n.* a trusty, upright friend.

ကလွန်တောင်, *n.* the giant shell, ကျားလက်သည်း။

ကလွာ, *n.* the *Cerbera manghas*, the leaves and bark of which are said to be similar to senna, in their medicinal properties.

ကဝိ (Pali), *n.* a wise man. ပဏ္ဍိတ, ပညာရှိ, ပါဠိဆရာကဝိအရာသို့မြောက်ထိုက်သောသူဖြစ်သည်. ကဝိ *is a term in modern parlance,* used to denote anything of superlative excellence; ဇော် (ဇော်ဂျီ), ဝိဇ် (ဝိဇ္ဇာ) and ကဝေ are also used in the same way; စကားအရာမှာကဝိပါဘဲ, ကျွန်တော်မြင်းကဝိကလား (*Colloq.*).

ကဝေ, *n.* a kind of wizard, ကိုးမှော်တတ်မြောက်လျှင်ကဝေအရာသို့ရောက်သည်,

when one is perfected in the nine magical influences, one arrives at the rank of a *kawe.*

ကသစ်, *n. mutchi* wood, the *Erythrina Indica.*

ကသစ်ခါး, *n.* bitter-wood; *see* သစ်ခါး။

ကသစ်ဆူး, *n.* a species of cosmetic wood, erroneously supposed to be the thorn of the ကသစ် tree.

ကသည်း, *n.* a Kathe, ကသည်းလူမျိုးမြင်းစီးခြင်း၊နှိပ်ခြင်း၊အချိတ်ပုဆိုးရက်ခြင်းမှုများကိုတတ်မြောက်ကြသည်, the Kathes are skilled in horsemanship, shampooing, and weaving zigzag patterned *puhsoes*; ကသည်းမြင်း, the Kathe cavalry (in the Burmese time).

ကသယ်, *n.* a species of shrub the leaves of which are intensely bitter, the *Samadera lucida.*

ကသယ်မှုန့်, *n.* a kind of powder used as a cosmetic, မျက်နှာချယ်လှယ်မှုန့်။

ကသိကအောင့် (from သိသိ and အောင့်), *adv.* in a suffering state, from severe treatment; in a rough manner, unfeelingly, အကလေးကိုချီသောအခါ၊ကသိကအောင့်မချီပါနှင့်, သည်ဆရာဝန်သူနာများကိုကုသောအခါ၊ကသိကအောင့်မညှာမတာကိုင်တွယ်၍ကုတတ်သည်။

ကသီကရီ (from သီ, to trail), *adv.* in hurried disorder, သုတ်ပြေးသုတ်ပြာ, implying fatigue and exertion, မိုးနဲ့ကလာသောရှမ်းများ၊ ကသီကရီဝန်ထမ်း၍၊ မန္တလေးမြို့သို့ဆင်းလာကြသည်။

ကသီလင်တ, *adv.* same as ကသီကရီ။

ကသောက်ကရောက်, *adv.* rudely, outrageously, in a rowdyish and disorderly manner, ကရင်လူမျိုးအရိုးကောက်ပွဲကိုခံလျှင်၊အရက်သောက်၍ကသောက်ကရောက်မြေကြီးပေါ်မှာလဲနေကြသည်။

ကသောက်ကသက်, *adv.* same as ကသောက်ကရောက် (*obsolescent*).

ကသောင်းကနင်း, *adv.* roughly, violently (in deed or word), ကြမ်းတမ်းစွာကသောင်းကနင်း ဆဲရေးငေါက်ငမ်းကြသည်။

ကသိုဏ်း (Pali ကသိဏံ, all), *n.* one kind of ကမ္မဋ္ဌာန်း, in which sundry elements and other objects are considered synthetically (32).

ကသိုဏ်းကွက်, ကသိုဏ်းဝန်း, *n.* a circular spot made to gaze upon, while meditating on the ကသိုဏ်း sentences.

ကသိုဏ်းပြု, *v. fig.*, to have the mind set exclusively on (an object), to idolize, ကသိုဏ်းပြု၍ရှုသည်။

ကသိုဏ်းရှု, *v.* to meditate on the ကသိုဏ်း sentences.

ကသွမ်းကသော့, *adv.* in a dissolute, wanton manner.

ကသွဲ့ကနွဲ့, *adv.* wheedlingly, coaxingly; က နွဲ့ကလျှ (*rare*).

ကံ (Pali ကမ္မ), *n.* a deed, action, ပြုသောအမှု, ကျင့်သောအကျင့်; the

secret influence of an action on one's future destiny, luck, ကံ၌မှ ထင်ပေါ်သည်။ဥာဏ်၌မှမြင်မြော်သည်။

ကံကုန်, *v.* to die, ကျောင်းတကာဦးမြတ်ညိုကံကုန်ရှာပြီ။

**ကံကောင်း**, *v.* to be subject to the influence of a good action, to be lucky, fortunate, နံနက်ကလမ်းရှောက်သောအခါ၊ ကံကောင်း၍ မြွေဟောက် တကောင်ကျွန်ုပ်ကိုမပေါက်, owing to my good luck, a cobra did not strike me this morning, while walking along the road.

ကံကြီးကံငယ်ဆောင်, *v.* to perform all incumbent duties, ကျွန်ုပ်ကသည် ဆရာကြီးထံမှာကံကြီးကံငယ်ရွက်ဆောင်၍နေပါသည်, I perform all incumbent duties in the presence of the great teacher.

**ကံပြမ်း**, *v.* to die, as the royal white elephant.

ကံစွန့်ကံငြား, *adv.* in the way of risking everything in order to attain one's object.

ကံဆိုး, *v.* to be subject to the influence of a bad action; to be unlucky, unfortunate, ဘယ်အရာကိုပင်ကျွန်ုပ်ကြံသော်လည်း၊ ကံဆိုးလှသော ကြောင့်၊စီးပွားမဖြစ်နိုင်ပါ, owing to my luck being so exceedingly bad, no profit accrues from anything I plan.

ကံထိုက် (ပြိုင်), *v.* to be upright and straightforward (in a pony race, or boat race), to race fair, ကံအလျောက်ကံဖြစ်စေတော့, ကံထိုက်မပြိုင်ရ သောကြောင့်ကျွန်ုပ်မည်သည့်အခါမျှမြင်းချင်းမစပ်လိုပါ, as I am not allowed to race fairly (with this man), I do not wish, at any time, to match my pony with his.

ကံနိမ့်, *v.* to be subject to the influence of a past evil action, to be unlucky.

ကံနှိုးဆော်, *v.* to feel impelled by a presentiment to do something (in consequence of which some danger, or something disagreeable is averted, or some benefit is gained), ကံနှိုးဆော်သောကြောင့်၊ကျွန်ုပ်ကမန္တလေးမြို့သို့သွား၍ ၁၀၀၀၀ဝိ ထည်ပေါက်ခဲ့သည်, having a presentiment, I went to Mandalay and drew a ten-thousand-rupee lottery ticket.

ကံဖြစ်, *v.* to die.

ကံမြောက်, *v.* to be consummated, as an act.

ကံသုံးပါး, *n.* ကာယကံ, ဝစီကံ, မနောကံ, *which see.*

†ကံကျေး, *n.* one who furnishes food for man or beast, in government employ; *sometimes expletive, see under* ရိက္ခာ, and လက်ခ; a sutler; ကံကျေးမွေးအိမ်, သည်ရွာသားများ စစ်သည်များနောက်မှာဝန်ထမ်း၍ ကံကျေး လုပ်လိုက်ကြရသည်, these villagers are obliged to follow the forces, carry baggage, utensils, etc., and to supply provisions.

ကံကျေးလက်ခ, *n.* wages, stated pay, လက်ခကံကျေး။

ကံနဒို, *n.* the croton oil plant, မြန်မာလူမျိုးကံနဒိုစေ့ကိုဝါတ်သက်ဆေးဘော်၍အသုံးအစွဲပြုကြသည်, the Bur... people make a medicine of the seed of the croton oil plant, which they use as a purgative.

ကံ့ကော်, *n.* the *gangaw* tree, *Mesua pedunculata*, the flower of which has ivory white petals and deep yellow stamens (33).

ကာ, **1**, *n.* a shield of any kind; *comp.* ဒိုင်း, and လွှား။

ကာ, **2**, *v.* to make a barrier, to cover on the side, to put up the side of a house, room, fence, etc., အကာလုပ်သည်; to make a barrier against, ward off, debar, ကွယ်ကာသည်; ခင်ဗျားအိမ်ပျဉ်နှင့်ကာသလား၊ရိုင်နှင့်ကာသလား, have you made the walls and partitions of your house of wood or bamboo mats?

ကာကြို, *v.* ကာကြိုလျှောက်ထားခြင်းဖြစ်ပါသည်, to petition in the way of forestalling.

ကာဆီး, *v.* to fend off, forefend, မောင်ဖြူအမှုဖြစ်မည်ကြံသောအခါ၊မောင်ကြာညိုက၊ကာဆီး၍ဖျက်သည်, when Maung Pyu was about to get into trouble, Maung Kya Nyo interposed and prevented it.

ကာပြန်, *v.* to act ungratefully, မင်းကိုအကြိမ်ကြိမ်မစပါလျက်နှင့်၊ဤကဲ့သို့ကာပြန်ရန်အနည်းငယ်မျှမလျော်ပါ။

ကာရန်း, *v.* to make a barrier on the side (*obs*).

ကာရံ, *v.* to make a barrier around.

ကာ, **3**, *verbal formative*; *see Gram. sec.* 125, 5.

ကာနသုခ (Pali ကဏ္ဏ, the ear, and သုခ, pleasure), *n.* the gratification of the ear, နားသာပျော်ဘွယ်ရာ, မြစ်ကွေ့ဆရာတော်ကြီးကိုကာနသုခရှိအောင်လျှောက်သောကြောင့်၊ကျွန်ုပ်အားပေစာများစွာပေးသည်။

ကာမ (Pali), *n.* sensual desire, passion, လောဘ, တဏှာ; *comp.* ရာဂ; lust, ကိလေသာ; hence ဝတ္ထုကာမ, the desire of outward things; ကိလေသာကာမ, libidinous desire.

ကာမဂုဏ် (Pali ဂုဏ), *n.* an object of sensual desire; sensual enjoyment, ကာမဂုဏ်ခံစားခြင်း; ကာမဂုဏ်ငါးပါး, ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ; ကာမဂုဏ်ပူပန်, ကာမဂုဏ်မှိုဝဲ။

ကာမဂုဏ်ခိုး, or ကာမခိုး, *v.* to commit adultery (*Law*).

ကာမဂုဏ်စည်းစိမ်, *n.* sensual delights and pleasures.

ကာမတဏှာ, *n.* same as ကာမ။

ကာမဒိုင် (ယောကျ်ား), *n.* a husband (*Law*).

ကာမဘုံ, *n.* the worlds of passion; *see under* ဘုံ။

ကာမမြောက်, *v.* to be consummated, as the act of sexual intercourse, ကာမစပ်ရှက်ရန်အထမမြောက်သေးပါ။

ကာမရည်, *n.* semen, သုက်, သုက်ရည်, သုက်သွေး, ရာဂရည်။

ကာမရာဂ, *n.* lust, concupiscence, ကာမရာဂစပ်ရှက်ခြင်း။
ကာမဝိတက်, *n.* sensual cares and anxieties.
ကာယ (Pali), *n.* the body, ကိုယ်; a collection, အပေါင်းအစု။
ကာယကံ (Pali ကမ္မ, a deed), *n.* a deed performed by the body; *comp.* ဝစီကံ and မနောကံ။
ကာယကံရှင်, *n.* the principal in a crime, or the one who commits a crime, somewhat like လက်သည်, အမှုပြုရင်းရှင်, ငွေကိုသတ်သည်လက်သည် ကာယကံရှင်မည်သူလဲ, ငမောင်ကိုထောင်းသည့်ကာယကံရှင်မည်သူလဲ။
ကာယသိဒ္ဓိ (Pali သိဒ္ဓိ, perfection), *n.* invulnerability, ထား၊လှံ၊သေနတ်၊သန၊သစ်ချွန်ငြိးသောသူများမှာကာယသိဒ္ဓိရှိသည်ဟုဆိုကြသည်။
ကာယာယတန, *n.* the faculty of feeling; *see under* အာယတန။
ကာရဏ (Pali), *n.* a cause, reason, အကြောင်း; ကာရဏမှု, ကာရဏမမှု, *equivalent to* ဂရုစိုက်, ဂရုမစိုက်။
ကာရဏမဲ့, *v.* to be without cause or reason, ခင်ဗျားကျွန်တော်ကာရဏမဲ့အပြစ်တင်လျှင်၊ကျွန်တော်မခံဘဲရှိလိမ့်မည်, if you censure me, sir, without cause or reason, I shall not put up with it.
ကာရန် (Pali ကာရ, a letter, and အန္တ, an end), *n.* the final letter in a syllable or word.
ကာရန်ပျက်, *v.* to be ill-arranged, disconnected in speech or writing.
ကာရန်သင့်, *v.* to be properly joined, as syllables in Pali; to be well connected, smooth in speech, စကားအစီအလျှည်သင့်သည်; to be well arranged and properly placed, တော်သင့်အောင်ထားလျက်ရှိသည်။
ကာရိကာရိယ, *n.* a rule of grammar by which certain letters become interchangeable, *e.g.*, (ံ) သေးသေးတင် for မ or န, as in ရှုံး for ရှုမ်း; ဖ for ဘ, as ဖမ်း for ဘမ်း; လောကထံ for လောကစံ, etc.
ကာလ (Pali), *n.* time, အခါ။
ကာလနာ, *n.* an epidemic disease, or any prevailing disease for which there is no assignable cause (34).
ကာလပျက်, *v.* to be troublous, deranged or disturbed during the period of a rebellion, invasion, or civil war, ကာလဝိပ္ပတ္တိ။
ကာလရောဂါ, *n.* a polite term for cholera, အော့နာဝမ်းကျ။
ကာလသား, *n.* a young man in the prime of life; similar to the old English terms "gallant," and "beau," ခင်ဗျားကာလသားယောင်ဆောင်၍စိတ်နှမပေါက်ပါနှင့်, do not try to appear like a young beau, sir.
ကာလသုတ်, *n.* one of the eight stages of hell; *see under* ငရဲ။
ကာလိကာ (Pali), *n.* the food of a priest, ရဟန်းစားသောက်သောအရာ, ကာလိကာလေးပါး, ထောပတ်, ပျားရည်. တင်လဲ. ဆီဥ။
ကာလီ, *n.* the top of the hemp plant, ဆေးခြောက်ကာလီ။

ကာလီဖူး, *n.* same (*most common*), ဘင်းဖူး။
ကာလီမှုန်, *n.* same as ကာလီ (in fine grains).
ကာဠုဝက, *n.* an elephant, ဆင်။
ကား, 1, *v.* to divaricate, be stretched apart, expanded, widened; to be spread wide open, as a flower in full bloom; to stretch apart, expand, widen; to exaggerate, ကားပြောသည်, စကားကားသည်; to trade, *seldom used alone*, ကုန်ကားသည်, ဘောက်ကားသည်; သည်နှစ်သည်မြစ်ဝကားနေပြီ, this year, this river's mouth has widened out, ပန်းပွင့်ကားနေပြီ, this flower is in full bloom; မင်းတောင်းဝကိုကားအောင်ရက်ပါ, please weave the basket so as to make its mouth wide. *Der.* စောင်ကား and ဝါကား။
ကားအောင်ပွင့်, *v.* to be in full bloom.
ကားကြက်, *v.* to stretch on a လက်ဝါးကပ်တိုင်, သူခိုးကိုကားကြက်ထားသည်; *see the parts.*
ကားစင် (*pron.* ကားဇင်), *n.* formerly a crucifixion frame in U. B.; a flogging triangle in British jails.
ကားရား, *adv.* spreadingly, stridingly; sprawlingly; contrarily, waywardly, ပစပ်ကဘုရားဘုရား၊ လက်ကကားရားကားရား. *Der.* ထကားရား, ထိုင်ကားရား။
ကားရားခွ, *v.* to bestride, ကားရားခွစီး။
ကား, 2, *n.* breadth, width, as ကားကြီး, ကားလတ်, ကားငယ်, broad, middling, and narrow; applied to cloth, paper, etc.; a surface prepared for painting a picture, the background of a picture, ကားမျက်နှာ, ကားရေး, သည်ကားထဲမှာဘယ်ဇာတ်ကိုရေးထားသလဲ, which of the *zats* is represented in this picture?
ကားပေါင်, *n.* the frame of a picture.
ကားချပ်, *n.* a picture in a frame, or separate piece.
ကား, 3, *n. affix nominative, denoting the agent or subject*, သည်; as to, concerning, in regard to, မူကား; *sometimes adversative*, ဤသူကားကောင်း၏။ထိုသူကားမကောင်း, မူကား; *see Gram. sec.* 60.
ကား, 4, *adv. emphatic or designative*; *see Gram. sec.* 60.
ကိစ္စ (Pali), *n.* business, any work to be done, အမှု, အခင်း, အရေး, ခင်ဗျား ဘာကိစ္စနှင့် လာသလဲ။ သစ်ပင်အပေါ်က ညီကလေး လိမ့်ကျသည်၊ သိတင်းကြားသောကြောင့်၊အကြည့်အရှုလာပါသည်, on what business have you come, sir? I have come to look after my young brother, who, I hear, has fallen from a tree.
ကိစ္စချော, *v.* to be satisfactorily settled, as any business affair.
ကိစ္စပြီး, ကိစ္စတုံး, *v.* to be terminated, as a business or undertaking.

ကိတ်, 1, *n.* the twenty-eighth lunar asterism of ancient astrologers; *see under* နက္ခတ်။

ကိတ်, 2, *n.* one of the eight books of Pali grammar; *see under* သဒ္ဒါ ရှစ်စောင်။

ကိတ္တိ (Pali), *n.* fame, ကျော်စောခြင်း, ပဌမရှမ်းစာမေးပွဲမှာ အောင်မြင်သောကြောင့်၊တနိုင်ငံလုံးမှာကိတ္တိကျော်စောခြင်းသို့ ရောက်သည်, he has become famous throughout the country, owing to his having passed an examination in Shan, by the first (highest) standard.

ကိတ္တိမသမီး, *n.* an adopted daughter.

ကိတ္တိမသား, *n.* an adopted son, မွေးစားသား။

ကိန္နရာ, *mas.*, ကိန္နရီ, *fem.* (Pali), *n.* a fabulous animal having the body of a bird and a human face, a harpy. The Burmese say that the *Keinnaras* are to be found in the Himalayas; လူနှင့်တူသောကြောင့် ကိန္နရာမည်၏။

ကိန်း, 1, *n.* an arithmetical number, ဂဏန်းသင်္ချာမှာကိန်း, ကိန်းခန်းတာရာ, ကိန်းအတိခာန်။

ကိန်း, 2, *v.* to sleep, as a Buddh, မြတ်စွာဘုရားရှေ့သလွန်ညောင်စောင်းထက်၌ကိန်းစက်တော်မူသည်, the most excellent Buddh slumbered on a golden bedstead; *see* ကျိန်း။

ကိန်းအောင်း, *v.* to be in embryo in the womb of his mother, as a Buddh, မယ်တော်ဝမ်းထဲ၌ကိန်းအောင်းတော်မူသည်။

ကိလေသာ (Pali), *n.* heat, passion, ပူပန်ခြင်း; libidinous desire, lust, ကိလေသာကာမ; an evil quality or vice, of which there are ten kinds, *viz.* လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, and အနောတ္တပ္ပ, *which see*; ကိလေသာပူပန်ခြင်း။

ကု, *v.* to give medicine, assist in recovery from sickness, ဆေးကုသည်; ဆေးကုရ, to be curable, as a disease; ဆေးကုမရ, to be incurable. *Der.* အကုသမား။

ကုစား, ကုမ, ကုသ, *v.* same, ကျွန်တော်ဆေးကု၍စား ပါသည်, I earn a livelihood by administering medicines; သူ့ကိုကျွန်တော်ကုသ၍ ငှက်ဖျားဝေဒနာပျောက်ပါသည်, I gave him medicine, and his attack of malarial fever disappeared.

ကုသပ်, *v.* same as ကု (*infreq.*).

†ကုကူး, *n.* wild sarsaparilla, သွေးဆေးမြစ်။

ကုက္ကုစ္စ (Pali), *n.* suspense, doubt, hesitation အလိုအလိုဖြစ်ခြင်း, နှောင့်နှေးခြင်း; a contentious, disobliging and morose person, ကုက္ကုစ္စကြီး; moroseness, or the disposition to find fault, querulousness, that spirit which is equally dissatisfied with what has been done, and

what has not been done, and can never be pleased, ကုဋ္ဌုဠူသံသယ, သည်သူကိုမေး၍မရ၊ခေါ်၍မလာ၊ဘာကုဋ္ဌုဠူဖြစ်နေသည်မဆိုနိုင်ဘူး. သည်သခင်ခေါ်ဒ်း ငွေများစွာရှိပြီးသော်လည်း၊ သူ့ဒိမ်သို့ တပါးသောသူ လာလျှင်၊ ရေတပေါက်မျှမသောက်စေချင်ဘူး။အလွန်ကုဋ္ဌုဠူသဘောအားကြီးသည်။

ကုဋ္ဌိ, *n.* the leprosy, နူနာကုဋ္ဌိ၊

ကုဋီ (Pali), *n.* a building; a small building appended to a larger; a privy attached to a monastery. ရဟာန်းသုံးသောရေအိမ်, ကုဋီအိမ်။

ကုဋေ (Pali), *n.* the number of ten million, ဆယ်သန်း, ဇောတိကသူဌေး ဥတနေ့လျှင်၊ဥစ္စာဘဏ္ဍာတို့သည်ကုဋေကုဋ္ဌတက်သည်။

ကုဌ (Pali), *n.* leprosy, ကုဌနာ, နူနာ. ထားဝယ်မြို့စိရင်စု၊မောင်းမကန်နှင့်ပန်းတင်အင်းရွာများမှာ၊ကုဌရောဂါစွဲသူအများရှိကြသည် (35).

ကုတ်, 1, *n.* a lever used for prying, လှေကိုကုတ်နှင့်ကော်၍တုံးပေါ်မှာတင်သည်, the boat is raised up with a lever and placed on logs.

ကုတ်ကော်, *v.* to lift out of place, prize, as with a lever; *see* ကော်။

ကုတ်ကော်တကန် (from ကန်, to kick), *adv.* disputatiously, refractorily, ကန့်လန့်တကန်။

ကုတ်ခုတုံး, *n.* a fulcrum, မောင်းခုတုံး။

ကုတ်. *v.* 2, to scratch, လက်သည်းခြေသည်းနှင့်ကုတ်သည်; to hold fast over the shoulders, as in carrying a burden hanging at the back, or suspended at the end of a stick or porter's yoke; *see* မျှော့ကုတ်, လက်ကုတ်; to hush up anything disagreeable; ကျားကြောင်များလက်သည်းနှင့်ကုတ်သည်, tigers and cats scratch with their claws; အထက်သားများစီ ပွားကိုရှာရအောင်လာသောအခါ၊ဖါကုတ်တုတ်ထမ်း၍လာကြသည်။

ကုတ်ခြစ်, *v.* to scratch with the nails or tear with the claws.

ကုတ်ခြစ်, *v.* to mark with the nails; *see* ခြစ်။

ကုတ်ဆိတ်, ကုတ်ဖွဲ့, *v.* *see the parts.*

ကုတ်, 3, *v.* to struggle with a difficulty, endeavor to accomplish in the midst of difficulties (*seldom used alone*).

ကုတ်ကတ်, *v.* same; *chiefly used in adverbial forms*, as ကုတ်ကုတ်ကတ်ကတ်. *adv.* strugglingly, to overcome a difficulty; ကတ်ကတ်သတ်သတ်, in a dogged, resolute manner, အဓိန္နတော်ရှေ့နေကုတ်ကုတ်ကတ်ကတ်စကားပြောလို့ အမှုကိုနိုင်သည်, this advocate, owing to the persistently resolute manner in which he spoke, won the case.

ကုတ်ကို (ပင်), *n.* a species of *Acacia*, yielding large timber, the *Albizzia lebbek*. The leaves of the tree are pickled with parched sesamum, onions, oil and salt, and eaten with curry. The wood is used for making cart wheels (36).

ကုတို, *n.* a ferry, ကုတိုလှေ။

ကူတို့ကူး, *v.* to cross a ferry.
ကူတို့ကဲ, *n.* the chief or headman of a ferry.
ကူတို့ခ, *n.* ferriage.  ကူတို့ခွန်, *n.* revenue paid for a ferry.
ကူတို့စီး, *n.* one who is ferried across some body of water.
ကူတို့ဆိပ်, *n.* the landing place of a ferry, ဆင်၊ မြင်း၊ ကျွဲ၊ နွား မြစ်ကူးရန်၊ ဟသ်ာတစ်ရင်စုကြို့ရွာမှာအစိုးရကကူတို့ဆိပ်ကိုထားသည်။
ကူတို့ပို့, *v.* to ferry one across some body of water.
ကူတို့လှေ, *n.* a ferryboat.
ကူတို့သည်, ကူတို့သမား, *n.* a ferryman, ကူတို့သူကြီး။
ကုတ်ဟီး, *n.* a difficulty of breathing, ကုတ်ဟီးနာ, ပန်းနာတမျိုး; သွေး ကုတ်ဟီး, a consumptive cough, ကုတ်ဟီးနာစွဲသည်။
ကုတ်ဟီးသံ, *n.* the sound of obstructed breathing; the purring of a cat.
ကုန်, **1**, *n.* merchandise, wares, goods for sale; cargo; ထုတ်ကုန်, exports; သွင်းကုန်, imports; *see also* ချိတ်ကုန်တိုက်ကုန်, goods bought and sold by weight; ကုန်ချင်းထပ်, ကုန်ချင်းဖလှယ်။
ကုန်ကား, ကုန်ကူး, *v.* to traffic, trade; *see* ကုန်သွယ်; မန္တလေးနှင့်ဘင်္ဂလား ကိုကျွန်ုပ်ကုန်ကူးကားသည်မှာအခေါက်များစွာရှိပြီ။ မရေနိုင်ပါ, the number of times I have gone trading between Mandalay and Bengal are many; I cannot count them.
ကုန်စည်, ကုန်စလယ်, *n.* merchandise, wares; *see* ကုန်။
ကုန်တင်တွဲရထား, *n.* a railway truck.
ကုန်တင်လက်မှတ်, *n.* a bill of lading.
ကုန်တံဆိပ်, *n.* a trade-mark.
ကုန်တိုကုန်စ, *n.* remnants of merchandise.
ကုန်တိုက်လက်ဖွဲ့, *n.* a charm, used to insure profit on the sale of goods.
ကုန်ထုပ်, *n.* a bale of goods.
ကုန်ပုပ်, *n.* merchandise, which remains a long time on hand.
ကုန်ဘက်, *n.* a partner in trade, သည်သူနှင့်ကျွန်ုပ်ကုန်ဘက်ပါဘဲ, this man and I are partners.
ကုန်ဘက်စု, *n.* a company of merchants, a firm, ကုမ္ပဏီ။
ကုန်မြှောက်စက်, *n.* a crane.
ကုန်လှောင်, *v.* to store goods or merchandise.
ကုန်လှောင်တိုက်, *n.* a storehouse or godown, ကုန်လှောင်ရုံ။
ကုန်ဝင်ရန်စာရင်း, *n.* a statement of accounts in connection with expenses incurred on any public work of utility.
ကုန်သည်, *n.* a merchant, ကုန်သည်ကြီး။
ကုန်သည်ကိုယ်စားလှယ်, *n.* a commission merchant.
ကုန်သည်စာရင်းချုပ်, *n.* a ledger.

ကုန်သေး, *n.* petty articles of merchandise.

ကုန်သေးသည်, *n.* a dealer in such articles, a pedlar, huckster, ရွှေတောင်သားများမှာကုန်သေးသည်များသည်, many of the inhabitants of Shwedaung are hucksters.

ကုန်သွယ်, *v.* to traffic, trade, buy and sell, ကုန်ကားသည်, ကုန်ကူးသည်, ဘောက်ကားသည်, ရောင်းဝယ်သည်။

ကုန်, 2, *v.* to come to an end, be done, used up; to be spent, as force, strength, money, time, လကုန်လောက်သွားမည်; ယခုအမှုမှာကုန်ချင်သမျှကုန်ပါလေစေ, in this business spend as much as you please, ဥစ္စာပစ္စည်းအလုံးကုန်ပြန်၍ရရှိပါပြီ, the whole of the property has been recovered; *comp.* ဆုံး; *qual. verb. affix,* entirely, wholly. *Der.* အကုန်။

ကုန်ကျ, *v.* to be spent, ငွေတရာထက်ပိုကုန်ကျခြင်းမရှိစေရ; ကုန်အတူကျအတူမြတ်လျှင်၊မင်းနှင့်ငါမျှစားမျှဝေဘဲ, you and I will go shares in expenses and losses, and if there is any profit, we will divide equally. ကုန်အတူကျအတူ is a favorite expression with Burmans, when they combine for any undertaking. *Der.* အကုန်အကျ။

ကုန်ခန်း, *v.* to come to an end, be done, used up, ရန်သူမျိုးငါးပါးကျွန်ုပ်ကိုနှိပ်စက်သောကြောင့်၊ဥစ္စာပစ္စည်းကျွန်ုပ်မှာကုန်ခန်းခြင်းသို့ရောက်ခဲ့ပြီ, owing to my having been oppressed by the five kinds of enemies (မင်း၊ရေ၊မီး၊ခိုးသား၊လေ), my property has come to an end.

ကုန်စင်, *v.* same, ယိုးတိုးယားတားမလုပ်ပါနှင့်၊ စကားကုန်စင်အောင်ပြောပါ, do not go on in an evasive way; say all you have to say. *Der.* အကုန်အစင်။

ကုန်, 3, *verb. affix of number,* denoting the plural, ကြ, ကြကုန်, သွားကြကုန်၏။

ကုန်ကောင်းဆေး, *n.* one species of the *Morinda,* used in preparing a red dye.

ကုန်း, 1, *v.* to rise, bulge upwards; to be rounded, hump-backed; to stoop (ခါးကုန်း), bow the head and body from respect, before a superior, or because of old age, ကျွန်ုပ် အကြောတင်၍ မကုန်းနိုင်ပါ; *comp.* ကုပ် and ငုံ့။

ကုန်းကွ, *v.* to stoop respectfully, တုပ်ကွ, သည်လူဘုန်းကြီးရှေ့မှာပင်ကုန်းကွ၍မသွား၊အလွန်ရိုင်းသည့်လူ, this man is very ill-mannered; even before the *pongyi,* he does not stoop as he goes.

ကုန်း, 2, *n.* rising ground, a knoll; dry ground, land, ကြည်း; the back of an animal; *not used alone,* ကျောက်ကုန်း, ကျောကုန်း; the land, in contradistinction to water, ကုန်းကြောင်းသွားသည်။

ကုန်းကသစ်, *n.* the *Erythrina ovalifolia,* a tree common in tidal forests,

whose trunk and branches are armed with sharp prickles arising from compressed, woody tubercles.

ကုန်းကျ, *v.* to be remote from a river, as a locality.

ကုန်းကြောင်း, *adv.* by land, ကြည်းကြောင်း။

ကုန်းကွဲ, *n.* a Burmese saddle-cloth, spread under the က or saddle frame; *comp.* ခိုးနှီး and တင်ရန်း။

ကုန်းခင်း, *n.* high, level ground.

ကုန်းစင် (*pron.* ဂုန်းဇတ်), *n.* a kind of petticoat, ပိုးကုန်းစပ်ထဘီ (a mixture of silk and cotton).

ကုန်းနှီး (from နှီး, to spread out for support), *n.* a saddle, အင်္ဂလိပ်ကုန်းနှီး, an English saddle, မြင်းကိုကုန်းနှီးတင်ခဲ့ပါ, saddle and bring the horse.

ကုန်းနှီးကွဲ, ကုန်းနှီးအောက်ခံကွဲ, *n.* the pad of a saddle.

ကုန်းပတ်, *n.* the deck of a boat or ship; hence ဦးကုန်းပတ်, the deck of the forecastle; ပဲ့ကုန်းပတ်, the quarter-deck.

ကုန်းပတ်အဖုံး, *n.* the hatch of a ship's deck.

ကုန်းပတ်ကြိုး, *n.* a surcingle, ဝမ်းပတ်။

ကုန်းပတ်ထိုး, *v.* to construct a deck.

ကုန်းပတ်ပေါက်, *n.* the hatchway of a ship.

ကုန်းပေါက်, *v.* to be galled by a saddle, as a horse or his rider.

ကုန်းပေါင်, *n.* a plank with steps cut in it, to assist in passing between a boat and the shore.

ကုန်းပိုး, *v.* to carry pick-a-back, သည်အရပ်၌မြင်းလှည်းမရှိဖြစ်သောကြောင့်၊ သည်လူနာကို ဆေးသမားထံကုန်းပိုး၍မသွားလျှင်သေမည်။

ကုန်းမှုန်းမ, *n.* the Pegu *Lagerstrœmia.*

ကုန်းပြန်, *v.* to rip open a seam and sew up the opposite edges of a garment.

ကုန်းမြေ, *n.* land on which leguminous plants, sesamum, လူး, ဆတ်, cotton, or maize are grown.

ကုန်း, 3, ကုန်းချော, ကုန်းချောစား, ကုန်းချောတိုက်, ကုန်းတိုက်, ကုန်းပစ်, *v.* to excite a quarrel by mischievous representation, အမတ်ကြီးလေးပါးတို့က၊ မဟောသထာကိုအကြောင်းပြု၍၊ကုန်းချောစကားမင်းကြီးဝိဒေဟရာဇ်ထံပြောကြလေ၏။

ကုန်းစကား, *n.* language spoken to excite a quarrel.

ကုန်းမ, *n.* a mischief-making woman, သည်ကုန်းမသည် ငါ့အကြောင်းကိုမကောင်းချည်းပြောသည်။

ကုန်းသည်, *n.* a mischief-maker, a fomenter of quarrels.

ကုပ်, 1 (*pron.* ဂုပ်), *n.* the back part of the neck, လည်ကုပ်။

ကုပ်ဆက် (*pron.* ဂုပ်ဇက်), *n.* the back part or nape of the neck.

ကုပ်, 2. *v.* to tread, copulate, as a male bird.

ကုပ်. 3. *v.* to jot, mark down, note, as in a list of items. စာရင်းက လေးခွဲမှတ်ထားသည်, ကြေးစငွေစချေးသောအခါ စာရင်းကုပ်၍မှတ်ထားသည်; *comp.* ခြစ်။

ကုပ်, 4, *v.* to be curved, bent down at the end, bowed down; to crouch from pain or fear; to conduct in a humble, unpretending, unostentatious manner, သည်လူငွေရှိသော်လည်း အလွန်ကုပ်သည်, although this man has money, he is very unostentatious; မျောက်များ ဆောင်းကာလအခါ၌ ချမ်းလွန်းလို့၊ သစ်ပင်ထက်မှာကုပ်၍ထိုင်တတ်သည်; *comp.* ကုန်း, 1, and ငုံ။

ကုပ်ကမြင်း, *n.* a slyly lascivious person.

ကုပ်ကုပ်, *adv.* unostentatiously, unpretendingly, ploddingly; whence တကုပ်ကုပ်, same.

ကုပ်ကုပ်နေ, *v.* to cower.

ကုပ်ကုပ်ရှပ်ရှပ်, *adv.* (sitting) in a neat, respectful, and modest manner. သည်မိန်းမကုပ်ကုပ်ရှပ်ရှပ်ထိုင်နေသည်, this woman sits in a neat and modest manner.

ကုပ်ဝိုသွား, *v.* to go round (a point of land).

ကုပ်ကုပ်ကွေးလွေး, *adv.* (lying) with the limbs bent and curved, as a number of young animals just littered, or birds just hatched, ကုပ်ကုပ်ကွေးလွေးကြက်ကလေးများကိုကြက်မကြီးရင်ငွေ့နှင့်မွေးရသည်။

ကုပ်, 5, (from ကုတ်. a lever), *n.* a stick thrust down under the edges of an open vessel, to press down and secure the contents.

ကုပ်ထိုး, ကုပ်နှိပ်, ကုပ်သတ်, ကုပ်သိပ်, *v.* to press down and secure with the said stick, *e.g.*, *ngapi*, pickled fish, lime pickle, etc.

ကုပ်, 6, *n.* a kind of snare; *comp.* ကျော့ကွင်း and ညွတ်။

ကုပ်ကား, *n.* a curved stick or bamboo used to connect a flag to its staff, လှေကြီးများရွက်တိုင်ဖျားမှာလေ၏အကြောင်း ကိုသိရန်၊ကုပ်ကားလံ စိုက်ထားသည်, vanes are placed on the top of masts in large boats, in order to know about (the direction of) the wind.

ကုပ်ကားတံခွန်, *n.* a streamer connected to its staff by a ကုပ်ကား။

ကုပ်ကားလံ, *n.* the vane used on a boat or ship.

ကုပ်ခလောင်, *n.* the Asiatic barbet.

ကုမ္ပဏီ (Eng.) (*pron.* ဂုမ္ပဏီ), *n.* a company; formerly the East India Company, ကုမ္ပဏီပိုင်သည်, ကုမ္ပဏီပစ္စည်း; ကုမ္ပဏီ is also applied to the holders of government licenses for the sale of opium, pork, beef, etc., ဘိန်းကုမ္ပဏီ, ဝက်သားကုမ္ပဏီ။

ကုမ္ဘဏ် (*pron.* ဂုမ္ဘဏ်), *n.* a monster included among the *bilus* (ဘီလူး).

ကုမ္ဘဏ်ရက္ခဘီလူး; one of the monsters "of immense size and disgusting form who guard the palace of the Sekra on the south." M.B.

ကုမုဒရာ (Pali), *n.* a fabulous lily, ကုမုဒရာကြာ။

ကုလလေးတာ (Pali ကုလ, and လေး, a bow), *n.* the measure of four cubits or a fathom, five hundred of which constitute the distance from a village, at which a တောရကျောင်း may be erected, ကုလလေး တာအပြန်ငါးရာ။

ကုလား (Pali), *n.* a race, အမျိုး; one whose race is distinctly marked, a caste person; a native of any country west of Burma; a foreigner; ကြက်တူရွေးကုလား, the black billed parrakeet; ပိန္နဲကုလား, one kind of jack fruit.

ကုလားအပ်, *n.* the oblong-eyed needle.

ကုလားအုပ် (Pali ဩဋ္ဌ), *n.* a camel or dromedary.

ကုလားအုပ်ဆောင်းထပ်, *n.* the smaller division of the stomach (of bullocks, etc.); *see* ဆောင်းထပ်။

ကုလားအော်, *n.* a square iron lever, with a ring for a fulcrum, a crow.

ကုလားကပ်, *n.* a species of curlew.

ကုလားကာ (*sometimes written* ကန့်လန့်ကာ), *n.* a curtain or screen.

ကုလားကောက်, 1, *n.* an innocuous estuary serpent, ကနကုပ်။

ကုလားကောက်, 2, *n* the curlew, ဓိန်းမလက်သည်းငှက်။

ကုလားချေး, *n.* a term of contempt applied to natives of India.

ကုလားစပါး, *n.* wheat; *see* ဂျုံ။

ကုလားစောင်း, *n.* a species of Indian fig, prickly pear, *Opuntia Dillenii.*

ကုလားစောင်းလက်ဝါး, or ကုလားလက်ဝါး, *n.* a species of Indian fig, *Opuntia cochinillifera.*

ကုလားတဲ, *n.* a cloth tent, အိမ်ဖြူ (*more common*).

ကုလားထိုင်, *n.* a chair, ကုလားထိုင်ထိုးပေးပါ။

ကုလားနက်, *n.* a black foreigner, as a native of India.

ကုလားရှိ, *n.* a peg driven in a tree or post to facilitate ascent, ရှိတမျိုး; the round handle of a drawer or door, ဂျင်ဖု; the loop of a screen or mosquito curtain, ကုလားရှိကွင်း။

ကုလားပဲ, *n.* gram, the *Cicer arictinum.*

ကုလားပဲကြိတ်, *n.* a gram mill.

ကုလားဖြူ, *n.* a white foreigner, as an American or European; a species of jack fruit, ပိန္နဲသီးကုလားဖြူ။

ကုလားမခြေထောက်, *n.* stilts.

ကုလားရွှေ, *n.* tinsel, ကုလားရွှေကိုတလားပြောသောင်များမှာသုံးကြသည်။

ကုသလ (Pali), *n.* merit, ကုသိုလ်, ကောင်းမှု။

ကုသလဝိပါက်, *n.* the reward of merit, ကောင်းကျိုး (37).

ကုသီထမင်း, *n.* rice distributed at a royal funeral (placed beside a corpse), ကုသီထမင်းမသာတော်များမှာသုံးသည်။

ကုံ, 1 (Pali ကုမ္ဘော, a waterpot), *n.* Aquarius, the eleventh sign of the zodiac, ကုံရာသီ။

ကုံ, 2, *v.* to have a sufficiency, plenty, abundance; *rarely used alone*, ပြည့်စုံသည်; *rather less than* ကြွယ်ဝ; မကုံနွမ်းပါးရှိ, to be in indigent circumstances.

ကုံင (*infreq.*), ကုံတန်, ကုံလုံ, *v.* same; *a.* လူကုံတန် (*pron.* ဂုံဒန်), လူကုံလုံ, a prosperous person.

ကွို့ကွို့, *adv.* in a contracted, shrunken condition; *see* ကျို့ကျို့ and ယို့ယို့။

ကုံး, *v.* to string, as beads; *comp.* သီ; to compose, as writing, စီသည်, စာစီသည်. *Der.* အကုံး။

ကုံးစီ, *v.* to compose, as writing, စီကုံးသည်။

ကူ, 1, *see* ဂူ, *n.* the room in a hollow pagoda, an excavation in a mountain.

ကူ, 2, *v.* to help, aid, assist, ညီသည်, ထောက်သည်, မသည်။

ကူညီ, ကူမ, *v.* same, ကြွေးရှင်များကျွန်ုပ်ကိုတရားစွဲမည်ကြံသောအခါ၊ ခင်ဗျားကူညီထောက်ပင့်လို့သာကျွန်တော်ချမ်းသာပါသည်။

ကူပံ့, *v.* same, with a view to gaining merit.

ကူတော်လောင်ဘက်, *n.* a helper, assistant, သည်သူ၌ကျွန်ုပ်နှင့်ထပ်တူကူတော်လောင်ဘက်ရသည်, in this man I have, indeed, a helper, *i.e.*, one who makes his interests identical (ထပ်တူ) with mine, အမှုရှိသည်ကာလကူတော်ပံ့ဘက်အလွန်ရခဲသည်။

ကူ, 3, *v.* to coo, as a dove, ချိုးကူသည်; တခြားတပါးမြို့ရွာသို့သွားသောအခါချိုးကူသံကိုကြားလျှင်၊ ကရင်လူမျိုးမိမိတို့နေရာဌာနအလွန်လွမ်းဆွတ်တတ်သည်, when Karens, in visiting other towns and villages, hear a dove cooing, they yearn exceedingly for their homes.

ကူလီ (Beng.), *n.* a cooly, porter, အထမ်းသမား။

ကူး, *v.* to cross over, pass from one place to another; to transfer, exchange, traffic, trade; *seldom used alone*, ကုန်ကူးသည်, ဘောက်ကားသည်, ရောင်းဝယ်သည်; to transcribe, copy, ရေးကူးသည်, စာကူးသည်; to devise, contrive, စိတ်ကူးသည်, ဉာဏ်ကူးသည်, hence တကူးတကား (*pron.* တဂူးတဂါး), *adv.* by various modes of conveyance, according to the exigencies of the occasion; things left or placed one here, one there, by irregular stages in traveling; ဒလဘက်သို့

ဖှက်ကလေးနှင့်ကူးသောအခါ၊ လှိုင်းပုတ်၍ဖှက်ကလေးမြုပ်သွားသည်, in crossing over to the Dala side in a *sampan*, a wave struck the *sampan* and it sank; ညောင်တုန်းမြို့နှင့်ရန်ကုန်မြို့ကူး၍ ဥဒဟိုမပြတ်ရောင်းဝယ်သွားလာကြသည်, they trade regularly, going and coming between Yandoon and Rangoon.

ကူးပြောင်း, *v.* to pass from one place to another, သည်မြို့ကထိုမြို့သို့ကျွန်ုပ်ကူးပြောင်းသည်, I change my residence from this town to that; to pass to another state of existence, ဘဝပြောင်းသည်။

ကူးမြောက်, *v.* to cross over and arrive; applied to the attainment of *neibban.*

ကူးသန်း, *v.* to cross over, pass from one place to another; to traffic, trade, ကူးသန်းရောင်းဝယ်စားသည်။

ကေ, *an expletive*; when calling to one another, Burmans affix ကေ to the name of the person called, when the name ends in က်, စ်, ဉ်, တ် or ပ်, *e.g.*, အိုမောင်ရွှေအိတ်ကေ, အိုမလပ်ကေ, etc.; after other names ရေ is affixed, *e.g.*, အိုမောင်ထိုးရေ, မိသော့ရေ. etc.; ကေ and ရေ are scarcely more than euphonic affixes, but imply friendship and familiarity.

ကေကေကာကာ, *adv.* evasively, မင်းကေကေကာကာဒဏ္ဍာရီရှည်၍မပြောနှင့်။

ကဲ, *v.* to exceed, surpass, excel, ကျူးသည်, လွန်သည်, သာသည်; to be chief, superior, ကြီးသည်, မိုးသည်, သည်ဘုန်းကြီးအများဘုန်းကြီးထက်ကဲ၍ကျွမ်းတတ်သည်. *Der.* အကဲ။

ကဲလွန်, *v.* to exceed, surpass, excel, အစိုးရပညတ်ထားလျက်သားနှင့်၊ ဤသူကဲလွန်၍ဆိုးသွမ်းတတ်သည်, notwithstanding the prohibitions made by government, this person is accustomed to surpass others in wickedness and depravity; ဤသူငယ်ထိုသူငယ်ထက်ပညာအစွမ်းသတ္တိကဲလွန်လိမ့်မည်, this child will excel that one in ability to learn; to be predominant.

ကဲမိုး, *v.* to excel another, *lit.* to overtop.

ကဲလား, *n.* a shutter which swings from the top, ကဲလားချိတ်။

ကဲ့, 1, *v.* to remove gradually, bit by bit; hence တကဲ့တကဲ့, *adv.* by degrees, gradually, bit by bit; to abstract privately, purloin; ကရင်စပါးကိုလူဆိုးများခိုးသောအခါ၊ ခိုးမှန်းမသိရအောင်၊ တကဲ့ကဲ့နှင့်ကဲ့ပြီးခိုးကြရသည်, when bad characters steal paddy belonging to the Karens, they are obliged to do so by degrees, in order that the fact of their stealing may not be known. *Der.* အကဲ့။

ကဲ့ဖှက်, *v.* to abstract privately, purloin, လင်ကြီးပစ္စည်းကိုလင်ငယ်ပေးရန်မိန်းမက၊ ကဲ့ဖှက်ထားသည်, မိမိအဘသေမည်ကြံသောအခါ၊ သားက၊ အဘပစ္စည်းများမိထွေးကယူမည်စိုး၍ကဲ့ဖှက်ထားသည်။

ကဲ့, 2, *see* ခဲ့, *verb. affix of time*, denoting that the event is just past; *frequently euphonic.*

ကဲ့, 3, after names ending in က်, စ်, ဉ်, တ် and ပ်, ကဲ့ is commonly used instead of the possesive ၏ in *colloq.*, ဦးရွှေအိတ်ကဲ့သမီး, မောင်ငြိမ်ကဲ့သား, မောင်လပ်ကဲ့ဥယျာဉ်; after other names ယဲ့ is used instead of ကဲ့; when ၏, ကဲ့ or ယဲ့ are not used, the Burmans pronounce the possessive noun or pronoun, as if it were written with an အောက်မြစ်, မောင်ထွန်းထား. ငလှ့်သေနတ်. ရှေ့အနက်. သူ့နာရီ။

ကဲ့ရဲ့, *v.* to dispraise, censure, speak evil of, revile; *less than* ရှုတ်ချ။

ကဲ့ရဲ့သင့်ပြုပ်, *v.* same as ကဲ့ရဲ့။

ကဲ့သို့, *adv.* as, like as, လို, သကဲ့သို့။

ကော, 1, *v.* to rise, swell up, as rising ground, a bank, shoal; to bulge up, as a floor, ကုန်းသည်; to be bad, vicious, applied to deeds; to be shallow, applied to the understanding; မြစ်ညာမှာနှစ်စဉ်မပြတ်မိုးသည်းထန်စွာ ရွာတတ်သောကြောင့်၊ ပင်လယ်ဝမှာချောင်းများကောဏ် လှေများရေထမှသွားနိုင်တော့သည်။

ကော, 2 (*pron.* ဂေါ), *verb. affix used in closing a sentence* (*colloq.*), မြင်ပါသော်ကော။ ရှိပါသော်ကော, I see all right enough; I have it sure enough; also used with လေ, ရှိပါသည်ကောလေ; ခင်ဗျားချေရမည်ကော, how you do sneeze, sir, to be sure; *often used in emphatic assertion with* ချင်ရမည်, *e.g.*, ခွေးကလေးတကောင်မွေးချင်ရမည်ကော, I do so want to raise a little dog.

√ ကော, 3, *n. affix*, where? what of? what then? ခင်ဗျားအပေါ်၌ ရအိုငွေများကိုမြန်မြန်ဆပ်ပါ။ မဆပ်လျှင်ကော, repay me quickly, sir, the money I have to get from you. If I do not, what then? လူသုံးယောက်အတူတကွထွက်သွားကြသည်။ နှစ်ယောက်သာပြန်လာသည်ရှိသော်၊ ရှုမှတ်သောသူကမေးလေ့ရှိသည်မှာ၊ ငမိတ်တယောက်ကော, three men go out together; when only two return, some observer is wont to ask, What of Nga Meit? (How about Nga Meit?)

ကောက်, 1, *n.* the rice plant; rice, one kind of စပါး။

ကောက်ကြီး, *n.* a kind of rice which requires a long time to mature, သီးခဲ့သောစပါး, ကောက်ကြီးတက်. ကောက်ကြီးတက်လာပါမည်။

ကောက်စိုက်, *v.* to transplant rice plants from the nursery to the rice field; usually done by women (ကောက်စိုက်မ) (38).

ကောက်ဆုပ်, *n.* the quantity of the rice plant grasped by the hand in reaping.

ကောက်ဆိုင်, *n.* sheaves of paddy placed head to head.

ကောက်ဆွ, *n.* a stick used for stirring the paddy while being threshed.

ကောက်ညှင်း, *n.* a kind of glutinous rice (considered a dainty).
ကောက်တလင်း, ကောက်နယ်တလင်း. *n.* a threshing-floor.
ကောက်တီ, ကောက်နှောင့်, *n.* a second crop of rice in one year.
ကောက်ပဲသီးနှံများ, *n.* a collective term for crops.
ကောက်မွှေး, *n.* a fragrant kind of rice.
ကောက်ယင်, *n. see* ကောက်လျှင်။
ကောက်ရိတ်, *v.* to reap paddy, သည်လူအလွန်ကောက်ရိတ်မြန်သည်, this man reaps paddy very rapidly.
ကောက်ရိုး, *n.* rice stalk, straw.
ကောက်လျှင် (from လျှင်, to be rapid), *n.* rice that comes to maturity rapidly; early rice.
ကောက်လှိုင်း, *n.* a sheaf of paddy.
ကောက်လှိုင်းပုံ, *n.* a standing sheaf of paddy.
ကောက်သင်းကောက်, *v.* to glean; *used fig.*, သည်ဘုန်းကြီးအဘိုးထိုက်သော စကားပြောတတ်လိမ့်မည်ဟုထင်မိသောကြောင့်၊ ၎င်းထံသွား၍ စကားပြောသော အခါ၊ကောက်သင်းကောက်ချည်းပြောသည်အတွက်ရွံရှာ၍ပြန်လာခဲ့သည်။
ကောက်သင်းကောက်စကား, *n.* disconnected, desultory, rambling remarks.
ကောက်, 2, *v.* to be crooked, not straight, မဖြောင့်; when applied to the mind, to be not upright, မဖြောင့်မမတ်. *Der.* အကောက်။
ကောက်ကောက်စင်းစင်း, *adv.* following (taking) the bends, inlets, and the straight reaches of a river, as in defining a boundary, မူးစည် ကောက်ကောက်စင်းစင်း။
ကောက်ကျစ်, *v.* to be crooked and twisted; to be deceitful, လိမ်လစ် သည်, သူမှာအကြံအစည်တယ်ကောက်ကျစ်သည်, as for him, his schemes are very insidious and crafty.
ကောက်ကျိုးကောက်ကျစ်, *adv.* crookedly, deceitfully, သည်စာရေးရေးသည့် စာအဖြောင့်အသားမရှိ၊ကောက်ကျိုကောက်ကျစ်ရှိသည်။
ကောက်တီးကောက်တောက်, *adv.* crookedly; applied to things.
ကောက်လိမ်, *v.* to be crooked and twisted; to be deceitful.
ကောက်, 3, *v.* to pick up, to pick out, take a part; to select by way of preference (one, out of two or more opinions), to decide; to attach (a carriage or cart) to a draught animal, ရထားကောက် သည်, ရထားကသည်, လှည်းကောက်သည်, ဆင်ကိုသွားကောက်ချေ, နွားကို လှည်းမှာကောက်၍တပ်လိုက်ပါ. *Der.* အကောက်။
ကောက်ခံ, *v.* to receive duties, to collect revenue, ငွေတော်ကောက်ခံ, အခွန်တော်ကောက်ခံဆက်သွင်း။
ကောက်ချက်, *n.* a judicial decision, in the case of a plaintiff and a defendant, ဖြတ်ချက်; *comp.* ဆုံးဖြတ်ချက်. This term is often

erroneously used as an equivalent for an issue at law, instead of ငြင်းချက်။

ကောက်စား, *v.* to collect duties and live upon the perquisites of the office.

ကောက်တမ်း, *n. see* ကောက်ချက်။

ကောက်နုတ်. *v.* to extract, ထိုစာအုပ်မှကောက်နုတ်သောအချက်, a passage extracted from that book.

ကောက်ယူ. *v.* to pick up.

ကောက်ယူစီရင်, *v.* to decide, on summing up evidence.

ကောင်း, *v.* to be good, မွန်သည်; *qual. verb. affix; with the verb repeated,* probably, မောင်ကြီးလာကောင်းလာလိမ့်မည်; အပေါင်းအသင်းမကောင်း, အကြောင်းမသင့်, bad companions, evil consequences. *Der.* အကောင်း။

ကောင်းကောင်းကန်းကန်း, *adv.* in the way of pretending to perform a virtuous or praiseworthy deed. အကောင်းအကန်း, အနည်းငယ်ကိုအများဖြစ်အောင်၊ကောင်းကောင်းကန်းကန်းဟန်ဆောင်ပြုသည်။

ကောင်းကျိုး, *n.* the reward of merit, ကောင်းကျိုးချမ်းသာ။

ကောင်းကြီးပေး, *v.* to praise. bless; *more than* ချီးမွမ်း, ငါသည်သင့်အား အစည်အပြကောင်းကြီးပေးမည်; to pronounce a benediction.

ကောင်းစား, *v.* to be well off, in good circumstances.

ကောင်းမြတ်, *v.* to be good, excellent, ငကိုကောင်းမြတ်သည်ဟုအဘယ်ကြောင့်ခေါ်သနည်း, ကောင်းမြတ်စိုလင်သောဆုကျေးဇူးရှိသမျှ; *see the parts.*

ကောင်းမွန်, *v. see* ကောင်း; ခင်ဗျားကောင်းမွန်ရာအရပ်သို့ရောက်ပါစေဟုဆုတောင်းပါသည်, I pray that you, sir, may reach a happy and excellent place.

ကောင်းမှု, *n.* a meritorious deed, a work of merit, ကောင်းသောအမှု; merit. ကုသိုလ်။

ကောင်းကင်. *n.* the expanse of the heavens. the firmament; the vacant expanse, whether above or below the earth, အာကာသ။

ကောင်းကင်အမိုး, *n.* the welkin.

ကောင်းကင်တမန်, *n.* an angel.

ကောင်းကင်တမန်မင်း, *n.* an archangel.

ကောင်းကင်ဘုံ, *n.* heaven, the heavenly world.

ကောင်းမှူ, *n.* a kind of tree growing to the height of one hundred and twenty, or even one hundred and fifty feet, and yielding large timber, the *Parashorea stellata.*

ကောဇာ (Pali), *n.* an era, epoch, သက္ကရာဇ်, ကောဇာသက္ကရာဇ် ၁၂၄၃; equivalent to the English expression "in the year."

ကောဋိ, *n.* the number of one hundred trillion.

ကောရန် (Arabic), *n.* the Koran.

ကောလာဟလ (Pali), *n.* a noisy rumor; one kind of အုတ်အုတ် ကျက်ကျက်သောအသံ; an extensive proclamation of some future event; ကောလာဟလပျံ့ပွားး၍သည်စကားအမှန်မဟုတ်ဘူး (39); "uproar, tumult, shouting, screaming." *Childers.*

ကောသ (Pali), *n.* a measure of distance equal to twenty *okthabas* (ဥသဘ).

ကော့, *v.* to turn up at the sides or edges, to warp; to rise in the middle; ကော့၍နေ, to bend up.

ကော့ရရော့, *adv.* turning up at the sides or edges.

ကော့လန်, *v. see the parts*; စာအုပ်များနေပူထဲမှာအလှန်းကြာလျှင်၊ ကော့လန်နေတတ်သည်, If books are exposed to the sun a long time, they are apt to warp and curl up at the sides.

ကော့လိမ်, *v.* to be warped out of shape; to twist out of a plane, to spring, as unseasoned boards; သည်လူမတန်မရာသောအမှုပြုခြင်းကြောင့်၊ လွှတ်မင်းကြီးလေးပါးကၤရာဇဒဏ်ခတ်၍ကော့လိမ်နေရော့သည်။

†ကော့ယင်, *n.* the toucan, *Rhamphastos erythorynchus.*

ကော်, 1, *n.* any viscous substance, as paste, glue, etc., ဗိတ်အင်္ကျီဖြူများကိုမာအောင်၊ကော်တင်ပြီးလျှင်မီးပူတိုက်သည်။

ကော်ကျွေး, ကော်တင်, *v.* to size; *comp.* အစာတင် and ကစီတင်။

ကော်ပျည်း (*pron.* ပျည်ိး), *n.* caoutchouc.

ကော်ပြား, *n.* a wafer.

ကော်ဖတ်, *n.* a mixture of some vitreous or testaceous substance with paste or gum, used for smoothing and polishing metals or wood; india rubber; ink eraser, မှားသောအချက်ကိုဖျက်ရန်ကော်ဖတ်နှင့်တိုက်ပွတ်သည်။

ကော်ရည်, *n.* size.

ကော်, 2, *v.* to lift out of place, prize up, as with a lever; to luff, sail nearer the wind, လေမသင့်သောအခါသင်္ဘောများလေကိုကော်၍တိုက်ရသည်, when the wind is unfavorable ships have to luff (40).

ကော်ကတ်, *v.* to lift out of place, prize up, as with a lever.

ကော်ဆဲ, *v.* to reproach, revile in unmeasured terms; *more abusive than* ဆဲရေး, ငဖြူကလွှနှားများသည်ငမဲခြံကိုဖျက်ဆီးသောကြောင့်၊ငမဲကကော်ဆဲသည်။

ကော်ပက်, *v.* to dash, ရေကိုကော်ပက်သည်။

ကော်ပြား, *n.* a shovel.

ကော်ဇော, *n.* a carpet, ဧည့်သည်များလာသောအခါကော်ဇောခင်းပေးပါ; မွေးရှည်ကော်ဇော, a rug.

†ကော်ဗီ, *n.* the cabbage.

ကော်ပြော, *n.* the least valuable of the three kinds of diamonds; *see under* မိန်။

ကော်မိတီ (Eng.), *n.* a committee, ကော်မိတီလူကြီး, a member of a committee.

ကော်ရော်, *v.* to respect, reverence (*infreq.*), နိုသေသည်, ကော်ရော်ညွတ်နူး ရှိခိုးဦးချ၏။

ကို, 1 (from အစ်ကို, an elder brother), *n.* brother; *prefixed to proper names* of men, indicative of friendship and due consideration; commonly applied to persons older than the speaker, ကိုရွှေမိတ်။

ကိုရှင် (*pron.* ကိုယင်), *n.* brother (elder); *a term of compellation* addressed to men, indicative of friendship and due consideration; *comp.* မောင်ရှင်; a term applied to maternal uncles by nephews and nieces, တူမှုအားဦးရီးကို၊ကိုရှင်ဟူ၍ခေါ်ကြသည်, nephews call their maternal uncles ကိုရှင်, မသိမမြင်သောသူတယောက် ကိုယ်ထက်ကြီးအံ့ ထင်လျှင်၊ ကိုရှင်ဟုခေါ်၍နှုတ်ဆက်သည်။

ကို, 2 (*pron.* ဂို), *n. affix, objective*; *see Gram. sec.* 62; ကို is also used in an interjectory manner, as when expressing surprise, vexation or displeasure, တယ်ကြီးသည်ကို, တယ်ခက်သည်ကို, တယ်မိုက်သည်ကို, အင်မတန်ကောင်းသည်ကို (*Colloq.*).

ကိုက်, 1 (Beng.) (*pron.* ဂိုက်), *n.* a yard, a measure of length equal to two cubits (အတောင်).

ကိုက်, 2, *n.* large shears. used for cutting metal, ကျိတ်။

ကိုက်, 3 (*pron.* ဂိုက်), *n.* a carpenter's shave, spoke-shave.

ကိုက်, 4, *n.* a kind of scraper used by blacksmiths.

ကိုက်, 5, *v.* to bite with the teeth or an instrument; to ache, ခေါင်းကိုက်သည်, သွားကိုက်သည်, ခဲသည်; to take hold, as colors on cloth, or ink on paper; to shear, ညှပ်သည်; to accord, correspond with, agree, *an abbrev. of* အင်းကိုက်; applied also to language, ဟုတ်မည်လက္ခဏာနှင့်တူပါသည်။ သူ၏ပြောပုံအချက်အလက်နှင့်ကိုက်သည်; သည်အထည်အနီဆိုးလျှင်ကိုက်ပါမည်လား, if this cloth is dyed red will the color take hold? *Der.* အကိုက်။

ကိုက်ခဲ, *v.* to ache.

ကိုက်ဆုတ်, *v.* to bite and tear.

ကိုက်ညှပ်, *v.* to shear.

ကိုက်ထိုး (*pron.* ဂိုက်ထိုး), *v.* to flute the blade of a sword, *da*, razor; *see* ပြောင်းကြောင်း။

ကိုက်ဖွဲ့, *v.* to bite and mangle.

ကိုင်, *v.* to hold, lay hold, take hold of; to apply, put on, as with the hand, အင်္ဂတေကိုင်, ရွှံကိုင်, သစ်စေးကိုင်; to take measures or steps (as a private person) to crush or discomfort an enemy, သည်လူငါကိုင်ဦးမည်. *Der.* အကိုင်, နပန်းကိုင်, ပုံကိုင်, လုပ်ကိုင်။

ကိုင်ငင်, ကိုင်တွယ်, *v. see the parts.* အကလေးလက်ကိုကိုင်၍သွားသည်, ထောင်ဗိုင်သခင်သားကလေးများကိုင်သည်တွယ်သည်များမှာ အကြောင်းမတန်မြဲသည်။

ကိုင်စွဲ, *v.* to use habitually.

ကိုင်ဆွဲ, *v.* to hold with a pulling effort.

ကိုင်ယူ, *v.* to lay hold of.

ကိုင်သုံး, *v.* to employ, make use of, ကျွန်မှလင်ဖြစ်၍ သူ့ပစ္စည်းများကိုကိုင်သုံးရပါသည်။

ကိုင်း, 1, *n.* a species of rush, elephant grass, သိတင်းကျွတ်၊တန်ဆောင်မုန်းလများမှာကိုင်းပွင့်ထဲသို့ခြင်များဝင်၍ဥတတ်သည် (41).

ကိုင်းသားဖိုကြီး, *n.* a species of *Storax.*

ကိုင်း, 2, *n.* a kitchen garden, near water and not cultivated in the rainy season, ကိုင်းခင်း; ကိုင်းဥ, a truffle.

ကိုင်းကျွန်း, *n.* same as ကိုင်း; so called because many of the gardens are on islands.

ကိုင်း, 3, *v.* to hang over in a curve, bend downwards; *less than* ကုပ်. *Der.* အကိုင်း။

ကိုင်းညွတ်, *v.* same; to bow down respectfully, ဦးညွတ်သည်; to respect, reverence, ရိုသေသည်, ဂန္ဓရာဇ်တိုင်းသားများက၊ နေထွက်ဘုရင်ကိုကိုင်းညွတ်သောကြောင့်၊ အမှုတော်ကိုဝင်၍ထမ်းရွက်ကြသည်, the Chinese enter the service of the King of the Rising Sun, because they reverence him.

ကိုင်း, 4, an *interjection,* inviting or suggesting action or effort; also used in challenging an opponent; ကိုင်း၊ခင်ဗျားနှင့်ကျွန်တော်ငွေငါးဆယ်စီလောင်းကြစို့, ကိုင်း၊အိမ်ပြန်ကြစို့။

ကိုယ်, 1, *n.* an animal body, a corporeal frame, ကိုယ်ခန္ဓာအကောင်အထည်။

ကိုယ်အင်္ဂါ, *n.* the private parts of a male or female.

ကိုယ်ကာယ, *n.* the body, ကိုယ်ခန္ဓာ; ကိုယ်ကာယသဘော, temperament of body.

ကိုယ်ကျပ်အင်္ကျီ, *n.* a tight jacket; a corset, အင်္ကျီကိုယ်ကျပ်; ကိုယ်ကျပ်အင်္ကျီ၊ဆယ်တနှစ်ဆယ်နှစ်နှစ်အရွယ်ရှိသောမိန်းမကလေးများဝတ်ဆင်ကြသည်။

ကိုယ်ပူ, *v.* to be hot or feverish, as the body.

ကိုယ်ပွားကွက်, *n.* a spot on an infant's skin indicative of growth,

သည် လူကလေး ရှေ့သို့အလွန်ဝဦးမည်။ ကိုယ်ဖျိုးကွက်များ ယခုပင်ထနေသေးသည်, this boy will be stouter hereafter; even now the growth spots are rising up.

ကိုယ်မကောင်း, *n.* usually applied as a euphemism to those afflicted with leprosy, နူနာ, ကုဋ္ဌိ။

ကိုယ်ရံ, *n.* a bodyguard.

ကိုယ်ရံတော်, *n.* a king's bodyguard, ကိုယ်ရံတော်ခင်းကျင်းကြိုဆို, to form a guard of honor for a great personage.

ကိုယ်ရံမြင်းတပ်, *n.* the horse guards.

ကိုယ်ရံသား, *n.* one of the bodyguards, ရှေးကမန္တလေးမြို့ နန်းတော်မှာ၊ တောင်ဘက် တရာငါးဆယ်၊ မြောက်ဘက် တရာငါးဆယ် ကိုယ်ရံသားကို ထားသည်။

ကိုယ်လုပ်, *n.* a female attendant, concubine.

ကိုယ်လုပ်တော်, *n.* a wife or concubine of a king, မောင်းမမိဿံ။

ကိုယ်လုံးပေါ်မှန်, *n.* a cheval glass.

ကိုယ်လုံးပေါ်ရုပ်ထု, *v.* to carve a life-size figure.

ကိုယ်လေးလက်ဝန်ရှိ, *v.* to be *enceinte.*

ကိုယ်ဝတ်, *n.* the upper or principal garment of a Buddhist priest; *see under* သင်္ကန်း။

ကိုယ်ဝန် (from ဝန်, a burden), *n.* the *fetus* in the womb.

ကိုယ်ဝန်ဆောင်, ကိုယ်ဝန်ရှိ, *v.* to be *enceinte*, pregnant, ကိုယ်ဝန်ရှိသောမိန်းမများကျမ်းမကိုင်ကောင်းဘူး, it is not proper for women who are *enceinte* to take an oath, နှုတ်ပိုက်ရှိသည်, ပဋိသန္ဓေစွဲသည်, or ယူသည်; ပတ္တမြားနှုတ်ငုံရှိသည် (applied to a queen); *comp.* ဇီးရှိ။

ကိုယ်ဝန်ပျက်, ကိုယ်ဝန်လျှော, *v.* to miscarry.

ကိုယ်ဝန်ရင့်, ကိုယ်ဝန်ရင့်မာ, *v.* to be near delivery, နှုတ်ပိုက်ကြီးသည်, ပဋိသန္ဓေရင့်သည်။

ကိုယ်, 2, *pron.* one's self, *mas. or fem.*, myself, yourself, himself or herself, itself, မင်းရန်ကုန်မြို့ကိုယ်မှာနေသလား။ မဟုတ်ပါဆင်ခြေဖုံးမှာနေပါသည်, do you live in Rangoon itself? No, I live in the suburbs; သူတို့ကိုယ်ကိုအလွန်သူတို့အထင်ကြီးသည်, they think a great deal of themselves; ကိုယ်တို့ဘယ်ကလာသလဲ, where do you come from? used by men when addressing women, or women when addressing each other; နှစ်ကိုယ်တည်းစကား လျှောက်ထားစရာရှိပါသည်; *comp.* မိမိ။

ကိုယ်ကိုနှိမ့်, *v.* to stoop, condescend.

ကိုယ်ခံဆောင်, *v.* to carry on the person.

ကိုယ်စား (*pron.* ကိုယ်ဇား), *n.* a substitute, agent, one who acts for another, ကိုယ်စားကိုယ်ပွား (*pron.* ဗွား), ဘုရင်မကိုယ်စားကိုယ်ပွား, ကျွန်

တော်မျိုး ကိုယ် စား လျှောက် ထား ပြောဆို စေရန်၊ ရှေ့နေ မောင်မြင်ကို ဖွဲ့အပ် လျှောက်ထားပြောဆိုပါစေကြောင်း။
ကိုယ်စားလှယ် (*pron.* ကိုယ်စလယ်), *n.* same as ကိုယ်စား။
ကိုယ်စီ, ကိုယ်စီကိုယ်င, *a.* each, each one, ခံဝန်သူကိုယ်စီတောင်းယူပြီးသည် နောက်, after taking security (or bail) from each one.
ကိုယ်စီကိုယ်စီ, *pron.* each one.
ကိုယ်စောင့်နတ်, *n.* one's guardian *nat*, ကိုယ်စောင့်နတ်ရှိုးဆော်လို့။
ကိုယ်တူကွဲ, ကိုယ်ဘူရင်ကွဲ, *n.* a substitute who is equally interested with the principal.
ကိုယ်တော်, *pron.* royal self, thou, *mas. or fem.*; used in addressing a superior, and especially Buddhist monks, ကိုယ်တော်မြတ်။
ကိုယ်တိုင်, ကိုယ်တိုင်ကိုယ်ကြပ်, *pron. see* ကိုယ်; တခါတရံသူ ကိုယ်တိုင်သွားပါ သည်။တခါတရံ ကိုယ်တူကွဲကိုလွှတ်ပါသည်, sometimes he goes himself, sometimes he sends an agent.
ကိုယ်ထီး, *a.* or *adv.* by one's self, alone, တကိုယ်ထီး, ကိုယ်ထီးနေ, ကိုယ် ထီးမွေလျော်, ကိုယ်ထီးစောက်လောက်, တကိုယ်ရေး, by one's self, solitarily, တကိုယ်ရေးဒုက္ခိတ, similar to ကိုယ်ထီး, in meaning.
ကိုယ်ထူး, ကိုယ်ထူးကိုယ်ချွံ, *adv.* by one's self, alone, depending on one's self, အဘေ ဆုံးကတည်းကစ၍ကျွန်ုပ်ကိုယ်ထူးကိုယ်ချွံ လုပ်ကိုင်စား သောက်နေ ရပါသည်, ever since the death of my father, I have been obliged to depend on myself, and gain my own livelihood, ကိုယ်ထူးကိုယ်ထ။
ကိုယ်ဘိရင်ဘိ, *adv.* in the way of active personal effort, superintendence or supervision.
ကိုယ်ရှင်, ကိုယ်ရှင်ကိုယ်, *pron. see* ကိုယ်။
ကိုး, 1, *a.* and *n.* nine, ၉။
ကိုးကြောင်း, *n.* the multiplication table, ascending to nine times nine, ကိုး ကြောင်းခရိုင်ကိုသူငယ်ကလေးများကျက်ရသည်။
ကိုးကြောင်းတွက်, *v.* to use the multiplication table.
ကိုးဒိုးဖဲရိုက်, *n*, a game of cards played by four persons.
ကိုးလုံးကျည်, *n.* slugs.
ကိုး, 2. *v.* to trust in, rely on, receive as teacher, guide, or object of worship; *more than* ဆည်းကပ် and မှီခို။
ကိုးကွယ်, *v.* to worship, ဘုရားသခင်ကိုသာကိုးကွယ်ကြလော့။
ကိုးစား, *v.* to trust in, rely on, ကိုယ်တော်ကိုအကျွန်ုပ်ကိုးစားပါ၏။
†ကိုးရိုးကားရား, *adv.* sprawlingly; confusedly; contrarily, ကိုးရိုးကားရား ပြုသည်, he acts in a contrary manner.
ကိုးလိုးကန့်လန့်, *adv.* contrarily, perversely, သူသည်ကိုးလိုးကန့်လန့်ပြော တတ်သည်, he is in the habit of talking in a contrary manner.

ကျ, 1. *v.* to fall; to become low; to be thrown down, put down, left; to reach, to attain; to be expended, spent, ကုန်ကျသည်; to be wanting, omitted in writing, စာကျသည်; to fall in place, be settled, adjusted; to be skilled in reading or repeating sacred or secular writings; to bear a certain price; သည်ကျောင်းတကာစာတတ်သောအခါ၊အလွန်ကျနသည်; သည်ဥစ္စာအဘိုးဘယ်လောက်ကျသလဲ; ကွင်းစားခန်းဆိုသို့ကျသောအခါ၊ကျားဟိန်းသံကြားသည်; တန်ဆောင်မုန်းလကျလျှင်သွားတော့မည်, I shall go when the month of *Tazaungmon* arrives; ကျမကောက်၊ပျောက်မရှာ, though fallen, not worth picking up; though lost, not worth seeking; သည်အရာရှိဘာပြုလို့အရာကျသလဲ, why did this official lose his situation? ကျ signifies also, to age, သည်နှစ်ဦးစံဝင်အလွန်ကျသည်, an *abbrev.* of အရွယ်ကျ; to decline in health or physical appearance, owing to age, ဦးတူသည်နှစ်အလွန်ကျသည်၊တာရှည်နေမည်မထင်ပါ; to intermit, as a fever, ဖျားကျသည်. *Der.* အကျ and ချ။

ကျအောင်, *conj. and postposition,* until, တိုင်အောင်။

ကျနဲ, *v.* same as ကျ, in several senses.

ကျနေ, *n.* the setting sun, or the sun when passed the meridian.

ကျ, 2, *n.* a small granary (*local*); *see under* ကျီ။

ကျက်, 1, *v.* to be cooked, dressed; to be healed, as a sore; to be acquainted, accustomed, familiarized; to recognize, to identify; *in the last sense, not used assertively*; ထမင်းကျက်ခဲ့ပြီလား, is the rice cooked? အနာကျက်ခဲ့ပြီလား; *comp.* လေ့ကျက်. *Der.* ချက်။

ကျက်စား, *v.* to go out to feed, as cattle in a pasture, သည်အရပ်ကကျွဲနွားကျက်စားရာအရပ်ဖြစ်သည်; to leave one's home and transact business statedly in another place, to gain a living away from one's home, ဘိလတ်သားများမိမိတို့ပြည်ကိုစွန့်ပစ်၍မြန်မာပြည်သို့လာပြီးလျှင်ကျက်စားကျသည်; သည်အရပ်က၊သမင်၊ဒရယ်၊ ချေငယ်၊ ဆိုင်၊ ဆတ်မှစသောအမဲများကျက်စားရာအရပ်ဖြစ်သည်။

ကျက်မိ, *v.* to recognize, identify, လူတထောင်ထဲမှာသည်လူကိုတွေ့လျှင်အသံကိုကျက်မိပါ၏, though I should meet this man among a thousand, I should recognize his voice.

ကျက်, 2, *v.* to continue without cessation or intermission, as an unpleasant noise; *not used assertively*, ကျက်ကျက်, တကျက်ကျက်, စီစီကျက်ကျက်။

ကျက်တူရွေး, *see* ကြက်တူရွေး, *n.* a parrot.

ကျက်သရေ, *see* ကြက်သရေ, *n.* character, reputation, credit.

ကျင်, 1, *n.* excrement.

ကျင်ကြီး, *n.* *fæces*, ordure, အလေး, ချေး, မစင်, ဝမ်း။
ကျင်ကြီးစွန့်, *v.* to evacuate the intestines (*polite*).
ကျင်ချုပ်, *v.* to have stoppage of urine.
ကျင်ငယ်, *n.* urine, အပေါ့, ဆီး, မုတ်, ရေပြန်, ရေဟောင်း, သေး။
ကျင်ငယ်အိမ်, *n.* the bladder. ကျင်ငယ်အိမ်ကျောက်, *n.* calculus.
ကျင်ငယ်ချောင်း, *n.* the urethra, ဆီးချောင်း။
ကျင်ငယ်စွန့်, *v.* to pass urine (*polite*).
ကျင်ပြော, *v.* to have diabetes, သည်သူကျင်ပြောသောဝေဒနာရောက်သောကြောင့်၊အသက်များစွာရှည်မည်မထင်ပါ, I do not think that this man will live long, as he is suffering from diabetes, ကျင်ပြောရေငတ်။
ကျင်, 2, *v.* to sift for gold (ရွှေကျင်), or silver (ငွေကျင်).
ကျင်ဥ, *n.* the larger particles of silver or gold which remain after sifting.
ကျင်ခွက်, *n.* a shallow wooden vessel, used in sifting for gold or silver, ကျင်ခွက်နှင့်ရွှေကျင်သည်။
ကျင်နှစ်, *n.* the purer particles of gold or silver obtained by sifting.
ကျင်မှုန့်, *n.* the finer particles obtained by sifting, မြေကြီးကျောက်ထွက်ခဲ့ကုန်သောအခါ၊ကျင်မှုန့်ချည်းသာကျန်တော့သည်။
ကျင်, 3, *v.* to be acquainted with, be familiar with, understand well; *not used alone*, သည်လူရွှေထိုးအလုပ်ကိုအလွန်ကျွမ်းကျင်သည်။
ကျင်ကျွမ်း, *v.* to be versed in, skilled, *see* ကျွမ်းကျင်။
ကျင်လည်, *v.* *see* ကျင်; particularly to be acquainted with, as husband and wife; to be conversant with or experienced in, as a state of existence, or a place of residence, ကျင်လည်ဘူးသောလင်မယားဖြစ်သောကြောင့်၊ယခုတိုင်အောင်ချစ်ကြင်နေကြသည်။
ကျင်လည်လေ့ကျက်, *v.* to be versed in.
ကျင်လျှင်, *v.* same as ကျင်လည် (*infreq.*).
†ကျင်တွယ်, *n.* a carpenter's square.
ကျင်တွယ်ကိုက်, *v.* to match the part to which it is applied.
ကျင်တွယ်ထောင့်, *n.* a right angle.
ကျင့်, 1, *v.* to do, perform, practise, ဆောင်သည်, ပြုသည်, မူသည်; to be habituated to, လေ့သည်; to teach, train, break in, as an ox or buffalo; to practise for a boat race; to practise for a trial of skill, လက်ကျင့်; to try a horse, before entering it for a race, မြင်းကျင့်၍စီးသည်; မြိုးခြိုးစွာကျင့်, to perform austerities, to practise self-denial; ခင်ဘျားယခုအခါ မြင်းစီးမတတ်သော်လည်း၊ ကျင့်လျှင် တတ်ပါလိမ့်မည်, although you do not now know how to ride, sir, you will be able to do so if you practise. *Der.* အကျင့်။

ကျင့်ကြံ, *v.* to be addicted to; to lead an irregular, vicious life.
ကျင့်ကြံပြုမူဟန်, *n.* guise, mode of behavior.
ကျင့်စည်တရား (*pron.* စည်း), *n.* a system of moral duties.
ကျင့်စောင့်, *v.* to practise constantly or habitually, keep, observe, ရသေ့များသီလကိုအမြဲကျင့်စောင့်နေကြသည်, ascetics live habitually observing the precepts; သမာဓိရှိသောသူများ၊ရှစ်ရက်၊လပြည့်လကွယ်နေ့တို့၌သီတင်းသီလကိုကျင့်စောင့်သည်; ကျင့်စောင့်ပြုမူခြင်း, behavior.
ကျင့်ဆောင်, *v.* same, ကျင့်ဆောင်ဆောက်တည်, သူတော်ကောင်းတို့အကျင့်တရားကိုကျင့်ဆောင်ဆောက်တည်ကြသည်။
ကျင့်ဝတ်, ကျင့်ဝတ်တရား, *n.* a duty, moral requirement.
ကျင့်, 2, *v.* to be tense, tight; *not used assertively.*
ကျင့်တင့်တင့်. *adv.* tensely, as the breast or bowels, လူများမအီမသာရှိသောအခါ၊ ရင်ထဲသော်၎င်း၊ နံဖေးထဲသော်၎င်း၊ ကျင့်တင့်တင့်နာတတ်သည်; ပြေးလေ့မရှိသောသူတယောက် ရုတ်တရက်ပြေးမိသော်၊ ဖေးစောင်း၌ ကျင့်တင့်တင့်နာတတ်သည် (a stitch in the side).
ကျင့်တင့်တင့်ရှိ, *v.* to be constricted, as the bowels.
ကျင်း, 1, *n.* a hollow place in the ground, a trench; a dock; an excavation, the earth of which has been used for making a bund, တာတောင်ဘက်ကကျင်းတွင်, in the excavation on the south side of the bund.
ကျင်းတူး, *v.* to dig a trench.
ကျင်းထိုး, *v.* to put into dock, as a vessel or ship, ဓိုးသင်္ဘောကျင်းထိုးနေလို့၊သည်တခေါက်ပုသိမ်မြို့သို့မသွားရပါ။
ကျင်း, 2, *v.* to spread out, ဖြန့်ထားသည်; to put in order, set out to advantage, arrange, array, ခင်းကျင်းသည်။
ကျင်းပ, *v.* to put in order, arrange, array, ကျွန်တော်သားငယ်ကိုရှင်ပြုလိုပါ၍၊ရုပ်သေးပွဲဇာတ်ပွဲများကိုကျင်းပ၍၊ လှူဒါန်းရန်အမိန့်ပေးရအောင်လျှောက်ပါသည်။
ကျင်း, 3, *v.* to wash slightly, rinse (a vessel); to gargle the throat, ပါးလုပ်ကျင်း; to stroke, strop, set, as a razor or knife after whetting; မင်းသည် ဖန်ခွက်ကို ကောင်းကောင်း မဆေးဘူး။ ကျင်းရုံသာ ကျင်းထားသည်; ထားကိုသွေးပြီးသော်ကျင်းလိုက်, strop the knife after it is ground. *Der.* လုပ်ကျင်း။
ကျစ်, 1, *v.* to twist tight and hard; *more than* လွှန်း, or လွှန်းပေါင်းတင်; to braid. ဝက်အူကျစ်သည်; to scratch the earth out of a hole in the ground, as an animal (rolling it over and over).
ကျစ်စာ. *n.* the earth scratched out of a hole by an animal, ပုစွန်ကျစ်စာ, ဂဏန်းကျစ်စာ, လိပ်ကျစ်စာ, တီကျစ်စာ, ကြွက်ကျစ်စာ။

ကျစ်စာတွင်း, *n.* a burrow.

ကျစ်. 2, *v.* to be diminutive, smaller than the ordinary size, လှီသည်, ညှက်သည်; to be reduced to a small compass, made compact; *in this sense seldom used assertively*; ဒိပ်သည်းသည်: သည်လူလူကျစ်ကလေးပါ. this man is diminutive and spare; ဝါထုပ်သလိုကျစ်ကျစ်ပါအောင်ထုပ်သည်. as in closely packing anything.

ကျစ်လစ်. *v.* to be reduced to a small compass, made compact; to be neat, nice, exact, accurate and decorous in arrangement, dress, manner; to exhibit great discretion and secrecy in carrying out one's designs; သည်မိန်းမကလေးအဝတ်များကိုကျစ်ကျစ်လစ်လစ်ဝတ်သည်; သည် ရာဇဝတ်အုပ် အကြောင်းမတန် အမှု အခင်းကို ကျစ်ကျစ် လစ်လစ် ကြံတတ်သည်။

†ကျစ်ကျစ်, *adv.* indicative of the noise which it imitates, ကဲလားကိုချသောအခါကျစ်ကျစ်မြည်သည်, when the shutter is lowered it creaks with a sharp sound.

ကျစ်ဆံနီ (Beng.), *n.* oakum, ကျစ်ထွေး။

ကျစ်တွန့်တက်. *v.* to crinkle. as a twisted cord, to kink; to arrogate to one's self superior wisdom, knowledge of the world, မောင်မင်းငါ့ထက်အလိမ္မာကျစ်တွန့်အလွန်တက်ချင်သည်; ကြိုးမှာကျစ်တွန့်တက်လွန်းလျှင်ပြတ်သည်. if a rope kinks too much, it breaks.

ကျည်. 1. *n.* a tube closed at one end.

ကျည်စူး. ကျည်ပေါက်. *v.* to penetrate, as a bullet.

ကျည်ခဲ. *n.* a bullet or cannon ball, ကျားကိုပစ်သောအခါ၊ကျည်ခဲနှင့်ပစ်ရသည်။

ကျည်ခဲထောက်သွား, *v.* to ricochet, as a bullet, ကျည်ခဲမြေကြီးကိုထောက်သွားသည်။

ကျည်တောက်, *n.* a small tube closed at one end, မြန်မာမုဆိုးများယမ်းကိုဝါးကျည်တောက်၌ထည့်၍ဆောင်တတ်သည်; in speaking of the rush of water in a creek, river or stream. the Burmese frequently compare it to the pouring of water through a bamboo tube, ကျည်တောက်သွန်စီး, မိုးသည်းတွင်းအခါချောင်းတွင်းမြစ်ရေသည်ကျည်တောက်သွန်စီးသလိုစီးတတ်သည်။

ကျည်မှန်, *v.* to be hit by a bullet.

ကျည်ရာ. *n.* the mark made by a bullet.

ကျည်. 2. *v.* to be shrill and piercing, as sound; *used in adverbial forms only.*

ကျည်လောင်, *v.* same. သည်သူငယ်ကျည်လောင်လှချေ၏. အိမ်များမီးလောင်သောအခါ၊ အရပ်ထဲတွင် ခေါ်ကြအော်ကြ သောကြောင့်၊ ကျည်ကျည်လောင်လောင်အလွန်အားကြီးသည်။

ကျည်, 3 (*pron.* ကျည့်), *n.* a large species of ant, ကျည်နီ, ကျည်နက်။
ကျည်, 4 (*pron.* ကျည့်), *v.* to have the sensation of pricking numbness occasioned by checking the circulation of blood, or of pain in the teeth occasioned by cold water in the mouth (သွားကျည်); to have the numbness experienced when one's crazy bone is hit; to be asleep, as one's limbs after sitting a long time; *comp.* ထုံ; ကျည် implies that there is numbness with a certain amount of pain, whereas ထုံ implies that there is numbness without pain; ကြာကြာထိုင်ပြီးလျှင်ရုတ်တရက်ထသောအခါတခါတရံခြေကျည်တတ်သည်။
ကျည်ပွေ့ (*pron.* ကျေ့ပွေ့), *n.* a pestle.
ကျည်း, 1, *n.* a stick, bar, အချောင်း; *not used singly, but found in* ညှိကျည်း, တင်ကျည်း, ထမ်းပိုးကျည်း, တံခါးကျည်း, လက်ကျည်း။
ကျည်းသား, *n.* a small stick, used by children at play.
ကျည်း, 2, *n.* the *Barringtonia racemosa*, an evergreen tree sometimes growing to the height of fifty feet. It produces white or rose-colored flowers on long slender racemes; *comp.* ကျိသား။
ကျည်းနီ, *n.* the *Barringtonia acutangula.* Its flowers are rather small, but conspicuous by their long red filaments. The wood is red-brown, hard, and fine grained. The bark is used for tanning.
ကျည်း, 3 (*pron.* ကျည့်း), *v.* to be narrow, close, strait, confined; to be crowded; သည်ခုတင် အလွန်ကျည်းသည်၊ အကလေးနှင့်သာတော်သည်, this bedstead is very narrow, it is only fit for a child; ရှေ့ကိုသည်မြစ်ဝယာခုအနေထက်ကျည်းသွားလျှင်၊လှေများမသွားနိုင်ပါ, if hereafter, the mouth of this river becomes narrower than it is now, boats cannot go. *Der.* အကျည်း and ချည်း။
ကျည်းကျပ်, *v.* to be strict, severe, exacting; to be crowded; to be strait, narrow, ကျည်းမြောင်း, သည်အမှုအလွန်ကျည်းကျပ်သည်။
ကျည်းကျပ်, ကျည်းမြောင်း, *v. see* ကျည်း; အလုံထောင်ထဲမှာချုပ်ထားသည့် အကျည်းသမားများကျည်းမြောင်းစွာခံနေရသည်, the prisoners confined in solitary cells have to endure strict and rigorous treatment.
†ကျည်းကျည်း, or တကျည်းကျည်း, *adv.* moderately and protractedly, as pain, သည် အကလေး ဝမ်းထဲမှာ တကျည်း ကျည်း နာသောကြောင့် တညည်းညည်းငိုသည်။
ကျတ်, *n. not used alone.*
ကျတ်တီးကုန်း, *n.* an elevated barren plain, abounding in blue clay.
ကျတ်တီးခေါင်, *n.* same, but more extensive, သည်အရပ်မှာမိုးဃ်းရွာသော်လည်း၊ရေမတင်ပါ၊ကျတ်တီးခေါင်ခင်းကြီးဖြစ်သည်။
ကျတ်တီးပြင်, *n.* a barren plain, abounding in blue clay.

ကျတ်မြေ, *n.* blue clay.

ကျန်, *v.* to remain, be left, ကြွင်း, မကုန်ကျန်ကြွင်းသောအခွင့်ရက်ကိုပယ်ရှား လိုက်သည်, the unexpired portion of his leave is cancelled; ကျန်ကြွင်း သောပစ္စည်းများကိုတပါးသောသူအားပေးပါ, give the remaining things to some one else. *Der.* အကျန်။

ကျန်ကြွင်း, *v.* same as ကျန်။

ကျန်း, 1, *v.* to be well, healthy, အိသာသည်, မာသည်။

ကျန်းခန့်, ကျန်းတော, ကျန်းမာ, ကျန်းမာပကတိရှိ, *v.* same; ကျန်းခန့်သာမာတော် မူပါသလား; ကျန်းမာစရှိ, to be convalescent.

ကျန်း, 2, *v.* to be turbulent, rebellious; *chiefly used in* သောင်းကျန်း။

ကျန်းတန်း, *v.* same (*infreq.*); ကျန်းတန်း is applicable to a number or multitude of persons only, while ကြမ်းတမ်း may be used when speaking of a single individual.

ကျပ်, 1, *n.* a tical, a weight equal to four *mats* (မတ်); before capital numerals, အကျပ်, as အကျပ်နှစ်ဆယ်, အကျပ်သုံးဆယ် etc.; ကျပ် is frequently omitted, *e.g.*, သည်လူမဆင်းရဲပါခင်ဗျား။ ရွှေတဆယ်သားမကရှိ ပါသည်, this man is not poor, sir, he has more than ten ticals of gold; ကျပ်သုံးဒင်္ဂါး, current (rupees) coin of the realm.

ကျပ်ချိန် (from အကျပ် and အချိန်), *n.* weight by tical, weight estimated in ticals, ကျပ်ချိန်ဝယ်လျှင်၊ကျွန်ုပ်တပိဿာကိုဘယ်လောက်ပေးရမည်လဲ, if I buy by tical weight, what will I have to pay per viss?

ကျပ်, 2, *n.* a kind of basket carried by mendicants, ascetics and nuns.

ကျပ်မြင်းမိုရ်, *n.* one of the insignia of royalty (မြင်းမိုရ်ကျပ်).

ကျပ်, 3, *n.* the scrofula, king's evil, ဘင်နာပေါက်ပြီးလျှင်၊ကျပ်နာလိုက်၍ရှိ နေပါသည်။

ကျပ်, 4, *n.* a perforated leather, used in weaving strips of cloth.

ကျပ်ကြိုးပြား, *n.* a strip of cloth, woven by itself, tape, ribbon, ကျပ် ရက်ကြိုးပြား။

ကျပ်ကြိုးလုံး, *n.* a bobbin, ကျပ်ရက်ကြိုးလုံး; *comp.* ထိုးကြိုး။

ကျပ်, 5, *v.* to be tight, close, not loose, မချောင်; to be crowded, ကျည်း ကျပ်သည်, သည်နေရာအလွန်ကျပ်သည်၊ထိုင်ရာမရှိ, this place is very crowded, there is no place for sitting; အင်္ကျီကျပ်ကျပ်ဝတ်လျှင်အသက်ကောင်း ကောင်းမရှူနိုင်; to be strict and severe, as a master with his servants, or a ruler with his subjects, သည်မင်းလက်ထက်အနေအထိုင်မှစ၍အလွန် ကျပ်သည်။

ကျပ်, 6, *v.* to put into and twirl or twist about, as a feather or stick in the ear; *comp.* ကလိ; to calk by driving pitch or any similar substance into seams or cracks with a heated instrument; *comp.*

ထေး; to clean a gun, တုတ်မှာအဝတ်ရေနံဆွတ်ပတ်ပြီးလျှင်၊သေနတ်ပြောင်း ကိုသံချေးမတက်ရအောင် ကျပ်လိုက်ရမည်; ကြက်တောင်နှင့် နားကိုကျပ်သည်, he twirled a fowl's feather in his ear; လှေထေးကျပ်သောအခါ၊ထေးရန် ဆောက်ကိုမီးဖုတ်ကြသည်, when they calk a boat, they heat the calking-iron in the fire.

ကျပ်, 7, *v.* to be intermediate; *not used assertively, but found in* တိုင်းကျပ် and ရက်ကျပ်; တိုင်းကျပ် is a small country between two large ones, as Monaco, Manipur; ကသည်းပြည် ကိုတိုင်းကျပ်ကလေးဟု ခေါ်သည်, Kathe is called a small intermediate country. *Der.* ချပ်။

ကျပ်, 8, *n.* a kind of evil spirit, an elf, a goblin, said to have the power of assuming different forms, မြန်မာနိုင်ငံ တောင်ပလှူမဲရွာအပါး တွင်၊ မိုးကုပ်ကျတ်ပြင် အရပ်မှာ၊ ကျပ်ကောင်များ တွင်းနှင့် နေတတ်သည်ဟု ဆိုကြ ပေသည်. Some of the Burmese believe that this evil spirit devours human beings.

ကျပ်, 9, *n. not used singly*; *see* ကျပ်စင်။

ကျပ်ခိုး, *n.* soot.

ကျပ်ခိုးစင်, *n.* a bamboo frame work over a cooking place.

ကျပ်ချွတ်, *a.* new, brand-new, not yet used, as a new canoe, fresh from the frame, where it has been burnt for spreading, သည်လှေအသစ် ကျပ်ချွတ်မဟုတ်ပါသောကြောင့်၊ကျွန်ုပ်မဝယ်ချင်ပါ; *adv.* stripped of every thing, entirely destitute, လက်ချည်း။

ကျပ်စင်, *n.* a wooden frame used as a gridiron, for drying or cooking articles of food.

ကျပ်တင်, ကျပ်တိုက်, *v.* to dry or broil on said frame.

ကျပ်, 10, *v.* to make tight by binding; *not used singly*; to be tight, hard bound, as ground, ရွှံ့စေးမြေအလွန်ကျပ်သည်, လူကျပ်, လူကျပ်က လေး. *Der.* စည်းကျပ်။

ကျပ်ကျပ်, *adv.* tightly, stringently; earnestly, intently, altogether, thoroughly; exactly; သည်အမှုကိုနေရာကျအောင်မင်းကျပ်ကျပ်ဝိုင်ယမိုက်ရ မည်; ကျောင်းတကာပြောသောစကားသည်အဓိပ္ပာယ်မလင်းသောကြောင့်၊ကျွန်ုပ် ကျပ်ကျပ်နားမလည်ပါ။

ကျပ်စည်း, *v.* to bind tight, make tight, secure.

ကျပ်တည်း (*pron.* ကျပ်တဲ), *v.* to be strict, stringent; to be peremptory.

ကျပ်, 11, *n.* a round flat piece of wood used for a small wheel, and for other purposes, ကျပ်ဘီး။

ကျပ်ထုပ်, *n.* a bag or ball of sand, chaff, salt, the leaves of the သက် ရင်းကြီးပင်, etc., used as a fomentation.

ကျပ်ထုပ်ထိုး, *v.* to foment with said bag or ball; to apply warmth by

means of such balls, ခါးလက်ပြင်အောင့်သောကြောင့်၊ကျပ်ထုပ်ထိုးရသည်; ကျပ်ထုပ်အပူမှုတ်, to apply fomentation bags or balls, and to breathe upon with a hot breath, in order to reduce a swelling.

ကျဗဟုန်း, *n.* a kind of convulsion to which children are subject.

ကျဗဟုန်းဘမ်း, *v.* to be subject to such convulsions, သူငယ်များနာ၍ကျဗဟုန်းဘမ်းသောအခါယှုံ့ယွဲ့တတ်သည်, when children are ill from convulsions, they are apt to writhe about.

ကျမ်း, 1, *n.* a religious writing or book; any writing or book treating of art or science, ကျမ်းစာ။

ကျမ်းကိုင်, ကျမ်းဆို, *v.* to take an oath by or upon a religious book, ကိုယ်ဝန်ရှိသောမိန်းမများကျမ်းမကိုင်ရ, ဘုန်းကြီးများလည်းကျမ်းမကိုင်ရ, ဆွေတော်မျိုးတော်ကျမ်းကိုင်လေ့မရှိပါ။

ကျမ်းဂန်, *n.* a religious writing or book; any writing or book treating of art or science.

ကျမ်းဂန်စာရေး, *n.* a scribe or copyist of sacred Scriptures.

ကျမ်းစာ, *n.* same as ကျမ်းဂန်; သမ္မာကျမ်းစာ, The Holy Bible.

ကျမ်းစူး, ကျမ်းမိ, ကျမ်းသင့်, *v.* to incur the pains and penalties of perjury, မဟုတ်မမှန်သောစကားကိုပြောပါချေသော်၊ဤ သစ္စာတော် ကျမ်းတွင်ကျိန်စာပါရှိသည်အတိုင်းစူးရောက်ပါစေသား, if I should state what is untrue, may I assuredly incur the penalties as contained in this book of divine truth.

ကျမ်းတတ်, *v.* to be versed in the Scriptures; to be learned (*in modern parlance*); ကျမ်းတတ်တယောက်သည်စုံစမ်းနှောင့်ရှက်ခြင်းငှါ။

ကျမ်းတိုက်, *v.* to administer an oath on the Scriptures.

ကျမ်းပေါင်းမှတ်စု, *n.* a compendium of Scripture, လူတို့မှတ်သားရန်ကျမ်းပေါင်းမှတ်စု။

ကျမ်းပွား, *n.* the Apocrypha, ပယ်ထားသောကျမ်းများ။

ကျမ်းရင်း, *n.* authentic Scripture canon, မူ။

ကျမ်းရွတ်, *v.* to take an oath by or upon a religious book, ကျမ်းကိုင်။

ကျမ်းသစ္စာ, *n.* an oath taken on Scripture, ကျမ်းသစ္စာဆိုသည်။

ကျမ်း, 2, *v.* to level, reduce to an even surface, ညှိသည်, မြေကိုကျမ်းတုံးဖြင့်ကျမ်း၍စပါးစိုက်သည်, တင်းခွဲရှိသောစပါးကိုအမိုအမိမရှိစေခြင်းငှါတံသုတ်ဖြင့်ညီညာစွာကျမ်း၍ချသည်; *n.* a ground leveller, used in husbandry.

ကျမ်းတုံး, *n.* same as ကျမ်း, in the last sense; *comp.* ကျုပ်။

ကျယ်, *v.* to be wide, broad, တောင်ထိပ်၏အဝန်းအတာအလွန်ကျယ်သည်. *Der.* ချဲ့။

ကျယ်တယ်တယ်, *adv.* arrogantly, စော်ကားသည်နှင့်, သည်လူကျယ်တယ်တယ်စကားပြောတတ်သည်, this man is in the habit of speaking arrogantly.

ကျယ်ဝင်း, *v.* to be great, applied to designs or words, အခြားနိုင်ငံများကိုမိမိနိုင်ငံဖြစ်အောင်၊အလောင်းမင်းတရားကြီးအကြံအစည်မှာအလွန်ကျယ်ဝင်းအောင်ကြီးတော်မူသည်။
ကျယ်ဝန်း, *v.* to be spacious, extensive, မဟာသမုဒ္ဒရာနှင့်အာကာသကောင်းကင်နှစ်ပါးထက်ကျယ်ဝန်းသောအရာမရှိ။
ကျယ်ဗိုင်း, *v.* same (*infreq.*).
ကျုံ, *v.* to daub, plaster over, စပါးစေ့ယိုကျမည်စိုးသောကြောင့်၊ ကျွဲချေးမြေနှင့်နယ်၍ကျုံသည်, တလင်းများကိုစပါးနယ်ရန်မြေကြီးနှင့်ကျွဲချေးရော၍ကျုံသည်. *Der.* လိမ်းကျုံ။
ကျုံကျုံ, *adv.* loudly (*seldom used*).
ကျာကျာ, *adv.* loudly and protractedly, ကျာကျာအော်သံကိုကြားသည်။
ကျား, 1, *n.* a transverse stay in the roof of a building; a prop or stay applied to the side of a house, boat or ship; *comp.* ဒိုင်း။
ကျားကန်, *v. see next*; ကျားကန်သောထရံ, a revetment wall; အိမ်ဟောင်းကိုကျားကန်ရသည်။
ကျားထောက်, *v.* to apply a prop or stay to the side of a house etc.; *n.* a short cross stay to support a roof or floor.
ကျားမေ့, *n.* a large rafter on which rest the transverse timbers which support the smaller rafters, ဒိုင်းကျားမေ့။
ကျား, 2, *n.* a tiger; a piece, in the game of draughts, ကျားရဲ့ရာကြွခွာမရှိးသာ; ကျားဖိန့်ကွယ်တွယ်လိုက်သည်, to stick close to and follow, like a lean tiger (following a bullock); *fig.* applied to a person who sponges on another, an importunate creditor, etc.
ကျားကြောင်, *n.* the Nepal tiger-cat, သစ်ကြောင်။
ကျားကွက်, *n.* a compartment on a game-board, လေးကွက်ကျားကစားသည်, ရှစ်ကွက်ကျားကစားသည်။
ကျားဆင်, *v.* to appear on the ground, as the pugs of a tiger; to make its appearance in the neighborhood of a town or village, as a tiger.
ကျားထိုး, *v.* to play at draughts, or other similar games.
ကျားပေးလိုက်, *v.* to sleep soundly, as a tiger (*infreq.*).
ကျားမင်း (*pron.* ကျမင်း), *n.* a small species of tiger possessing superior strength.
ကျားမည်း, *n.* the black cheetah or leopard.
ကျားမျက်လုံး, *n.* a bull's-eye lantern.
ကျားလက်သည်း, *n.* a giant shell, the *Tridacna gigas*, ကလွှန်တောင်။
ကျားလျှာ, *n.* a rasp.
ကျားလျှာရှားစောင်း, *n.* a kind of cactus.

ကျားသစ် (*pron.* ကျသစ်), *n.* a leopard; a cheetah; frequently called သစ်, ညကန္တားကလေးကိုသစ်ချိသွားသည်။
ကျား, 3 (from ယောကျ်ား, a man).
ကျားကျားလျားလျား, *adv.* boldly, ရဲရင့်စွာ, သည်လူအလွန်ယောကျ်ားပြီသည်။ ကျားကျားလျားလျားပြုလုပ်တတ်သည်။
ကျားကြီးကျားငယ်မကြီးမငယ်, *n.* people collectively, male and female, great and small; ကျားမကြီးကျားမငယ်, widows and girls.
ကျား, 4, *v.* to be marked with different colors, not uniform in color; to be variegated with alternate bars, chequered, striped, etc., ကျား အရောင်နှိုကြောင်ကြောင်ကျားကျားရှိသည်, အစိမ်းရောင်ပေါ်မှာအဝါကျားသည်, ခင်ဘျားနွားတယ်အမွေးကျားသလဲ; ကျား is also applied to fowls.
ကျိ. *v.* to be slimy, ropy, mucilaginous, ချွဲ သည်; *comp.* စေး; *fig.*, to be glutted with riches; to be oily in speech, သည်လူစကားပြောသော အခါ၊ပြတ်ပြတ်တောက်တောက်လင်္ကာမရှိ၊ကျိချွဲချွဲပြောတတ်သည်။
ကျိကျိ. or တကျိကျိ. *adv.* gigglingly.
ကျိတ်, 1, *n.* a kind of grain. one species of စပါး။
ကျိတ်စေ့. ကျိတ်ပုတီး, *n.* the seed of the ကျိတ်, much used by Karen women in ornamenting their garments (ကျိတ်ကောက်ညှင်း).
ကျိတ်, 2, *v.* to be hard, indurated. ခဲသည်; *as a verb, obsolete in this sense*; to be hard, difficult of performance or management, ခက် သည်, ခဲသည်; to be hard to deal with, churlish, ကတ်သတ်သည်. Der. အကျိတ်။
ကျိတ်ခဲ, *v.* to be hard, difficult of performance or management, သည် အမှုအလွန်ကျိတ်ခဲသည်၊ဝင်စရာအပေါက်မရှိဘူး။
ကျိတ်လိပ်, *v.* to be well done, properly arranged, finally settled, သေ ချာသည်, သေသတ်သည်, သည်အလုပ်ကိုသူကျိတ်ကျိတ်လိပ်လိပ်လုပ်သည်။
ကျိတ်လိပ်သေ. *adv.* in a settled state, such as to preclude the necessity of alteration; *v.* to be hushed up, as a crime, precluding a chance of detection, လူသတ်မှုမှာ များစွာ စုံထောက်မေးမြန်းခြင်းကို ပြုသော်လည်း၊ လက်သည်ကိုရှာမတွေ့သောအခါ၊ အမှုကိုကျိတ်လိပ်သေသည်ဟုအများကဆိုတတ် ကြသည်။
ကျိတ်လဲ, *v.* to be hard to deal with, to be churlish.
ကျိတ်, 3 (Malay), *n.* a creese, dirk, ကျိတ်ထား, ထားမြှောင်။
ကျိတ်, 4, *n.* large shears used to cut metal, မြန်မာမင်းလက်ထက်မြန်မာ ငွေများ၊မူးမတ်စများကိုကျိတ်နှင့်ဖြတ်ရသည်, ကိုက်။
ကျိတ်စ, *n.* clippings, small bits.
†ကျိတ်ကျိတ်, *adv.* creakingly; ကျိတ်ကျိတ်မြည်, to creak.
ကျိတ်နာ (*pron.* ပြိတ်နာ), *n.* a kind of cancer on the lower jaw; a form

of malignant sore-throat, anthrax, a disease of cattle, လည်ချိုနာ ကျိတ်နာ။

**ကျိန်**, *v.* to swear, take an oath, imprecate evil on one's self or others, either conditionally or absolutely; to curse; *comp.* မိဒ္ဓာန်ပြု, သစ္စာပြု, သစ္စာပန်နက်; အလကားမဲ့ဘုမ်း၊ဘုရားကိုမကျိန်ကောင်းဘူး, ကျိန်ပြီးပြောသည်. *Der.* အကျိန်။

**ကျိန်ဆဲ**, *v.* to curse in anger, imprecate evil on another, ဝေမိဗ္ဗကသူ ဌေးသားကိုမိမိအမိက ကျိန်ဆဲမိသောကြောင့်၊သား သဘော်ခနစ်ဖွန်း၍အသူရကယ် အဖြစ်သို့ရောက်သည်။

**ကျိန်ဆို**, *v.* to take an oath; *comp.* ကျမ်းကိုင်။

**ကျိန်တွယ်**, *v.* same, ရည်းစားကိုယောကျ်ားကမယုံ၊ ယုံအောင် ကျိန်တွယ်၍ ပြော သည်။

**ကျိန်း, 1,** *v.* to sleep (*respectful*), commonly applied to Buddhist priests; to remain dormant, as wind in the intestines, or the *fetus* in the womb; တကာမျှားဝင်၍မသွားကြပါနှင့်၊ဘုန်းတော်ကြီးကျိန်းနေပါသည်; *comp.* အိပ် and စက်။

**ကျိန်းအောင်း**, *v.* to remain in a state of repose.

**ကျိန်းစက်**, **ကျိန်းဗိုက်**, *v.* to sleep; applied to Deity, ဘုရားမြတ်စွာကျိန်းစက် တော်မူသည်။

**ကျိန်းဝပ်**, *v.* to remain in a state of repose, ကျိန်းအောင်း။

**ကျိန်း, 2,** *v.* to smart, as the eyes; to be set on edge, as the teeth; to be sore, as the hands or feet, from friction, နေပူသောအခါကွင်းလ ဟာပြင်သို့သွားလျှင်၊မျက်စိအလွန်ကျိန်းတတ်သည်; ချည်သီးကိုများစွာစားလျှင် သွားကျိန်းတတ်သည်, ခရီးဝေးစွာလျှောက်နှင့်လျှော်၍သွားလျှင်၊လက်တဝါးကျိန်း၍ ပေါက်တတ်သည်, ခြေလက်ကျိန်း; စစ်ခေါင်းကျိန်း, to be weary of going to war; ပြည်ခေါင်းကျိန်း, to be weary (as a nation) of wars, internecine struggles, etc.

**ကျိန်းစပ်**, *v.* to smart.

†**ကျိန်းချေ**, *v.* to ward off evil, as a king, by the observance of certain ceremonies.

**ကျိပ်**, *n.* the number of ten; substituted for ဆယ် in the numbering of rational beings, as တကျိပ်, one ten; နှစ်ကျိပ်, two tens, or twenty.

**ကျီ**, *n.* a granary; စပါးကျီ, a granary for paddy.

**ကျီကျ**, *n.* a smaller granary adjoining the ကျီ။

**ကျီဝန်မင်း**, *n.* an official, who in the time of the kings of Burma, superintended the management of the royal granaries, and revenues generally.

**ကျီစယ်**, *v. see next*; မင်းကိုကျီစယ်မိသည်၊သွေမယူပါနှင့်။

ကျီစား (*pron.* ကျီအား), *v.* to joke, banter, to play tricks with; *comp.* ပျက်ချော်; တဘက်သားကိုရယ်မြူးစေလိုသောကြောင့်၊သူကျီစားသည်။
ကျီစားချွတ်စား, *v.* same; *mostly used adverbially*, သူငယ်ပြန်သောအဘိုးကြီးအိုမျှားကိုသူငယ်မျှားကျီစားချွတ်စားပြုတတ်ကြသည်။
ကျီစားသန်, *v.* to play with in a rough manner, though not with the intention of causing annoyance or pain.
ကျီး, *n.* a crow or raven; ခွေကြကျီး, a wolf in sheep's clothing, မင်းခွေကြကျီးလုပ်နေသည်။
ကျီးအ, *n.* a raven, rook; ကျီးအတော, ကျီးအအုပ်, a rookery.
ကျီးကန်း, *n.* a crow (*most common*), not so elegant as ကျီး by itself: သည်လူကျီးကန်းမျက်စိနှင့်ကြည့်သည်; တောကျီးကန်း, a raven.
ကျီးခြေ, *n.* a staple, commonly of iron, ကျီးခြေကွင်း။
ကျီးခြေနွယ်, *n.* the *Vitis lanceolaria*, a large, woody, evergreen climber, bearing small diœcious, greenish-white flowers, and round, white or flesh-colored berries, ကျီးနိနွယ်။
ကျီးနိုး, *n.* the time of about the dawn of day, ကျီးနိုးရှိသာသာထွက်သွားသည်။
ကျီးလန့်စာစား, *adv.* in an affrighted manner, as a crow while eating.
ကျီးသာ, *v.* to make a gurgling caw, as a crow, which the Burmans allege foretells the advent of a guest or stranger; hence the saying, ကျီးသာလို့ဧည့်လာသည်။
†ကျီးအက်, *n.* a slanting roof, to cover the opening at the end of a gable roof.
ကျီးအံ, *n.* a species of gourd, the *Zanonia*, with sagittate leaves.
ကျီးပေါင်း, *n.* a species of mistletoe, the *Loranthus*; ကျီးပေါင်းလက်ဆက်။
ကျု, *see under* ညစ်,ညစ်ကျု, *v.* to be filthy in one's habits; *see* နောက်, နောက်ကျု, *v.* to be dirty, foul, turbid.
ကျုပ်, *pron. an abbrev. of* ကျွန်ုပ်။
ကျုံ, *v.* to be contracted, drawn together, shrunk; to have few friends, as မိတ်ကျုံ; သည်အဝတ်ကိုရေဆွတ်၍နေပူလှန်းသောကြောင့်ကျုံနေပြီ; သည်လူအလှန်ခေးနဲသောကြောင့် မိတ်ကျုံသည်; သည်လှေအလွန်ဝမ်းကျုံသည်; ဆင်ကျုံလျှင်ကျွဲလောက်ရသေးသည်, *fig.* applied to those who have had large pecuniary losses, but who, notwithstanding, are far from being ruined. *Der.* ချုံ။
ကျုံလှီ, *v.* same as ကျုံ; applied to the limbs and body.
ကျုံး, 1, *n.* a moat, a trench around a fortification.
ကျုံးထိပ်, ကျုံးနဖူး. *n.* the top of the bank on either side of a moat, ကျုံးနဖူးပေါ်ကိုလူလမ်းပြု၍ရှောက်ကြသည်; ကျုံးမြောင်းရင်တား, a moat with a palisade.

ကျုံး, 2, *n.* an enclosure into which wild elephants are decoyed, ဆင်ကျုံး, ဆင်ရိုင်းများကိုကျုံးထဲသို့သွင်း၍အစေသတ်ထားသည်။
ကျုံး, 3, *v.* (*obs.*), *see* ကျွမ်း။
ကျုံး, 4, *v.* to gather up, take up or away, သည်အမှိုက်သရိုက်တို့သမျှကို ကျုံးပစ်လိုက်, စပါးကိုတလင်းကအိမ်သို့ကျုံး၍ယူသွားသည်။
ကျူ, *n.* a species of reed.
ကျူကပိုင်, *n.* a coarse kind of mat, made of reeds.
ကျူထရံ, *n.* same; a mat wall made of reeds.
†ကျူကျူ, or တကျူကျူ, *adv.* incessantly; applied to words of crying, ကျူကျူငိုသည်, ဤသူငယ်သည် အမိနှင့်ကွဲသောကြောင့် တကျူကျူ ငိုကြွေးလေသည်။
ကျူငွေ, *n.* a kind of silver brought from China (said to be the best and purest).
ကျူး, 1, *v.* to go beyond, trespass, exceed, surpass, လွန်သည်, သာသည်; to transgress, ကျံသည်, လွန်သည်; to overlook, to ignore, to offend.
ကျူးကျော်, *v.* same as ကျူး။
ကျူးလွန်, *v.* same, တရားကိုကျူးလွန်, ငါ့ကိုကျူးလွန်၍အိမ်ပေါ်ကိုအဘယ်ကြောင့်တက်သလဲ။
ကျူး, 2, *v.* to produce a melodious sound; to deliver, utter (as a Buddh), to express in melodious, persuasive strains; *comp.* ဥဒါန်းကျူး။
ကျူးဧ, ကျူးရင့်, *v.* same, ရှုပြည်မိုးဥသြော်ငှက်များကျူးရင့်သောအခါ၊မိတ်တို့ထံအလွန်လွမ်းဆွတ်သည်; ဗောဓိပင်နှင့်ရှေ့ပလ္လင်ကိုအောင်မြင်သောအခါ၊ မြတ်စွာဘုရားကျူးရင့်တော်မူသည်။
ကျေ, *v.* to be rubbed out, erased, cancelled; to be replied to, refuted. *Der.* ချေ။
ကျေပ, *v.* same, သင်္ကရာဇ်ပေစာနှင့်တကွရုံးတော်မှာတင်၍ဆပ်သောကြောင့်ကျေပကုန်ပါပြီ, မင်းကိုကျွန်ုပ်ထုချေ၍ကျေပပါပြီကော။ ထပ်မံမပြောပါနှင့် (*Colloq.*).
ကျေပွန် (*pron.* ကျေဗွန်), *v.* to be versed, skilled in, accomplished, ပွန်သည်, ထော့ပွန်, ကျွမ်းကျင်, ကျင်လည်, ဤသူသည်အရာရာမျိုးမှာကျေပွန်သည်။
ကျေဗွန်, *v.* same as ကျေပွန်; *used adverbially only.*
ကျေး, 1, *n.* a province, district (exclusive of the metropolis); *not used alone*; *comp.* နယ်။
ကျေးကိုင်, *n.* the lieutenant of a ကျေးစား။
ကျေးကျွန်, *n.* a subject of the Government; a slave.
ကျေးကျွန်အဖြစ်, *n.* servitude, ကျွန်ခံခြင်း။
ကျေးစား, *n.* a person who lives on the revenue of a province.
ကျေးတော, *n.* the rural parts of a district.

ကျေးတောသား, *n.* a peasant, rustic, boor, clown, ကုန်းခေါင်ရေဝေးနေသောသူများကိုကျေးတောသားဟုခေါ်သည်, တောတွင်းသား, တောသား။
ကျေးမက်, ကျေးရွာ, *n. see next.*
ကျေးလက်, *n.* the suburbs, circumjacent parts belonging to a town or village, ဒေရဗေမြို့မှစ၍ကျေးလက်များသို့ထွက်ပြေး၏။
ကျေး, 2, *n.* a parrot, parrakeet, ကြက်တူရွေး, of which five varieties are enumerated, *viz.* ကျေးကုလား, ကျေးကျူတ်, ကျေးကြက်တော, ကျေးတမာ, ကျေးဖောင်းခါး။
ကျေးကုလား, *n.* the Bengal parrakeet.
ကျေးကျူတ်, *n.* the rose-ringed parrakeet.
ကျေးကြက်တော, *n.* the Alexandrine parrakeet.
ကျေးငှက်, *n.* birds in general.
ကျေးစေတိုင်, *n.* an ornamental post, on each side of a door (whence carrier parrots, in olden times, were dispatched).
ကျေးနှုတ်, ကျေးနှုတ်သီး, *n.* iron pincers, for drawing nails.
ကျေးသတာ, *n.* the Arakanese name of the ကျွမ်းထိုးငှက်။
ကျေးသား, *n.* a parrot (*most common*), ကျေးသားဥယျာဉ်မှာ သစ်သီးကိုများစွာကိုက်ဖျက်သည်။
†ကျေးဇူး, *n.* advantage, profit, အကျိုး; favor conferred, obligation; grace, လူ့ဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့်ငင်း၊ သစ္စာတော်နှင့်ငင်းပြည့်စုံလျက်; ကျေးဇူး is frequently coupled with ဥပကာရ, ပေးကမ်းခြင်းတို့တွင်လည်း၊ ကျေးဇူးဥပကာရ မငဲ့ဘဲ၊ သိသရော အကျိုးစီးပွားကိုသာ မြော်မြင်ရည်ဆောင်ပေးခြင်းသည်အကျိုးကြီးမြတ်လှ၏။
ကျေးဇူးခံ (ကျေးဇူးစား), *n.* one who receives a favor; ကျေးဇူးခံ၊ ကျေးဇူးစား, one who is under obligation to another, ကျွန်ုပ်သည်မောင်ဘတင်၏ကျေးဇူးခံဖြစ်ပေသည်။
ကျေးဇူးဆပ်, *v.* to return a favor; to render thanks, သင်တို့အကြောင်းကြောင့်ဘုရားသခင်၏ကျေးဇူးတော်ကိုအဘယ်သို့ဆပ်နိုင်သနည်း။
ကျေးဇူးတင်, *v.* to be under obligation; to be grateful; to thank.
ကျေးဇူးပြု, *v.* to do a favor, to oblige, ဤစာကိုကျေးဇူးပြု၍မောင်မြလက်ထဲသို့အပ်လိုက်ပါ။
ကျေးဇူးမေ့, *v.* to be forgetful of benefits or favors.
ကျေးဇူးမဲ့, *v.* to be unthankful, ကျွန်ုပ်မရှိသည့်အခါ၊ကျွန်ုပ်သားသမီးများကိုခင်ဗျားက ကြည့်ရှုရိုင်းပင်းသောကြောင့်၊ အလွန် ကျေးဇူးတင်ပါသည်။ ကျေးဇူးမဲ့သည်ဟုမထင်ပါနှင့်။
ကျေးဇူးရှင်, *n.* one who confers a favor, a benefactor.
ကျေးဇူးရှိ, *v.* to derive benefit; to be under obligation.

ကျေးဇူးသိ, *v.* to be sensible of a favor, သည်လူကျေးဇူးမှန်းသိတတ်သည့်လူမဟုတ်ပါ။
ကျေးသံပန်း, *n.* a species of sundew, the *Drosera Burmanni*, မိုဃ်းတွင်းသော။
ကျဲ, *v.* to be wide apart, သည်အိမ်မှာ သက်ငယ်ကျဲသောကြောင့်အလွန်မိုဃ်းယိုသည်; *a.* ဘီးကျဲ, a coarse comb; *comp.* ပါး; *opposed to* စိပ်. *Der.* ချဲ။
ကျဲစဲ, *v.* same; သည်ဆည်တွင်ယင်းကာ၍ထားသည်မှာကျဲကျဲစဲစဲရှိသည်။
†ကျဲကျဲ, *adv.* intensely, applied to the heat of the sun, တပေါင်းတန်ခူးလများမှာနေပူလိုက်သည်မှာ၊ကျဲကျဲသောင်လို့ (*Colloq.*).
ကျဲကြီး, *n.* the white-flowered *Barringtonia.*
ကျဲစဲ, *n.* a species of *Laurus*, producing a hard wood.
ကျဲသား, *n.* the scarlet-flowered *Barringtonia.*
ကျော, 1, *v.* to be very hard; *used adverbially*; *see under* မာ. လက်ဗွေသတ်အလွန်မာကျောသောသူဖြစ်ပါသည်။
ကျော, 2, *v.* to be shining black; *used adverbially*; *see under* နက်; ရေဝတီမြစ်ရေကျောကျောကြီးနက်သည်။
ကျော, 3, *n.* the back, ကုန်း, ကျောက်ကုန်း; the height of a house between the girders and the tie beams, သည်အိမ်ကျောမြင့်လှိုသေည်။
ကျောကုန်း, *n.* the back, applied to human beings (ကျောက်ကုန်း, applied to animals only).
ကျောခိုင်း, *v.* to turn the back in contempt, အစိုးရရှေ့မှာကျောခိုင်း၍ထိုင်လျှင်၊ မရိုမသေရာအမှန်ကျသည်။
ကျောခိုင်းနံစပ် (*pron.* ကျောဂိုင်းနံဇပ်), *a.* contiguous, as places or buildings, တရွာနှင့်တရွာကျောခိုင်းနံစပ်နေကြသည်; opposite, back to back, တအိမ်နှင့်တအိမ်ကျောခိုင်းနံစပ်ရှိနေကြသည်, the houses stand back to back, *i.e.*, the back premises of one house are opposite the back premises of the other.
ကျောရိုးဆစ်, *n.* the vertebra.
ကျောက်, 1, *n.* stone, rock; an anchor, ကျောက်ဆူး (42); ကျောက်တပြန်ချ, one cable length, သူ့လှေနှင့်ကျွန်ုပ်လှေကျောက်တပြန်ချခန့်လောက်ဝေးကွာပါသည်။
ကျောက်အုတ်ကြွပ်, *n.* slate for roofing.
ကျောက်အုပ်နှဲ, *n.* a species of *Euphorbia*; *comp.* အုပ်နှဲ။
ကျောက်ဩဇာ, *n.* globular masses containing pyrites in the centre.
ကျောက်ကုန်သွယ်, *n.* a dealer in precious stones, ကျောက်ကုန်သည်။
ကျောက်ကိုက်, *v.* to hold, as an anchor.
ကျောက်ကြိတ်ဆုံ, *n.* a millstone.
ကျောက်ကြိုး, *n.* a cable.
ကျောက်ခက်, *n.* a kind of black stone of which rosaries are made.

ကျောက်ခါးရမ်းပွင့်, *n.* amethyst or violet quartz.
ကျောက်ခဲ, *n.* a stone.
ကျောက်ချ, *v.* to anchor; ကျောက်ပစ်, to cast anchor.
ကျောက်ချဉ် (*pron.* ချဉ်), *n.* alum.
ကျောက်ချဉ်ပေါင်, *n.* a species of *Begonia.*
ကျောက်ဂဏန်း, *n.* a diminutive fresh-water crab.
ကျောက်ဂဝံ, *n.* laterite, ဂဝံကျောက်။
ကျောက်ဂွမ်း, *n.* asbestos.
ကျောက်ငုပ်, *v.* to disappear, or become scarce, as precious stones (43).
ကျောက်စက်, *n.* a kind of medicinal stone (stalactical carbonate of lime).
ကျောက်စရစ်, *n.* a small stone, pebble, gravel.
ကျောက်စာ, *n.* an inscription on stone, ကျောက်ထက်အက္ခရာ။
ကျောက်စိမ်း, *n.* jade; ကျောက်စိမ်းနှင့်ပတ္တမြားခွန်, jade and ruby revenue.
ကျောက်စီ, *v.* to stud with gems.
ကျောက်စွဲ, *v.* to hold, as an anchor, ကျောက်ကိုက်။
ကျောက်ဆစ်, *v.* to peck a flint; to hew stone, ဘုရားလု ကျောက်ဆစ်။
ကျောက်ဆတ်, *n.* an instrument used to peck a flint.
ကျောက်ဆူး, *n.* an anchor, whether of stone or of iron; ကျောက်ဆူးငယ်, a kedge.
ကျောက်ဆူးကြိုး, *n.* a cable, ကျောက်ကြိုး။
ကျောက်ဆူးလက်, *n.* the stock of an anchor.
ကျောက်ဆူးသွား, *n.* the fluke of an anchor.
ကျောက်ဆောင်, *n.* a large rock or ledge of rocks rising above the surface of water, ကျောက်တန်း ကျောက်ဆောင်, ကျောက်သံတောင်, ရေထဲသောအခါ ခင်ဘျားမြင်သည့်ကျောက်ဆောင် မြုပ်တတ်သောကြောင့်၊ မိုးသတော်ာလာနိုင်လိမ့်မည်ထင်ပါသည်။
ကျောက်တည်, *v.* to have gravel or stone (*Med.*).
ကျောက်တန်း, *n.* a ledge of rocks in water.
ကျောက်တံ, *n.* a slate pencil.
ကျောက်တိုင်, *n.* a stone pillar or cairn to mark a boundary.
ကျောက်တွင်း, *n.* a stone pit, mine, or quarry; ပတ္တမြားကျောက်တွင်း, a ruby mine.
ကျောက်ထက်အက္ခရာ, *n.* an inscription on stone, ကျောက်စာ။
ကျောက်ထမင်းဆုပ်, *n.* globular masses containing pyrites in the center; *see* ကျောက်သြဘာ။
ကျောက်ထရံ, *n.* a steep rock, precipice.
ကျောက်ထွန်, *v.* to drag, as an anchor.
ကျောက်ဒိုး, *n.* a playing ball made of marble.

ကျောက်နက်, *n.* jet, a black fossil.
ကျောက်နီ, *n.* a ruby or carbuncle; spinelle. The true ruby is called ပတ္တမြား။
ကျောက်နို့, *n.* a stalactite.
ကျောက်နှမ်းဖတ်, *n.* granite.
ကျောက်ပင်ဝန်း, *n.* a salt-water mussel, ခုံး။
ကျောက်ပုလဲ, *n.* chlorite.
ကျောက်ပျဉ် (*pron.* ပျဉ်း), *n.* a flat level stone, a stone table or slab; a circular flat stone used by Burmese women for preparing သနပ်ခါး, သနပ်ခါးကျောက်ပျဉ်။
ကျောက်ပြား, *n.* a flat stone.
ကျောက်ပြွတ်, *n.* a rough stone.
ကျောက်ပွင့်, *n.* seaweed.
ကျောက်ပွဲလျှက်, *n.* bitumen.
ကျောက်ဖရုံ, *n.* the long white pumpkin, ကျောက်ဖရုံမွဲ, ကျောက်ဖရုံသီး မိုးကြိုးကွင်းတတ်သည်; this kind of pumpkin is said to deflect lightning, and also to prevent putrefection, ကျောက်ဖရုံသီးအလောင်း ခေါင်းအောက်ကတလုံး၊ခြေအောက်ကတလုံးလျှသောပုပ်စော်မနံ။
ကျောက်ဖုံ, *n.* pudding stone.
ကျောက်ဖျာ, *n.* a large flat stone, like a mat.
ကျောက်ဖြစ်, *v.* to become petrified; to be petrified.
ကျောက်ဖြုန်း, *n.* stone chips; grit of any kind; *see under* အဖြုန်း။
ကျောက်ဖြူ, *n.* white stone, marble.
ကျောက်ဖြူနူ, *n.* alabaster; found on Sagyin mountain (ဆံကျင်တောင်) near Mandalay.
ကျောက်မည်း (*pron.* မဲ), *n.* a kind of stone found in U. B., resembling black laterite.
ကျောက်မီးသေနတ်, *n.* a gun having a flintlock; *comp.* တူမီးသေနတ်။
ကျောက်မီးသွေး, *n.* fossil coal; ကျောက်မီးသွေးတွင်း, a coal pit.
ကျောက်မီးသွေးကဲ့, *v.* to coal, as to coal a steamer, ကျောက်မီးသွေးသွင်း။
ကျောက်မီးသွေးစစ်, *n.* anthracite.
ကျောက်မျက်ကျောက်မြတ်, *n.* a precious stone, ကျောက်မျက်ရွဲ။
ကျောက်မြတ်စု, *n.* jewelry.
ကျောက်မြုပ်, *n.* a kind of medicinal stone, found in the sea.
ကျောက်ရှိုင်း, *n.* a fossil, သတ္တုရှိုင်း။
ကျောက်မိုး, *n.* a ridge of rock.
ကျောက်လွှာ, *n.* a thin piece of rock split off from the mass.
ကျောက်ဝါး, *n.* a species of bamboo.

ကျောက်သင်ပုန်း, *n.* a slate.
ကျောက်သဘော်, *n.* the sea urchin.
ကျောက်သလင်း, *n.* crystal.
ကျောက်သလင်းဂေါ်တံ, *n.* selenite, a variety of gypsum.
ကျောက်သံစား. *n.* loadstone; *comp.* သံလိုက်ကျောက်။
ကျောက်သွား, *n.* a muller.
ကျောက်သွေးသမား, *n.* a polisher of precious stones, a lapidary.
ကျောက်, 2, *n.* the smallpox, or chickenpox; နွားကျောက်, the cowpox; the rinderpest, a disease of cattle.
ကျောက်ကြီး, *n.* the smallpox, of which there are several varieties, as တင်းကပ်, ကျောက်မီး, ကျောက်မိုဃ်းနံ, ကျောက်ယား, ကျောက်သားရေ (confluent smallpox).
ကျောက်ထိုး, *v.* to inoculate for the smallpox; to vaccinate.
ကျောက်ထိုးဆရာ, *n.* a vaccinator; *see* နွားကျောက်ထိုး။
ကျောက်ပေါက်, *v.* to break out with the smallpox.
ကျောက်ပေါက်မာ, *n.* a pit caused by smallpox.
ကျောက်ဖေး, *n.* a smallpox scab, ကျောက်ဖေးကွာ။
ကျောက်မြှု, *n.* the chickenpox, ရေကျောက်။
ကျောက်ရည်, *n.* the smallpox virus, ကျောက်ပေါက်ရည်; နွားကျောက်ရည်, vaccine virus.
ကျောက်လေ, ကျောက်လွင့်, *n.* the varioloid.
ကျောက်, 3, *n.* back of an animal; *seldom used alone*, ကျောက်ကုန်း။
ကျောက်ကပ် (from ကပ်, to adhere to), *n.* a kidney.
ကျောက်ကုန်း, *n.* the back (*most common*), မြင်းကျောက်ကုန်းထက်ကုန်းနှီးတင်၍စီးသည်။
ကျောက်, 4, *v.* to kick, ကန်သည်; to push off (a boat), ကန်သည်; *less than* ကန်; လှေကိုကျောက်ထုတ်လိုက်ပါ။
ကျောက်ကန်, *v.* same, သည်လူကဟိုလူကိုခြေနှင့်ကျောက်ကန်ပစ်လိုက်သည်။
ကျောင်း, 1, *n.* a monastery; a building inhabited by literary or religious characters; စာသင်ကျောင်း, a school, သုံးကျောင်းပြောင်းသောမောင်ရှင်စာအလွန်တတ်ခဲ့သည်။
ကျောင်းအမ, *n.* a woman who builds and consecrates a *kyaung*; *a term of compellation* bestowed upon any respectable elderly woman, ကျောင်းအမဘယ်အရပ်ကလာသလဲ။
ကျောင်းအိပ်ကျောင်းစား, *n.* a boarder at a school conducted on the European plan.
ကျောင်းကန်, *n.* *see* ကျောင်း, ကျောင်းကန်ဘုရား။
ကျောင်းဆရာ, *n.* a schoolmaster. ကျောင်းဆရာမ, *n.* a schoolmistress.

ကျောင်းတကာ (from ဒါယကာ), *n.* one who builds and consecrates a *kyaung*; any respectable elderly man, ကျောင်းတကာကျောင်းကန် ဘုရားမပြတ်သွားပါ၏လား။
ကျောင်းတိုက်, *n.* several monasteries under one jurisdiction.
ကျောင်းထိုင်ပုဂ္ဂိုလ်, *n.* the head of a monastery, ကျောင်းထိုင်ဘုန်းကြီး, ကိုယ်တော်ဘယ်ရပ်တော်ကျောင်းထိုင်တော်မူသလဲ။
ကျောင်းနေဘက်, *n.* a schoolfellow.
ကျောင်းသား, *n.* a lay pupil in a *kyaung*, a schoolboy.
ကျောင်း, **2**, *v.* to feed, tend, as cattle; *comp.* ထိန်း, ကျွဲကျောင်းသည်, နွားကျောင်းသည်, အမေးမှာကျွဲကျောင်း၊ အဖြေမှာဘုရားလောင်း, the question from the cowherd, the answer from the embryo Buddh. *Der.* အကျောင်း။
ကျော့, **1**, *v.* to catch in a noose or slipknot.
ကျော့ကွင်း, *n.* a noose, held and drawn tight by the hand; one kind of ကွင်းလျော; *comp.* ညွှတ်။
ကျော့ဘမ်း, *v.* to noose; *see the parts*; မြွေကိုကျော့ကွင်းနှင့်ကျော့ဘမ်းသည်. *Prov.* (ကျီးကန်း) ကျော့ကွင်းကိုမမြင်၊ငါးတစ်ကိုသာမြင်သည်, as a thief intent upon stealing, thinks only of his booty, not of his being found out and sent to jail.
ကျော့မိ, *v.* to catch unawares.
ကျော့, **2**, *v.* to be fine, executed with taste; to be genteel, polished in manners, relating less to speech and mind than ယဉ်ကျေး။
ကျော့ရှင်း, *v.* to be sleek and handsome, as horses and bullocks, အလွန်ကျော့ရှင်းသည့်နွား၊မြင်း။
†ကျော့ကျည်း, *v.* to spend time idly and wantonly.
ကျော့ကျော့ကျည်း, *adv.* from above.
ကျော်, **1**, *v.* to be talked about, be a subject of public notice, to acquire notoriety, fame, ကျော်ကြလျှင်သူကသာ၏ကျော်သည်။
ကျော်ငြာ, *see* ကြော်ငြာ, *v.* to spread, as news; to be proclaimed publicly.
ကျော်စော, *v.* to acquire notoriety, fame, be famous; *n.* fame, celebrity, ကိတ္တိ, ကျော်စောထင်ရှားခြင်း; ပွဲနင်းကြီးဦးပန်းလှသူတပါးများအားပေးကမ်းစွန့်ကြဲခြင်းရက်ရောသောကြောင့်၊တနိုင်ငံလုံးကျော်စောသည်။
ကျော်စောထိုက်, *v.* to be worthy of celebrity; to be memorable.
ကျော်ဂုဏ်းတက်, *v.* to acquire eminent distinction, be very famous.
ကျော်, **2**, *v.* to step or pass over.
ကျော်နင်း, *v.* to trample upon, tread under foot, နင်းသည်။
ကျော်ရော့, *int.* ah! alas! aha! ဖြစ်ရလေချင်း: ကျော်ရော့ကွန့်ရှိ၊သေတ္တာကိုဘယ်သူဖွင့်သလဲ။

ကျော်သွား, *v.* same as ကျော်; to supersede, မြို့အုပ်မောင်ဖြူဥပဒေဖောက်လွန်လေ့ကျက်သောကြောင့်၊မောင်မဲထက်ကျော်၍သွားသည်။
ကျော်, 3, *see* ကြော်, *v.* to fry.
ကျော်ကသည်း, *n.* a Tonquinese, native of Tonquin.
ကျို, *v.* to boil to a pulp, or to a dissolution of parts; to boil a liquid to a consistence, as နွားနို့ကျိုသည်; to boil in some other substance, in order to impregnate therewith; to melt, as ore or metal, အရည်ကျိုသည်; ထန်းရည်ကိုထန်းလျက်ဖြစ်အောင်၊ကြံရည်ကိုကြံသကာဖြစ်အောင်ကျိုသည်; သည်သူခိုးတခြားကြောင့်မမိနိုင်သည်မဟုတ်၊ ရွှေထည်ငွေထည်ကိုခိုးပြီးလျှင်၊အရည်ကျို၍ဖျက်တတ်သည်။
ကျိုချက်, *v.* to boil to a pulp; to boil a liquid to a consistence; to melt, as ore or metal; to come to a thorough understanding of an affair, စကားကျိုချက်သည်, မင်းအကြောင်းကိုအစိုးရထံကျိုချက်၍ပြောပါပြီ။
ကျိုက်, *v.* to gird up; *see* ခါးတောင်းကျိုက်. *Der.* အကျိုက်။
ကျိုက်ကျိုက်, *adv.* bubblingly, hissingly, ရေနွေးအိုးမီးဖိုပေါ်မှာတည်သောအခါ၊ ရေကျိုက်ကျိုက်ဆူအောင်တည်ရမည်။
ကျိုက်ချ, *v.* to gulp down, swallow at once, သည်အကလေးကြက်ဆူဆီအနံ့ကိုမခံနိုင်သောကြောင့်၊နှာခေါင်းကိုပိတ်၍ ကျိုက်ချသည်; ရေငတ်သောအခါရေနောက်ကိုပင်ကျိုက်ချရသည်. *Der.* အကျိုက်။
ကျိုင်း, 1, *n.* a kind of official umbrella carried before (not over) the owner, ဆောင်ထီး။
ကျိုင်း (ကောင်), 2, *n.* a locust.
ကျိုင်း, 3, *v.* to be stout, portly, large in bulk and height, ထွားသည်. *Der.* အကျိုင်း။
ကျိုင်းထွား, *v.* same, ပုသိမ်ဝန်မောင်လှကြီးဆိုသောသူကျိုင်းကျိုင်းထွားထွား အလွန်လှပသည်။
ကျိုင်းရိုင်း, *v.* same; *used adverbially only.*
ကျို့, *see* ကြို့, *v.* to bow down.
ကျိုး, 1, *v.* to follow directions respectfully, to be respectfully obedient; to be well disciplined; to behave in a subdued manner after receiving a severe punishment; to take pains with; *not used singly.*
ကျိုးနွံ, *v.* same (*common form*), တောင်သူများလယ်လုပ်သောအခါ၊ ကျိုးကျိုးနွံနွံလုပ်တတ်သည်; ငမြူထောင်သို့ကျပြီးသည်နောက်အလွန်ကျိုးနွံသည်။
ကျိုး, 2, *v.* to be broken crosswise; to burst, as a bund; *comp.* ကွဲ; to be broken or severed lengthwise, to be split; ဇရွံမြို့မှာတာကျိုးသောကြောင့်၊လယ်များပျက်စီးကုန်ပြီ; သည်သူသွားကျိုးသောကြောင့် အလွန်အိုမင်းဟန်ရှိပေသည်. *Der.* ချိုး။
ကျိုးပဲ့, *v.* to be broken in pieces.

†ကျိုးနန်းကျိုးနန်း, *adv.* hobblingly, သွားကျိုးနန်းကျိုးနန်းသွားသည်။
ကြ, *verb. affix of number*, denoting the plural, ကုန်။
ကြကုန်, same as ကြ။
ကြက်, 1, *n.* a fowl, ကြက်မ, ကြက်ဘ။
ကြက်အိပ်တန်း, *n.* a henroost.
ကြက်ဥ, *n.* a hen's egg, ကြက်ဥအရောင်ထိမ်တောင်သဘွယ်မင်းရေးချယ်။
ကြက်ဥမိုးမြွေ, *n.* the striped rat snake.
ကြက်ဦးတွန်, *n.* (the time of) earliest cock-crowing (about 2 a.m.), ကြက်ဦးတွန်ချိန်။
ကြက်ကွ, *n.* a bantam fowl.
ကြက်ချေး, *n. a term of contempt*, applied to children of foreign extraction.
ကြက်ချေးပန်း, *n.* a plant of the genus *Umbellifers.*
ကြက်ခြေ, *n.* a fowl's foot; the mark of a St. Andrew's cross, or any mark resembling a fowl's foot; the mark of a cross, used as a signature by one who can not write, ငြုကြက်ခြေ ×.
ကြက်ခြေခတ်, *v.* to make such a mark.
ကြက်ငုံး, *n.* a tailless variety of the domestic fowl.
ကြက်စင်ပွမ်း, *n.* a species of ornamental *Dillenia.*
ကြက်စုန်း, *n.* a hen that eats her own eggs.
ကြက်ခေါင်, *v.* to be on the point of engaging, as two gamecocks.
ကြက်ခွဲ, *n.* the man who holds the cocks at a cock-fight.
ကြက်ဆင်, *n.* a turkey.
ကြက်ဆီဘူး, *n.* a fowl's oil bag. ကြက်ဆီဘူးအုံ, *n.* a fowl's rump.
ကြက်ဆူး, *n.* a cock's spur (*infreq.*), အတက်; a disease of the eye, in which the eyeball first protrudes and afterwards sinks in (conical cornea), အမယ်သည်မျက်စိကုလို့မရပါ။ကြက်ဆူးထွက်ရှာသည်။
ကြက်ဆူးတည်, *v.* to be subject to said disease.
ကြက်ဆူးတိုင်, *n.* a stake for mooring a boat; a stake to which a decoy fowl is tied.
ကြက်ညှာ (နာ), *n.* the croup; whooping cough.
ကြက်တက်, 1, *n.* a cock's spur, အတက်။
ကြက်တက်, 2, *n.* a species of coffeewort, the *Gardenia obtusifolia.*
ကြက်တင်း (ဥတင်း), *n.* a basket or box used for a hen's nest.
ကြက်တရော်, *n.* the *Grewia hirsuta*, an erect shrub attaining the height of about five feet; the drupes are of a reddish brown color.
ကြက်တောင်, *n.* a fowl's quill or wing; the chain which connects the rings in a pair of fetters; a tool that may be used as an ax and an adz.

ကြက်တောင်စည်း, *n.* the hair of the head tied stiff like a bunch of quills, as worn by Burmese girls about thirteen years of age.
ကြက်တောင်ပြန်, *n.* a fowl with reversed feathers.
ကြက်တိုက်, *v.* to set gamecocks to fight; ကြက်တိုက်ပွဲ, a cockfight; တိုက်ကြက်, a gamecock.
ကြက်တွန်, *v.* to crow, as a cock, ကြက်မတွန်၍မိုးသော်မလင်း။
ကြက်နင်းအုပ်, *v.* to superadd a bamboo framework on the roof of a house, to prevent the thatch from being blown up by the wind.
ကြက်ပေါင်, *n.* Tenasserim caoutchouc; ကြက်ပေါင်စေး, india rubber.
ကြက်ပေါင်စေးခွန်, *n.* india rubber revenue.
ကြက်ဖ, *n.* a cock; ကြက်ဖခုန်ကစား, to play leapfrog.
ကြက်မ, *n.* a hen.
ကြက်မအုပ်, *n.* a species of flowering shrub, *Ardisia.*
ကြက်မတန်း, *n.* a pullet.
ကြက်မောက်, *n.* a cock's comb, အမောက်; cockscomb, the *Celosia cristata*; a fruit, the wild ramboutan, the *Schleichera.*
ကြက်မျက်သင့်, *v.* to be subject to a disease of the eyes which occasions blindness by night (in case of children); *comp.* ရေဇဝါသင့်; ကြက်မျက်စေ့သင့်။
ကြက်မြီးခေါင်ပေါက်, *n.* a cockerel.
ကြက်ယက်, *n.* the part of a post just above the ground, တိုင်ကြက်ယက်ပြတ်သည်။
ကြက်ရက်, *n.* prince's feather; ကြက်ရက်နီ, the red variety; ကြက်ရက်ဝါ, the yellow variety (*Bot.*).
ကြက်ရင်အုပ်ရိုး, *n.* a wishbone, merrythought, ကြက်ငှက်ညှပ်ရိုး။
ကြက်ရင်း, *v.* to retreat and return to the combat, as a timid cock.
ကြက်ရစ်, *n.* the Amherst pheasant.
ကြက်ရှမ်း, *n.* a species of coffeewort, ရှုံဆံ, ဆောက်, နှော။
ကြက်ရိုး, *n.* the *Vitex pubescens*, an evergreen tree which sometimes grows to the height of forty feet. It bears small dark blue flowers, and bluish black globular drupes the size of a pea.
ကြက်ရိုးထိုး, *v.* to divine by the bones of fowls.
ကြက်လျှာ, *n.* a fowl's tongue; an acute angle, ထောင့်ချွန်; a gore; a fore staysail, jib or spanker.
ကြက်လျှာစွန်း, *n.* a sharp projection of land, သန်လျက်စွန်း။
ကြက်လျှာတံခွန်, *n.* a paper streamer, the shape of a fowl's tongue.
ကြက်လျှာထိုး, *v.* to match (boards).
ကြက်လျှာရွက်, *n.* a staysail.

ကြက်လျှာရွက်လက်, *n.* a bowsprit, jib boom, or spanker boom.
ကြက်လျှာလံ, *n.* a triangular shaped flag.
ကြက်ဝိုင်း, *n.* a cockpit; *comp.* ကြက်တိုက်ပွဲ။
ကြက်သင်း, *n.* a capon, *lit.* the castrated fowl.
ကြက်သည်, *n.* a poultry dealer; a pedlar of fowls.
ကြက်သားလုံးပုံ, *adv.* without reservation, အကြွင်းမဲ့။
ကြက်သားဟင်း, *n.* a species of *Antidesmad*, *Antidesma paniculata*; *see* ပြည့်စင်; fowl curry.
ကြက်သီး (*freq. pron.* သိန်း), *n.* the roughness of a fowl's skin, when stripped of its feathers.
ကြက်သီးထ, *v.* to experience horripilation, have the fine hair of the skin erected or standing on end, from sudden cold or a strong emotion, to have goose flesh, ကေသရာဇာခြင်္သေ့မင်းဟောက်သည့်အခါ၊ တောသုံးထောင်သတ္တဝါစုကြက်သီးမွေးညှင်းထသည်။
ကြက်သီးနွေးနွေး, *a.* lukewarm.
ကြက်သီးမွေးညှင်းထ, *v. see* ကြက်သီးထ။
ကြက်သေသေ, *v.* to be struck speechless and senseless from sudden fright.
ကြက်သွေး, *n.* a deep red, the color of fowl's blood, ကြက်သွေးရောင်, မဟူရာနီ။
ကြက်, 2, *v.* to stretch out, extend as a superficies, and make fast; to cover (a drum), စည်ကိုသားရေနှင့်ကြက်သည်, အလျှူအဒါန်း ပြုလုပ်သောအခါ၊မဏ္ဍပ်၌အမိုးအောက်က၊အလှူရှင်ကပိတာန်ကိုကြက်၍ထားတတ်သည်။
ကြက်ကြက်, *adv.* intensely; applied to words of heat, ကျိုက်ကျိုက်။
ကြက်, 3, *n.* honor, glory, prosperity.
ကြက်သရေ, *n.* character, reputation, credit, အသရေ; pride, glory, နိုင်ငံကြက်သရေ, the pride of the kingdom; ပင်လယ်ကြက်သရေ, the pride of the ocean; သည်တရားသူကြီးမှာအလွန်ကြက်သရေရှိသည်။
ကြက်သရေတိုက်, *n.* a storehouse in a palace or *kyaung*, စေတဝန်ကျောင်းတော်၌ဘုရားပရိဘောဂထားတော်မူသောကြက်သရေတိုက်။
ကြက်ဆူ, *n.* the castor-oil plant, *Palma Christi*; အနှစ်မရှိသည့်တော၌ကြက်ဆူပင်မင်းမူသည်, in a forest of shrubs the castor-oil plant is king (*lit.* in a forest in which the trees have no heartwood).
ကြက်ဆူဆီ, *n.* castor oil.
ကြက်တက်ရည်, *n.* serum, the thin, watery part of any fluid; ထုံးကြက်တက်ရည်, the clear water that rises above the sediment when lime is immersed in water.
ကြက်တူရွေး, ကြက်တူရွေး, *n.* a parrot, ကျေးသား။

ကြက်တူရွေးအိမ်, *n.* a parrot's cage.
ကြက်တူရွေးတန်း, *n.* open-work, whether in parallel lines only, or in parallel and cross lines, lattice work (44).
ကြက်တော, *n.* the Alexandrine parrakeet.
ကြက်သွန်, *n.* the onion plant or bulb.
ကြက်သွန်ခင်း, *n.* an onion bed.
ကြက်သွန်ခွံ, *n.* onion skin; a kind of fine calico.
ကြက်သွန်ဖြူ, *n.* garlic (Bombay onions).
ကြက်သွန်မြိတ်, *n.* onion tops.
ကြက်ဟင်းခါး, *n.* a species of the *Momordica*, အမှုးအမေဒ်ရှိသောအခါ၊ ကြက်ဟင်းခါးရွက်ကိုလက်နှစ်ဘက်ဖြင့်ပွတ်၍ရှုလျှင်ပျောက်တတ်သည်။
ကြခတ်ဝါး, *n.* the thorny bamboo, *Bambusa arundinacea*; *comp.* ကြသောင်းဝါး။
ကြင်, *v.* to love, ခင်သည်. ချစ်သည်; ကြင်ရာတော်, a royal consort: ညောင်ဗုဒ္ဓဟေဏ္ဍညောင်ပင်ပွင့်ခါမှ၊နောင်ကြင်ဦးမည်, *i.e.*, never.
ကြင်နာ, *v.* same; to feel for, pity, သနားသည်; ကြင်နာသောစိတ်ဝင်, to relent.
ကြင်စွယ်, *n.* the tapering point (sometimes the whole) of the mustache.
ကြင့်, *see* ကျင့်, *v.* to be tense, tight.
ကြငှန်းတိုင် (*pron.* ကြင်နှီးတိုင်), *n.* the northeastern post in the main part of a house; *see under* ကွန်း။
ကြစု (ပင်), *n.* the chebula tree, *Terminalia chebula*; the fruit is said to be a remedy for fevers; ရဟန်းများနွားမုတ်ထဲမှာကြစုသီးစိမ်၍၊လေရောဂါကိုပျောက်စေတတ်သည်ဟုအယူရှိကြသည်။
ကြည်, 1, *v.* to be clear, bright, as water or color; to be sincere, cordial, well disposed; to be bright, cheerful looking, သည်မိန်းမကလေးတယ်ကြည်သည်။
ကြည်ညို, ကြည်ညွတ်, *v.* to be sincere, cordial, well disposed; to feel complaisance, especially in religious objects, သဒ္ဓါသည်, ဘုရားတရားသင်္ဃာများကိုမကြည်ညိုသောသူများအပေါယ်လေးပါးတပါးပါးသို့လားလိမ့်မည်။
ကြည်နူး, *v.* to be kindly disposed, implying tenderness of feeling, affection; to experience feelings of pleasure or regret on hearing pleasant sounds, တေမိဇာတ်ကိုကြည်နူးစရာရှိပါသည်။
ကြည်ဖြူ, *v.* to be sincere, cordial; to feel complaisance.
ကြည်မြ, *v.* to be kindly disposed; *used adverbially.*
ကြည်လင်, ကြည်သာ, *v.* to be clear, pure, bright; to be clear in mind, free from darkness or passion, ကြည်လင်ရွှင်လန်း, မျက်နှာကြည်ကြည်လင်လင်ရှိသည်, to be of a bright, cheerful countenance.

ကြည်, **2** (*pron.* ကြည့်), *v.* to avoid, shun, ရှောင်သည်, မကောင်းသောအမှုကိုကြည်ရမည်, ဓိနည်းတရားနှင့်ညီညွတ်စွာမကျင့်သောရဟန်းများကို၊ရဟန်းကောင်းတို့က၊ကြည်ရှောင်အပ်သည်။

ကြည်ဘဲ, ကြည်ရှောင်, *v.* same, တယောက်သောသူကိုမုန်းသောအခါ၊ကြည်ဘဲသည်။

ကြည့်, *v.* to look, look at, behold.

ကြည့်ခင်း, *n.* a view, မအူပင်မြို့ကိုမြစ်ထဲတွင် ဓိးသင်္ဘောပေါ် ကကြည့်လိုက်လျှင်၊ကြည့်ခင်းအလွန်သာယာသည်။

ကြည့်ပါ, *int.* lo, ကြည့်လေ, ကြည့်လော့။

ကြည့်မျှော်, *v.* to look forward to; to watch for, from a distance, အဝေး၌ရှိသောတောင်ကမ်းသစ်ပင်များကိုကြည့်မျှော်သည်။

ကြည့်ရှု, *v.* to look attentively; to look after the interests of another, ကြည့်ရှုစောင်မ။

ကြည်း, **1**, *n.* dry land, ground, ကုန်း။

ကြည်းကြောင်း, *adv.* by land, ကုန်းကြောင်း။

ကြည်းခတက်, *n.* a small tree, sometimes growing to the height of twenty-five feet. The leaves appear in groups of three, on petioles six or seven inches long. The fruit, which is the size and shape of a duck's egg, is not edible.

ကြည်းတပ်, *n.* a land force, ကုန်းတပ်။

ကြည်း, **2** (*pron.* ကြဲ), *v.* to be thin, rare, as liquid, သွက်သည်; *opposed to* ပြစ်, to be thick; ဖျော်ရည်များတွင်ထန်းလျက်မန်ကျည်းနည်း၍ရေများလျှင်၊အရည်ကြည်းသည်။

ကြည်း, **3**, *v.* to crush, grind down; ကြိတ်သည်; to make a grinding sound, as the earth when convulsed (*infreq.*).

ကြည်းဟီး, *v.* to groan, ညည်းညူသည်။

ကြည်း, **4** (*pron.* ကြည့်း), *v.* to bear, carry; *not used singly*; to conduct from one place to another, သယ်ပိုးသည်; to carry on, perform (*infreq.*), ဆောင်ရွက်သည်။

ကြည်းဆောင်, *v.* same, မိတ်ဆွေဖြစ်သောသူတယောက်တွင်၊အမှုကိစ္စရှိလျှင်၊ကိုယ်ကကြည်းဆောင်ရန်သင့်သည်, ဆောင်ကြည်း။

ကြတ် (*freq. pron.* ကြစ်), *v.* to darken, grow dark, as the heavenly luminaries, to be eclipsed; နေကြတ်သော်၊မင်းကေရာဇ်များမှာတစိုတရာဖြစ်တတ်သည်။

ကြတ်ကြတ်, *adv.* light, pale, not deep, as color (*obs.*).

ကြတ္တိကာ, *n.* The Pleiades or seven stars; *more elegant than* ဖျောက်ဆိပ် (*more common*); ကြတ္တိကာနက္ခတ်သုံးလတခါကွယ်သွားတတ်သည်။

ကြတ်နန်း, or ကြနန်း, *n.* a tree, the wood of which is used for making sandals, a species of *Xylocarpus*.

ကြန် (Pali ကြန္), *n.* a sign, mark, အမှတ်, လက္ခဏာ။
ကြန်အင်လက္ခဏာ, *n.* the five good bodily qualities, ဤမိန်းမငယ်သည်ကြန်အင်လက္ခဏာနှင့်အလွန်ပြည့်စုံပါပေသည်။
ကြန့်, *v.* to delay, be delayed; *not used singly.*
ကြန့်ကြာ, *v.* same, ဤစာကိုမကြန့်ကြာရအောင်၊အလျင်အမြန်သွားပို့ချေ, ခရီးအဆစ်အပိုင်းကိုမသိ၍ကြန့်ကြာသည်, နေ့ရက်ကြန့်ကြာမရှိစေရ။
ကြပ်, **1**, *see* ကျပ်, **8**, *n.* a kind of evil spirit.
ကြပ်, **2**, *see* ကျပ်, **9**, *n. not used singly.*
ကြပ်, **3**, *see* ကျပ်, **10**, *v.* to make tight by binding; to be tight, hard bound, as earth.
ကြပ်, **4**, *v.* to superintend, watch over and direct; *not used singly. Der.* အကြပ်, စောင့်ကြပ် and ထိန်းကြပ်။
ကြပ်မ, *v.* same (*most common*), စောင့်ကြပ်သည်, ဤအလှူတွင်၊ကြပ်မန္တိုးဆော်သောသူမရှိလျှင်၊အထမြောက်ခဲပါလိမ့်မည်။
ကြပ်မပို့, *v.* to escort, စောင့်ကြပ်သွားလာသည်။
ကြပတေ့, *a corruption of* ပြကတေ့, *n.* nature; ပကတိ။
ကြပ်ထုပ်, *see* ကျပ်ထုပ်, *n.* a bag or ball of sand, chaff, salt, the leaves of the သက်ရင်းကြီးပင်,etc., used as a fomentation.
ကြမ္မာ (Pali ကမ္မ), *n.* influence or result of past evil deeds, ကံကြမ္မာ, မကောင်းသောကံ၏ဝိပါက်, ဆရာကြီးခန္ဓုဖြူမြို့သို့သွား၍သေဆုံးသည်မှာ၊ကြမ္မာဝင်၍သွားရလေသည်, ကံကြမ္မာအလျောက်သေပါသည်, he died in the ordinary course of nature; though from a Buddhist point of view, as the result of past evil deeds.
ကြမ်း, **1**, *n.* a floor, ကြမ်းနင်းသံကြားသည်၊မည်သူရှိပါလိမ့်မည်လဲ။
ကြမ်းကြော, *v.* to floor, by tying down bamboos.
ကြမ်းခင်း, *v.* to lay a floor.
ကြမ်းပိုး (*pron.* ကြမိုး), *n.* a bug; the bedbug, တယ်ကြမ်းပိုးပေါသည့်အိမ်။
ကြမ်းပြင်, *n.* a floor extended beyond the roof of the house.
ကြမ်းဝါး, *n.* bamboo flooring; ဝါးကြမ်း, a bamboo floor.
ကြမ်း, **2**, *v.* to be rough, မချော; *less than* ပြုတ်ရှပ်ထ; to be coarse (in texture or grain), မချော. မနု, as thread, ရုန့်သည်; to be rough, harsh, violent in word or deed, ရုန့်ရင်းသည်; *less than* ရက်စက်သည်။
ကြမ်းကြုတ်, ကြမ်းတမ်း, *v.* to be rough, harsh, violent in word or deed, သူသည် အပြောအဆိုမှာကြမ်းကြုတ်သည်. သည်သခင် အပြုအမူ အလွန်ကြမ်းတမ်းသည်; *comp.* ခက်ထန်။
ကြမ်းတုံး, *n.* a log used for smoothing the rough surface of ploughed ground, before sowing or planting.

ကြမ်းတိုက် (*pron.* ကြမ်းဒိုက်), *v.* to take by assault, ကြမ်းတိုက်မှုရမည်; *adv.* violently, ကြမ်းတိုက်ဝင်ရုတ်သည်။
ကြမ်း, **3** (*pron.* ဂြမ်း), *n.* a very large bamboo net.
ကြယ်, *n.* a star.
ကြယ်တံခွန်, *n.* a comet, ကြယ်တံခွန်ပြသော်၊တိုင်းပြည်ချောက်ချားတတ်သည်။
ကြယ်နီ, *n.* the morning star, ကြယ်နီပေါ်ချိန်ကိုခရီးသွားကြစို့။
ကြယ်ပုံ, *n.* an asterisk.
ကြယ်ပျံ, *n.* a falling or shooting star; *also used as a verb*; ကြယ်ပျံကိုလက်ညှိုးမထိုးကောင်းဘူး။ ထိုးမိလျှင်ဥပဒ်ရောက်တတ်သည်။
ကြယ်ပွင့်, *n.* a spangle.
ကြယ်သီး, *n.* a button, a stud, အင်္ကျီကြယ်သီး; ကြယ်သီးဖြုတ်, to unbutton.
ကြလိုဝါး, *n.* the *Dendrocalamus Brandisii*, a large species of bamboo.
ကြသောင်းဝါး, *n.* the *Bambusa polymorpha*, a kind of bamboo, the joints of which are often two feet in length.
ကြံ, **1**, *n.* the sugarcane, *Saccharum officinarum.*
ကြံစုတ်, *v.* to suck sugarcane, ဆင်ဖြူတော်ကိုမှီ၍ကြံစုတ်သည်, he takes refuge in the royal white elephant, and sucks sugarcane; as a sycophant relying on his patron, and feasting on the fruits of his flattery.
ကြံမင်း, တောင်းကြံ, *n.* varieties of sugarcane.
ကြံရောင်, *n.* dark red or claret color, ကြံရောင်သက္ကလတ်။
ကြံသကာ, *n.* unrefined sugar, made from the sugarcane; *see* သကာ။
ကြံ, **2**, *v.* to think, consider in order to understand; to intend, design, မင်းတိတ်တိတ်ခိုး၍ဘာကြံသလဲ; *comp.* ဆင်ခြင်; ကြံ *is used in close conjunction with another verb in the future tense*, ပြုလုပ်မည်ကြံသောအခါ, when about to perform, ရန်တွေ့မည်ကြံသောအခါ, when about to quarrel; သည်သူသည် ကြံကောင်းကြံရာကြံရသည်, this person is obliged to plan as best he can.
ကြံခိုး, *v.* to design clandestinely, တိတ်တိတ်ခိုးကြံ။
ကြံစည်, ကြံဖန်, *v. see* ကြံ; ဘယ်နည်းပင်ခင်ဗျားကြံစည်ပါသော်လည်း၊ အထမြောက်မည်မထင်ပါ, ဘဲ့နှယ်ကြံဖန်သွားရမည်လဲ။
ကြံဆ, *v.* to design, or concoct a scheme, weighing well the consequences.
ကြံဆောင်, *v.* to design, in view of some contingent event.
ကြံမိ, *v.* to hit upon, as a plan, အမှတ်တမဲ့တွေ့သည်။
ကြံရွယ်, *v.* to design, aim at, to have in the heart, သည်နေရာမှာကျောင်းတကာဦးမြတ်ဖြူ ကျောင်းဆောက်မည်ကြံရွယ်ခြင်းသော်လည်း၊ မနှစ်ကသစ်ဈေးမကောင်းသောကြောင့်အထမြောက်မည်လက္ခဏာမရှိသေးပါ။

ကြို့ဟင်း, *n.* the scammony plant, ဒိုးထွက်စ မိန်းမတို့အား သွေးတက်အောင်၊ ကြို့ဟင်းရွက်ကိုတပါးသောသူကချက်၍ပေးတတ်သည်။

ကြံ့, 1, *n.* a rhinoceros. The Burmese recognize three kinds, *viz.* ကြံ့ဆင်, ကြံ့ချော်, မီးစားကြံ့, the elephant rhinoceros, the double horned rhinoceros, and the fire-eating rhinoceros.

ကြံ့ချေးပိုး, *n.* the short-horned atlas beetle.

ကြံ့, 2, *v.* to be firm in structure of mind, resolute, persevering, ခံ့သည်, ခိုင်သည်။

ကြံ့ခံ့, ကြံ့ခိုင်, *v.* same, ဤလက်သမားသည်အိမ်ဆောက်သည်မှာ၊ အလွန်ကြံ့ခိုင်ညီညွတ်လှပေသည်။

ကြံ့ရန့်, *v.* same, *but used adverbially only,* as ကြံ့ကြံ့ရန့်ရန့်။

ကြာ, 1, *n.* the water lily, of which there are many varieties, as ကြာခေါင်းလောင်း, ကြာကုမုဒ်, ကြာညို, ကြာတံဆိပ်, ကြာနီ, ကြာပဒုံမာ, ကြာပုဏ္ဍရိက်, ကြာဖြူ, ကြာလင်ပန်း; ရေမြင့်ကြာမြင့်, as the water is high so is the lily elevated, *i.e.*, when a patron is powerful his dependent shares his prestige (45); a blaze on a horse's (or bullock's) fore-head, ထိပ်မှာကြာရှိသည်။

ကြာကလပ်, *n.* a lily shaped salver; part of a priest's coffin.

ကြာခို, *v.* to commit adultery, as a queen or female member of the royal family, ကြာဆန်သည့်မိန်းမ။

ကြာချည်, *n.* a silk and cotton thread, from which gauze curtains are made.

ကြာခွက်, *n.* the pericarp of a lily.

ကြာစွယ်, *n.* the projecting root of a lily, particularly that of the *padonma.*

ကြာဆန်, *n.* vermicelli.

ကြာဆူး, *n.* a slight eruption of the skin, in which the pustules are not so marked as in prickly heat.

ကြာဘက်ကြီး, *n.* the large leaved *Leea*, cultivated for the astringent properties of its roots. The Burmese use it to stop the effusion of blood in wounds.

ကြာယပ်, *n.* artificial lilies suspended like a fan, in carved work or ornamental hangings.

ကြာယပ်ကြာချပ်, *n.* same; a flounce.

ကြာယပ်ဆွဲ, *v.* to deck with a flounce.

ကြာသွတ်အိုး, *n.* a jug or pot with a spreading mouth, in which offer-ings of lilies, etc. are made; *comp.* ညောင်ရေအိုး (46).

ကြာဟင်းကလေး, *n.* the *Ipomœa vitifolia*, a large, extensive twiner,

common in shrubbery along river sides in all parts of Burma.

ကြာ, 2, *v.* to be long in doing; to be long in time, whether past or future, ခင်ဘျားရန်ကုန်မြို့သို့ရောက်သည်မှာ၊ဘယ်လောက်ကြာပြီလဲ, မိတ်အထင်ယခုနေ့ကကို တဆယ်ရက်လောက် အကြာက ရောက်မည်, တနာရီခန့်လောက်ကြာ၍မှလာပါမည်; မကြာမကြာ, often; မကြာမီ, မကြာခင်, soon; မကြာမီက, a little while ago.

ကြာတင်, ကြာမြင့်, ကြာရှည်, *v.* same as ကြာ; မကြာမမြင့်မီကျွန်ုပ်ရောက်ပါလိမ့်မည်, I shall arrive before long.

ကြာသပတေး, *n.* the planet Jupiter; the fifth day of the week, Thursday; *abbrev. to* ၅တေး; စာတတ်ကြာသပတေး၊စာရေးသောက်ကြာ။

ကြား, 1, *see* ကျား, *n.* a transverse stay in the roof of a building; a prop or stay.

ကြား, 2, *v.* to hear with the ear, နားကြားသည်; to inform, give information, tell, communicate intelligence, ကြားပြောသည်; ကြားမှာလိုက်ပါသည်, အကြောင်းကိုမင်းမိန်းမသို့ကြားလိုက်ခဲ့ပြီလား; ကြားဘူးနားဝ, to gain experience from a habit of attention to what one hears; မကြားဝံ့မနာသာ, applied to obscene language.

ကြားနာ, *v.* to hear, အဘယ်သို့ကြားနာရသည်ကိုသတိပြုကြလော့။

ကြားပြော, *v.* to inform, give information, tell.

ကြားမှာ, *v.* to give information at a distance, transmit intelligence; to address a letter (to an inferior), ကြားမှာလိုက်ပါသည်။

ကြားမှီသောနေရာ, *n.* earshot, reach of the ear, ကြားမှီသောနေရာမှာစောင့်နေပါ, ခေါ်သံကြားလောက်သောနေရာ။

ကြားရောက်, *v.* to send information by writing; to address a letter (to an equal or superior), ကြားရောက်လိုက်ပါသည်။

ကြားလိုက်, *v.* same (to an equal or inferior), သင်၏အိမ်၌ရှိသောအသင်းတော်ကိုကြားလိုက်ပါ၏။

ကြားလျှောက်, *v.* to address a letter, as an official to a *rahan*, or one official to another, မြိတ်တော်မူသောမြို့ဝန်မင်း ဖေလစ်ကို မေတ္တာနှင့်ကြားလျှောက်လိုက်ပါသည်။

ကြားသိ, *v.* to know by report, to become cognizant of a fact, to know something from having been told, to become aware of, မင်းဆိုးသွမ်းသည် အကြောင်းကိုကြား သိရသည်မှာ၊ သုံးလခန့်ရှိပါပြီ, it is about three months since I knew by report, of your being wicked and dissolute.

ကြား, 3, *v.* to have a space between, be apart, separate; *not used assertively*. *Der.* အကြား and ခြား။

ကြားအမိန့်, *n.* an interlocutory order (*Law*).

ကြိတ်, **1**, *see* ကျိတ်, *n.* a creese, dirk.
ကြိတ်, **2**, *see* ကျိတ်, *n.* large shears used for cutting metal.
ကြိတ်, **3**, *v.* to crush down with a grinding motion, to bruise, ကြည်းသည်; to squeeze, rub, grind, as in a mill or mortar, စပါးကြိတ်, နှမ်းကြိတ်, to press sesamum seed in order to express the oil, ပွတ်သည်; to grind, as with the molars; to settle a matter privately (in a bad sense), ကြိတ်၍ဆောင်, ကြိတ်၍ကြိုသည်, တိတ်တိတ်ကြိတ်ငို; သည်လူအလွန်ဒေါသကြီးသောကြောင့်၊ အံသွားကြိတ်၍နေသည်; သူတပါးသိမည်စိုးသောကြောင့်၊ ဆိတ်ကွယ်ရာအရပ်၌ နှစ်ယောက်တည်း ကြိတ်၍ကြိုကြသည်; သည်လှေနှစ်စင်းအချင်းချင်းကိုကြာရှည်စွာကြိတ်နေလျှင်ပျက်စီးလိမ့်မည်။
ကြိတ်ဆုံ, *n.* a mill used to husk grain, or to grind flour.
ကြိတ်နယ်, *v.* to mash, grind to powder, crush completely, ကြေအောင်ထု။
ကြိတ်ပြာ, *n.* calx, the substance of a metal or mineral which remains after being subjected to violent heat; used by alchemists (အဂ္ဂိရတ်သမား).
ကြိတ် (ပင်), **4**, *n.* a kind of grass, with hard, shining, pearly grains, *Coix lacryma* or Job's tears.
ကြိန်း, *see* ကျိန်း, *v.* to smart, as the eyes; to be set on edge, as the teeth.
ကြိမ်, **1**, *n.* the rattan vine.
ကြိမ်ခါး, ကြိမ်တပေါင်း, ကြိမ်တန်း, ကြိမ်နွံသာ, ကြိမ်ပုတ်, ကြိမ်မြွေ, ကြိမ်နီ, တနသ်ာရီကြိမ်, သွန်းကြိမ်, *n.* different species of the rattan.
ကြိမ်ချုပ် (လှေ), *n.* a boat, the parts of which are secured by rattans, without nails (common in Arakan).
ကြိမ်ဒဏ်, *n.* punishment by flogging; ကြိမ်ရာ, the marks made by flogging with a rattan, သည်လူကျေးကျွန်ထောင်ကျဘူးပါလိမ့်မည်။ ကျောမှာကြိမ်ဒဏ်ရာမမြင်ဘူးလား။
ကြိမ်ဖြာ, *v.* to split rattan with a knife (ထားမောက်).
ကြိမ်လုံး, *n.* a rattan branch or twig; any rod or pliant stick, တံဖျာ။
ကြိမ်သွင်း, *v.* to lash or whip a horse (especially when racing), မင်းကျွန်ုပ်မြင်းကို အခြားမြင်းနှင့် ပြိုင်၍စီးလျှင်၊ မရှုံးရအောင် ကြိမ်များများစွာသွင်းပါ, when you ride my horse in racing with another, please lash him well, that he may not lose the race; the corresponding term used in driving bullocks is ကြိမ်ထိုး, နွားကိုထိုးမောင်းလိုက်။
ကြိမ်, **2**, *v.* to meet with, find, ကြုံသည်, ဆုံသည်, တွေ့သည်; လှေကြိမ်, a chance boat, a boat going the way one wishes to go, လှေကြုံ (*more common*). *Der.* အကြိမ်။

ကြမ်ကြိုက်, ကြမ်တွေ့, *v.* same, ဤပုဏ္ဏားအလွန်ခဲခက်သောကြောင့်၊ဆရာနှင့်ကြိုက်မှကျွန်ုပ်မေးရမည်။

ကြမ်ဖန် (from အကြိမ် and အဖန်), *adv.* repeatedly.

ကြမ်း, *v.* to be terrified, daunted by threats (*obs.*); to make a display of authority, threaten, daunt, defy, ကြိုးဝါး; *comp.* ကြိုး, ဆိုဆုံးမ၍မနိုင်သောကြောင့်၊အခါခါကြမ်းသည်. *Der.* ခြမ်း။

ကြမ်းမောင်း, ကြမ်းပ, ကြမ်းဝါး, *v.* to make a display of authority, threaten, defy; ကြမ်းမောင်း denotes a greater display of force than မောင်း by itself, ဥယျာဉ်ထဲသို့ကျွဲဝင်လာလျှင်ကြမ်းမောင်းလိုက်။

ကြယာ, *see* ကရိယာ, *n.* a deed, action; appendages, utensils.

ကြီး, *v.* to be great, large, big, တမြို့လုံးကြီးကြီးငယ်ငယ်ရွယ်ရွယ်လတ်လတ်မင်းကြီးလာမည်ကိုမြော်နေကြပါသည်. *Der.* အကြီး။

ကြီးကဲ, *v.* to be chief, excellent, superior, သည်ကျောင်းတကာလျှ သောဒါနဝတ္ထုများသည်အလွန်ကြီးကဲလှပေသည်။

ကြီးကျယ်, *v.* to be extensive, vast, စုအက်တူးမြောင်းကိုတူးစေရန်၊ကြီးဆောင်သောလိပ်စက်သခင်အကြီအစည်အလွန်ကြီးကျယ်သည်။

ကြီးကြပ်, *v.* to watch over, superintend, သည်အလ္လာများကိုပျောက်ပျက်မည်စိုးသောကြောင့်၊စောင့်ရှောက်ကြီးကြပ်ရသည်။

ကြီးခိုင်, *v.* to be firm, reliable, သည်စစ်သည် အခြားစစ်သည်နှင့်မတူ၊အလွန်ကြီးခိုင်သည်။

ကြီးစု, *n.* a tract of country controlled by a *thugyi.*

ကြီးစိုး, *v.* to have control, to rule, have dominion over, အုပ်ထိန်းကြီးစိုး။

ကြီးတန်ငင်, *v.* to become lean and thin before full development, between the stage of boyhood and full manhood; သည်နွားကလေး၊နွားမဖြစ်သေးပါ၊ ကြီးတန်ငင်တုန်းရှိသေးသည်။

ကြီးတော်, *n.* a mother's elder sister; a father's elder brother's wife; same as မိကြီး, but more frequently used in *colloq.*

ကြီးပြင်း, *v.* to be large, grown from childhood, အရင်ကငါလာသောအခါမင်းငယ်ငယ်ကလေးရှိသေးသည်၊ယခုမှာကြီးပြင်း၍လာပြီ။

ကြီးပွား, *v.* to grow up, advance towards mature age and size; to increase in knowledge, affluence, position, လုံ့လထုတ်လျှင်၊ အရာကြီးပွားစရာရှိသည်, ယခုအတိုင်းဖြစ်သွားမည်ဆိုလျှင်၊ကြီးပွားလိမ့်မည်။

ကြီးမား, *v.* to come to mature age; to be large in size.

ကြီးမြင့်, *v.* to be large and high, to be large and tall; to be high, exalted in rank or position.

ကြီးရင့်, *v.* to be advanced in age, အသက်ကြီးရင့်သည်, အသက်အရွယ်ကြီးရင့်သောသူများကိုရိုသေကိုင်းညွှတ်ခြင်းပြုရမည်။

†ကြီးတီးကြက်တက်, *adv.* (to talk) in a loud, wrangling manner, pre-

paratory to having a quarrel, ရန်တွေ့မည်ကြံသောအခါ၊တယောက်တခွန်းကြိုးတီးကြက်တက်ပြောတတ်သည်; with a staring, wild appearance.

ကြွတ်, 1, *n.* a very small, cylindrical box with a convex cover, made of ivory or wood.

ကြွတ်နားတောင်း, *n.* an ear ornament shaped like a ကြွတ်။

ကြွတ်, 2, *v.* to be rubbed off, peeled off, as the skin, အရေကြွတ်သည်; *less than* ပွန်း, (*infreq.*).

ကြွတ်ကြွတ်, 1, *adv.* with the sound as of gas rumbling in the bowels, ကြွတ်ကြွတ်မြည်သည်။

ကြွတ်ကြွတ်, 2, *adv.* intensely; combined with words of darkness, blackness, and of depth, ပင်လယ်ရေနက်လိုက်သည်မှာ၊ကြွတ်ကြွတ်ကျရသည်။

ကြုံ, 1, *v.* to meet with, find, ကြုံသည်, ဆုံသည်, တွေ့သည်; လှေကြုံကိုမရသောကြောင့်၊ပန်းတနော်မြို့သို့မသွားနိုင်; သည်လောက်ရှုပ်သည့်လူ ကြုံပင်မကြုံဘူးပါကွယ် (*Colloq.*).

ကြုံကြိုက်, ကြုံတွေ့, *v.* same, ကျောင်းတကာကိုခရီးကြုံကြိုက်လို့သာတွေ့ရသည်။

ကြုံလေချင်း, ကြုံရလေချင်း, *int.* ah! alas! ဖြစ်ရလေချင်း, မင်းသမီးဆို၊ကြုံလေချင်း၊နတ်မင်းဒေဝါကျွန်မကိုခေါင်မပါ။

ကြုံ, 2, *v.* to be lean, thin, to pine away, to be emaciated, မဝ, ဖိန်သည်; *comp.* ချုံး; ဤသူသည်အလွန်ကြုံသည်။

ကြုံစား, *v.* to eat away, as the bank of a river, မိုးဃီးတွင်းအခါရေဝက်တိုး၍ကမ်းပြိုလျှင်၊ကြုံစားသည်ဟုခေါ်ပါသည်; to shrink in size.

ကြုံတူး, *v.* to be lean, thin (*not used*).

ကြုံလှီ, *v. see the parts.*

ကြုံး, *v.* to boast, make a display of authority; *comp.* ကြမ်း; *not used singly.*

ကြုံးပ, ကြုံးဝါး, *v.* same; *see* ကြမ်းပ, etc., ဟစ်အော်ကြုံးဝါးသောအသံကိုကြားပါသည်။

ကြုံးဝါးစွာ, *adv.* boastingly, ဟုန်းစိုး။

†ကြုံးကြုံး (မြည်), *adv.* rumblingly, သည်လူခြေနင်းပြင်းလိုက်သည်မှာကြုံးကြုံးမြည်သည်။

ကြွ, *v.* to diffuse a pleasant odor; *less than* ကြိုင်; ဤတောသွ်ပန်းများမွှေးလိုက်သည်မှာကြွ၍နေရသည်။

ကြွး, *v.* to be excessive in the indulgence of appetite; *mostly used as a qual. affix,* စားကြွးသည်, သောက်ကြွးသည်, မဒ္ဒဝဲအပ်သောသူဟူသည်ကား၊အိပ်ကြွးသောသူ၊သေရည်သေရက်သောက်ကြွးသောသူ၊မေထုန်ကြွးသောသူ၊ဤသုံးယောက်ကိုမဒ္ဒဝဲအပ်; *comp.* ကျူး။

ကြေ, *v.* to be reduced to small particles, but not as fine as ညက်; to

be digested, as food; to be bruised, as the flesh; to be satisfied; to be of due consistence or temperament; applied to the blood, သွေးကြေသည်, or phlegm, သလိပ်ကြေသည်; အတွင်းကြေကြေ, to be bruised internally; ဤသူသည်အစာကိုစားသောအခါ၊မကြေသောကြောင့်ရင်ပတ်နာ မကြာမကြာထသည်; နေပူထဲသို့သွား၍ မျက်စေ့ကျိန်းခဲ့လျှင်၊ သစ်ကြံပိုးခေါက်ကိုဆားနှင့်သွေး၍နဖူးကိုလိမ်းလျှင်၊သွေးကြေတတ်သည်; လျှက်ဆားကိုစားလျှင်သလိပ်ကြေတတ်သည်; ဤသူကိုတုတ်ကြီးနှင့်ထိုးရိုက်သောကြောင့်၊ အတွင်းကြေကြေ၍နေသည်; ကျွန်ုပ်ပြောသောစကားကို မင်းစိတ်နှလုံးကြေ၏လား; to be elided, as a letter in a word, အက္ခရာကြေသည်. *Der.* ခြေ။

ကြေ, *v.* to be settled, as a difficulty; to be satisfied in mind; *see* ကြေချမ်း။

ကြေကုန်အောင်ထမ်းရွက်, *v.* a term applied to officials who fulfil their duties to the utmost, အမှုတော်ကိုကြေကုန်အောင်ထမ်းရွက်ရသည့်ကျေးကျွန်ဖြစ်ပါသည်။

ကြေကွဲ, *v.* to relent; *see* စိတ်ကြေကွဲ, to be melted with sympathy.

ကြေချမ်း, *v.* to be settled, as a difficulty, to be satisfied in mind, ကြေချမ်းအောင်ပြုသည်, to conciliate, ကြေနပ်သည်, ကြေပြေသည်, ကြေသာအောင်ပြောသည်, တယ်အဝမှာ ကြေချမ်းမည့်လက္ခဏာမရှိ။ အလွန်အသည်းနာဟန်ရှိသည်။

ကြေညက်, *v.* to crumble to powder.

ကြေနပ်, ကြေပြေ, *v. see* ကြေချမ်း, နှစ်ဦးနှစ်ဝကြေပြေကြလျှင်၊ကျွန်ုပ်မပြောပါဘူး။ ပြီးပါစေတော့။

ကြေပြွန်, *see* ကျေပွန်, *v.* to be versed, skilled in, accomplished.

ကြေမွ, *v.* to be crumbled into small particles, pulverized, တစိုတရောသောသစ်ရွက်ကိုနေပူလှန်း၍လက်ဖြင့် ပွတ်လျှင်၊ ကြေမွ၍ ကုန်တတ်သည်; to be crushed, contrite.

ကြေမွန်, *see* ကျေမွန်, same as ကျေပွန်; *used adverbially only.*

†ကြေညာ, or ကြေငြာ, *v.* to be extensively known, to be notorious; to proclaim, to issue a proclamation, အတိုင်းနှံ့ပြားသည်, သည်ဘုန်းကြီးအလွန်စာတတ်သည်ဟုကြေငြာသည်။

ကြေး, 1, *n.* copper, ကြေးနီ; lead used for money; cash, specie, ကြေးငွေ, ပိုက်ဆံကြေးငွေ; money, property, ကြေးငွေဥစ္စာ, ကြေးငွေဥစ္စာများပါးသောကြောင့်၊ကျွန်တော်ငါးကျပ်သားထည့်နိုင်သည်။

ကြေးကျွန်, *see* ကျေးကျွန်, *n.* a slave.

ကြေးငံ, *v.* to have a tolerable sufficiency, လက်ငံသည်; *not as much as* ကြွယ်ဝ။

ကြေးငွေ, *n.* cash, specie, ကြေးငွေယူ၍လွှတ်လိုက်သည်။

ကြေးစည် (*pron.* ကြီးဇည်), *n.* a flat gong, whether circular or triangular, အရဏ်ဆွမ်းအကပ်သွားလျှင်၊ကြေးစည်တီး၍သွားတတ်သည်။
ကြေးစလောင်း, *n.* a pig's snout, ဝက်ကြေးစလောင်း; the brass or iron cover of the top of a pagoda, under the umbrella.
ကြေးစား, ကြေးစားမ (*pron.* ကြီးဇမ), *n.* a strumpet, common harlot (*lit.* a woman who eats money), မိန်းမရှင်။။
ကြေးစွပ် (used with ကျေးဇူးရှင်ကို), *v.* to charge a benefactor falsely with an old debt; to be basely ungrateful, ကျေးဇူးရှင်ကိုကြေးစွပ်။
ကြေးညှိ, *n.* verdigris, သင်းတွဲ။
ကြေးတိုင်းစိုက်, *v.* to make a revenue settlement; ကြေးတိုင်ဝန်ထောက်, a revenue settlement officer.
ကြေးတွက်, *v.* to estimate the sum assessed in order to test the integrity of the assessor, အခင်းတခုတွင်လူများလုပ်စားကြလျှင်၊ ငွေကိုရကြသော်၊ တယောက်ပေါ်တယောက်မယုံကြည်၍ကြေးတွက်ကြသည်။
ကြေးထပ်, *v.* to stake money, as in making a wager.
ကြေးထမ်း, *v.* to pay taxes; *n.* one who pays taxes.
ကြေးထမ်းကြီး, *n.* a principal man in a village or collection of villages, associated with the *thugyi* in collecting taxes.
ကြေးထမ်းရ, *v.* to be taxable, အခွန်ခွဲသင့်သည်။
ကြေးထမ်းသား, *n.* one who pays taxes.
ကြေးထိုက်, *v.* to be valuable, အဘိုးထိုက်; *also used fig.*, သည်လူပညာကြေးတယ်လောက်ထိုက်မည်လဲ။
ကြေးနင်း, *n.* a gong; *see* ကြေးစည်, မောင်း။
ကြေးနန်းကြိုး, *n.* a telegraph wire; ကြေးနန်းစာ, a telegram; ကြေးနန်းကြိုးတန်း, ကြေးနန်းကြိုးသွယ်, to lay a telegraph wire, to connect by telegraph; ကြေးနန်းရိုက်, to send a telegram; ကြေးနန်းသိတင်း, telegraphic news; ကြေးနန်းဝန်ကြီး, ကြေးနန်းဝန်, ကြေးနန်းဝန်ထောက်, ဒုတိယကြေးနန်းဝန်ထောက်, the Chief Superintendent, Superintendent, Assistant Superintendent, Sub-assistant Superintendent of Telegraphs.
ကြေးနီ, *n.* copper; ကြေးနီကွပ်, to sheathe with copper.
ကြေးနောင်, *n.* a small gong, several of which are placed in a circular frame, and played upon by a person in the centre; *comp.* ပတ်။
ကြေးပေါင်, *v.* to be mortgaged, ငွေပေါင်။
ကြေးမုံ, *n.* a mirror of polished metal; a mirror of any kind.
ကြေးမွဲ, *v.* to be poor, indigent, ဆင်းရဲသည်။
ကြေးမြင်, *n.* *see* ကြေးမုံ; (*obs.*).
ကြေးရတတ်, *v.* to be rich, ငွေရတတ်သည်။
ကြေးဝါ, *n.* brass. ကြေးဝါညွန့်, *n.* fine brass.

ကြေးဝိုင်း, *n.* a collection of small gongs placed in a circular frame; *comp.* ပတ်ဝိုင်း။

ကြေး, 2, *v.* to be dirty, filthy; *seldom used except in composition with* ညစ်, as ညစ်ကြေးသည်; *n.* dirt, filth; *see* အချေး. *Der.* အကြေး။

ကြေးညှော်, *n.* same as ကြေး; *see* အချေးအညှော်။

ကြေးတွန်း, *v.* to rub off, as dirt from the flesh.

ကြဲ, *v.* to scatter, throw about, ဖြန့်; to sow, as seed, မျိုးစေ့ကြဲသည်, ကွင်းများတွင်စပါးစိုက်သောအခါ၊လက်ဖြင့်ဆုပ်၍စပါးစေ့ကိုကြဲကြသည်; ထမင်းစား၍ပြီးသောအခါအ ကျန်ထမင်းကို ကြဲ၍ပစ်လိုက်သည်; စပါး ၁ ကြဲ, one basket of seed sown. *Der.* စွန့်ကြဲ။

ကြဲပက်, ကြဲပစ်, *v. see the parts.*

ကြဲဖြန့်, *v.* to scatter, spread abroad.

ကြဲသား, *n* government charges, expenses (*obs.*).

ကြော, 1. *see* ကျော, *n.* the back.

ကြော, 2 (from အကြော), *n.* a nerve, sinew, vein, etc. (47).

ကြောထွေး, *n.* a gland. ကြောမ, *n.* a large nerve, sinew, vein.

ကြောသေး, *n.* a small nerve, sinew, vein.

ကြော, 3, *v.* to construct a floor by tying down bamboos, ကြမ်းကြောသည်။

ကြော, 4, *v.* to take advantage of (another), to overreach, တင်စားသည်; *in Burmese betting parlance,* it means giving odds on a race, as two to one, etc.; to excel another in a fair and honorable manner; မောင်မင်းကာလဥဘဏ်ဖြင့်ငကိုကြောချင်သလား; ကိုဖြူနှင့်ကိုမည်းစာစကားဝိပြိုဟ်ကျင်ကြရာ၊ ကိုဖြူက အသိ အမြင် များသောကြောင့်၊ ကိုမည်းထက်ကြောလေသည်; လှေတစင်းကတစင်းကို နိုင်မည်ထင်သောကြောင့်၊ ငွေကြော၍လောင်းသည်။

ကြော, 5, *n.* the portion of the warp made ready for weaving.

ကြောတင်, *v.* to put on to the cloth beam (လိပ်) such portion when woven, ရက်၍ပြီးသောအထည်ကိုကြောတင်သည်။

ကြောတံ, *n.* the two sticks used to separate the threads of the warp, and placed next to the yarn beam (ရှူ).

ကြောက်, *v.* to fear, be afraid; *comp.* ရွံ့; ကြောက်စရာင်ဘွယ်. *Der.* ချောက်။

ကြောက်ငြင်, *v. see* ငြင်ပါအောင်ကြောက် (*infreq.*).

ကြောက်ဘွယ်, *a.* fearful, frightful; *adv.* wonderfully, extraordinarily, ကြောက်ဘွယ်လိလိ။

ကြောက်မက်, *see* ကြောက်, *used only in forming verbals,* as ကြောက်မက်ဘွယ်, what is frightful. ထိုသို့ထင်ရှားသောအရာသည်အလွန်ကြောက်မက်ဘွယ်ဖြစ်သည်။

ကြောက်ရွံ့, *v.* same as ကြောက်, အိမ်နီးချင်းရှိသမျှတို့သည်ကြောက်ရွံ့ခြင်းသို့ ရောက်ကြ၏။

ကြောက်လန့်, *v.* to be frightened, ကြောက်လန့်သောသူရှိသမျှတို့သည်လျင်မြန် စွာအိမ်သို့ပြန်သွားကြသည်။

ကြောက်လန့်တကြား, *adv.* affrightedly, တောတိရစ္ဆာန်များလူနှင့်ရုတ်တရက်တွေ့ သော်၊ ကြောက်လန့်တကြားပြေးတတ်သည်, wild animals flee in an affrighted manner, when they come suddenly upon a human being.

ကြောင်, **1**, *n.* a cat; the cat's-eye, a kind of precious stone; တော ကြောင်, any wild animal of the *genera Felis*, *Viverra*, etc.; ကြောင် လက်သည်းဖွက်, the cat with the concealed claws, a term applied to a person who affects a hypocritical friendship for another; also applied to persons who conceal, from miserly motives, the fact of their being prosperous; ကြောင်မရှိ၊ကြွက်မြူး။

ကြောင်အိမ်, *n.* a meat safe, cupboard.

ကြောင်ဖို, *n.* a grimalkin.

ကြောင်ဥကျည်, *n.* the polecat; *see* ဥကျည်။

ကြောင်ကတိုး, *n.* the spotted civet with ordoriferous pouch, ဝါးယောင်း ကြောင်ပြောက်။

ကြောင်ကျကျ (သည်), *v.* to fall as a cat; used *fig.* of a person emerging from a difficulty with little or no injury to himself.

ကြောင်ချက်, *n.* a name applied to two species of large, prickly, leguminous, scandent shrubs, the *Mezoneurum cucullatum*, and the *Pterolobium macropterum*.

ကြောင်ခွေး, *n.* a wild animal said to resemble both a dog and a cat (probably fabulous).

ကြောင်စက်ရုန်, *n.* a species of lynx.

ကြောင်တောက်, *n.* the *Payanelia multijuga*, an evergreen tree from sixty to eighty feet in height, with large, dull, purplish flowers.

ခယဝယ (Pali), *adv.* coaxingly, deferentially, cajolingly, သူ့ကိုခယဝယတောင်းပန်၍မပြောနိုင်ဘူး; *used as an intensive to* ကုန်တတ် and ဖျက်စီးတတ်။

ခရင်း, 1, *n.* a barnacle.

ခရင်းကပ်, *v.* to adhere or attach itself, as a barnacle to rocks, floating timber, ships, etc.

ခရင်းခြစ်, *v.* to scrape off barnacles, as from the bottom of boats, vessels, etc.

ခရင်း, 2, *n.* a variety of the bamboo.

ခရစ် (Greek), *n.* an anointed one; ဆီသွန်းခြင်းတိဒိတ်ခံသောသူ. Christ, a name of the Saviour, ရှင်ယေရှုခရစ်။

ခရစ်တော်, *n.* the Anointed One, the Messiah.

ခရစ်တော်ရန်သူ, *n.* Antichrist, အန္တိခရစ်။

ခရစ်ယာန်, *n.* a Christian; *a.* pertaining to the religion of Jesus Christ, ခရစ်ယာန်ဘာသာ။

ခရစ်သက္ကရာဇ်, *n.* Anno Domini, A.D.

ခရည်ခရည် (မြည်), *adv.* with a fine creaking sound, as the spindle of a spinning wheel.

ခရမ်း, *see* ခါးရမ်း, *n.* the tomato; the brinjal.

ခရာ, 1, *n.* a kind of wind instrument, a bugle, French horn, used in a camp: *comp.* နှဲ, used at festivals and theatrical exhibitions.

ခရာကပ်, *v.* to play on the bugle, as when sounding a *reveille.*

ခရာမှုတ်, *v.* to sound the bugle.

ခရာဝသေနတ်, *n.* a blunderbuss.

ခရာ, 2, *n.* a measure of time equal to twelve *kanas* (ခဏ).

ခရာ, 3, *v.* to speak and act (being a child) as a grown person, ပလီပလာပြောသည်; to speak in a fawning, wheedling manner (to gain affection); သည်အကလေးလူကြီးကဲ့သို့ခရာ၍ ပြောတတ်သည်။

ခရေ, *n.* a species of *Mimusops*, producing a small fragrant flower (*Acanthus illicifolius*). These flowers are strung on a string, and worn in the hair by women, ခရေကုံး, ခရေပန်း; ခရေစေ့တွင်းကျ, accurately, to the point, in speech, ခရေစေ့တွင်းကျပြောတတ်သည်; *see* ဗျားရေ။

ခရေသီး, (from ခရေ, a kind of tree), *n.* the bulging part of the capital of a pagoda, below the umbrella, ငှက်ပျောဖူး, *comp.* ထုမိကာ, the bulging part of a graduated steeple (ပြာသာဒ်).

ခရီး, *n.* the way or distance between two places; different from လမ်း, the road itself; ခရီးတဆယ်တာင်း, ten miles.

ခရီးဦးကြိုဆို, *v.* to go forth to meet, ကြိုဆိုသည်။

ခရီးခန့်, *v.* to compute the distance between two places or points.

ခရီးဆစ်, *v.* to be dangerous to pass, on account of robbers or wild beasts, သူခိုးထားပြမှုားသောလမ်းကိုခရီးဆစ်သည်ဟုဆိုကြသည်။

ခရီးဆောင်ခုတင်, *n.* a camp bedstead.
ခရီးဆောင်ဝန်ပစ္စည်း, *n.* things taken with one on a journey.
ခရီးတွင်, *v.* to be expeditious in traveling, to travel fast, ယခုမနက်လေး မြို့သို့မိးရထားနှင့်သွားရလို့၊ အလွန်ခရီးတွင်ပါသည်။
ခရီးထောက်, *n.* a stage, stopping place in a journey.
ခရီးထောက်ချ, *v.* to stop for rest or refreshment, လမ်းမှာနားရ၍စားခန်း ချသည်ကိုခရီးထောက်ချသည်ဟုခေါ်ကြသည်။
ခရီးပန်း, *v.* to be travel-worn, ခရီးပန်းလို့ယခုညပွဲမကြည့်နိုင်ပါ။
ခရီးပြင်း, *v.* to be arduous, as a journey.
ခရီးလမ်းစဉ် (*pron.* စဉ်), *n.* a route, ခရီးသွားရာလမ်း။
ခရီးလွန်, *v.* to be out of the way; to be away on a journey, to be absent at a distance, or away from home (when inquired after, or wanted for some purpose), ခရီးကျွံ။
ခရီးသည်, *n.* a traveler.
ခရီးသွား, *v.* to travel; *n.* a traveler; ခရီးသွားဘော်ခရီးသွားဘက်, a fellow-traveler.
ခရု, *n.* a univalvular shellfish, a mollusk, of which there are numberless varieties; *comp.* ယောက်သွား; ခရုခါးတောင်းကျိုက်ပြီးတမ်းသည်ပိုဘဲ, as when making a fuss out of all proportion to the matter in hand.
ခရုအိုဖီ, *n.* a species of *Melania*, ခရုဖီဇင်; *see* သဲပိုး။
ခရုကတုံး, *n.* a species of *Cerithium.*
ခရုကျောက်မှောက်, *n.* a species of coral, *Lithodomus*; a species of burrowing shell.
ခရုကြန်, *n.* the apple shell, *Paludina*, ခရုယား။
ခရုဂွက်, *n.* the snail, including several varieties.
ခရုခွံ, *n.* the shell of a univalvular shellfish.
ခရုဂဏန်း, *n.* the spider shell.
ခရုစအိုလိမ်, *n.* a round-mouthed snail.
ခရုစုတ်, *n.* a wading water-bird, very common in fisheries; a kind of hammer, တူခရုစုတ်။
ခရုစုတ်ဖြူ, *n.* the Bengal ibis.
ခရုဆင်နှာမောင်း, *n.* a species of coral, *Lithodomus*; *see* ခရုကျောက်မှောက်။
ခရုဖီဇင်, *n.* a species of *Melania* (Tavoy), ခရုအိုဖီ။
ခရုနဂါးခေါင်း, *n.* the *Murex.*
ခရုနတ်စာ, *n.* a species of ark-shell, ရှပ်။
ခရုနှာမောင်းလိမ်, *n.* a twisted trumpet-shell.
ခရုပတ်, *n.* the purest kind of current silver, nearly equal to ဘော်, both of which are inferior to ကျပ်ငွေ။

ခရုပတ်ပွေး, *n.* a skin disease.
ခရုပုပ်, *n.* a kind of snail; a species of *Planorbis.*
ခရုပြောက်, *n.* the *Dolium galea*; *see* ဘူးရစ်။
ခရုဗိုင်းလွန်း, *n.* the olive, a kind of shell, ကြွေပုပ်။
ခရုဖျိုင်းချေး. *n.* a species of neck-footed shell.
ခရုဘမ်းကိုင်, *n.* the *Cassis tuberosa.*
ခရုမင်းစာ, *n.* a prominent ligament shell.
ခရုမျက်မိတ်, *n.* the cone shell.
ခရုမျက်လုံး, *n.* a partition-lipped shell.
ခရုမွေး, *n.* the closure, closing lid of a univalvular shellfish.
ခရုယား, *n.* the apple shell, *Paludina*, ခရုကြွန်။
ခရုယားပင်လယ်, *n.* a partition-lipped shell; *see* ခရုမျက်လုံး။
ခရုသင်း, *n.* a species of shellfish, or the shell itself, used by Brahmins in certain ceremonies; a kind of scrofulous disease, a species of leprosy (50).
ခရုသစ်ပင်တက်, *n.* a species of *Columbella.*
ခရုသဘိ, *n.* a species of nautilus, ရွက်တိုက်ခရု။
ခရုသိကလေး, *n.* the bubble shell.
ခရုသံကြီး, *n.* the *Pyrula.*
ခရောက္ခရို, *n.* a tree of the genus *Melia*, the *Aglaia rohitoca.*
ခရောင်း, *n.* deep hoof-marks made by buffaloes etc., in the rainy season, which become hard in the dry season, making the ground very rough to walk upon; small hillocks of up-heaved earth and buffalo hoof-marks collectively: ခရောင်းတော. uneven rough ground.
ခရိုင်, *n.* a central point or part, on which several other parts depend, အခြာ; the ring which holds the spokes of an umbrella, and moves on the handle, ထီးခရိုင်; a priest's water dipper, ရေစစ် (commonly called ခမ္ဗခရိုင်); the single jurisdiction of a government, extended over several parts, and hence the parts collectively under one jurisdiction, a country or state.
ခရိုင်ဝန်, *n.* a divisional *wun*, in the time of the Burman Kings.
ခလာပွေး, *n.* a kind of cutaneous disease.
ခလာသီ (Beng.), *n.* a lascar.
ခလုတ်, *n.* a sharp projection of earth, stone, or wood, occurring in a pathway, or placed to obstruct a passage; a short peg placed to prevent something from slipping, အငုတ်; မိကျောင်းခလုတ်; ကျွန်ုပ်ခြေထောက်ခလုတ်နှင့်တိုက်မိ၍အလွန်နာပါသည်, ခလုတ်ထိမှအမိတသည်။
ခလဲ့ (from ခါး and လှည့်), *n.* a charm tied round the waist.

ခလှဲ့လက်ဖွဲ့, *n.* same (*more common*); အင်းအိုင်ခလှဲ့လက်ဖွဲ့, *muntras* and charms, collectively.

ခလောက်, 1, *n.* a bell of wood or metal, a cow bell; ငါးမျှားကြိုးတန်းတွင်ခလောက်ကို တငါမျှားက တပ်ထားကြ၏၊ ခလောက်လှုပ်သောအခါ ငါးမိသည်ဟုအထိမ်းအမှတ်ပြုကြကုန်၏။

ခလောက်ဆန့်, *n.* the tongue or clapper of such a bell; a mischief-making busybody, လူခလောက်ဆန့်။

ခလောက်ဆွဲ, *n.* the porch or lower front part of a Burman house; *comp.* လက်တီးခန်း။

ခလောက်, 2, *v.* to stir up from the bottom, by shaking up and down the containing vessel, or by beating the contents with a spoon ,etc., စပါးကိုအထက်အောက်ရောမိအောင်၊ တောင်းကိုချီ၍ ခလောက်သည်; ဆေးရည်အနှစ်အပေါ်သို့တက်အောင်၊ဆေးပုလင်းကိုခလောက်သည်။

ခလောင်, *see* ခေါင်, *v.* to excavate in a slanting direction, တောင်ပို့နံဘေးကို ဥစ္စာမြှုပ်သောသူများက၊ခလောင်၍တူးတတ်သည်။

ခလိုင်, *v.* to excavate, scoop out; *comp.* လိုက်; *n.* an excavation, artificial cavern; *comp.* ထူးခေါင်း, a natural cavity in the earth; *not used singly*; ခဝါသည်များပေါင်းအိုးတည် သောတွင်းမှာ၊ထင်းများစွာဝင်အောင်အဝကျည်း၍အထဲခလိုင်တူးတတ်ကြသည်။

ခဝါ, *n.* the washing of clothes; *not used singly.*

ခဝါချ, *v.* to wash clothes by beating.

ခဝါတန်း, *n. dhobi* lines.

ခဝါတဲ, *n.* a washerman's shed, a laundry, ခဝါရုံ။

ခဝါပေး, *v.* to deliver (clothes) for washing.

ခဝါဖွပ်, *v.* to wash clothes by beating, ခဝါချ။

ခဝါရုံ, *n.* a washerman's shed, a laundry, ခဝါတဲ။

ခဝါသည်, *n.* a washerman, *dhobi*, ခဝါဖွပ်သောသူ; ခဝါသည်မ, a laundress.

ခဝဲ, *n.* the angular *Luffa* plant, သဖွတ်ခဝဲ။

ခံ, 1, *v.* to receive, take, accept, ခံယူသည်; to offer to take; to bear, sustain, endure, experience; rather implying pain or toil; to keep, hold, as a festival; ဤပွဲတွင်ကုန်သမျှစရိတ်ကျွန်တော်ကခံပါမည်, I will bear all the expenses of this festival; မည်သည့်နေ့ရက်ကိုပွဲခံမည်မသိပါ, I do not know on what day the festival will be held; ခင်ဗျားကဤကဲ့သို့ပြုလုပ်လျှင်၊ထိုလူခံမည်မထင်ပါ, if you act in this way, I do not think that person will endure it; မင်းရောင်းလိုက်သည့်စပါးအိုးငွေကို၊ မင်းမရှိသောကြောင့်၊ကျွန်ုပ်ကခံယူရသည်, as you were absent, I accepted the money received from your sale of paddy.

ခံကတုတ်, *n.* a breastwork.
ခံရှု, *v.* to bear, endure, suffer, သည်းခံသည်။
ခံငြင်း, *v.* to withstand and contradict, in speech.
ခံစံ, *v.* to enjoy, take delight in; *see* စံ; ခံစံစား, မခံမစံစားရဘူးပါ။
ခံစား, *v.* to experience; rather implying pleasure or enjoyment; to suffer pain, illness.
ခံတပ်, *n.* a fortified outpost.
ခံတောင်း, *n.* a shallow basket, used in marketing.
ခံထား, *v.* to receive or sustain by placing something underneath.
ခံပျင်း, *v.* to be difficult to put up with; to loathe, abominate, as low, dishonorable, and tricky conduct. သည်လူ အလိမ်အကောက် အလှန်ထူသောကြောင့်၊တရွာလုံးခံပျင်းကြသည်, the whole village abhor this man, on account of his many artifices and knavish tricks.
ခံမြို့, *n. see* ခံတပ်, but of a larger and more permanent description; a fort, a redoubt. အင်းဝခံမြို့, ကျွေးချောင်းခံမြို့, သပြေတန်းခံမြို့; a citadel.
ခံယူ, *v.* to receive, take from; to receive in the mind.
ခံရပ်, *v.* to hold out, endure, ရပ်ခံ; ခင်ဗျားနှိပ်စက်သည်မှာအလွန်များသောကြောင့်၊ကျွန်တော်မခံမရပ်နိုင်သလောက်ရှိပြီ, you have oppressed me in so many different ways (or so very often), that it is as much as I can do to stand it. The expression မခံမရပ်နိုင်, is an exact equivalent of the English "cannot stand" (an insult, injury).
ခံဝန်, *v.* to enter into an engagement, or be security for, အာမခံသည်; *n.* security, bail, အာမခံ, တိုင်းခံ; ခံဝန်ချုပ်, a bail bond; ခံဝန်သူ, a bondsman, a security; ခံဝန်သူပေး, to give or offer security.
ခံ, 2, *n.* the *Symphorena unguieulatum*, a large, leaf-shedding creeper, whose twisted stems are sometimes as large as a man's arm. It bears smooth, globular berries.
ခံတွင်း (*pron.* ခဒွင်း), *n.* the inside of the mouth; not ပစပ်, the opening between the lips; *comp.* နှုတ်, the same as ပစပ်, but more elegant; မုန်းစေလိုလျှင်ခံတွင်းလက်လေးသစ်၊ချစ်စေလိုလျှင်ခံတွင်းလက်လေးသစ်, signifying that one is able to make friends or enemies by one's speech.
ခံတွင်းချဉ် (*pron.* ချည်), *v.* to have a sour or acid taste in the mouth, ဆေးလိပ်သောက်လျှင်ခံတွင်းချဉ်ပြေသည်, if one smokes a cheroot, the acidity of the mouth is neutralized.
ခံတွင်းခြောက်, *v.* to feel dry, as the mouth.
ခံတွင်းပုပ်, *v.* to have a bad breath.
ခံတွင်းပျက်, *v.* to lose one's appetite.
ခံ့, *v.* to be firm, strong, durable, ကြံ့သည်, ခိုင်သည်; to be dignified in

deportment, stately; to be muscular and well built; ဆဒ္ဒန်ဆင်မင်းသည်ဖြူစွာသောကိုယ်ကြန်အင်လက္ခဏာနှင့်ပြည့်စုံသောကြောင့်၊ဆင်မည်းတို့၏လယ်၌အလွန်ခံ့လေသည်, the royal *saddan* elephant being white, and replete with the chief bodily characteristics, is very stately in the midst of the black elephants; မော်လမြိုင်သားများသည်အလုံးအရပ်နှင့်လိုက်သောကြောင့်၊အလွန်ခံ့သည်, owing to their height and girth being in proportion, the natives (men) of Moulmein are very well built. The Burmese use the word ခံ့ in connection with anything which gives character to a person's appearance, such as a large topknot, a mustache, handsome apparel, etc.

ခံ့ကြံ့, ခံ့ခိုင်, *v.* same as ခံ့။

ခါ, **1**, *n.* the francolin, a spurred partridge of the genus *Francolinus.*

ခါ, **2**, *v.* to shake, shake off, or out; to refuse, deny peremptorily; to shake the head in consequence of something which may have excited surprise and astonishment; မောင်မင်းအမှုတစုံတရာဖြစ်လျှင်၊မသိမကျွမ်းဟုခေါင်းခါလိုက်မည်, if you get into any trouble, I shall shake my head and indicate I do not know you; မြေမှုန့်ခါချသည်, to shake off the dust (of the feet); ကုန်းခါ, to shake itself, as an animal, particularly a horse, မြင်းကုန်းခါသည်။

ခါတွက် (from တွက်, to strike backwards), *v.* same; နန္ဒောပနန္ဒနဂါးမင်း မြင်းမိုရ်တောင်ကိုကိုယ်ဖြင့်ပတ်ပြီးလျှင်၊ မိမိနှာခေါင်းအခိုးအငွေ့ခါတွက်၍လွှတ်လေသည်, Nandaw Pananda, prince of the *nagas,* having wound himself around the Myinmo Mountain, shook his head from side to side and sent forth exhalations and vapors; သင်္ဘောသားတို့သည်အလုပ်အားခါတွက်ခြင်းကိုပြုကြသည်, the sailors refused to work.

ခါပစ်, *v.* to throw with a jerk.

ခါပြ, *v.* to shake out, အဝတ်ပုဆိုးခါပြ; to shake out the clothing one is wearing, as a police officer and party searching a house for opium or stolen property, in order to convince the house owner that they have nothing hidden about their persons.

†ခါချည် (*pron.* ချဉ်). *n.* a species of large red ant (edible).

ခါချည်အုံ, ခါချည်ထုပ်, *n.* the nest constructed by the red ant. မြန်မာလူမျိုးတို့သည် ခါချည်များကိုရုပ်သီးနှင့်ရောထောင်းပြီးလျှင်၊ ငါးပိရည်တွင်ဖျော်၍ စားလေ့ရှိသည်။

ခါသာ. *n.* a very thin kind of muslin (ဗိတ်ခါသာ).

ခါး, **1**, *n.* the loins, waist, small of the back. ခါးစောင်း, ခါးစောင်းရင်ပတ်, ရေဘယ်လောက်နက်သလဲ။ ခါးစောင်းရင်ပတ်လောက်ရှိပါသည်။

ခါးကိုက်, *v.* to ache, as the back when suffering from lumbago.

ခါးကြိုး, *n.* any cord tied or worn around the waist, a belt, မြန်မာနိုင်ငံမှာရာဇဝတ်သင့်သောသူများကို၊ခါးကြိုးတပ်လျှက်ပြင်သို့ထုတ်၍သတ်ကုန်၏။

ခါးချပ်ဝတ် (*pron.* ခချပ်ဝတ်), *v.* to wear the Burman petticoat secured around the hips, the breasts being uncovered.

ခါးချို, *n.* the back part of the waist; *comp.* နံချို။

ခါးချိုးသေနတ်, *n.* a breech-loading gun or rifle.

ခါးစည်း, *n.* a girdle, waistband, belt, anything bound around the waist.

ခါးစည်းရွှေဖုံး, *n.* an apron.

ခါးစောင်းတင်, *v.* to place upon the hip, မိန်းမများကး၊တစုံတရာရာကိုမရွက်ဘဲ၊ခါး စောင်းတင်သည်; နပန်းထွေး ရာမှာခါးစောင်း တင်ချသည်; ခါးစောင်းတင်ပစ်သည်။

ခါးဆစ်, *n.* the joint in the small of the back.

ခါးဆစ်သား, *n.* a sirloin.

ခါးဆုံ, ခါးဆုံချ, *adv.* gallopingly; ခါးဆုံချပြေး, to gallop.

ခါးဆုံမြီးသွား, *v.* to canter.

ခါးဆုံစိုင်း, *v.* to ride at full speed.

ခါးဆုံပေါင်, *v.* *see the parts.*

ခါးဆုံပြေး, *v.* to gallop.

ခါးညောင်း, *v.* to have a backache.

ခါးတင်ထိုး (*pron.* ခဒင်ထိုး), *v.* ထမိခါးတင်ထိုး, to tuck the ထမိ in, at the waist fold.

ခါးတောင်, *n.* the flaps of a certain kind of saddle.

ခါးတောင်းကျိုက်, *v.* to gird up the loins in Burmese fashion; အောက်တေ ာကျိုက်သည်, အောက်ဖို့ကျိုက်သည်, လက်ဝှေ့သတ်များခါးတောင်းကျိုက်မှသာသတ်နိုင်သည်, boxers can box, only after girding up their loins.

ခါးတောင်းပွကျိုက်, *v.* to gird up the loins loosely.

ခါးတောင်းမြောင်ကျိုက် (from မြှောင်), *v.* to gird up the loins tightly.

ခါးတို့, *v.* to poke the ribs gently.

ခါးတိုင်, *n.* the loins, waist, small of the back.

ခါးထစ်, *n.* the space between the last ribs and the hips.

ခါးထစ်ချီ, *v.* to carry (a child) on the hip.

ခါးနာစွဲ, *v.* to have chronic lumbago.

ခါးနွဲ့, *n.* a ladle for bailing a boat.

ခါးပတ် (from ပတ်, to encircle), *n.* a belt, particularly one of leather, secured by a buckle; a narrow board used as a border in carpentry, a molding; a *kummerbund.*

ခါးပတ်ပျဉ်, (*pron.* ပျဉ်), *n.* a slat, ပျဉ်ပြားငယ်။

ခါးပန်း (from ပန်း, to go around), *n.* same as ခါးစည်း, but rather

respectful; a board band around a house, level with the floor; the waist of a mountain, တောင်ခါးပန်း။

ခါးပန်းသတ်, *v.* to put on a board band.

ခါးပုံ, *n.* the part of a waistcloth gathered in a bunch in front, ခါးပုံထိုး။

ခါးပိုက်. ခါးပိုက်အိတ်, *n.* a fold in the waistcloth, used as a pocket.

ခါးပိုက်ဆောင်နာရီ, *n.* a watch.

ခါးပိုက်နှိုက်, *n.* a pickpocket.

ခါးပိုက်ပိုက်, *n.* any small article that may be carried in the fold of a waistcloth; မြွေဗွေးခါးပိုက်ပိုက်, to nurse a viper in one's bosom.

ခါးဝတ်ထည်ချင်း, *adv.* with no other clothes than what one is wearing (a single suit), သည်လူဆင်းရဲလို့ဝတ်သည်မှာ၊ထည် စွတ်ထည်လဲမရှိ၊ ခါးဝတ်ထည်ချင်းသာရှိသည်။

ခါး. 2, *v.* to be bitter.

ခါးဆီးပတ်ကြွေး, *n.* a debt contracted for food, စားကြွေး, မိဘ စားသောက်သောကြွေးငြီ၊ခါးဆီးပတ်များကိုကျွန်ုပ်ကချည်းခံရသည်။

ခါးရမ်း, *n.* the tomato; brinjal, eggplant; *Solanum Melongena*, mad-apple.

ခါးရမ်းချဉ် (*pron.* ချဉ်), *n.* the tomato, love-apple.

ခါးရမ်းကြွပ်. ခါးရမ်းစပ်, *n.* varieties of the tomato, တရုပ်ခါးရမ်း. ဆင်ခါးရမ်း, ဆင်စွယ်ခါးရမ်း။

ခါးရမ်းညှာ, *n.* the epididymis (of animals), ခါးရမ်းညှာမကုန်လျှင်၊ကျွဲသားဆိုးသေးသည်။

ခါးရမ်းတပြေ, ခါးရမ်းပါးမဲ, နေပူခါးရမ်း, *n.* varieties of the eggplant.

ခါးရမ်းရောင်, *n.* violet (a color).

ခိဍ္ဍ (Pali), *n*, the second decade in man's life.

√ ခု, 1, *n.* a unit, an individual thing; *see* အခု။

ခု, 2, *an abbrev. of* ယခု, *n.* the present time.

ခုဒင် (from တဒင်, a little while), *n.* the present moment; *adv.* just now. မီးသင်္ဘောခုဒင်ဘဲထွက်သွားသည်, the steamer has only just left.

√ ခု. 3, *v.* to prop up by a short prop or fulcrum: *comp.* ထောက်; to eke out, supply a deficiency; applied to rice when eked out by some inferior grain; *see also* မိတ်ခု. *Der.* အခု။

ခုခံ, *v.* to prop up by a short prop or fulcrum; to be in a posture of resistance, to resist, တရားခံများအဘမ်းကိုမခံ၊ခုခံကြသည်, the accused would not submit to arrest, they resisted; မခုခံသည့်အမှု, an undefended case.

ခုတလုလု, ခုတုတု. ခုလီးခုလု, *adv.* unevenly, from the resistance of something beneath the surface, ဖျာအောက်ကခုလီးခုလုဘာရှိသလဲ။
ခုတုံး, *n.* a prop, fulcrum.
ခုနှိမ်, *v.* to deduct, make deductions from, မင်းလခထဲကခုနှိမ်၍ ယူမည်, I will take it by deducting it from your monthly wages.
ခုတ်. *v.* to strike with the edge of (a knife or any flat thing), to gash, chop, hew; to beat (metal) into the form of a cup or salver; တက်ခုတ်; ချိုင်ခုတ်, to cut with an upward motion; မိုးခုတ်, to cut with a downward motion; ထားခုတ်ရာ, an incised wound, the marks made by the edge of a *da*, or any sharp instrument.
ခုတ်ခေါင်, *v. see the parts.*
ခုတ်ချိုင်, *v.* to lop off, သစ်ကိုင်းကိုခုတ်ချိုင်လိုက်ပါ။
ခုတ်စ, *n.* a chip.
ခုတ်ထစ်. *v.* to hack.
ခုတ်ထွင်, *v.* to chop down, as jungle or undergrowth.
ခုတ်ပေါက်, *v.* to scotch, cut with shallow incisions.
ခုတ်ဖြတ်, *v.* to cut off.
ခုတ်လုပ်, *v.* to hew into shape.
ခုတ်လှဲ, *v.* to cut down; to fell, as trees, သစ်ပင်ကိုခုတ်လှဲသည်။
ခုတင်, *n.* a couch, cot, bedstead, ဗတိုင်; တဘက်စောင်းခုတင်, a bench or couch with a back.
ခုတင်ဖုံးတား, *n.* a headboard.
ခုန်, *v.* to jump, leap; to throb, as the pulse, သွေးခုန်; to beat, as the heart; ခုန်စရှိလျှင်၊ခုန်ဦးမည်, ဖြီခုန်စရှိသည့်နွားကဲ့သို့; သွားခုန်, a long jump; အမြင့်ခုန်, a high jump; ကပ်ခုန်, a hurdle race.
ခုန်ကျိုခုန်ကျော်, *adv.* not in regular course, disorderly, hither and thither, unevenly, သင်ဖြူးကိုမရက်တတ်သောမိန်းမငယ်တို့သည် မှန်အောင်မရက်နိုင်၊ ခုန်ကျိုခုန်ကျော်ရက်တတ်သည်။
ခုန်စင်, *n.* the frame used in raising water with a ရှု; *see also* ငါးခုန်စင်။
ခုန်ချေခုန်ချေ. *adv.* jumping along and stopping by turns.
ခုန်ဆွခုန်ဆွ, *adv.* hoppingly with both feet.
ခုန်ဗိုခုန်ပေါက်, *adv.* unevenly in step, limpingly.
ခုန်ဗိုခုန်ပေါက်ပြု, *v.* to fling, make violent gestures.
ခုန်ပေါက်, *v. see the parts.*
ခုန်လွှား, *v.* to leap upon or over from some distance, မြောင်းကိုခုန်လွှားသည်, he leaped over the ditch, ရှဉ့် များသည်တပင်ကကူး၍ တပင်သို့ခုန်လွှားတတ်သည်, squirrels are accustomed to leap from tree to tree.
†ခုန်ညင်း (*pron.* ဂုန်ညင်း), *n.* a kind of creeper, the *Entada pursætha*;

the seeds of the ခုန်ညင်း are used by children in play. "This magnificent creeper is occasionally seen lending its bright verdure to lofty forest trees, and throwing down immense pods, often more than a yard long. These pods are filled with numerous large, dark-brown seeds, from one to two inches in diameter;" the kneepan; *comp.* ဒူးခေါင်း။

ခုန်ညင်းထိုး, *v.* to play with the seeds of the ခုန်ညင်း။

ခုနစ်, *a.* and *n.* seven, ၇။

ခုနစ်စည် (*pron.* စဉ်), *n.* the seven stars, the constellation of the Great Bear.

ခုနစ်စည်အမြီးထောင်, *v.* to be inverted, as the tail of the constellation of the Great Bear.

ခုနစ်ထောင့်ပုံ, *n.* a heptagon.

ခုနစ်ရက်သား၊ ခုနစ်ရက်သမီး, *n.* the sons and daughters of the seven days of the week, *i.e.*, every one.

ခုပ်, *v.* to strike with the paw, as a cat or tiger; to strike forward, as the paddle of a steamer, စက်ခုပ်သည်; the revolving of the screw of a steamer would be ခုပ်; ငါးမန်းယပ်နှင့်ခုပ်သည်, တိရစ္ဆာန်ငယ်များကို ကျားကလက်တဘက်ဖြင့်ခုပ်၍ ဘမ်းသည်, ဒီးသင်္ဘောဖေး စက်ဖြစ်သောကြောင့်၊စက်ခုပ်သံအလွန်ပြင်းပါသည်။

ခုလတ်, *n. see* တခုလင်, the half of some original. လမ်းခုလတ်, half of a journey, ခရီးဆုံးအောင်မရောက်၊လမ်းခုလတ်ပြန်ခဲ့ရသည်, he did not arrive at the end of the journey; he was obliged to return when halfway; တောင်ခုလတ်, halfway up a mountain, သစ်ပင်ခုလတ်, halfway up a tree.

ခုလီခုလတ်, *adv.* somewhere between two extremities, ခင်ကျွေးပေးသော ဆေးသည်၊အထက်သို့မရောက်၊အောက်သို့မကျ၊ခုလီခုလတ်ခံ၍နေသည်။

ခုံ, 1, *n.* a block, bench, stool, table, desk; a raised brick or stone foundation of a building or pillar, a base, pedestal; ခြေခုံ, the instep; ပန်းခုံ, a flower stand; ပန်းတင်ခုံ, the part of a pagoda where offerings of flowers are placed. ခုံ is the proper generic term for tables and desks, though now it is being rapidly superseded by စားပွဲခုံ, which only means a table at which one eats; စာရေးခုံ, a writing desk, သော့တွဲ စာရေးခုံအံဆွဲထဲမှာထည့်ထားလိုက်ပါ, put the bunch of keys into the writing desk drawer.

ခုံပြန်, *a.* spreading at top and bottom, as certain biers, ပြာသာဒ်ခုံပြန်, မြင်းတောင်ခုံပြန်, formerly used at the funerals of subordinate officials in U. B.

ခုံဘိနပ်, *n.* a wooden sandal; a clog.

ခုံ, 2, *n.* a civil judge in the *mofussil*; an arbitrator, သမတ်ခုံ. There were formerly two kinds in U. B. *viz.* ခုံတော်, appointed by the King, and အနူညာတခုံ, mutually chosen by parties to a suit.

ခုံမင်း, ခုံသမတ်, *n.* same as ခုံ။

†ခုံတမင်, *adv.* instantly, ခုံမိခုံမင်။

ခုံတိုင်, *n.* a post around which a horse is trained, မြင်းခုံတိုင်; မြင်းကမလှုပ်၊ ခုံတိုင်လှုပ်သည်, this means a reversal of the natural order of things, as when a man who assaults prefers a complaint, instead of the man who is assaulted.

ခုံတိုင်ဦး, *n.* the head fisherman who assessed revenue upon a body; of fishermen in U. B.

ခုံတိုင်လည်, *adv.* in the way of paying a forfeit equal to the amount of price advanced, on refusing to sell according to agreement, မဝယ်လိုလျှင်စားရန်ဆုံး၊မရောင်းလိုလျှင်ခုံတိုင်လည်။

ခုံမင်, *v.* to be much pleased with, fond of, eager to obtain or enjoy, implying selfishness, greediness, an excessive regard for anything; *chiefly used in a reduplicated form*, as ခုံခုံမင်မင်; hence ခုံတမင်, quickly, instantly, အလျှင်အမြန်, ခုံမိခုံမင်; အစားအသောက်ကိုခုံမင်တတ်သည်, he is fond of eating and drinking; အဝတ်ပုဆိုးကိုခုံမင်သည့်သူ, သည်လူသူ့မယားကိုခုံမင်သောကြောင့်၊အလုပ်အကိုင်ပင်အလွန်ချွတ်ယွင်းသည်။

ခုံမိခုံမင်, *adv.* instantly, ခုံတမင်။

ခုံလောက် (*pron.* ခနောက်), *n.* the three stones used to support a cooking pot, which are supposed to resemble the three peaks which support Mount Meru, the မြခုံလောက်။

ခုံး, *v.* to be convex; *adv.* arched, as a roof, or convex, as a bridge or road, လိပ်ခုံးမိုးသည်, လိပ်ခုံးဆောက်သည်; သည်တောင်အခြားတောင်များနှင့်မတူ၊ထိပ်ခုံး၍နေသည်, ဖြည်းဖြည်းခုံးတက်, to rise gradually to a convexity.

ရှူ, 1, *n.* the thread beams in a loom, around which the warp is turned and fastened, and of which there are three, *viz.* အထက်ရှူ, အောက်ရှူ, and နောက်ရှူ, the last being over the weaver's seat, ရက်ကန်းရှူ။

ရှူ, 2, *n.* a trough turning on a pivot, used to raise water, ရှူတုံး; a see-saw scoop for irrigating fields; တမံအင်းများမှာရှူတုံးနှင်း၍ရေကိုလွှတ်သည်။

ရှူမောင်း, *n.* same as ရှူ။

ရှူ, 3, *n.* a hairy caterpillar.

ရှူ, 4, *n.* a whitlow or felon, ရှူနာ, သွေးရှူ, ရှူပြန်။

ခူ, 5. *n.* the sunfish or sea jelly.

ခူဆံ, *n.* a species of coffeewort.

ခူး, *v.* to take up or out (as food from a cooking pot), and put into a dish; to pluck, gather, as leaves; *comp.* ဆွတ်, to pluck, gather, as flowers or fruit, ဟင်းရွက်ခူးသည်, to pluck edible herbs; ထမင်းကိုခူးခဲ့ပါ။

ခေ. *v.* to be weak, inefficient; implying contempt on the part of the speaker.

ခေမာ. *v.* same, မောင်မင်းသည်ဖြစ်လောက်သောအခွင့်ကိုရလျက်နှင့်၊မဖြစ်ဘဲခေခေမာမာရှိသည်။

ခေတ် (Pali ခေတ္တ, လယ်. a field), *n.* a field of labor, state, world: a collection of *sekya* systems or worlds; time, ကာလ. The word ခေတ် in *colloq.*, in conjunction with ထ, denotes that a country or a race, or even an individual, is at the zenith of its or his glory, *e.g.*, when the Talaings prevailed in Burma, the Burmese would say, တလိုင်းများခေတ်ထတုန်းအခါ; in conjunction with ကုန်, or မရှိ, it means that a nation's glory is departed; *comp.* ဦးနှန်းထွန်း (ခေတ်ထ); "landed property; a cultivated field; a wife; the body; place, region, domain, extent." *Childers.*

ခေတ်သုံးပါး. *n.* the three kinds of groups of *sekya* systems or worlds, *viz.* ဇာတိခေတ်. consisting of ten thousand systems, which are destroyed and reproduced simultaneously, တသောင်းသောလောကဓာတ်တို့သည်ဇာတိခေတ်မည်၏; အာဏာခေတ်, consisting of a trillion of systems, through which the authority of a Buddh or Deity extends, အကုဋေတသိန်းသောစကြဝဠာတိုက်သည်ကား၊အာဏာခေတ်မည်၏; ဝိသယခေတ်, consisting of the whole infinity of systems, which can be reached only by a Deity's thought, အတိုင်းအရှည်မရှိသော စကြဝဠာတိုက်သည်ကား၊ဝိသယခေတ်မည်၏။

ခေတ္တ (*pron.* ခစ်တ) (Pali), *n.* an instant, moment of time, a little while, ခဏ, သူ့ထားကိုခေတ္တငါးပါလို့ပြောလိုက်ပါ, ရန်ကုန်မြို့အမြဲမနေစဖူးပါ၊ခေတ္တသာနေဘူးပါသည်။

ခေမ (Pali), *n.* freedom from evil, ဘေးနှင့်ကင်းလွတ်ခြင်း, နိဗ္ဗာန်။

ခေမကမ်း, *n.* the shore of annihilation or *neibban*, ခေမ၊အမတပြည်၊နိဗ္ဗာန်သို့ပို့ဆောင်တော်မူသောမြတ်စွာဘုရား. Buddhaghosa says that *nirvana* is called အမတ because not being born, it does not decay or die.

ခေရုဗိမ်, *n.* cherubim.

ခဲ, 1, *n.* lead or tin.

ခဲဆား, *n.* sugar of lead.

ခဲတံ, *n.* a lead pencil.
ခဲထုပ်ပိုး, *v.* to carry lead weights, as a jockey.
ခဲဒုတ်, *n.* a sounding lead.
ခဲနက်, *n.* plumbago, black lead.
ခဲပုပ်, *n.* lead.
ခဲပြာ, *n.* ashes of lead (*Chem.*).
ခဲမ, *n.* lead or tin. ခဲမပုပ်, *n.* lead.
ခဲမဖြူ, *n.* tin.
ခဲမသော, *n.* tungsten, or wolfram sand.
ခဲ, 2, *v.* to be coagulated, indurated, hardened; *comp.* မာ; to be hard, difficult, ကတ်သည်, ခက်သည်, အလွန်ရခဲသည်; to be tardy, သူလုပ်ခဲသည်, he is slow in doing, ရောက်ခဲသည်, to be late in arriving. *Der.* အခဲ။
ခဲကျိတ်, *v.* to be hard, difficult of performance or management.
ခဲခက်, *v.* to be hard, difficult, ဤလောကမှာရန်သူနှင့်ကင်းရှင်းရန်အလွန်ခဲခက်သည်။
ခဲဆဲဖြစ်, *v.* to be indurate.
ခဲယည်း (*pron.* ယည်ိး), *v.* to be closefisted, unwilling to part with (စေးနှဲသည်), and therefore hard to deal with; to be pertinacious in carrying out a plan, scheme, or pursuing a course of conduct; *adv.* ခဲခဲယည်းယည်း, tenaciously, with firm adherence, stubbornly, pertinaciously; studiously, earnestly; သူ့ပညာကိုသူအလွန်ခဲယည်းသည်; ချစ်တီးမည်သောလူများ ဥစ္စာပစ္စည်းခဲယည်းတတ်သည်, the class of men called *Chetties* are, as a rule, closefisted.
ခဲ, 3, *v.* to bite and hold fast; *comp.* ကိုက်; to hold on firmly (to a purpose); to be painful, to gnaw, as pain, ကိုက်သည်: သည်ကနေ့နေပူခံသောကြောင့်၊ အလွန်ခေါင်းခဲသည်; ဤအကြံကို အထမြောက်အောင် အလွန်ခဲ၍ကြံသည်, he adheres with great pertinacity to this plan which he has projected; စီးပွားတိုး တက်အောင်နေ့ညခဆိုခဲ၍ကြံသည်, in order to increase his wealth, he was persistent in scheming, day and night.
ခဲကြိတ်, *v. see the parts.*
ခဲဘွယ်စားဘွယ်, *n.* eatables, ဘောဇဉ်။
ခဲ, 4 (from ကဲ), *v.* (*obs.*).
ခဲအောင်, *adv.* remarkably, unusually; in a good sense, မိန်းမကလေးခဲအောင်လှသည်။
ခဲစွ, *adv.* same as ခဲအောင်။
ခဲရေ့, *int.* expressive of admiration.
†ခဲအို, *n.* a woman's elder sister's husband, or a husband's elder brother; *comp.* မတ်။

ခဲလိ. *n.* glutinous rice (ကောက်ညှင်း), cooked in a joint of bamboo.
ခဲလိကျည်တောက်, *n.* the said joint of bamboo (especially တင်းဝါး and ကြခတ်ဝါး); ခရီးသွားသောယောက်ျားတို့သည်၊ တာရှည်စားသောက်ရန် ခဲလိကျည်တောက်ကိုယူဆောင်၍သွားတတ်သည်။
ခဲ့, 1, *v.* to bring; *used in comp. only*, as ခေါ်ခဲ့, ဆောင်ခဲ့, ယူခဲ့, etc.
ခဲ့, 2, *qual. verb. affix*, implying that the action expressed by the verb is followed by going away, ထားခဲ့သည်, left it and came away; သူမှာခဲ့သည်, he left instructions and came away; ခဲ့ is often used as a mild imperative, in asking or directing any one to do anything before leaving the locality where the request is made, သည်မြို့က ထွက်မသွားခင်၊ ခင်ဗျားအဘကို၊ ကျွန်တော်ကိုကောင်းကောင်းကြည့်ရှုရစ်ပါလို့၊ ပြောခဲ့ပါ။
ခဲ့, 3, *verb. affix of time*, denoting that the event is just passed; *frequently euphonic*; its use frequently appears to be more than euphonic, when it denotes a future event or possibility, but its exact force is not easily determined, *e.g.*, နောက်နောင်တွေ့ရှိခဲ့သော်, in the event of meeting him hereafter; in this phrase it seems to have the force of "should," as, should one meet him hereafter. This *verb. affix* is very much used in *colloq.*, and, though often euphonic, it emphatically improves a person's diction.
ခေါ, 1, *n.* a small basket in which offerings are presented to an evil spirit; တလိုင်း မြန်မာဗျား အကလေးများဒိုဗန်များ၏၊ လက်ဖျားခြေဖျားလျှောင်၊ တန္တြသားရဲ ဘမ်းသည်ဟုအယူရှိလျှက်၊ ခေါတွင်ထမင်းမြွေ၊ နီ၊ငါး၊အမည်းနှင့် ရွာ ပြင်သို့ထွက်၍ချလေ့ရှိသည် (51).
ခေါခွက်, *n.* same as ခေါ။
ခေါစာ, *n.* the offering presented in a ခေါ။
ခေါပက်လက်, *n.* a single basket, *i.e.*, one without a foot.
ခေါပတောင်း, *n.* a basket with a cup-shaped bottom, *i.e.*, a double basket, capable of being set on either end.
ခေါ. 2, *v.* to stick up or out, in consequence of being uneven, သွားခေါသည်, to protrude, as a tooth, သစ်ပင်ပေါ်ကကျသို့လက်ကောက်ဝတ်အဆစ်ရိုးခေါ၍ထွက်သည်။
ခေါက်, 1, *v.* to fold, double, turn back. *Der.* အခေါက်။
ခေါက်ကွေး, *v.* to curve, bend, ခြေကျိုးသောကြောင့်ခေါက်ကွေးနေသည်, အပ်ချည်အဖျားခေါက်ကွေးနေသောကြောင့်၊အပ်နဖါးထိုး၍မဝင်နိုင်။
ခေါက်မိခေါက်ကွေး, *adv.* doubled and curved, သည်လူသည်မြောက် လေပြင်းစွာတိုက်သောကြောင့်၊ခေါက်မိခေါက်ကွေးနေသည်။
ခေါက်စုတင်, *n.* a folding-bed.

ခေါက်ချိုး, *adv.* breaking or doubling in the middle, သည်တုတ်ခေါက်ချိုးကျိုးသောကြောင့်အသုံးမကျ. ယဗိန်းပိုးထည်ထက် ခင်ကြီးပိုးထည်သည်ခေါက်ချိုးသာ၍ကောင်းသည်, the Kingyi silks are better, by a half, than the Yabein silks.

ခေါက်ချိုးချိုး, *v.* to duplicate, reduplicate.

ခေါက်တုံ့ကွင်း, *n.* a bowknot.

ခေါက်တုံ့ခေါက်ပြန်, *adv.* to and fro, backward and forward, လူးလာ; ရန်ကုန်မြို့သို့ခေါက်ပြန်လူတကိုယ်ကိုစုနစ်ကျပ်ပေး၍ ငှါးပါသည်,သည်ကုန်သည်ရန်ကုန်မြို့နှင့်ပုသိမ်မြို့မီးသင်္ဘောကိုစီး၍ခေါက်တုံ့ခေါက်ပြန်ချည်းနေသည်။

ခေါက်တုံ့ချည်, *v.* to tie in a bowknot.

ခေါက်ဖျာ, *n.* a soft kind of mat that can be folded without breaking.

ခေါက်လိပ်, *v.* to be folded and rolled up; to fold and roll up.

ခေါက်, 2, *v.* to knock, rap.

ခေါက်ခေါက်မာ, ခေါက်ခေါက်ခက်ခက်မာ, *v.* to become dry and hard, so as to resound on being struck. ကျောက်ပန်းတောင်းမြို့ကထန်းလျက်ခေါက်ခေါက်မာသောကြောင့်၊အဘိုးကောင်းနှင့်ရောင်းရပါသည်။

ခေါက်ရက်, *v.* to be old, hardened; *used adverbially*, as ခေါက်ခေါက်ရက်ရက်, unfeelingly, in a heartless manner, ဤသူသည်သားသမီးကိုမချစ်၊ ခေါက်ခေါက်ရက်ရက်ပစ်၍သွားသည်, this man does not love his children; he forsook them in a heartless manner.

ခေါက်ရောက်, *v.* similar to ခေါက်ရက်; *also used adverbially*, ခေါက်ခေါက်ရောက်ရောက်ဆဲမှဆဲလေခြင်း, or ဆိုမှဆိုလေခြင်း။

ခေါက်ရှာ, *n.* a woodpecker, သစ်တောက်; called also တောက်ရှာ။

ခေါင်, 1, *n.* an intoxicating liquor made from rice, much used by the Karens and Chins, ခေါင်ရည်။

ခေါင်, 2, *v.* to be the top, summit (*obs.*); *n.* the top, summit, သည်လူခေါင်ဘဲ, this man is the chief, *lit.* the top; may be used in a good sense, သည်လူအတတ်အလိမ္မာတွင်ခေါင်ဘဲ, this man is foremost in skill and cleverness; or in a bad sense, သည်လူဆိုးသွမ်းညစ်ညမ်းသောအရာ၌ခေါင်ဘဲ, this man is foremost in wickedness and depravity; the ridge of a roof.

ခေါင်ဖုပ်, *n.* the upper saddle of the ridge of a roof; *comp.* ဝမ်းဘဲတောင်။

ခေါင်ညွန့်, *n.* the topmost twig or branch of a tree.

ခေါင်တန်း, *n.* the whole range of the ridge of a roof; the ridgepole.

ခေါင်တိုင်, *n.* a post which supports the ridge of a roof.

ခေါင်ရေ, *n.* the height of the spring tide.

ခေါင်လျောက်, *n.* the ridgepole of a roof.

ခေါင်, 3. *v.* to excavate in a slanting direction, ခလောင်သည်; to slant, be out of the way, go out of the way; to be far from a river or other water, ကျွန်တော်မျိုးကုန်းခေါင်ရေဝေးသောအရပ်သားဖြစ်သောကြောင့်၊ လှေကိုကောင်းမွန်စွာမလှော်တတ်။ရေကိုလည်းမကူးတတ်, owing to my being a native of an out-of-the-way place, distant from any body of water, I do not know how to paddle a boat well, neither can I swim (52). ခင်ဗျားနေသည့်ရွာအလွန်ခေါင်သည်, the village you live in, sir, is very much out of the way; ကျွန်ုပ်တိုက်ရိုက်မှန်ရာကို ပြောပါသည်၊အလွဲကိုခေါင်၍မတွေးပါနှင့်; to be scarce or scanty, မိုးခေါင်းခေါင်သည်, the rainfall is scanty. *Der.* အခေါင် and မိုးခေါင်။

ခေါင်တွေး, *v.* to conjecture, without being able to come to any conclusion.

ခေါင်ခေါင်မာ, *v.* to be dry and hard, so as to resound on being struck, မြွေကျင်မြို့အပိုင်ပုစွန်မြောင်းရွာတွင်လုပ်သောအိုးများသည်ခေါင်ခေါင်မာအောင်ကောင်းသည်; *comp.* ခေါက်ခေါက်မာ။

ခေါင်တံ, *n.* a pen, made of reed or bamboo; a pipe used in sucking, ပတူတံ; ကရင်နီလူမျိုးတို့သည် ခေါင်အိုးၚ်ခေါင်တံတပ်၍ ခေါင်ရည်ကိုစုတ်ယူကြသည်။

ခေါင်ရန်း (ပင်), *n.* the *Hibiscus, Rosa sinensis.*

ခေါင်း, 1, *n.* the head, ဦးခေါင်း; the principal part of a thing, ဦး; a large tuberous root, ဥကြီး; a head, chief, အကြီးအကဲ။

ခေါင်းအကြီး, *n.* a head, chief.

ခေါင်းအုံ့, *v.* to have a cold in the head.

ခေါင်းအုံး, *n.* a pillow; *v.* to pillow the head.

ခေါင်းအုံးစွပ်, *n.* a pillowcase.

ခေါင်းအုံးရှည်, *n.* a long pillow, a bolster.

ခေါင်းကခြေထိ, *adv. cap-a-pie*, from head to foot.

ခေါင်းကိုင်, *n.* a godfather or godmother, ခေါင်းကိုင်အမိ; ခေါင်းကိုင်သူငယ်, a godchild, ခေါင်းကိုင်သား, ခေါင်းကိုင်သမီး။

ခေါင်းခါ, *v.* to shake the head from side to side, in dissent.

ခေါင်းခု, *n.* anything placed between the head and a burden; used by women, in carrying water pots, trays, baskets, ရေအိုးခေါင်းခု။

ခေါင်းခေါက်၍ပြသည်, *v.* to pick or point out, to identify; *see* မိုင်းစွဲ။

ခေါင်းချုပ်, *n.* a chief of *gaungs.*

ခေါင်းခွဲ, *n.* a sub-overseer.

ခေါင်းစဉ် (*pron.* စည်), *n.* a succession of letters or figures, marking the pages or sections of a writing or book.

ခေါင်းစီးခေါင်းကိုင်, *n.* the head, or chief in an undertaking, ဦးစီးဦးကိုင်။

ခေါင်းဆတ်, *v.* to nod, or bow the head, in assent.

ခေါင်းဆေးကျွန်း, *n.* a small island between Martaban and Moulmein; *lit.* the wash-head island, whence water was annually carried to Ava, to wash the King's head (on the anniversaries of ဦးကင်းတော်ဖွင့်, in တန်ခူး, and ရေသဘင်သဘင်း, in သီတင်းကျွတ်).

ခေါင်းဆောင်, *v.* to take the lead.

ခေါင်းတည် (*pron.* ဂေါင်းတယ်), *v.* to take the lead, be first in doing, ဦးတည်သည်, ဤအမှုတွင်ခင်ဗျားခေါင်း မတည်ဝံ့လျှင်ကျွန်ုပ်တော်တည်ပါမည်, if you dare not take the lead in this matter, sir, I will.

ခေါင်းတုံး (from တုံး, to be blunt), *v.* to be shaven or bald; *comp.* ဦးပြည်း။

ခေါင်းတုံးတို, *v.* same as ခေါင်းတုံး။

ခေါင်းပေါင်း, *n.* a turban, or anything wrapped around the head collecting and binding the hair together, ဦးရစ်; ခေါင်းပေါင်းညစ်ထေးသောကြောင့်၊အဆင်မပေါ်ရှိင်။

ခေါင်းပေါင်းပေါင်း, *v.* to put on a turban.

ခေါင်းပြောင်, *v. lit.* to have a clear, bare head; to be bald.

ခေါင်းပြည်း (*sometimes pron.* ခဖြ), *a.* shaven or bald, ဦးပြည်း, ခေါင်းပြည်းရိတ်, to shave off all the hair of the head, like a *pongyi.*

ခေါင်းဖု (*pron.* ဗု), *n.* anything placed between the head and a burden; *see* ခေါင်းရု။

ခေါင်းဖြီး, *v.* to comb the hair.

ခေါင်းဖြူ, *v.* to be gray or white headed; *n.* a grayhead, an old man.

ခေါင်းမာ, *v.* to be headstrong, obstinate.

ခေါင်းမြီးခြုံ, *v.* to cover the head with a *puhso* or *saung*, in order to conceal one's identity; *adv.* without any personal trouble, or expense or responsibility, တက်ခါစီး; ရေခေါင်းမြီးခြုံနေ, to be submerged, as land during the rains; ကျွန်ုပ်အိမ်ကိုခေါင်းမြီးခြုံဆောက်ပါ။

ခေါင်းရင်း, *n.* the place for the head; *opposed to* ခြေရင်း။

ခေါင်းလျှော်, *v.* to wash the head.

ခေါင်း, 2, *v.* to be hollow (*obs.*); *n.* a trough used as a coffin, or as a canoe; applicable also to a trough used for any purpose, ဝက်စာခေါင်း, a pig's trough. *Der.* အခေါင်း။

ခေါင်းခေါက် (from အခေါက်, bark), *n.* bark used in dyeing a brown color, the decoction being frequently placed in a trough.

ခေါင်းဆိုး, *v.* to dye a brown color.

ခေါင်းတိုင်, *n.* a block or short post in a boat (လောင်းကိုယ်), to receive

the foot of a temporary mast; the funnel of a steamer, မီးသင်္ဘော ခေါင်းတိုင်။

ခေါင်းဗိတ် (*pron.* ခေါင်းဗိတ်), *a.* solid, not hollow; applied to articles that are naturally or commonly hollow, နားပင်းဗိတ်; *comp.* စတိ, solid, artificially solid.

ခေါင်းပွ, ခေါင်းပွာ, *a.* hollow, not solid, သည်ခြေချင်းခေါင်းဗိတ်မဟုတ်ပါဘူး။ ခေါင်းပွပါတဲ့, these anklets are not solid (silver); they are hollow; capsular.

ခေါင်းရည်, *n.* brown dye.

ခေါင်းရည်အုပ်, *v.* to superadd the said dye on a blue color, making a deeper blue or black.

ခေါင်းလောင်း, *n.* a large bell with or without a clapper; *comp.* ဆည်း လည်း။

ခေါင်းလောင်းစင်, *n.* a belfry.

ခေါင်းလောင်းထိုး, *v.* to strike a bell.

ခေါင်းသက်အူနာ, *n.* a hollowness and defect in timber; ဓိသုကာ၊ကျွန်ုပ် အိမ်ကိုဆောက်သောအခါ၊ထောင်ပျဉ်ခင်းပျဉ်များမှာ၊ခေါင်းသက်အူနာများ မရှိ ပါစေနှင့်၊နော်။

ခေါင်းသွင်း, *v.* to place in a casket, preparatory to burial.

†ခေါင်းပါး, *v.* to be deficient in quantity, few, scarce, နည်းသည်, ရှား သည်, ပါးလျားသည်, အစားအသောက်ခေါင်းပါးသည်, food is scarce; သူ့ ဥစ္စာပစ္စည်းခေါင်းပါးသည်, his goods are scanty.

ခေါပျည် (*pron.* ပျဉ်), *n.* a certain preparation of glutinous rice, ခေါ ပျည်မုန့်, made of ကောက်ညှင်း, နှမ်းစေ့, and a modicum of salt.

ခေါမ, *n.* flax.

ခေါ်, *v.* to call, summon, invite; to call, distinguish by name, give a name, မှည့်သည်, သမုတ်သည်, တွင်သည်; ဘယ်အခါဘဲခေါ်ခေါ်တပည့်တော် လာပါမည်, whenever you call, your pupil will come (as in addressing a *pongyi*); မင်းနာမည်ကိုဘဲ့နှယ်ခေါ်သလဲ, how do they call you by name, or, what is your name?

ခေါ်ချ, *v.* to summon authoritatively.

ခေါ်ငင်, *v.* to abduct; to call a person and take him along with one.

ခေါ်တွင်, *v.* to name, give a name.

ခေါ်ပုံ, *n.* a kind of drum; smaller than ပုံတောင်; *see* ပုံ။

ခေါ်ဝေါ်, *v.* *see* ခေါ်, *in both senses.*

ခို, 1, *n.* a pigeon; *comp.* ချိုး, a dove.

ခိုဥ, *n.* a pigeon's egg.

ခိုကော့, *n.* the fan-tailed pigeon.

ခိုစင်, *n.* a pigeon house, ခိုရင်း။
ခိုတောင်လဲ (*pron.* ခိုဒေါင်လဲ), *adv.* continuall... ...tedly, မပြတ်; in a gradation, uniformly, တသမတ်တည်း, ...သောအခါ၊မိန်းမ ငယ်တို့သည်၊တသမတ်တည်းခိုတောင်လဲအရပ်ညီ...
ခိုနန်းချိုး, *a.* not straight, broken into angles ... ions, as a pentagonal redoubt; ခိုနန်းချိုးမြို့တည်သည်; ...ာ်ရွေ။
ခိုပုံ, *n.* a kind of rocket (used at *pongyi byan*...
ခိုမြီး, *n.* a floor where the cooking place is, a ... than the main floor; a slanting roof interposed to co... ...ing at the end of a gable roof; *see* ကျိုးအက်။
ခိုရင်း, *n.* a pigeon house, ခိုစင်။
ခို, 2, *v.* to take shelter (in a shade), အရိပ်ကိုခိုသည်; to take refuge in, adhere to, ကပ်သည်, မှီသည်, လှုံသည်; to shirk, or "scamp" work, သည်လက်သမားအတိုးတန်သစ်သားကိုမထည့်၊ အတိုးမတန်သောသစ်ကိုသွင်း ပြီးလျှင်၊ခို၍လုပ်သည်, this carpenter does not put in valuable timber, but "scamps" his work, putting in wood of no value.
ခိုကပ်, *v.* to take refuge in (a person or thing), in order to avoid some evil; to shirk, or "scamp" work, မင်းအလုပ်အကိုင်ကိုနည်းနည်း ခိုကပ်သည့်လူမဟုတ်ဘူး, you are a man who shirks work, not a little (*i.e.*, very much).
ခိုလှုံ, *v.* to take refuge in (the power or glory of another), အင်္ဂလိပ်အ လံတော်ကိုခိုလှုံလိုသောကြောင့်ရောက်ပါသည်, I have come, because I wish to take refuge under the royal flag of England.
ခိုက်, 1, *v.* to hit, come in contact with, strike against, ထိခိုက်သည်; *more than* ထိ; to bring misfortunes on the possessors of unlucky houses, boats, etc., သည်မြင်းသည် ဘွေကြမ်းသောကြောင့်၊ ခိုက်လိမ့်မည်။ မဝယ်ပါနှင့်, owing to this horse having an unlucky flexure, he will bring misfortune; please do not buy him; သည်လှေမကောင်း သောအမျက်ရှိသောကြောင့်၊ခိုက်လိမ့်မည်, because this boat has a bad knot, it will bring misfortune. *Der.* အခိုက်။
ခိုက်တိုက်, *v.* to bring into contact, strike against; *see the parts.*
ခိုက်ပွားရန်စစ်, *n.* quarrels and fightings.
ခိုက်မိ, *v. see* ခိုက် (*most common*); လှေတစင်းသစ်ငုတ်နှင့်ခိုက်မိသောကြောင့်၊ စုန်းစုန်းမြုပ်သွားသည်။
ခိုက်ရန်, *n.* a quarrel.
ခိုက်, 2, *v.* to shake, tremble; *used only in adverbial forms, and commonly in connection with* တုန်, as ခိုက်ခိုက်တုန်သည်, to shake tremulously,ဆောင်းတွင်းအခါအလွန်ချမ်းသောကြောင့်၊လူများခိုက်တုန်တတ်သည်။

ခိုင်, *v.* to be firm, strong, durable, ကြံ့သည်, ခံ့သည်, မြဲမြံသည်, သည်သွား ခိုင်လွန်းလို့နုတ်လို့မရဘူး; to be valid; to be capable of carrying, as a boat, cart, horse, etc., သည်လှေ လူဘယ်နှစ်ယောက် ခိုင်ပါလိမ့်မည်လဲ. *Der.* အခိုင်။

ခိုင်ကျည်, *v.* to be firm in mind, persevering (*infreq.*).

ခိုင်ကြံ့, *v.* to be firm in structure or mind, to be resolute, persevering.

ခိုင်ခံ့ (*pron.* ခိုင်ဂံ့), *v. see* ခိုင်; to be valid, as a legal instrument; to be firm, as wearing apparel, ခိုင်ခံ့ညံ့မှတ်သောပုဆိုး; သည်လူလိမ်တတ်သောကြောင့်၊ သူနှင့်စာချုပ်လျှင်၊ ခိုင်ခိုင်ခံ့ခံ့တံဆိပ်တော်စက္ကူဖြင့်ချုပ်မှတော်လိမ့်မည်, as this man is given to sharp practice, if you draw up an agreement with him, it would be well to do so validly, on stamped paper.

ခိုင်ခံ့စွာပြောထား, *v.* to dogmatize, ခိုင်ခံ့စွာပြောသည်။

ခိုင်မာ, *v.* to be firm in mind, unmoved, obstinate, သည်လူစိတ်နှလုံးခိုင်မာသည်၊ လျှော့ပေးမည်မအောက်မေ့ပါနှင့်။

ခိုင်လုံ, *v. see the parts*; to be reliable, trustworthy, as evidence, သည်အမှုတွင်သက်သေများအလွန်ခိုင်လုံလို့၊ တရားခံများလွတ်မည့်လက္ခဏာတစိုးတစိမျှမရှိပါဘူး; to be substantially wealthy.

ခိုင်း, **1**, *v.* to employ about some business, commission, order, စေခိုင်းသည်, ယခုပင်လုပ်ဆောင်၍ပြီးသော်လည်း၊ နောင်ခိုင်းရန်ရှိသေးသည်။

ခိုင်းခန့်, *v. see the parts* (*seldom used*).

ခိုင်းလိုက်, *v.* to employ at a distance, အခြားအရပ်မှာအမှုကိစ္စနှင့်ကျွန်ုပ်ခိုင်းလိုက်ခဲ့ပြီ။

ခိုင်း, **2**, *v.* to liken, compare; *comp.* ပုံခိုင်း။

ခိုင်းနှိုင်း, *v.* same; hence မခိုင်းမနှိုင်း, *adv.* disrespectfully; မောင်မင်းကိုစေလျှင်၊ သူတပါးကိုခိုင်းနှိုင်း၍ပြောတတ်သည်; မိဘရှေ့တွင်သားငယ်သည်အကြောက်အရွံ့မရှိ၊ မခိုင်းမနှိုင်းပြုတတ်သည်။

ခိုင်း, **3**, *v.* to put the helm to starboard; *comp.* မက်, to put the helm to port; တက်ကိုခိုင်းလိုက်။

ခိုး, *v.* to steal. *Der.* သူခိုး။

ခိုးကြောင်, *v.* to carry on a clandestine adulterous intercourse (*infreq.*), ခိုးကြောင်စပ်ရှက်။

ခိုးကြောင်ခိုးဝှက်, *adv.* surreptitiously, thievingly, purloiningly, ခိုးကြောင်ခိုးဖွက်, သည်လူခိုးကြောင်ခိုးဝှက်ကြံတတ်သည်ဟု သိတင်းကြားသောကြောင့်၊ ခင်ဗျားအိမ်မှာလာ၍တည်းလျှင်၊ သတိထားမှတော်လိမ့်မည်မှတ်သည်။

ခိုးစား, *v.* to gain a livelihood by thieving.

ခိုးပြစ်, *n.* the crime or punishment of theft.

ခိုးမှု, *n.* theft, ခိုးမှုထင်ရှားသောကြောင့်ထောင်ဒဏ်သုံးနှစ်ခံစေ။

ခိုးရာပါပစ္စည်း, *n.* stolen property.

ခိုးဝန်ပစ္စည်း, *n.* stolen property, ငမြူအိမ်မှာခိုးဝန်ပစ္စည်း အမြောက်အမြားရှိကြောင်းသိတင်းကြားသည်; ခိုးထုပ်ခိုးထည်။

ခိုးသား, *n.* a thief, ခိုးသူ, သူခိုး. ခိုးသူထားပြ။

ချ (from ကျ, to fall), *v.* to throw or cast down; to put down; to bring down from a situation; to assign a place, put in its proper place, နေရာချသည်; to teach, give instruction, စာချသည်; to sift, ဆန်ခါနှင့်ချသည်. In some instances ချ is equivalent to အပြစ်ဖို့သည်; လှေထဲဝန်စလယ်များကိုချလိုက်ပါ; ကျွန်ုပ်လူများကိုနေရာချပေးပါ, assign a place for my men; မှားသောအခါကျွန်ုပ်အပေါ်မှာချည်းချသည်, when there is a mistake committed, he lays the blame wholly upon me.

ချခဲ့, *v. see under* ခဲ့, **1**, and **2**; to leave out, omit (in writing), စာချခဲ့သည်။

ချခေါ်, *v.* to summon authoritatively, ခေါ်ချသည်။

ချထား, *v.* to set down and leave.

ချမြေ, *n.* land bestowed by the king. It became the property of the recipient, and only heritable, when it was so set forth in the royal order.

ချက်, **1**, *n.* the navel.

ချက်အုပ်, *n.* a concave part of the human skull, used by Burman thieves as a charm. It is attached to a girdle, around the waist, covering the navel.

ချက်ကြိုး, *n.* the *funis*, navel-string, umbilical cord.

ချက်ထိုး, *n.* a prominent navel.

ချက်မ, *n* a concave navel; *see also* အချက်မ။

ချက်မြှုပ်, *n.* a birthplace, *i.e.*, the place where the navel-string was buried, ဇာတိချက်မြှုပ်။

ချက်မြှုပ်ဌာန, *n.* same, ကျွန်တော်ဇာတိချက်မြှုပ်ဌာန ဓနုဖြူမြို့ပါ, Danubyu is my native place, *lit.* the place where my navel-string is buried is Danubyu.

ချက်, **2**, *v.* to cook, prepare by fire, ယနေ့ညသည်သည်များလာမည်ဖြစ်သောကြောင့်၊ထမင်းဟင်းများ ကိုအရသာပြည့်ပြည့်စုံစုံနှင့်စောစော ချက်ထားပါ၊ သွီးရယ်; အရက်ချက်, to distil liquor.

ချက်ကျောက်, *n.* a paste jewel, in imitation of a precious stone.

ချက်ချက်, *adv.* tickingly, as a watch.

ချက်ချာ, *v.* to be clever, forward, able to perform with skill and address beyond one's age; applicable to children; hence the saying ချက်ခနဲပြော, ချာခနဲနားလည်သည်; သည်ကလေး အလွန်ချက်ချာသည်, this child is intelligent beyond his years; ချက်ချက်ချာချာရှိသည်။

ချက်ခြင်း (from အချက်, a mark), *adv.* instantly, immediately, at the moment, ရုတ်ခနဲ, ရှောင်တခင်, ချက်ခြင်းသွားပါလို့ဆိုလျက်နှင့်မသွား။သည် အတွက်ရေတက်မိနေပါပြီ, by your not going, when I said, Go immediately, you have been overtaken by the flood tide.

ချက်တဖြုတ်, *adv.* instantly, immediately.

ချက်လက်မှတ်, *n.* a cheque.

ချင်, *v.* to wish, desire; to have a tendency to, inclination for; *not used as a principal verb, but as a qual. affix, optative*; ကျွန်ုပ်အိပ်ချင်သည်, I wish to sleep; ကျွန်ုပ်သွားချင်သည်, I wish to go; မိုးသည်းရွာချင်သည်, it is inclined to rain (*lit.* the sky wishes to rain).

ချင်ခြင်း, *n.* desire; a strong desire, အာသာ; ချင်ခြင်းဖြစ်, to crave particular kinds of food, မိဘုရားတိကိုစားချင်သောချင်ခြင်းရှိသည်။

ချင်ရဲပြေ, *v.* to have the edge of the appetite taken off, to be tolerably satisfied, ထမင်းစားလို့မဝဘူး ချင်ရဲပြေရုံရှိပါသည်, I have not had enough to eat, only the edge of my appetite is taken off.

†ချင်ချင် (မြည်), *adv.* clinkingly, chinkingly.

ချင်ရွေး, *n.* the *Abrus precatorius*, ဆင်ရွေး; the seed of the said tree used as a weight, six of which make a ဝဲ, and eight a ဝဲကြီး; *comp.* ရွေးကြီး; တချင်ရွေးခန့်, နတ်တို့ဩဇာတချင်ရွေးခန့်လူစားမိလျှင်၊အနှစ်တရာအစာမကြေကမ္ဘာတေဇောချင်းမတူလို့သောတန်ရာ၏။

ချင်သေ့, *see* ခြင်္သေ့. *n.* a lion.

ချင့်, *v.* to compute, calculate, weigh in the mind, estimate, form a judgment of; to ponder over, repeat, think over, ဤကဲ့သို့ပြောထိုက်သလားဟု၊ ချင့်စမ်းပါခင်ဗျား, consider, sir, whether it is right that he should speak (to me) thus; *comp.* ခန့် and ခြင်။

ချင့်ချိန်, ချင့်တွက်, *v.* to weigh in the mind; to estimate by comparison.

ချင့်စား, ချင့်ထောက်, *v.* same, ဤအမှုတွင်တရားလို စကားမှန်သည် မမှန်သည်ကို ချင့်ချိန်ဆင်ခြင်ရန်ဆိုင်းထားဦးမည်။

ချင်း (*pron.* ဂျင်း), 1, *n.* the ginger plant or root.

ချင်းခြောက်, *n.* dried ginger. ချင်းစိမ်း, *n.* green ginger.

ချင်း, 2, *n.* a Chin, one of the race of Chins (53).

ချင်း, 3 (*pron.* ဂျင်း) (from အချင်း, a companion), *pron.* you, *mas. or fem.*, used in judicial language; ချင်းတို့, same as မောင်မင်းတို့, though not as elegant.

ချင်း, 4, *n.* a single one; *but chiefly used as an a.*, single, one only; *or as a verbal formative*; *see Gram. sec.* 103. The particle ချင်း, single, one only, limits the time to the continuance of the action expressed, as **စားစားချင်းသေသည်,** he died as soon as he ate it, *i.e.*,

instantly, without an interval; *see Gram. p.* 50. ကျွန်မအိမ်ပေါ်မှ ခါးဝတ်ထည်ချင်းနှင့် ဆင်းသွားရပါသည်, I was obliged to leave the house with only the cloth I was wearing round my waist; သည်မုဆိုးအတော်ရဲ ရွှမ်းသတ္တိရှိသည့်မုဆိုးပါ၊ တောသို့ ကျားများကိုပစ်ရန်သွားသောအခါ၊ တယောက်ချင်းတည်းသွားတတ်ပါသည်, this *shikari* is rather plucky; when he goes tiger-shooting in the jungle, he goes quite alone; တနေ့ချင်းတွင်ပင် ကာလရောဂါဖြစ်လို့၊ လူသုံးဆယ်ကျော်သေကြလေသည်, in one single day (or in the self-same day) over thirty persons, who were attacked with cholera, died.

ချင်း, **5**, *v.* to bore, pierce, penetrate, go through, ခွင်းသည်, (*obs.*). *Der.* အချင်း and ထုတ်ချင်း။

ချင်း, **6**, *qual. verb. affix* (*combined with* တိုင်အောင်), until; *see Gram. sec.* 117. သည်လူမရောက်မချင်းကျောင်းတကာစောင့်နေပါ, သူသတ်ယောက်ျားကိုမမိမချင်းလိုက်၍ဘမ်းရမည်။

ချင်း, 7, *see* ခြင်း, **3**, *closing verb. affix*, commonly expressive of regret.

ချင်း, 8 (from အချင်းချင်း), *adv.* one another, mutually, သူတို့ချင်းမတည့်ကြသောကြောင့်၊ တအိမ်စီနေကြသည်, as they are not on good terms with one another, each one lives in a separate house; လူချင်း, between man and man; အပြောချင်းပင်အင်မတန်ကွာကြသည်, even their respective ways of speaking are very different.

ချင်းချင်း, *adv. an intensive*, used with words of redness, ရဲရဲ, ချင်းချင်းနီ, flaring red.

ချင်းတွင်း (မြစ်), *n.* the Chindwin river, which enters the Irrawaddy at the great bend between Pagan and Ava, near Myingyan.

ချစ်, **1**, *v.* to love, have affection for, esteem, စုံမက်သည်, နှစ်သက်သည်, မြတ်နိုးသည်; *comp.* ကြိုက် and ခင် (ချစ်လုံးလုံး၊ မုန်းလားလား); ချစ်မပြီးသတ္တိသွီး, dear little daughter, whom I am never tired of loving.

ချစ်ကြင်, *v.* to love, have affection for.

ချစ်ကြောက်ရိုသေ, *v. lit.* to love, fear and respect; a term much in vogue regarding officials who have gained the love and esteem of the people.

ချစ်ကြိုက်, *v.* to love, as lovers of different sexes. သူတို့ချစ်ကြိုက်ကြသည်အလျောက်, according to the love they bear one another.

ချစ်ကျွမ်း, *v. see the parts.*

ချစ်ခင်, *v.* to love, esteem.

ချစ်စရာ, *n.* that which is to be loved, ချစ်စရာကောင်းသောသူငယ်။

ချစ်သနား, *v.* to love an object of compassion.

ချစ်, **2**, *v.* to be burnt, as food in cooking; *more than* တူး; applied

to particles of food adhering to cooking utensils, ဟင်းအိုးချစ်သည်, ငါးဖိအိုးချစ်သည်။

ချစ်ချစ်လောင်လောင်ပူ, *v.* to be scorchingly hot; applied to the heat of the sun, နေချစ်ချစ်လောင်လောင်ပူသည်. The iron floor (သံပြား) in hell is described as, ချစ်ချစ်လောင်လောင်ပူသည်။

ချည်, 1. *v.* to tie, bind, fasten by tying, နှောင်သည်, ဖွဲ့သည်; to confer a title, ဘွဲ့ချည်သည်; သည်ခွေးရူးချင်သောကြောင့်၊သံကြိုးနှင့်ချည်ထားလိုက်။

ချည်တည်း, *v.* to tie loosely, or for a little while, သစ်ဘောင်မျောသွားမည်စိုးရိမ်သောကြောင့်၊ကြိုးနှင့်ချည်တည်း၍ထားလိုက်; *see* တည်း။

ချည်တိုင်, *n.* a mooring post, လှေချည်တိုင်; a post for tying cattle, a hitching post, ကျွဲချည်တိုင်, နွားချည်တိုင်။

ချည်နှောင်, *v.* to tie and bind, ထွက်ပြေးမည်စိုးသောကြောင့်၊ လက်နှစ်ဘက်ကိုနောက်ကချည်နှောင်၍ထားသည်။

ချည်, 2. *n.* thread, simply spun.

ချည်ကတ္တီပါ, *n.* cotton velvet, velveteen.

ငြိမ့်ဆိမ့်, ငြိမ့်ညောင်း, *v.* same, *but used adverbially only.*

ငြိမ့်လေး, *v.* same as ငြိမ့်။

ငြိမ်း, *v.* to extinguish, quench; to be extinguished, quenched, သေသည်; to be quieted, appeased, settled, ပြေသည်; to be quiet, comfortable, happy, free from outward troubles, ချမ်းသာသည်; *comp.* ငြိမ်; မီးကိုငြိမ်းလိုက်ပါ, extinguish the light (*more elegant than* မီးကို သတ်လိုက်ပါ).

ငြိမ်းဧ, ငြိမ်းချမ်း, *v.* same as ငြိမ်း, ငြိမ်းချမ်းသာယာအများသတ္တဝါ။

ငြီး, *v.* to be uneasy, discontented, to experience *ennui*; to be glittering, dazzling.

ငြီးငြီးတောက်, *v.* to dazzle, မှန်မီးအိမ်လင်းလိုက်သည်မှာ၊ငြီးငြီးတောက်နေသည်, the lamp shines so that it dazzles.

ငြီးငွေ့, *v.* to be uneasy, discontented, dull, သည်အိမ်မှာတယောက်တည်း နေရသည်မှာ၊အလွန်ငြီးငွေ့စရာကောင်းသည်, it is very dull having to live in this house by one's self. ပျင်း is generally used in *colloq.*, and ငြီးငွေ့ in books and formal discourse, to express the feeling of dullness which results from the absence of congenial company; လူဘောင်ငြီးငွေ့, to be weary of the society of men.

ငြူစူ, *v.* to be envious, malevolent, to act an envious, malevolent part; *comp.* မနာလို; မောင်ဖြူမောင်မည်းထက်အရာတိုးတက်သောကြောင့်၊အလွန်ငြူစူ သည့်လက္ခဏာရှိသည်, ခင်ဗျားကိုကျွန်တော်မနာလိုငြူစူစိတ်မထားပါ, သူတော် ကောင်းတရားကိုနှလုံးသွင်းသူသည်ငြူစူစောင်းမြောင်းခြင်းမရှိပါ။

ငြောင့်, *n.* any sharp thing sticking up or out; a sharp stump or thorn; a caltrop, a piece of bamboo (or other material) having four sharp points, so arranged that when thrown on the ground, one of the points will always be upward. These are scattered on the pathway by dacoits to prevent pursuit, ထားပြတို့က နောက်လိုက် သူတို့မမိနိုင်အောင်၊ဆူးငြောင့်များကိုလမ်းတွင်ပစ်ချထောင်ထားကြသည်။

ငြို, *see* ညို, *v.* to be dark in color, between blue and black; to darken, as the countenance.

ငြိုငြင်, *v.* to be distressed, miserable; *comp.* ဆင်းရဲ; to dislike, implying that such dislike is owing to ill-treatment or harshness; နှလုံးငြိုငြင်, ငြိုငြင်ပင်ပန်း, အမှုထမ်းကောင်းတို့သည် ငြိုငြင်ဆင်းရဲခံ၍အမှု
တော်ကိုထမ်းရွက်ကြသည်,သည်မင်းကိုဆင်းရဲသားများအလွန်ငြိုငြင်ကြသည်
ငြိုမောင်း, *see* ညိုမောင်း, *v.* to be of a dark purple color.
ငြို့. *see* ညို့, *v.* to be slightly dark, etc.
ငြိုး, *v.* to feel ill-will towards, harbor resentment, wish to injure, indulge malice prepense, အငြိုးထားသည်, ရန်ငြိုးထားသည်, ရန်ငြိုးဖွဲ့သည်, ငြိုးမာန်အိုက်; ကျွန်တော်ကိုငြိုး၍ရန်ဖြစ်အောင်လုပ်သည်; ဘာမျှမဟုတ်သည့်အမှုနှင့်ကျွန်ုပ်ကိုမငြိုးပါနှင့်, do not bear resentment towards me for nothing at all.

ငွါး. *v.* to be large, great; to be high, to project prominently above and beyond others; *used adverbially only*, ငွါးငွါးမြင့်, ဟိုရှေ့မှာငွါးငွါးမြင့်သည့်တောင်ကြီးကိုမြင်၏လား, do you see that great mountain towering (*lit.* toweringly high) in the distance before you?

ငွေ. *n.* silver.

ငွေကူ, ငွေထည့်, *v.* to contribute money; usually for a religious purpose.

ငွေခံလက်မှတ်, *n.* a bill.

ငွေချေး, *v.* to borrow money.

ငွေစား, *v.* to take bribes (*lit.* to eat money), တံစိုးစား။

ငွေစု, *v. lit.* to collect or gather together, silver; to save, or put by money; to collect money for a joint undertaking, such as paying the expenses of a *pwe.*

ငွေညို, *n.* silver moderately alloyed, as twenty-five per cent.

ငွေတော်, *n.* money raised by direct taxation; revenue; government treasure.

ငွေတော်ခွဲ, *v.* to levy a direct tax.

ငွေတိုက်, *n.* a government treasury.

ငွေတိုက်ရှင်, *n.* a banker, ငွေထိန်း။

ငွေတိုးချစား, *v.* to live on the interest of one's money.

ငွေထိန်း, *n.* a treasurer, cash-keeper, ငွေတိုက်စိုး။

ငွေပန်း, *n.* an air-plant, the *Dendrobium formosum*; also that variety of the picture-plant which has a variegated leaf; one name of the periwinkle.

ငွေပွင့်, *n.* a bloom that appears on the surface of good silver, hence called flowered silver.

ငွေမွး, ငွေတောင်, *n.* the hairy or feathery appearance on the surface of silver moderately alloyed.

ငွေရင်း, *n.* stock, capital.
ငွေရည်ပွပ်, *v.* to wash with silver, ငွေရည်ပွပ်ခွာနှိ။
ငွေရှင်, *v.* to be plentiful, as money; to be flush in cash. တယ်ငွေရှင်သည့်လူ (*Colloq.*).
ငွေလက်ငင်း, *n.* ready money; ငွေလက်ငင်းပေး၍ဝယ်သည်, to buy, paying cash.
ငွေလက်မှတ်, *n.* paper money; a cheque, ငွေထုတ်လက်မှတ်။
ငွေလက်လှယ်သုံးချေး, *v.* to borrow or lend money for a short time without charging interest.
ငွေလွှဲလက်မှတ်, *n.* a promissory note; a money order; a bill of exchange.
ငွေလွှဲလက်မှတ်ခံ, *n.* a drawee.
ငွေဝယ်မြေ, *n.* land acquired by purchase.
ငွေ့, *v.* to appear in small measure, be a forerunner or symptom indicative of something more; to be gentle, moderate; to be flickering, as the light of a lamp; to be at the point of death, အသက်ငွေ့ငွေ့ကလေးရှိတော့သည်; သည်ရေမွှေးအနံ့ငွေ့ငွေ့ကလေးရသည်။
ငှ (from င, to be distributed throughout), *v.* to distribute equally to all; *comp.* ဝေ; သွက်ထုပ်များကိုတင်ကူး၍ငှလေသည်, ဓောတိကသူဌေးသည်၊တောင်းရမ်းလာသောသူဆင်းရဲဒုက္ခိတတို့အားး၊နေ့စဉ်မပြတ်ရွှေငွေဆန်ရေစပါးတို့ဖြင့်ငှဝေပေးကမ်းစွန့်ကြဲလေသည်။
ငှက်, 1, *n.* a bird.
ငှက်အမြစ်, *n.* a bird's gizzard.
ငှက်အောက်, *n.* a flycatcher with white and blue markings, and a long, handsome tail, ငှက်တစပ်; *comp.* စတုံတူ, and တိုင်းကား။
ငှက်ကလေး, *n.* a Chinese sampan.
ငှက်ကုလား, *n.* the *Xenorhynchus Asiaticus* or *Jabiru* stork.
ငှက်ကုလားအုပ်, *n.* an ostrich.
ငှက်ကျား, *n.* the *Tantalus leucocephalus,* the pelican ibis, a bird with a very long beak and pink legs, having black and white feathers on the back; it is about the size of a small adjutant.
ငှက်ကြီး, *n.* the adjutant, ဒိုးစပ်။
ငှက်ကြီးတောင်, *n.* a species of fern, *Polypodiaceæ.*
ငှက်ကြီးထီးလှိုင်ကာ, *n.* a large bird (*fabulous*).
ငှက်ခတ်, *v.* to catch birds, ငှက်ထောင်သည်; ငှက်ခတ်သမား, ငှက်ခတ်မုဆိုး။
ငှက်ခါး, *n.* the blue or green jay; the roller.
ငှက်ချေးခံ, *n.* a temporary roof or awning placed over the coffin of a *pongyi*, or a member of the royal family, during the performance of funeral rites.

ငှက်ချောက်, *n.* a scarecrow.
ငှက်ငန္သား, *n.* the imperial pigeon; the common English heron.
ငှက်စပ်, *n.* a bird said to be very much sought after, for a few red feathers, with which fishermen on the coast make fly-hooks for large fish.
ငှက်စိမ်း, *n.* the *Chloropsis aurifrons*; the name of two species of green bulbuls, the *Phyllornis aurifrons*, and the *Phyllornis cochinchinensis.*
ငှက်ဆတ်, *n.* the broadbill.
ငှက်ဆိုး, *n.* the screech owl, ဇီးကွက်; the barn owl.
ငှက်တစပ်, *n.* a species of flycatcher, having a showy plumage, larger than the wild pigeon.
ငှက်တလိုင်း, *n.* the spur-winged plover.
ငှက်တော်, *n.* the long-tailed *Edolius*; the general name for the *Drongo* shrikes.
ငှက်တောင်, *n.* the wing of a bird; a quill pen; ငှက်တောင်ပြေ့, a figurative way of styling a lenient magistrate or administrator; ငှက်တောင်မာ, signifies a severe magistrate; အာဏာပြေ့, အာဏာပြင်း။
ငှက်ပန်းထိမ်, *n.* the red-cheeked barbet; the green barbet.
ငှက်ပုတီး, *n.* a general name applied to the small finches.
ငှက်ပျားစိပ်, *n.* the fairy bluebird, *Irena puella.*
ငှက်ဖျင်း, *n.* the *Caprimulgus* or goatsucker.
ငှက်ဘီလူး, *n.* a shrike, one of the *Laniidæ.*
ငှက်မင်းသား (ငှက်မင်းသမီး), *n.* a general name for scarlet minivets, the *Pericrocotus roseus.*
ငှက်မနား, *n.* the triangular vane of a steeple or spire (so called because a bird cannot perch on it); any vane; weathercock.
ငှက်မွေး, *n.* a feather, or feathers.
ငှက်ရဟတ်, *n.* the wagtail; the wood pipit; *Nemoricola Indica.*
ငှက်ဝါ, *n.* the mango bird, a species of oriole.
ငှက်သပိတ်လွယ်, *n.* the magpie robin.
ငှက်သိုက်, *n.* a bird's nest.
ငှက်သိုက်ခွန်, *n.* bird's-nest tax.
ငှက်သိုက်တောင်, *n.* a bird's-nest island in the Mergui or Tavoy Archipelago. These nests are made by the *Hirundo esculens*, and are considered a great delicacy by the Chinese; *see* ဇီဝဖိုး။
ငှက်, 2, *n.* the pestilential influence of miasma; malaria.
ငှက်တောခွေးတော, *n.* a place or tract of country which is very malarious.

ငှက်ဖျှည်း (*pron.* ဖျှဥ်း), *n.* an enlargement of the abdomen, occasioned by malaria, သည်လူငှက်ဖျားမိလို့ငှက်ဖျှည်းစွဲသည်။

ငှက်ဖျား, *n.* malarial fever; ငှက်ဖျားဖျားသည်, to have malarial fever; ငှက်ဖျားမိသည်, to catch malarial fever; ငှက် is frequently used without ဖျား, ယွန်းဇလင်းငှက်အလွန်ကြီးပါသည်။ရခိုင်ငှက်လောက်ဘဲဆိုးသည်။

ငှက်သင့်, *v.* to contract malarial fever.

†ငှက်ပျော, *n.* the plantain, banana.

ငှက်ပျောခိုင် (*pron.* ဂိုင်), *n.* a stalk or bunch of plantain fruit containing several combs (ငှက်ပျောဖီး).

ငှက်ပျောချက်ကြီး, *n.* a kind of plantain.

ငှက်ပျောငမွဲ, *n.* a large kind of plantain.

ငှက်ပျောဆင်ဘိ, *n.* a large. long kind of plantain.

ငှက်ပျောဆင်စွယ်, *n.* a long plantain; *smaller than* ဆင်ဘိ။

ငှက်ပျောဆင်ပေါင်, *n.* a large variety of plantain of a dark color.

ငှက်ပျောဆိတ်နို့, *n.* a small species of နံ့သာပု။

ငှက်ပျောနံ့သာပု (*pron.* နသာဗု), *n.* the small, plump, yellow, sweet plantain.

ငှက်ပျောနီ (or ငှက်ပျောရှမ်းနီ), *n.* a large, red and yellow plantain.

ငှက်ပျောဖက်, *n.* the leaf of the plantain after it has been detached from the tree and stripped of its midrib; ငှက်ပျောရွက် is the leaf on the tree.

ငှက်ပျောဖီး, *n.* a single comb of plantains; *comp.* ငှက်ပျောခိုင်။

ငှက်ပျောဖီးကြမ်း, *n.* the most common kind of plantain, having a sub-acid flavor.

ငှက်ပျောဖီးဆိုင်, *n.* two combs of plantains placed together concavely.

ငှက်ပျောဖူး, *n.* the large bud of the plantain; the bulging part of the capital of a pagoda, below the umbrella, ခရားသီး။

ငှက်ပျောမင်း, *n.* a large, plump, sweet species of plantain (*lit.* the king of plantains).

ငှက်ပျောမယ်တော်လက်သည်း, *n.* a long, slender, sweet variety of plantain.

ငှက်ပျောရခိုင်, *n.* a common kind of plantain, thin skinned, very sweet (sometimes called ငှက်ပျောရေသီလံ).

ငှက်ပျောသီးမွှေး, *n.* a long, green, sweet, fragrant variety of plantain.

ငှက်ပျောသူငယ်စာ, *n.* a kind of plantain easily digested; frequently given to young children.

ငှါ, *n. affix*, for, in order to; *chiefly used with verbal nouns, and verbs used substantively*, as, အစာအလို့ငှါ, for food, or for the sake of food; *or with verbals in* ခြင်း, as စားခြင်းငှါ, or စားခြင်းအလို့ငှါ, *lit.* in order to eating; *with verbs used substantively*, စားအံ့သောငှါ, စားလိုသောငှါ, in order to eat; *see Gram. p.* 48.

ငှါး, *v.* to borrow or lend; to hire or let (the same article, in either case, to be returned); *comp.* ချေး; ခင်ဗျားလှေတလတဆယ်နှင့်ကျွန်တော်ကိုငှါးပါ။

ငှါးရမ်း, *v.* same, ကျွေးမွေးရန်ဝက်နှမျှားကိုဆိုင်တွင် ငှါးရမ်း၍သာယူခဲ့ပါ။မဝယ်ခဲ့ပါနှင့်။

ငှဲ့ (from ငဲ့, to be inclined), *v.* to incline, set on one side, as a vessel in order to drain off the contents; *less than* စောင်း; ယခုမှထမင်းရည်ငှဲ့ရပါသည်၊ထမင်းမနပ်သေးပါ, it is only just now that I have drained off the rice water; the rice is not yet done.

## စ

စ, the sixth consonant in the Burmese alphabet, and the first in the class of palatals.

စ, 1, *v.* to begin, make a beginning or commencement, be first, ဦးသည်; *opposed to* ဆုံး; *frequently euphonic.* စသည် *is sometimes contracted to* သည်, *after* က, *or* မှ, *in the first of two clauses, when corresponding with* သို့, တိုင်အောင်, *etc., in the latter clause,* as တောမှသည်မြို့တိုင်အောင်, for တောမှစသည်, etc., from the wood to the city; ယနေ့ကစ၍ခင်ဗျားကိုကျွန်ုပ်မိတ်ဖွဲ့ပါရစေ, allow me, sir, to make friends with you, beginning from to-day; ဤစာကို ယခုနေ့ကစ၍ရေးမှ အချိန်မှီရုံပင်ရှိလိမ့်မည်, ပူပြင်းသောဥတုယခုကျရောက်စကပင်၊ ဤသို့လှုပ်ရှားခြင်းဖြစ်ချေသော်၊ဥတုအတန်တိုးတက်ကာလ၊မျှား စွာစိုးရိမ်စရာရှိပေလိမ့်မည်, there being such agitation at the very beginning of the hot season, when the season is somewhat advanced, there will be much cause for anxiety. *Der.* အစ။

စဦးစွာ, *adv.* first, at first, at the first, အစဦးစွာ, အလောင်းမင်းတရားကြီးမောင်အောင်ဇေယသည် ကုန်းပေါင်မြို့ကို စဦးစွာ တည် ထောင် တော် မူသည်, Alaung Mintayagyi Maung Aung Zeya first founded the city of Konbaung.

စတင်, *v.* to be the first to begin, as an aggressor in a quarrel, သည်သူကျွန်ုပ်ကိုစတင်၍ရိုက်နှက်သည်, this man began beating me, first; to take the initiative in any business or undertaking.

စတင်၍တိုက်, *v.* to assail, လက်ရောက်မှုပြု, to fall upon, attack suddenly.

စ, 2 (*pron.* ဇ *when preceded by a verb*), *verb. affix. interrogative,* ကောင်းပါစ, is it well? ကြားပါစ, do you hear, or did you hear it? တွေ့ပါစ, did you find it? မြင်ပါစ, do you see it, or did you see it? ရှိပါစ, is it there (*Colloq.*)?

စအို (from စသို့), *n.* the anus, ဖင်; the bottom of a vessel, either

the inside or the outside; in the first sense vulgar, but in the latter sanctioned by good usage.

**စက်**, 1 (Pali စက္က, from Sanskrit စကြ), *n.* a wheel, anything that is circular and turns on an axis; the wheel of a carriage, ဘီး, လှည်းဘီး; the wheel of a mill or any machine, ရဟတ်; hence တုံးလုံးစက်. a winch, windlass; and မတ်တတ်စက်. a capstan; a wheel rocket, စက်ဖီး; the zodiac, ရာသီစက်; a thunderbolt, supposed to whirl round, မိုးကြိုးစက်; any celestial or supernatural weapon, particularly the fabulous *sekya* weapon, နတ်စက်, စကြာလက်နက်, စက်ရတနာ; power, energy, force, အရှိန်, တန်ခိုး, အစွမ်း, အား; authority, controlling power, အာဏာစက်; a circle which, though not actually circ: mvolving, has a centre, or axis from which it was originally turned, စက်ဝန်း, စက်ဝိုင်း; a circular mark or sign, indicative of some excellence, privilege, or authority, စက်လက္ခဏာ, particularly the characteristic marks of a Buddh's foot (ခြေစက်တော်), one hundred eight in number, ခြေစက်တော် တရာရှစ်ကွက်စက်လက္ခဏာ; the foot of a king, ခြေဘဝါးတော်; a kind of charm, made circular and buried in the flesh (often in the neck and upper arm), အသားခွဲမြှုပ်သောစက်; a circular mark set up, as the object of a marksman, a target, ပစ်ရန်စက်, စက်ဝိုင်း; a *sekya* system or world, စကြဝဠာ; also similar to ကြိုးကိုင်, ပယောဂ, လက်ကိုင်း, လက်ရာ, *e.g.*, သည်အမှုသည်လိုမှောက်သွားသည့်အရောငမြှစက်ပါဘဲ, the upsetting of this business is the handiwork of Nga Pyu.

**စက်ကျည်**, *n.* a hollow tube filled with gunpowder.

**စက်ခန်း**, *n.* an engine room.

**စက်ခလောက်**, *n.* a kind of block or pulley.

**စက်ခေါင်းတုံး** (*pron.* ဂုံး), *n.* a tree bearing a round fruit about an inch and a half in diameter, having marks somewhat resembling the spokes of a wheel; hence the name. It is also called ရေမြှပ်။

**စက်ဆန်**, *n.* the wheel of a block or pulley, a sheave.

**စက်ဆရာ**, *n.* a mechanical engineer.

**စက်တင်ရက်ပါ**, *v.* to follow as a natural consequence, as the spray of water caused by the revolution of a paddle wheel of a steamer. စက်တင်ရက် ပါပါလာသည်။

**စက်တည်င်း**, *n.* a large reel.

**စက်တော်ဖြန့်**, *v.* to step, walk; appropriate to Deity and royalty, ခြေစက်တော်ဖြန့်သည်။

**စက်တိုင်**, *n.* a gallows.

စက်တိုင်တင်, *v.* to execute by hanging on a gallows, ကြိုးပေး။
စက်နှက်, *v.* to ram down the powder in a hollow tube (စက်ကျည်).
စက်ပုန်း, *n.* a propeller; applied to a screw steamboat, because the screw is hidden; ဖေးစက် (*pron.* ဖေးစက်), a side-wheel steamboat.
စက်ပေါင်း, *n.* the paddle box of a steamboat.
စက်ဘီး, *n.* a bicycle; စက်ဘီးစီး, to ride the bicycle.
စက်မီး, *n.* a wheel rocket.
စက်ရတနာ, *n.* the fabulous *sekya* weapon.
စက်ရဟတ်, *n.* any machine that contains a wheel, or that revolves.
စက်လျှော့ပေး, *v.* to slow down an engine.
စက်ဝန်း, စက်ဝိုင်း, *n.* a circle, a target; စက်ပစ်သည်, to fire at a target.
စက်ဝိုင်းပဲ့, *n.* a segment of a circle, စက်ဝိုင်းပိုင်း။
စက်သီး, *n.* a block, pulley, နားသီး, နားသီးစက်။
စက်သီးဘီး, *n.* a sheave, လက်ခုပ်သီး, စက်ဆန်။
စက်သွား, *n.* the cog of a wheel; the edge of a thunderbolt, မိုးကြိုးစက်သွား, or မိုးကြိုးသွား။
စက်, 2, *v.* to drop, fall in drops; *seldom used as a verb.* *Der.* အစက်။
စက်စက်, *adv.* droppingly.
စက်စက်လက်လက်, *adv.* same as စက်လက်, အိမ်ကိုသက်ငယ်နှင့်မိုးသည်မှာ၊ မစိပ်သောကြောင့်၊မိုးရေစက်စက်လက်လက်ယိုသည်။
စက်လက်, *adv.* droppingly (from the body), လင်ဆုံးသောကြောင့်မျက်ရည်စက်လက်နှင့် နေရရှာသည်, သည်သူ လက်မောင်းသေနတ်မှန်သောကြောင့်၊ သွေးစက်စက်ကျသည်။
စက်, 3, *v.* to transmit impetus, as from one billiard ball to another; to propagate or be propagated, as sound from cliff to cliff, or fire from house to house, or contagion from one person to another; တောမီးကစက်၍ တရွာလုံးမီးလောင်သည်, အနောက်ပိုင်းက ရောဂါစက်၍ဖြစ်လာသည်မှာ၊အရှေ့ပိုင်းသို့ရောက်မှပျောက်သည်, the epidemic spread from the western division, and disappeared after reaching the eastern, အနာစက်စင်အောင်မပျောက်သေးဘူး။
စက်, 4, *v.* to scratch off, by a sudden jerk of the finger nail made by compression against the thumb; လက်စက်ကစားသည်, a game played by children to test each other's courage. It is painful, frequently causes blood to ooze from the skin, and makes a small sore.
စက်, 5, *v.* to make equal in weight, to counterpoise, ချိန်စက်သည်, ကျွန်မရွှေပုတီးလုပ်ပြီးလျှင်၊ ရွှေပုရပိုက်ခေါက်နှင့် ညှိန်းချင်းချိန်စက်၍ လဲရလျှင်လဲပါမည်, ငွေစက်ဘဲပေးတော့။

စက်, ၆, *v.* to sleep, take repose; appropriate to royalty and divinity; *comp.* အိပ် and ကျိန်း။

စက်ကျိန်း, *v.* to sleep; applied to Deity; *see* ကျိန်းစက်, ကိန်းစက်။

စက်တော်ခေါ်, *v. equivalent to* စက်တော်မူ, to sleep, ဘုန်းတော်ကြီးဘုရား ညဥ့်သုံးယံမှာ၊တယံသာစက်တော်ခေါ်သည်, His Majesty (*lit.* Lord of Great Glory) sleeps only during one of the three night watches.

စက်ပျော်, စက်မွေ့, *v. see* စက်, ဘုန်းတော်ကြီးဘုရားစက်၍ပျော်တော်မူနေသည်, His Majesty remains in a sound slumber.

စက်မွေ့ရာ, *n.* a mattress used by royal personages.

စကား, *n.* a word; words, language; a saying, speech.

စကားအစ်, စကားအောက်, စကားချူ. စကားညှစ်, စကားတော့, စကားတွယ်, စကား ထစ်, စကားပြစ်, *v.* to draw out, detect, catch in questioning, ခင်ဗျား ကျွန်တော်ကိုစကားအစ်၍မေးသော်လည်းမရပါ, although you may try to draw me out by questioning you will not succeed, sir.

စကားအိမ်ဖွဲ့, *v.* to be circuitous in speech, in order to gain some end, သွယ်ဝိုက်သည်။

စကားအိုးဖွဲ့. စကားဖောင်ဖွဲ့. *v.* to speak together in company, many speaking at once.

စကားကား, *v.* to use exaggerated language, စကားကား၍ပြောသည်, to "draw the long bow," သည်လူအလွန်စကားကား၍ပြောလေ့ရှိသည်, this person has a habit of speaking in a very exaggerated manner.

စကားကျွံ, *v.* to commit one's self by word, or in speech.

စကားကြောင်းလမ်း, *v.* to inquire, in order to draw out some desired information, စကားစုံစမ်းသည်။

စကားကြို (ပြောသည်). *n.* an anticipatory statement, whether a person has sufficient grounds for making it or not.

စကားကြိုချက်, *v.* to come to a thorough understanding of (an affair).

စကားကြွယ်ဝ, *v.* to be talkative, garrulous; to be fluent.

စကားခေါ်, စကားပြစ်, *v.* to be indirect in speech, in order to make a discovery, or gain an end.

စကားချပ်, *v.* to make a parenthesis; to introduce parenthetically, ရောင်း စကားဝယ်စကားပြောသည့်အထဲတွင်၊ ခင်ဗျားတိုင်းရေးပြည်ရေးစကားကိုချပ်၍ မပြောပါနှင့်; *n.* a parenthesis, parenthetical remarks; စကားချပ်နှင့်ပြော သည်, to interlard; ဤစကားစကားချပ်တည်း, this passage is a parenthesis.

စကားချီ, *v.* to commence speaking, အစချီသည်။

စကားချီး, *v.* to make a preface or exordium, supposed to commend what is to follow; *n.* a preface or exordium.

စကားချွန်း, *n.* an indirect allusion. a double *entente*, စကားညွှန့်, မင်း စကားညွှန့်ကလေးနှင့် အဖျားမည်းကလေးနှင့် စကားပြောသည်, စကားချွန်းက လေးနှင့်ပြောသည်။
စကားခြွင်း, *n.* a proviso, စကားရှင်။
စကားစပ်, *v.* to connect or introduce, as language, topic of conversation, etc., စကားစပ်မေးပါရစေ, သည်အကြောင်းကိုမစပ်မိပါ။
စကားစမည်, *n.* familiar conversation, talk, chat, ကျွန်တော်ကျောင်းတကာ တို့အိမ်သို့စကားစမည်ပြောရအောင်သွားပါသည်။
စကားဆက်, *n.* an appendix, supplement to a writing.
စကားဆွံ့, *v.* to be imperfect in utterance (less so than စကားထစ်).
စကားညစ်, *n.* obscenity, မကြားဝံ့မနာသာဖြစ်သောစကား။
စကားတင်စား (*pron.* ဒင်), *n.* specious or plausible language.
စကားတုံ့, *v.* to reply; *n.* an answer, reply, အဖြေ။
စကားတောက်, *v.* to be indirect in speech, စကားပြစ်သည်။
စကားတောင့်, *v.* to be uncompromising, as language, စကားတောင့်တင်း သည်။
စကားထစ်, *v.* to stammer, stutter.
စကားထာ, *n.* an enigma, riddle.
စကားထာဖွက်, *v.* to make an enigma, riddle, ကျွန်ုပ်စကားထာဖွက်သည်ကို ဖြေပါ, answer, please, the riddle I made.
စကားနုတ်, *n.* an extract from a writing; *v.* to retract something said.
စကားပုံ, *n.* a comparison, similitude; a proverb, maxim.
စကားပေါ့, *n.* light, airy talk.
စကားဗို (from ဗို, to superadd), *n.* an additional word, euphonic expletive.
စကားဖို့, *v.* to tattle, tell tales, retail scandal.
စကားပျက်, *n.* burlesque.
စကားပြည် (*pron.* စဂျေည်), *n.* prose, plain language, free from Pali and poetry.
စကားပြန်, *v.* to translate, interpret, အနက်ပြန်သည်; to return an answer, စကားပြန်မရ၊ စကားမေးမရ, as when addressing a person in a dying or unconscious state; *n.* a translator or interpreter, အစိုးရ စကားပြန်တော်, a government translator.
စကားပြေ, *n.* prose; *see* စကားပြည်; peace-making words.
စကားပြော, *v.* to talk, converse, discourse, chat.
စကားပြောဖျက်, *v.* to be fluent, စကားကြွယ်ဝသည်။
စကားပွ, *v.* to be garrulous, loquacious; implying the kind of loquacity which results in the divulging of secrets.

စကားပွား, *v.* to be garrulous, စကားကြွယ်ဝ။

စကားဖာ, *v.* to try to rectify a slip of the tongue; *lit* to patch up one's speech.

စကားဖို, *n.* a leading word.

စကားမ, *n.* a synonymous word or expletive, *e.g.*, in တိုင်ပင်နှီးနှော, တိုင်ပင် would be the စကားဖို, နှီးနှော the စကားမ (*lit.* the male and female words).

စကားရိပ်, *n.* a hint, စကားရိပ်ထွက်။

စကားရိပ်ဘမ်း, *v.* to catch a hint.

စကားရှင်, *n.* indefinite language; ယနေ့အတက်မပြောနိုင်သေးပါ, would be termed စကားရှင်ပြောခြင်း; a proviso, စကားခြွင်း။

စကားလက်ဆောင်, *n.* language containing something of agreeable import to the person addressed.

စကားလစ်, *v.* to speak unguardedly, စကားမလစ်စေနှင့်နေ၊နေ်။

စကားလိမ်, *n.* an enigma, riddle, စကားဝှက်။

စကားလွှင်, *n.* light, airy talk, persiflage, စကားပေါ်။

စကားလျှံ, *v.* to brag, bluster; *see* စကားကား။

စကားဝိုင်းစကားလှည့်, *n.* indirect speech, used in order to gain some point or advantage.

စကားဝှက်, *n.* an enigma, riddle, စကားလိမ်။

စကားသယ်, *v.* to tattle, to tell tales, စကားဖို။

စကားသေ, *n.* definite, positive language.

စကားသွယ်ဝိုက်ခြင်း, *n.* circumlocution.

စကောစက (*pron.* ဇဂေါဇဂ), *a.* or *adv.* not fit for either this or that, တခုလည်းမကာ၊နှစ်ခုလည်းမရ; incomplete, wanting; *comp.* မကောမက, not sufficient, not enough.

စက္ကဝက်, *n.* the ruddy goose; the *Pelicanus Javanicus* or white pelican.

စက္ကူ, *n.* paper.

စက္ကူအုပ်သည့်စာအုပ်, *n.* a paper-bound book.

စက္ကူကြမ်း, *n.* rough or brown paper; *see* မိုင်းကိုင်စက္ကူ။

စက္ကူခေါက်ထား, *n.* a paper folder.

စက္ကူချပ်, *n.* a sheet of paper.

စက္ခာယတန (Pali စက္ခု, and အာယတန), *n.* the faculty of seeing.

စက္ခု (Pali), *n.* the eye, မျက်စိ။

စက္ခုအာရုံ, *n.* sight.

စက္ခုကွယ်, *v.* to be blind (*polite*), မျက်စိကန်းသည်, ကျွန်တော်နှစ်မဆယ်ရှိနှစ်အခွယ်ကတည်းက ကျောက်ပေါက်သောကြောင့်၊ စက္ခုကွယ်ရှာသည်, စက္ခုအလင်းမရ။

စက္ခုစား (*pron.* စက္ခုဇား), *n.* the power of the eye.
စက်စက်, *a.* brand-new; *see under* အသစ်စက်စက်။
စက်ဆုပ်, *v.* to be disgusted with, ရွံရှာသည်။
စက်ဆုပ်ရွံရှာ, *v.* same, သည်အကောင်ပုပ်အလွန်စက်ဆုပ်ရွံရှာစရာကောင်းသည်။
စကြ (Sanskrit), *n.* a *sekya* system or world; the fabulous *sekya* weapon.
စကြဝတေး, *n.* a universal monarch, one who has obtained possession of the *sekya* weapon. "The *Chakrawarrtti* (စကြဝတေး) is a universal emperor; there are never two persons invested with this office at one time. He is born only in an *asunya kalpa* (အသုညကမ္ဘာ) (a *kalpa* in which no Buddh appears); he never appears in any *Sakwala* but this, nor in any continent but Jambudwipa (ဇမ္ဗူဒိပ), nor in any country but Magadha. He must have possessed great merit in a former state of existence." M.B.
စကြဝဠာ (Pali ဝဠာ, a division, bounded part), *n.* a *sekya* world or system, comprising a central Myinmo Mountain, the surrounding seas and islands, the celestial regions containing the circumvolving luminaries, and the infernal regions; the universe being composed of an infinity of *sekya* worlds; *see under* ခေတ်။
စကြဝဠာတံတိုင်း, *n.* the boundary wall of a *sekya* world.
စကြဝဠာတိုက်, *n.* a *sekya* world or system; *see* စကြဝဠာ။
စကြာ (from စကြ), *n.* any celestial or supernatural weapon; particularly the fabulous *sekya* weapon, နတ်စက်, စကြာလက်နက်။
စကြာမင်း, *n.* one who has obtained possession of the *sekya* weapon.
စကြာလက်နက်, *n.* any celestial or supernatural weapon; *see* စကြာ and ဝရဇိန်. The difference between a စကြာလက်နက် and a ဝရဇိန်လက်နက် is, that the former is able to travel by itself, to any part of the စကြဝဠာ, by the mere wish or command of the စကြာမင်း, while the latter has actually to be hurled by the သိကြားမင်း, but it nevertheless travels with unerring aim.
စင်္ကြာ, *n.* a four-sided roof, အပြောက်မင်ကာမရှိ၊စင်္ကြာပေါင်း။
စင်, 1, *n.* a frame or stage. *Der.* ပြစင်, ပစ်စင်, မာလိန်စင်, မျှော်စင်, လင့်စင်။
စင်, 2, *v.* to be cleared from dirt, alloy, etc., to be clear, pure; to be free from disease, သည်လူဆရာကောင်းကိုတွေ့၍ရောဂါနှင့်စင်ကုန်ပြီ; to be castrated; *used adjectively*, as နွားစင်, မြင်းစင်, etc.; အပျိုစင်, a pure virgin; လူပျိုစင်, a chaste young man.
စင်ကြယ်, *v.* same, အင်္ကျီလုံချည်လူမျိုးတို့သည်ဟင်းအိုး၊ ထမင်းအိုး၊ ပုကန်၊ ခွက်မှစ၍ထားပုံပုံမှူးစင်ကြယ်သည်။
စင်ချော (*pron.* ဇင်ချော), *a.* plain, without ornamentation, as silver bowls.

**စင်တလင်းခါ**, **စင်တလင်းလှဲ**, *adv.* clean, nothing left, သည်အိမ်တွင်အမှိုက်သရိုက်များကိုစင်တလင်းခါအောင်လှဲလိုက်ပါ, sweep this house clean of all rubbish; သည်မြက်တောကိုစင်တလင်းလှဲအောင်တူးရှင်းနှင့်ထိုးလိုက်ပါ။

စင်ဖြူ, *v.* to be white, clean, pure; *see* ဖြူစင်။

**စင်**, **3**, *adv.* even, *slightly emphatic*, ပင်။

**စင်္ကြံ** (*pron.* ဇင်းကြံ) (Pali စင်္ကမ), *n.* a walk, place for walking to and fro. မြတ်စွာဘုရားဇေတဝန်ကျောင်း တော်၌တပည့် သားတို့အားတရားဟောတော်မူရန်၊စင်္ကြံကြွသွားတော်မူသည်, ကျွန်ုပ်သည်ကနေ့တနေ့လုံးထိုင်နေ၍စာရေးရသည့်အတွက်အလွန်ညောင်းလှပါသည်။ စင်္ကြံသွားမှတော်မည်, စင်္ကြံခတ်။

စင်္ကြံခတ်, စင်္ကြံရှောက်, *v.* to walk to and fro; စင်္ကြံခတ်သွား is only applicable to very short distances; သူတပါးမျက်တောင်ပေါ်မှာစင်္ကြံသွားသည့်လူ, an expression applied to persons who try to overreach others.

စင်စစ် (from စင် and စစ်), *a.* true, real; *adv.* verily, truly, certainly, really, အကယ်,အတပ်, အမှန်, မချွတ်; သည်ဥစ္စာသည်ငါ့ဥစ္စာစင်စစ်ဖြစ်သည်, this property is certainly mine; ကျွန်တော်ကိုသည်လိုအမှုရှာလျှင်၊မကြာမီကျွန်တော်နှင့်ခင်ဗျားစင်စစ်ရန်အကြီးအကျယ်ဖြစ်လိမ့်မည်, ကျွန်တော်ပြောသည့်စကားစင်စစ်မှန်ပါသည်ခင်ဗျား။

စင်ပြွမ်း (*pron.* ဇင်ပြွမ်း), *n.* the ornamental *Dillenia* tree; ကြက်စင်ပြွမ်း, a variety of the same.

စင့်, *verb. affix, interrogative*, စုံ (*infreq.*).

စင်း, *v.* to be extended in a straight line, စန့်; *comp.* တန်း. *Der.* အစင်း။

စင်းမျောမျော, *adv.* stretched out long, မင်းလှေစင်းမျောမျောနှင့် ကြည့်၍မကောင်းပါဘူး၊အညာလက်လုပ်လိုဘဲ, your boat does not look well, with its great length and narrow beam; it is like up-country handiwork.

စင်းလင်း စင်းတလင်းလင်း, *adv.* stretched out straight (*reproachful*).

စင်းလုံးကျွတ်, *n.* a species of yam.

စင်းလုံးရှိန်း, *n.* a species of yam, used medicinally.

†စင်းလုံးကျွတ်နိုင်, *v. in boat-racing parlance*, to win by an entire length (of a boat).

စိ (ပင်), 1, *n.* the acacia tree, yielding a hard timber.

စစ်, 2. *n.* war, a battle.

**စစ်အင်္ဂါလေးပါး**, *n.* an army composed of four parts, ဆင်စီးသူရဲ, elephanteers; မြင်းစီးသူရဲ, horsemen or cavalry; ရထားစီးသူရဲ, charioteers; ခြေသည်သူရဲ, footmen or infantry.

**စစ်အောင်**, *v.* to conquer in battle, gain a victory, စစ်အောင်တော်မူပြီ။

**စစ်ကရိယာ**, *n.* munition, ခဲယမ်းခရိယာ။

**စစ်ကူ**, *v.* to afford aid in war; to be an ally.

**စစ်ကဲ**, *n.* a lieutenant-general (လက်ယာစစ်ကဲ၊လက်ဝဲစစ်ကဲ); a *sitke* is

now an officer of the subordinate judicial service. In the Burmese time a စစ်ကဲ ranked next to a *wun*. There were two *sitkes* at a *wun*'s headquarters.

စစ်ခင်း, *v.* to set in battle array, prepare for an engagement.

စစ်ခံ, *v.* to receive battle.

စစ်ခေါင်းကျိန်း, *v.* to be wearied of fighting.

စစ်ခေါင်းမာ, *v.* to be bold and courageous in battle.

စစ်ချီ, *v.* to march to battle.

စစ်ဆင်, *v.* to set in array, prepare for an engagement; *see* စစ်ခင်း။

စစ်ဆောင်အမြောက်, *n.* a fieldpiece.

စစ်ဌာန, *n.* department of war.

စစ်တန်ဆာ, *n.* military dress, accoutrements; weapons, instruments of war.

စစ်တလင်း, *n.* an esplanade, a parade-ground or maidan.

စစ်တိုက်. စစ်ထိုး, *v.* to fight, engage in battle.

စစ်ထားလွယ်, *n.* a sword.

စစ်နိုင်, *v.* to conquer in battle; *see* စစ်အောင် (*more elegant than* နိုင်).

စစ်ပါရီ, *n.* a Sepoy. စစ်ဗိုင်, ကုလားရဲမက်။

စစ်ပျက်, *v.* to lose a battle. စစ်ပျက်၍ရှုံးသည်။

စစ်ပြုင်, *v.* to engage in battle, စစ်တိုက်။

စစ်ဗိုလ်, *n.* a military officer.

စစ်ဗိုလ်ပါ, *n* forces, troops, စစ်မက်ဗိုလ်ပါ။

စစ်ဘုရင်, *n.* a generalissimo, chief commander of the forces in the field; *comp.* စစ်သူကြီး. In the last Burmese war, the British General commanding the expeditionary force was styled, ဗိုလ်မှူးမင်းကြီး, ဗိုလ်ချုပ်မင်းကြီး။

စစ်မက်, *n.* war, a battle; *see* စစ်။

စစ်မက်ကရိယာ, *n.* warlike implements, munitions of war.

စစ်မျက်နှာဖြန့်, *v.* to deploy.

စစ်ခြိုးတို, *n.* a sudden skirmish; a short campaign, မိုးလေနီးသည်ဖြစ်၍၊မြန်မာမင်း ရှမ်းပြည်သို့တက်၍၊အလျှင်အမြန်ပြီးဆောင်စစ်ခြိုးတိုတိုက်မှတော်လိမ့်မည်။

စစ်မြေပြင်, *n.* a field of battle.

စစ်ယှဉ် (*pron.* ရှည်), *n.* a sally.

စစ်ယှဉ်ကစား, စစ်ယှဉ်တိုက်, *v.* to sally, to rush out and attack an enemy.

စစ်ရေးနိမ့်, *v.* to be worsted in battle.

စစ်ရေးပြ, *v.* to practice on parade.

စစ်ရေးသင်, *v.* to drill.

စစ်ရှုံး, *v.* to lose a battle, be defeated.
စစ်ဝတ်စစ်စား, *n.* military accoutrements, စစ်တန်ဆာ။
စစ်သင်္ဘော, *n.* a man-of-war.
စစ်သင်္ဘောစု, *n.* a squadron, as the North Atlantic Squadron.
စစ်သည်, စစ်သူခက်, စစ်သူရဲ, *n.* a soldier, ရဲမက်, သူရဲ။
စစ်သည်စု, *n.* a squad, လူစုငယ်။
စစ်သည်တပ်, *n.* a body of troops.
စစ်သူကြီး, *n.* a general; *comp.* စစ်ဘုရင်။
စစ်, 3, *v.* to filter, strain, separate one part from another; to examine, investigate, scrutinize, ဓိစစ်သည်, မေးစစ်သည်, မေးမြန်းသည်; to search, look through, ရှာဖွေသည်; to be unadulterated, genuine, true, pure, စင်သည်, မှန်သည်။
စစ်ကြော, *v.* to examine judicially, တရားခံသောစံ၊တရားလိုဝ် တို့ဖြစ်ပွား ကြသည့်အမှုများကို၊စစ်ကြောမေးမြန်းဆဲရှိပါသေးသည်။
စစ်ချက်, *n.* the substance of an examination taken down in writing, အစစ်ခံချက်။
စစ်ငုပ်, *v.* to examine by searching into the minutest details. မင်းတယ် ပြီးလုံသည့်လူ၊စစ်ငုပ်လို့မပေါ်ရှိဘူး။
စစ်ဆေး, *v.* to examine, investigate (any business); *comp.* ဓိစစ်။
စစ်တန်း, *n.* *see* စစ်ချက်, စစ်တန်းစစ်ချက်, a record. စစ်တန်း is also applied to the statements of *yuathugyis* (U.B.) made on oath, of the extent, boundaries and population of their jurisdictions, at the time of the settlement of 1145 B.E.
စစ်ပေါက်, *v.* to pick and search carefully here and there, စစ်စစ်ပေါက် ဖေါက်မေးတတ်သည်။
စစ်မေး, *v.* to examine judicially; *see* စစ်ကြော။
စစ်ဝတ်, *n.* the fee to be paid after undergoing an examination.
†စစ်ခနဲ, စစ်စစ်, 1, *adv.* by slight pricks or twinges; *see* စိုးစိုးစစ်စစ်: in a keen, darting or shooting, sharp, sudden manner, as pain, ကျွန်ုပ်သွား ပိုးစားလို့စစ်ခနဲ စစ်ခနဲကိုက်ပါသည်. သည်မြင်းအလွန်ဆတ်သည်၊ စစ်ခနဲအထိမခံဘူး။
စစ်စစ်, 2, *adv.* chirpingly, twitteringly, သည်ငှက်ကလေးစစ်စစ်နှင့်မြည်မြန် ပြီ။မိုးသီးရွာတော့မည်။
စစ်စည်, *v.* to be saving, close, parsimonious, sparing; *less than* စေးနဲ၊ ကောသိယသူဌေးကြီးအလွန်စစ်စည်လို့၊ဓိဓိဝမ်းမျှဝအောင်မစားရက်ဘူး။
စစ်စလီ, *n.* the whistling teal, စစ်စလီကျ။
စစ္ဆေ, *see* တစ္ဆေ, *n.* an apparition, spectre, ghost.
စစ်တုရင် (often called စစ်ဘုရင်), *n.* chess; (နယ်၊ရထား၊ဆင်၊စစ်ဓိုလ်၊မြင်း၊

မင်းကြီး) စစ်တုရင်အကွက်မထိုးတတ်ပါ, I do not know the moves in the game of chess.

စစ်တုရင်ခုံ, *n.* a chessboard.

စစ်တုရင်ထိုး, *v.* to play the game of chess.

†စစ်တုံ, *n.* a species of *Arum*, *Colocasia Indica.*

စဆွဲ, *n.* a small wooden porch in front of a pagoda, commonly containing an image (*obs.*), မုတ်ဦးစရပ်။

စည်, 1, *n.* a drum; a cask.

စည်ကြက်ကြိုး, *n.* the braces of a drum.

စည်စုပ်, *n.* a kind of drum.

စည်တီးသမား, *n.* a drummer, စည်သမား။

စည်ပတ်, *n.* the hoop of a cask.

စည်ပုတ်, *n.* a kind of drum; beaten in the Burmese time, when the royal tumblers performed.

စည်ပုံ, *n.* a cylinder.

စည်ပိုင်း, *n.* a tub.

စည်မျက်နှာ, *n.* a drumhead.

စည်မျက်နှာဝဗိတ်, *n.* the head or end of a cask.

စည်လက်ခတ်, *n.* a drumstick.

စည်လည်, *v.* to act the part of a bellman or crier, မောင်းလှည့်, မောင်းကြော်။

စည်သမား, *n.* a drummer, စည်တီးသမား။

စည်သုံးပါး, *n.* the three kinds of drums, *viz.*, those closed at one end, အာတတ (*pron.* အာ၊တတ); those closed at both ends, ဝိတတ (*pron.* ဝိ၊တတ); and those closed and covered throughout, အာတတဝိတတ။

စည်, 2, *v.* to abound, have in abundance; to have a bustling appearance, as a city, town, or village; to be thronged with people, as the streets of a city; to be crowded, as a ပွဲ; *comp.* ကြွယ်ဝ, applied to property, possessions of any kind.

စည်ကား, စည်ထွန်း, *v.* same; to have much foliage, as a tree; to be in good condition as a horse, buffalo, or a human being; to be crowded, as an assembly of people, ညကခင်ဗျား ပွဲသို့သွားသည့်အခါ စည်ကားသလား။အမယ်၊စည်ကားလွန်းလို့၊ထိုင်စရာတောင်မရှိပါ, was the *pwe* crowded when you went to it last night? အမယ်, so crowded that there was not even room to sit.

စည်ကားဝေဆာ, *v.* to thrive luxuriantly.

စည်ပင်, *v.* same as စည် (*most common*), သည်မန်ကျည်းပင်အကိုင်းအခက်နှင့် ပြည့်စုံသောကြောင့် အလွန်စည်ပင်သည်; *frequently used with* သာယာ, စည်ပင်သာယာ။

စည်, 3 (*pron.* စ်ည်), *v.* to place in a continuous row, according to some order, စည်ပြီးလျှင်ထိုင်နေကြ; *comp.* စီသည်. *Der.* အစည်း
စည်တိုက် (*pron.* ဇည်ဒိုက်), *adv.* directly, without intervention, တိုက်ရိုက်, ရန်ကုန်မြို့သို့အလျှင်အမြန်စည်တိုက်ရောက်အောင်သွား။

စည်, 4 (*pron.* စည်), *v.* to fly off scatteringly, as sparks or fine particles, မင်းလျှောခတ်သည်မှာ၊ တယ်ရေစည်သည်။ ကောင်းကောင်းခတ်ပါ; to glance off the object aimed at and strike another object, ပလင်းတိုင်ကိုစည်ပြီးသော်၊ အကလေးကိုမှန်သည်, the bottle after glancing off the post, struck the child.

†စည်ဖောင်း, *n.* the air bladder of a fish, ငါးစည်ဖောင်း; the bladder of a hog, ဝက်စည်ဖောင်း, တရုပ်လူမျိုး ပင်လယ်ဒမင်းဆိပ်များသို့ဆင်း၍၊ ငါးစည်ဖောင်းများကိုဝယ်တတ်ကြသည်။

စည့်, 1, *n.* the trigger of a crossbow (လက်လှေ့ပ်).

စည့်, 2, *n.* a small granary for rice, or other provisions.

စည့်, 3 (*pron.* စည့်), *n.* the substance used in glazing earthen ware, prepared from the dross of silver.

စည့်အိုး, *n.* a large glazed pot or jar; a Pegu jar.

†စည့်စည့် (from စေ့), *adv.* minutely, particularly.

စည်း, 1, *n.* a boundary line marked by a hedge or light fence, စောင်ရန်း; a fence of any kind; a rule of action, ထုံးဥပဒေ။

စည်းကမ်း, *n.* a boundary line, mark of limitation.

စည်းကမ်းထား, *v.* to limit, set bounds; to lay down rules, to systematize; စည်းကမ်းသတ်ထားသည်, စည်းကမ်းပျက်မဲ့, စည်းကမ်းသေ; စည်းကမ်းသတ်ဥပဒေ, the Limitation Act.

စည်းကမ်းရှိ, *v.* to be systematic, methodical, well disciplined.

စည်းကြောင်း, *n.* a mark not to be passed.

စည်းစောင့်, *v.* to be circumspect; applied to women, အလွန်စည်းစောင့်သည့်မိန်းမ။

စည်းတန်း, စည်းရိုး. *n.* a boundary line, စည်းတန်းချသည်။

စည်းပေါက်, *v.* to deviate, or fall away, from a principle or line of conduct, method, etc.

စည်းပျက်, *v.* to be broken through, as anything that is usually done in a methodical, regular manner, or as discipline; to depart from, as a principle of action or a line of conduct.

စည်းမျဉ်း, *n.* a line or course of conduct, method; the same as စည်းကမ်း; or with သေ the same as စည်းသေ, or စည်းကမ်းသေ; သည်သူငယ်သည် အစစစည်းမျဉ်းသေသည်, သည်မိန်းမက လေး သူ့မိဘဆုံးမထားသောကြောင့် စည်းကမ်း (စည်းမျဉ်း) အလွန်သေပေသည်, because of the

admonition given by her parents, this girl is very circumspect.

စည်း, 2, *n.* a bar, sand bank, စည်းတိမ်, သောင်တိမ်။

စည်းခေါင်း, *n.* the top or upper surface of a sand bank, လှိုင်းရိုက်သည့်နေရာများမှာစည်းခေါင်းချည်းဘဲ, there are nothing but sand banks where the waves beat.

စည်းစွန်း, စည်စွယ်, *n.* a spit of sand.

စည်း, 3, *v.* to bind, tie together, မင်းဘာလုပ်နေသလဲ။ ဘောင်လုပ်မည်လို့ဝါးစည်းနေသည်, what are you doing? I am tying bamboos together, as I am about to make a raft; ပတ်စည်း, to bind around.

စည်းကုံး, *n.* the leathern ring which secures the shaft of a cart to the yoke, လှည်းစည်းကုံး, လှည်းဦးစွပ်, လှည်းစည်းကုံးပြတ်သွားလို့ ခရီးမသွားနိုင်သေးပါ။

စည်းကြပ်, *v.* to keep tight, snug; to arrange in order, for action; to assess revenue, အခွန်တော်စည်းကြပ်, သူကြီး၊အခွန်တော်ငွေစည်းကြပ်ပြီးလျှင်၊ ရန်ကုန်မြို့သို့ဘုရားဖူးရအောင်အခွင့်ပေးမည်, *Thugyi*, after you have assessed the revenue, I will give you leave to go and worship at the pagoda in Rangoon.

စည်းနှောင်, *v.* to bind, tie together.

စည်းဖွဲ့, *v.* to bind together.

စည်းဝေး, *v.* to assemble, as people for consultation, worship, etc.; *comp.* စုဝေး။

စည်းဝေးအုပ်, *n.* a chairman, moderator.

စည်း, 4 (*pron.* စညီး), *n.* a steelyard.

စည်းချိန်, *n.* same as စည်း။

စည်း, 5 (*pron.* စညီး), *n.* the iron point of an arrow, commonly barbed; *not used singly.*

စည်းမြား, *n.* an arrow with an iron point or barb.

စည်းသွား, *n.* the point or barb of such an arrow.

စည်း, 6 (*pron.* စညီး), *v.* to chop, mince.

စည်းကုပ်, *v.* to consider and mark down.

စည်းကော, *v.* to mince, hash, in order to eat.

စည်းငယ် (*pron.* ဇညီး), *n. a.* or *adv.* a little, အနည်းငယ်, စိုးစည်း, မင်းပြောသည့်စကားသူတပါးမကြားအောင်၊တိုးတိုးစည်းငယ်မျှလောက်ပြောပါ။

စည်းစား, *v.* to consider, deliberate, ဆင်ခြင်သည်, ခင်ဗျားပြောသည့်စကားကိုကျွန်တော်စည်းစားနေသေးသည်။

စည်းစားခန်း, *n.* the private room of a commissioner or other official, in a courthouse (*lit.* the deliberation room).

စည်းတုံး, *n.* a chopping block, သည်အမည်းသားများကိုစည်းတုံးပေါ်မှာထား

၍စည်းပါ, put this meat on the chopping block and mince it.

စည်းရန်ထား, *n.* a chopping knife.

စည်းလဲ, *v.* to use artifice (in a bad sense); to use tricks in order to cheat, be unfair in dealing, လိမ်လည်, သည် ဈေးသည်မတောင်းစည်းလဲ၊ ချိန်စည်းလဲ၊အလေးစည်းလဲပြုလုပ်တတ်သည်။

စည်းဝါး, *v.* to consider, deliberate; *see* စည်းစား။

†စည်းစိမ်, *n.* the possession of wealth, the enjoyment of any good; royal estate, regal splendor; good fortune, as suddenly inherited, unexpected wealth.

စဏ္ဍာလ (Beng.), *n.* a *chandala.*

စဏ္ဍာလလေးမျိုး, *n.* the four degraded classes, သုဘရာဇာ, gravediggers; သူတောင်းစား, beggars; ပြည်တန်ဆာ, prostitutes; ဒွေးမရှမ်း, lepers.

စတိ, 1 (*pron.* စဒိ), *n.* any ceremony regarded as a charm to remove or avert evil.

စတိလုပ်, *v.* to perform such a ceremony, as when a person is bitten by a dog, or cut with a knife, or when a sore breaks out, or when the hoofs of a horse, or pony are abnormally long. A circle is made around the wound, sore, or hoof, with a piece of charred teakwood, ကျွန်တော်မြင်းခွာရှည်သောကြောင့်စတိလုပ်ပေးပါ၊ခင်ဗျား။

စတိ, 2 (*pron.* စဒိ), *a.* solid, artificially solid, that is, made without a hollow; *comp.* နားပင်းဖိတ်; solid throughout, as bangles; in contradistinction to ခေါင်းပွ; စတိခြေချင်း, စတိလက်ကောက်။

စတိတ်, *n.* a numeral figure in arithmetical computation; a multiplication table, ascending to nine times nine (called မောင်းမစတိတ်, because it is said to have been first introduced into a former king's palace in U.B. by his inferior queens); *see* ကိုးကြောင်း။

စတိတ်တွက်, *v.* to cipher, solve problems in arithmetic.

စတုဇရုပ်, *n.* matter produced by the operation of the four causes, အကြောင်းတရားလေးပါး, ကံ, စိတ်, ဥတု, အာဟာရ။

စတုတ်, *n.* a strickle, a stick used to level grain in a measure; *see* တံသုတ်။

စတုတ်ကျမ်း, *v.* to level with a strickle.

စတုတ္ထ (Pali စတု, four), *a.* the fourth, လေးခုမြောက်သော။

စတုဒသမ (*pron.* စုဒ္ဒသမ), *a.* the fourteenth, ဆယ်လေးခုမြောက်သော။

စတုဒိသာ, *n.* the four points of the compass, အရပ်လေးမျက်နှာ; applied to *pongyi kyaungs* and *zayats.* In the former instance, when used with သံဃိက, it implies that a *kyaung* is the common property of the priesthood; in the latter it means that any one many

live in the *zayat*; ရောက်လာမရောက်လာသောစတုဒိသာသင်္ဃာအပေါင်းအား ရည်၍လှူသောကျောင်းတည်း, the *kyaung* intended to be offered to all the priesthood who may, or may not, arrive from the four points of the compass.

စတုမဓု (Pali), *n.* four articles which a priest may eat after noon, *viz.* ဆီ, oil; ပျားရည်, honey; တင်လဲ, molasses; and ထောပတ်, butter.

စတုမဟာရာဇ်, *n.* the first stage of the world of *nats*, situated around the waist of the Myinmo Mountain; *see under* နတ်ပြည် (စတုမဟာရာဇ်, so called because it is ruled over by four *nats*, နတ်မင်းကြီးလေးပါး).

စတုရန်း (from ရန်း, to make a barrier on the side), *a.* square; စတုရန်းလေးထောင့်ပတ်လည်။

စတုံတူ, *n.* the azure-headed flycatcher.

စတေး (*pron.* စဒေး), *v* to perform the ceremony of burying men at the four corners of a newly founded city, မြို့စတေးသည်, မြို့စောင့်နတ်မိမ်းဖြစ်အောင် မြို့လေးထောင့်တွင်တွင်းတူး၍၊ လူလေးယောက်ဖမ်း၍ စတေးချေ, in order that they may become living guardian *nats* of the city, let pits be dug at the four corners, and let men to the number of four be seized and buried (alive) in them.

စတောင်း, *verb. affix in negative sentences* (*infreq.*); *see* စဖူး, မတွေ့စတောင်း, မမြင်စတောင်း။

စတော်သမ္ဗန်, *n.* a jollyboat.

စနက်, *n.* a fuse or train of gunpowder.

စနက်သွယ်. *v.* to place a fuse or train; *in modern parlance*, to act as a go-between in love affairs; also used in a bad sense, when applied to a person fomenting quarrels or making mischief, တို့တာသာတို့ကောင်းစွန်စွာ လုပ်ကိုင် စားပါလျက်နှင့်၊ ဘယ်သူက၊ စနက်သွယ်လို့အမှုဖြစ်ရသလဲ; ဘုန်းကြီးပြန်မှားမှာ၊ မြန်မာလူမျိုးတို့သည်၊ တုံးကိုစနက်သွယ်၍မီးရှို့တတ်သည်။

စနက်သွယ်ပေး, *v.* to introduce one person to another, with a view to some future course of action. ဘယ်သူကစနက်သွယ်ပေးလို့၊သည်ယောကျာ်းနှင့်သည်မိန်းမအကြောင်းပါသလဲ။

စနစ်, *n.* an estimate of the plan or proportions of a building, machine, etc.; *v.* to make such an estimate.

စနစ်ပုံ, *n.* the above plan drawn out.

စနစ်ပုံထုတ်, *v.* to draw out such a plan, သည်အိမ်ဆောက်သည်မှာ၊ ဘယ်ဆရာစနစ်ပုံထုတ်သလဲ။

စနည်း, 1, *n.* an ominous saying.

စနည်းနာ (*pron.* စနဲ့နာ), *v.* to gauge public opinion in troublous times, or when some important step is about to be taken, as a monarch or minister, by causing private inquiries to be made, or by having regard to some ominous, or weighty saying which may have been dropped, အင်းဝမြို့ တည်ထောင်မည် ဖြစ်သောကြောင့်၊ ထိုအရပ်၌ ကောင်းမကောင်းကိုရှင်ဘုရင်ကစနည်းနာစေသည်။

စနည်းသည်, *n.* the receiver or interpreter of an ominous saying.

စနည်း, 2, *n.* စနည်းနေရာ, one of the five posts of honor, or places of sitting in the royal presence; *see under* နေရာငါးသွယ်။

စနူ (ဆောင်တော်), *n.* an apartment in the palace, appropriated for certain prayers.

စနေ, *n.* the planet Saturn; the seventh day of the week, Saturday, ၇နေ။

စနောင်စနင် (from နောင်နင်), *adv.* backward and forward, to and fro (*obs.*); confusedly, disorderly, distractedly, perplexedly, as the mind, ယခုမန္တလေးမြို့သို့ သွားမည်ကြံရာ၊ စိတ်စနောင်စနင် ရှိသောကြောင့်သွားဖြစ်ပါမည်လား။

စနိုး, *verb. formative, see Gram. sec.* 125, 4th. ကျွန်တော်ပုဆိုးလေးငါးထည်ထဲက၊ကောင်းစနိုးထင်ရာတထည်ကိုယူပါတော့။

စန္ဒကူး (*pron.* စန္ဒဂူး), *n.* the sanders, or sandalwood tree.

စန္ဒရကန် (Pali စန္ဒာ, the moon), *n.* a glass supposed to produce water from the rays of the moon; *comp.* သူရိယကန်။

စန္ဒာ (Pali), *n.* the moon.

စန္ဒား, 1, *n.* a certain instrument carried in procession at the funerals of the great.

စန္ဒား, 2, *n.* a large frame for catching fish; a large kind of bamboo fish trap, used in shallow waters in the Mergui district; *comp.* ယင်း။

စန့်, *v.* to be stretched out straight, ဖင်း; to be drawn out, lengthened, as a bar of metal by beating; to be stiff and cold, as the limbs of a dead person; သည်ကြိမ်ခွေလို့စန့်အောင်လုပ်ပေးပါ, ကျွန်ုပ်ရောက်လာသည့်အခါ မောင်ဖြူသည်စန့်နေသည်; ဟိုစပါးကြီးကိုမမြင်လားခင်ဗျား။ အစာဝလို့စန့်နေသည်။

စန်း, *an astrological term,* စန်းချသည်; *comp.* လက်။

စနွင်း, *n.* the turmeric plant or root; စနွင်း *is a corruption of* နံနွင်း။

စပ်, 1, *v.* to be hot, pungent, whether to have that quality which excites a hot or pungent sensation in the throat, mouth, eyes, etc., or to feel a hot or pungent sensation, to smart; one kind of ပူ; ငရုတ်စားလိုက်သည်မှာ၊နားရင်းပါးရင်းပူအောင်စပ်သည်။

**စပ်ကျိန်း**, *v.* to smart; chiefly applied to the eyes; also used to express the sensation experienced from a caustic application to a wound.

**စပ်ပူ**, *v.* to be hot, pungent, acrid; *see* **စပ်**; ပူစပ်သည်, စပ်ပူစပ်လောင်း။

**စပ်ဖျဉ်းဖျဉ်း** (*pron.* ဖျဉ်း), *adv.* disagreeably warm, as the sun, etc., နေ စပ်ဖျဉ်းဖျဉ်းကြီးပူသည်။

**စပ်**, 2, *v.* to join, unite, connect; *more closely than* ပူး; to make distantly or indirectly related (မစပ်တရပ်, irrelevantly); to blend colors in painting; *n.* the washboard or gunwale of a boat, လှေစပ်; an outer segment of a Burman cart wheel, လှည်းစပ်. *Der.* အစပ်။

**စပ်ကြား**, *n.* an intervening space, တောင်နှစ်လုံးစပ်ကြားအိမ်ဆောက်သည်။

**စပ်ကြားစပ်လယ်ပြု**, *v.* same as စပ်ကြားပြု။

**စပ်ကြားပြု**, *v.* to mediate, act the part of a go-between; စပ်ကြားသူ, a mediator.

**စပ်ကြောင်း**, *n.* a seam, ချုပ်ရိုးစပ်ကြောင်း။

**စပ်စား**, *v.* to bring together, as parties to make a bargain; to intervene in love affairs.

**စပ်ဆရာ**, *n.* a joiner; a coffin-maker; *comp.* စပ်သမား။

**စပ်ဆို**, *v.* to compose (writing), စီကုံးသည်; commonly applied to poetry, လင်္ကာစပ်ဆို။

**စပ်ဆိုင်**, *v.* to concern, be connected with, appertain to, အမျိုးရန္တနှင့်စပ်ဆိုင်သည့်အလုပ်တွင်ပေါ့လျော့စွာနေခဲ့လျှင်၊အရာနုတ်သိမ်းခြင်းခံရလိမ့်မည်။

**စပ်တင်**, *a.* with raised sides; applied to boats, စပ်တင်လှေ, a boat with raised sides.

**စပ်နွယ်**, *v.* to be distantly related, as by marriage.

**စပ်ဖျဉ်းဖျဉ်း** (*pron.* စပ်ဖှဲဖှဲ), *adv.* with a look or smile of disregard or contempt; in a silly, affected, simpering manner; *see* ဖျဉ်းစပ်စပ်။

**စပ်ဘက်**, *v.* to act in concert, or partnership; *see* ဘက်စပ်။

**စပ်ယှဉ်**, *v.* same as စပ်ရှက်။

**စပ်ရှက်**, *v.* to be closely and mutually connected; to cohabit, ရှက်တင်သည်, ကာမစပ်ရှက်သည်။

**စပ်လျဉ်**, *v.* to be connected continuously in a smooth, orderly manner. *Der.* အစပ်အလျဉ်။

**စပ်သမား**, *n.* a cabinet-maker, joiner, စပ်ဆရာ။

**စပ်သွယ်**, *v.* to bring together, bring into communication, acquaintance, relationship.

**စပ်ဟပ်**, *v.* to be closely joined, စေ့စေ့စပ်သည်; to come together, come

into connection; to make inquiries, to investigate; one kind of မေး မြန်း, သည်အကြောင်းစပ်ဟပ်၍မမေးရသေးပါ။

စပယ်, *n.* the common jasmine; အိမ်စပယ်, the garden jasmine; တောစပယ်, the wild jasmine; စပယ်အိ, စပယ်နွဲ့, varieties of the jasmine.

စပါး, 1, *n.* a plant of the grass genus, of which there are said to be one hundred and two species, စပါးမျိုးတရာနှစ်ပါး; a plant which bears esculent grain, of which there are said to be seven kinds, *viz.* သလေးစပါး, ကောက်စပါး, မုယောစပါး, လူး, ဆပ်, ပြောင်း and ကြိတ်; the rice plant or grain, paddy, ကောက်။

စပါးကျီ, *n.* a granary.

စပါးခတ်, စပါးကဲ့, *v.* to convey paddy from one place to another; usually applied to conveyance by boat.

စပါးခွံ, *n.* a husk or hull of grain.

စပါးနှံ, *n.* an ear or spike of grain.

စပါးပိုး, *n.* the weevil, ဆန်ပိုး။

စပါးဖုံး, *n.* the leaves which cover the ear or spike of grain.

စပါးဖျင်း, *n.* empty, unsubstantial grain.

စပါးမြီး, *n.* the beard of grain.

စပါးရိုင်း, *n.* wild rice; *see* နတ်စပါး။

စပါးလင်, *n.* lemon grass.

စပါးလှေ့, *v.* to winnow paddy.

စပါးလှောင်, *v.* to store paddy.

စပါး, 2, *n.* a boa (*not used singly*).

စပါးအုံး, *n.* a small species of boa.

စပါးကြီး, *n.* the boa constrictor, python.

စပါးကြီးကြည့်, *v.* to look with a sidelong, furtive glance.

စပျက်, *see* သပြက်, *n.* a species of *Momordica*, with small, muricated fruit.

စပျစ်, *n.* the grape.

စပျစ်ဆား, *n.* tartar, cream of tartar.

စပျစ်နွယ်, *n.* the vine, a grape vine.

စပျစ်ရည်, *n.* wine.

စပျစ်သီး, *n.* the grape. စပျစ်သီးခြောက်, *n.* the raisin.

စဖူး (from ဘူး), *verb. affix, in negative sentences,* (not) ever, as မသွား စဖူး, he never went; မမြင်စဖူးမကြားစဖူးသောအရာ, a thing never seen or heard of (before).

စဘုနာရီ, *n.* the *Gnaphalium aureum* (*Bot.*).

စဘူး, *n.* a species of gingerwort.

စဘူးခေါင်, စဘူးစုမ်ဘူး, *n.* varieties of the same.

စမုတ်, *n.* an apartment in the palace, appropriated to the royal toilet.
စမုတ်ဆောင်, *n.* same (*more common*).
စမုန်, *n.* a kind of plant, of which there are many varieties.
စမုန်စပါး, *n.* the anise plant.
စမုန်စပါးစေ့, *n.* anise seed.
စမုန်စပါးဆီ, *n.* the oil of anise seed.
စမုန်နက်, *n.* fennel flower, *Nigella sativa.*
စမုန်နီ, *n.* cress.
†စမုန်မြေ, *n.* land granted by the Kings of Burma.
စမဲ, *n.* sauce, condiment of any kind; စမဲ is usually coupled with ဟင်းလျာ, စမဲဟင်းလျာ။
စမော်ကော်ရုံး, *n.* the Court of Small Causes.
စမွယ်, 1, *v.* to enjoy; appropriate to royalty and divinity; *see* စံပယ်။
စမွယ်, 2, *see* စပယ်, *n.* the common jasmine.
စမြင်, *n.* the part of a roof which projects beyond the roof plate.
စမြင်း, *n.* indurated *fæces.*
စမြင်းဒေါသ, *n.* same; protracted constipation (*Med.*), စမြင်းဒေါသခံသော ကြောင့်ဓါတ်မသက်, စမြင်းလုံးခံ။
†စမြင်းတိုင်. *n.* the upright supports of a Burmese bier (မြင်းဆောင်); made of ထနောင်း wood.
စမြိတ်, *n.* a species of *Anethum.*
စမြောင်, *n.* the follower of an ambassador or envoy; an officer of the *Hluttaw* whose duty it was to preserve silence, စမြောင်သိုင်းစွဲ။
စမှတ် (*a corruption of* စာမှတ်), *n.* one who picks up an accurate, though somewhat superficial, knowledge of literature, as distinguished from one who goes through a regular and thorough course of study, as a စာတတ် (*pron.* စဒတ်).
စမ္ဘွတ်, *n.* the caraway plant, dill.
စမ္ဘွတ်စေ့, *n.* caraway seed.
စမ္ဘွတ်စေ့ဆီ, *n.* oil of caraway, စမ္ဘွတ်ဆီ။
စမ်း, 1, *n.* a spring of water (*not used alone*).
စမ်းရေ, *n.* spring water, မိမ့်ရေ။
စမ်းရေတွင်း, *n.* a well or fountain filled from a spring.
စမ်းရေပေါက်, *n.* a spring of water.
စမ်းရေယဉ် (*pron.* ယည်), *n.* a stream or current of spring water.
စမ်း, 2, *v.* to feel of, as with the hand; to use means to find out or discover; to try, make trial, စုံစမ်းသည်, ပယောဂသွေးဖြစ်သည်၊သွေး

ရှိးဖြစ်သည်၊စမ်းကြည့်ပါ, try my pulse, and see whether the pulsation is due to an evil spirit, or to normal causes; to try another, put him to the test, သွေးစမ်း။

စမ်းချ, *v.* to fathom, sound, ရေစမ်းချသည်။

စမ်းတဝါးဝါး (သွားသည်), *adv.* gropingly.

စမ်းတီစမ်းတမ်း (*pron.* စမ်းဒိစမ်းဒမ်း), *adv.* gropingly, to find the way.

စမ်းတီစမ်းတမ်းပြု, *v.* to feel for the way.

စမ်းသပ်, *v.* to feel of, stroke.

†စမ်းရင်ကျား, *n.* the *Enicurus*, a bird of the wagtail family.

စယို (from စား, and ယို), *n.* the anus (*vulgar*), စအို, ဖင်, ဝစ္စမဂ်။

တင်း, 1, *n.* a measure of capacity equal to sixteen *pyis* (ပြည်), or two *kwes* (ခွဲ), about one bushel.

တင်းကျမ်း (from ကျမ်း, to be made level), *adv.* fully, completely, as full as possible without overflowing, completely full, chock full, crammed, as grain measures, store houses for grain, etc.; *commonly used with* ပြည့်, တင်းကျမ်းပြည့် (*pron.* ဒင်းကျမ်းပြည့်), chock full; ဇာတ်ရုံတွင်လူများတင်းကျမ်းပြည့်ရှိသည်။

တင်းချင်းဈေး, *n.* the market at par, *i.e.*, one rupee for one basket.

တင်းချင်းရောင်း, *v.* to sell at par, as paddy, ရန်ကုန်မြို့သူဌေးများစပါးတင်းချင်းဈေးရောင်းကြသည်။

တင်းတိမ် (from တိမ်, to be shallow), *v.* to be satisfied with food, ဝသည်; to have sufficient sleep, အိပ်၍တင်းတိမ်; to be contented, ရောင့်ရဲသည်; to be satisfied; တင်းတိမ် is also used with reference to one's wish to evacuate the intestines when suffering from dysentery, or to pass urine when suffering from strangury; not being satisfied, ကျင်ကြီးစွန့်လို့တင်းမတိမ်နိုင်ပါ; ကျင်ငယ်စွန့်လို့တင်းမတိမ်နိုင်ပါ; ခင်ဗျားအိပ်လို့တင်းတိမ်ပြီလား, have you had sufficient sleep, sir? လခနှစ်ရာနှင့်တင်းတိမ်ပါ၏။လခတရာနှစ်ဆယ်မစားလောက်ပါ, I am satisfied with two hundred rupees a month; one hundred and twenty rupees are not sufficient to live upon. *In the negative* တင်းမတိမ်နိုင်, *not* မတင်းတိမ်နိုင်။

တင်းတောင်း, *n.* a paddy basket.

တင်းပျောက်ရောင်း, *v.* to sell above par.

တင်း, 2, *v.* to tighten, become tense or taut, as a rope, မလျော့, တင်းလွန်းလျှင်ပြတ်သည်၊လျော့လွန်းလျှင်ပတ်သည်; to become stiff, hard, rigid, as the surface of a thing; to be pertinacious or harsh in speech, စကားတင်းတင်းပြောတတ်သည်, or with မာ, စကားပြောတင်းမာသည်; to be inflexible in one's opinions, အယူဝါဒတင်းသည်; to superadd a weight

in order to preserve the balance: တကျပ်မတ်တင်း, တကျပ်မူးတင်း, *i.e.*, one rupee less four annas, and one rupee less two annas; to make firm, unyielding, as the mind. စိတ်ကိုတင်းသည်, စိတ်ကိုတောင့်သည်, စိတ်ကိုတင်းနေပါ. *Der.* အတင်း။

တင်းမာ, *v.* to be or make hard, in the senses given above; သည်လူစကားအလွန်တင်းမာသည်. this man is very harsh in his speech.

တင်းရင်း, *v.* to be firm, as flesh or muscle, ကျွန်ုပ်ပျိုတုန်းခါလောက်အသားအရေတင်းတင်းရင်းရင်းမရှိပါ. my flesh is not as firm as it was when I was young.

√ တင်းလင်း, *adv.* tightly: in an unfinished manner, လက်စမသတ်သည်နှင့်; *comp.* တန်းလန်း; တင်းလင်း is used when stating that a thief was caught with property in his possession, before he was able to secrete it, *i.e.*, without accomplishing his design in its entirety, အထုပ်အထည်နှင့်တင်းလင်းမိသည်။

†တင်းကုပ် (*pron.* တင်းဂုပ်) (from ကုပ်, to be bent down, curved), *n.* a shed, low house, shelter for cattle, a byre, မြင်းတင်းကုပ်, နွားတင်းကုပ်။

တင်းတိပ် (*pron.* တင်းဒိပ်), *n.* a cutaneous disease appearing as a dark spot, တင်းတိပ်စွဲသည်, တင်းတိပ်ထွက်သည်, တင်းတိပ်ကျသည်. The Burmese believe that this disease may be cured, by rubbing the affected part with horse's sweat.

တင်းတိမ် (*pron.* တင်းဒိမ်), *n.* one kind of coverlet, or large, loose covering of cotton or silk, တင်းတိမ်ခြုံသည်; *comp.* အိပ်ရာခင်း, စောင်, and ဖူးစောင်။

တင်းတိမ်လည်သီး, *n.* the upper border of the same.

†တင်းပုတ် (*pron.* ဗုတ်), *n.* a large, wooden mallet: a beetle made of iron, ပန်းပဲတင်းပုတ်။

တင်းဝါး, *n.* the *Cephalostachyum pergracile*, a species of bamboo used in making Burmese lacquered work, *e.g.*, ဗာ, ဆန်ခါ, ကွမ်းအစ်, ရေခွက်, etc.

တငတ်, *n.* a species of bivalve shell, *Donax.*

တငမ်းငမ်း, *adv.* longingly, တောင့်တလျက်။

တငါ, *n.* a fisherman, မုဆိုးတငါ။

တငါကွန်တိုင်, *n.* the Southern Cross.

တငါစု, *n.* a locality inhabited by fishermen, တငါရပ်, တငါရွာ, တငါတန်း။

တငါတဲ, *n.* a fisherman's hut

တငို, *n.* a species of *Chiton*, a multivalve mollusk.

တစ်, 1, *a.* and *n.* one, ၁, အစ်။

တစ်ခေါင်လောက်, *v.* to be distinguished, pre-eminent; applied to persons of great talent, beauty, etc., တစ်ခေါင်လောက်သည့်လူဘဲ; တစ်ထိုးလောက်။

✓တစ်, 2, *v.* to cut in pieces, အမည်းသားတစ်သည်, ငါးတစ်သည်. *Der.* အတစ်။

တစ်, 3, *v.* to stick fast in a passage, to be too large to pass through; to utter a short compressed sound, as tigers and some other animals, ကျားတစ်သည်; ကျွန်ုပ်လည် ချောင်းထဲမှာ သလိပ်တစ်နေသောကြောင့်အသံမထွက်ဘူး, ပလင်းပေါက်မှာဖေါ့ဆို့တစ်နေလို့၊ဖွင့်မရပါ; တစ်ဆို့တစ်ဆို့, applied to feelings of obstruction in the nose, ears, or throat, due to mucus, cerumen, or phlegm, လည်ချောင်းထဲမှာတစ်ဆို့တစ်ဆို့ရှိပါသည်။

တစ်ဆို့နာ, *n.* quinsy.

†တစ်တစ်, *adv.* weightily, heavily.

တစ်တစ်လျှော့လျှော့, *adv.* with most liberal feelings, free from all hesitation about giving, ရက်ရက်ရောရော, သည်သူအနှုမြောခင်တွယ်မရှိ၊တစ်တစ်လျှော့လျှော့ပေးတတ်သည် (*rarely used*).

တစ်တလေခက် (ငှက်), *n.* a beautiful crested bird, the size of a very large chaffinch. Its color is sometimes yellow, and sometimes black. It lives in hollow trees.

တစပြင်, *n.* a burial ground, သင်္ချိုင်း။

တစာစာ, *adv.* shrilly.

တစိ (*pron.* တဇိ), *n.* or *adv.* a little, အနည်းငယ်, စိုးစည်း, ဆိတ်စိ, တစို့တစိ, အန္တရာယ်တစိဘေးမရှိသား, entire immunity from danger; ပြည်တစိစိထွက်သည်, to have a slight discharge of pus; တံတွေးတစိစိထွက်သည်, to have a slight flow of saliva.

တစိစိ, *adv.* gushingly.

တစိတ်စိတ်, *adv.* gently, as rain.

တစိတ်တဒေသ, *a.* or *adv.* singular, different from others, *sui generis*, unique, quaint; may be used with သဘော to denote idiosyncrasy of disposition or character; သွတ်တပတ်ပင် တစိတ်တဒေသ ဖြစ်သော ကြောင့်၊တွံတေးမြေ၌သာသန်စွမ်းသည်, owing to the *thuttabat* being a peculiar kind of tree, it only flourishes in Tunte soil; သည်သူသဘောတစိတ်တဒေသဖြစ်သည်၊သူတပါးသဘောနှင့်မတူပါ, this persons's disposition is singular, it is unlike other people's.

တစိမ့်စိမ့်ထွက်, *v.* to trickle, as water; တစိမ့်စိမ့်ကြောက်သည်, to be gradually overcome by fear, တွေးကြောက်သည်။

တစေ (*pron.* တဇေ), *adv.* only, merely, nothing but, ချည်း, ကျွန်မကိုနေ့တိုင်းတစေဆဲဆို၍သာနေသည်, he does nothing but abuse me, every day; မင်းနေ့တိုင်းတစေသင်ကြားသော်လည်းမတတ်ဘူး။

တစေ့ကျုန်, *v.* to be partially castrated; applied to horses and elephants, တလုံးကျုန်။

တစေ့စေ့, *adv.* little by little.

တစ္ဆေ, *n.* a ghost.

တစ္ဆေခြောက်, *v.* to be haunted by ghosts, as a locality; to terrify, as a ghost.

တစ္ဆေစာပစ်, *v.* to make a propitiatory offering to a ghost; *see* ခေါ်ခွက်။

တစ္ဆေပူး, *v.* to possess, as a spirit.

တစ်တီတူး (*pron.* တစ်တီဒူး), *n.* the Burmese lapwing, a bird that alights only on the ground, တစ်တီတူးအိပ်ပေါ်ကတစ်ခုနဲ့ထိုးသွားလျှင်၊လူမမာရှိလျှင်၊သေတတ်သည်ဟု၊တလိုင်းမြန်မာလူမျိုးအယူရှိကြသည်. The Burmese allege that this bird sleeps on the ground, with its feet upwards, for fear the sky will fall on it (71).

တဆင့်အငှါးချထား, *v.* to sub-let.

တဆတဆတက်, *v.* to add one to another, in the same order.

တဆုန်းတဆ, *n.* something, တစုံတခုသောအရာ။

တဆေး, *n.* yeast or any fermentative substance, တဆေးခတ်သည်။

တဇ္ဇာရီမြူ, *n.* a small particle equal to thirty-six အဏုမြူ။

တဇွန်းစာ, *n.* a spoonful.

တည်. 1 (*pron.* တယ်), *n.* the *Diospyros Burmanica*; တည်သီး, "this is the fruit which in English is called Chinese date, but is neither a fig nor a date, but the fruit of a species of ebony, and a more appropriate name would be the Chinese persimmon, the persimmon tree being also a species of ebony, and there is a considerable resemblance in the fruit." *Mason.* The Burmese make a dye for fish nets from the တည်သီး။

တည်, 2 (*pron.* တယ်), *n.* an elephant with only one tusk (*congenital*).

တည်, 3 (*pron.* တယ်). *n.* a basket measuring a *tin* (အတင်း), made of wood; commonly, a large *tin* containing seventeen *pyis* (ပြည်).

တည်, 4, *n.* a tollbooth or office for receiving certain duties on merchandise.

တည်. 5. *v.* to place in a position; *comp.* ထား; to be placed, to remain permanently, မြဲသည်; to erect; to build a pagoda, ဘုရားတည်သည်; a brick house, တိုက်တည်သည်; to lay a ship on the stocks, သင်္ဘောတည်သည်; to found a city, မြို့တည်သည်; to establish a courthouse, ရုံးတည်သည်; to build a palace, နန်းတည်သည်; to set up a shop or a stall, ဆိုင်တည်သည်; to set up, establish, constitute, construct; to place before a guest, as a betel box, ကွမ်းအစ်တည်သည်, cheroots, ဆေးလိပ်တည်သည်; သက်သေတည်, or သက်သေတည်ပြ, to adduce as evidence.

တည်ကိန်း (from ကိန်း, an arithmetical number), *n.* a number set down as a subject for arithmetical operation, as နှုတ်ရန်တည်ကိန်း, a minuend; မြှောက်ရန်တည်ကိန်း, a multiplicand; စားရန်တည်ကိန်း, a dividend.

တည်ကြည် (*pron.* တည်ဂြည်), *v.* to be steady in mind, stable in character, သဘောတည်ကြည်, unwavering; always in a good sense, စကားတည်ကြည်, to be a man of one's word; ဣန္ဒြေတည်ကြည်, to be sedate and grave, in demeanor; လူပင်ငယ်သော်လည်း၊ဣန္ဒြေတည်ကြည်သည်; သဘောတည်ကြည်သည့်လူ; အမိန့်တည်ကြည်သည်။

တည်ကြား, *v.* to be firm, constant; *see* တည်တံ့။

တည်ကြားသက်သေ, *n.* a witness whose testimony is worthy of being admitted in court.

တည်ကျွေး, *v.* to set a feast before one.

တည်ဆောက်, *v.* to build, build up; to edify; ဆောက်တည်, ဘုရားတည်ကျောင်းဆောက်။

တည်တံ့ (*pron.* တည်ဒံ့), *v.* to be firm, constant, enduring (in a good cause); to abide by; to be a man of one's word, စကားတည်တံ့သည်။

တည်ထား, *v.* to place; to establish, settle, make firm; to adduce as evidence, bring forward as a witness, သက်သေတည်ထားသည်။

တည်ထောင် (*pron.* တည်ဒေါင်), *v.* to build up, edify, establish; to found, as a city, village, ထူထောင်; to clear jungle and make the necessary preparations for working a paddy field, လယ်တည်ထောင်သည်; ဥယျာဉ်တည်ထောင်သည်။

တည်ထောင်ပြန်, *v.* to re-establish.

တည်ထွန်း, *v.* same as တည်ထောင်; အစည်ထာဝရတည်ထွန်းစေခြင်း, in order to perpetuate (anything).

တည်ပ (*pron.* တည်ဗ), *v.* to be clear, well arranged; applied to language and manners; to reside permanently in a locality, မင်းတည်တည်ပပနေသလား; စကားတည်ပ, same as စကားတည်ကြည်။

တည်လုပ်, *v.* to build, erect (an edifice, etc.); *see the parts.*

✓တည်, 6, *v.* to clear up wild land and prepare it for cultivation (*infreq.*)

တည်တွက်, *v.* to ascertain and record dates, as in a register; တည်တွက်မှတ်သားသည်, to jot down petty items of expenditure.

တည်တွင်, *v.* same as တည် (*more common*), လယ်တည်တွင်, ဥယျာဉ်တည်တွင်၊

✓တည်, 7, *int.* heigh-ho, ဟည်။

တညင်း, 1, *n.* a spool, the reel of a log-line; *not used singly.*

တညင်းကျစ် (*see* ကျစ်), *n.* the end of a spool or reel.

တညင်းလုံး, *n. see* တညင်း (*more common*).

တညင်း, 2, or တင်ညင်း, *n.* the inga tree, *Inga dulcis.*
တညင်းနီ, *n.* the *Millettia atropurpurea*; *comp.* ကျွဲတညင်း။
တညင်းဖို, *n.* the *Micromelum pubescens*, an evergreen tree growing to the height of twenty-five or thirty feet. Its panicles of whitish flowers, give place to ovoidal berries, of a dull orange color.
တည့်, 1 (*pron. in colloq.* တဲ့), *v.* to be straightforward, direct from one point to another, ဖြောင့်သည်, မလွဲ; to be straight up, not inclined, မတ်သည်, မယိမ်း, မတိမ်း, မညိတ်: to be even, set level, မစောင်း; to be in the centre, အလယ်တည့်သည်; to be apposite, as language, အလှန်စကားတည့်သည်; to be on good terms, as persons, လူချင်းတည့်သည်; *in combination with* လက်, to be an accurate marksman with a spear, bow, or gun, လက်တည့်သည်; လက်တည့်စမ်းသည်, to try a rifle or gun in order to test its accuracy; *when reduplicated, pron.* တဲ့ဒဲ့; to agree, as medicine, သည်ဆေးကျွန်ုပ်သွင်းကလေးနှင့်တည့်သည်။
တည့်မတ်, *v.* to be erect, upright; to be just, equitable, impartial; မွန်းတည့်မတ်, to be vertical, as the sun's rays at noon; သဘောတည့်မတ်သည်။
တည့်လင်း, *v.* to be plain, open, straightforward, in language, စကားတည့်တည့်လင်းလင်းပြောပါ။
တည့်, 2, *qual. verb. affix*, directly, at once, as သွားတည့်သည်, to go directly; ကျွန်ုပ်တို့ကိုမြင်သည့်အခါ၊ငသိုးကားရစ်တည့်နေပါသည်, *equivalent to* ရုတ်တရက်ရပ်နေပါသည်; *in colloq. pron.* တဲ့, or ဒဲ့; သူမပြောတည့်ဝံ့ဘူး, ရုတ်တရက်မကြိတည့်ဝံ့ဘူး, ထန်းဆိုသည်အပင်မျိုးနှစ်နှစ်သုံးနှစ်နှင့်မဖြစ်တည့်ဘူး။
တည့်, 3 (*pron.* ဒဲ့), *verb. affix closing a sentence*, denoting that the words to which it is affixed are repeated from the mouth of another person; *colloq. affix* (တဆင့်ပြောရသည့်စကား), ရှိသည်တည့်, it is, he says; *or negatively*, ရေမလှန်ဘူးတည့်လား, does he say that the tide does not turn? *see Gram. sec.* 119; it is used to denote indirect narration; လွှတ်သည့်ငါးလည်းကြီးသည်တည့်, ထိုလူလိမ္မာသည်တည့်။
တည်း, 1 (*pron.* တဲ *in colloq.*), *v.* to remain for a little while; to lodge in another person's house, ကျွန်တော်အိမ်မှာတည်းချင်သမျှတည်းပါတော့၊ခင်ဗျား; to detain for a little while; to tack or tie together slightly; to collate, compare, တိုက်သည်။
တည်းအပ်, *n.* a pin, တွယ်အပ်။
တည်းခို (*pron.* ခို), *v.* to sojourn, to dwell for a short time, တဆယ်ငါးရက်လောက်တည်းခို၍စားသောက်နေသည်။
တည်းစပ်, *n.* a pointed stick used by tailors to tack parts of work together.

တည်းနန်းတော်, *n.* a temporary palace.

တည်း, 2, *a.* only, no more; *used with numerals* (*in colloq. pron.* တဲ့, or ဒဲ့); တယောက်တည်း, only one person; တယောက်ချင်းတည်း, a single person, တကိုယ်ရေး။

တည်း, 3, *adv. formative*; *see Gram. sec.* 126, 6.

တည်း, 4, *adv. emphatic distinctive*, used to designate an object with some particularity, as ဖိဖိသားငယ်ကိုတည်းပေးသည်, he gives to his youngest son, particularly, or in distinction from the others; *see Gram. sec.* 126, 8.

တည်း, 5, *verb. affix, closing a sentence; equivalent to the substantive verb* ဖြစ်သည်, to be, etc.; *see Gram. sec.* 119.

တဏှာ (Pali), *n.* appetite, passion, desire; *comp.* လောဘ, and ရာဂ; inordinate appetency, uxoriousness, တဏှာကြီး. The three *tahnas* are *kama tahna* (ကာမတဏှာ), *rupa tahna* (ရူပတဏှာ), *arupa tahna* (အရူပတဏှာ), desire for rebirth in the three forms of existence; another set of three is *rupa tahna* (ရူပတဏှာ), *arupa tahna* (အရူပတဏှာ), *nirawda tahna* (နိရောဓတဏှာ), desire for rebirth in the *rupa* world, desire for rebirth in the *arupa* world, and desire for annihilation (*nirvana*); သင်္ခါရလွန်လျှင်၊တဏှာဖြစ်သည်။ တဏှာလွန်လျှင်၊ ဘယဖြစ်သည်။

တဏှာရည်, *n.* semen (ကာမရည် is in more general use).

တဏှာရူး, *n.* violent, lustful longing (in men); *comp.* လင်တရူး: applied reproachfully to men or women. မယားတရူး; တဏှာသံယောဇဉ်။

တတ်, 1, *v.* to know how, be skilled in, တတ်လိုက်သည်မှာခေါင်လို့. to be so skilled as to have reached the acme of skill; *sometimes, when used as a qual. affix,* to be the way, custom, usual course; *see Gram. sec.* 117; to be able to manage, သည်ကိစ္စကိုခင်ဗျားမတတ်နိုင်ဘူးလား: or to carry a matter to completion; တတ် is often used in *colloq.*, in the sense of တတ်စွမ်း။

တတ်အား, *n.* ability; *sometimes used as a verb.* တတ်အားသရွေ့, တတ် အားနိုင်သမျှ။

တတ်စွမ်း, *v.* to have the ability to accomplish.

တတ်တိုင်း. *adv.* according to one's skill; according to one's will, ဒု တတ်တိုင်းသူနေသည်; တတ်နိုင်သရွေ့။

တတ်တိုင်းထား, *v.* to let alone, လက်လွှတ်ထား။

တတ်နိုင်, *v.* to be able to accomplish.

တတ်မြောက်. *v.* to have acquired perfect skill, be master of, be *au fait*; to be accomplished.

တတ်ယောင်ကား, *n.* one who boastfully pretends to knowledge not possessed, an ignorant and pretentious practitioner in any branch of knowledge, a charlatan, a mountebank, a wiseacre, တတ်ဟောင်ကားပြုသည်. သမားယောင်မောင်းတောင်။

တတ်သိ, *v.* to be well skilled in, to be accomplished, တတ်သိလိမ္မာ, တတ်သိလိမ္မာရှိသည်, ကျွန်တော်သားတတ်သိလိမ္မာဖြစ်အောင်သွန်သင်ပါ။

တတ်, 2, *verb. affix closing a sentence*; *see Gram. sec.* 119, ဖြစ်ကုန်သတတ်, ရှိကုန်သတတ်, လာကုန်သတတ်; *used only in composition.*

တတိယ (Pali တိ, or တြိ, three), *a.* the third, သုံးခုမြောက်။

တတောင် (*pron.* တဒေါင်). *n.* the elbow; the measure of the arm from the elbow to the end of the middle finger.

တတောင်ကွေး, *n.* the inner bend of the elbow.

တတောင်ဆစ် (*pron.* ဇစ်), *n.* the elbow; the funny bone; တတောင်ဆစ်တိုက်မိ, to strike one's funny bone.

တတောင်ဆစ်ကွေး, *n.* the inner bend of the elbow, တတောင်ကွေး။

တတောင်ရိုးကြီး, *n.* the radius.

တတောင်ရိုးငယ်. *n.* the ulna.

တတောင့်တည်း (*pron.* တဒေါင့်ဒဲ), *adv. see* ဖြိုး: same as တဖြိုးတည်း, of uniform breadth, but conveying the idea of muscular solidity.

တထူး (from ထူး, to be diverse), *pron. a.* other, အခြား, တခြား, တပါး; *chiefly used in combination with* သူ, သူတထူးများ, others, other people.

တဒင် (Pali), *n.* a little while. တခဏ။

တဒင်ပယာန် (*pron.* ဗယာန်) (Pali ပဟာန, putting aside), *adv.* in the way of putting aside for a little while. အကုသိုလ်ကိုတဒင်ပယာန်ပယ်သည်။

တဒါရုံ (Pali တဒါရမ္မဏ), *n.* reflection, စောဓ်အာရုံကိုအာရုံပြုခြင်း။

တနု (*in colloq. pron.* သနု), *v.* to incur some conventional deterioration or uncleanness: to suffer deterioration of power or character through some inappropriate act voluntarily or involuntarily performed, as an official; or, as when a person possessing drugs or charms of special virtue, goes under a bridge; or, as when a person visits a house where a confinement is taking place; or, as when one wears the garments of any of the degraded classes; *n.* filth, uncleanness, vileness, wickedness, အညစ်အကြေး, ညစ်ညမ်းခြင်း။

တနုချေ, *v.* to remove such deterioration or uncleanness.

တ၊နု, *n.* the elements of literature, in the phrases တ၊နု၊ သင်ပေးသောဆရာ, and တ၊နု၊မသိသောသူ။

တန်, 1 (Pali တဏှ), *n.* filth (*obs.*).

တန်စပြင် (*pron.* တဇပြင်), *n.* a place for performing funeral rites, or for

disposing of the dead by burning or burying; လုပ်တိုင်း, သင်္ဂြိုဟ်း, သုသာန်; *in composition, it is said to be more correct to omit* ဖြင်း။

တန်စိတ္တွင်း (*pron.* တဇိတ္တွင်း), *n.* a reservoir or receptacle of filth (*obs.*).

တန်, 2, *v.* to accord, be suitable, ရှေ့နေခေါ်တန်လျှင်ခေါ်မည်၊မခေါ်တန်လျှင်မခေါ်ပါ, if it is proper to employ counsel, I shall do so, and if not proper, I shall not do so; to be fit, sufficient, just sufficient; to be worth, worthy of, ထိုက်သည်; to make suitable, sufficient, just sufficient; hence တန်တော့ (*imperative*), stop; တန်လျှင်ဆေး၊လွန်လျှင်ဘေး, if in moderation, a remedy, if in excess, an evil, သည်အလုပ်ခင်ဗျား နှင့်မတန်ဘူး; မပျောက်တန်ရာပျောက်သွားပါသည်; အသိုးငွေတဆယ့်ခုနစ်ကျပ် တန်ပစ္စည်း, property to the value of seventeen rupees. *Der.* အတန်။

တန်ဘိုး, *n.* value, worth, price.

တန်, 3, *v.* to be bad, vile, ဆိုးညစ်သည် (*obsolescent*).

တန်ကျစ်, *n.* a kind of creeper (Pali ကောသဝိယာ).

တန်ခူး (လ) (*pron.* တခူး), *n.* *Tagu*, the first month in the Burmese year, nearly answering to April.

တန်ခိုး (*pron.* တခိုး), *n.* power, အာနုဘော်, တန်ခိုးပြ, တန်ခိုးဇာတ်ပြပါတ်ပြ။

တန်ခိုးကြီး, *v.* to be powerful, possessed of great influence; တန်ခိုးကြီး is a term applied to greatly venerated Buddhist shrines and images of Buddha, ရွှေတိဂုံဘုရားအလွန်တန်ခိုးကြီးသည်, အမည်ရတန်ခိုးကြီးဘုရား။

တန်ခိုးတန်ခွာ (*pron.* တခိုးတခွာ), *n.* same as တန်ခိုး။

တန်ခိုးပြ, *v.* to make a display of power.

တနင်္ဂနွေ (Pali), *abbrev. to* ၁နွေ *in writing*, *n.* the sun, in the character of a planet; *see under* ဂြိုဟ်; the first day of the week, Sunday; တနင်္ဂနွေသား, တနင်္ဂနွေဘွဲ့။

တနင်္လာ (Pali), *abbrev. to* ၂လာ *in writing*, *n.* the moon, in the character of a planet; *see under* ဂြိုဟ်; the second day of the week, Monday.

တန်စယ် (*pron.* တဇယ်), *n.* a field on the margin of a river, cultivated in the dry season, and covered with water in the rainy season.

တန်ဆာ (*pron.* တဇာ), *n.* an ornament or article of embellishment; a tool, implement, utensil; an appendage of any kind, အဝတ်တန်ဆာ, ဝတ်ဆင်သည့်တန်ဆာ; မင်းမြောက်တန်ဆာ, regalia; စစ်ဝတ်တန်ဆာ, military uniform, accoutrements; also applied to the male or female organs of generation, ယောကျ်ားတန်ဆာ, မိန်းမတန်ဆာ (*vulgar*).

တန်ဆာအိမ်, *n.* a case, as a sword case, sheath, အအိမ်, အဖုံး။

တန်ဆာပလာ (*pron.* တဇာဗလာ), *n.* same as တန်ဆာ။

တန်ဆောင် (*pron.* တဇောင်), *see next.*

တန်ဆောင်တိုင်, *n.* a moveable, pyramidal chandelier, presented and lighted at a pagoda. ဒီးပဒေသာ။

တန်ဆောင်လှူ, *v.* to make an offering of such chandelier.

†တန်ဆောင်မုန်း (*pron.* တဇောင်မုန်း), *n.* *Tazaungmon*, the eighth month in the Burmese year, nearly answering to November, တန်ဆောင်မုန်းမိုးသည်းရွှေစင်တသိန်းအဘိုးတန်သည်, the Tazaungmon rain is worth one hundred thousand ticals of pure gold; တန်ဆောင်မုန်းလရောက်သော်; ချမ်းစ တန်ဆောင်မုန်း၊ချမ်းတုန်းလပြာသို, it begins to be cold in Tazaungmon, and continues cold in the month of Pyatho.

တန်ဆောင်း (*pron.* တဇောင်း), *n.* a four-cornered edifice with a graduated roof (*comp.* ပြာသာဒ်), erected at a corner, or over a gate, of a royal city, or as an appendage to a pagoda.

တန်ဆောင်းပြာသာဒ်, *n.* same, in the latter sense.

တန္တာ, *n.* *see under* မုဒိမ်း; မုဒိမ်းတန္တာ, a robber, ravisher, etc.

တန္တုဆောင်, *v.* to make comparison, to compare.

တန္တုပြု, *v.* same.

တံတား, *see* တံတား (*pron.* တဒါး), *n.* a bridge.

တန်တော့, *int.* avast, stop, stay, cease.

တန်တိုင်း (*pron.* တဒိုင်း), *see* တံတိုင်း, *n.* a brick or stone wall.

တန့်ပ်စာ, *n.* a species of custard apple, *Anona.*

တန်မြက် (*pron.* တမြက်), *n.* a broom, တန်မြက်စည်း။

တန်မြက်ခတ်, *v.* to sweep with a broom, တန်မြက်လှည်း။

တန်မြက်ချေး, *n.* sweepings.

တန်မြက်စည်း (*pron.* တမြက်စည်း), *n.* a broom (*more common*).

တန်မြက်စည်းရိုး, *n.* the handle of a broom.

တန်မြက်လှည်း (*pron.* လှဲ), *v.* to sweep with a broom, တန်မြက်စည်းလှည်းသည်; တန်မြက်လှည်းကုလား, a sweeper, ဓိဏ္ဍသမား။

တန်သား (*pron.* တသား), *n.* a carpenter's rule.

တန်သားထစ်, *v.* to notch timber, previous to hewing it; *fig.*, စကားတန်သားထစ်သကဲ့သို့ပြောတတ်သည် (*infreq.*).

တနောင်နောင်, *adv.* ringingly, တနောင်နောင်မြည်သည်။

တန့်, *v.* to stop, remain for a little while.

တန့်စား, *see* တံ့စား, *v.* to make a stand (in view of an enemy).

တန့်ရပ်, *v.* *see* တန့်။

တန်း, 1, *n.* a place of detention, moderate confinement for debt, or for a slight offense; a lockup, ကျွန်ုပ်တန်းလည်းမကျ၊ထောင်လည်းမကျ၊ အချုပ်မှုမခံရဘူးပါ, I have not been in (*lit.* not fallen into) the

lockup or in jail; I have not even suffered confinement (a very common form of self-justification).

တန်းခေါင်း, *n.* the keeper of such a place of confinement.

တန်းသား, *n.* a subordinate assistant.

တန်း, **2**, *n.* the main yard of a large boat.

တန်း, **3**, *v.* to extend in a line from one point to another; *comp.* စင်း, to be extended in a straight line, and ဆန့်, to stretch out straight from a bent or curved position; to have the mind extended to, or fixed on, စိတ်တန်းသည်, or စိတ်တန်းမိသည်; to take a general or indefinite aim; *more than* ရွယ်; တန်းတန်းနေ, to be on terms of strained intimacy, ညီအစ်ကိုနှစ်ယောက်တန်းတန်းနေကြသည်. *Der.* အတန်း။

တန်းမိတန်းရာ, *see* တမ်းမိတမ်းရာ, *adv.* in a disorderly, mentally deranged manner.

တန်းမှန်း, *see* တမ်းမှန်း, *v.* to have the mind extended to, or fixed on.

တန်းယမ်း, *see* တမ်းယမ်း, *v.* same as တမ်းမှန်း။

တန်းလန်း, *a.* or *adv.* stretched out, one end being secured and the other free, ဝက်ကိုလှံနှင့်ထိုးလိုက်သောကြောင့်၊ လှံတန်းလန်းပါသွားသည်; unfinished, လက်စမသတ်သည်နှင့်။

တန်းလျား, *n.* a long building or range of buildings, with a uniform roof covering the whole range, တန်းလျားအိမ်။

တန်းလျားဆောင်, *n.* a long wing attached to a palace and occupied by the harem; the apartment in a monastery where the images are placed, or which is occupied by a *pongyi.*

တန်းလျှော, *v.* to be reduced from a higher to a lower grade, or from a higher to a lower appointment, as an official, အရာလျှော။

တန်း, **4** (from အတန်း, a line, row, class), *a.* beginning to be capable of bearing young; applied to animals, as နွားမတန်း, a heifer.

တန်းတူ (*pron.* ဒန်းဒူ), *v.* to be equal, on a par, neither superior nor inferior, ရည်တူသည်; *a.* or *adv.* alike, equal, ထပ်တူ, သည်သူနှစ်ဦးအသရေချင်းတန်းတူရှိကြသည်; ဉာဏ်ချင်းတန်းတူရှိကြသည်, their respective intellects are on a par.

တန်းတိုး, *v.* to be promoted.

တပ်, **1**, *n.* a barrier raised for military defense, whether a stockade or the wall of a fortification, သစ်တပ်, အုတ်တပ်, ကျောက်တပ်, ဝါးတပ်; a regiment or company of soldiers, စစ်သည်တပ်; a camp, encampment, တပ်စိုင်း; a squadron of armed vessels, သင်္ဘောတပ်; ခံတပ်။

တပ်ဦး, *n.* the advance troops, the van of an army.

တပ်ခိုး, *v.* to come into a camp or stockade suddenly, or unexpected-

ly, as an enemy; to surprise an enemy by night, to make a sudden, secret, night attack.

တပ်ချ, *v.* to encamp, go into quarters.

တပ်ချီ, *v.* to march, as an army.

တပ်ခြေ, *n.* the footing, standing, posture of troops.

တပ်စာရေး, *n.* a military clerk.

တပ်စားခန်းချ, *v.* to encamp, as when on a march.

တပ်စီး, *v.* to hold a stockade, တပ်စီးတရာ၊တပ်လာတထောင်, meaning that one hundred holding a stockade, are able to defend it against one thousand attacking it.

တပ်စွယ်, *n.* the wing of an army, တပ်နားရွက်။

တပ်ဆော်, *n.* a camp crier, who calls the attention of the troops to their various duties.

တပ်တာခင်း, *v.* to be drawn up, as troops under arms.

တပ်တဲ, တပ်တန်း, *n.* military lines.

တပ်တောင်တာ (*pron.* တောင်ဒါ), *n.* troops arranged in camp, or under arms, တပ်တောင်တာခင်းသည်။

တပ်နားရွက်, *n.* the wing of an army; *see* တပ်စွယ်။

တပ်နုတ်, *v.* to withdraw an army.

တပ်နှင့်ဝိုင်းဆို, *v.* to blockade.

တပ်ပုန်းဝပ်, *v.* to lie in ambush, တပ်ပုန်းဝပ်၍နေသည်။

တပ်ပျက်, *v.* to be put to utter rout, to be utterly discomfited and disorganized, as a body of troops.

တပ်ပြ, *v.* to parade, to perform military evolutions, စစ်ရေးပြ။

တပ်ပြေးတပ်ရှောင်, *n.* a deserter, တပ်ပြေးတပ်ပြန်။

တပ်ဖျား, *n.* the advance troops, the van of an army; *see* တပ်ဦး။

တပ်ဖွဲ့, *v.* to organize an army, or body of soldiers.

တပ်ဖွဲ့ခြင်းကိုဖျက်, *v.* to disband an army.

တပ်မိုလ်ပါ, *n.* an army.

တပ်မ, *n.* the main body of an army.

တပ်မြုပ်, *v.* to be completely destroyed, as a body of troops; to be overwhelmed, as an army.

တပ်မှူး, *n.* the commander of a company, a captain.

တပ်မြုပ်, *v.* to lie in ambush, တပ်မြုပ်ထားသည်။

တပ်မြှောင်, *n.* the wing of an army; *see* တပ်စွယ်။

တပ်ဝိုင်း, *n.* a camp, encampment.

တပ်သင်္ဘော, *n.* a man-of-war, တိုက်သင်္ဘော။

တပ်သား, *n.* a private, လက်နက်ကိုင်; ဂေါရာ, an English soldier; စစ်ဗိုလ်, a sepoy, စပ်ပါဟီ။

တပ်, 2, *v.* to put in, fix in; *more permanently than* ခွပ်; အင်္ကျီကြယ်သီးကိုတပ်လိုက်ပါ, button the coat; ဆောက်ရိုးကိုတပ်လိုက်ပါ, put a handle in the chisel.

တပ်, 3, *v.* to have an appetite for; particularly to lust after, ရာဂတပ်သည်, သူတပါးမယားကိုတပ်သောစိတ်ဖြင့်မကြည့်ရာ။

တပ်ခွန်း (from ခွန်း, to stain), *v.* to feel strong passion for; to be ardently covetous, grasping.

တပ်မက်, တပ်မက်မော, *v.* to have an appetite or desire for (any object of enjoyment), လိုချင်တပ်မက်; တပ်မက်မောခြင်း, *n.* craving appetency; ရာဂစ္ဆတပ်မက်မောခြင်း, concupiscence; လောဘစ္ဆတပ်မက်မောခြင်း, acquisitiveness, cupidity; တပ်နှစ်သက်။

တပ်, 4, *v.* to be certain (*not used singly*), မည်သည့်နေရာတွင်ရှိကြောင်းတပ်ရာမသိ. *Der.* အတပ်။

တပ်အပ်, တပ်တပ်, *adv.* certainly, positively, actually, ငွေကြေးကိုတုတ်နှင့်ရိုက်သည်ကိုတပ်အပ်မြင်သလား။

တပ်သိ, *adv.* with certain knowledge.

တပက် (*pron.* တဗက်), *n.* a garment worn over the shoulders by women, a shawl, ရှောပဝါ, တပက်ပဝါ။

တပင်ချိတပင်ချ, *adv.* taking one and leaving one (in weaving mats).

တပင်တိုင်, *a.* unmarried; applied to the king's daughter, who is not yet given in marriage, တပင်တိုင်မင်းသမီး (generally given in marriage to the succeeding king).

တပင်တိုင်နန်း, *n.* the palace occupied by the said daughter of the king.

တပင်တိုင်လှေကား, *n.* a ladder for climbing toddy trees, made of a single bamboo. The ladder superadded to the တပင်တိုင်လှေကား, is called ရင်းဆွဲ။

တပင်တိုင်ဝါး, *n.* the *Bambusa villosula*, an almost simple stemmed, rarely tufted bamboo, arising usually from a stalk of the thickness of a man's arm.

တပည့် (*pron.* တမြည့် or တမဲ့), *n.* a scholar, disciple; an apprentice.

တပည့်ကပန်း, တပည့်လက်သား, တပည့်သားမြေး, *n.* same as တပည့်။

တပည့်တော်, *n.* the disciple of an eminent teacher; *pron.* I, *mas.*; used in addressing a *pongyi*, a religious teacher (it should properly be preceded by ဘုရား, ဘုရားတပည့်တော်).

တပည့်တော်မ, *n.* a female disciple; *pron.* I, *fem.*; used in a manner similar to တပည့်တော်, ဘုရားတပည့်တော်မ။

တပည့်လက်သား, *n.* same as တပည့်။

တပတ်ရစ် (*pron.* တဗတ်ရစ်). *a.* secondhand, half worn; applied to clothing, တပတ်နွမ်း; applied also to *da*-dressed, partially seasoned timber, သစ်သားတပတ်ရစ်ခြောက်ခဲ့ပြီ; *adv.* in one turn.

တပတ်ရစ်ထုံး, *v.* to tie up the hair in Burmese fashion (တပတ်ကျော့).

တပါး (*pron.* တဗါး), *num. a.* one; *see Gram. sec.* 98; *pron. a.* other; အခြား, တခြား, တထူး; တပါးသောသူ, another person; အရပ်တပါးသို့ သွားသည့်အခါ, at the time of going to another place.

တပါးတပို, *adv.* (to) some other place (for a little while); *see* တပိုတပါး။

တပိန်းတည်းဖြစ်, *v.* to be closely united in one mass, to be compact; to be continuous, without an opening or interstice.

တပု, or တမု, *n.* sour *Sonneratia*, yielding superior firewood: *see* ထမု။

တပေါင်း (*pron.* တဗေါင်း), *n. Tabaung*, the twelfth month in the Burmese year, nearly answering to March; ပုဏ္ဏားနွားရောင်းလတပေါင်း; နေ့ကိုပူလို့ညကိုချမ်း၊တပေါင်းလ၊လသာရမ်း။

တပိုတပါး (*pron.* တဗိုတဗါး), *adv.* (to) some other place (for a little while), as when speaking of relieving a natural necessity, တပိုတပါးသွားသည်။

တပို့တွဲ (*pron.* တဗို့ဒွဲ), *n. Tabodwe*, the eleventh month in the Burmese year, nearly answering to February.

တပြက်စည်း, *n. a corruption of* တန်မြက်စည်း, a broom.

တပြည့်, *see* တပည့်, *n.* a scholar, disciple.

တပြီးကား, *verb. affix*; *see* မူကား; ယင်သို့တပြီးကား, if such, indeed, should be the case, or if, indeed, it should be so.

တပြိုင်နက် (from တစ်, one, ပြိုင်, to be or do together, and အနက်, a collection), *adv.* at once, simultaneously, all together, တပြိုင်နက်တည်း, တပြိုင်နက်တည်းကြိုကြသည်။

တပွက်ဆူ (*pron.* တဗွက်ဆူ) (from တစ်, one, အပွက်, a bubble, and ဆူ, to boil), *adv.* when beginning to boil, တပွက်ဆူသန့်ခတ်, တပွက်ဆူထမင်းအိုးချခဲ့သည်။

တပွတ်, *n.* a species of custard apple, *Uvaria.*

တဖက်, *see* တဘက်။

တဖို့, *n.* a kind of song, သဖို့, တေးချင်းသဖို့, သဖို့တေးထပ်, နှစ်ချိုးတဖို့, လေးချိုးတဖို့

တဖြင့်တပါး, *adv.* irrelevantly; elsewhere; pertaining to some other work or way than that expected or ordered, တဖြင့်တပါးသွားသည်; တဖြင့်တပါးလုပ်သည်; တဖြင့်တပါးပြောတတ်သည်။

တဖြစ်တောက်တောက်, *adv.* sputteringly (in speech).

တဖြည်းဖြည်း, *adv.* gradually, တကဲ့တကဲ့; leisurely, slowly.

တဖြုတ်ချင်း, *adv.* immediately, suddenly, at once, in a trice, မျက်စိတမှိတ်, မင်းဒေးဒရဲမြို့က တဖြုတ်ချင်းရောက်အောင် ပြန်ခဲ့ရမည်, တဖြုတ်ချင်းပြီးအောင်လုပ်ရမည်။

တဘက် (from တ, other, and အဘက်, one of a pair), *n.* side (of a river, road, etc.), အဘက်။

တဘက်ကန်း, *a.* blind in one eye, မျက်စေ့တဘက်ကန်း (*not polite*); တဘက်လှ။

တဘက်စကား, *n.* a partial or *ex parte* statement, သူနှင့်တဘက်တလမ်းစကားပြောသည်။

တဘက်ခေါင်းခုတင်, *n.* a bench with a back to it.

တဘက်ခေါင်းတိုက်, *v.* to make a partial or *ex parte* statement (to the detriment or damage of another).

တဘက်ခေါင်းထမ်း, *v.* to carry on one shoulder, as a child, a chatty, basket, etc.

တဘက်တချက်, *adv.* on each side, opposite; in *colloq.*, when speaking of opposite banks of a river, the Burmese frequently say တယောက်တဘက်, မြစ်တယောက်တဘက်။

တဘက်နား, *adv. lit.* with one ear only; an expression used when an *ex parte* statement is believed.

တဘက်ရပ်တဲ, *n.* a shed with a roof sloping on one side only, a pentroof.

တဘက်လှ, *a.* blind in one eye (*polite*), တဘက်ကန်း; also applied to silk fabrics, as တဘက်လှပုဆိုး, a *puhso* pretty on one side, တဘက်လှပဝါ။

တဘက်လှည့်, *v.* to make one-sided representations, with a view to gaining an advantage over another.

တဘက်သတ်အမိန့်ပေး, *v.* to give an *ex parte* decree.

တဘက်သတ်စီရင်, *v.* to give an *ex parte* decision.

တဘက်သား, *n.* one of another party; another, not one's self; လူတဘက်သား, other people.

တမ်း, 1, *n.* way, manner, custom; *see* အတမ်း, and ထုံး။

တမ်း, 2, *v.* to think of with regret; *not used singly*. *Der.* ဋတမ်း, မြည်တမ်း။

တမ်းမိတမ်းရာ, *adv.* in a disorderly, mentally deranged manner.

တမ်းမှန်း, *v.* to have the mind extended to, or fixed on; to take a general or indefinite aim.

တမ်းယမ်း, *v.* same as တမ်းမှန်း။

တမင် (from တမင်္ဂလာ), *adv.* in *colloq.* often corrupted into တမင်တကာ.

wittingly (ရွမည်ရွသည်), purposely, wilfully, intentionally, expressly, deliberately; without cause, unjustifiably, wantonly.

တမင်္ဂလာ, *adv.* in the way of making a great matter of a little one; purposely, on purpose, တမင်္ဂလာရိုက်သည်မဟုတ်ပါ၊ကျွန်တော်မျိုးကိုဆဲဆိုသောကြောင့်ရိုက်ပါသည်, I did not strike him wantonly, I struck him because he abused me; ထိုပုကန်ကိုတမင်္ဂလာခွဲသည်, I broke that bowl on purpose.

တမတရ (Pali), *adv.* in utter ignorance; တမတရကာလ (*lit.* in a short period of time), a short syllable, in contradistinction to ဒီဃကာလ, a long syllable.

တမန်, *n.* a messenger sent from some high authority; *comp.* သံ; hence သံတမန်, an ambassador, an envoy; ကောင်းကင်တမန်, a heavenly messenger, an angel; တမန်တော်, an apostle; တမန်စေခိုင်းသည်, တမန်စေလွှတ်သည်, to send as an envoy or ambassador; စေတော်မူခံ၊တမန်ယောကျ်ား၊အိုနတ်သား။

တမန်း, *n.* the soil of a rice field, broken up and softened for sowing seed, တမန်းကောင်းလို့ကောက်ပင်ကြီးလှယ်သည်, တမန်းပိုများညက်သလား။

တမလန်း (ပင်), *n.* a kind of tree (in U.B.), producing a valuable timber, said to resemble mahogany.

တမလွန်, *n.* the future; တမလွန်ဘဝ, the future state, တမလွန်ဘဝပြောင်းသွားသည်။

တမံ, *n.* a dam; smaller and less substantial than ဆည်; ဆည်တမံ။

တမံခံ, တမံခတ်, တမံဆည်, *v.* to make such a dam.

တမံတာရိုး, *n.* an embankment.

တမာ, 1, *n.* a kind of parrot, ကျေးတမာ; also applied to a certain sect of Brahmins, ကျေးတမာပုဏ္ဏားမျိုး။

တမာ (ပင်), 2, *n.* the tragacanth tree.

တမာခါး, *n.* the Persian lilac, Pride of China, Pride of India.

တမာစေး, *n.* tragacanth.

တမာရောက် (ပင်), *n.* the *Rondeletia tinctoria.*

တမာရွက်, *n.* a leaf of the tragacanth tree; the projecting gold points, in the form of the said leaf, set round a cap of state, ဗောင်းတော်မှာဆင်သည့်ရွှေပြား။

†တမာလကာ, *adv. a corruption of* တမင်္ဂလာ။

တမားမား, *adv.* in a laborious or menial manner, unsuitable to a person's character or circumstances, implying that a person has not even time to sit down, but is compelled to work, standing up.

တမုတ်ကြိုး, *n.* ornamental cords, trappings.

တမုန်, *n.* the commander of a vessel, သင်္ဘောသူကြီး (*rare in colloq.*).
တမ့်, တမူ, *verb. affix, closing a sentence; see Gram. sec.* 119; သွားသည်တမုန့်, ဆိုသည်တမုန့် (*obs.*).
တမူကား, *see* မူကား, *n. affix nominative; verb. affix continuative,* လျှင်။
တမြန်နေ့, *n.* the day before yesterday; *in colloq. usually combined with* က, as တမြန်နေ့က; တနေ့က, the other day.
တမြန်နှစ်, *n.* the year before last; *in colloq. usually combined with* က, တမြန်နှစ်က။
တမြိတ်, *n.* a species of *Anethum*; *see* စမြိတ်။
တမွ, *a. or adv.* poor, inferior: applied to gold; and also to elephants. ဟမွမွသွားသည်။
တမွတ်, *n.* a kind of royal umbrella.
တမှိုင်တွေတွေ, *adv.* in an absent, dejected manner.
တယ်, 1, *adv.* very; *used as an intensive prefix only,* တယ်ကောင်းသည်, for တယ်၍ကောင်းသည်, it is very good; တယ် *is colloq.,* အလွန် *being its equivalent in comp.*
တယ်ကရ, တယ်မိကရ, *adv.* exceedingly, often in the sense of overdoing, အလွန်; ခင်ဗျားတယ်မိကရမပြောနှင့်, do not speak too much, sir, *i.e.,* do not go too far in your speech; သည်အရပ်မှာကျားပေါသည်၊ ညည့်အခါတယ်မိကရမလည်နှင့်, in this place there are many tigers, do not go about too much at night.
တယ်, 2, *v.* to decoy a wild bird by means of a tame one; ခါတယ်, ချိုးတယ်, ကြက်တယ်; တယ်ကြက်, a decoy fowl; တယ်ချိုး, a decoy dove.
တယ်တိန်ညင် (*pron.* တညင်), *n.* a decoy jungle fowl; *see* တိန်ညင်။
တယမ်းယမ်းလှုပ်, *v.* to wave, as the hand, လွှဲ၍ပြသည်။
တယော, 1, *n.* a violin, fiddle, တယောပွဲ, တယောပွဲခံ။
တယောထိုး, *v.* to play on the violin or fiddle.
တယောထိုးတံ, *n.* a fiddlestick.
တယောသမား, *n.* a fiddler, violinist.
တယော, 2, *n.* blind aloes, ကယော။
တယောက်တလေ, *a.* some, အချို့; few, one here and one there, ကျောင်းသားတယောက်တလေအောင်ကြသည်။
တရုက်, *n.* a Tartar, native of Tartary, တရုပ်တရုက်။
တရပတ်, 1, *adv.* in a slovenly, slatternly manner, သက်နိုးကိုတရပတ်ရုံ, ပုဆိုးတရပတ်ကြီးနှင့်, as in wearing a *puhso* too long.
တရပတ်, 2, *n.* a kind of fan, used by priests.
တရှူ, *n.* the Malay tapir.

တရော်ဖြက် (ပင်), *n.* the changeable *Lantana*; *sometimes corrupted into* တဖြက်။

တရား (Pali ဓမ္မ), *n.* law, the laws of the moral world collectively, or any particular moral principle or law; that which accords with the laws of the moral world, or the established system of just retribution; right, equity, justice; a lawsuit; တရားလိုက်မှဘုရားနှစ်သက်သည်; *v.* to accord with moral law, to be right, equitable, just, အလွန်တရားသည့်မင်း, a very just official; တရားဆိတ်သည့်တိုင်းပြည်, a lawless or irreligious country.

တရားကျ, *v.* to be contrite; a term applied to persons who have forsaken their evil ways.

တရားခံ, *n.* a defendant in a court, or the accused in a criminal case; *comp.* တရားလို; တရားခံသက်သေ, or တရားခံပြသက်သေ, a witness for the defendant in a civil, or for the accused in a criminal case.

တရားခွင်, *n.* a place of judicature, particularly the inside of the bar of a court; a judge's or magistrate's bench.

တရားစရိတ်, *n.* the costs of a lawsuit.

တရားစီရင်, *v.* to administer the law, to decide or pass judgment in a case, as an inferior official (တရားဆုံးဖြတ်, as a superior one).

တရားစောင့်, *v.* to be conscientious, scrupulous; တရားမစောင့်, to be unscrupulous.

တရားစွဲဆို *v.* to institute a suit, prosecute in law, to sue, arraign, တရားပြုလုပ်သည် (in U. B. စားထားသည်, စာထားတရားပြုလုပ်သည်).

တရားဆုံးဖြတ်, *v.* to decide a case in court.

တရားတင်းကုပ် (*pron.* တင်းဂုပ်), *n.* an inferior tribunal; a place where the sacred law is preached.

တရားတဘောင်, *n.* a lawsuit, တရားတွေ့မှု။

တရားတွေ့, *v.* to engage, or be a party, in a lawsuit.

တရားတွေ့ဘက်, *n.* a party in a lawsuit, တရားဘက်။

တရားတွေ့မှု, *n.* a lawsuit, တရားတဘောင်။

တရားထောက်, *n.* a church clerk; a reader of responses.

တရားနာ, *v.* to hear preaching.

တရားနိုင်, *v.* to gain a cause in law; တရားနိုင်သက်သေ, a witness of the party which gains a civil case; *n.* the winning party in a civil suit, in contradistinction to တရားရှုံး, the losing party.

တရားပလ္လင်, *n.* a magistrate's or judge's bench.

တရားပိုင်မင်းကြီး, *n.* the Judicial Commissioner; also styled တရားမင်းကြီး, and လွှတ်တော်မင်းကြီး။

တရားပြုလုပ်, *v.* to prosecute in law, တရားစွဲဆို။
တရားဘက်, *n.* a party in a lawsuit, တရားတွေ့ဘက်။
တရားမ. *n.* civil law; တရားမကျင့်ထုံးဥပဒေ, the Code of Civil Procedure.
တရားမမှု. *n.* a civil case.
တရားမရုံး, *n.* a civil court; *comp.* ရာဇဝတ်ရုံး။
တရားမဲ့. *adv.* lawlessly, တရားဆိုဘ်သည့်တိုင်းပြည်မှာတရားမဲ့ပြုလုပ်ခြင်းသာများသည်။
တရားမှု. *n* a lawsuit; business pertaining to religion.
တရားရင်း. *n.* fundamental truth.
တရားရုံး, *n.* a civil court; *comp.* ရာဇဝတ်ရုံး။
တရားရှင်ပြန်လွှတ်, *v.* to discharge, as an accused; implying that on further evidence being procured, the case may be reopened.
တရားရှုံး. *v.* to lose a civil suit.
တရားလမ်း (from တရား, a moral principle, and လမ်း, a road), *n.* the path of duty; a moral course; morality; တရားလမ်းကြောင်းပြ။
တရားလို, *n.* a plaintiff in a civil, or a complainant or prosecutor in a criminal, case; တရားလိုသက်သေ, a witness for the plaintiff in a civil, or for the prosecution in a criminal, case; *comp.* တရားခံ။
တရားလိုလား, *v.* to be litigious; to be possessed with a strong desire to observe the moral precepts.
တရားဝင်, *v.* to be of age, in law.
တရားသဘင်, *n.* an assembly convened for religious or judicial purposes, တရားသဘင်စည်းဝေးသည်။
တရားသူကြီး, *n.* an administrator of justice, a judge, ရာဇဝတ်တရားသူကြီး။
တရားဟော, *v.* to preach; တရားဟောပုဂ္ဂိုလ်. a preacher and expounder of the law.
တရားဟောစာ, *n.* a sermon or homily.
တရိဂံ, *n.* a triangle, သုံးထောင့်ပုံ; ရိုးတြိဂံ, a right-angled triangle; အနားနှစ်ညီတရိဂံ, an isosceles triangle; ခေါင်းလျှားတရိဂံ, a scalene triangle.
တရိဂံခွဲ, *v.* to triangulate.
တရိရန်း, *n.* an equilateral triangle.
တရုပ်, *n.* a Chinese, native of China.
တရုပ်အပ်, *n.* a round-eyed needle.
တရုပ်ကပ်, *n.* a venetian blind.
တရုပ်ကျောင်း, *n.* a Chinese joss house.
တရုပ်စံကား (*pron.* စဂါး), *n.* the China champac, သဇော်စံကား။
တရုပ်စာ, *n.* the Javanese sparrow.

တရုပ်ဆီး, *n.* a kind of dried plum, with an acid flavor (introduced from China).

တရုပ်တန်း, *n.* China Street; the Chinese quarter in any city.

တရုပ်နတ်ပွဲ, *n.* a Chinese *nat* festival.

တရုပ်နှစ်ကူးပွဲ, *n.* a Chinese New Year's festival.

တရုပ်ဘုံအိမ်, *n.* the building in which Chinese secret societies hold their meetings.

တရုပ်မင်, *n.* india ink (made in the Anhwei Province of China).

တရုပ်မန်ကျည်း (*pron.* မကျည်း), *n.* an arboreous shrub with a fine leaf; *comp.* သဘော်မန်ကျည်း။

တရုပ်မှူးမတ်, *n.* a Mandarin, တရုပ်မင်းမှူထမ်း။

တရေး, *adv.* for a little while; applied to words of sleeping, တရေးနိုးထသည်, to awaken and arise after a nap; ကျွန်ုပ်တရေးအိပ်ရဦးမည်, I must sleep a little longer; အိပ်၍တရေးသာပျော်သည်, I was sound asleep only for a short time.

တရေးတမြွေး, *adv.* same, တရေးတမြွေးအိပ်ဦးမည်။

တရေးရေး, *adv.* steadily; applied to words of seeing; when applied to mental action, it signifies firmly, really, indeed, truly, အလုပ်ကိုရမည်လို့တရေးရေးထင်သည်, မောင်မင်းငါ့စကားကိုနားမထောင်လျှင်၊ ထောင်ကျမည်တရေးရေးထင်သည်။

တရော်, *n.* a species of linden-bloom, *Grewia.*

တရော်ညှိနွယ်, *n.* the *Gouania leptostachya*, a large, scandent, tendril-bearing shrub, producing small, yellowish flowers, which give place to capsular drupes provided with three rounded, short wings.

တရွင်း, *see* တူးရွင်း, *n.* a spade, shovel.

တရှား, *n.* the Tavoy name for ဆီးဖြူ။

တရှုပ်ရှုပ်ရှိ, *v.* to whimper, နွဲ့သံပြု။

တလျှောက်လုံး, *adv.* all along, through the entire length, all the way, မြစ်တလျှောက်လုံး, လမ်းတလျှောက်လုံး, ချောင်းတလျှောက်လုံး, မြို့တလျှောက်လုံး။

တလျှောင်လျှောင်, *adv.* moderately; appearing and disappearing, as a chronic disease, ပျောက်ချေပေါ်ချေ၊တလျှောင်လျှောင်မမာနေသည်။

တလက်တက်, *n.* a handful, as much as the hand will contain; *comp.* လက်တဆုပ်။

တလင်း, *n.* a clear, level plot of ground, စစ်တလင်း, မြေတလင်း, သမံတလင်း; စပါးတလင်း, ကောက်တလင်း, နှမ်းတလင်း, a threshing floor.

တလင်းကျံ, *v.* to smear a threshing floor with a mixture of earth and dung, to prevent the paddy from falling into cracks.

တလင်းတက်ပွဲ, *n.* the harvest-home festival.

တလင်းတွင်းရောင်း, *v.* to sell paddy while it is still on the threshing floor.
တလင်းပြင်, *n.* same as တလင်း။
တလင်းပြောင်, *n.* the same, made quite clear of grass, refuse, etc.
တလင်းသား, *n.* a bastard, မြင်တလင်းသား။
တလည်လည်, *adv.* round and round.
တလယ်ကျူမ်ကျူမ်, *n.* the Tavoy name for camphor, ဖုမ္ဗသိမ်။
တလပါ (*pron.* ဒလပါ), *n.* a large shovel; *comp.* ငန်းပြား, and တူးရွင်းပြား။
တလဖက် (*accented on the second syllable*), *n.* a kind of mango; နက်တဲ့သရက်။
တလလ, *adv.* in a vain, rambling manner, ဗောင်ကျော့, လယ်လျားလျား။
တလလတကျော့ကျော့, *adv.* same, အလုပ်အကိုင်မရှိဘဲနှင့်တလလ (or တလလ ဟကျော့ကျော့) လမ်းလျှောက်နေသည်, without having any employment, he continues walking about the streets, in a vain, aimless manner.
တလဟတ်, *n.* the Hamilton teak.
တလား, *n.* a coffin, or any receptacle in which a corpse is placed to receive funeral rites.
တလားတင်ခင်တိတ် (*pron.* ဂင်ဒိတ်), *n.* a hearse, တလားတင်စွယ်ဖား။
တလားထမ်းခုံ, *n.* a bier.
†တလားဖုတ်, *n.* a cookhouse belonging to a monastery, ဓါးတင်းကုပ်, စားဖိုအိမ်။
တလီတိ (ပင်), *n.* the *Rourea* plant.
တလုမ်, *n.* the Tavoy name for သင်ပေါင်း။
တလုံနွေးနွေး (*rare*), *see* တအုံနွေးနွေး, *adv.* concernedly, as in the way of thinking over one's faults with regret. တအုံနွေးနွေးအောက်မေ့သည်။
တလုံလဲလဲ, *adv.* repeatedly, တလဲလဲ, အဖန်တလဲလဲ, ထပ်တလဲလဲ။
တလိုင်း, *n.* a Peguan or Talaing, မွန်။
တလိုင်းကရင်, *n.* a Pwo Karen.
တလိုင်းမြန်မာ, *n.* Talaings and Burmans collectively.
တဏ္ဍ (*pron.* သန့်) (Pali), *n.* filth, uncleanness; vileness, wickedness; အညစ်အကြေး, ညစ်ညမ်းခြင်း; တဏ္ဍပွေး, ringworm produced by uncleanness.
တဟင့်ဟင့်ရို, *v.* to whine, as a child, ညည်းသံပြုသည်။
တဟတ်, *see* တလဟတ်, *n.* the Hamilton teak.
တဟဲ့ဟဲ့, *adv.* threateningly.
တံကင်း (*pron.* တဂင်း), *n.* the outrigger of a boat; *see* တွန်းခင်း, လှေတွန်းခင်း။
တံကူ (*pron.* တဂူ), *n.* a knee of a boat or ship; a crook for a knee, တံကူချသည်။

တံကူး, *see* တန်ခူး, *n.* *Tagu*, the first month in the Burmese year, nearly answering to April.

တံကဲ (*pron.* တဂဲ), *n.* a support for the back, anything to lean against; *comp.* အမှီ, with which it is often coupled; *used figuratively* to signify help, support, assistance, ဘုရားမျှသော်လည်း၊အမှီတံကဲရှိမှ ပွင့်တော်မူနိုင်သည်, even a Buddh can only appear with a support; meaning that without a Bo tree, there can be no Buddh; ကျွန်တော်အမှီတံကဲမရှိလို့၊သည်လောက်ပင်ပန်းသည်, I am in so much distress, because I have no support or stay.

တံကဲပန်း, *n.* ornamental, carved work in the throne of a Buddh, or a monarch.

တံကောက် (*pron.* တဂေါက်), *n.* the bend under the knee, ကကောက်, ဒူးကောက်, တံကောက်ကွေး။

တံကောက်ကြော, *n* the hamstring, ဒူးကောက်ကြော။

တံကောက်ကြောဖြတ်, *v.* to hamstring, တံကောက်ကြောကိုထားနှင့်ဖြတ်သည်။

တံကောက်ကွေး, *n.* same as တံကောက်, ခရီးသွားရလွန်းလို့၊ တံကောက်ကွေးများတောင့်တင်းနေသည်။

တံကို (*pron.* တဂို), *n.* the roof of a boat, made with a ridgepole, like the roof of a house, တံကိုပေါင်း (*pron.* ဗောင်း).

တံကျင် (*pron.* တကျင်), *n.* an impaling stake; *comp.* တံစို့; တံကျင်တင်။

တံကျင်လျှို, *v.* to impale, တံကျင်လျှိုသတ်သည်။

တံကျစ်စည်း, *n.* a kind of braided broom.

တံခါး (*pron.* တဂါး), *n.* a door; a postern or gate, as the gate of a city, မြောက်တံခါး, တောင်တံခါး, အရှေ့တံခါး, အနောက်တံခါး။

တံခါးကျင် (*pron.* တဂါးကျင်), *n.* a bolt or bar, ကန့်လန့်ကျင်; တံခါးကျင်ထိုး, တံခါးကျင်လျှို, to make secure with a bolt, to bolt; *see* မင်းထုပ်, which is applied to gates of large size.

တံခါးကျည်း, *n.* same as တံခါးကျင်။

တံခါးခုံ, *n.* the sill or threshold of a door.

တံခါးစောင့်, *n.* a doorkeeper.

တံခါးထုပ်, *n.* a lintel.

တံခါးနီ, *n.* the red postern in the palace at Mandalay.

တံခါးပေါင်, *n.* the back part of the leaf of a door, on which the door turns, which terminates in a point above and below; a batten; *see under* အပေါင်။

တံခါးမုတ်, *n.* an arch or frame over a door or gate; a triumphal arch.

တံခါးမှူး, *n.* a chief who has charge of a gate.

တံခါးရွက်, *n.* the leaf or fold of a door.

တံခါးဝ, *n.* a doorway; a gateway; တံခါးပေါက်။

†တံချူ (*pron.* တဂျူ) (from ချူ to twist off). *n.* a forked pole used to twist off fruit and leaves, အသီးကိုတံချူနှင့်ဆွတ်ယူသည်; မိန်တံချူ. a jocular term for an instrument used by boat thieves, for the purpose of abstracting property from boats. မိန်တံချူနှင့်လှမ်းယူသည်။

တံခြစ်စည်း, *n.* a stiff broom or straight rake (used on the ground).

တံခွန် (*pron.* တဂွန်), *n.* a streamer offered in worship; the tail of a comet; a pennant. တံခွန်ပြား, တံခွန်လုံး။

တံခွန်ကုပ်ကား, *n.* a streamer fastened to its staff by a curved stick or bamboo; *see* ကြက်လျှာတံခွန်. and ကုပ်ကားတံခွန်။

တံခွန်ကြက်လျှာ. *n.* a paper streamer in the shape of a fowl's tongue; *see under* ကြက်လျှာတံခွန်။

တံခွန်တိုင် (*pron.* တဂွန်ဒိုင်), *n.* a sacred flagstaff.

တံခွန်တိုင်စိုက်. တံခွန်တိုင်ထူ, *v.* to erect a sacred flagstaff.

တံခွန်တိုင်တကာ. *n.* one who makes an offering of a sacred flagstaff.

တံခွန်မြူဆွတ်, *v.* to be deficient in ear. as the rice plant, or any cereal.

တံခွန်လှူ, *v.* to make an offering of a sacred streamer.

တံခွန်လွှား, *n.* the mark ( ် ); when applied to a final consonant, အသတ်; when applied to the vowel ေသြာ်. ရှေ့ထိုး; တံခွန်လွှား was formerly used instead of ရှေ့ထိုး။

တံငါ, *see* တငါ, *n.* a fisherman.

တံစက် (*pron.* တဇက်), *n.* the eaves of a roof, အမိုးစွန်းတံစက်။

တံစက်ကြောင်း, *n.* the drain which receives the droppings of the eaves; the line of the eaves. တံစက်ကြောင်းက၊ရေကျအောင်မိုးသည်းရွာသည်, it rains so that the water falls from the line of the eaves.

တံစက်နား, *n.* the line of the eaves.

တံစက်မြိတ် (*pron.* တဇက်မိတ်), *n.* the extreme ends of the eaves.

တံစက်လက်ပြန်ရေ, *n.* water thrown back on the roof of a house and caught again for medicinal purposes. This water is mixed with medicine and administered to those supposed to be possessed by an evil spirit or witch. It is also thrown upon mad dogs, under the belief that it will prevent them from returning to the house.

တံစဉ်း (*pron.* တဇင်း), *n.* a file, သုံးထောင့်တံစဉ်း, ခွေးလျှာတံစဉ်း။

တံစဉ်းကြမ်း, *n.* a rasp.

တံစဉ်းစာ. *n.* filings.

တံစဉ်းခိုတ်, *v.* to cut a file.

တံစဉ်း (နှင့်) တိုက်, *v.* to file.

တံစဉ်း (နှင့်) သွေး, *v.* to sharpen with a file, as a saw.

တံစည် (*pron.* တစည်). *n.* a sickle.
တံစည်စာ, *n.* the grain left in reaping.
တံစည်(နှင့်)ရိတ်, *v.* to reap with a sickle.
တံစည်း (*pron.* တဇည်း), *n.* an adz.
တံစုန်း (*pron.* တဇုန်း), *n.* a branch of a sunken tree, a snag, တံစုန်းသစ်ငုတ်, တံစုန်းငုတ်ကိုတိုက်မိ၍မီးသင်္ဘောမြုပ်သွားသည်, the steamer struck a snag and sank.
တံစူးဝါး (*pron.* တဇူးဝါး), *n.* a bamboo used as a poker, at the burning of a dead body. Cups are made from the joints of these bamboos, for the purpose of holding charmed medicine. The medicine is tattooed into a person's flesh, as a preventive against the malign influences of witches and evil spirits.
တံစောင် (*pron.* တဇောင်), *n.* a long, circular or angular chisel.
တံစို့ (*pron.* တဇို့), *n.* a spit; *comp.* တံကျင်။
တံစို့ကန့်လန့်ကျင်, *n.* a skewer.
တံစို့ထိုး, *v.* to spit, thrust a spit through; put on a spit.
တံစိုး (*pron.* တဇိုး), *n.* a gift made in order to pervert justice, a bribe.
တံစိုးစား, *v.* to take a bribe.
တံစိုးထိုး, *v.* to bribe.
တံစိုးလက်ဆောင်, *n.* a bribe, တံစိုးလက်ဆောင်စားသည်, အကြောင်းမတန် တံစိုးလက်ဆောင်စားသည့်မင်း, an official who takes many bribes.
တံဆိပ် (*pron.* တဆိပ်), *n.* a mark or impression made by stamping: a stamp, seal; တံဆိပ်တော်စက္ကူ, government stamped paper.
တံဆိပ်ခတ်, တံဆိပ်ရိုက်, *v.* to stamp.
တံဆိပ်ခေါင်း, တံဆိပ်တော်ခေါင်း, *n.* a postage or receipt stamp.
တံဆိပ်ပုံ, *n.* a stamp, seal.
တံညှပ်, *n.* a split bamboo stick for roasting or toasting; *see* ကင်ညှပ်; အမည်းသားတစ်တံညှပ်နှင့်ကင်သည်, ကောက်ညှင်းတံညှပ်နှင့်ကင်သည်, လူမမာများကိုဆီးသားတံညှပ်နှင့်ထမင်းကင်ပေးသည်။
တံတင်း, *n.* a kind of basket or box (*obs.*).
တံတား (*pron.* တဒါး), *n.* a bridge; hence မြေတံတား, a causeway.
တံတားအုတ်မြစ်, *n.* an abutment.
တံတားဦးတို, *n.* a wharf.
တံတားခင်း, တံတားထိုး, *v.* to bridge, make a bridge over.
တံတားဆောက်, *v.* to build or construct a bridge.
တံတားပုခက်, *n.* a suspension bridge.
တံတားရှင်, *n.* a drawbridge, နင်းကျွမ်း, ခေါက်တံတား။

**တံတုတ်**, *n.* a strickle, a levelling stick used to level grain in a measure, တံသုတ်။

**တံတောင်**, *see* တတောင်, *n.* the elbow.

†ထီးလျှိုင်ကာ (ငှက်), *n.* a large bird (*fabulous*), said to be able to carry a man on its back (Pali ဝါရဏ).

ထု, 1, *v.* to pound, hammer, beat, နှက်သည်, ရိုက်သည်; *comp.* တေ; to strike moderately hard with the closed fist, as in shampooing, ကျွန်တော်နဖူးကိုလက်သီးနှင့်ထုပေးပါ; လမ်းမပေါ်မှာရှိသည့်ဒိလုံးများကိုထုမှသာလျှင်လမ်းကိုခင်းနိုင်မည်, only by breaking up the baked clay balls on the road, will you be able to metal it; ပန်းပဲသံလုံးကိုပေပေါ်တွင်တင်၍တူနှင့်ထုသည်။

ထုချေ, *v.* to pulverize by pounding: to disprove, refute, ချေပသည်, သည်တရားခံအမှုကိုကောင်းမွန်စွာထုချေနိုင်ဟန်မပေါ်မရှိ, there is no probability of the accused being able to refute the charge.

ထုချေချက်, *n.* a defendant's reply.

ထုချေပြောဆို, *v.* to rejoin (in law pleading).

ထုခွဲ, *v.* to sell off, ထုခွဲ၍ရောင်းသည်, ဥစ္စာပစ္စည်းများထုခွဲပြီးမှကြွေးမြီများပေးဆပ်နိုင်ပါမည်။

ထုရိုက်, *v.* to pound and smite; *see the parts.*

ထု, 2, *v.* to carve, engrave, sculpture, ထုလုပ်သည်, သစ်သားကိုထုတတ်သလား, can you carve in wood? မန္တလေးသားများရုပ်ပွါးဆင်းတုများကိုထုတတ်သည်, Mandalay men are skilled in sculpturing images.

ထု, 3, *n.* thickness, numerousness, multitude; *see under* အထု; ထုတပေပတ်လည်, a cubic foot; သည်ပွဲမှာလူထုအလွန်ကောင်းသည်။

ထုအင်, *n.* numbers, or strength derived from numbers.

ထုထယ်, *n.* size, largeness, greatness, သည်ကုန်သည်ကြီးသည်ဥစ္စာပစ္စည်းထုထယ်အလွန်ကောင်းသည်; သည်ဆင်ထုထယ်ကောင်းသည်။

ထုတ်, 1, *v.* to take out, produce, bring to light, ဖော်သည်: *comp.* နုတ်; to make extracts from writings; to put out, ထွက်စေသည်, မြင်းကောင်းကထုတ်စရှိအလွန်မြန်းထူးသည်; ပုံနှိပ်သည်စာအုပ်များအသိုးမတတ်နိုင်လို့၊စာအခေါင်ခေါင်ကစကားများကိုထုတ်ရေးသားသည်; တရားခံများကိုနံနက်စောစောထောင်မှထုတ်ယူသည်ကိုမြင်လိုက်ပါသည်။

ထုတ်ကုန်, *n.* an export; *comp.* သွင်းကုန်။

ထုတ်ပစ်, *v.* to throw out, eject.

ထုတ်ပေး, *v.* to disburse.

ထုတ်ပြ, *v.* to produce, bring to view.

ထုတ်ဖော်, *v.* to bring forth to view, to disclose, to make a display of, သည်လူမိမိကျေးဇူးကိုခဏခဏထုတ်ဖော်၍ပြောတတ်သည်။

ထုတ်ယူ, *v.* to take out.

ထုတ်, 2 (*according to many Burmese scholars,* တုတ်), *n.* a stick, club, cudgel.

ထုတ်ချွန် (or တုတ်ချွန်), *n.* a sharp stick, a goad.

ထုတ်ထား (or တုတ်ထား), *n.* a swordstick.

ထုတ်နှိုင်ထားနှိုင်သိမ်း (or ထုတ်), *v.* to seize, or collect, all persons capable of bearing arms (*lit.* staves and *das*).

†ထုတ်ချင်း, *adv.* straight through crosswise; *comp.* ဖို့ရို။

ထုတ်ချင်းခပ်, *v.* to go straight through with violence, ထုတ်ချင်းပေါက်: to pass through a substance, as a bullet or spear, ငြှုကဝက်ကိုလှံနှင့်ထိုးလိုက်လို့၊ ထုတ်ချင်းခပ် ပေါက်သွားသည်; ရဟန်းတို့ ရွာမှထုတ်ချင်းခပ်လျှိုသောခရီးကို၊ထီးဘိနပ်တို့ဖြင့်စီးဆောင်း၍သွားကောင်းသည်။

ထုတ်ချောက်, *adv.* directly, at once; *prefix to* ရောက်, ဝန်ထောက်မင်းအိမ်အရှေ့ဘက်ကတာလမ်းကိုလိုက်သွားလျှင်၊ ဘုရားကြီးကို ထုတ်ချောက်ရောက်နိုင်သည်. ပြည်မြို့ကိုထုတ်ချောက်ရောက်အောင်သွားပါ။

ထုတ်ထုတ်, *adv.* pulsatorily, သွေးထုတ်ထုတ် (*pron.* ဒုတ်ဒုတ်) ခုန်သည်။

ထုဋ္ဌရူ, *n.* the trogon, a bird with beautiful plumage.

ထုပ်, 1, *n.* a crossbeam, on which the plate of a roof (လျှောက်) is made to rest, a tie beam.

ထုပ်စီးလျှောက်, *n.* a plate, the piece of timber which supports the ends of the rafters; *see* လျှောက်။

ထုပ်ဆီး, ထုပ်ဆီးကစား, ထုပ်ဆီးတမ်းကစား, ထုပ်တိုး, ထုပ်တိုးကစား, ထုပ်ပုံဆီးကစား, *v.* to play gantlet.

ထုပ်ပြန်, *n.* a short crossbeam above the main beam.

ထုပ်လုလင်, *n.* a purlin. မြွား။

ထုပ်, 2, *v.* to wrap up, as in a bundle, or bind up, as in a package, နက်ဖြန်စောစောခရီးသွားရမည်လို့၊ ပုဆိုးအင်္ကျီများကို ကောင်းမွန်စွာထုပ်ထားလိုက်ပါ။

ထုပ်ပိုက်, *v. see the parts,* သားငယ်ကိုထုပ်ပိုက်၍နှိုတိုက်သည်။

ထုပ်ပိုး, *v.* to pack up for conveyance, ဝန်ထုပ်များကိုအသင့်ထုပ်ပိုး၍ထားပါ။

ထုပ်ရစ်, *v.* to wrap by several involutions, ကျွန်တော်ခြေအလွန်ပေါသည်။ သင်္ကန်းလတ်နှင့်ထုပ်ရစ်လိုက်ပါ, သည်ထားကိုသံချေးမတက်နိုင်အောင်၊အဝတ်နှင့်ထုပ်ရစ်ထားလိုက်ပါ, wrap up this *da* in a cloth, so that it cannot rust, ဘုန်းကြီးပြန်အလောင်းကိုကြိုးဖြင့်ထုပ်ရစ်၍ခေါင်းသွင်းတတ်သည်။

ထုမ္ဘိကာ (*pron.* ဒုမ်ဗိဂါ), *n.* the bulging part of a graduated steeple (ပြာသာဒ်), beneath the umbrella, ဖိစပ်ဖူး, ဟင်းရမ်ဖူး; *comp.* ခရားသီး, and ငှက်ပျောဖူး။

ထုံ, 1, *n.* a mixture of metals arranged for certain alchemical treatment.

ထုံ, 2, *v.* to perfume; to imbue with; to be naturally imbued with, ဝါသနာထုံသည်, ဝါသနာရှိသည်; သေတ္တာထဲမှာပုဆိုးအင်္ကျီများကိုအမွှေးနံ့သာဖြင့်ထုံထားသည်, he perfumes the *puhsoes* and jackets in the box, with sweet scents, ဆေးလိပ်များကိုအရက်ရေမွှေးတို့ဖြင့်ထုံထားသည်, he perfumes the cheroots with spirits and scent; ခင်ဗျားအခါတ်ပွဲရုပ်သေးပွဲများကို

ဝါသနာထုံသလော, have you a predilection for *zats* and marionette *pwes?* *Der.* အထုံ။

ထုံသင်း, *v.* to emit a pleasant odor; *see* သင်း။

ထုံ, 3, *v.* to be numb, benumbed, torpid, stupefied; *comp.* ကျည်; ကျန်တော် အကြောအခြင်ထုံနေသည်။ ဘာမျှမလုပ်နိုင်၊ မကိုင်နိုင်ဘူး, my sinews and tendons are numb; I cannot do any work.

ထုံကိုင်, *v.* to be insensible, unimpressible. ထုံကိုင်၍နေသည်, ထုံနာကိုင်နေသည်။

ထုံကျည် (*pron.* ကျည်), *v.* same as ထုံကိုင်။

ထုံမို. ထုံလှုပ်, *n.* diseases said to be prevalent at Mogaung, in the Island of Cheduba, and at Kyaukpyu.

ထုံနာ, *n.* a disease, of which there are two kinds, ထုံနာဝို, when the patient keeps in good flesh, and ထုံနာခြောက်, when he grows thin; the former is more rapidly fatal.

ထုံပေ, *v.* to be apathetic, listless; *chiefly used as an adjective*, as in the phrase လူထုံပေ, an apathetic person.

ထုံပေပေ, *adv.* in an indifferent, *nonchalant* manner, အလွန်ထုံပေသည့်လူ၊ ခိုင်းလို့ခေလို့ပေါ့ပေါ့ပါးပါးလုပ်တော်မရပါ။

ထုံမြွေ, *n.* a disease of women.

ထုံး, 1, *n.* a precedent, way, manner, custom. အတာဒ်း, အရိုး. ဓလေ့. နည်း; ရှေးထုံးရှေးနည်းဖြစ်လျှင်ရှိပါသည်, as for precedents, we have them.

ထုံးစံ (*most common*). ထုံးတမ်း. ထုံးရိုး, *n.* same as ထုံး; မြန်မာထုံးစံများ တိမ်မြုပ်မည်ကိုအလွန်စိုးပါသည်, I am very anxious lest Burmese customs will disappear.

ထုံးဖွဲ့, *v.* to make a rule; to settle, determine; ဥပဒေထားသည်; ဖြတ်ခွန်းသည်။

ထုံးဖြတ် (*commonly pron.* ဖိတ်), *v.* to make a rule; to settle, determine.

ထုံးသာဓက, *n.* an example, a precedent, ထုံးနည်း။

ထုံးဟောင်း, *n.* common law, *i.e.*, law which derives its authority from long usage or custom, ထုံးဟောင်းသက်သေ; *comp.* ဖြတ်ထုံး။

ထုံး, 2, *n.* lime; hence ဖောက်ထုံး, slaked lime; မဖောက်ထုံး, unslaked lime.

ထုံးကျုတ်တက်ရေ, *n.* water impregnated with lime.

ထုံးကျောက်, *n.* limestone.

ထုံးနီ, ထုံးဖြူ, *n.* red and white lime (chewed with betel).

ထုံးပေါက်, *v.* to be blistered, as the tongue, gums, or roof of the mouth, from excessive eating of lime.

ထုံးဖုတ်, *v.* to burn limestone.

ထုံးဖို, *n.* a limekiln.

ထုံးဖြူရည်, *n.* whitewash ; ဖြူရည်။

ထုံးဘူး, *n.* a chunam box.

✓ထုံး, 3, *n.* a pond or lake, formed by a flow of water from another pond or lake, or from an arm of the sea.

ထုံးအိုင်, *n.* same as ထုံး; ထုံးအိုင်အခွန်, pond and lake fisheries tax.

ထုံး, 4, *v.* to tie in a knot. *Der.* အထုံး။

ထုံးဗွိုင်း, *v.* to mark at intervals (*infreq.*); ထုံးဗွိုင်းထုံးဗွိုင်း, *adv.* at intervals, မြို့သို့သွားသည်လမ်း၌ရေထုံးဗွိုင်းထုံးဗွိုင်းရှိသည်, there is water at intervals, on the road leading to the city.

ထုံးဖွဲ့, *v.* to tie in a knot.

ထူ, 1, *v.* to raise to an erect posture; to raise one's self to an erect posture, or from a recumbent to a sitting posture; နတ်ဖြန့်ကျွန်းသော အိမ်တိုင်များကိုဗွိုင်းထူကြပါနေ့မှ ခင်ဗျားတို့; အိပ်ရာမှမထူနိုင်ပါ, I cannot raise myself from bed; *comp.* ထောင်။

ထူထောင်, *v.* to erect, set up, as a building or city on an old foundation, or as a business, ကျွန်တော်ယခုမှသာလှေတက်များကိုထူထောင်နိုင်ပါသည်, not till now have I been able to set up a business in boats and oars; မအူပင်မြို့ထူထောင်သည်မှာ၊ဘယ်လောက်ကြာပြီလဲ, how long ago was the city of Maubin founded?

ထူ, 2, *v.* to be thick, not thin, ပေါ; to be thick, close together, ပေါ်း, *comp.* စိပ်; to be dense; လူအစုအဝေးတို့သည်ထူထပ်လျက်ရှိကြသည်; *fig.*, to be dull, stupid, thick-headed; to become hypertrophied (*lit.* to thicken), as the skin of the face and extremities of the fingers, ears, etc., in leprosy; သည်ပုဆိုးအလွန်အသားထူသည်, the texture of this *puhso* is very thick; သည်တောအလွန်ထူသည်, this jungle is very dense; အလွန်ထူးသည့်လူ, a very stupid man; မောင်သာထွန်းအသားအရေထူလာပြီ၊ နူရှာတော့မည်; ထူထဲသည့်အင်္ကျီ, a thick jacket.

ထူထပ်, *v.* to be thick, close together, သည်ပွဲမှာအလွန်လူထူထပ်သည်၊ ကြည့်စရာမရှိဘူး, the people are very crowded in this *pwe*; there is no place from which to see it.

ထူထူ, *adv.* thickly, ထိုက်ထိုက်။

ထူထဲ, *v.* to be thick, not thin; to be thick, close together; particularly applied to closely woven cloth, အလွန်ထူထဲသည့်အင်္ကျီ, a very thick jacket; သည်မြင်းအလွန်ထူထဲသည့်မြင်း၊ အစီးအနင်း ကောင်းကောင်းခံသည်, this horse is very stoutly built, he stands a great deal of riding.

ထူပြော (*pron.* ထူပြော), *v.* to be numerous, ပြောသည်, များသည်; to be prevalent, as disease, ထူထပ်ပေါများ, ယခုအခါရန်ကုန်မြို့မှာကျောက်ပေါက် ရောဂါအလွန်ထူပြောသည်; သူခိုးထားပြထူပြောသည့်အရပ်, a locality where thieves and dacoits are very numerous.

ထူလပြစ်ကြီး, ထူလပြစ်ပြစ်, *a.* same as ပြစ်ထူကြီး, stupid; thick-headed.

ထူး, **1**, *n.* a natural hole, cavity in the earth; *not used singly.*

ထူးခေါင်း, ထူးတွင်း, *n.* same, ထူးတွင်းထဲကမြွေထွက်လာသည်။

ထူးပေါက်, *n.* a hole, passage through from side to side; ပေါက် *frequently follows* ထူး *as a verb, e.g.*, ထူးပေါက်၍ထားရိုးပေါက်သွားသည်။

ထူး, **2**, *n.* a hopple or fetter of iron or rope.

ထူးခတ်, ထူးထည့်, *v.* to put on a hopple or fetter, ဆင်ဆိုးလို့ထူးခတ်ရသည်, as the elephant is vicious, one has to fetter him.

ထူး, **3**, *v.* to differ from others, be diverse, whether for the better or the worse; to be singular, uncommon, အလွန်ထူးသည့်လူ; *comp.* ဆန်း. *Der.* အထူးထူး, and တထူး။

ထူးခြား, *v.* same, သည်သူတဦးအပြောအဆိုအနေအထိုင်အသွားအလာအလွန်ထူးခြားသည်။

ထူးချွန်, *v.* to exceed, surpass in skill or execution, ဥာဏ်ပညာထူးချွန်သောသူ။

ထူးဆန်း (*pron.* ထူးဇန်း), *v.* to be unusual, uncommon, distinguished, exceptional, rare, marvellous, peculiar; *see* ဆန်း; တထူးတဆန်းသည့်သတင်း, extraordinary news; ငှက်ကုလားအုပ်အလွန်ထူးဆန်းသောငှက်ဖြစ်ပါသည်, the ostrich is a most extraordinary bird.

ထူးထွေ, *v.* to be diverse, various, diversified; to become different from itself; *see* ထွေ; to be unusual, extraordinary, particular, ဦးကုလားထူးထူးထွေထွေမပြောဘူး, U Kula did not mention anything in particular; ကျွန်တော်သည်အမှုတွင်ထူးထူးထွေထွေမပြောလိုပါဘူး, I do not wish to say anything unusual in this case.

ထူးပြား, *v.* to be various, ယခုကာလထူးထူးပြားပြားသတင်းစကားများသည်, in these days there are all sorts of wonderful rumors. *Der.* အထူးထူးအပြားပြား။

ထူးလည်း (*pron.* လယ် *in colloq.*), *v.* same as ထူးဆန်း; ထူးထူးလည်းလည်းရှိသည်, ကွဲလည်းထူးခြား, ကွဲလွဲထူးခြား။

ထူး, **4**, *v.* to reply to a call, သူခေါ်သောအခါထူးပါလား, when he calls, answer him, will you not? ဘုရားထူးသည်, ခင်ဗျားထူးသည်, ရှင်ထူးသည်။

ထူးချက်, *n.* what is said in reply to a call.

ထေ (*pron.* ထယ်), *v.* to exchange, barter, ထပ်သည်, လဲသည် (*infreq.*); ထေချင်းထပ်သည်, ထေချင်းလဲကြစို့။

ထေယျသံဝါသက (Pali ထေယျ, to steal, and သံဝါသ, to associate), *n.* one who assumes the appearance of a priest and thereby steals the fellowship of priests; or a priest who pretends that he has observed a greater number of Lents than he really has, ထေရ်ခိုး။

ထေရ် (Pali), *n.* one who has been a Buddhist priest for not less than

five years; there are three classes, အနုထေရ်, or မဇ္ဈိမထေရ်, ထေရထေရ်, and မဟာထေရ်, composed of those who have been respectively, five, ten, and fifteen successive years, in the priesthood; *see* မထေရ်; strictly speaking no priest has a right to the title of မဟာထေရ်, unless he has passed twenty Lents in the priesthood.

ထေ့ပြော, *v.* to speak in an allusive, bantering manner (*Colloq.*).

ထေ့သံ, *n.* a light accented sound. အောက်မြစ်သံ။

ထေး, *v.* to calk with pitch or other similar substance, လှေကိုထေးတတ်သလား, can you calk a boat?

**ထေးကျပ်**, *v.* to calk, by driving pitch or any similar substance into seams or cracks with a heated instrument; *see* ကျပ်။

**ထေးကြောင်းပတ်သေး**, *n.* the calked seams in a boat, ခင်ဗျားလှေထေးကြောင်းပတ်သေး မလွတ်ဘူး။ မလွတ်သောကြောင့် ခင်ဗျား အသိုး ချိချိနှင့် ရောင်းမည် မထုတ်လား။

**ထေးဖာ**, *v.* to mend a breach, close a hole by patching or otherwise; *see* ဖာ။

ထောက်, **1**, *v.* to prop up; *comp.* ခု; to support, maintain, afford assistance, ကူသည်, ညီသည်, မသည်; *n.* a prop, stay, brace, strut; (a horse's) height, သည်မြင်းထောက်ကောင်းသည်, this horse is of a good height; ထောက်သုံးတောင်ပြည့်သည့်မြင်း, a horse whose height is fully three cubits, *i.e.*, thirteen hands and two inches; to ricochet, as a bullet, မြေကြီးကိုကျည်ထောက်သွားသည်; ထောက်ပြော, to put words into another's mouth, to prompt, ကျွန်ုပ်သိချင်းဆိုသည့်အခါ၊မှားလျှင်ထောက်ပါခင်ဗျား. *Der.* အထောက်, and အထောက်အရပ်။

ထောက်ခံ, *v.* to support; to support with a prop; *see the parts*; မောင်မင်းသက်သေထောက်ခံပြရန်ရှိ၏လား။

ထောက်ခွ, *n.* a supporting crotch, a crutch.

ထောက်တို, *n.* a short prop under a floor, သည်အိမ်အောက်ကထောက်တိုကိုခံထားသည်။

ထောက်တိုင်, *n.* a stanchion.

ထောက်ပင့်, ထောက်ပံ့, ထောက်မ, *v.* to support, maintain, afford assistance, ဆင်းရဲနွမ်းပါးသောသူတို့ကို၊ ငွေရှိသောလူများက၊ ထောက်ပံ့ရန်အလွန်ကောင်းပါသည်။

ထောက်, **2**, *v.* to consider, ဆင်ခြင်သည်; *not* [illegible] *singly in this sense*; to have regard to, have respect to; to have regard for, feel for, စာသည်, ညှာသည်; သည်အမှုတွင်ခင်ဗျားမျက်နှာကိုမထောက်နိုင်ပါ. *Der.* အထောက်။

ထောက်ချင့်, *v.* to consider, weigh, estimate in the mind, take into account, ကျွန်ုပ်အထူးပြောရန်မရှိ၊အမှုကိုထောက်ချင့်လို့သာပြုပါတော့။

ထောက်စာ. ထောက်ညှာ. *v.* to have regard to; to feel for, မိမိဆွေမျိုးအလွန်ထောက်ညှာလျှင်၊မကြာမကြာငွေချေးချင်သည်။

ထောက်ထား. *v.* to have regard or respect to.

ထောက်မြော်. *v. see the parts.*

ထောက်ရှု. *v.* to consider, ထောက်ရှုမြော်တွေး; ကြီးကျယ်သည့်အကြောင်းကိုမကြံမှီ၊ထောက်ရှုမြော်တွေးလျှင်ကောင်းသည်။

ထောက်လှမ်း, *v.* to inquire into, take measures to know, especially in the way of doing so for some official, သည်အကြောင်းအရာကိုထောက်လှမ်းပါဦး. make further inquiry into the circumstances of this case; ထောက်လှမ်းချက်ပေး, to give information; ထောက်လှမ်းချက်ရ, to receive information.

†ထောက်ကြံ့ (ပင်). *n.* a name common to two species of *Terminalia*, the *Terminalia alata*, and the *Terminalia crenulata*, forest trees growing to the height of sixty or one hundred feet (Pali အဇ္ဇုန).

ထောက်ရှာ (ပင်). *n.* the chaste tree (the leaves are eaten with curry).

ထောက်ရှာမ (ပင်). *n.* the *Turpinia pomifera*, an evergreen tree, growing to the height of thirty or forty feet; the flowers which are small, and greenish white, form panicles in the axles of the upper leaves; the fruit is round, green, and smooth, the size of a large cherry.

ထောင်, 1, *n.* a prison, jail, နှောင်အိမ်။

ထောင်ကဲ. *n.* a jailer (*of doubtful usage*), ထောင်ကဲမင်း။

ထောင်ကျ. *v.* to be imprisoned.

ထောင်ခါ. *v.* to make a jail delivery; formerly (in U.B.), to release prisoners, when a jail was overcrowded, or with a view of obtaining merit, as on the occasion of the King's coronation, the new year, etc.

ထောင်ချ, *v.* to put into a prison, to confine in a prison or jail.

ထောင်ချပ်ဝရမ်း. *n.* a jail commitment warrant.

ထောင်စာချီ. ထောင်စာရေး. *n.* the clerk of a jail.

ထောင်တသက် (*pron.* ထောင့်တသက်). *n.* imprisonment for life; ထောင်တသက်တကျွန်းပို့ဒဏ်. transportation for life; ထောင်တသက်စီရင်သည်။

ထောင်ထ, *v.* to rise in mutiny, as the prisoners of a jail, ထောင်ပုန်ကန်။

ထောင်ဒဏ်, *n.* the punishment of imprisonment.

ထောင်ပါးကွက်, *n.* an executioner, အာဏာသား။

ထောင်ပိုင်ဝန်. *n.* a superintendent of a jail.

ထောင်ပြာတာ. *n.* a jail warder.

ထောင်ဖောက်ပြေး. *v.* to escape from a jail: ထောင်ဖောက်, to break jail.

ထောင်မှူး, *n.* a jailer; a bailiff.

ထောင်ဝင်စာခံ. *v.* to present a petition to the jail authorities, for the purpose of interviewing a prisoner.

ထောင်သား, *n.* a prisoner of a jail.

ထောင်. 2. *v.* to set a trap. take measures to entrap; ယုန်ထောင်, ကြက်ထောင်, ဆတ်ထောင်, ငါးထောင်, etc.

ထောင်ချောက် (*pron.* ကျောက်). *n.* a trap.

ထောင်မိ. *v.* to entrap, catch in a trap.

ထောင်. 3. *v.* to place in an upright position; *comp.* ထူ; to be proud, unhumbled, unyielding, obstinate, stubborn, မာနထောင်သည်: ထောင်လိုက် (*pron.* ဒေါင်လိုက်). *adv.* in an upright position, ထောင်လိုက်ထား။

ထောင်ထား, *v.* to be proud, haughty, obstinate.

ထောင်တိုက်. *v.* to bend and string a bow, လေးတင်။

ထောင်ပျဉ် (*pron.* ဖျဉ်), *n.* a board used for closing or partitioning a house (ပျဉ်ထောင်).

ထောင်လွှား, *v.* to be proud, arrogant. မာနထောင်လွှားသည်: *see* မာန။

†ထောင်ပကောဋိ, *n.* a septillion, a number represented by a unit and forty-six ciphers.

ထောင့်, *v.* to bend, curve, make a corner or angle; *comp.* ကွေ့: to put into a corner, out of the way, as stolen cattle. ကျွဲ နွားထောင့်ထားသည်; to conceal by subterfuges and circumventions: to prevaricate, equivocate, quibble in speech, ထောင့်ပြော: to be somewhat ambiguous in meaning, စကားထောင့်: *n.* a bend, corner, angle, အကွေ့: အိမ်ထောင့်ပုံ. a sectional drawing of a house; အပြင်ထောင့်. an exterior angle; အတွင်းထောင့်. an interior angle; ငါ့ကိုထောင့်မပြောနှင့်; ခင်ဗျားစာရေးသည်မှာ၊ စကားထောင့်သည်. as to the letter you have written, the language is ambiguous.

ထောင့်ကြား (*pron.* ဒေါင့်), *n.* a corner, hole, cranny. nook, ထောင့်ကြိုထောင့်ကြား။

ထောင့်ကွယ်. *v.* to put into a corner, out of the way.

ထောင့်ကွေ့. *n.* the inside of an angle or bend; *hence* ပင်လယ်ထောင့်ကွေ့, a bay, or gulf.

ထောင့်ချွန် (*pron.* ဒေါင့်ချွန်), *n.* an acute angle. ကြက်လျှာ; *comp.* ထောင့်ပြ။

ထောင့်ချွန်း (*pron.* ဒေါင့်ချွန်း), *n.* the outside of an angle or bend.

ထောင့်တန်း (*pron.* ဒေါင့်ဒန်း), *n.* the diagonal of a square or parallelogram; *adv.* diagonally, cornerwise.

ထောင့်ဖြတ် (*pron.* ဒေါင့်ဖြတ်), *n.* a chord subtending the segment of a circle or curve; *adv.* diagonally, cornerwise.

ထောင့်ပြေ, *n.* an obtuse angle, ထောင့်ကျယ်။

ထောင့်ဝှက်, *v.* to put into a corner, out of the way, conceal by subterfuges.

ထောင်း, *v.* to pound, as with a pestle or the elbow; *comp* ထု; ထောင်းထုရိုက်နှက်။

ထောင်းထောင်း, *adv.* fine, as powder, ညက်ညက်; ထောင်းထောင်းကြေ, to be reduced to a fine powder, to be ground to dust; to be trodden down, as grass, paddy; *fig.*, ruined, destroyed, annihilated, မြို့ထောင်းထောင်းကြေ, လူထောင်းထောင်းကြေ; in a mass or cloud of fine particles, as dust, ဖုတ်ထောင်းထောင်းထ, or တထောင်းထောင်းထ; or smoke, မြို့မီးလောင်လို့မီးခိုးထောင်းထောင်းထသည်; or vapor, heat, steam, မြင်းများကိုနံနက်စောစောရေချိုးပေးသည့်အခါ၊ကိုယ်ကအငွေ့ထောင်းထောင်းထသည်; *fig.*, applied to strong passion, ကိလေသာမာန်ထောင်းထောင်းထသည်, ဒေါသထောင်းထောင်းထသည်; also applied to cobras, မြွေဟောက်ပါးပျဉ်းထောင်းထောင်းထသည်။

ထောပတ်, *n.* ghee; butter.

ထောပတ်စည်, *n.* a tin of preserved butter.

ထောပနာ, *v. see next.*

ထောမနာ (Pali), *v.* to praise, laud, extol; *see* ချီးမွမ်း။

ထောလဘက်, *n.* a garden shrub attaining to the height of four or five feet; the leaves are lanceolate, and including the peteole are from two to six inches in length. It bears small, white flowers; the leaves are used in the preparation of a wash for the head.

ထော့နဲ့, *adv.* lamely, limpingly, ထော့နဲ့သွားသည်; *less than* ကျိုးနင်းကျိုးနင်း, ထော့နဲ့ထော့နဲ့နှင့်သွားသည်။

ထော်, *v.* to protrude, as the lips, either naturally or as when vexed or angry, နှုတ်ခမ်းထော်သည်; to be uneven as the end or side of a thing, at its junction with another, တဘက်ထော်နေသည်။

ထော်ငေါ်, *v. see the parts.*

ထော်မော်, *v.* to be proud, arrogant, မာနထော်မော်သည်, ထော်ထော်မော်မော်ရှိသည်, စကားပြောထော်မော်သည် (*infreq.*).

ထော်လော်, *v.* to rise up unevenly; *used adverbially* (*infreq* ).

ထော်လော်ကန့်လန့်, *adv.* same (*more common*). ထော်လော်ကန့်လန့်လုပ်တတ်သည်, ထော်လော်ကန့်လန့်ပြောတတ်သည်, ဆန့်ကျင်ဘက်ပြောတတ်သည်။

ထို, *pron. a.* that, ဟို; *the written form is* ထို, *the colloq. is* ဟို (*pron.* ထို့ *when immediately preceding* အပြင်၊ကြောင့်၊အတူ၊နည်းတူ).

ထိုမှဤမှ, *adv.* hither and thither, အမိကိုရှာ၍မတွေ့မမြင်သည်ရှိသော်၊ ထိုမှဤမှပြေးလျှက်; *equivalent to the colloq. phrase* တောင်ပြေးမြောက်ပြေး။

ထိုထို, *pron. a.* those other, ထိုထိုသူငယ်တို့သည်, those other children.

ထိုသို့, *pron. a.* such, of that sort; *adv.* thus; ထို *is sometimes reduplicated to form a plural,* as ထိုထိုဥစ္စာ, those things; *also used with* ဤ *in a reduplicated form,* ထိုထိုဤဤ, ထိုထိုဤဤရောဂါများသည်, ထိုထိုဤဤစကားများသည်, ထိုထိုဤဤအစားအသောက်များသည်။

ထိုက်, *v.* to be worth, have a certain value, more or less; to deserve merit, be worthy of; to be suitable, fit, တန်သည်; ထိုက်သည့်အားလျော်စွာ, *adv. phrase,* in a befitting, suitable manner, as is befitting or proper; အလွန်ချောသည့်မြင်း၊ မင်းမှူးရာဇာသူဌေးကြီးများနှင့်သာထိုက်သည်, a very handsome horse, is only suitable for officials and rich men. *Der.* အထိုးထိုက်, ဒဏ်ထိုက်။

ထိုက်တန်, ထိုက်လျောက်, ထိုက်သက်, *v.* same: to be adequate, အသယ်သူသည်ထိုက်တန်သနည်း; တရားထိုက်သက်ရာအမှုကိုစီရင်လျှင်ကျေနပ်တော်ကြေနပ်ပါမည်, if the case is decided according to what is proper in law (*i.e.,* on its merits) I shall be satisfied.

ထိုက်ထိုက်, *adv.* thickly, ထူထူ; *prefix to* ခံ, အစိုတေထိုက်ထိုက် (ထူထူ) ခံပါ, and to ရက်, ပုဆိုးကိုအသားထိုက်ထိုက် (ထူထူ) ရက်ပါ။

ထိုင်, *v.* to sit.

ထိုင်စား, *v.* to live in ease, *i.e.,* without being obliged to work for one's living; it is also used in a reproachful sense, when addressing or speaking of, indolent persons, မောင်ကြွက်မြို့ဥစ္စာပစ္စည်းပေါသောကြောင့်၊ တာမျှမလုပ်ရဘူး၊ ထိုင်စားရသည်. သည်လူဘာမျှမလုပ်ချင်ဘူး၊ ထိုင်စားချင်သည်, this man is not at all inclined to work, he desires to live in ease.

ထိုင်မသိမ်းအင်္ကျီ, *n.* a short coat.

ထိုင်း, *v.* to be damp, so as to stick together, မသွက်; to be heavy, as the ear (နားထိုင်း); to be stupid, sluggish, as the mind (ဥာဏ်ထိုင်း); နေ့စည်မပြတ်မိုးရွာသောကြောင့်၊ အဝတ်အစားများထိုင်းကုန်ပြီ, ဆေးဆားထိုင်းနေပြီ, the effervescing medicine has become inert.

ထိုင်းမှိုင်း, *v. see next* (*infreq.*).

ထိုင်းမှိုင်း, *v.* to be dull, sluggish, inert; applied to mind or person, သည်လူနေပုံထိုင်ပုံထိုင်းထိုင်းမှိုင်းမှိုင်းရှိနေသည်။

ထိုးဘင်, *n.* the name given to the hylobates in Ramree; the hoolock gibbon.

ထိုး, *v.* to thrust at, in, or through; to work, operate on; of various applications; ထားနှင့်ထိုး, to stab with a knife; ထားမြှောင်နှင့်ထိုး, to stab with a dagger; လက်သီးနှင့်ထိုး, to strike (from the shoulder) with the fist; လှံနှင့်ထိုး, to spear; to make letters. figures. marks, etc., on any substance; လိပ်ထိုး, to write the title of a document

on the outside; to write an address (on a letter); to write, engrave, cut in wood, stone, etc., ကမ္ဗည်းထိုးသည်, ကမ္ဗည်းလိပ်စာထိုးသည်, မှော်ကွန်းထိုးသည်; ရာဇဝင်ထိုးသည်, to make a historical record; to play at certain games of chance, အနီတောင်ထိုးသည်, ကြွေထိုးသည်. ထည်ထိုးသည်; to sting, as a scorpion, wasp, ကင်းမြီးကောက်ထိုး, နကြယ်ထိုး, ပိတုန်းထိုးသည်။

ထိုးကျင့်, *v.* to shoot, as pain. ထိုးကျင့်ပြီးနာသည်။

ထိုးကြိုး, *n.* tape made by hand; *comp.* ကျပ်ကြိုး။

ထိုးကွင်း, *n.* a tattooed spot, ထိုးကွင်းခါးလှည့်. ထိုးကွင်းဒူးကျ။

ထိုးကွင်းဆရာ, *n.* a tattooer, *lit.* professor of tattooing; also styled မင်ကြောင်ဆရာ (*polite*).

ထိုးကွင်းထိုး, *v.* to tattoo.

ထိုးဆွ, *v. see the parts*; to pierce and open by lacerating or rending, ကျီးသင်းတဘို့အသေကောင်ပုပ်ကိုထိုးဆွကြသည်။

ထိုးတံ, *n.* a fiddle bow, ramrod, piston, etc.

ထိုးတံကြိုး, *n.* the string of a fiddle bow.

ထိုးထွင်း, *v.* to penetrate into (a subject); to invent, originate; to possess powers of scrutiny.

ထိုးပစ်, *v.* to let fly; to take a snap shot, as with a gun or rifle.

ထိုးမုန့်, *n.* a kind of bread made of glutinous rice, jaggery, etc.

ထိုးလွှ, *n.* a handsaw.

ထိုးဝါး. *n.* a bamboo pole used for propelling boats.

ထွက်, *v.* to go or come out, emerge from; to rise, as a celestial luminary; to project, protrude; to leave the starting post, as in a race; to leave a port, mooring place, as a ship, boat; or a station, as a railway train; မောင်ဖြူမနေ့ကထွက်သွားသည်, Maung Pyu left yesterday; လထွက်လျှင်ရေတက်သည်; အငူစွန်းထွက်နေသည်, the headland projects, တောဝက်လှံထိုးမိလို့အူထွက်နေသည်; မြင်းနှစ်ကောင်ထွက်လာပြီ, the two horses have started; မီးရထားထွက်သွားပြီ, the train has left; to leave a service or an employ, အလုပ်မှထွက်သည်. *Der.* အထွက်။

ထွက်ကုန်, *n.* exports, ထုတ်ကုန်; *comp.* သွင်းကုန်။

ထွက်ချိန်, *n.* time of departure.

ထွက်စီး, *v.* to issue, flow out.

ထွက်နပ်, *v.* to present, offer (*obs.*); ထွက်စားနပ်စားပြုသည်။

ထွက်ပေါက်, *n.* a vent, aperture for passage outward.

ထွက်ပြေး, *v.* to run away, to decamp, abscond; often followed by တိမ်းရှောင်, and almost invariably used in a bad or derogatory sense.

ထွက်ပဝ, *n.* an outlet, an exit.

ထွင်, *v.* to clear, clear out or away, as a thorn from the flesh, ဆူးထွင်, or trees and bushes from the ground, သစ်ပင်ထွင်, ချုံထွင်; one kind of ရှင်းလင်းသုတ်သင်; to clear, disentangle hair, ဆံပင်ထွင်, thread, ချည်ခင်ထွင်; ဖြင်သည်, သင်သည်; to elucidate, or make clear, as a matter of business, အမှုထွင် (*infreq.*); အိမ်အနားပတ်လည်တောကိုထွင်လိုက်ပါ clear the jungle around the house.

ထွင်း, *v.* to make a hole into, by digging out some part of the substance, as with a chisel or gouge, to scoop out, ခေါင်းထွင်း, တိုင်ထွင်း, နတ်ထွင်သည့်ခံတွင်းထမင်းငတ်နိုင်ရိုးလား, can the mouth formed by *nats* suffer hunger? This expression is used by way of self-encouragement or to encourage others, in reduced and straitened circumstances.

ထွတ်, 1, *n.* a fleshy excrescence, whether indolent (causing little or no pain), မြင်းဖု, or cancerous, နူထွတ်; ထွတ်အိုင်းနာပေါက်, မျက်နှာအထွတ်ထွတ်နှင့်အနာကြီးစွဲပြီ။

ထွတ်, 2, *v.* to be very tender, delicate; *more than* နူ; applied to leaves, fruit (သစ်သီးသစ်ရွက်များနုနုထွတ်ထွတ်ကလေး), to the flesh, etc.; *used adverbially or combined with* နု, *which see*; သည်နွားထွတ်ထွတ်ကလေး ရှိသေးသည်, သည်သစ်ပင်အလုံးအရပ်ကြီးသော်လည်း၊ ထွတ်ထွတ်ကလေးရှိသေးသည်။

ထွန်, *n.* a kind of harrow, for breaking clods of earth which have been turned up by the plough, or for clearing the fields of weeds, brambles, etc.; where the soil is light the ထွန် is used in the place of a plough; *comp.* ထယ်; *v.* to harrow; to drag, as an anchor; ကုန်းထွန်, ထွန်ဘိုနွား; the ထွန် is used for making furrows for planting peas, millet, and sesamum.

ထွန်ကိုင်း, *n.* the curved handle of a harrow.

ထွန်ကြောင်း, *n.* a furrow made by a harrow.

ထွန်ချက်, *n.* a seed harrow, for separating the grain from the stalks after threshing.

ထွန်ချေး, *n.* the dirt, rubbish, etc., collected by the teeth of a harrow

ထွန်ခြစ် (*pron.* ထွန်ဂြစ်), *n.* a rake.

ထွန်တုံး, *n.* the stock of a harrow in which the teeth are set; ထွန်တုံးချွတ် is used to express the time when bullocks or buffaloes are unyoked, *i.e.*, about 9 a.m., ထွန်တုံးချွတ်ချိန်. In U. B. cultivators rarely harrow in the afternoon, နေ့လည်ထွန်ရပါသည်, ထွန်ရေးပူမှညနေထွန်သည်။

ထွန်တုံးထောင်, *v.* to set the stock of the harrow on one end, after finishing work.

ထွန်တုံးဖိတ်, ထွန်တုံးပစ်, *v.* to finish the work of harrowing.
ထွန်ထောင်တိုက်, *v.* to set the stock of the harrow on one end, in order to made a deep furrow or trench, ထွန်စောင်းတိုက်။
ထွန်ယက်မိုက်ဖျိုး, *v.* to harrow and sow seed, ထွန်ဘို့ယက်ဘို့ကောင်းသည့်နွား။
ထွန်ရေးကြောင်း, *n.* a mark made by the tooth of a harrow.
ထွန်လုပ်မြေ, *n.* cultivated ground.
ထွန်သန်, *n.* the shaft of a harrow.
ထွန်သွား, *n.* the tooth of a harrow; *v.* to drag, as an anchor.
ထွနီ, or ဒွနီ (ပင်), *n.* a timber tree belonging to the genus *Eriolæna*; it produces a red wood used for building purposes, also for making rice pounders and paddles.
ထွန့်, *v.* to twitch (*intrans.*), as by a short, spasmodic contraction of a fibre or muscle, ထွန့်ထွန့်လူးအောင်နာသည်; မြွေဟောက်ခါးကိုတုတ်နှင့်ရိုက်ထားလို့ထွန့်ထွန့်လူးနေသည်။
ထွန်း, *v.* to shine, emit light, အရောင်ထွက်သည်; to make shine, cause to be light, လင်းစေသည်; to kindle, ညှိသည်; to appear, be distinguished, conspicuous. resplendent; *more than* ထင်ပေါ်, သည်ညလရောင်ထွန်းသည်; မှောင်မိုက်ခဲ့ပြီ၊တယောင်းတိုင်ကိုမီးထွန်းလိုက်ပါ။
ထွန်းကား, ထွန်းတောက်, ထွန်းပ, ထွန်းလင်း, *v.* to shine, emit light; *also used fig.*, သည်မြို့မှာဘယ်သူဩဇာထွန်းကားနေသလဲ, whose influence is prominent in this town? ခင်ဗျားဗိုရိယစိုက်လျှင်၊တနေ့ထက်တနေ့ထွန်းပလိမ့်မည်။
ထွပ်, *v.* to squeeze (out of a socket); *comp.* ညှစ်, and ဖျစ် (*rare*).
ထွပုပ်, or ဒွပုပ် (ပင်), *n.* the *kydia calycina*, a tree occasionally attaining to the height of forty feet. The wood is white and straight-grained; the bark yields fibre.
ထွာ, 1, *v.* to measure with a span, ဘယ်လောက်ရှည်သလဲသိရအောင်ထွာစမ်းပါ, span it, please, in order to know how long it is. *Der.* အထွာ, and တိုင်းထွာ။
ထွာ, 2, *v.* to mince with a knife, the point remaining unmoved and the handle rising at each stroke, ဆေးကိုထားမောက်ဖြင့်ထွာသည်။
ထွား, *v.* to be stout, large, burly; to be chubby, as a child; ထွား usually implies that the person or animal spoken of, is large or stout for his, or its, age, ဘယ်လောက်ထွားသည့်အကလေး, what a stout, chubby child!
ထွားကျိုင်း, ထွားဖွံ့, *v.* *see the parts*, အလွန်ထွားကျိုင်းသည့်မြင်း, a very stout, big horse.
ထွားရှား, *v.* to be stout, large; *used adverbially* (*rare*).
†ထွားထွား, *adv.* fine, as powder, ညက်ညက်။

ထွီ, *int.* expressive of disgust, သည်လူလုပ်ထာတယ်ရွံ့ စရာကောင်းသည်၊ထွီ (*colloq.*). When a Burman employs this interjection, he usually expectorates, or makes a noise resembling expectoration.

ထွေ, 1, *v.* to be diverse, various, diversified, ထူးထွေ, သည်လူ၌ရောဂါထွေနေသည်, this man has a complication of diseases.

ထွေထူး, *v.* same as ထွေ။

ထွေပြား, *v.* same as ထွေ; ထွေထွေပြားပြားကြံတတ်သောသူ, a person who schemes in many different ways.

ထွေရာ, *v.* same; *used adverbially*, ထွေထွေရာရာ; ထွေရာလေးပါး, the four cardinal points of the compass.

ထွေလာကေလာ, *adv.* evasively, as in eluding a statement, question; or in trying to avoid doing anything; or in failing to keep an engagement, ထွေလာကေလာနိုင်သည်။

ထွေ, 2, *v.* to throw with a motion of the hand parallel with the ground, in play, as in pitching quoits; *comp.* လွှဲ, to throw with a swinging motion of the arm; *not used singly.*

ထွေကစား, *v.* to pitch quoits.

ထွေပစ်, *v. see* ထွေ (*more common*).

ထွေပြား, *n.* a quoit.

ထွေး, 1, *v.* to be mixed together, ငါးများပိုက်နှင့်မိသည့်အခါ၊ထွေးနေတတ်သည်; to be confused in a mass, ရွှံ့နှော်သည်, လူချင်းထွေးသည်; to be confused in utterance, စကားထွေး; to be matted together, as the hair, ဆံထွေးသည်. *Der.* အထွေး, and ရှုပ်ထွေး။

ထွေးရော, ထွေးရောရှက်တင်, ထွေးရှုပ်, ထွေးရှုပ်ရှက်တင်, *v.* to be mingled together promiscuously; သည်လူနှစ်ဦးအရာရာထွေးရောရှက်တင်နေကြသည်, these two persons are intimately associated with each other in many different ways.

ထွေးလုံး, *v.* to be mixed together into a mass, တရားလိုတရားခံတို့သည်၊အချင်းချင်းသတ်ပုတ်ထွေးလုံးနေသည်ကိုမြင်ပါသည်။

ထွေးလုံးရစ်ပတ်, *v.* to be intricately involved.

ထွေး, 2, *v.* to spit, တံတွေးထွေးသည်; to spit out, as water or food, ရေထွေးပစ်လိုက်; နို့ကိုရေနှင့်ထွေးသည်။

ထွေးအင်, ထွေးခံ, *n.* a spittoon.

ထွေး, 3, *v.* to be the youngest; *not used as a verb. Der.* အထွေး။

ထွေးတော် (*pron.* ဒွေးဒေါ်), *n.* a mother's younger sister; a father's younger brother's wife; *see* မိထွေး။

†ထွေးထွေးနီ, *v.* to be scarlet, ရဲရဲနီ။

# ဒ

ဒ, the eighteenth consonant in the Burmese alphabet, and the third in the class of dentals.

ဒက် (နာ), *n.* a disease at the roots of the hair, causing baldness, *Tinea tonsurans.*

ဒက္ခိဏ (Pali). *n.* the south, တောင်; ဒက္ခိဏဌာနမင်းကြီး, the Commissioner of the Southern Division.

ဒက္ခိဏာယဉ် (*pron.* ယဉ်ဿိ). *n.* the southern carriage or path of the sun.

ဒက္ခိဏာယဉ်အစွန်း. *n.* the winter solstice.

ဒက္ခိဏာယဉ်စွန်းတန်း, *n.* the Tropic of Capricorn.

ဒင်, *n.* the breech, butt end of an instrument, သေနတ်ဒင်နှင့်ဆောင့်သည်; the head of a tattooing iron, ဒင်ဖု. ဒင်တပ်; ဒင်နှင့်အင်မမျှ, to be out of proportion, as a small horse harnessed to a large carraige.

ဒင်ဖု, *n.* a knob at the end of a rod.

ဒင်လေးချို. *v.* to be slow, from idleness or reluctance, ဒင်လေးချိုမနေပါနှင့်။

ဒင်္ဂါး, *n.* a circular piece of metal, stamped, whether for a coin or a medal; ဒင်္ဂါးလိမ်ပြုလုပ်မှု, the offense of counterfeiting coin; ဒင်္ဂါးလိမ်ပြုလုပ်ရန်တန်ဆာကရိယာ, instruments for counterfeiting coin.

ဒင်္ဂါးခတ်, *v.* to stamp a coin or medal, ဒင်္ဂါးနှိပ်; ဒင်္ဂါးသွန်းခတ်သည်တန်ဆာ, a coining tool or instrument.

ဒင်္ဂါးချိန်, *n.* weight in silver, as opposed to အလေးချိန်။

ဒင်္ဂါးစက်. *n.* a machine for manufacturing coin.

ဒင်္ဂါးတိုက်. *n.* a mint.

ဒင်္ဂါးဖျက်, *v.* to deface coin.

ဒင်္ဂါးလုပ်, *v.* to coin.

ဒင်ဒင်, *adv.* indicative of the sound which it imitates, ဒင်ဒင်မြည်; *intensive*, to words of hardness, ဒင်ဒင်ပါအောင်မာသည်, as a horse, bullock. or even a human being, ဒင်ဒင်ပါအောင်မာသည့်လူ; ဒင်ဒင်မြည်အောင်မာသည့်ခွေ။

ဒဏ်, 1 (Pali ဒဏ္ဍ). *n.* a stroke, blow; chastisement, punishment; အတွင်းဒဏ်. an internal injury.

ဒဏ်ခတ်, *v.* to visit with punishment.

ဒဏ်ခံ, *v.* to suffer punishment (generally on behalf of another).

ဒဏ်ချ, *v.* to free from the internal effects of punishment, by medical treatment; to mete out punishment.

ဒဏ်ချက်, *n.* a mark from a blow inflicted by way of punishment; a mark from any blow, ဒဏ်ရာဒဏ်ချက်။

ဒဏ်ငွေ, *n.* a fine, mulct; ဒဏ်ငွေဆောင်, to pay a fine.
ဒဏ်တပ်. *v.* to impose a fine or any punishment.
ဒဏ်ထမ်း, *v.* to do penance, by carrying sand or water, as a သာသမဏေ, or ရဟန်း။
ဒဏ်ထား, *v.* to impose a penalty, to fine, ဒဏ်တပ်, မင်းအလုပ်ကိုကောင်းကောင်းမလုပ်လျှင်၊ဒဏ်ထားရလိမ့်မည်, if you do not do your work well, I shall have to fine you.
ဒဏ်ထိ, *v.* to incur a penalty, ငခင်ကငမှူးကိုဆဲသည့်အတွက်၊ ဒဏ်ငွေတဆယ်ထိသည်, Nga Kin incurred a penalty of ten rupees, on account of abusing Nga Hmu.
ဒဏ်ထိုက်, *v.* to be deserving of punishment.
ဒဏ်ပေး, *v.* to punish, inflict punishment.
ဒဏ်ရာ, *n.* a mark from a blow inflicted by way of punishment; a mark from any blow.
ဒဏ်, 2 (Pali ဒဏ္ဍ), *n.* an evil, calamity, ဘေး, အန္တရာယ်, ဘေးဒဏ်အန္တရာယ်။
ဒဏ္ဍာရီ, *n.* a fiction, fable, tale of the imagination, ဒဏ္ဍာရီစာ။
ဒဏ္ဍာရီရှဲ, *v.* to write or relate fiction; *in a secondary sense,* to be discursive in speech, အလွန်ဒဏ္ဍာရီရှဲ၍ပြောတတ်သည့်လူ။
ဒနို, *n.* the toddy palm tree, *Nipa fruticans*; the leaf of the said tree used as thatch.
ဒနိကာ, *v.* to cover the sides of a house with the leaves of the toddy palm.
ဒနိခြံ, *n.* a toddy palm plantation.
ဒနိခွန်, *n.* toddy palm tax.
ဒနိတော, *n.* an extensive plantation of toddy palm trees.
ဒနိထိုး, *v.* to double and pin the said leaf on a stick, for thatching.
ဒနိပျစ် (from ပျစ်, to weave), *n.* a stick of the said leaf prepared for thatching. ဒနိတပျစ်သွင်းပါဦး။
ဒနိမိုး, *v.* to roof a house with the said leaves.
ဒနိရည်, *n.* toddy, the juice of the toddy palm tree. In Arakan the term အုန်းရည် is invariably used in lieu of ဒနိရည်, *e.g.*, အုန်းရည်သောက်သည်, for ဒနိရည်သောက်သည်, အုန်းရည်မူး, for ဒနိရည်မူး။
ဒနိရည်ခါး, *n.* fermented toddy.
ဒနိရည်ချို, *n.* unfermented toddy.
ဒနိရည်မူး, *v.* to be intoxicated by drinking toddy.
ဒနိရည်ဆိုင်, *n.* a licensed toddy shop.
ဒနွတ်, *n.* a kind of buffalo, with short horns; in U. B. called ခင်တို။
ဒန္တဇာ (*pron* ဒန္တဇ) (Pali ဒန္တ, a tooth, and ဇာ, produced), *a.* den-

tal, produced from the teeth; applied to consonants of the တ class; တ၊ထ၊ဒ၊ဓ၊န၊လ၊သ၊ဒန္တဇာအက္ခရာမည်ကုန်၏။

ဒန္တဖို (နာ), *n.* a gumboil, သွားဖုံးသွေးစုနာ။

ဒန္တကူး, *see* စန္တကူး, *n.* sandalwood.

ဒန့်ကျွဲ (ပင်), *n.* the *Cassia fœtida* plant. The beans of this plant are said to be a fair substitute for coffee, and to have soporific properties; the root is said to be efficacious in cases of scorpion bite. The leaves are eaten boiled, and are called မိုယ်းကျွဲရွက်။

ဒန့်ဒလက်, *n.* the balsam plant, ဝဲဒလက်။

ဒန့်ရင်ကောက် (*pron.* ဒယင်ဂေါက်), *n.* the climbing fern, called by the Tavoyans ဒန့်ဒိဂေါက်. The Burmese make a pickle of the leaves, ဒန့်ရင်ကောက်ချဉ်။

ဒန့်သလွန် (*pron.* ဒန့်ဒလွန်), *n.* the Indian horse-radish tree.

ဒန်း. 1, *n.* the henna tree. the leaves of which are used in staining the finger nails.

ဒန်းသျှား, ဒန်းကြီး, *n.* varieties of the henna tree.

ဒန်းဆိုး, *v.* to stain (the nails) with the leaves of the henna tree.

ဒန်း, 2, *n.* a swing.

ဒန်းစီး, *v.* to swing (*intrans.*).

ဒန်းဆင်, *v.* to erect a swing.

ဒန်းပေါက်, *v.* to suspend a rope to a cross rope, in order to increase the tension.

ဒန်းမူး, *v.* to be giddy or dizzy, from swinging.

ဒန်းလွှဲ, *v.* to swing (*trans.*).

ဒမင်း, *n.* a kind of bamboo trap for catching fish; used only in the sea (79).

ဒမင်းကြမ်း, *n.* unsieved *ngapi*, in contradistinction to ဆန်ခါငါးပိ, sieved *ngapi*.

ဒမင်းခွန်, *n.* revenue derived from the tax paid on *damin* traps.

ဒမင်းငါးပိ, *n.* pressed fish, composed of all sorts; *comp.* မျှင်ငါးပိ။

ဒမင်းဆိပ်, *n.* a temporary fishing village, the residents of which are employed in the *damin* fishery, in the dry season.

ဒမင်းဆွဲထုတ်, *v.* to buy *damin ngapi* wholesale, at one of the aforesaid villages, in order to dispose of it elsewhere.

ဒမင်းထိ, *v.* to make a catch of fish for manufacturing *damin ngapi*.

ဒမင်းထောင်, *v.* to catch fish in a *damin* trap; also to set up as an employer of labor in the *damin* fishing industry.

ဒမင်းပွဲစား, *n.* a *damin ngapi* broker.

ဒမင်းလှေ, *n.* a boat used in *damin* fishing.
ဒမင်းသမား, *n.* an employee in the *damin* fishing Industry.
ဒမင်းသူကြီး, *n.* an employer of labor in the *damin* fishing industry.
ဒယ်အိုး, ဒယ်အိုးကင်း, *n.* a large iron pot or pan; *comp.* အိုးကင်း; a cauldron, ရှားချက်သည့်ဒယ်အိုး, a cauldron for boiling cutch.
ဒရကြမ်း (*pron.* ဒရဂြမ်း), *adv.* roughly, violently, ဒရကြမ်းသွားသည်, ဒရကြမ်းလာသည်; *sometimes used as an intensive*, to words denoting plenty, စပါးဆန်ဒရကြမ်းပေါများသည့်အရပ်။
ဒရွှင့် (from ရွှင့်, to trail), *adv.* in contact with the ground, touching and trailing. This word is allowable when a garment may not actually be touching the ground, but is worn longer than is customary, ပုဆိုးဒရွှင့်ဝတ်သည့်ဇာတ်မင်းသားပျက်လိုဘဲ, ထမိဒရွှင့်ဝတ်သည့်မန္တလေးသူလိုဘဲ. ပုဆိုးအောက်ကိုဒရွှင့်တိုက်နေပြီ။
ဒရွှင့်ဆွဲ, ဒရွှင့်တိုက်, *v.* to trail along the ground, သည်အကလေးအဝတ်များကိုမနိုင်လို့ဒရွှင့်ဆွဲလာသည်, မင်းပုဆိုးဖုတ်ထဲဒရွှင့်တိုက်နေပြီ။
ဒရွှင့်တသီ, *adv.* trailingly, in disorder, ပန်းကုံးဒရွှင့်တသီပန်လာသည့်မိန်းမ, ဒရွှင့်တသီမနိုင်သည့်အကလေး၊အဝတ်ကပိုကရိုရှင့်။
ဒရွှင့်သီ, *adv.* trailingly, as the train of a gown.
ဒရစပ် (*pron.* ဒရဇပ်), *adv.* repeatedly and without intermission, မထပ်မနား; ဆန်ခါကြီးရွာသို့ဒရစပ်ရောက်နေဒါဘဲ။ ၎င်းရွာအကြောင်းအရာကိုမသိဘဲနေရိုးလား (*colloq.*), ဒရစပ်အိပ်သည်။
ဒရထွန်း (*pron.* ဒရဒွန်း), *adv.* instantly, headlong, without regard to circumstances,ဒရထွန်းသွားပေါ၊သို့မဟုတ်မဖြိဘဲနေလိမ့်မည်,အိမ်ပေါ်ကဒရထွန်းချလို့၊ခေါက်ထိုးမှောက်ခုံကျသည်။
ဒရပေ, *adv.* lawlessly, ဒရပေကျင့်သည်, ဒရပေနိုင်သည်. ဒရပေဆိုးသည်; *also used as an intensive,* to words denoting dirtiness, foulness, ဒရပေညစ်ပတ်အောင်စားသည်, ရေအိုးများဒရပေညစ်လိုက်သည်။
ဒရယ်, *n.* the porcine deer, *Cervus porcinus.*
ဒရယ်ချိုရေပြန်, *n.* hartshorn.
ဒရောသောပါး (from သရော်), *adv.* ridiculingly, insultingly; in a hurried, precipitate manner; ဒရောသောပါးသွားရသည်, ဒရောသောပါးစားရသည်: *see* ကတိုက်ကရိုက်။
ဒရွတ်, *adv.* dragging along the ground, implying some degree of roughness and violence; *more than* ဒရွှင့်, *less than* ရွပ်; ဒရွတ်ခံ။
ဒရွတ်ဆွဲ, *v.* to drag along with violence, by main force, မလိုက်ဘူးခံလျှင်၊ဒရွတ်ဆွဲခေါ်ခဲ့ပါ။
ဒရွတ်သီ, *adv.* same as ဒရွတ်။
ဒရွတ်သီတိုး, *adv.* dragging with violence

ဒလက်, *n.* anything in the form of a cross made to turn round, as a twirling churn staff, a turnstile, etc., တောင်ပြေးမြောက်ပြေးဒလက်လည်သလိုဘဲ။

ဒလဟာ, *adv.* in the way of being open, exposed; *n.* an open plain, ဒလဟာပြင်; သည့်အိမ်အကာအရံမရှိ၊ဒလဟာနေလို့လေတိုက်သည်; သစ်ပင်သစ်ရိပ်ခိုစရာမရှိသည့်ဒလဟာပြင်ကြီးထဲမှာအလွန်နေပူသည်။

ဒလိမ့် (from လိမ့်. to roll), *n.* a roller; သံဒလိမ့်, an iron roller.

ဒလိမ်း (from လိမ်း, to smear), *n.* a thick coating of tar, pitch, gum, or any tenacious substance.

ဒလိမ်းထေး, *v.* to calk with such substances.

ဒလိမ်းထိုး, *v.* to smear with the same, ဒလိမ်းကိုင်, ဒလိမ်းကျံ။

ဒလိုင်းကြမ်းမှောက်ခုံ, *adv.* over and over, heels over head, topsy-turvy, ဒလိုင်းကြမ်းမှောက်ခုံချော်လဲ, အမှုဒလိုင်းကြမ်းမှောက်ခုံဖြစ်ကုန်ပြီ။

ဒသ (Pali), *a.* and *n.* ten, တဆယ်။

ဒသမ (Pali), *a.* the tenth, ဆယ်ခုမြောက်။

ဒသမတ်, ဒသမတ်ကိန်း, *n.* a decimal fraction.

ဒသသီလ, *by abbrev.* ဒသသီ (Pali ဒသ, ten, and သီလ, a religi us duty), *n.* the ten duties which are to be performed by candidates for the priesthood, သာမဏေစောင့်ထိန်းရသည့်သီလ, and by religious persons on days of worship, ဥပုသ်နေ့၌လူတို့စောင့်ထိန်းသောဒသသီလ; ဆယ်ပါးသီလ. "The *dasa-sil* or ten obligations binding upon the priest forbid (1) the taking of life (ပါဏာတိပါတ); (2) the taking of that which is not given (အဒိန္နာဒါန); (3) sexual intercourse (အဗြဟ္မစရိယ); (4) the saying of that which is not true (မုသာဝါဒ); (5) the use of intoxicating drinks (သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ); (6) the eating of solid food after mid-day (ဝိကာလဘောဇန); (7) attendance upon dancing, singing, music, and masks (နစ္စဂီတဝါဒိတဝိသုကဒဿနဋ္ဌာနာ); (8) the adorning of the body with flowers, and the use of perfumes, unguents (မာလာဂန္ဓဝိလေပနဓါရဏမဏ္ဍနဝိဘူသနဋ္ဌာနာ); (9) the use of seats above the prescribed height, *viz.* one and a half cubits (ဥစ္စာသယနမဟာသယန); (10) the receiving of gold and silver (ဇာတရူပရဇတပဋိဂ္ဂဟာန)." M.B.

ဒဟတ် (ပင်), *n.* the *Tectona Hamiltonii*, a tree with a leaf rough to the touch, like that of the teak.

ဒံ, *n.* copper, regarded as the subject of some chemical or alchemical treatment: electro-plated ware, ဒံဇွန်း, an electro-plated spoon.

ဒံသတ်, *v.* to change copper into an imitation of gold or silver; ဒံသတ်ခက်ရင်း, ဒံသတ်ပုကန်, ဒံသတ်ဇလုံ, ဒံသတ်ထုံးဘူး။

ဒါန (Pali), *n.* a giving, ပေးခြင်း; a religious giving, လှူခြင်း; a religious gift, အလှူ; ဒါနဒါသ, inferior gifts, *i.e.*, using or enjoying the best things one's self, and giving inferior ones to others: ဒါနသဟာယ, gifts to others of equal value with the things which one uses or enjoys himself; ဒါနသာမိ, gifts to others superior to anything one uses or enjoys himself; သဒ္ဓါဒါန, offerings, made by faith in the benefits of ကံ (ကံကိုယုံကြည်၍လှူခြင်း); သက္ကစ္စဒါန, offerings (made with great respect) to *pongyis*; ကာလဒါန, gifts of flowers, food, fruit, to travelers, strangers, sick persons, etc.; အနုဂ္ဂဟိတဒါန, gifts offered without hesitation, freely, without grudging (မတွန့်မတိုဘဲ), *opposed to* နုဂ္ဂဟိတဒါန; သပ္ပုရိသဒါန, gifts of a righteous man; အသပ္ပုရိသဒါန, gifts of a wicked man.

ဒါနဒါသ, *n.* mean gifts, such as might be properly made to a servant or slave.

ဒါနပတိ, *n.* a noble giver.

ဒါနဝတ္ထု, *n.* a gift; an offering; a religious offering, အလှူ။

ဒါနသဟာယ, *n.* such offerings or gifts as might be properly made by one friend to another.

ဒါနသာမိ, *n.* liberal or princely offerings.

ဒါယကာ (Pali), *n.* one who contributes to the support of religion and religious characters; a layman, တကာ; *comp.* ဥပါသကာ; ကျောင်းဒါယကာ, စရပ်ဒါယကာ, ပန္နည်းလေးပါးဒါယကာ; *see* သာသနာဒါယကာ။

ဒါယိကာမ, *n.* a female contributor to the support of religion; a lay woman, တကာမ။

ဒါလီ, *n.* a certain golden ornament worn about the neck, by women.

ဒါလီဆန်း (*pron.* ဒါလီဇန်း), *n.* a similar ornament made of silver or gold, the finest being made in Akyab. ဒါလီဆန်းဆင်သည်။

ဒါသ (Pali), *n.* a male servant or slave, ကျွန်။

ဒါသီ, *n.* a female servant or slave.

ဒိ, (*abbrev. of* ဒိဗ္ဗစက္ခုဉာဏ်) (Pali), *n.* celestial wisdom, the wisdom of *nats*, နတ်မျက်စိကဲ့သို့မြင်ခြင်း; *comp.* ပု. and အာ။

ဒိစတြိတ် (Eng.), *n.* a district, ဟံသာဝတီဒိစတြိတ်နယ်။

ဒိစတြိတ်ရာဇဝတ်တရားသူကြီး, *n.* a district magistrate; *see* နယ်ပိုင်။

ဒိဋ္ဌ (*pron.* ဒိတ်ထ) (Pali), *n.* the space before one's eyes, presence, မျက်မှောက်။

ဒိဋ္ဌကြား, *v.* to hear with one's own ears.

ဒိဋ္ဌစွဲ, *v.* to identify, တရားလိုမျှားကငွေကိုဒိဋ္ဌစွဲသလား။

ဒိဋ္ဌတွေ့, *v.* to meet or experience, one's self.

ဒိဋ္ဌဓမ္မဝေဒနီယကံ, *n.* the influence of a good or evil deed which causes an immediate result, *i.e.*, in the present state of existence.
ဒိဋ္ဌပြော, *v.* to speak with certainty, to make a plain, unmistakable statement.
ဒိဋ္ဌမြင်, *v.* to behold with one's own eyes, မင်းကိုယ်တိုင်ဒိဋ္ဌမြင်သလား။
ဒိဋ္ဌရင်အပ်, *adv.* face to face, ဒိဋ္ဌရင်အပ်လျှောက်ရလျှင်ကြေနပ်ပါ၏။
ဒိဋ္ဌသက်သေ, *n.* an eyewitness.
ဒိဋ္ဌသိ, *v.* to know, of one's own self; *in opposition to* သုတသိ; သည့်အကြောင်းကိုဒိဋ္ဌသိသလား။
ဒိဋ္ဌိ (*pron.* ဒိတ်ထိ) (Pali), *n.* opinion, doctrine, အယူ; false opinion, heresy, မှားသောအယူ, မိစ္ဆာဒိဋ္ဌိ; a heretic, မှားသောအယူကိုယူသောသူ။
ဒိဋ္ဌုပါဒါန်, *n.* an evil passion; affection or cleaving; ဒိဋ္ဌုပါဒါန် တရားစွဲလမ်းသောသူအပါယ်သွားတတ်သည်။
ဒိဋ္ဌုံ, *see* တိတ်ထုံ. *n.* a writing explanatory of omens.
ဒိဒိ, *see* တိသိ (Pali), *n.* a lunar day, one thirtieth part of a lunation.
ဒိန်, *n.* curd, the curd of milk, နို့ခဲ, နို့မှိုင်။
ဒိန်ကလိုင်, *n.* curd in a soft state.
ဒိန်ခဲ, *n.* cheese.
ဒိန်ရည်, *n.* whey; buttermilk.
†ဒိန်ညင်း, *see* တိန်ညင်း, *n.* a small species of kingfisher.
ဒိန်းဒလိန်းနတ်, *n.* a kind of *nat*, supposed to cause an abused husband to be infatuated with his wife, or an abused wife to be infatuated with her husband; *see* နတ်။
ဒိန်းဒလိန်းနတ်စွဲ, ဒိန်းဒလိန်းနတ်ပူး, ဒိန်းဒလိန်းနတ်ဘမ်း, *v.* to be infatuated, as an abused husband who cannot give up his wife, or as an abused wife who cannot give up her husband.
ဒိန်းဒိန်း, *see* ထိန်းထိန်း, *adv.* indicative of the noise which it imitates.
ဒိလိက, *n.* a foundling, ကောက်၍မွေးသောသား။
ဒီ, *n.* the tide; *rarely used singly*, ဒီရေ။
ဒီကျ, *v.* to ebb; ဖျားရေကျ။
ဒီဆိုင် (*pron.* ဒီဇိုင်), *n.* the place where tides meet.
ဒီတက်, *v.* to flow, as the tide; ဖျားရေတက်။
ဒီပိုး (*pron.* ဒီဗိုး), *n.* the copper worm.
ဒီရေ, *n.* the tide.
ဒီလုံး, *n.* the bore (in a river).
†ဒီဂရီအခွင့်ချက်, *n.* a court decree; ဒီဂရီအနိုင်ရသူ, a decree holder.
ဒီဃ, 1 (Pali), *a.* long, ရှည်သော; ဒီဃသံ။

**ဒီဃ**, 2 (Pali), *n.* the first of the five parts into which the Buddhist Scriptures are sometimes divided, ဒီဃနိကာယ်ကျမ်း။
**ဒီဇင်ဘာ** (Eng.), *n.* December; *comp.* နတ်တော်။
**ဒီပ** (Pali), *n.* an island, ကျွန်း; an oil light, **ဒီပဆီမီး**။
**ဒီပရာဇ်**, *n.* the Sovereign of a continent or great island.
**ဒီပဝင်**, *n.* a history of continents or great islands.
**ဒီလုံး**, *n.* a baked clay ball, which, when broken up, is used for metaling roads, **ဒီလုံးခင်း**။
**ဒိသာပမောက္ခ** (from **ဒိသာ**, a quarter, or point of the compass, and ပမောက္ခ, principal, chief), *a.* far-famed, eminent, **ဒိသာပမောက္ခဆရာ**။
**ဒီး**, *n.* a cry made by boys in certain games; the cry made by men when urging bullocks to fight.
**ဒီးဒီး**, *adv.* profusely, freely, or rapidly; applied to tears, မျက်ရည်ဒီးဒီးကျအောင်ငိုသည်; to perspiration, မောလိုက်သည့်မှာ ချွေးဒီးဒီးကျသည်; to blood, rain, etc., သွေးဒီးဒီးဆင်းသည်, မိုဃ်းရွာသောအခါဒီးဒီးပါအောင်ရေစီးကျသည်။
**ဒီးဒူး** (ပင်), *n.* a species of *Bombax*, resembling the လက်ပံ။
ဒု, 1 (Pali), *a.* bad; *used in composition as a prefix*; *see next.*
ဒုဂ္ဂတိ (Pali), *n.* transition to an unhappy state of existence, ဒုဂ္ဂတိဘဝ, ဒုဂ္ဂတိဘုံ။
ဒုစရိုက် (Pali စရိယ), *n.* a bad deed, a sin, မကောင်းသောအကျင့်, အကုသိုလ်ဒုစရိုက်အကျင့်; *opposed to* သုစရိုက်, a good deed; ဒုစရိုက်တဆယ်ပါး, ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ။
ဒု, 2, *see* ထု, *n.* thickness, numerousness, multitude; *see under* အထု။
ဒုကုဋ် (*pron.* ဒူးဂုတ်), *n.* the outside garment of a *pongyi*, worn over the shoulder; *see under* သင်္ကန်း; သင်းပိုင်, ဧကသီ (ကိုယ်ဝတ်), ဒုကုဋ်။
ဒုက္ကဋ် (*pron.* ဒုတ်ကတ်) (Pali ဒုက္ကဋ), *n.* crime, guilt (*clerical*), ဒုက္ကဋ်အာပတ်သင့်သည်; *comp.* ပါရာဇိက။
ဒုက္ခ (Pali), *n.* unhappiness, misery, pain, trouble, ဆင်းရဲခြင်း; အတိဒုက္ခ, great, indescribable misery; *opposed to* သုခ, happiness; သည်ဒုက္ခမခံနိုင်သလောက်ရှိပြီ, this misery is almost unbearable; တဒုက္ခနှစ်ဒုက္ခဖြစ်အောင်မလုပ်ပါနှင့်, do not make one trouble into two.
ဒုက္ခစရိယကျင့်, *v.* to practise austerities, with a view of becoming a Buddh.
ဒုက္ခရောက်, *v.* to get into trouble, ငါ့စကားကိုနားထောင်ခဲ့လျှင်ဒုက္ခမရောက်, if you had listened to me you would not have got into trouble.

ဒုက္ခရှာ, *v. lit.* to seek trouble; *in common parlance,* to anticipate trouble unnecessarily.

ဒုဂ္ဂတ, *n.* one who is unhappy, *e.g.*, one in very indigent circumstances, or one suffering from some great trouble or serious malady; or one deprived of the use of his limbs, either owing to congenital causes, or accident, ဒုဂ္ဂတသတ္တဝါ။

ဒုတ်, *see* ထုတ် (တုတ်), *n.* a stick, staff, club, cudgel.

ဒုတ်ကတက်. *n.* a species of *Connarad.*

ဒုတိယ (Pali ဒွိ), *a.* the second, နှစ်ခုမြောက်; ဒုတိယအတွင်းဝန်, Junior Secretary; ဒုတိယအတွင်းဝန်ထောက်, Assistant Secretary; ဒုတိယဝန်ထောက်, Extra Assistant Commissioner (1st, 2nd, 3rd, and 4th grades); ဒုတိယသစ်တောဝန်ထောက်, Sub-assistant Conservator of Forests; ဒုတိယကြေးနန်းဝန်ထောက်, Sub-assistant Superintendent of Telegraphs; ဒုတိယမင်းတိုင်ပင်ရှေ့နေ, Assistant Government Advocate; ဒုတိယစစ်ပုလိပ်ဝန်, the second in command of a military police battalion.

ဒုတ္ထာ, *n.* vitriol.

ဒုတ္ထာစိမ်း. *n.* green vitriol, copperas, sulphate of iron, ပါလဒုတ္ထာ။

ဒုတ္ထာဆီ, *n.* oil of vitriol, vitriolic acid.

ဒုတ္ထာပြာ, *n.* blue vitriol, or copper vitriol, sulphate of copper.

ဒုတ္ထာဖြူ, *n.* white vitriol, or white sulphate of zinc.

ဒုဗ္ဘိက္ခန္တရကပ် (Pali ဒုဗ္ဘိက္ခ, famine), *n.* a period of famine; *see under* ကပ်; ဒုဗ္ဘိက္ခန္တရကပ်ဆိုက်, ဒုဗ္ဘိက္ခန္တရကပ်တိုက်။

ဒုရင်. 1, *see* တုယင် (*pron.* ဒယင်), *n.* a minaret, a small pointed projection on the roof or steeple of notable buildings.

ဒုရင်, 2, *n.* a kind of official frock coat.

ဒုလ္လဘငါးပါး (*pron.* ဒုံလဗ), *n.* the five things difficult of attainment, *viz.*, becoming a Buddh, hearing the law. becoming a priest, becoming a righteous man, becoming a human being.

ဒုဿီလ (*pron.* ဒုသီလ), *n.* one destitute of virtue, သီလမရှိသည့်ပုဂ္ဂိုလ်, ဒုဿီလပုဂ္ဂိုလ်ချင်းဒေသနာကြားသလို, as though one unprincipled person were to teach morals to another.

ဒုံနှာ, *n.* a plastering substance composed of ထွဲလျှက်, ရေနံ, and ထုံး; generally used on old boats.

ဒုံနှာကိုင်, *v.* to plaster with the said substance, လှေအိုကြီးဒုံနှာကိုင်သည်။

ဒုံမင်း, *n.* a kind of wind instrument.

ဒုံး, 1, *see* တုံး (from အတုံး, a log), *n.* a tube filled with gunpowder, and made to run on wheels when fired; a festival in which a တုံး is fired.

ဒုံး, 2, *n.* a large canoe with raised sides, စပ်တင်လှောင်းကြီး, ဒုံးစပ်ကြီး။

ဒူးကုလား, 1, *n.* a certain tribe of Hindus.
ဒူးကုလား, 2, *n.* a hammer, chisel, etc., combined in one implement.
နားထွင်း, *v.* to bore the ears; *see* နားဖောက်; နားထွင်းမင်္ဂလာပွဲ, to perform the ceremony of ear-boring.

နားပေါက်, *v.* to have large, unsightly perforations in the lobe of the ears, ရှမ်း နားပေါက်ကျယ်; နားပေါက် is also applied to an ornament worn in the perforations of the lobes of the ears.

နားပင်း, *v.* to be deaf.
နားပင်းဗိတ် (*pron.* နားဗင်းဗိတ်), *a.* solid, not hollow; applied to articles that are naturally or commonly hollow, ခေါင်းဗိတ်; artificially solid; ဆင်စွယ်နားပင်းဗိတ်, ဝက်စွယ်နားပင်းဗိတ်; *comp.* စတိ။
နားပန်, *n.* an amulet worn in the ear, နားပန်လက်ဖွဲ့။
နားပန်း, *n.* the trunnion of a gun; the ear of a pail.
နားပန်းကြိုး (*pron.* နဗန်းကြိုး), *n.* a rope handle of a pail or bucket.
နားပန်းကွင်း, *n.* the curved handle of a pail or bucket.
နားပန်းစွန်း (*pron.* နဗန်းဇွန်း), *n.* the end of an axletree, နားစေ့, သွည်း နားပန်းစွန်းထွက်သွားလို့ဟွည်းမှောက်သည်။
နားပန်းဆံ (*pron.* နဗန်းဇန်), *n.* an earlock.
နားပန်းဆံကြိုး, *n.* a sail rope.
နားပန်းပေါက်, *n.* the hole in the ear of a pail.
နားပါး, *v.* to be thin-eared, that is, quick in hearing; to be quick of apprehension, နားပါးသည့်လူ။
နားပုပ်နားဆွေး (*pron.* နဗုတ်နဆွေး), *int. imprecative*; may my ears perish (if I heard it), သည်စကားနားပုပ်နားဆွေးမကြားရဘူးပါဘူး။
နားပူသံကျပ် (*pron.* နဗူသံကျပ်), *adv.* in a manner painful to hear, whether teasingly, or scoldingly, နားပူသံကျပ်ထပ်တလဲလဲပြောသည်။
နားပေါက်, *n.* a perforation in the lobe of the ear; the touchhole of a musket or gun.
နားပျဉ်း (*pron.* နားဖျဉ်း), *n.* the lobe of the ear; နားပျဉ်းကျသည်, applied to old people.
နားဖါကော်, *n.* an earpick, နားဖာကလော်, နားဖာချူ။
နားဖါချေး, *n.* cerumen, earwax.
နားဖောက်, *v.* to bore the ears (ထွင်း is more elegant).
နားမခံသာ, *v.* to be harsh to the ear.
နားမရိကွင်း, *n.* the ring that secures the shrouds of a boat or vessel.
နားမရိဆိုင်း, *n.* the shrouds of a boat or ship, ရွက်တိုင်ဆိုင်းကြိုး။
နားယမ်း, *n.* the powder in the pan of a musket, နားဆေး။
နားရကင်း, နားရတင်း, *n.* an ornament or guard worn about the ears, being an appendage to a crown (သရဖူ).
နားရွက်, *n.* the ear, *lit.* the leaf of the ear; *also used as a verb,* when it has a signification similar to နားထောင်, though more elegant, ပေးသည့်အမိန့်ကိုနားရွက်ကြပါ, ကျွန်ုပ်စကားကိုနားရွက်စမ်းပါ။
နားရှက်, *v.* to be ashamed to hear.
နားလည် (*pron.* လယ်), *v.* to understand; *often followed by* တတ်မြောက်, ကျွင်စကားနားလည်တတ်မြောက်သူ။

နားလေး, *v.* to be rather hard of hearing; *comp.* နားထိုင်း။
နားဝင်, *v.* to enter the ear, gain access to the mind, be persuasive.
နားဝေ, *v.* to have one's sense of hearing confused, နားဝေနေပြီ။
နားဝေနားဝါ (*pron.* နဝေနဝါ), *adv.* doubtingly, as to what is heard, နားဝေနားဝါနေသည်။
နားဝှေ, *v.* to hear indistinctly.
နားသည် (*pron.* နသယ်), *n.* the part of the head behind the ear.
နားသန်, *n.* an earring (*obs.*). *Der.* ကောင်းနားသန်, မိုးနားသန်, နားသန်ကွင်း။
နားသန်သီး, *n.* an eardrop, ရွှေနားသန်သီးပန်သည်။
နားသာ, *v.* to be pleased in hearing, နားညွှတ်, နားညွှတ်နူးသည်။
နားသီး, *n.* the block of a pulley, လက်ရှပ်သီး။
နားသီးစက်, *n.* same as နားသီး။
နားသွင်း, *v.* to put into the mind, either as a speaker or a hearer, နားချပ်။
နားသွယ်, *n.* the part of the head under the ear.
နားဟူ, *v.* to sound, as a buzzing noise in the ear.
နား, 2, *v.* to cease from motion or action through desire for rest; to alight, as an insect, to perch, as a bird; to be arrested in its progress, as an arrow, bullet, or cannon-ball when fired at an object, *i.e.*, striking an object without forcing its way through, သစ်ပင်ကိုပစ်လိုက်သောအခါ၊ကျည်မနားဘူး; may also be used in speaking of a clean cut made by a *da*, sword, etc., အုန်းသီးခုတ်လိုက်သည်မှာ၊ထားမနားဘဲပြတ်သွားသည်; နံနက်နား၊နေ့နား၊ညနား, the three intervals of rest which reapers take in harvest time; နေတယ်ပူဒယ်၊သစ်ပင်အောက်မှာနားကြဦးစို့ရှဲ (*colloq.*), the sun is very hot, let us rest under the tree; အညောင်းပြေအညာပြေခဏနားကြစို့, let us rest a little while, in order that our stiffness may be relieved.
နားနားနေနေ, *adv.* slowly, moderately; this word is usually applied to words of coming and going, and of performing manual labor, when it indicates that a journey or a work is undertaken with frequent rests, hence accomplished slowly.
နိကာယ်ငါးပါး (Pali နိကာယ, a collection), *n.* the five parts into which the Buddhist Scriptures are divided, *viz.* ဒီဃ, မဇ္ဈိ, သံယုတ္တ, အင်္ဂုတ္တရ, ခုဒ္ဒက, the names of which are usually combined with the suffix နိကာယ်, ဒီဃနိကာယ်; နိကာယ်ငါးကျမ်း, နိကာယ်ငါးသွယ်။
နိက္ခမ (Pali), *n.* a departure into a wilderness, implying a renunciation of all the benefits and pleasures of social life, တောသို့ထွက်ခြင်း (86)
နိဂုံး, 1, *n.* the conclusion of a writing or book, sometimes containing a

summary, or other information, such as the writer's name, place of residence, the date of composing or transcribing, etc.; နိဂုံးအုပ်, နိဂုံးချုပ်, နိဂုံးသတ်, to make such a summary.

နိဂုံး, 2 (Pali နိဂမ), *n.* a small town, market village, little trading place; *comp.* ဇနပုဒ်။

နိဂ္ဂဟိတ် (Pali နိဂ္ဂဟိတံ), *n.* the character (ံ), commonly called သေးသေးတင်, when combined, in words of Pali origin, with the symbol of the vowel ဣ (ိ), and in some other cases.

နိစ္စ (Pali), *n.* permanence; မြဲခြင်း, *see* ထာဝရ။

နိစ္စဓူဝ (Pali), *n.* permanence; *used also adverbially,* နိစ္စဓူဝပြုသည်, နိစ္စဓူဝနေသည်။

နိစ္စဘတ်, *n.* cooked rice offered regularly to *pongyis.*

နိဇီဝ (Pali နိ, *priv.* and ဇီဝ, life), *n.* a lifeless substance; *opposed to* သဟဇီဝ။

နိဒါန်း, *n.* a compendious view, a syllabus, table of contents prefixed to a work, နိဒါန်းရေးသည်; also used figuratively, နိဒါန်းထိုးလောက်သည့်လူဘဲ, နိဒါန်းတွင်နေရစ်သည်; *nedana* (နိဒါန်း) was originally applied to the introduction to the commentary on the *Jataka* stories.

နိပ်, *v.* to be kept down; chiefly applied to wind in the stomach, လေနိပ်သည်. *Der.* နှိပ်။

နိပါတ်, 1 (Pali နိပါတ), *n.* a particle prefixed or affixed, without taking the place or office of an inflection, နိပါတ်ဆိုက်အောင်ပြောတတ်သည်; *comp.* ဝိဘတ်။

နိပါတ်, 2, *n.* a short *zat*, one of the five hundred and fifty, exclusive of the ten great *zats*, ဇာတ်နိပါတ်။

နိဗ္ဗာန် (Pali နိဗ္ဗာန), *n.* rest from all evil; annihilation; သတ္တဝါတို့ကို နိဗ္ဗာန်တည်းဟူသော ရွှေမြို့သို့၊ ပို့ဆောင် ကယ်တင်တော်မူတတ်သော မြတ်စွာဘုရား; *nirvana,* အကျွတ်တရား။

နိဗ္ဗာန်ကျောင်း (*pron.* နိဗ္ဗာန်ကျောင်း), *n.* a building in which the body of a priest is laid in state.

နိဗ္ဗာန်ကျောင်းတကာ, *n.* one who makes an offering of a နိဗ္ဗာန်ကျောင်း။

နိဗ္ဗာန်စံ, *v.* to attain and enjoy *nirvana.*

နိဗ္ဗာန်ဆော် (*pron.* နိဗ္ဗာန်ဇော်), *n.* a religious crier, one who notifies and calls to worship.

နိဗ္ဗာန်ယူ, နိဗ္ဗာန်ရ, နိဗ္ဗာန်ဝင်, *v.* to attain *nirvana* (နိဝါန).

နိမ်, *v.* to be kept down; *comp.* နိမ့်; သူခိုးထားပြမှားကို၊အစိုးရမင်းနိမ်အောင် မနိုင်လျှင်၊သည်အရပ်တွင်မည်သူမျှနေဝံ့စရာအခွင့်မရှိ. *Der.* နှိမ့်။

နိမိတ် (Pali နိမိတ္တံ), *n.* a sign, mark, token, လက္ခဏာ; a mark denot-

ing the limit or boundary of a territory, နယ်နိမိတ်; the mark of gender, that is, the private parts, male or female; ယောက်ျားနိမိတ်, မိန်းမနိမိတ်; a mark or proof of something latent, or cognizable by the senses; a mark, sign of something future, an omen, prognostic, portent. တိတ်, ပုဗ္ဗနိမိတ်။

နိမိတ်ကောင်း. *v.* to be of good omen, အလွန်နိမိတ်ကောင်းသည်၊အကြံထမြောက်လိမ့်မည်။

နိမိတ်ကြီးလေးပါး, *n.* the four great signs, the sight of which induced Sidharttha to renounce the world previous to his becoming a Buddh, *viz.* an old man (သူအို), a sick and infirm person (သူနာ), a dead person (သူသေ), and a recluse (ရဟန်း) (87).

နိမိတ်ဆိုး, *v.* to be of evil omen, နိမိတ်ဆိုးသည်။သည်လမ်းသွားလို့မကောင်းပါ။

နိမိတ်တမျည်. *n.* a mark, sign of something future, an omen, prognostic, portent, တိတ်။

နိမိတ်နမာ, *n.* same as နိမိတ်; ခင်ဘျားပြောသည့်စကားနိမိတ်မရှိ၊နမာမရှိ, *lit.* the words you speak have no omen (hence are of bad omen).

နိမိတ်ပြသောမေးခွန်း, *n.* a leading question.

နိမိတ်ဘတ်, *v.* to explain omens, ပုဏ္ဏားလူမျိုးနိမိတ်ဘတ်တတ်သည်ဟုမြန်မာလူမျိုးအယူရှိသည်, the Burmese believe that Brahmins are able to explain omens.

နိမိတ္တကျမ်း, *n.* a book which explains omens.

နိမ္မာနရတိ, *n.* the fifth stage of the world of *nats*; *see under* နတ်ပြည်။

နိမ္မိတ (Pali), *a.* created.

နိမ္မိတသတ္တဝါ, *n.* a created being, creature.

နိမ့်, *v.* to be low, ပျပ်သည်; *comp.* နိမ်; to be short in stature; *comp.* ပု; သည်အိမ်တဆိတ်နိမ့်သည်၊ကြည့်မကောင်းပါ; ကံနိမ့်သည့်အခါ၊လူတကာလူပိုင်းနှိပ်စက်ချင်သည်; သည်မှာမြေအလွန်နိမ့်သည်၊ရေဝပ်လိမ့်မည်လို့ထင်သည်, the ground is very low here; water will lodge, I think. *Der.* နှိမ့်။

နိရယ (Pali), *n.* hell, ငရဲ, နရက် or နရက။

နိဝါတ (*pron.* နိဝါဒ). *n.* lowliness, humility; နိဝါတတရား, the law of humility.

နိသိဒိုင် (Pali နိသိဒန်), *n.* a quilt or cushion used by priests.

နိဿမကာရီ, *a.* acting with care and attention.

နိဿယျ (Pali), *n.* the interpretation of an original text (ပါဠိ), ပါဠိအနက်, နိဿယျနာမ်စောင်။

နိဿရည်း (Pali နိဿယ), *n.* a support, guide, something to lean on or adhere to, အမှီသဟဲ, နည်း။

နိသရည်းဆရာ, *n.* a superior teacher (inferior to ဥပဇ္ဈာယ်ဆရာ), one who is capable of laying down rules; ဓမ္မစရိယာဆရာ။
နိဿိတ, *n.* a dependent, pupil, disciple, adherent.
နီ, *v.* to be red.
နီကျင်ကျင်, နီကြန်ကြန်, *a.* or *adv.* pale red, violet; နီကျင့်ကျင့်, နီကြန့်ကြန့်, *less than* နီကျင်ကျင်, နီကြန်ကြန်။
နီစပ်စပ်, *a.* or *adv.* disagreeably reddish.
နီတီတီ, *a.* reddish.
နီတျာတျာ, နီတာရဲ, *a.* or *adv.* very or excessively red, အသားအရေနီတျာတျာရှိသည်။
နီနှမ်းနှမ်း, နီမွဲမွဲ, *a.* or *adv.* of a dull, faded, red color.
နီပြာပြာ, *a.* or *adv.* of a bluish red color, မိုးသီးကြီးရောင်။
နီမောင်း, *v.* to be purple, နီမောင်းသောအရောင်ခြည်တော်ကိုလွှတ်တော်မူသည်။
နီမြန်း, *v.* to be red; *see* နီ။
နီရဲရဲ, *a.* or *adv.* very red.
နီဝါ, *v.* to be tawny, auburn.
နီဝါဝါ, *a.* fallow in color, as a deer.
†နီတိ (Pali, ဈွေအိုး), *n.* a book of proverbs, of which there are three, *viz.*, ဓမ္မနီတိ, pertaining to religion; လောကနီတိ, pertaining to common life; ရာဇနီတိ, pertaining to government.
နီပါးဆေး (ပင်), *n.* the madder plant and root; formerly much used for dyeing cotton fabrics, the *Niba morinda* (88).
နီယတို့, *adv.* in contact, conjunction, as a planet or star.
နီလာ, *n.* a sapphire; hence သိဟိုဠ်နီလာ, an amethyst; နီလာကြံဆံ, a term applied to sapphires which have a reddish tint.
နီလာတွင်း, *n.* a sapphire mine.
နီး, *v.* to be near, not distant, မဝေး, ရန်ကုန်မြို့တော်တော်နီးပြီလား, သူခိုးအိမ်နားနီးသူခိုး၊ တံငါအိမ်နားနီးတံငါ (ဖြစ်တတ်သည် understood), he who lives near the house of a thief is apt to become a thief; he who lives near the house of a fisherman is apt to become a fisherman.
နီးကမ်း, *v.* same; *seldom used assertively.*
နီးစပ်, *v.* to be contiguous, to be very near, ခင်ဘျားတို့နှစ်ယောက်သွေးနီးစပ်ကြသလား။လူပုံချင်းအလွန်တူကြသည်, သွေးမျိုးနီးစပ်။
နီးပါး, *v.* to be near (*infreq.*). *Der.* အနီးအပါး။
နီးရင်း, *v.* to be nearly related.
နု, *v.* to be young, tender, delicate, မရင့်, မကြမ်း; to be fine in grain or texture, ချောသည်; to be done nicely or curiously, as carving, ပန်းနုသည်; to be young, as the moon, လနုသည်; to be feeble, as

the rays of the sun in the morning; to be immature in mind, inexperienced. စိတ်နု, သဘောနု; to be unseasoned, as timber, သစ်သားနုသည်; သရက်ရွက်နုသည်, သရက်ရွက်နုစပြုသည်, မန်ကျည်းရွက်နုသည်; also applied to a *paramita* which has not been fulfilled, ပါရမီနု; သည်လူအသက်နုနုကလေးရှိပါသေးသည်, this person is still of tender age; သည်စားပွဲပန်းထုသည်မှာ၊အလွန်နုသည်, the carving of this table is very delicate; သည်သူငယ်ခရီးမသွားနိုင်ပါ၊ငယ်ရွယ်နုလှသေးသည်, this child cannot travel, he is still of a young and tender age.

နုငယ်, *v.* to be young and tender.

နုထွတ်, *v.* to be very tender.

နုထွား, *v.* to be large in size for one's age.

နုနယ်, *v.* to be young, tender, delicate; to be nicely done.

နုပျို, *v.* to be in the prime of life; followed by သာယာ, in describing scenery, အလွန်နုပျိုသာယာသည့်အရပ်။

နုဖတ်, *v.* to be delicate and fresh-looking, as a person's complexion.

နုမှည့်, *v.* to be ripe and tender, as fruit, သရက်သီးနုမှည့်။

နုဝါ, *n.* tree cotton.

နုတ်, *v.* to take out, pull out, extract; *comp.* ထုတ်; to take away (one's office); to subtract (in arithmetic); to repeal (an order).

နုတ်ကိန်း, *n.* a subtrahend.

နုတ်ကြွင်း, *n.* a remainder (in subtraction).

နုတ်ထုတ်, *v.* to make an extract from a writing, ခက်ခဲသောစကားများကိုကျမ်းဂန်မှနုတ်ထုတ်ရေးသားလို့ပေးပါ။

နုတ်ယူ, *v.* to take from, to subtract.

နုတ်ယူတတ်သော, *a.* privative.

နုတ်သိမ်း, *v.* to degrade from office and deprive of all insignia; to repeal (an order), အမိန့်နုတ်သိမ်းသည့်နေ့ကစ၍အတည်အမြဲမပြုစေရ, အမိန့်တော်ရုပ်သိမ်းသည်။

နုတ်သိမ်းပြန်, *v.* to revoke, ပလပ်စေသည်။

နုန်, *v.* to be unpleasant to the eye, as something grotesque, unwieldy, clumsy, or antiquated; to be outlandish; to be plain and ugly in features and dress; *fig.*, despicable, poor-spirited; တယ်နုန်သည့်နာရီကြီး, a very clumsy, large clock; တယ်နုန်သည့်အလျှိုကြီး။

နွဲ့, *v.* to be loose, not firm, unstable (*obs.*), မခိုင်, နဲ့သည်; to be weak, infirm, inefficient, irresolute; rather applicable to purpose, character, influence, etc.

နွဲ့နဲ့, *v.* to be weak, infirm, inefficient, irresolute, တယ်မင်းသဘောနွဲ့နဲ့ပါကလား (*colloq.*), your character is irresolute indeed! ပရိသတ်ထဲ

မှာခင်ဗျားနွန်နွန်နှဲ့နှဲ့စကားပြောတတ်လွန်းလှ၊ ရှေ့ကကဲ့သို့ ခင်ဗျားကိုအများက မရှိသောကြပါ။

နွန်း, 1, *n.* the deep mud or mire, on the bank or in the bed of a river; *comp.* ညွန့်, and နွံ; နွန်းမြေ, land on which onions, tomatoes, pumpkins, gourds, and sweet potatoes are grown.

နွန်းကျွံ, *v.* to sink into deep mud.

နွန်းပို့, *v.* to become filled up, choked with mud, သည့်နှစ်နွန်းပို့လို့သင်္ဘော များမသွားနိုင်ပါ။

နွန်း, 2, *v.* to be weak, exhausted, from fatigue or illness, or from the effects of medicine; *comp.* နွမ်း။

နွန်းချွဲ, *v.* to be in an exhausted and debilitated state, as when attacked by or recovering from cholera, or after having performed a journey which has overtaxed one's bodily strength; ဝမ်းသက် ဆေးကိုခဏခဏစားလျှင်၊အလွန်နွန်းချွဲတတ်သည်, if one takes purgative medicines frequently, one is liable to become exhausted and debilitated.

နွန်းနွေ့, *v.* same as နွန်း။

နွန်းနယ်, *v.* same as နွန်း (*infreq.*), နေပူထဲတာရှည်သွားရလျှင်နွန်းနယ်တတ် သည်။

နုပ်, *v.* to be small, fine; implying many particles, ဖွဲ့သည်; *comp.* သေး; to be insignificant looking; to be mean, paltry, contemptible, as language; with စဉ်း (စဉ်း) to cut, chop, or mince, into small pieces, နုပ်နုပ်စဉ်းလိုက်သည်; အပြောအဆိုနုပ်သည်; နုပ်နုပ်ဖွဲ့ ဖွဲ့များကိုသိမ်း ဆည်းစရာရှိပါသေးသည်။

နုမော်, *an abbrev. of* အနုမောဒနာ။

နူ, *v.* to be leprous, to have leprosy. It is considered a great breach of good taste to use this expression in the hearing of any person afflicted with leprosy; ကိုယ်မကောင်း, or အနာကြီးရှိသည်, are substituted. The least offensive term is ကုဋ္ဌဖြစ်သည်; နူမည်အစယားသည်၊ သေမည်အစဖျားသည်၊ နူရာဝဲစွဲ၊ လဲရာမှာသူခိုးထောင်း, signifying that misfortunes never come singly.

နူထွက်, *v.* to appear, as the prominent excrescences in leprosy.

နူနာ, *n.* the leprosy, ကုဋ္ဌ။

နူဝဲ, *v.* to be leprous, to have leprosy.

နူး, *v.* to be made soft by some process; *comp.* ပြော့; အုတ်မြေကိုနူး အောင်ရေနှင့်နှူးလိုက်ပါ. *Der.* နှူး။

နူးညံ့, *v.* to be fine, nice, delicate, gentle, pleasant, သိမ်မွေ့သည်။

နူးညံ့ချိုသာ, *v.* to be suave, ချိုသာသည်။

နူးညွတ်, *v.* to be well-disposed toward, affectionate, pleased with, ကြည်ညိုသည်, နှစ်သက်သည်။

နူးနပ်, *v.* to be made soft, especially by cooking; *fig.*, to be sensible, well-informed, experienced; to be well considered and cogent, as language, အပြောအဆိုနူးနပ်သည်; ဆရာကြီးအလွန်သဘောနူးနပ်သည်, the great teacher has a very experienced mind.

နေ, 1, *n.* the sun.

နေအိမ်ဖွဲ့, *v.* to form a halo, as the sun; *n.* a halo of the sun.

နေအောက်သီး, *n.* fruit that faces the setting sun.

နေကာ, *n.* a screen from the sun.

နေကျ, *n.* the decline of the sun, afternoon; နေကျဘွားး၊နေတက်ဘွား, to be born when the sun is in the decline, or in the ascent; ကျနေ အလွန်ပူသည်, the declining sun is very hot.

နေကျော်, *v.* to pass the meridian, as the sun.

နေကျော်အိမ်, *n.* a house that fronts east or west, ခင်ဗျားအိမ်နေကျော် ဆောက်သလား။

နေကြတ်, *v.* to be eclipsed, as the sun; *in colloq. freq. pron.* နေကြစ်; "the sun and moon are at regular intervals seized by the *asurs* Rahu (ရာဟု) and Ketu (ကိတ်ပြွဟ်), and these periods are called *grahanas* or seizures (eclipses)." M.B.

နေကြာ, *n.* the sunflower, နေကြာပန်းကဲ့သို့နေ့တိုင်းမပြတ်ရှင်လန်းပါစေသော။

နေကွယ်, *v.* to disappear from view, as the sun.

နေခို, *v.* to take shelter from the heat of the sun.

နေချို, *v.* to be moderately warm, not hot, as the sun, နေချိုမှသွားကြစို့။

နေခြည်, *n.* a sunbeam, နေရောင်ခြည်။

နေစာ, *n.* the morning sun.

နေစာလှို, *v.* to be the cool of the morning.

နေစာလှုံ, *v.* to bask in the morning sun, နေပူစာလှုံသည်. The Burmese believe that sick persons die, if they bask in the sun.

နေစောင်း, *v.* to be declining, as the sun in the latter part of the day, ညနေစောင်း။

နေစွယ်, *n.* the strong rays of the sun.

နေစွယ်ကျိုး, *v.* to be broken in strength, be cool, as the sun in the latter part of the day, နေအေးသည်။

နေစွယ်တောက်, *v.* to be emitted, as long shafts of sunlight through a cloud, which the Burmese regard as presaging a high wind.

နေစွယ်ထိုး, *v.* to strike powerfully, as the rays of the sun.

နေဇာမြက် (from ဇာတိ), *n.* the earliest grass, coeval with the sun and the earth, မြေဇာမြက်။

နေညာသီး, *n.* fruit that faces the rising sun.

နေညို, *v.* to be dark and cool, as the sun when covered by a cloud, နေညိုမှခရီးသွားနိုင်မည်. နေညိုမှသေည်။

နေတက်, *n.* the ascent of the sun, the forenoon.

နေတောင်တင် (*pron.* နေတောင်ဒင်), *n.* the time when the afternoon sun rests on the summit of a hill, or range of hills: this expression was used with reference to the time when criminals were executed at Mandalay, နေတောင်တင်လောက်ခြုံကျောင်ထုတ်ခေ; also used of the sun when in such position, in any locality having hills or mountains to the west.

နေတိုင်း, *n.* a sextant; နေတိုင်းနာရီ, a sun dial, နေနာရီ; နေတိုင်းနာရီစက်ဝန်း, a dial plate.

နေထီးဆောင်း, *n.* an imperfect halo of the sun; *comp.* နေအိမ်ဖွဲ့။

နေထွက်, *v.* to rise, as the sun.

နေထွက်နေဝင်, *adv.* from sunrise to sunset.

နေထွက်ဘုရင်, *n.* King of the Rising Sun; formerly a title of the Kings of Burma.

နေနည်း, *v.* to be late in the afternoon.

နေပူ. *v.* to be hot, as the sun; နေပူ, နေပွင့်, နေသာ, to be a fine day, မနေ့ကနေမသာပါ, yesterday was not a fine day.

နေပူခံသီး, *n.* fruit that is ripened in the sun; *comp.* လောင်းရိပ်ခံသီး။

နေပူစပ်ခါး, *n.* the burning heat of the sun.

နေပူစာလှုံ, *v.* to bask in the morning sun, နေစာလှုံ။

နေပြောက်, *n.* a spot of light made by the sun shining through an aperture, နေပြောက်ထိုး။

နေပွင့်, *v.* to appear through the clouds. as the sun; to be a fine day, မနေ့ကနေပွင့်သည်။သည်ကနေ့မိုးဃါးရွာသည်, yesterday was a fine day, to-day it is raining.

နေဗိမာန်, *n.* the sun, *lit.* the mansion of the sun (89); နေဗိမာန်အတွင်းကား၊ရွှေဖြင့်ပြီး၏။ အပကား၊ဖန်ဖြင့်ပြီး၏။ အတွင်းအပနှစ်ပါးလုံးပင်၊ ပူသည်သာတည်းဟုမှတ်ကုန်ရာသတည်း, နေဗိမာန်အဖြောင့်ကား၊ယူဇနာငါးဆယ်ရှိ၏။ နေဗိမာန်အဝန်းကား၊ ယူဇနာတရာငါးဆယ်ရှိ၏။

နေမင်း, 1, *n.* the sun (*poetical*).

နေမင်း, 2, *n.* a species of narcissuswort, the *Eurycles amboinensis.*

နေမြင့်, *v.* to be high in the heavens, as the sun; to be far advanced, as the morning, အိပ်ရာထနေမြင့်သည်, he is late in rising (နေစောင်း,

and မိုဃ်းချုပ် denote lateness of time in the afternoon and evening, ညည့်နက်, lateness of time at night).

**နေရောင်**, *n.* sunlight, နေ၏အလင်း။

**နေရောင်ကာ**, *n.* a visor; *see* နေကာ။

**နေရောင်ခြည်**, *n.* a sunbeam, နေရောင်နေဝါ။

**နေရောင်ထိချက်**, *n.* a sunstroke, နေပူလျှပ်ချက်။

**နေရောင်ထိုး**, *v.* to shine through an aperture, as the sun; to glare, as the sun; *more than* နေပြောက်ထိုး; နေရောင်တောက်။

**နေရှိန်**, *v.* to be burning, as the rays of the sun; to be radiated, as the rays of the sun.

နေဝင်, *v.* to set, as the sun; နေဝင်ဘုရင် was a title conferred on some Shan *sawbwas* by the King of Burma.

နေဝင်မြိုးမြိ, နေဝင်ရီတမှောင်, နေဝင်ရီရီ, နေဝင်ရီတရော, *n.* the evening twilight, the dusk of the evening, ညဆည်းဆာ။

နေဝန်း, *n.* the disc of the sun.

နေသာ, *v.* to be pleasant, as the sun in the cool of the evening; to be fair weather, မနေ့ကနေသာသည်။

နေ, 2, *v.* to stay, remain; to dwell, abide, have a residence; နေ *often gives a continuative force when it follows other verbs*, ရှိနေသည်, ကြည့်နေသည်, မေ့နေသည်; *in a protracted sense*, to wait for, ကောင်းပြီခင်ဗျား၊နေနှင့်ဦးနေဉ်, all right, sir, you wait a bit (and see); said by way of a threat.

နေအိမ်, *n.* a dwelling house.

နေကျိုးနေကြာ (from အကျိုးအကြာ), *adv.* without profit (*infreq.*), နေကျိုးနေကြာသီးသည်။

နေခက်, နေမကောင်း, *v.* to feel indisposed, out of sorts.

နေခင်းထိုင်ခင်း (*pron.* နေဂင်းထိုင်ဂင်း), *n.* a place of residence, an abode, နေခင်းထိုင်ခင်းသာယာသည်။

**နေထိုင်**, *v.* same as နေ, but conveying a more permanent signification, ခင်ဗျားသည်အရပ်တွင်နေထိုင်သည်မှာတယ်လောက်ကြာပြီလဲ။

**နေပြည်တော်**, *n.* an honorific name formerly applied to the dominions of the King of Burma.

နေမြေ, *n.* land on which dwelling houses are erected.

နေရစ်, *v.* to remain behind.

နေရာကျ, *v.* to become settled, to be nicely adjusted, managed, or arranged; to be completed satisfactorily, သည်အမှုနေရာကျအောင်ပြုပါ, arrange this matter satisfactorily.

နေရာစွန်, နေရာလွတ်, *n.* situations more honorable than နေရာငါးသွယ်။

နေရာငါးသွယ်, *n.* the five posts of honor, or places of sitting in the royal presence, *viz.* တော်နေရာ, ဒူးနေရာ, စနည်းနေရာ, အတွင်းတဝေါ, ပြင်တဝေါ။
နေရာတော်ခင်း (*pron.* ဒေါ်ဂင်း), *n.* the person in a dramatic performance who prepares the royal apartments for the king and queen.
နေရာထိုင်, *n.* a cushion, ဖုံ။
နေရာဖုံ, *n.* same.
နေရာဝပ်, *v. see* နေရာကျ; နေရာသေဝပ်။
နေ့, *n.* a day, from sunrise to sunset; *opposed to* ညဉ့်; *comp.* ရက်, a natural day of twenty-four hours; နေ့ချင်းပြန်နိုင်သည့်ခရီး။
နေ့ကောင်းရက်သာသင်ရွေး, *v.* to select a propitious day for an undertaking.
နေ့ခင်း, *n.* the middle of the day, from about noon till about 3 p.m.
နေ့ခစားငှါး (*pron.* နေ့ဂစားငှါး), *v.* to work by the day, to work for day wages.
နေ့ချင်း, *adv.* the selfsame day.
နေ့စားငှါး, *v.* to work for day wages.
နေ့စားလုပ်, *v.* to work by the day.
နေ့စားလိုက်, *v.* to engage one's self and serve for day wages.
နေ့စေ့လစေ့, *v.* to be fulfilled, as the time of a woman who is *enceinte.*
နေ့ခွဲ, နေ့ခွဲရက်ချုပ်, *n.* a record of the time and circumstances of one's birth, made for astrological purposes.
နေ့နံ, *n.* the day of the week on which one was born; *see* နံ, 2.
နေ့ပုပ်, *n.* a bad day, either one spent in vain, or one marked by unlucky omens, ရက်ပုပ်; ပြဿဒါးရက်။
နေ့လယ်, *n.* the middle of the day; နေ့လယ်ကြောင်တောင်, in glaring daylight.
နေ့လယ်စာ, *n.* a midday meal; နေ့လယ်စာကျွေး, to give a midday meal.
နေ့ဝါ, *n.* lessons to be learned or recited by day; ဝိနည်းငါးကျမ်း, သုတ်သုံးကျမ်း, etc.
နေ့သင့်နံသင့်မှည့်, *v.* to give a name, the initial of which is one of the letters belonging to the day on which a person was born.
နဲ, *see* နည်း, *v.* to be few.
နဲ့, *v.* to be loose, not firm, နွဲ့နဲ့သည်, ကျွန်ုပ်သွားတချောင်းနဲ့နေလို့ထမင်းအစားရခက်သည်; သည်တိုင်နဲ့လှုပ်ပြီ၊လဲတော့မည်, ပညာသမာဓိနည်းသောသူများ၊ သူတပါးလှုပ်ရှားတိုင်းနဲ့သည်, those who are deficient in wisdom and tranquility of disposition, are agitated whenever others move. *Der.* ချွဲနဲ့, နွဲ့နဲ့, and နှဲ့။
နောက်, 1, *n.* the space behind (a thing); sometimes, past time, အရင်, but commonly, future time, ရှေ့. *Der.* အနောက်။

နောက်ကင်းတပ်, *n.* the rear guard.
နောက်ကျ, *v.* to fall behind, be late, ခင်ဗျားနောက်ကျလို့စားစရာသောက်စရာကုန်ပြီ။
နောက်ကျုံ့, *v.* to be contracted or small in the hinder parts.
နောက်ခေါက် (from အခေါက်, a time, turn), *n.* a future time, နောက်တခေါက်။
နောက်ခို, *v.* to keep behind, from reluctance to come forward, မင်းနောက်ကဘာဖြစ်လို့ခိုနေသလဲ။
နောက်ခိုင်း, *v.* to turn the back in contempt, ကျောခိုင်းသည်, နောက်ခိုင်းနေရမည်လား။
နောက်ချေး, *n.* dung, manure, ဆင်ချေး, မြင်းချေး, နွားနောက်ချေး။
နောက်ချေးချ, *v.* to manure (*vulgar*), မြေဩဇာကျွေး (*polite*).
နောက်ချေးပိုး, *n.* a kind of beetle.
နောက်စေ့, *n.* the protuberance of the occiput.
နောက်ဆက်တွဲ, *n.* a supplement, as to a Gazette, or any publication.
နောက်ဆံ, *n.* the hair on the back part of the head.
နောက်ဆုတ်, *v.* to retrograde, fall back, retreat; *adv.* retreatingly, retrogradingly.
နောက်ဆုံး, *a.* last, final.
နောက်ဆုံးဖိတ် (*pron.* ဗိတ်), *n.* the very last; *adv.* နောက်ဆုံးဖိတ်သွားသည်, နောက်ဆုံးဖိတ်ရောက်သည်။
နောက်ဆိုင်းကြိုး, *n.* a backstay.
နောက်တပ်, *n.* the rear of an army or fleet.
နောက်တဖန်, *adv.* again, once more, နောက်တဖန်လာခဲ့ဦး, come again, another time.
နောက်ထပ်, *adv.* immediately after, နောက်ထပ်လိုက်ခဲ့ပါ, နောက်ထပ်ချင်းလိုက်သွားသည်; *n.* an addendum, နောက်ဆက်တွဲ, additional, နောက်ဆက်။
နောက်ထောက်ကျောခံ, *n. lit.* a back prop or stay; *fig.*, a stay, prop, support, နောက်ထောက်ကျောခံမရှိလို့အားနည်းပါသည်, as I have no support, I am weak.
နောက်ထောက်ငွေ, *n.* supplementary sums of money furnished to the families of အမှုထမ်းများ, at the capital of U.B., by their relatives living at home.
နောက်ထိုးသေနတ်, *n.* a breech-loading rifle or gun.
နောက်နောက်က, *n.* and *adv.* past time, နောက်နောက်ကလွန်ခဲ့သမျှဝန်ချပါ၏။
နောက်နောင်, *n.* future time; *see* နောင်။
နောက်ပစ်, *n.* the mark (ˋ), *e.g.*, အဲ။
နောက်ဖိတ်ခွေး, *n.* the iron ring or band at the end of a *da* handle; *fig.*, ထားမနောက်ဖိတ်ခွေးလောက်မျှအဆိုးတန်သည့်လူမယုတ်ဘူး။

နောက်ဖိတ်ဘိနပ်, *n.* a European shoe or boot, ဖွတ်ဘိနပ်။
နောက်ပိုးကြိုက်, *v.* to love in secret; ပိုး is oftener used alone, အညာသူကလေးကိုလိုက်လိုက်ပိုးသည်။
နောက်ပိုးလေ, *n.* a wind directly aft.
နောက်ပြန်, *adv.* backward, နောက်ပြန်ကောက်, ရှေ့ကျွမ်း၊နောက်ပြန်ကျွမ်း, နောက်ပြန်ယူ။
နောက်ဖယ်, *n.* the back part of the head just below the protuberance of the occiput.
နောက်ဖယ်တွင်း, *n.* same, နောက်ဖယ်တွင်းနက်သောသူများဖျင်းတတ်သည်။
နောက်ဖေး, *n.* the back side or back precincts of a house.
နောက်ဖေးနောက်ဇီ, *n.* same as နောက်ဖေး။
နောက်မှ, *adv.* subsequently, ၎င်းနောက်။
နောက်ယုတ်, *adv.* from better to worse.
နောက်ရောင်လိုက်, *v.* to follow at a distance for the purpose of watching, ဟိုလူကိုနောက်ရောင်လိုက်သွား, follow and watch that man.
နောက်လိုက်နောက်ပါ, *n.* a follower.
နောက်လွယ်, *n.* a large basket suspended from the shoulders or the forehead.
နောက်လွယ်အိတ်, *n.* a bag suspended from the shoulders.
နောက်လွယ်ပုံး, *n.* a large oval basket (with cover) suspended from the shoulders or the forehead.
နောက်သားနောင်လာ, *n.* posterity.
နောက်သို့, *adv.* backwards, ရန်သူတို့က၊နောက်သို့ဆုတ်သွားကြသည်။
နောက်သို့လှန်သော, *a.* reflex.
နောက်, 2, *v.* to be dirty, foul, as water; to be turbid, not clear, not transparent, မကြည်, မကြည်လင်; တယ်နောက်သည့်လူ, တယ်သည်ရေနောက်ပါကလား (*colloq.*); ကျွန်ုပ်သည်ယနေ့စိတ်နောက်နောက်ကျိကျိရှိသည်, I am in a very perturbed frame of mind, to-day. *Der.* စိတ်နောက်, and နှောက်။
နောက်ကျိ, *v. see the parts.*
နောက်ကျု, *v.* same as နောက်။
နောင်, *n.* future time; *sometimes used as a verb in the participial form,* နောင်သောကလာ, နောင်သောအခါ; နောင်အရေးကိုမြော်မြင်နိုင်မှကောင်းသည်။
နောင်တ (from နောင်, and တ), *n.* regret, repentance.
နောင်တရ, *v.* to regret, be sorry for, repent of, အမှုပြုပြီးနောက်မှ၊နောင်တရသည်။
နောင်တော် (from အနောင်), *n.* an elder brother, royal or divine, နောင်တော်ဘုရင်မင်းခေါင်, နောင်တော်မင်းမြတ်; the three Buddhas preceding

Gautama are styled နောင်တော်, *e.g.*, နောင်တော်ကဿပ (အရိမေတ္တေယျ is styled ညီတော်).

နောင်နင်, **1**, *adv.* backward and forward, to and fro (*obs.*).

နောင်နင်, **2**, *adv.* applied to the tinkling of small bells, ဆည်းလည်း (ဆွဲလွဲ) သံနောင်နင်နောင်နင်ကြားသည်။

နောင်နောင်, or တနောင်နောင်, *adv.* ringingly, ခေါင်းလောင်းသံနောင်နောင်ကြားသည်။

နေ့ွ, *v.* to be immodest, indecent (*infreq.*), ကနေ့ွသည်, ကမြင်းသည်, ကလက်သည်, အလွန်နေ့ွသည့်လူ။

နေ့ွနီးနေ့ွနဲ့, နေ်နီနေ်နဲ့, *adv.* in a weak, infirm manner, သည်လူလမ်းလျှောက်သည်မှာ၊နေ့ွနီးနေ့ွနဲ့တယ်နိုင်သည်။

နော်, *verb. affix, soliciting acquiescence* (*colloq.*), နက်ဖြန်လာပါ၊နော်, come to-morrow, won't you? ဆတ်ဆတ်လာပါနော်ဆရာကလေး, be sure to come, won't you, little teacher?

နိုင်, **1**, *v.* to prevail, conquer, overcome, အောင်သည်; to be competent to perform; to abound, be prevalent, များသည်, အားကြီးသည်; to be overmuch, excessive, as salt, *ngapi*, or oil, in food; သည်လူကိုမိန်းမတယ်နိုင်သည်, တယ်သည်လူဆိုးနိုင်ခက်သည်; ဗေဒင်ကိုသိုက်နိုင်သည်။သိုက်ကိုတံဘောင်နိုင်သည်။ တံဘောင်ကိုဝိရိယနိုင်သည်။ ဝိရိယကိုဉာဏ်နိုင်သည်။

နိုင်ချင်း (*pron.* နန်းချင်း), *adv.* by equal weight; in equal proportions or quantities; on a par; မြင်းကိုစပါးနှင့်ကုလားပဲနိုင်ချင်းစပ်ကျွေးပါ, ကျွန်တော်ထိုးဘူးလုပ်သည်မှာ၊လက်ခနိုင်ချင်းပေးရသည်။

နိုင်တက်စီးနင်း, *adv.* in a domineering, overbearing manner, နိုင်တက်စီးနင်းပြုသည်။

နိုင်နင်း, *v.* to be master of, to hold in subjection, အမိန့်တော်မြတ်ကိုဗိဆန်လျှင်၊နိုင်နင်းအောင်ဆုံးမရမည်။

နိုင်, **2**, *qual. verb. affix*, potential, can, able to, မသွားနိုင်ပါ, ပေးနိုင်ပါမည်လား။

နိုင်ငံ, *n.* a kingdom, a country under one jurisdiction or government, တိုင်းနိုင်ငံ; authority, power; also used figuratively, တဏှာနိုင်ငံ, the domains of lust; လောဘနိုင်ငံ, the domains of cupidity.

နိုင်ငံအုပ်, *n.* the President of a Nation; သမတမင်း, the President of a Republic; နိုင်ငံအုပ်အရာ, the Presidency.

နိုင်ငံခြားမင်းကြီး, *n.* formerly the Minister of Foreign Affairs at Mandalay.

နိုင်ငံခြားဝန်ထောက်, *n.* an assistant to the above, နိုင်ငံခြားဝန်ထောက်ဦးချိန်။

နိုင်ငံသား, *n.* a native of a country, ကျွန်တော်သည်နိုင်ငံသားမဟုတ်၊ဘုံဆိုင်ဖြစ်ပါ (*Colloq.*).

ႏို၀ဘၥၥ (Eng.), *n.* November, ႏို၀ဘၥၥလ, nearly answering to the Burmese တန်ဆောင်မုန်းလ။

ႏို, 1, *n.* the breast of a female, ႏိုအုံ, ရင်သား, သားမြတ်; milk, ႏိုရည်; နွားႏို, cow's milk; the spout (of a pot, etc.), ႏွတ်သီး. *Der.* အႏို။

ႏိုအစ်ခဲ, *n.* curdled milk ejected from the stomach of an infant.

ႏိုအုံ, *n.* the breast of a female; an udder.

ႏိုကြက်တက်ရည်, *n.* the serum or thin, watery part of milk, separate from the curd; *comp.* ဒိန်ရည်။

ႏိုကွာ, *v.* to be weaned.

ႏိုခဲ, *n.* curdled milk, curd, ႏိုဓိုင်။

ႏိုခွါ, ႏိုခွဲ, *v.* to wean.

ႏိုဂဏာ, *n.* rice boiled in milk; *see* ဂဏာ။

ႏိုစည်, *n.* milk preserved in hermetically sealed tins.

ႏိုစားနွားမ (*pron.* ႏိုဇားနွမ), *n.* a milch cow; *see* ႏိုညှစ်နွားမ။

ႏိုဓိုင်, *n.* curdled milk, curd, ႏိုခဲ။

ႏိုစို့, *v.* to suck milk; *n.* a suckling, ႏိုစို့သူငယ်; ႏိုစို့တက်, a child-hood friend, of one's own age; a foster brother.

ႏိုဆာ, *v.* to be hungry for milk, as an infant.

ႏိုဆီ, *n.* cream, မလိုင်။

ႏိုညှစ်, *v.* to milk. ႏိုညှစ်နွားမ, *n.* a milch cow.

ႏိုညှာ, *n.* a child who is about to be weaned in favor of a younger child.

ႏိုတိုက်, *v.* to nurse, give milk.

ႏိုတိုင်, *n.* a dug, the teat of a beast.

ႏိုထိန်း, *n.* a wet nurse.

ႏိုထွက်, *v.* to yield milk.

ႏိုဓမ်း, *n.* soured or curdled milk.

ႏိုဖျည်း (*pron.* ဖျဉ်း), *n.* the pendulous flesh of a woman's breasts, ႏိုဖျည်းကျသည်။

ႏိုမြက် (from မြက်, to stick in the throat), *v.* to be deprived of the mother's milk.

ႏိုရည်, *n.* milk, ႏိုရည်ကောင်းလျှင်၊သားထွားကျိုင်းသည်။

ႏိုရည်တည်, *v.* to secrete a milky fluid, as cereal plants, စပါးႏိုရည်တည်, ပြောင်းဖူးႏိုရည်တည်။

ႏိုသည်, *n.* a wet nurse, အမိမဟုတ်ႏိုသည်ငှါးတိုက်သည်; any vender of milk.

ႏိုသီး, *n.* a nipple, pap, the teat of a woman.

ႏို, 2, *a corruption of* သို, *adv.* thus, ႏိုမှကြောက်မည်။

နိုတစ်စာ (Eng.), *n.* a legal notice.
နိုး, 1, *v.* to awake (*intrans.*). *Der.* နှိုး။
နိုးကြား, *v.* to be quick to hear while asleep, to awake easily, အအိပ်ဆတ်သည်; to be on the alert, to be vigilant, watchful; နိုး နိုးကြားကြားအိပ်ကြနေ၏။
နိုးချပ်, *v.* same (*infreq.*); to have broken sleep, တခါတည်းအိပ်ပျော်သွားသည်၊နိုးချပ်ခြင်းမရှိ, ညကသတိထားး၍အိပ်ရသောကြောင့်၊ခဏခဏအိပ်ချပ်ခြင်းရှိသည်။
နိုးနာ, *v.* to listen with attention and deference, မင်းငါ့စကားမနိုးမနာပြုတတ်သည်။
နိုး, 2, *verb. formative*; *see Gram. sec.* 125, 4th; denotes what is likely to take place, သင်္ဘောရောက်နိုးနိုးထင်သည်, သင်္ဘောရောက်နိုးနိုးစောင့်နေသည်, he is waiting, expecting that the ship will arrive; ခင်ဗျားခေါ်နိုးနိုးစောင့်နေသည်, I was waiting, expecting you would call me, sir.
နို့နိုး, same, စနိုး။
နိုးနိုးနောင်နောင်, *adv.* ringingly, နောင်နောင်။
နွင်းနက်, *n.* a kind of plant.
နွတ်စက္ကူ, *n.* a currency note.
နွမ်း, *v.* to be dull, faded, wilted, မလန်း, ညှိုးသည်; to be worn out, exhausted, from any cause; *comp.* နုန်း; ခင်ဗျားသည်လိုပြောပေဒယ်လို့ဂုဏ်အသရေနွမ်းခြင်းမရှိ (*colloq.*), though you should speak thus, sir, my character is not tarnished.
နွမ်းနွဲ့, *v.* to be weak and infirm.
နွမ်းနယ်, *v.* same as နွမ်း။
နွမ်းပါး, *v.* to be in distressed or needy circumstances; *usually preceded by* ဆင်းရဲ, ဆင်းရဲနွမ်းပါးသောကြောင့်၊ပရိသတ်ထဲ၌မဝင်နိုင်ပါ, မရှိနွမ်းပါး။
နွမ်းရိ, *v.* to be worn out, exhausted.
နွမ်းဟောင်း, *v.* to be faded and old, as clothes.
နွယ်, *v.* to stretch along, as a creeper; *n.* a creeper. *Der.* အနွယ်, and နွှယ်။
နွယ်ကစွန်းဖြူ, *n.* the moonflower, *Calonyction Roxburghii.*
နွယ်ချို, *n.* a sweet creeper; wild liquorice.
နွယ်စပ်, *n.* the *Symphorema involucratum*, a leaf-shedding, large, woody climber, bearing little clusters of small, white flowers.
နွယ်ညို, *n.* a kind of creeper, a species of *Thunbergia*, much used in making fish traps (ယင်း).
နွယ်နီ, *n.* the hairy *Lettsomia*, နွယ်နီမြေရှောက်။
နွယ်ပင်, *n.* any vine.

နွယ်ပေါက်ငှက်, *n.* a kind of bird (Pali ၃ဠူဟ).
နွယ်ဖလံ, *n.* the creeping *Bauhinia.*
နွယ်ရစ်, *v.* to entwine a tree, as a creeper. The Burmese are averse to using the timber of a tree around which a creeper has entwined, being of the opinion that it brings ill-luck.
နွယ်ရှင်, *n.* a kind of wormlike insect said to resemble a creeper; hence its name; it frequents marshy tracts of country, and swift running streams. The Burmese believe that to drink the water in which this insect is found, is certain to cause malarial fever.
နွယ်လိမ်, *n.* the spiral winding of a creeper, ဝက်အူရစ်။
†နွယ်တာ, *n.* the twelfth month, တပေါင်း (*obs.*).
နွံ, 1, *n.* the sediment of muddy water, whether deposited as alluvium on the bank of a river (ညွန်), or as settlings in a vessel; *comp.* အနစ်, အနည်, and နွံနှံး။
နွံကျ, *v.* to become deposited, or to collect, as settlings in a vessel, ဖန်ခွက်ထဲမှာရေနောက်သည်၊မနောက်သည်မပြောနှင့်ဟော့၊နွံတောင်ကျသေးသည်။
နွံနစ်, *n.* same as နွံ။
နွံ, 2, *v.* to sink, become low, as a piece of ground, or a post in the ground; to be submissive, compliant; *not used singly,* နွံကျသည်, နွံဆင်းသည်. *Der.* ကျိုးနွံ, and နွံနာ။
နွံနာ, *v.* to listen with respect and submission; *comp.* နူးနာ; သည်လူကိုတခါတည်းနွံနာအောင်ဆုံးမလိုက်မည်, I will admonish this man so as to make him submissive, at once.
နွား, *n.* a bull, ox, or cow; နွားတရှည်, a pair of bullocks; a block on a cross beam which receives the foot of a short post; နွားအိုမြက်နုကြိုက်, *lit.* the aged bullock loves tender grass; which in its application signifies that old men are partial to young wives; နွားတတက်ကောင်းလှိုချောင်းမကူးနိုင်, meaning that united action is necessary in carrying out an undertaking with others.
နွားကန်ကြိုး (*pron.* နဝန်ကြိုး), *n.* reins, used to guide oxen.
နွားကျောက်, *n.* the cowpox; နွားကျောက်ရည်, vaccine virus.
နွားကျောက်ထိုး, *v.* to vaccinate.
နွားကျောင်း, နွားထိန်း, *n.* a cowherd.
နွားထီး, *n.* a bull or ox; နွားထီးကလေး, a steer.
နွားနောက် (*pron.* နနောက်), *n.* an animal which is a cross between a bullock and a buffalo, with horns and fore quarters like a buffalo, and body and hump like a bullock.
နွားနို့ (*freq. pron.* နနို့) *n.* cow's milk, နွားနို့ရည်။

နွားနှုတ်စွပ်, *n.* the muzzle used on bullocks or cows, when treading out grain, နှုတ်ဗိတ်။

နွားပေါက်, နွားပိုက်, *n.* a bullock, steer.

နွားဖြီး, *n.* an ox, နွားသင်း, နွားသင်းဖြီး။

နွားပြေးကောင်း, *v.* to be able to run well, as a bullock; the paces of a bullock are the following, အရှိင်သွား, ခါးဆုံပြေး, သမင်ပြေး, ခြေဆင်သွား။

နွားဘွေ, *n.* a circular flexure which is found in the hair of bullocks; the following are some of the flexures of bullocks, *viz.*, အိမ်မြှောင်ဝပ်, စည်ကြီးဗိတ်, တောက်တဲ့နံတို, ဘွေချက်ဖောက်, ဘွေမျက်ကြား, သျှပ်တပြက်မွေး, ဝါးစေ့တလုံး, တဝါးစေ့ပြောက်။

နွားမ, *n.* a cow (*freq. pron.* နမ).

နွားမတန်း (*pron.* နမဒန်း), *n.* a heifer, နွားမကလေး။

နွားမနီသန်လျက်, *n.* the *Capparis horrida*, a large scandent shrub, armed with short, laterally compressed, curved thorns. It bears white flowers about an inch in diameter, and red berries about the size of a prune.

နွားမလိုက်စောင် (*pron.* နမလိုက်စောင်), *n.* a kind of coverlet.

နွားလည်ပို (*pron.* နွားလပို), *n.* the hump between an ox's shoulders.

နွားလားဥသဘ, *n.* the chief bull of the herd; *see* ဥသဘ။

နွားဝန်တင်, *n.* a bullock pannier; ဝန်တင်နွား, a pack-bullock.

နွားသင်း, *n.* a bullock, နွားပေါက်, နွားပိုက်။

နွားသိုး (*pron.* နသိုး), *n.* a bull; နွားသိုးကြီးပြတ်, a term of reproach applied to men of strong, ungovernable, sensual appetites.

နွားသွေးသောက်, *n.* a kind of bird whose note is said to resemble the lowing of a cow.

နွားဟိန်း (*pron.* နဟိန်း), *n.* a bullock that breathes stertorously, owing to some disease.

နွေကာလ, *n.* the hot season; *comp.* ဥတု; နွေရာသီ, နွေဥတု, နွေခေါင်ခေါင်။

နွေး, *v.* to be warm; *less than* ပူ; ရေနွေးကျိုးသည်, သည်အကျီအလွန်နွေးသည်၊ဆောင်းအခါဝတ်သို့ကောင်းပါ၏။

နွဲ့, *v.* to bend flexibly, pliantly; *comp.* တွဲ; to wheedle, as a child.

နွဲ့ဆိုးဆိုး (*pron.* နွဲ့ဇိုးဆိုး), *v.* to wheedle, as a spoiled child.

နွဲ့နှောင်း, *v.* same as နွဲ့။

နွဲ့ပါး, နွဲ့လျ, *v.* to be slender and supple, as the limbs, ခြေလက်နွဲ့ပါး။

နွဲ့ယိမ်း, နွဲ့ယိုင်, *v.* same as နွဲ့။

နှက်, *v.* to beat, ရိုက်သည်; to beat or drive in or down, to ram down.

နှင်, *v.* to drive, drive along, to drive away; မြင်းကိုကြမ်လုံးသွင်းပြီးနှင်လာသည်။

**နှင်ချ**, *v.* to cast out; to turn out of house and home; *see the parts;* နှင်ပစ်; ကျွန်မကိုနေအိမ်ကနှင်ချလိုက်ပါသည်။
**နှင်တံ**, *n.* a stick for driving; a horsewhip.
**နှင်ထုတ်**, *v.* to drive out, expel, banish; to excommunicate.
**နှင်နှင်** (*in colloq. usually pron.* နှယ်နှယ်), *a.* common, middling, not distinguished, သာမည, သူ့ကိုနှင်နှင်လူမှတ်သလား, do you consider him an ordinary kind of a man? နှင်နှင်မမှတ်ကြနှင့်; နှင်နှင် and သာမည are frequently used together, သူ့ကိုသာမညနှင်နှင်လူမှတ်သလား။
**နှင့်**, 1, *n. affix, connective,* with, together with, မောင်ရွှေလင်းမောင်ဘိုးမောင်နှင့်သွားသည်; *sometimes instrumentive,* by means of, တုတ်နှင့်ရိုက်သည်, လှေနှင့်သွားသည်; *sometimes causative,* on account of, သူသည်ဖျားနာနှင့်သေဆုံးရှာသည်, ခင်ဗျားမလာသည်နှင့်ကျွန်တော်အိပ်ပျော်သွားသည်; နှင့် also has the force of "from," indicating separation, as ကိုးဆယ်ခြောက်ပါးရောဂါနှင့်ကင်းလွတ်ရမည်အကြောင်း။
**နှင့်**, 2, *verb. affix, imperative in a negative sentence,* လင့်; မရယ်နှင့်, မလုပ်နှင့်, မသွားနှင့်; *a temporal affix denoting prior-past or prior-future,* ခင်ဗျားသွားနှင့်တော့; ကျွန်ုပ်အရင်ရောက်နှင့်သည်, နားကြနှင့်စို့, သူမိုးကလည်းအိပ်၍နေနှင့်လေ၏; *see Gram. sec.* 111 and 115.
**နှင်း**, 1, *n.* dew, fog, mist; ဆီးနှင်း, နှင်းရိုက်။
**နှင်းကွဲ**, *v.* to clear, or lift, as fog.
**နှင်းခဲ**, *n.* frost, hoar frost; snow.
**နှင်းစင်**, *n.* a temporary shed, roofed with *tan* leaves or straw, and used for housing cattle.
**နှင်းတိမ်**, *n.* a dew cloud.
**နှင်းပက်**, *v.* to beat in, as fog.
**နှင်းဗိတ်**, *v.* to be dense, as a mist or fog, နှင်းလည်။
**နှင်းပေါက်**, *n.* a dewdrop.
**နှင်းရိုက်**, *v.* to be sprinkled with dew.
**နှင်းဝေ**, *v.* to be misty, foggy, နှင်းလည်။
**နှင်းသီး**, *n.* a dewdrop suspended from a leaf.
**နှင်းသုတ်**, *n.* Scotch lawn; နှင်းသုတ်ဗိတ်။
**နှင်း**, 2, *n.* the tuberose; any land lily.
**နှင်း**, 3, *v.* to give, deliver over, transfer the ownership of, for a time or forever; *comp.* အပ်, နှံ, and ပေး; ခမည်းတော်သိဝရာဇ်မင်းကြီးသည်သားတော်သိဿည်းမင်းအားထီးနန်းကိုနှင်း၏။
**နှင်းတိတ်**, *n.* the double-flowered *Clerodendron.*
**နှင်းရူ**, *n.* a kind of whitlow, နှင်းရူပေါက်သည်။
**နှင်းဆီ** (ပင်), *n.* a rose tree: the oil of roses; နှင်းဆီပန်းပင်။

နှင်းရည်, *n.* rose water.
နှစ်, 1 (from နှလုံး, the heart).
နှစ်ခြိုက်, *v.* to relish; *mostly used in an adverbial form*, နှစ်နှစ်ခြိုက်ခြိုက်, relishingly, ယခုကျွန်ုပ်စားသို့အိပ်လို့နှစ်ခြိုက်ပါပြီ။
နှစ်ခွဲသော, *a.* bifurcated.
နှစ်မြို့နှစ်မြော, *see* နှမ်နှမြော, *adv.* from နှမြော။
နှစ်မြော, *see* နှမြော, *v.* to grudge.
နှစ်မြို့, နှစ်လို, နှစ်လို့, *v.* same as next.
နှစ်သက်, *v.* to like, be pleased with, ကြိုက်သည်; to love, esteem, ချစ်သည်, စုံမက်သည်, မြတ်နိုးသည်, ခင်ဘျားကြံပုံစည်ပုံများကိုကျွန်တော်ကမနှစ်သက်လှပါ။
နှစ်သိမ့်, *v.* to become composed, quiet, easy in mind.
နှစ်သိမ့်စေ, *v.* to quiet, pacify, console.
နှစ်, 2 (from အနှစ်), *n.* a year, နှစ်ကာလတာရှည်။
နှစ်ကူး, *v.* to commence, come in, as a new year, နှစ်သစ်ကူးသည်။
နှစ်ချုပ်ဦးပိုင်မြေကွက်စာရင်း, *n.* annual registry of holdings.
နှစ်ချုပ်စာရင်း, *n.* a yearly statement or account, an annual return.
နှစ်ချို, *v.* to pass a year without bearing, as some trees; *used adjectively*, having past a year, being more than a year old, as grain, oil, wine, etc.; နှစ်ချိုသီးတတ်သည့်သရက်ပင်; နှစ်ချိုစပါးစားမကောင်းပါ, နှစ်ချိုဆီသုံး၍ကောင်းပါသည်။
နှစ်ခြင်းကျ, *v.* to bear young, once a year; a term applied to buffaloes and cows; နှစ်ခြင်းသီး, to bear fruit, within the year it is planted, or raised from seed, as the သင်္ဘောပင်။
နှစ်စည် (*pron.* စဉ်), *adv.* yearly, annually.
နှစ်စည်ထာဝရ, *adv.* year by year, perpetually, နှစ်စည်ထာဝရပွဲတော်။
နှစ်စည်ပွဲ, *n.* an anniversary festival.
နှစ်စားမြေချ, *v.* to work land by the year, paying money to the landlord.
နှစ်ဆန်းတရက်, *n.* New Year's Day.
နှစ်လည်, *v.* to turn a year, be more than a year; to be above a year old, အခါလည်သည်, အကလေးသွားမြင်သည်မှာ၊နှစ်လည်ပြီ။
နှစ်သစ်တက်, *v.* to commence, as a new year.
နှစ်, 3, *a.* and *n.* two, ၂။
နှစ်ပင်တိုင်သင်္ဘော, *n.* a brig.
နှစ်, 4 (from နှစ်, to sink), *v.* to make to sink, to immerse; *comp.* မြုပ်။
နှစ်ခြင်းမင်္ဂလာ, *n.* the ordinance of baptism.
နှစ်ခြင်းမင်္ဂလာပေး, *v.* to baptize.
နှတ်, 1, *v.* to apply a medicinal, odoriferous substance to the nose

(of another), or to clothes, etc., အဝတ်ပုဆိုးများကိုရေရွှေးနှင့်နှုတ်ထား သည်, ဆေးပြင်းလိပ်များကိုဘွက်ခြောက်နှင့်နှုတ်ထားသည်။

နှုတ်, 2, *n.* the harness or heddles of a loom, ရက်ကန်းမတတ်သည်မိန်းမ နှုတ်ကိုချသည်, the woman who cannot weave well, blames the heddles of her loom.

နှန့် (from နှန့်), *v.* to shake, to wag (*trans.*), as a dog wags his tail.

နှပ်, 1, *n.* the mucus of the nose, snot; နှပ်တရှုပ်, *adv.* snivelingly.

နှပ်ညှစ်, နှပ်ညှိ (*rare in colloq.*), *v.* to blow the nose.

နှပ်ထွက်, *v.* to run or escape, as mucus from the nose.

နှပ်, 2 (from နပ်), *v.* to bring to a proper consistence, as boiled rice, pulse, etc., by pouring off the water and placing by the fire, ထမင်း အိုးနှပ်, ထမင်းအိုးနှပ်သည့်အခါ၊ ဥဖောင်းကွဲလျှင်၊ ညွှေသည်လာတတ်သည်။

နှမ်း, 1, *n.* the sesamum plant, *Sesamum Indicum*, နှမ်းကြီး, နှမ်းနက်, နှမ်းပိုင်မွေး, နှမ်းရင်း; မာနအပွင့်နှမ်းကဲ့သို့ကျင့်ရမည်, one should train one's proud feelings to be like the flowers of the sesamum, *i.e.*, one should be lowly-minded.

နှမ်းစေ့, *n.* the seed of the sesamum plant. The Burmese frequently adduce the sesamum seed as a term of insignificant comparison, ခင်ဗျားကိုနှမ်းစေ့လောက်မျှ ပြစ်မှားခြင်းမရှိပါဘူး, မင်းလိုလူနှမ်းစေ့လောက်မျှ ပမာဏမပြုပါဘူး။

နှမ်းဆီ, *n.* oil expressed from sesamum seed.

နှမ်းပျစ်, *n.* a kind of cake made of sesamum seed and jaggery.

နှမ်းဖတ် (*freq. pron.* နှဖတ်), *n.* the pulp of the sesamum seed which remains after the oil is expressed, နှမ်းဖတ်ခဲနှင့်ထန်းလျက်စားလို့ဝသည်။

နှမ်းဖတ်ကျောက်, *n.* granite, ကျောက်နှမ်းဖတ်။

နှမ်းဖတ်ချဉ် (*pron.* ချည်), *n.* the sesamum pulp pickled for eating.

နှမ်းလျှင် (*pron.* နှမ်းယင်), *n.* the first sesamum crop; နှမ်းကြီး, the second crop.

နှမ်း, 2, *v.* to be speckled on a dark ground, as an animal; *chiefly used adjectively*, နွားနှမ်း (*pron.* နနှမ်း) (in a horse the same is termed ဖောင်းဝတ်စိမ်း).

နှမ်း, 3, *v.* to be silly, foolish, slightly deranged, brain-sick, စိတ်ပေါ့သည်, သွပ်သည်; *less than* ရူး။

နှမ, *n.* a man's sister, younger than himself; *comp.* အစ်မ; a polite substitute for မိန်းမ, မယား, နှမခင်ပွန်း; in writing, Burmese husbands usually address their wives as နှမ, ကြွားရောက်လိုက်ပါသည်နှမဖြစ်သူ မမင်းသွယ်။

နှမစုံ, *n. a corruption of* နှစ်ပါးစုံ. husband and wife, collectively; နှမစုံ

(*pron.* နှမဖို့) ရသည့်သား, the joint offspring of a man and wife, in contradistinction to children by a former husband or wife; နှစ်ပါးစို (*pron.* နှပဖို့) ပစ္စည်း, property conjointly belonging to husband and wife.

နှမတော်, *n.* a cousin, ညီအစ်မတော်။

နှမြိနှမြော, *adv.* grudgingly, unwillingly.

နှမြော, *v.* to grudge, be unwilling to part with; to regret the loss of, သည်သူဥစ္စာပစ္စည်းအလွန်နှမြောတတ်သည်။

နှယ်, *see* နည်း, *n.* a kind, sort, manner; *chiefly combined with pronominal adjectives and used adverbially*, as, ဘယ့်နှယ်, how, သည့်နှယ်, thus, သည့်နှယ်အချိန်, သည့်နှယ်လူ။

နှလုံး (from အနှစ်, the substantial part of a thing, and အလုံး, round), *n.* the heart, စိတ်, စိတ်နှလုံး; နှလုံးအလို, the desire of the heart.

နှလုံးကောင်း, *v.* to be of an amiable disposition, အလွန်စိတ်နှလုံးကောင်းသည့်လူ။

နှလုံးကျည်းခြောင်း (*pron.* ကျည်း), *v.* to be uneasy in mind, to have a feeling of constraint, နှလုံးအိုက်, နှလုံးကိုယ်အိုက်, နှလုံးပြင်း။

နှလုံးကြေကွဲ, *v.* to be melted with sympathy, broken down with grief for others, စိတ်နှလုံးကြေကွဲသည်, ဦးတရုပ်ပြု ဆုံးသည်မှာ၊အလွန်နှလုံးကြေကွဲစရာကောင်းပါသည်။

နှလုံးခုန်, *v.* to palpitate, as the heart from weakness, disease, or fear.

နှလုံးစွဲ, *v.* to be fixed in the mind; *n.* inclination, desire, cleaving, ငါ့သွေးတော်နှင့်မည်သူသည်သာထိုက်တန်သည်ဟူ၍ငါနှလုံးစွဲဟောင်းလည်းမရှိ။

နှလုံးတုန်, *v.* to palpitate, as the heart from fear, ကျွန်တော်နှလုံးတုန်လှုပ်လျက်နေ၏, my heart goes pitapat.

နှလုံးထား (*pron.* နှလုံးဒါး), *n.* the attitude of the mind; *v.* to resolve to do, သဘောထားသည်, ကျွန်တော်က၊အသင့်အတင့်ဖြစ်အောင်နှလုံးထားသည်၊ သူကသာရန်ငြိုးဖွဲ့ပါသည်။

နှလုံးထားမြင့်, နှလုံးနေမြင့်, *v.* to be high-minded, proud. စိတ်မြင့်။

နှလုံးနာ, *v.* to loathe in the stomach, be sick at the stomach; *fig.*, to abhor, detest, to be wounded in feeling, စိတ်နာ; အသည်းနာ, same as စိတ်နာ, only denoting a more deeply wounded feeling; သည်အစာကိုစားလျှင်နှလုံးနာသည်; သည်သူကိုကျွန်ုပ်မြင်ရလျှင်နှလုံးနာသည်, I feel a loathing when I see this man.

နှလုံးနှောက်, *v.* to be disturbed in mind; စိတ်နှောက်သည်။

နှလုံးပူ, *v.* to be distressed in mind, နှလုံးပြင်း. နှလုံးပူပန်။

နှလုံးမှို, *v.* to retch, heave, make an effort to vomit, မှိုသည်, နှလုံးတမှိုမှိုဖြစ်နေသည်။

နှလုံးဖြည့်ဝ, *v.* to be upright, wise, patient; *see* သဘောဖြည့်ဝ; တရားလို ပြုသူငတေးလည်း၊လူလကျွဏာချင့်ချိန်လျှင်၊မိတ်နှလုံးဖြည့်ဝသူမဟုတ်ကြောင်း။
နှလုံးမူ, *v.* to be attentive, heedful. သတိထားသည်။
နှလုံးမွေ့လျော်, *v.* to be pleasing, delectable to the senses.
နှလုံးရည်, *n.* mental faculty. နှလုံးရည်ကောင်းသည်, နှလုံးရည်လိမ္မာရည်ရှိသည်; နှလုံးရည်မြင့်, to be proud-spirited; သည်ဆရာကြီးနှလုံးရည်ရှိသည်, this great teacher has mental ability.
နှလုံးရည်လက်ရုံးရည်, *n.* mental and physical ability.
နှလုံးရှ, *v.* to be slightly irritated, nettled.
နှလုံးလှဆောင်, *v.* to use persuasion in a contest; *comp.* လက်ရုံးလှဆောင်။
နှလုံးသည်းမြွတ်, *n.* the heart and liver collectively.
နှလုံးသန့်, *v.* to have a clean, that is, strong stomach, to be not squeamish or easily nauseated.
နှလုံးသာ, *v.* to be easy in mind.
နှလုံးသွင်း, *v.* to bear in mind, lay to heart.
နှလုံးသွေးဖျက်, *v.* to have the nervous system deranged, so as to induce wakefulness or insanity.
နှံ, 1, *n.* a grasshopper, နှံကောင်။
နှံဗေဒင်, *n.* the soothsayer insect or praying mantis. The Burmese believe that if this insect is eaten by cattle, it is very injurious to their health.
နှံမ, *n.* a large kind of grasshopper.
နှံ, 2 (from အနှံ, an ear or spike of grain); တယောက်တနှံစား, a term used by cultivators when they let out their fields for cultivation, and divide the produce with their tenants.
နှံစုတ်, နှံရည်စုတ်, *n.* a kind of bird, the *Phylloscopus*, of which there are many varieties.
နှံဖြည်စုတ်, *n.* the tailor bird; general term applied to warblers, နှံဖြည်စုတ်တလုပ်စား၊ငရဲတထောင်ပွား။
နှံမတော်, *v.* to commence earing, as grain.
နှံ, 3, *v.* to commit for a time; *rarely used singly*, except to denote the deposit of treasure in the ground, as မြေနှံသည်; *comp.* အပ်, နှင်း, and ပေး. *Der.* အပ်နှံ, and ပေါင်နှံ။
နှံထား, *v.* same (*with a continuative force*), သူတပါးလက်ဝယ်နှံထားသောပစ္စည်း။
† နှံဘဲ, *n.* *Odina* wood; used for making *da* scabbards. The heartwood of this tree is said to be almost imperishable, and is much prized for making boundary pillars; sometimes called စစ်စည်ပင်။

နှံလုံးမှိုင်, *see* နန်းလုံးကြိုင်. *n.* the *Vachellia* tree.

နှံ့, *v.* to pervade, be diffused through or over all the parts, စေ့နှံ့သည်; ခင်ဗျားပစ္စည်းများကိုနှံ့အောင်ရှာသော်လည်းမတွေ့နိုင်ပါ။

**နှံ့စပ်**, နှံ့ပျံ့, *v.* same as နှံ့. အရာရာမှာလိမ္မာနှံ့စပ်သည့်လူ, အလွန်နှံ့စပ်သောသူ. a very well-informed person; also used to designate a much-traveled person.

နှံ့ပြား, *v.* same (*most common*), ကျွန်ုပ်အတိုးချသည့်ငွေ နှံ့ပြားနေလို့၊ ရုတ်တရက်တောင်းလို့မရနိုင်ပါ။

နှာ, *n.* the nose; *seldom used singly*, နှာခေါင်း; any medicinal, odoriferous preparation.

နှာကောင်း, *n.* any medicinal, odoriferous powder or drug, နှာနှတ်။

နှာခေါင်, *n.* the upper part of the inside of the nose.

နှာခေါင်း, *n.* the nose (*more common*), နှာခေါင်းကုပ်သည်, to have a curved or aquiline nose; နှာခေါင်းပိ (ပြား), to be flat-nosed, snub-nosed; နှာခေါင်းပေါ့, to be keen-scented.

နှာခေါင်းအစ်, *n.* a snuffbox.

နှာခေါင်းပိမ့်, *v.* to be flat-nosed.

နှာခေါင်းပေါက်, *n.* a nostril.

နှာစေး, *v.* to have the nose clogged with mucus in consequence of a cold, catarrh; နှာစေးချောင်းဆိုး, to have influenza.

နှာစေးနာ, *n.* catarrh.

နှာစေးဖျား, *n.* a fever occasioned by a cold; a feverish cold, influenza.

နှာဆွဲ, *n.* a jewel for the nose.

နှာတံ, *n.* the ridge of the nose; a pipe in a Burmese bellows, ဖိုနှာတံ, ဖိုနှတ်သီး။

နှာနှတ်, *n.* any medicinal, odoriferous powder or drug, နှာကောင်း; *also used as a verb*, မာလကာရွက်နှင့်သပြေရွက်နှာနှတ်ရအောင်ယူခဲ့။

နှာနှတ်ရည်, *n.* any medicinal, odoriferous liquid.

နှာပေါက်, *n.* the nostril, နှာခေါင်းပေါက်။

နှာပေါ့, *v.* to be keen-scented, as an animal, နှာခေါင်းပေါ့။

နှာဘူး, *n.* a smelling bottle.

နှာမောင်း (from မောင်း, an arm), *n.* the proboscis or trunk of an elephant.

ပုရပိုက် (*pron.* ပရပိုက်), *n.* a flat, thin substance, whether of paper, cloth, or metal, folded backward and forward, and used as a slate, ကောက်ရိုးပုရပိုက်, ရှမ်းပုရပိုက်။

ပုရပိုက်ခေါက်ရွှေ, *n.* a roll of beaten gold.

ပုရပိုက်လွှာ, *n.* a sheet of the material of which the ပုရပိုက် is made.

ပုရပိုက်သားကျ, *v.* to be jet-black, a term applied to elephants, ပုရပိုက်သားကျအောင်နက်သည့်ဆင်; it is also applied to thickly woven textile fabrics, ပုဆိုးအင်္ကျီအသားကောင်းလို့၊ပုရပိုက်သားကျသည်။

ပုရိသလိင်, *n. see* ပုလ္လိင်။

ပုရောဟိတ် (Pali ပုရောဟိတ), *n.* a Brahmin invested with certain sacerdotal functions, ပုရောဟိတ်ပုဏ္ဏား; the ပုရောဟိတ် was in ancient times a king's domestic chaplain.

ပုလိပ် (Eng.), *n.* police, ပုလိပ်အမှုထမ်း, a member of the police force; ခြေကျင်ပုလိပ်, a foot policeman; မြင်းစီးပုလိပ်, a mounted police constable; ပုလိပ်အရာရှိ, a police officer; စစ်ပုလိပ်ဝန်, a military police commandant; ဒုတိယစစ်ပုလိပ်ဝန်, an assistant military police commandant.

ပုလိပ်ဌာန, *n.* a police station, ဂါတ်တဲ။

ပုလဲ, *n.* a pearl; ဗိပုလဲ, an imitation pearl.

ပုလဲခေ့, *n.* same as ပုလဲ။

ပုလဲနားကပ်, *n.* an ornament studded with pearls, worn in the ear.

ပုလဲပုတီး, *n.* a pearl necklace.

ပုလဲမအေ, *n.* the pearl oyster.

ပုလဲလုံး, *n.* a pearl.

ပုလွေ, *see* ခွေ့, *n.* a pipe, flute.

ပုလ္လိင် (*pron.* ပုန်းလိင်) (Pali ပုရိသော, a male, and လိင်္ဂ, the private parts), *n.* the male private parts; the masculine gender.

ပုလ္လိင်အရေဖျား, *n.* the foreskin.

ပုံ, 1, *n.* form, သဏ္ဌာန်; a mold, model; a printer's type; a pattern, example, ပုံသက်သေ; a rule, နည်း, ဥပဒေ; a figure, similitude, comparison, ဥပမာ; a plan, a design, အိမ်ပုံ, တံတားပုံ။

ပုံကပ်, *v.* to use a figure of speech, စကားအရာ၌ပုံကပ်အောင်ပြောသည်။

ပုံကိုင်, *v.* to make preparation to do something, လုပ်မည်လို့ပုံကိုင်ထား။

ပုံခိုင်း, *v.* to liken, compare, အယုတ္တအနတ္တပုံခိုင်းတတ်သည်, ပုံပန်းပုံပြင်ထင်ရှားအောင်တင်၍ပြောတတ်သည်။

ပုံစကား, *n.* a proverb, sentiment, conveyed in figurative language; a story, unwritten tale; an apologue; *comp.* ဒဏ္ဍာရီ။

ပုံစကားပြော, *v.* to tell stories.

ပုံစံ, *n.* a pattern, precedent, way, manner, model, ပုံသက်သေ, ထုံးနည်း။

ပုံစီ, *v.* to compose type, စာပုံစီ။

ပုံဆောင်, ပုံတင်, *v.* to use a figure of speech, ပုံကပ်။

ပုံထုတ်, *v.* to sketch, to plot.

ပုံနှိပ်, *v.* to print.

ပုံပန်း, *n.* form; appearance; a model, ပုံပန်းမလှ, ပုံပန်းကောင်း။

ပုံပြ, *v.* to show by a figure.

ပုံပြင်, *n.* shape, form; example; a rule; ပုံပန်းပုံပြင်။

ပုံပြု, *v.* to follow, as an example, ပုံပြု၍ကျင့်သည်; to make an archi-

tectural plan, ဘုရားကိုမတည်မှီ၊ရှေ့ဦးစွာပုံပြုရမည်, before erecting a pagoda one must first make a plan.

ပုံဘမ်း, ပုံယူ, *v.* to take the form, shape, etc., from observation; to identify; *see also* ပုံပြုသည်; လူချင်းကွဲနေကြသည်မှာကြာသလို၊ရုတ်တရက်ပုံဘမ်းသလို မရနိုင်ပါ, owing to the persons having been separated from one another for a long time, they were unable to identify each other immediately.

ပုံရင်း, *n.* an archetype.

ပုံရေးတန်ဆာ, *n.* a drawing instrument.

ပုံလုပ်, *v.* to form, fashion.

ပုံသက်သေ, *n.* a pattern, example, precedent; a paradigm.

ပုံသဏ္ဌာန် (*pron.* သဒ္ဒါန်), *n.* shape, form.

ပုံသေ, *v.* to be definite, settled, သေချာသည်; *a.* definite, settled, သေချာသော; certain, မုချ။

ပုံသွင်, *n.* form, appearance; figurative speech used in conversation.

ပုံ, 2, *v.* to heap up, collect in a heap, amass; to stack; သည်နေရာမှာ မြေကြီးကိုပုံထားလိုက်ပါ; ကျွန်တော်ငွေဘယ်လောက်ပင်ပုံစုသော်လည်း၊ ကျွန်တော်သားကစားသည့်အမှုနှင့်ခဏခဏကုန်သွားသည်, however much money I may amass, every little while it is consumed by my son's gambling transactions. *Der.* အပုံ။

ပုံငွေ, *n.* a fund.

ပုံစု, *v.* to gather into a heap or mass, စုပုံ။

ပုံထား, *v.* to cumulate, heap up; *see* ပုံစု။

ပုံပေါလဘော (*pron.* ဗိုးဗေလဘော) (*said to be a corruption of two Pali words*, ဗဟု, many, much, and လာဘော, gain), *adv.* lavishly, unsparingly.

ပုံ, 3, *n.* a kind of drum; *see* ပတ်ပုံ။

ပုံတောင် (*pron.* ဘုံဒေါင်), ပုံတို, ပုံရှည်, ပုံသာ, *n.* various kinds of drums.

ပုံ့တောင်း (*pron.* ပဒေါင်း), *n.* the box of a wheel in which the axletree turns, ပုံ့တောင်းခြမ်း, ပုံ့တောင်းခွေ, ပုံ့တောင်းသပ်, ပုံတောင်းခတ်သည်။

ပုံတောင်းအိမ်, *n.* the nave of a European wheel.

ပုံပါသက (*pron.* ဗုံဗာသက) (from အပုံ, and ဗိုလ်ပါ), *a.* or *adv.* given or done by the joint efforts of many; belonging to the public, open to the common use of all; *comp.* သံဃိက; ပုံပါသကသွားသည့် လာသည့်လမ်း, ပုံပါသကတည်းခိုရန်ဆောက်သည့်ဇရပ်, ပုံပါသကစားသောက် ရန်စတုဒိသာကျွေးသည်။

ပွံ့, *v.* to plump up, swell up into a heap, စုနှံ့သည်, သည်မိန်းမမျက်နှာပွံ့ပွံ့ ကလေးလှသည်, this woman's face is pretty in its diminutive plumpness.

ပွဲကြ, *v.* same as ပွဲ။
ပွဲယှဉ်, *see the parts*; *used adverbially.*
ပိုး, 1, *n.* a kind of basket, cylindrical in shape, and smeared with pitch. *Der.* နောက်လွယ်ပိုး. ဒိုးပိုး, ရေပိုး, သံဖြူပိုး, ထမ်းပိုး, ဆွမ်းပိုး။
ပိုး, 2, *n.* the Brazilian gooseberry.
ပိုးရည်, *n.* vinegar; *see* ပဒိုးရည်; ဝဲပိုးရည်, ဆန်ပိုးရည်, အိလပ်ပိုးရည်။
ပူ, 1, *n.* a round basket with a cover.
ပူ, 2, *v.* to bulge in the middle.
ပူကယ်ကယ်, *adv.* with a swollen belly, as a diseased child.
ပူ, 3, *v.* to be hot; *more than* နွေး; to be troubled in body or mind, distressed or harassed; same as ပူပန်, ကျွန်မသားကလေးမနေ့ကတည်းကပျောက်သွားလို့အလွန်စိတ်ပူသည်; တို့ရွာမှာသူခိုးအလွန်ပူသည်, in our village thieves are very troublesome.
ပူအိုက်. *v.* to be oppressively warm, တံခါးများပိတ်နေသောကြောင့်အလွန်ပူအိုက်သည်။
ပူစပ်ပူလောင်, *adv.* scorchingly, in a scorching manner, ပူစပ်ပူလောင်ဖိုသည်။
ပူစာ (*pron.* ပူဇာ), *v.* to tease, importune, annoy by importunity, as အကလေးပူစာလွန်းလို့ကိတ်မုန့်ဝယ်ပေးရသည်, the child teased me so, I was obliged to buy cake and give to him.
ပူဆာ, *v.* to feel hot or uncomfortable in the stomach or bowels; *also used fig.*, အကလေးပူပူဆာဆာရှိသည်။
ပူဆွေး, *v.* to be in distress from continued grief, ပူဆွေးဒုက္ခရောက်နေသည်။
ပူနွေး, *v.* same as ပူ; applied to food, ထမင်းပူနွေးနွေး၊ဟင်းလည်းပူနွေးနွေး။
ပူပင်. ပူပန် (*most common*), *v.* to be troubled, distressed.
ပူပြင်း, *v.* to be very hot, as the sun or fire; *in a figurative sense.* to be grievous to be borne; သည်ကနေ့နေအလွန်ပူပြင်းသည်၊ မိုးသည်းရွာချင်သည်, to-day the sun is very hot, it is likely to rain. *Der.* အပူအပြင်း။
ပူလောင်, *v.* to be inflamed, as the passions, ရာဂပူလောင်; to be scalding hot, ထမင်းရည်ပူလောင်သည်; to be scorchingly hot, as the sun, နေပူလောင်သည်။
ပူပူလောလော, *adv.* hastily while the food is hot; *fig.*, အမှုဖြစ်လို့ပူပူလောလောရှိသေးသည်၊ဆင်ခြင်ဦးမှတော်မည်။
ပူ, 4, *v.* to be urgent, as a matter of business, ထွန်ရေးပူမှညနေထွန်သည်။
ပူဇော် (Pali ပူဇာ), *v.* to make an offering in token of homage or worship; to buy a sacred thing; ဘုရားတပည့်တော်မာလျှင်၊ဆီမီးသက်စေ့ပူဇော်ပါမည်, if I get well, I will make an offering of oil lamps equal in number to the years of my life; မန္တလေးမြို့ကတင်ဖျည်ခွေကိုယ်တော်တ

ဆူကိုပူဇော်ခဲ့ပါ, buy and bring me a cross-legged image of a Buddha from Mandalay.

ပူဇော်သက္ကာ. ပူဇော်သက္ကာရ, *n.* a religious offering; followed by ပြုသည်, ဆရာသမားများကိုပူဇော်သက္ကာရပြုသည်။

ပူပူ, *adv.* tootingly.

ပူပူမှုတ်, *v.* to toot; ပူပူမှုတ်ကြရှိ။

ပူး, 1, *n.* a Guinea pig, ပူးကောင်။

ပူး, 2, *v.* to join, unite, put together; *less than* စပ်; to possess, as a spirit or witch, အပမှီသည်, အစိမ်းပူးသည်, စုန်းပူးသည်, တစ္ဆေပူးသည်, နတ်ပူးသည်, သားရဲပူးသည်။

ပူးကပ်, *v.* to join by putting together flatwise; *also used fig.*, to snuggle, တိုးဝှေ၍ဝပ်နေသည်; သည်သူနှစ်ယောက်ပူးပူးကပ်ကပ်ပေါင်းသည်။

ပူးကပ်ရောနှော, *v.* to inosculate.

ပူးစပ်, *v.* to join by putting together edgewise; *used fig.*, ပူးစပ်ကုန်ရောင်းသည်။

ပူးတွဲ, *v.* to connect by lashing alongside, or by coupling together; to file, as papers, သည်စာများကိုပူးတွဲထားလိုက်ပါ, please file these papers; မင်းတို့နှစ်ယောက်ညည့်အချိန်မဲ့အခါပူးတွဲပူးတွဲနှင့်ဘာကိုအကြံပြုနေကြသလဲ, what scheme are you two conjointly concocting, at an unseasonable time of the night?

ပူးပေါင်း, *v.* to unite, as by tying together; to associate, as persons, သူဆိုးများနှင့်ပူးပေါင်းသည်၊သိတင်းရသည်; သူတို့ပူးပေါင်းလိမ်ကြသည့်အမှုပါဘဲ။

ပူးရှက်, *v.* to join by intersecting; to have sexual intercourse.

ပူးလိမ်, *v.* to intertwine; ပူးလိမ်၍ရစ်ပတ်သည်, to encircle, as with a garland; to intertwist; to unite by intertwining of parts.

ပေ, 1, *n.* the palmyra palm tree or leaf; the *corypha* palm; စာပေ (*pron.* စာဗေ), writings, books; ရွှေပေ, ရွှေပေလွှာ, ငွေပေလွှာ, a thin gold or silver plate for inscription (98).

ပေစာ, *n.* writing on palm leaf.

ပေ, 2, *n.* a foot in measure; a foot-rule; သုံးပေ, three feet.

ပေကြိုး, *n.* a measuring tape.

ပေတရာလမ်း, *n.* a road a hundred feet broad.

ပေတံ, *n.* a foot measure; a staff.

ပေ, 3 *n.* an anvil (99).

ပေ, 4, *v.* to have the edge or point turned, လိပ်သည်; to turn back (the ears), as a horse, မြင်းနားရွက်ကိုပေသည်; to be dull, blunted in feelings, ပေနေသည်; သည်ထားအသွားပေသည် ခုတ်လို့မပြတ်ဘူး; သည်သူအလွန်ဉာဏ်ပေသည်၊ စာတပုဒ်မျှရအောင်မကျက်နိုင်ဘူး, this person is

very dull of intellect, he is unable to memorize even a single paragraph.

ပေမြွေး, *v.* to be dull, as the eyes; to have blinking eyes, သည်သူပေမြွေးသည့်မျက်စိရှိသည်။

ပေ, 5, *v.* to be dirty, filthy, တေသည်; to be vile, ဆိုးညစ်သည်; to be vicious; သည်မျက်နှာသုတ်ပဝါညစ်လိုက်ထာပေလို့, တယ်ပေသည်လူပြောလို့ဆိုလို့မရပါ (*Colloq.*).

ပေ, 6, *verb. affix, euphonic,* ကြည့်ပါပေသည်, ပြုပါပေသည်, မှန်ပါပေသည်; *used in the negative,* မဆိုပေဘူး, မပြောပေဘူး; *also used in the negative imperative,* မဆိုပေနှင့်, မပြောပေနှင့်, မလုပ်ပေနှင့်; *except in the negative imperative,* ပေ appears to have the same meaning as the English words "indeed," "forsooth;" ပေ *when following a verb with a final* သတ်, *is pronounced* ပေ့, ကောင်းပေ, ခက်ပေ; *as a sequent to other verbs, it is pronounced* ဗေ့, ဆိုးပေ; ပေ *also has an intensive force in colloq., e.g.,* မိုက်ပေဆိုသည့်လူနှင့်ပေါင်းသည်, ချောပေဆိုသည့်မြင်းမှာဝယ်သည်; *it is then pronounced* ပေ့, or ဗေ့; also implies admission or approval, မနေ့ကကြားသောသိတင်းမှန်ပေလိမ့်မည်။

ပေလာယ (Pali), *adv.* entirely; chiefly used in connection with words of rejection, renunciation, etc., ပေလာယကန်သည်, or ပေလာယပယ်သည်, မင်းအကြောင်းကိုဘယ်သောအခါမှမပြောဘူး၊ပေလာယကန်ထားပြီ။

ပေး, *v.* to give, ကမ်းသည်; to present for acceptance, to offer; ပေး is frequently used as an auxiliary verb, when a person wishes another to do something on his behalf, ပြောပေးပါ, speak, please, on my behalf; သွားပေးပါ, go, please, on my behalf; ကျွန်ုပ်ကိုဝယ်ပေးသည်, he purchased, on my behalf.

ပေးကမ်း, *v.* same as ပေး။

ပေးစား, *v.* to give in marriage (*inelegant*); *comp.* ထိမ်းမြား။

ပေးလိုက်, *v.* to send (a thing); *comp.* ပါးလိုက်။

ပဲ, 1, *n.* a weight equal to six or eight seeds of the *Abrus precatorius* (ချင်ရွေး).

ပဲ, 2, *n.* a leguminous plant, one that bears seeds in a pod, of which there are many varieties, as ကုလားပဲ, gram, ပဲကြီး, ပဲခွေးသီး, ပဲငမြောက်, ပဲစည်းကို, ပဲဘူး, စားတော်ပဲ, ပဲစောင်းလျား, ပဲတလက် (*pron.* ပဲဒလက်), ပဲတီ (*pron.* ပဲဒီ), ပဲတောင့်ပြား, ပဲတောင့်ရှည်, ပဲနီသာ, ပဲနောက်, နွေပဲ, ပဲဗိစပ် (*pron.* ဗိဇပ်), ပဲပုစွန်, ပဲပုပ်, ပဲမင်းစားယောင်, ပဲရင်း, ပဲလက်ညှိုး, ပဲလိပ်ပြာ, ပဲလွန်း, ပဲကျား, ပဲဆေးလုံး, ပဲနတ်တော်, ပဲနီ, ပဲရှောင်။

ပဲခွေး, *n.* a bitch that litters in the bean season, ပဲကြီးခွေး။

ပဲစေ့, ပဲဆန်, *n.* the seed of pulse, peas, beans.

ပဲစုန်းကြွေး, or ပဲစုန်းဖြူး, *n.* boiled beans, peas, etc., which remain hard and uncooked after the others are done.
ပဲတောင့်, *n.* the pod, ပဲသီးတောင့်။
ပဲနှောင်နီ, *n.* the sword bean.
ပဲမြစ်, ပဲဆောင်ဝါ, *n.* the Goa bean.
ပဲလင်းမြွေ, *n.* the snake gourd.
ပဲသံတော, *n.* the wild French bean.
ပဲသီတော, *n.* a cutaneous, pustular eruption to which children are subject; so called from a fancied resemblance to the seed of the ပဲသီတော, ပဲသီတောအနာမှလာသလား၊ရေကျိုးလို့လား။
ပဲသီး, *n.* a pod and its contents.
†ပဲကွင်ကျင်, *n.* a scallop shell.
ပဲခွပ်, *n.* a short-handle adz; *see* ပရိကွာရှာစ်ပါး။
ပဲထွေး, *n.* a kind of bird; a kind of plant, မြေပဲထွေး, ရေပဲထွေး။
ပဲလဝါ, *n.* a mask, မျက်နှာဖုံး, အရုပ်မျက်နှာကိုပဲလဝါနှင့်ဖုံးထားသည်။
ပဲ့, 1, *n.* the stern of a boat or ship; *v.* to steer, ပဲ့တတ်သလား။
ပဲ့ကုန်းပတ်, *n.* the quarter-deck, သင်္ဘောပဲ့ကုန်းပတ်။
ပဲ့ကိုင်, *v.* to steer, မင်းပဲ့ကိုင်ဘူးသလား။
ပဲ့ကြက်လျှာရွက်, *n.* a spanker, ပဲ့အောက်ပိုး။
ပဲ့ကြက်လျှာရွက်လက်, *n.* a spanker boom.
ပဲ့ချိတ်, *n.* the oarsman who sits next to the steersman; the man who sits on the rump of an elephant, in a fight.
ပဲ့စင် (*pron.* ဇင်), *n.* a frame for the steersman.
ပဲ့တက်, *n.* an oar used for steering, ပဲ့တက်ခတ်သည်။
ပဲ့တင်ထိုး, *v.* to propel a boat, by pushing with a long oar from the stern.
ပဲ့တုံး, *n.* the block of timber which forms the stern of a Burmese boat.
ပဲ့တောင်, *n.* the seat occupied by a ပဲ့ချိတ်။
ပဲ့နင်း, *n.* the steersman of a government boat; any steersman (*polite*); *comp.* တက်မကိုင်။
ပဲ့ပြင် (*pron.* ဗျင်), *v.* to direct, guide, instruct, သွန်သင်သည်; to amend; to discipline, correct, ဆုံးမသည်, သည်အကလေးကိုနေ့တိုင်းပဲ့ပြင်သော်လည်း မတတ်ပါ, ဆရာသမားများကတပည့်များကိုဆုံးမပဲ့ပြင်သွန်သင်တတ်သည်။
ပဲ့ပြတင်းပေါက်, *n.* the stern port.
ပဲ့ဘက်, *adv.* aft.
ပဲ့ဘက်ရွက်တိုင်, *n.* the mizzenmast, သင်္ဘောပဲ့ရွက်တိုင်။
ပဲ့, 2, *v.* to be broken off, as a small piece from a larger; to be chipped, သည်ပုကန်အဘယ်သူကြောင့်ပဲ့သလဲ; to be broken by the hand, as bread; to crumble (*intrans.*); *with* နှုတ်ခမ်း, to be hare-lipped;

to be worn off or abraded, as the skin,အရေပွဲ, ကျွန်တော်ကျောက်ခဲနှင့်တိုက်မိလို့ခြေအသားပွဲကုန်ပြီ။

ပွဲပွဲ, *v.* same as ပွဲ။

†ပွဲတင် (*pron.* ပွဲဒင်), *n.* an echo; *not used singly*, ပွဲတင်သံ။

ပွဲတင်ခတ်, ပွဲတင်ထပ်, *v.* to echo, ဤမဟာပထဝီမြေကြီးသည်ပွဲတင်ထပ်လျက်ပြင်းစွာတုန်လှုပ်၏, this great earth, reverberating the while, violently quaked; တတောလုံးသေနတ်သံပွဲတင်ခတ်သွားသည်, the whole forest echoed with the report of the gun.

ပွဲတင်တီး, ပွဲတင်ထိုး, ပွဲတင်ရိုက်, ပွဲတင်ဟိန်း, *v.* same (*less frequent*).

ပွဲတင်သံပြန်ခတ်, *v.* to re-echo.

ပေါ, *v.* to be plentiful, not scarce, မရှား; to be numerous, to abound, to have in abundance, စပါးဆန်ရေပေါသောအခါ၊ ဆင်းရဲသားများတို့က၊ ဝမ်းမြောက်ဝမ်းသာရှိကြသည်။

ပေါများ, *v.* to be much, many, abundant, သည်သူလောက်ငွေကြေးဥစ္စာပေါများသောသူသည်တမြို့လုံးတွင်မရှိပါ, there is no one in the whole city, who has money and property in such abundance as this person.

ပေါရမ်း, ပေါယာယ်, *v.* same (*obs.*).

ပေါက်, 1, *v.* to pierce or be pierced, penetrated, perforated, thrust through, have a hole made into or through; to go off accidentally, as a gun; to come out, appear, as from a hole, ထွက်သည်; to sprout, come up, as a plant; to be hatched, as an egg, ကြက်ဥပေါက်သည်; to blister, as the hands or feet, ခြေပေါက်လို့ခရီးမသွားနိုင်ဘူး; to arrive, ရောက်သည်; to ferment (*intrans.*). *Der.* အပေါက်, and ဖေါက်။

ပေါက်ကွဲ, *v.* to burst (*intrans.*), သေနတ်ပေါက်ကွဲလို့လူသေသည်။

ပေါက်ကောင်, *n.* the winning animal in a thirty-six animal lottery.

ပေါက်ရှူး, *n.* a punch.

ပေါက်ဆပ်ပြာ, *n.* earth, used as a substitute for soap; *see under* ဆပ်ပြာ။

ပေါက်ဈေးအရ, *adv.* according to the current market rate.

ပေါက်ပေါက်ပန်း, *n.* colored artificial flowers, made of parched rice and strewn at festivals, weddings, and processions.

ပေါက်ပေါက်ပွင့်, ပေါက်ပေါက်ဖျော်, *n.* parched rice.

ပေါက်ပြဲ, *v.* to be torn and rent; to be lacerated, as the flesh; ပေါက်ပြဲသည့်ဒဏ်ရာ, a lacerated wound.

ပေါက်ပြောင် (*poetical*), *see* ဆင်ပြောင်, *n.* a full-grown, male elephant.

ပေါက်ပွား, *v.* to increase by propagation; applied to animals; not polite when applied to human beings.

ပေါက်ဘော်, *n.* a consanguineous relative; any relative, အဆွေအမျိုး,

ပေါက်ဘော်ဆွေမျိုး; *a term of mutual compellation*, used by the Burmese and Chinese.

ပေါက်ဘွား, *v.* to be born, brought forth; *comp.* မွေး; တမိတဘတည်း ပေါက်ဘွားသောမောင်နှမ။

ပေါက်ရောက်, *v.* to arrive, to reach.

ပေါက်လား, ပေါက်လားဟူ၍, *adv.* (speaking) without any consideration, or regard to truth, or the feelings of others; (speaking) in an idle, profitless manner, သည်လူပေါက်လားပြောတတ်သည်စကားအခြေအမြစ်မရှိဘူး။

ပေါက်လွတ်, ပေါက်လွတ်စား, *adv.* of one's own will, without check or restraint, independently, မိုးလွတ်စား။

ပေါက်လွတ်ပြု, *v.* to take unwarrantable liberty, အခွင့်မရှိဘဲပေါက်လွတ်ပြု။

ပေါက်လွတ်သွား, *v.* to throw off restraint.

ပေါက်လွှတ်, ပေါက်လွှတ်စား, ပေါက်လွှတ်မဲ့စား, *corrupted into* ပေါက်လွှတ်ပဲစား, *adv.* or *a.* setting free from restraint, giving liberty to follow one's own inclination; ပေါက်လွှတ်လှေကလေး, a small boat or canoe without a rudder; ခင်ဘျားသားသမီးများငယ်သောအခါ၊ပေါက်လွှတ်မဲ့ထားလျှင်၊ကြီးသော်ဆင်းရဲလိမ့်မည်, if you, sir, allow your children when young, to follow their own inclinations, they will be poor when they grow up.

ပေါက်သွား, *v.* to pierce, pass through, ထုတ်ချင်းခပ်သွားသည်။

ပေါက်, **2**, *v.* to strike forward and downward; to make sudden and vigorous strokes with a paddle from the stern of a boat, as in making a spurt in racing, ပဲ့ကလူပေါက်ပေးလို့ပန်းရသည်; to make a motion similar to that exhibited in hoeing, or chopping wood; *less than* ယက်; to strike with the forefeet, as a horse, to paw, ခင်ဘျားသည်မြင်းနားမသွားပါနှင့်၊တယ်ပေါက်တတ်သည်; to strike, as a serpent in biting, မြွေပေါက်မည်လို့ပါးပျဉ်းထောင်သည်။

ပေါက်ကြိုး, *n.* a cord twisted by hand; *see* လက်ပေါက်ကြိုး။

ပေါက်ဆတ်ပေါက်ဆတ်, ပေါက်ဆွပေါက်ဆွ, *adv.* limpingly, as when one foot is brought down with force and noise.

ပေါက်တူး, *n.* a hoe.

ပေါက်တူးပြား, ပေါက်ပြား, *n.* a broad hoe.

ပေါက်တူးလုံး, ပေါက်လုံး, *n.* a pickax.

†ပေါက် (ပင်), **3**, *n.* the *Butea* tree, ပေါက်နက်။

ပေါက်နွယ်, *n.* the creeping *Butea.*

†ပေါက်ကရို, *n.* a hod.

ပေါက်မြိုက် (*pron.* ဗောက်), *n.* a kind of official cap; *comp.* ဗောင်း။

ပေါက်ဆိန်, *see* ပုဆိန်, *n.* an ax.

ပေါက်ပန်း (ပင်), *n.* the *Agati* tree; ပေါက်ဖြူ, ပေါက်နီ, varieties of the same. The expression လူပေါက်ပန်း, "an idle coxcomb," derives its origin from the blossom of the *agati* tree, which, though of a brilliant color, is scentless.

ပေါက်ဖတ်, *n.* a kind of caterpillar, said to be much dreaded by goats, ပေါက်ဖတ်တုပ်လျှင်ဆိတ်သေတတ်သည်။

ပေါင်, 1 (from အပေါင်), *n.* a thigh. မိုဃ်းလည်းတောင်က၊ ပွေးလည်းပေါင်က။

ပေါင်ချုန် (*pron.* ဂျုန်), *n.* the groin.

ပေါင်ခွင် (*pron.* ဂွင်), *n.* the lap; *comp.* ရင်ခွင်။

ပေါင်တံ, *n.* the thigh, with reference to its length, ပေါင်တံရှည်သည်။

ပေါင်တွင်း, *n.* the inside of the thigh, ပေါင်တွင်းသား; ပေါင်တွင်းကြောမကြီး, the femoral artery.

ပေါင်ဖိုး (*pron.* ဗိုး), ပေါင်ဖိုးစမ, *n.* an induration in the groin.

ပေါင်ဖြူ, *n.* an untattooed thigh.

ပေါင်ရင်း, *n.* the upper part of the thigh, which joins the body.

ပေါင်ရိုး, *n.* the femur, thigh bone.

ပေါင်လယ်, *n.* the middle part of the thigh.

ပေါင်, 2, *v.* to superadd lengthwise, ဆံစုပေါင်သည်; to attach to the side of, for the purpose of strengthening or improving, မြှောင်သည်; to adhere to the side of, မြှောင်သည်, လှည်းဝင်ရိုးမကျိုးရအောင်၊ သံချောင်းကိုပေါင်လိုက်ပါ; သည်မိန်းမဆံစုမပေါင်တတ်ဘူး။

ပေါင်မြှောင်, *v.* same as ပေါင်; သည်သူသူတပါးထမင်းကိုသာပေါင်မြှောင်စားတတ်သည်၊ သူ့ထမင်းကိုဖြစ်လျှင်၊ တခါမျှမကျွေးဘူး, this individual sponges on others for his food; he never once furnishes food for others.

ပေါင်, 3, *v.* to pawn, mortgage, ကျွန်တော်ကြွေးထူလွန်းလို့၊ လယ်ဥယျာဉ်များကိုပေါင်ထားရပါသည်, as my debts were exceedingly numerous, I was compelled to mortgage my ricefields and gardens; အနှုံခံပေါင်, to effect a simple mortgage; ပေါင်ခံရောက်သည့်လယ်ရာများ. *Der.* အပေါင်။

ပေါင်နှံ, *v.* same as ပေါင်။

ပေါင်ရှင်, *n.* a mortgage in which the mortgager retains the right of redemption, or a sale with the right of redemption; a pawn or mortgage, which is forfeited at a specified period.

ပေါင်သေ, *n.* absolute sale or transfer; *lit.* a dead pledge.

ပေါင်သွင်, *n.* a mortgage in which the land is returnable within a limited time, and the debt is extinguished, အိမ်ကိုပေါင်သွင်ဖြစ်၍ငွေငါးရာချေးမနိုင်ပါ; an article deposited for a short time as a pledge.

ပေါင် (ပင်), 4, *n.* the breadfruit tree found only in Mergui and Tavoy, the *Artocarpus communis.*

ပေါင်မုန့်, *n.* baked bread. Europeans often wrongly say မုန့် for ပေါင်မုန့်။
ပေါင်မုန့်အကာ, *n.* a crust of bread.
ပေါင်း, 1, *n.* an arched covering or roof over a boat, carriage, or palanquin, ပေါင်းမိုး။
ပေါင်းကား, *n.* a howdah (*infreq.*), ဆင်ပေါင်းကား, မြင်းပေါင်းကား။
ပေါင်းကုပ်, *n.* a low arched roof, such as is used on common boats, လှေပေါင်းကုပ်; or on carts, လှည်းပေါင်းကုပ်; any arched covering of bamboos or wood.
ပေါင်းကူး (from ကူး, to cross over), *n.* an arch of brick or stone, a culvert, မုတ်ပေါင်းကူး; *comp.* မုတ်; *v.* to turn such an arch.
ပေါင်းကူးမြောင်း, *n.* a covered ditch; a sewer, မိလ္လာရည်မြောင်း။
ပေါင်းချုပ် (*pron.* ဂျုပ်), *n.* an arched covering of any material; *higher than* ပေါင်းကုပ်, and implying some raised work beneath it.
ပေါင်း, 2, *n.* useless grass, weeds, shrubs, bushes, etc.
ပေါင်းထ, ပေါင်းပေါက်, *v.* to spring up, as such weeds, etc.
ပေါင်းထိုး, ပေါင်းသင်, *v.* to clear away weeds, bushes, etc.
ပေါင်းဖတ်, *n.* the rubbish accumulated in clearing away weeds, bushes, etc.
ပေါင်း, 3, *v.* to collect and unite in one, or to be collected and united in one; to add (*Math.*), နှောသည်; to put on (a turban), ခေါင်းပေါင်းပေါင်းသည်; to keep company, associate, ဘက်သည်, ဖော်သည်; *n.* a sum total; ကျွန်တော်သားဘိန်းစားအရက်သမားတို့နှင့်ပေါင်းလို့ပျက်စီးသည်, it was because my son associated with opium eaters and drunkards, that he was ruined; တသက်ပတ်လုံးကံနှင့်အမျှပေါင်းပါမည်, throughout life, for the duration of my destiny, will I be united (to you). *Der.* အပေါင်း။
ပေါင်းချုပ် (*pron.* ဗေါင်း), *n.* a total, a grand total, ပေါင်းချုပ်စာရင်း။
ပေါင်းထုပ်, *n.* a large turban consisting of many folds or involutions, ခေါင်းပေါင်းဦးထုပ်။
ပေါင်းဘက်, ပေါင်းဖော်, *v.* to keep company, associate; to become partners in business; to cohabit, ပေါင်းဖော်ရက်တင်; ဦးမိုးနှင့်ဦးလူဗိန်း ပွားဥစ္စာကိုပေါင်းဘက်ရှာကြံကြသည်, U Mo and U Lu Bein have formed a partnership, and are seeking (to make their fortune); ပေါင်းဘက်သင့်မြတ်။
ပေါင်းဖော်ဆက်ဆံ, *v.* to have communion, fellowship.
ပေါင်းသင်း, *v.* to join in a company, to unite in forming a society. *Der.* အပေါင်းအသင်း။
ပေါင်း, 4, *v.* to bake in an oven, or cook by steam; to extract vapor by heat, in the process of distilling.

ပေါင်းအိုး, ပေါင်းချောင်, *n.* a pot or vessel of any kind, with a perforated bottom, used in cooking by steam; ပေါင်းချောင်မှန်အိမ်, a globe and lamp.

ပေါင်းအိုးဖုံး, ပေါင်းချောင်ဖုံး, *n.* the head or cover of a still.

ပေါင်းခံ, *v.* to receive vapor in the head of a still; to steam clothes in order to whiten them, အဝတ်ကိုပေါင်းခံ၍လျှော်သည်။

ပေါင်းခံအိုး, *n.* the lower pot used in cooking by steam.

ပေါင်းခံချက်, *v.* to distil liquor.

ပေါင်းတင်းကျည် (from တင်းဝါး, and ကျည်), *n.* the hollow bamboo in which some kinds of rice are cooked.

ပေါင်းဖို, *n.* an oven.

†ပေါင်းကွတ်, *n.* a round summer, or longitudinal timber, sustaining a floor; *comp.* ရက်မ; သစ်မရခင်စပ်ကြားဝါးပေါင်းကွတ်, တလိုင်းပေါင်းကွတ်, မြန်မာပေါင်းကွတ်။

ပေါင်းဘီ (*pron.* ဘောင်းဘီ), *n.* pantaloons, trousers, small clothes.

ပေါင်းဘီတို, *n.* breeches.

ပေါင်းဘီဆိုင်းကြိုး, *n.* braces, suspenders, ပေါင်းဘီဆိုင်းကြိုး။

ပေါင်းသရဖူ (*pron.* ဗောင်း), *n.* a king's crown, ပေါင်းတော်သရဖူဆောင်းတော်မူသည်။

ပေါရာနကထာ, *n.* ancient or obsolete language, ပေါရာနကထာစကား, ရှေးလူဟောင်းသုံးသောစကား။

ပေါရိသာဒ်, ပေါရိသာဒဘီလူး, *n.* a famous *bilu*, mentioned in Buddhist legend; first a prince and later transformed into a *bilu*. In consequence of the preaching of သုတသောမ, he again became a human being; while he was a *bilu* he had a servant named ဒါသက, whom he used to threaten to devour, if his supper of human victims failed; hence the saying, လူသားမရလျှင်၊ဒါသက; used in a modern sense to signify the insistence of one's wishes being carried out by the person enjoined to do so.

ပေါလော, *adv.* buoyantly, floatingly, afloat.

ပေါလောနေ, *v.* to float, ပယင်းစစ်လျှင်ရေပေါ်လောနေသည်, if it is real amber it floats on the water; သူငယ်ကလေးလှေပေါ်ကကျသည့်အခါပေါလောနေသည်, when the child fell from the boat, he floated on the water; လှေမှောက်သော်လည်း၊ ကျွန်းသားလှေမှန်လျှင် ပေါလောနေလိမ့်မည်, though the boat should capsize, yet, if it is a teak boat it will float.

ပေါလောပေါ်, *v.* to rise to the surface (of water); to appear.

ပေါလောမျော, *v.* to float down (with the tide or current), လှေပေါလောမျော၍သွားပြီ။

ပေါ့, 1. *v.* to be light, not heavy, မလေး, ရေငန်ကူးလျှင်၊ ကိုယ်အလွန်ပေါ့သည်. one's body is very light when swimming in salt water; to be insipid, deficient in flavor, အရသာမရှိ; to be light, quick in motion, လျင်သည်; to be light, worthless, inefficient, careless, ပေါ့တန်သည်, မင်းလုပ်ပုံတယ်ပေါ့သည်; to be slightly deranged, စိတ်ပေါ့သည်, သွပ်သည်; to lessen, as the temperature of the atmosphere, လေမတိုက်လို့အချမ်းပေါ့သွားပြီ; to be brackish, as water; to be feeble; *in an extended sense*, to be flippant in language, referring more to a want of vigor of ideas and sentiments, than to poverty of expression; to experience a sensation of relief after paroxysms of pain, နာကောင်းရှုလို့ခေါင်းကိုက်တဆိတ်ပေါ့သွားပြီ; to be wanting in dignity, အစိုးရကြီးဖြစ်သော်လည်း၊ အပြောအဆိုအနေအထိုင်အလွန်ပေါ့သည်. *Der.* အပေါ့။

ပေါ့စပ်စပ်, *adv.* in a heedless, unsteady, careless manner; *see* ပေါ့တိပေါ့တော့။

ပေါ့ခွား, ပေါ့တန်, *v.* to be light, worthless, inefficient.

ပေါ့တိပေါ့တော့, ပေါ့လီးပေါ့လော့, *adv.* in a heedless, unsteady, careless, inefficient manner.

ပေါ့ပါး, *v.* to be light, quick in motion, active, nimble, အလွန်ပေါ့ပါးသည့်လက်ဝှေ့သတ်, a very nimble boxer.

ပေါ့တိုက်, *v.* to graze, တိုက်ချော်သွားသည်။

ပေါ့ဖျင်း, *v.* to be inefficient and worthless.

ပေါ့လျော့, *v.* to be remiss, slack, ငယ်စဉ်အခါပညာသင်ပေါ့လျော့သောကြောင့်၊ ကြီးသောအခါအသက်မွေးကျပ်သည်; ပေါ့လျော့စွာပြုလုပ်, to do superficially.

ပေါ့လွင်, *v.* to be foolishly jovial, merry.

ပေါ့သွား, *v.* to become insipid.

ပေါ့, 2, *verb. affix*, of course; used in closing a sentence, ပ (*colloq.*), ရှိဒါပေါ့, သွားဒါပေါ့; *often coupled with* သား, အသိသားပေါ့, အပြင်သားပေါ့။

ပေါ်, *v.* to appear, come to light; to rise to view; to become known, as a secret; to recur to one's memory, as something temporarily forgotten. *Der.* အပေါ် and တော်။

ပေါ်ထင်, *v.* to become conspicuous; ပေါ်ပေါ်ထင်ထင်, openly, ပေါ်ပေါ်ထင်ထင်အိန်းရောင်းသည်။

ပေါ်ထွက်, *v.* to make an appearance; to be presented to the mind, as a plan, scheme, အကြံအစည်ပေါ်ထွက်သည်; to appear, as the sun above the horizon.

ပေါ်ပေါက်, *v.* to come to light (usually said of a crime); to become

known, သည့်ထားပြမှုမှာအစအနရလျှင်၊ ဧကန္တပေါ်ပေါက်လိမ့်မည်, if one gets a clue in this dacoity case, it will assuredly come to light.

ပေါ်လာ, *v.* same as ပေါ်။

ပေါ်လွင်, *v.* to be bright and showy in color, as a ပုဆိုး, or ထမိ, အရောင်အဝါပေါ်လွင်သည်; *sometimes* ပေါ်လွင် has the same meaning as ပေါ်ထင်, ရှေ့ကကဲ့သို့ပေါ်ပေါ်လွင်လွင်မနေစံ့ဘူး။

ပေါ်လှ, *v.* to come in sight.

ပေါ်သစ်စ, *n.* first appearance of a new thing, လက်သစ်။

ပို, 1, *n.* a basket, smaller and less substantial than ပုတ်; ကြက်သွန်ပို, ဂွမ်းပို, ထန်းလျက်ပို။

ပို, 2, *n.* a piece used in a certain game (ပဆစ်), ပိုရှင်, ပိုသေ, ပိုလိုက်, ပိုသွား; *comp.* ကျား။

ပို. 3, *n.* the crosspieces that support the deck of a large boat; the cross bamboos or pieces of timber which hold rafts together; the word is also applicable to the crosspieces placed on the gunwales of two boats or canoes lashed together, so as to make a temporary raft, မြင်းကူးရအောင်၊ လှေနှစ်စင်းပိုပစ်တွဲချည်၍၊ ၎င်းအပေါ်ကမြင်းနင်းကျော်ကောင်းမွန်စွာခင်းကျင်းလုပ်ကိုင်ရမည်။

ပိုခင်း, ပိုပစ်, *v.* to lay the said pieces.

ပို, 4, *v.* to exceed, be superabundant, whether for better or for worse, ပိုလို့လည်းမယူချင်ဘူး၊ လျော့လို့လည်းမယူချင်ဘူး; *comp.* သာ. *Der.* အပို။

ပိုမောက်, *v. see the parts.*

ပိုမို, *v.* same as ပို, ဧည့်သည်များလာမည်လို့၊ ပိုမိုချက်ပြုတ်ထားပါသ္မီးရယ်, as guests will come, cook an extra quantity of food, my daughter.

ပို. 5, *n.* a weight equal to five ticals (*obs.*).

ပိုက်, 1 (*pron.* ဗိုက်) (*an abbrev. of* နှုတ်ပိုက်), *n.* pregnancy.

ပိုက်ပူ, *v.* to have a protuberant stomach, ပိုက်ကြီး; *see* ဆီးကြီး။

ပိုက်ရှိ, *v.* to be *enceinte* (*vulgar, but in common use*).

ပိုက်. 2, *n.* a sweep net, seine; *comp.* ကွန်; ငါးသလောက်ပိုက်, ကြောင်ကြီးပိုက်။

ပိုက်ကွက်, *n.* a mesh.

ပိုက်ချ, *v.* to cast, or set a net.

ပိုက်ချည်တို, *n.* a kind of dragnet.

ပိုက်ခွန်, *n.* a tax on fish nets, net tax.

ပိုက်စိပ်တိုက်, *v.* to catch fish with a closely-meshed net.

ပိုက်ဆွဲ, *v.* to drag a net.

ပိုက်တိုက်, *v.* to drag the bottom of a river, pond, etc.

ပိုက်ထိုး, *v.* to net, to make a net.

ပိုက်ဝမ်းပူ, *n.* a kind of dragnet.

ပိုက်, **3**, *v.* to hold in the arms, to hug; implying that the person or thing is taken up in the arms; *comp.* ထက်. and ပွေ့; to put into a fold of the waistcloth, ခါးပိုက်မှာပိုက်သည်; အကလေးကိုပိုက်ထားလိုက်ပါ။

ပိုက်ထုပ်, *v.* to take particular care of; *combined with* မွေးမြူး; *or reduplicated and used adverbially*; ကျွန်ုပ်ငွေများကိုပိုက်ထုပ်ထားလိုက်ပါ; ငယ်ကတည်းက ပိုက်ထုပ် မွေးမြူးထားသည့် သားကြီးမှ အမိကို ပုန်ကန်သည်, even the elder son, whom I have taken care of and nurtured since infancy, rebels against his mother; ဘုန်းကြီးဦးညာဏမောင်လှဦးကိုပိုက်ပိုက်ထုပ်ထုပ်ပြုတတ်သည်။

ပိုက်ပွေ့, ပိုက်ထက်, *v.* to hold in one's embrace; *see the parts.*

ပိုက်, **4**, *v.* to punctuate, make stops in writing, to mark off sentences or lines, ပိုက်မ, ပိုက်သေး, ပိုက်မခတ်သည်, ပိုက်မခံသည်; ပိုက်သေးထားသည်, to punctuate; လေးလုံးပိုက်လင်္ကာ, ငါးလုံးပိုက်လင်္ကာ. *Der.* အပိုက်။

ပိုက်စုံ, *n.* a kind of verse, ပိုက်စုံရတု (*pron.* ရဒု), ပိုက်စုံလင်္ကာ။

ပိုက်ဆန် (ပင်), *n.* the flax plant.

ပိုက်ဆန်ကြိုး, *n.* a rope, made of flax.

ပိုက်ဆန်ချည်, *n.* thread, made of flax.

ပိုက်ဆန်လျှော်, *n.* the fibrous part of the flax plant.

ပိုက်ဆံ (Beng. ), *n.* pice; ပိုက်ဆံ is frequently used with ကြေးငွေ, ကျွန်ုပ်မှာပိုက်ဆံကြေးငွေမရှိ, I have no money.

ပိုက်ဆံခတ်, *v.* to change silver for copper coin.

ပိုက်ဆံရွှင်, *v.* to be flush of cash (*familiar*).

ပိုင်, **1**, *v.* to own, possess, have a right to; *more than* ဆိုင်; to have authority over, အစိုးရသည်; သည်မြင်းကိုဘယ်သူပိုင်သလဲ, who owns this horse? ခင်ဗျားပိုင်မှန်းကျွန်တော်ယခုမှသိသည်, I was only just now aware that you own it; သည်နယ်ဘယ်သူပိုင်သလဲ, who has authority over this territory? ပိုင်ကားစိုးစံ။

ပိုင်စိုးပိုင်နင်း, *adv.* assuming the right of using, controlling, etc., ပိုင်စိုးပိုင်နင်းပြုသည်, ပိုင်စိုးပိုင်နင်းလုပ်သည်, ကျွန်တော်မျိုးအိမ်မှာပိုင်စိုးပိုင်နင်းလာမပြုနှင့်။

ပိုင်ဆိုင်. *v.* to have collective authority, as two or three joint owners of property; to have authority over.

ပိုင်ဆိုင်ခွင့်. *n.* a title, just claim, တောင်းပိုင်သောအခွင့်။

ပိုင်နက် (from အနက်, a collection), *n.* property, that which belongs to one, ပိုင်ရာ; that which belongs to one's jurisdiction, စီရင်စု; *in*

*colloquial*, premises; ပိုင်နက်ကျူးလွန်သည်, to trespass upon the premises of another.

ပိုင်နိုင်, *v.* to have authority over.

ပိုင်သ, *v.* same as ပိုင် (*poetical*), စိုးပိုင်သ; also used in solemn discourse, in speaking of the Creator, ရေမြေပိုင်သ ဘဝသခင်အရှင်ကောရာဇ်မင်းမြတ်, He who rules over land and water, Excellent Sovereign, Lord of the Universe.

ပိုင်, 2, *v.* to be soft and very cohesive; *comp.* စေး။

ပိုင်, 3, *n.* a pie, one-twelfth of an anna.

ပိုင်း, *v.* to divide, sever. *Der.* အပိုင်း, တပိုင်းတစ, တပိုင်းပဲ့။

ပိုင်းကွက်စာရေး, *n.* a holding recorder in a settlement office.

ပိုင်းခြား, *v.* to make a separation between, to draw a dividing line, to distinguish, make distinct; *comp.* သားနား; သည်ဥစ္စာများကိုမရောရှက်ရအောင်ပိုင်းခြားထား, separate these things, so that they may not get mixed; စကားကိုပိုင်းခြားပြောပါ; မြို့အုပ်မင်းနှစ်ဦးတို့နယ်ကိုပိုင်းခြားသတ်မှတ်ပြီးပြီ, the jurisdictions of the two *myooks* have been demarcated; to discriminate, make a distinction in the mind.

ပိုင်းခြားကန့်သတ်, *v.* to fix the boundaries of, သတ်မှတ်သည်။

ပိုင်းခြားသတ်မှတ်ခြင်း, *n.* demarcation.

ပိုင်းခြေ, *n.* a denominator.

ပိုင်းဖြတ်, *v.* to dissect; to divide by cutting crosswise into two or more pieces; သစ်သီးပိုင်းဖြတ်မစားအပ်. The Burmese think that it is not proper to eat fruit which has been cut crosswise.

ပိုင်းဝေ, *n.* a numerator.

ပိုင်းသတ်မှတ်, *v.* to demarcate.

ပိုင်းသီးသန့်, *v.* to make a separation between, to distinguish; *see* ပိုင်းခြား။

†ပိုင်းတန်သယ်, *n.* a species of green bulbul, the *Phyllornis Hardwickii.*

ပိုလိုပက်လက်, *adv.* open and exposed, စားစရာများကိုပိုလိုပက်လက်ထားသည်, ပိုလိုပက်လက်အိပ်သည်။

ပို့, 1, *v.* to convey or conduct (to a person or place); to teach books, စာပို့သည်; to offer, as a good wish or a blessing. မေတ္တာပို့သည်; သည်သူငယ်ကိုဟိုဘက်ကမ်းသို့လှေနှင့်ပို့လိုက်ပါ, take this child by boat to the other bank; ဦးထုံးကြီးအကလေးများကိုစာပို့နေသည်, U Tongyi is engaged in teaching children; မှောင်မိုက်၊လသာမရွေး၊မနေမနားပို့ရမည်။

ပို့ချ, *v.* to teach books.

ပို့ဆောင်, *v.* to convey or conduct (to a person or place); ဘုရားလောင်းသည်၊ နတ်သို့း၊ ငါ့ကို ဗိမ္ဗိလာပြည်သို့ ပို့ဆောင်လော့ဟုဆို၏, the embryo

Buddh said, Daughter of a *nat*, do thou convey me to the country of Midila.

ပို့သ, *v.* to carry and present; to teach books; to offer, as a good wish, or a blessing.

ပို့, 2, *v.* to be thrown into or upon; to have earth or any substance thrown into (as into a pit, so as to nearly fill it); to be silted as a channel, နုန်းပို့, သဲပို့; တွင်းချေးပို့, to be choked with earth or rubbish, as a well. *Der.* ပို့။

ပိုး, 1, *n.* an insect; any small animal without distinguishable bones; the silkworm, ပိုးကောင်; silk; ပိုးမျိုးရှစ်ဆယ်, the eighty different species of worms, which, according to the Burmese, inhabit the body of man. The Singhalese affirm that there are ninety species.

ပိုးအိမ်, *n.* a cocoon.

ပိုးကတ္တီပါ, *n.* silk velvet.

ပိုးကာ (from ကာ, to ward off), *n.* a sheathing board, so called because used to protect the hull of a vessel from worms; a thin, narrow board, resembling a sheathing board, but used for any purpose, ပိုးကာပျဉ်။

ပိုးကောင်, *n.* an insect; the silkworm.

ပိုးကျ, *v.* to be infested with insects, eaten by worms.

ပိုးချု, *v.* to wind off silk or cotton thread from a ချား။

ပိုးချည်, *n.* silk thread.

ပိုးစပ်, *n.* a small, flying insect that infests the eyes.

ပိုးစာ, *n.* a silkworm's food; ပိုးစာပင်, the mulberry tree.

ပိုးဖိ, *n.* a species of worm found in the dung of cattle; *see* ပိုးတီ။

ပိုးစုန်းကြူး, ပိုးစုန်းဂြူး (*pron.* ဂြူး), *n.* a firefly or glowworm; ပိုးစုန်းကြူး *is the written*, ပိုးစုန်းဂြူး *the colloquial, form.*

ပိုးဖောက်ထိုး, *n.* the larva of the mosquito.

ပိုးညွန့်, *n.* fine silk.

ပိုးတီ, *n.* a species of worm very extensile and contractile.

ပိုးတီလှီး, *v.* to slice in a particular way, preparatory to pickling, as mangoes, onions, etc.

ပိုးတုံးလုံး, *n.* a chrysalis; a grub; a worm.

ပိုးဖောက်, *v.* to perforate (cloth or paper), as an insect.

ပိုးထ, *v.* to arise, exert itself. *Der.* ပျင်းပိုးထ, သွားပိုးထ။

ပိုးထည်, *n.* silk, silk cloth; ပိုးထည်ကိုင်, *v.* to weave silk.

ပိုးထိ, *v.* a euphemism for မြွေကိုက်။

ပိုးထိုး, *v.* to be eaten by worms, worm-eaten; to bore or tunnel, as an insect.

ပိုးထွေး, *v.* to be worm or weevil eaten, as rice, causing the rice to conglomerate. ဆန်ပိုးထွေးသည်. နှမ်းပိုးထွေးသည်, ဆန်သေတ္တာထဲတာရှည်လှောင်ထားလျှင်၊ပိုးထွေးတတ်သည်။
ပိုးနှားသန် (*pron.* ပိုးနသန်), *n.* the coiling centiped. ပိုးနှားသန်ကောင်။
ပိုးပရန်, *n.* a kind of flying insect (*often called* ပိုးဖလန်).
ပိုးပေါက်, *n.* a hole or perforation made by an insect.
ပိုးပေါက်ပေါက်, *n.* a kind of insect which lives in water.
ပိုးမင်းတောင်တာ, ပိုးမဲတောင်တာ, *n.* the green and golden beetle, a species of *Buprestis*; this beetle feeds on the juice of the ဆူးရစ် tree, *Acacia pennata*.
ပိုးမြည်မြှီး, ပိုးရည်မြှီး, *n.* a firefly or glowworm; *see* ပိုးစုန်းကြူး။
ပိုးမွှား. ပိုးရွ, *n.* insects in general.
ပိုးလုံးကောင်, *n.* a milleped, sow bug.
ပိုးလောက်လမ်း, *n.* the larva of the mosquito.
ပိုးလောင်း, *n.* an insect like the sand fly (ဖြုတ်), but smaller; the bite of this insect causes intense itching.
ပိုးသေ, *v.* to be dead. *Der.* ပျက်နှာပိုးသေ။
ပိုးဟပ်, *n.* a cockroach.
ပိုး, 2, *v.* to fix or fasten one on another for the purpose of strengthening; to bear on the back, နောက်ကပိုးသည်; *comp.* ထမ်း and ခွက်; ရက်မခိုင်လို့သစ်သားပိုးရိုက်သည်, as the girder was weak, he strengthened it by nailing on a piece of wood; ရန်ကုန်မြို့တာပတ်ပွဲမှာကျွန်တော်ကိုယ်ပေါ့သောကြောင့်၊မြင်းကိုခဲထုပ်ပိုးစီးရသည်, in the Rangoon races, being light, I was obliged to ride carrying leaden weights; သူငယ်ကလေးကိုကျောပိုးလိုက်ပါ, carry the child on your back, please. အောက်ပိုးကျိုက် was formerly used instead of ခါးတောင်းကျိုက်. *Der.* နှိပိုး. ထမ်းပိုး, and သယ်ပိုး။
ပိုးမိုးပက်စက်, *adv.* recklessly, without consideration and regard to propriety or decency, indecorously; ခင်ဗျားပိုးမိုးပက်စက်အလွန်ပြောတတ်သည်, you, sir, are in the habit of talking in a very reckless fashion; ပုကန်ပြားများကိုပိုးမိုးပက်စက်ထားလို့ကွဲကုန်ပြီ, owing to your having put the plates down carelessly, they are all broken.
ပို (ကောင်), *n.* a kind of insect destructive to plants, especially to the ပဲလွန်း (100).
ပျက်, 1, *v.* to be ruined, destroyed; to fail, so as to be lost to a cause or party; to fall through, as a plan or scheme; to be interrupted in doing one's work; ကျွန်တော်အကြံအစည်အကောင်းသားနှင့်၊ခင်ဗျားဝင်

ပွေသည်အတွက်၊ပျက်သွားသည်, ကျွန်ုပ်ကိုမောင်ထင်ဆိုသူက၊မဟုတ်မမှန်အစိုး ရထံလျှောက်ထားခြင်းကြောင့်၊အလုပ်အကိုင်ပျက်သည်။

ပျက်ကွက်, *v.* to be disarranged, disturbed, suffer detriment, deterioration, impairment; generally implying that such impairment is due to carelessness or neglect, ပျက်ကွက်လစ်လပ်။

ပျက်စီး, ပျက်ပြား, *v.* to be ruined, destroyed, ပျက်စီးယိုယွင်း။

ပျက်စီးဆုံးရှုံး, *v.* to be doomed, ruined; ပျက်စီးဆုံးရှုံးခြင်း, utter ruin.

ပျက်ပြုန်း, *v. see the parts*; မောင်ရှေ့ပွင့်ဥစ္စာပစ္စည်းပျက်ပြုန်းရုံမက၊အသက် ဆုံးရသေးသည်။

ပျက်ပြို, *v.* to come to ruin.

ပျက်ယိုယွင်း, *v.* to be ruined, destroyed.

ပျက်, 2, *v.* to be witty, droll, comical, funny; to jest, play the buffoon; to trifle with; လက်စွဲမောင်ကျော်ပျက်လိုက်လျှင်ပွဲအလွန်ကျသည်။

ပျက်ချော်, *v.* same; to deride, treat with derision, ပျက်ချော်ချော်နိုင်သည်။

ပျက်တီးပျက်ချော်, *adv.* in a droll, comical, derisive manner, ငါ့ကိုပျက်တီး ပျက်ချော်နှင့်လာမပြောပါနှင့်။

ပျက်, 3, *v.* to add to, put into, as a very little into a larger mass; *less than* စွက်; one kind of လောင်း, ပျက်လောင်း၍တဖန်စိကုံးလိုက်ဦးအံ့။

ပျက်သိကာ, *adv.* a very little, အနည်းငယ်; ဟင်းပေါ့သည်၊ဆားပျက်သိကာ ထည့်လိုက်ပါဦး။

ပျက်သိသိ, *adv.* deficient in relish, လိုသောအရသာပေါ့သည်နှင့်; ဘိလပ်ရေ အချိုပေါ့လို့ပျက်သိသိရှိသည်။

ပျင်, *see* ပြင်, *v.* to prepare, put in order; to amend, correct, repair.

ပျင်တောင်ဥ, *n.* a kind of plant, a species of spirical *Costus*; *see* ဖယ် တောင်ဝေး; said to be an article of food in times of scarcity.

ပျင်ဒန်းလင်, *n.* *Sida* hemp.

ပျင်း, *v.* to be lazy, idle, indolent; to be loth, reluctant (to do), averse to; *in the latter sense, chiefly used as a qual. verb. affix. e.g.*, မြင်ပျင်းသည်, to hate to see, ကြားပျင်းသည်, to hate to hear; ခင်ဘုရားအလွန်ပျင်းသည့်လူ; ပြည်မြို့သို့ ကျွန်ုပ်အလွန်သွားပျင်းသည်; ခင်ဘုရား ပြောသည့်စကားကိုအလွန်ကြားပျင်းသည်; ရွှေနေမောင်ကြွက်ဖြူဆင်းရဲသားအား ပေါ်မှာ အတိုးများစွာယူစားသည်မှာ၊ အလွန်ခံပျင်းစရာကောင်းသည်; to be dull and uninteresting, as one's surroundings, သည်မြို့အလွန်ပျင်းစရာ ကောင်းသည်; to be affected with *ennui*, အပျင်းပြေလောက်ပွဲကိုသွားကြည့် မိသည်. *Der.* အပျင်း။

ပျင်းမိုးထ (*pron.* မိုး), *v.* to be very lazy; to become dull by inaction. သည်လူပျင်းမိုးထသည်၊မြဲ့မြန်ထက်ထက်မလုပ်ဘူး; *see* မိုးထ။

ပျင်းရိ, *v.* to be lazy, idle, indolent.

ပျစ်, *v.* to weave grass (for roofing) by doubling and tying on a stick; သက်ငယ်ပျစ်သည်, သက်ငယ်တပျစ်သွင်းလိုက်ပါဦး *Der.* ကင်ပျစ်, ဓား ပျစ်, ဒနိပျစ်, and သက်ငယ်ပျစ်။

ပျဉ် (ပင်), 1, *n.* a kind of tree.

ပျဉ်, 2 (*pron.* ပျဉ်ဉ်), *v.* to be reduced to a level, by some modification of the surface, or by being so close and thick, as to fill up all interstices; *comp.* ပြား; *n.* a board, a plank, ပျဉ်ပြား; a flat surface; *used in composition with other words*, as ကျောက်ပျဉ်, ပါးပျဉ်, လက်ဝါးပျဉ်; တပျဉ်တည်း, on the same level.

ပျဉ်ခင်း, *v.* to lay with boards, as a floor.

ပျဉ်ထရံ, *n.* board walling.

ပျဉ်ထောင်, *v.* to cover the side of a house, make a partition with boards, ပျဉ်ထောင်အိမ်, ခင်ဘျားအိမ်ပျဉ်ထောင်ပျဉ်ခင်းအိမ်လား။

ပျဉ်ပြား, *n.* a board; a plank.

ပျဉ်း (*pron.* ပျဉ်ဉ်း), *v.* to be tough, so as to yield to force without breaking, မထော်; to be dull, stupid; ထားသည်ဉာဏ်လှနုံပျဉ်းသည်; to be tough, not tender, သည်အမည်းသားတယ်ပျဉ်းသည်. *Der.* အပျဉ်း။

ပျဉ်းတွဲ, *v.* to be dull, stupid (*rare in colloq.*).

†ပျဉ်းကတိုး, *n.* ironwood. the *Inga xylocarpa*; the wood of this tree is much used for house posts.

ပျဉ်းတော်သိမ်, *n.* a small tree with white flowers and bright red berries; the *Clausena heptaphylla*; there are two kinds, termed by the Burmese, အယည်, and အရိုင်း; the leaves of the cultivated kind are eaten with curry; if eaten in large quantities it acts as a gentle purgative.

ပျဉ်းမ, *n.* the queen *Lagerstrœmia*.

ပျဉ်းမဖြူ, *n.* white *jarool*, much used in house-building.

ပျပ်, *v.* to be low, squat, flat, and broad in comparison with the height; *comp.* နိမ့်; to be in a low, stooping, crouching posture, ဝပ်သည်; *commonly used in a reduplicated form*, ပျပ်ပျပ်ကလေး။

ပျပ်ဝပ်, ပျပ်ဝပ်, *v.* to be in a low, stooping, crouching posture.

ပျပ်စွဲ, *v.* to be habitually fixed in a humble posture; *used only as an adverb, in a reduplicated form*.

ပျပ်စွဲကြီး, *adv.* indisposed to move, ပျပ်စွဲကြီးနေ၍နှင့်၊ မြိန်မြိန်ထပါ။

ပျမ်း, *v.* to spread out, distribute throughout, according to some rule, သည်ပုကန်ထဲမှာဟင်းစုထည့်မထားနှင့်၊ ပုကန်တိုင်းမှာပျမ်းထည့်လိုက်ပါ။

ပျမ်းမျှ, *v.* same as ပျမ်း; တရာမှာသုံးပုံဖုန်းမျှ ... ယ်လောက်စီကျသလဲ

ပျမ်းမျှယူ, *v.* to take an average.

ပျံ, *v.* to fly, as a bird, as sparks of fire, as rays of light.

ပျံကာဝဲကာ, *adv.* in a flying, circling manner, as a bird.

ပျံလွှား (*pron.* ဗျံလွှား), *n.* a species of swallow, the *Hirundo Daurica*; *comp.* မိုဃ်းစွေငှက်, the *Hirundo rustica.*

ပျံ့, *v.* to be scattered, spread, diffused, as perfume, as rays of light, as news, etc., ရန်ကုန်မြို့ပေါ်တွင်ဦးအုန်းခိုင်အထွန်ဂုဏ်သိတင်းပျံ့သည်။

ပျံ့နှံ့, *v.* to be diffused throughout, ပျံ့နှံ့ကြော်ငြာ, လူချင်းတယောက်တခြား ကွဲပြားပျံ့နှံ့နေကြသည်, ကြော်ငြာပျံ့နှံ့သည့်အဆောင်။

ပျံ့ပျူး, *v.* to be pleased in mind, to enjoy one's thoughts, စိတ်ပျံ့ပျူး; to be a level, agreeable surface, သည်အရပ်မြေနေစရာထိုင်စရာအလွန်ကောင်းသည်၊ပျံ့ပျံ့ပျူးပျူးရှိသည်။

ပျံ့ပွား, *v.* to spread and increase in the sense of prospering; also applied to the diffusion of knowledge, and to the exciting of the passions, ကိလေသာပျံ့ပွားစေသည်; စပါးဈေးကောင်းကတည်းက၊ ကျွန်တော်ဥစ္စာပစ္စည်းများစွာပျံ့ပွားသည်။

ပျံ့ရွှင်, *v.* to be cheerful, ရုပ်နှာပျံ့ရွှင်သည်; usually applied to young people.

ပျံ့လွင့်, *v.* to be scattered, dissipated.

ပျံ့သင်း, *v.* to be diffused and odoriferous.

ပျာ, *v.* to be in a hurry, bustle; to flurry one's self, သည်ကိစ္စမှာမောင်ရွှေထွန်းခိုင်းရန်မတော်ပါ၊အလွန်ပျာတတ်သည်, it is not advisable to depute Maung Shwe Dun on this business, as he is in the habit of flurrying himself.

ပျာယာ, *v.* same; *chiefly used adverbially*, ပျာယာခတ်အောင်, in a disorderly hurry. *Der.* ကပျာကယာ။

ပျာယီးပျာယာ, *adv.* from above, ပျာယီးပျာယာနှင့်ဘယ်ကပြေးလာသလဲ။

ပျား, *n.* a honeybee.

ပျားအုံ (from အုံ, a bulge), *n.* a nest of bees, including the honeycomb.

ပျားနွဲ, *v.* to swarm, as bees.

ပျားတမ, *n.* a swarm of bees, ပျားအုပ်။

ပျားတံ, *n.* a branch or any other thing to which a swarm of bees adheres and attaches the honeycomb, ပျားနွဲသည့်အတံ။

ပျားတူ (*pron.* ပဒူ), *n.* a hornet.

ပျားတူအုံ, *n.* a hornet's nest.

ပျားတူအုံလိုက်, *v.* to suppurate in several places, as a carbuncle, or when afflicted with ထနောပဆုပ်။

ပျားတူငှက်, *n.* the large bee-eater.

ပျားတူတံ, *n.* a tubule, sucker, made of a reed, quill, etc.
ပျားတူတုပ်, *v.* to sting, as a hornet.
ပျားတူတော, *n.* a locality where bees are plentiful.
ပျားပန်းခတ်, *v.* to suck juice from flowers, as a bee; also applied figuratively to active or fidgety persons, ပျားပန်းခတ်သလိုနားမနေဘူး။
ပျားဖွပ်, *v.* to take honey from bees.
ပျားမွဲ, *n.* a small kind of honeybee; *see* ယင်ပျား။
ပျားမှက်, *n.* a drone.
ပျားရည်, *n.* honey.
ပျားလဘို (from နွားလဘို), *n.* a honeycomb.
ပျားသငယ်, *n.* young bees.
ပျားသန်, *n.* a small kind of honeybee; a kind of hornet.
ပျားသလက်, *n.* the cells occupied by young bees. They are eaten in curry by the Burmese, after the wax has been extracted.
ပျားသွန် (from သွန်, to be ineffectual), *n.* a deserted, empty honeycomb.
†ပျားသက် (နာ) (*pron.* ပသက်), *n.* a small ulcer formed at each corner of the mouth, ပျားသက်နာပေါက်သည်။
ပျူငှာ (*pron.* ပျူငါ), *n.* courteous behavior, kind attentions, politeness, လောကဝတ်, ကုန်သည်မောင်ထော်အာ၊လောကဝတ်ပျူငှါအလွန်ရှိသည်, Maung Taw A, the merchant, has very winning politeness.
ပျူပျူငှာငှာ, *adv.* courteously, engagingly, politely.
ပျောက်, *v.* to disappear, ကွယ်သည်; to be lost, ကျွန်ုပ်နာရီကလေးဘဲ့နှယ်ပျောက်ပါလိမ့်မည်လဲ. *Der.* ဖျောက်။
ပျောက်ကင်း, *v.* to be free from, as a disease, ရောဂါပျောက်ကင်းမှုပြန်ချင်ပါသည်။
ပျောက်ကော, *v.* to be obliterated; to die out, as a race; to be obsolete, ရှေးစကားဟောင်းပျောက်ကောသည်၊ယခုအခါစကားသစ်သုံးကြသည်။
ပျောက်ပျက်, ပျောက်ရှ, *v.* to be lost, ဘိုးရာဇာသည်မိမိအရိုးများပျောက်ပျက်သည်တိုင်အောင်၊ရာဇဝင်တွင်နေရစ်လိမ့်မည်, Bo Raza will remain in history, even until his bones have disappeared.
ပျောက်လွင့်, *v.* to disappear and be blown away; to vanish; *see the parts*; သည်ဆေးကိုစားသည့်နေ့ကစ၍ရောဂါအနာရောယ်တို့သည်ပျောက်လွင့်ကုန်ပြီ။
ပျောင်း, *v.* to be limber, pliant, flexible, not stiff, မတောင့်; *comp.* ပြော့; သည်ကချောသည်မပြော့လိုက်ထာပျောင်းလို့နေရော့ (*Colloq.*). *Der.* ဖျောင်း။
ပျောမင်း, *see* ငှက်ပျောမင်း, *n.* a species of plantain.
ပျော့, *see* ပြော့, *v.* to be soft, tender, yielding, lax.
ပျော်, 1, *v.* to sleep, be sound asleep, အိပ်ပျော်သည်, မွေ့သည်; *comp.* အိပ်။
ပျော်မွေ့, *v.* same as ပျော်။

ပျော်မှိန်း, *v. see the parts*; ပျော်မှိန်းကာကာလေးရှိသေးသည်၊လန့်နိုးသည်, I was just dozing off, when I was startled and awoke.

ပျော်, 2, *v.* to enjoy one's self, be pleased, happy, မွေ့လျော်သည်, ပျော်မှု ပျော်ဘွယ်, မပျော်သည့်ရွာမသာဘူး; ပျော်ပျော်နေ၊သေသဲ, those who live happily, die late. *Der.* ပျော်။

ပျော်ပါး, ပျော်မိုက်, ပျော်မြူး (applied, as a rule, to animals), ပျော်မွေ့ရွှင်, *v.* same as ပျော်; ပျော်ပါး, *in the modern acceptation*, usually signifies, to indulge in sensual pleasures.

ပျော်ပွဲ, *n.* an impromptu meal, usually in the open air, a picnic, ပျော်ပွဲစား. In U. B. ပျော်ပွဲခံ, to hold an impromptu theatrical entertainment, is the equivalent of ကြည့်ချင်ပွဲ in L. B. The *pwe* is held in order to test public opinion as to the merits of a dramatic company, with a view to future engagement, or otherwise. The company, as a rule, is not remunerated on such an occasion.

ပျော်မွေ့, *v.* to enjoy one's self, be happy.

ပျော်, 3, *v.* to be quite ripe, very soft; *more than* ပြေ့; ငါးထိးကုန်းပေါ်တင် ထားလျှင်၊ပျော်ကျသွားသည်; ငှက်ပျောသီးမှည့်လွန်လို့ပျော်နေသည်; ဘုရားမှာ မီးလောင်ရာ၊နောက်ထပ်ချသည့်ရွှေပျော်ကျသည်။

ပျို, *v.* to be young, in the prime of life, neither very young, nor old; applicable to whatever has life; သည်မိန်းမပျိုလား၊အိုလား, is this woman married or unmarried? when the *taukte* crows, Burmese children are in the habit of calling out, ပျိုလား၊အိုလား; they also call out, မိုးဃါးလား၊လေလား; ပျို is also applied to trees, အင်ကြင်းပင်ပျို. *Der.* အပျို, and လူပျို။

ပျိုနု, ပျိုထွတ်, *v. see the parts*; အရွယ်အဆင်းပျိုနုသည့်အခါ၊ ရွှင်လန်းသော စိတ်ရှိသည်, when youthful, and one's appearance is fresh and tender, one has a cheerful mind.

ပျို့, 1, *n.* sacred verse, in lines of four syllables, ပျို့ကဗျာ; usually setting forth the merits and exertions of a ဘုရားလောင်း။

ပျို့ဘတ်စာ, *n.* same as ပျို့။

ပျို့, 2, *v.* to retch, heave, make an effort to vomit, နှလုံးပျို့သည်။

ပျို့အန်, *v.* to retch and vomit.

ပျို့တို့တို့, *adv.* disposed to vomit, သည်အစာကိုမြင်လျှင်၊ပျို့တို့တို့ဖြစ်နေပြီ။

ပျိုး, *v.* to plant, either as seeds or plants, with the intention of transplanting; *n.* a plant, ပျိုးပင်။

ပျိုးခင်း, *n.* a bed of plants, a nursery; a plantation.

ပျိုးထောင်, *v.* same as ပျိုး, စပါးပျိုးထောင်, ပန်းပင်ပျိုးထောင်, ဆေးပျိုးထောင်။

ဖြ, 1, *n.* (*obs.*). *Der.* ဖြိုဖြ, and ဖြဒိုး။

ပြအိုး, *n.* a small turret on the wall of a fortification, တန်ဆောင်းပြအိုး, မြို့ရိုးမြို့တာ။

ပြစင်, *see* ပစ္စင်, *n.* a scaffold or terrace, on the inside of a fortification, whence missive weapons are discharged.

ပြလမ်း, *n.* a road which leads to a turret; any road which terminates at a particular spot; a cross-street.

ပြ, 2, *v.* to show (in various ways), ညွှန်သည်, ညွှန်းသည်; ကျွန်တော်ကို လမ်းတဆိတ်ပြလိုက်ပါ; ခင်ဗျားယခုကဲ့သို့ ဒုစရိုက်ကျင့်လျှင်၊ ဘုရားပြပါလိမ့်မည်, a warning of the danger of one's being visited by a judgment from God.

ပြညွှန်, *v.* to point out.

ပြညွှန်း, *v.* to show, make known, disclose, ညွှန်းပြ။

ပြသ, *v.* to show, in the way of instruction, ဦးမောင်ကျွန်တော်ကိုငယ်စဉ်ကပြသသွန်သင်သည့်ဆရာပါဘဲ။

ပြက်, 1, *v.* to glance, as a ray of light (*infreq.*). *Der.* လျှပ်ပြက်, and ပြုံးပြက်။

ပြက်, 2, *see* ဖျက်, *v.* to add to, put into, as a very little into a larger mass.

ပြက်, 3, *n.* breadth, width; applied to hard surfaces; *comp.* အနံ; ထက်ဝါးပြက်။

ပြက်ကြီး, *v.* to be wide.

ပြက်ငယ်, *v.* to be narrow.

ပြကတေ့ (Sanskrit), *n.* nature, ပကတိ, သဘော; *less frequent than* ပကတိ။

ပြက္ခဒိန်, *n.* an astrological scheme which forms the basis of subsequent calculations; an almanac, ပြက္ခဒိန်အုပ်, ပြက္ခဒိန်ကြည့်, ပြက္ခဒိန်ထုတ်, ပြက္ခဒိန်လှည့်။

ပြက်ပြက်, *adv.* clearly, conspicuously, ပြက်ပြက်ကွက်ကွက်, ပြက်ပြက်ထင်ထင်, ခရီးလမ်းမဝယ်၊ ခပ်သိမ်းကုန်သော ခြေရာအပေါင်းတို့တွင်၊ ဆင်၏ခြေရာသည်သာလျှင်၊ထင်ထင်ပြက်ပြက်ထင်သကဲ့သို့, just as amongst all the footprints on the highroad, those of the elephant only are conspicuous; မင်းလုပ်သည့်နေရာပြက်ပြက်ထင်ထင်တကွက်မရှိ။

ပြက်ပြည်, ပြက်ပြယ်, ပြက်ယယ်, *adv.* in the way of joking with freedom and familiarity; ပြက်ယယ်ပြုသည်, to laugh at; ပြက်ယယ်ပြုရာ, laughing-stock.

ပြင်, 1, *n.* the outside, what is beside, အပြင်။

ပြင်အနက်, *n.* the literal meaning.

ပြင်ကျုံးထိပ်, *n.* a counterscarp.

ပြင်ပသူ (*pron.* ပြင်ဗသူ), *n.* an outside person, one not included.

ပြင်ပေါင်းဘီ, *n.* overalls.

ပြင်ပိုး, *n.* the outside, that part which lies without, ပြင်ပိုးထိုင်နေသည့်လူဘယ်သူပါလဲ။
ပြင်ဘဝေါ, *n.* the last of the five places of sitting in the royal presence; *see* နေရာငါးသွယ်။
ပြင်လွှင်, *n.* the outside.
ပြင်လွှင်ကစ, *adv.* on the outside.
ပြင်ဝန်, *n.* a public Minister of State; *comp.* အတွင်းဝန်။
ပြင်, 2, *v.* to prepare, put in order; to amend, correct, repair, ပြုပြင်သည်, မင်းရေးသည့်စာထဲမှာအလွန်အမှားများသည်၊ပြင်ရေးလိုက်ပါဦး; စားစရာအသင့်ဘဲပြင်ထားပါသည်။
ပြင်ဆင်, *v.* to prepare, put in order; *comp.* ပြုပြင်။
ပြင်လျှာ, *v.* same (*infreq.*).
ပြင်း, *v.* to be violent, ထန်သည်; *in conjunction with other verbs*, it appears to have the meaning of very, exceedingly; to be ardent or strong, as alcoholic liquor, scent, tobacco; to be virulent, as a poison, အဆိပ်ပြင်းသည်; to be loud, အသံပြင်းသည်; သည်သူဒေါသအင်မတန်ပြင်းသည်, သည်အရက်အလွန်ပြင်းသည်၊များများမသောက်နှင့်။
ပြင်းထန်, ပြင်းပြ, *v.* same, လေပြင်းထန်စွာလာသောကြောင့်၊လှေသင်္ဘောတို့သည်များစွာပျက်စီးကုန်သည်။
ပြစ်, 1, *see* ပစ်, *v.* to throw, cast; to throw away, reject, စွန့်သည်; to throw at, shoot.
ပြစ်, 2, *see* ပျစ်, *v.* to weave (thatch).
ပြစ်, 3, *v.* to be thick, dense, not rare, မကြည်; ဟင်းရည်ပြစ်လို့သောက်မကောင်း; သစ်ပင်ကလေးများထူလိုက်သည်မှာပြစ်နေရော့။
ပြစ်ချွဲ, *v.* to be thick and slimy; *used adverbially*, သည်လူချွဲချွဲပြစ်ပြစ်ပြောတတ်သည်, as a mealy-mouthed person, one who is affectedly delicate of speech.
ပြစ်ထူကြီး, *a.* stupid, thick-headed; very coarse and thick, as cloth, အဝတ်ပြစ်ထူကြီး; လူပြစ်ထူကြီး၊ဘာမျှအလုပ်အကိုင်မတတ်ဘူး။
ပြစ်နှစ်, *v.* same as ပြစ်; *used adverbially*, chiefly with reference to words of abuse, ပြစ်ပြစ်နှစ်နှစ်ဆဲသည်။
ပြည်, 1, *n.* a country; တသက်ပတ်လုံးပြည်နှင်ဒဏ်, transportation for life; တပြည်သား, a native of a country other than Burma, a foreigner; အပြည်ပြည်, all countries.
ပြည်စိုး, *n.* an hereditary chief.
ပြည်ဆူးပြည်ငြောင့်, *n.* thieves, dacoits, robbers.
ပြည်တန်ဆာ (*pron.* ပြည့်တဆာ), *n.* a courtesan, harlot. မိန်းမပေါ့, မိန်းမရှင်, ပြည်တန်ဆာမ။

ပြည်ထဲရေး, *n.* the internal affairs of a country, ပြည်ရေး, တိုင်းရေး။
ပြည်ထောင်, *n.* same as ပြည်; *used in phrases of enumeration only*, as တပြည်ထောင်, နှစ်ပြည်ထောင်, တယ်နှစ်ပြည်ထောင်။
ပြည်ဖုံးချကွယ်သလိုကွယ်, *v.* to make an unqualified denial; this expression is said to owe its origin to the Burmese marionette stage, *i.e.*, to the time the curtain falls and screens everything from view.
ပြည်ရင်းသားတို့, *n.* aborigines.
ပြည်ရေး, တိုင်းရေး, *n.* the affairs of a country or kingdom.
ပြည်ရှင်မင်းကြီး, *n.* the Sovereign of a country.
ပြည်လျှေး, ပြည်မှွား, *n.* minor criminals, such as petty thieves, etc.
ပြည်သားချင်း, *n.* a compatriot.
ပြည်သူပြည်သားစု, *n.* the public, the people of a country.
ပြည်, 2, *n.* a measure of capacity equal to four *sales* (စလယ်), or one-sixteenth part of a *tin* (တင်း); *before capital numerals*, အပြည်, as အပြည်နှစ်ဆယ်, အပြည်သုံးဆယ်, etc.
ပြည်, 3, *n.* pus.
ပြည်အောင်း, *v.* to be pent up, as pus in a sluggish or slowly developing abscess (အိုင်းနာ). or boil (အနာစိမ်း).
ပြည်စုတ်တဆေးလိမ်း, *n.* a drawing ointment.
ပြည်တည်, *v.* to suppurate, as a boil or sore; ပြည်ထည့် *is also used in the colloquial.*
ပြည်ပေါက်, *v.* to break, as a boil or abscess.
ပြည်မြုံ, *v.* to re-gather, as a boil.
ပြည်မှည့်, *v.* to come to a head, as a boil, to suppurate.
ပြည်, 4, *v. see* ပြယ်, to jest with, ခင်ဗျားကျွန်တော်ကိုမပြည်ပါနှင့်, please do not jest with me, sir.
ပြည့်, *v.* to be full. *Der.* ဖြည့်။
ပြည့်စုံ, *v.* to be possessed of, to be replete with; to be complete, accomplished, fulfilled, ဦးညွန့်ဥစ္စာအင်္ဂါနှင့်ပြည့်စုံသောသူဖြစ်ပေသည်; သည်သစ်ပင်အခက်အလက်နှင့်ပြည့်စုံသည်။
ပြည့်တင်း, *v.* to be full and firm. in touch and appearance, as the flesh of a human being, လက်တဝါးပြည့်တင်း၏။
ပြည့်ဖွမ်း, *v.* same as ပြည့်စုံ (*infreq.*).
ပြည့်ဝ, *v.* to be full of. have an abundance of; less applicable to property than ကြွယ်ဝ; ကျွန်တော်မဝယ်နိုင်ပါ၊ဥစ္စာပြည့်ဝသောသူမဟုတ်ပါ; သတော ပြည့်ဝသူ, a man full of wisdom, understanding, and experience.
†ပြည့်စင်, *n.* the *Antidesma paniculata*; a low tree, bearing a red, sour fruit resembling the barberry, usually found near water.

ပြည်းကော (*pron.* ပြည်း), *see* ဗိန်းကော, *n.* a flat-bottomed boat, with sides constructed of timbers placed lengthwise; *comp.* နံ့ထပ်။

ပြဋ္ဌာန်း (Pali ပဋ္ဌာန်), *v.* to decide, settle, establish, ထုံးဖြတ်သည်။

ပြဋ္ဌာန်းချက်, *n.* an official resolution.

ပြတ်, *v.* to be cut in two; to be cut off, ended; to cease, stop, break off, စဲသည်; to be broken, as the skin; to snap in two; to be decided. The word ပြတ် is much used in boat and horse racing, when speaking of a horse getting clean away from another; မြင်းတလုံးလောက်ပြတ်ကျန်ရစ်သည်; ကျောက်ကြိုးပြတ်သွားပြီ၊ လှေမျောသွားလိမ့်မည်, the anchor rope has snapped; the boat will drift. *Der.* ဖြတ်။

ပြတ်ကင်း, *v.* to be severed in connection, to be divorced, as husband and wife; to be broken off, as a friendship, ဦးမြနှင့်ဦးမောင်ကလေးရှေးကကဲ့သို့မဟုတ်၊မေတ္တာပြတ်ကင်းနေကြသည်။

ပြတ်စဲ, *v.* to cease, stop; to be divorced, as husband and wife; အမှုပြတ်စဲ။

ပြတ်တောင်းပြတ်တောင်း, *adv.* by intervals of action and repose, by fits and starts, မိုးသည်းပြတ်တောင်းပြတ်တောင်းရွာသည်။

ပြတ်ပြတ်စား, *v.* to smack the lips in eating, ခင်ဗျားပြတ်ပြတ်မစားနှင့်၊ တယ်ရိုင်းပါသည်။

ပြတ်ပွဲစား, *n.* an appraiser of uncoined money; *comp.* အလဲကိုင်ပွဲစား။

ပြတ်လပ်, *v.* to be discontinued for want of further supply, ကျွန်တော်မိဘငွေကြေးပြတ်လပ်သောကြောင့်၊အင်္ဂလိပ်ပြည်သို့စာသင်ရန်မလွှတ်နိုင်ကြပါ။

ပြတ်လုပြတ်ခင်, *adv.* on the point of being severed.

ပြတ်သတ်, *v.* to be cut or rent in pieces, spoilt.

ပြတ်သား, *v.* to be distinct, clear (in speech).

ပြတင်း (*pron.* ပဒင်း), *n.* a window, ပြတင်းပေါက်, လေသာပေါက်။

ပြတင်းအောက်ထုပ်, *n.* a window sill.

ပြတင်းဗိတ်, *n.* a window blind.

ပြတင်းပေါက်, *n.* the opening or aperture of a window; မှန်ပြတင်းပေါက်, a glass window.

ပြတင်းပေါင်, *n.* a window frame.

ပြတင်းမှန်အိမ်ကွက်, *n.* a window sash.

ပြတင်းယောင်, *n.* a false window.

ပြတင်းရွက်, *n.* a window shutter, ပြတင်းဗိတ်။

ပြတာန်, *see* ဗိတာန်, *n.* a canopy.

ပြတား (*pron.* ပဒါး), *n.* quicksilver, သုတ။

ပြတားဆား, *n.* oxymuriate of mercury, corrosive sublimate.

ပြတားဆားဖြူ, *n.* calomel.

ပြတားထိန်း, *v.* to overlay glass with quicksilver, မှန်ကိုပြတားထိန်းသည်။

ပြတ္ထို, *n.* a spittoon (*obs.*), ထွေးခံ, ထွေးခံ။

ပြန်, 1, *n.* a measure of time equal to ten *karas* (ခရာ); a term used in astrological calculations.

ပြန်, 2, *v.* to return; to repeat, do again, ထပ်သည်; *an abbrev. of* ပြန်ကြား, to reply to a letter, စာပြန်သည်, စာမပြန်; to do in return, တုံ့သည်, လှန်သည်; to repeat, rehearse (a lesson); to interpret, translate, စကားပြန်သည်, အနက်ပြန်သည်; to die (*clerical*), ဘုန်းကြီးပြန်တော်မူသည်; to recover from fainting (*intrans.*); to refine, purify, rectify by re-distillation or sublimation; ဝါးထပြန်, လှေနှစ်ပြန်လောက်ရှိသည်; *qual. verb. affix*, again; *adv.* back, backward; *used in composition*, နောက်ပြန်, ပြောင်းပြန်, ထက်ပြန်, မင်းအမေ အင်မတန်နာနေသည်။ အိမ်ကိုပြန်မြန်ပြန်ပါ; အမိုးရမင်းတို့မြန်မာစာပြန်ရသည်; နာရီတဝက်လောက်မြော်ပြီးမှပြန်သတိရသည်။

ပြန်ကြား, *v.* to communicate information; to relate, report respectfully, ငင်းအကြောင်းပြန်ကြားရန်အခွင့်မရှိ။

ပြန်စာ, *n.* a written reply.

ပြန်ချေ, *v.* to remand.

ပြန်စောင်း (*pron.* စောင်း), *adv.* sidewise, as in looking back, တို့ကခေါ်ပေ ဒယ်လို့သူကပြန်စောင်းမျှမကြည့်ဘူး (*Colloq.*).

ပြန်ဆို, *v.* to interpret.

ပြန်တမ်း (*pron.* ဒန်း), *n.* a royal edict made public for universal observance, အမိန့်တော်ပြန်တမ်း; an official gazette.

ပြန်ပြော, *v.* to relate, narrate, repeat.

ပြန်ဖွင့်, *v.* to reopen (a suit in court), အမှုကိုပြန်ဖွင့်ရန်လျှောက်လွှာ။

ပြန်ယူ, *v.* to take back; ယူပြန်, to take again.

ပြန်လည်, *v.* to return, မိမိတိုင်းပြည်သို့ပြန်လည်ပြီး

ပြန်လာ, *v.* to come back.

ပြန်လှန်, *v.* to do in return, do back again, to retaliate; *comp.* လှန်ပြန်; ငါ့ကိုပြန်လှန်မပြောနှင့်။ပြောလျှင်တွေ့မည်။

ပြန်လှန်ပြော, *v.* to retort, answer back, disrespectfully.

ပြန်သွား, *v.* to go back.

ပြန့်, *v.* to be expanded, as the open hand, or as a mat when unrolled; to be spread out, as grain, sand, etc.; to be level, to have an even surface, ညီညာသည်, ညီညွတ်သည်; *comp.* ပြား. *Der.* ဖြန့်။

ပြန့်ကျယ် (*pron.* ပြန့်), *v.* to be widely extended; *see the parts*; မြေပြင်ပြန့်ကျယ်သည်, ရေပြင်ပြန့်ကျယ်သည်။

ပြန့်ပြော (*pron.* ပြော), *v.* to be uniformly and plentifully supplied, မြို့ရွာပြန့်ပြောသာယာသည်။

ပြိပ်, *see* ပျိပ်, *v.* to be low, squat, flat, and broad, in comparison with the height.

ပြိမ်း, *see* ပျိမ်း, *v.* to spread out, distribute throughout, according to some rule.

ပြယ်, 1, *v.* to waste (*intrans.*), to become weak, less vivid or pungent, as odor, flavor, heat, affection, အားလျော့သည်; *fig.*, to become feeble, as a plan or scheme, အကြံပြယ်သည်; အချစ်ပြယ်သည်, မေတ္တာပြယ်သည်, အနံ့ပြယ်သည်, ခင်ဘျားမိန်းမအားရင်ကထက်မေတ္တာမပြယ်ပါ။

ပြယ်, 2 (from ပြ, to show, and ရယ်, to laugh), *v.* to jest with, put to the blush, as young persons of different sexes; to make indelicate allusions, ကိလေသာနှင့်စပ်၍ကျီစားသည်; *comp.* ပျက်ချော်, and ပြက်ယယ်။

ပြယုဂ်, *n.* *in Pali Grammar*, an illustration, exemplification.

ပြရှိးယား, *adv.* glitteringly, dazzlingly, with a variety of colors (*infreq.*), နီလာ၊ဂေါမုတ်၊ဥဿဖရား၊ပြရှိးယားတရွှေ။

ပြသာဒ် (Pali ပါသာဒေါ), *see* ပြာသာဒ်, *n.* a graduated turret surmounting the roof of palaces, distinguished *kyaungs*, royal boats, etc.; a spire, steeple.

ပြဿဒါးရက်, *n.* one of the two unlucky days in the month. According to some views, ပြဿဒါးဆန်း means, when the unlucky days are in the ascendant, and ပြဿဒါးကွယ်, the reverse.

ပြဿနာ, *n.* a question that forms a subject for discussion; *comp.* ပုစ္ဆာ; ပြဿနာဖြေ, ပြဿနာမေး။

ပြာ, 1, *n.* ashes.

ပြာအိုး, *n.* a kind of crucible (မိုက်), made of ashes.

ပြာဆား, *n.* potash, pearlash, salaratus.

ပြာဆားနု, *n.* soda.

ပြာ, 2, *v.* to be blue. *Der.* အပြာ။

ပြာအောင်, *adv. intensive to* ဆင်းရဲ။

ပြာနောက်နောက်, *a.* of a dull blue color.

ပြာ, 3, *v.* to be dim, as the eyes, from weakness or old age; *more than* မှုန်, *but less than* မွဲ, *and* ဒီ။

ပြာ, 4, *v.* to toss up, in a shallow, flat-bottomed basket (ဇကော), as rice, in order to clean it, ဆန်ပြာ။

ပြာတာ (Beng.), *n.* a peon, မင်းလုလင်; a term sometimes applied to a police constable; a court peon.

ပြာတာကြေး, *n.* municipal tax.

ပြာတာကွင်း, *n.* a peon's belt.

ပြာသာကွက်, *n.* an ornamental excavation in architecture, a. if de- signed to be the bed of a mirror.

ပြာသာဒ် (Pali ပါသာဒေါ), *n.* a graduated turret, surmounting the roof of palaces, distinguished *Kyaungs*, royal boats, etc.; a spire.

ပြာသာဒ်ဦးပြည်း (*pron.* ဦးပြ), *n.* the same; ဦးပြည်း, shaven-headed, *i.e.*, not rising to a point; ပြာသာဒ်ဦးပြည်းနှင့်သဏ္ဍာန်တူသည်, in contra-distinction to ပြာသာဒ်ရှည်မိုက်နှင့်သဏ္ဍာန်ပြိုင်စေ။

ပြာသို, *n. Pyatho*, the tenth month in the Burmese year, nearly answering to January; said to be derived from an ancient superstition that it was unlucky to throw away the ashes (ပြာ), during this month; hence they were stored up (သို).

ပြား, 1. *v.* to be flat, level, not spherical, မလုံး; *comp.* ပြန့်. *Der.* အပြား။

ပြားချပ်, *v.* to be flat and thin; *commonly used in an adverbial form:*

ပြားတားတား, *a.* somewhat flat, flattish.

ပြားလိုက် (*pron.* ပြား), *adv.* flatwise.

ပြား, 2, *v.* to be divided into several parts, be various. *Der.* အပြား, ကွဲပြား, ထူးပြား, ထွေပြား, နံ့ပြား, and များပြား။

ပြိစ္ဆာ, *see* ဗြိစ္ဆာ (Pali), *n.* Scorpio, the eighth sign of the zodiac.

ပြိတ္တာ (Pali ပေတော), *n.* a being inferior to man, inhabiting one of the four states of suffering (အပါယ်); "the spirit of a deformed or crippled person, or of one defective in some limb or organ." T.K.; *comp.* တစ္ဆေ, and ဖုတ်; applied colloqually to the lower orders of the brute creation, as insects, worms, etc. (101).

ပြိန်မြက် (*pron.* ပြိန်), *n.* a kind of grass.

ပြိန်း, *v.* to be idle, vain, unsubstantial; chiefly applied to persons and language, သည်သူလူပြိန်းကဘဲ။ တယ်အရာမျှဖြစ်မြောက်အောင်ကြံနိုင်မည်မထင်။

ပြိန်းဖျင်း, *v.* same as ပြိန်း။

ပြိသ (Pali, a bull), *n.* Taurus, the second sign of the zodiac. ပြိသခွင်, ပြိသစန်း, ပြိသရာသီ, ပြိသရာသီနှင့်ယှဉ်သောကဆုန်လဝိသာခါနက္ခတ်စန်းတည့်သည်။

ပြီ, 1, *v.* to be accurate, exact; chiefly applied to speaking and writing; also applied to paintings and drawings which are true to life; စကားပြီသည်; သည်ဆရာကားရေးပြီသည်။

ပြီပြင် (*pron.* ပြင်), ပြီသ, *v.* same; ပြီပြင်တွတ်တွတ်မန္တန်ရွတ်သည်, ပြီပြင်ချစ်ယောင်နူတ်လက်ဆောင်နှင့်, သူမြန်မာစကားပြောလျှင်၊ အလွန်အသံပြီသသည်။

ပြီ, 2, *verb. affix, denoting the past, sometimes the future,* သူသွားနှင့်ပြီ, မစားပြီဘူး, မသွားပြီဘူး; *changed into* ပြီး *when followed by another*

*assertive affix*; *see Gram. sec.* 108; ထမင်းစားပြီးပြီလား, သွားပြီးသည့်နောက်။

ဗြိဗြိ (*pron.* ဗိဗိ *in colloq.*), *adv.* at all (*in a negative sentence*), အလျှင်း, as ဗြိဗြိမရှိ, there is none at all; ဗြိဗြိမတတ်ပါ, he is not at all skilful; *freq. followed by* သား, ဗြိဗြိသားမတတ်ပါ, သိတင်းဗြိဗြိသားမကြား; *comp.* ဗိုးဗိုး။

ပြီး, 1, *v.* to be done, finished, completed, accomplished, သူစားပြီးခဲ့ပြီ, he has finished eating, *i.e.*, has eaten and left; စားပြီးလိမ့်မည်, will finish eating, *i.e.*, will have eaten; to be proof against (a weapon), ဓားပြီး, တုတ်ပြီး, လှံပြီး, သေနတ်ပြီး, ဓားပြီးသည့်အကြောင်းအစီအရင်များကတော့ယူမရှိကြပါ; ဆပြီးဆေး, medicine which causes invulnerability. *Der.* အပြီး။

ပြီးချော, *v.* to be settled and smoothed over, as a difficulty, အမှုအလွန်တရာပြီးချောသွားစေချင်ပါသည်။

ပြီးပြမ်း. *v.* to be settled, as a difficulty, litigation, quarrel, ဦးမောင်ကလေးအမှုတော်တော်နှင့်ပြီးပြမ်းမည့်လက္ခဏာမရှိ။

ပြီးစီး, *v.* to be done, finished, completed, accomplished.

ပြီးပြတ် (*pron.* ပြတ်), *v.* to be finished, as any kind of labor or business, ပြီးပြတ်လွယ်ရန်အကြောင်းရှိသည်။

ပြီးပြေ, *v.* to be settled, as a difficulty, ပြီးပြမ်း။

ပြီးမြောက်အောင်, *adv.* successfully, ထမြောက်အောင်။

ပြီး, 2, *verb. affix*; *see under* ပြီ။

ပြု, 1, *v.* to do, perform, ကျင့်သည်, ဆောင်သည်, မူသည်; to act like, assume the character of, မူသည်. ပြုပုံမူပုံလုပ်သည်; ဘာပြုလို့, *interrogative*, why?

ပြုကျင့်, *v.* to do, perform; to commit, as a good or bad action; oftener however, used with reference to the latter, ကျွန်တော်မျိုးငင်းအမှုပြုကျင့်ဖြစ်ပွားသည့်အရပ်သွားရောက်ကြည့်ရှုစုံထောက်ပါသည်။

ပြုစမ်း, *v.* to make an attempt to do.

ပြုစား, *v.* to bewitch, inflict mischief by witchcraft; *comp.* ထမ်းစား; *when combined with* သား, or သမီး, to nourish, take care of, treat as a son or daughter. The difference between ပြုစား, and ဘမ်းစား seems to be, that the former means to be bewitched by human beings, such as witches, and the latter by supernatural agency, such as ghosts, *nats*, and the spirits of persons who have met with violent or unnatural deaths.

ပြုစု, *v.* to take care of, minister to; to sustain and promote, to cherish.

ပြုပြင် (*pron.* ပြင်) (from ပြင်, to amend), *v.* to amend, correct, **repair,** to put in order; *comp.* ပြင်ဆင်။

ပြုမူ, *v.* to do, perform.

ပြုမြဲထုံးစံ, *n.* established method, custom.

ပြုလုပ်, *v.* to operate, act upon, ကျွန်တော်အပေါ်တွင်သည်သူအကြောင်းမဲ့အမှုပြုလုပ်သည်။

ပြု, 2, *n.* a species of mangrove producing tannic acid.

ပြုတ်, 1 (*pron.* ဗြုတ်), *n.* roughness, unevenness of surface, as of a rough skin, a rough rock, coarse paper, မင်းကျောမှာပြုတ်ချည်းကဘဲ။

ပြုတ်ထ, *v.* to be rough, grating; *more than* ကြမ်း။

ပြုတ်ရှပ်ထ, *v.* same; to be grained.

ပြုတ်, 2, *v.* to boil (*trans.*); hence တပြုတ်စာ (*pron.* တဗြုတ်စာ), a small quantity of food, enough for one meal; ကြက်ဥနှစ်လုံးကိုပြုတ်လိုက်ပါ, boil two eggs, please; to seethe.

ပြုတ်ဆေး, *n.* an apozem, medicinal decoction, ချက်ဆေး။

ပြုတ်ဖြော, *v.* to parboil.

ပြုတ်, 3, *v.* to be unloosed by the severing or detaching of some connected part; applied to things joined lengthwise, အဆစ်ပြုတ်သည်, to be put out of its socket, as a bone; applied also to the discontinuance of a race, အမျိုးပြုတ်သည်; မိးရထားတွဲပြုတ်ကျန်ရစ်သည့်နောက်၊အမြန်နှင့်လိုက်ပြေးလာသေးသည်; အလုပ်ပြုတ်သည်, to be thrown out of employment; ပြုတ်ပြုန်း, to be extinct, as a race.

ပြုတ်ပျက်, *v.* to come to an end by a dissolution of parts.

ပြုတ်ပြုတ်စင်, *v.* to be all dead.

ပြုအြ, *n.* a vise, အွကိုပြုအြနှင့်ကိုင်ထုသည်။

ပြုတ်ပြက်ပြုတ်ပြက်, *an abbrev. of* ပရုတ်ပရက် *reduplicated, but less frequently used.*

ပြုတ်ပြုတ်, *adv.* with a light dashing sound, as of things falling in water.

ပြုတ်ပြုတ်မြည်. *v.* to make such a sound, သစ်သီးများရေထဲကြွေကျသည့်အခါ၊ ပြုတ်ပြုတ်မြည်သွားသည်။

ပြုန်း, *v.* to be worn away; to be exhausted, spent, as property.

ပြုန်းတီး (*pron.* ဒီး), *v.* same as ပြုန်း။

ပြုန်းပြင်း (*pron.* ဗြုန်းဖြင်း), *adv. an abbrev. of* ပရုန်းပရင်း, *but less frequently used,* အိမ်ပေါ်သို့လူများပြုန်းပြင်းပြုန်းပြင်းတက်လာလို့အိပ်မပျော်နိုင်။

ပြုန်းပြုန်း (*pron.* ဗြုန်းဗြုန်း), *adv.* expressive of the sound which it imitates, သူပြုန်းပြုန်းကြမ်းပေါ်မှာရှောက်သွားသည်။

ပြုန်းပြုန်းပြင်းပြင်း, *adv.* same, ပြုန်းပြုန်းပြင်းပြင်းနှင့်လာကြသည်။

ပြို, *v.* to assemble, crowd together, လှေကားမှာလူပြိုနေလို့ဆင်းစရာမရှိ။

ပြုံလိုက်, v. to follow in a crowd.
ပြုံးပြုံး, adv. smilingly, ခပ်ပြုံးပြုံး, ခပ်ပြုံးပြုံးရယ်သည်။
ပြုံး, v. to smile.
ပြုံးချိချိ, adv. in a sweet, smiling manner, မျက်နှာပြုံးချိချိနှင့်။
ပြုံးစေ့စေ့, adv. in a smiling manner, with lips nearly closed, and only slightly exposing the teeth.
ပြုံးဖြီဖြီ, adv. grinningly.
ပြူ, 1, v. to project a little (from an aperture), as from a window; to peep from an aperture; to project, as the tusks of an elephant or wild boar, or as the tush of a horse; ခင်ဘျားထမ်းရွက်သွားသည့်အခါ၊ကျွန်တော်သို့ဲ့ငယ်ပြူတင်းပေါက်ကပြူကြည့်သည်ကိုမမြင်လား; ဆိုင်းများကြီး၏လေပြင်းသည့်အခါ၊ပင်လယ်ဝသို့ ပြူတောင်မပြူဝံ့ပါ; သည်ဆင်ကလေးအစွယ်အပြင်တက်သို့ပြူကာကလေးရှိပါသေးသည်။
ပြူပြတင်း, n. a window, particularly, a small round one.
ပြူ, 2, n. a species of reed.
ပြူး, 1, v. to protuberate, as the eyes. မျက်စိပြူးသည်, မျက်ဆန်ပြူးသည်။
ပြူးတူးပြောင်တောင် (pron. ပြူးဒူးပြောင်ဒေါင်), adv. staringly, without discerning, as from illness or fright, ပြူးတူးပြောင်တောင်နှင့်တယ်ရှူးငြိမ်သည့်လူ (Colloq.).
ပြူး, 2, v. to be a couplet (နှစ်လုံးပြူး), a triplet (သုံးလုံးပြူး), or more; နှစ်လုံးပြူး, to be double barreled, as a gun; တရုးခံနှစ်ယောက်တပြူး၊သုံးယောက်တပြူးချုပ်ထားသည်, သစ်သီးနှစ်လုံးပြူး၊သုံးလုံးပြူးသီးသည်; သားသွီးနှစ်ယောက်ပြူးမွေးသည် (vulgar): comp. အမြွှာ။
ပြေ, v. to be loosed, untied, as a knot; to be smoothed or removed, as a protuberance or knob, အဆစ်ပြေ, အမှက်ပြေ; to be appeased, as the mind, စိတ်ပြေ; to be settled, as an annoying business, အမှုပြေ; to be liquidated, as a debt, ကြွေးပြေ; to be made smooth, agreeable, pleasant; to be of a soft, pleasing color; *also used in an adverbial form with verbs denoting* sweetness and acidity of flavor, ခပ်ပြေပြေချိုသည်; မြင်းကြီးပြေလို့ထွက်သွားသည်; သည်ဝါးလုံးအဆစ်ပြေအောင်ထားနှင့်ပြေလိုက်ပါ; ခင်ဘျားမွေးသဘာခင်မကြာမှီစိတ်ပြေမည်လက္ခဏာရှိသည်; အမှုပြေအောင်ကြံပါ. *Der.* ဖြေ။
ပြေချော, ပြေပြစ်, v. to be smooth, agreeable, pleasant, ချောမောသည်; to be polished, as language, ဦးမှိန်စကားပြောလျှင်၊အလွန်ပြေပြစ်သည်။
ပြေစာ, n. a certificate of settlement, discharge, acquittal, etc.; a receipt, ပြေစာလက်မှတ်။
ပြေစာတံဆိပ်ခေါင်း, n. a receipt stamp.

ပြေငြိမ်း, ပြေပ, ပြေပျောက်, ပြေနှိ, ပြေရှင်း, *v.* to be done away, removed, put to rest.
ပြေလည်, *v.* to be liquidated, as a debt, သူ့ကြွေးကိုဆပ်၍ပြေလည်ပါပြီ။
ပြေး, *v.* to move faster than the natural pace, to run, flee, နိုးရာလိုက်ပြေးသည်; ထွက်ပြေး, to elope, to run away.
ပြေးခုန်, *v.* to run, leap.
ပြေးလွှား, *v.* to run with a leaping motion.
ပြြ, *v.* to gape, expand, flare, to be bell-mouthed; နှုတ်ခမ်းပြြ, ပစပ်ပြြ. *Der.* ဖြြ။
ပြြသန့်, *v.* to open wide; အသားအရေပြြလန်ကုန်ပြီ။
ပြော, 1, *v.* to say, speak, tell, ဆိုသည်, မပြောလိုလျှင်မသိ၊မပေးလိုလျှင်မရှိ။
ပြောစဆိုစ, *n.* ability of speech.
ပြောစည်တွင် (*pron.* စဉ်), *adv.* by the way.
ပြောစမှတ်ပြု, *v.* they say, they are accustomed to say, ရခိုင်ပြည်တွင်ငှက်ဖျားမိတတ်သည်ဟုပြောစမှတ်ပြုကြသည်။
ပြောဆို, ပြောပ, *v.* same as ပြော။
ပြောထား, *v.* to allege.
ပြောရည်ဆိုစ (*pron.* ရေး), *n.* *see* ပြောစဆိုစ။
ပြောရာရောက်, *v.* to involve.
ပြောဟော, *v.* to make known by means of formal discourse, တရားဓမ္မပြောဟောဆိုးမသည်။
ပြော, 2, *v.* to be much, abundant; *seldom used alone.* *Der.* ကျင်ပြော, ကျယ်ပြော, ထူပြော, ပြန့်ပြော, ဝမ်းပြော။
ပြော, 3, *n.* a kind of drum used at ရှင်ပြုပွဲများ, and at funerals.
ပြောတီး, *v.* to play on said drum.
ပြောတောင်စည်, *n.* a kind of drum.
ပြောသမား, *n.* one who plays on the ပြော, ပြောဆရာ။
ပြောက်, *v.* to be speckled, spotted, with spots smaller than အကွက်, as a beast, or bird, နွားပြောက်; နွားထိုးပြောက်, as a bullock speckled from birth; နွားဝါစေ့ပြောက်, speckled when full grown; *comp.* ညှင်းပြောက်, and ဝါစေ့ပြောက်. *Der.* အပြောက်။
ပြောက်ကျား, *v.* to be speckled and marked with different colors, ပြောက်တိပြောက်ကျား, ပုဆိုးပြောက်ကျား, မြင်းပြောက်ကျား။
ပြောက်အိုး, *n.* a cracker, squib, မီးအိုး။
ပြောက်ခနဲမြည်, *v.* to crack, *i.e.*, emit a sharp, sudden sound, လက်ကိုချိုးလိုက်သည့်အခါ၊ပြောက်ခနဲမြည်သည်။
ပြောက်ဆန့်, *adv.* with confused sounds; in confusion.
ပြောက်တန်း, *n.* a squib so prepared as to make a succession of reports.

ပြောက်ပြောက်, *adv.* cracklingly.
ပြောက်ရှို့, *v.* to fire squibs, ပြောက်တန့်းဆွဲသည်။
ပြောင်, 1, *n.* a kind of buffalo, a bison; a gaur.
ပြောင်, 2, *v.* to be bright, shining, as polished metal or polished leather; *comp.* တောက်, ထိန်, ထွန်း; ကြေးလင်ပန်းကိုပြောင်အောင်ပွတ်လိုက်ပါ။
ပြောင်လက်, *v.* same as ပြောင်။
ပြောင်, 3, *v.* to be unfeeling, to have no regard for the feelings of another; one kind of ဖိမ်းကား; to speak and act without regard to the feelings of another; to be shameless, brazen faced, မျက်နှာပြောင်တိုက်; to joke, to be droll, comical in behavior; သည်လူအလွန်မျက်နှာပြောင်သည်၊အရှက်အကြောက်အလွန်နည်းသည်. *Der.* လူပြောင်။
ပြောင်ချော်, *v.* to speak and act without regard to the feelings of another, ပြောင်ချော်ချော်ပြောတတ်သည်, ပြောင်တိပြောင်ချော်ရှိုင်သည်။
ပြောင်ဖီဖီ, ပြောင်တက်တက်, ပြောင်တောင်တောင်, *adv.* unkindly, without sympathy; comically, jokingly.
ပြောင်ပြက်ပြက်, *adv.* in the way of bold, reckless jesting.
ပြောင်, 4, *v.* to be clear, clean, without anything, as a vacant spot of ground. *Der.* အထိန်းအပြောင်, ခေါင်းပြောင်, ထိပ်ပြောင်။
ပြောင်စင်, *v.* same as ပြောင်။
ပြောင်း, 1, *n.* a species of millet of the genus *Holcus*, နှံစားပြောင်း, ပြောင်းငချိပ်; *jowar* (*Sorghum vulgare*).
ပြောင်းခင်း, *n.* a millet field; ပြောင်းခင်းကျွတ်, the time when the millet is harvested, *i.e.*, November or December, ပြောင်းခင်းကျွတ် ငွေနှီးဦးကိုဘမ်းပေးပါမည်။
ပြောင်းစာ, *n.* a kind of grass.
ပြောင်းဆန်, *n. jowar.*
ပြောင်းဖူး, *n.* Indian corn, maize.
ပြောင်းဖူးပေါက်ပေါက်, *n.* parched corn.
ပြောင်းဖူးဖက်, *n.* the leaves of the Indian corn plant used for enveloping the tobacco, and chips of tobacco stalk of Burmese cheroots (ဆေးပေါ့လိပ်); the best kind is known as ယောဖက်။
ပြောင်းလည်ကောက် (*pron.* လက်), *n.* broom corn; the stalk of this plant is said to be nearly as succulent and sweet as sugarcane.
ပြောင်း, 2, *n.* a tube used for blowing or projecting; *comp.* ပြွန်; သေနတ်ပြောင်း, a gun barrel; ပြောင်းကောက်, a blowpipe, made of brass or iron; ပြောင်းမှုတ်, to blow with a blowpipe; or with a tube, as when shooting birds; ဝါးပြောင်း, a bamboo blowpipe.
ပြောင်းပေါက်, *n.* the caliber, bore (of a gun or rifle); an embrasure.

ပြောင်း, **3**, *v.* to change place, remove, နေရာပြောင်း; to change one thing for another; *when combined with* အကျင့်, စိတ်, သဘော, etc., to change conduct, disposition, etc., စိတ်ပြောင်းသည်; ဘဝတပါးသို့ ကူးပြောင်းသွားလေပြီ။

ပြောင်းပြန် (*pron.* ပြောင်းပြန်), ပြောင်ပြီးပြောင်းပြန်, *adv.* one end for the other, or upside down; *fig.*, contrariwise, ကျွန်ုပ်ကပြောရမည်ကိုမင်းကပြောင်းပြန်မပြောပါနှင့်။

ပြောင်းပြန်ထား, *v.* to invert, အပြန်အလှန်ထားသည်။

ပြောင်းပြန်ဖြစ်, *v.* to be inverse, အပြန်အလှန်ဖြစ်သည်။

ပြောင်းရွှေ့, *v.* to move, to change one's residence.

ပြောင်းလဲ, *v.* same as ပြောင်း; to change, as conduct, disposition, သဘောပြောင်းလဲသည်, to be converted; ကျွန်တော်မှာနေရင်းရွာတွင် အကြံအစည်မတည့်သောကြောင့်အခြားရွာသို့ပြောင်းလဲနေရသည်။

ပြောင်းသွဲ့, *v.* to transfer one's self.

ပြော့, *v.* to be soft, tender, yielding, lax, မမာ; *comp.* အိ, and နူး; to be limber, pliant, flexible, not stiff, မတောင့်, ပျောင်းသည်; to be effeminate; to be physically weak, delicate; to be limp in character; ထမင်းစားမဝင်လို့အားနွမ်းပလပြော့သည်, အလွန်ပြော့သည့်လူ၊ခရီးသွားနိုင်မည်မထင်ပါ; *when reduplicated*, ပြော့ has the same meaning as ငေါ, in the sense of being slightly less than, သုံးတိုင်ပြော့ပြော့ရှိပါသည်, it is rather less than three *taings*.

ပြော့စိ, *v.* to be soft and yielding to the touch; *commonly used adverbially*, ပြော့စိစိ။

ပြော့နိပြော့နဲ့, *adv. from* ပြော့, အလွန်ပြော့နိပြော့နဲ့နိုင်သည့်လူ၊သေတ္တာကလေးတလုံးမျှထမ်းနိုင်မည်မထင်ပါ။

ပြော့နဲ့, *v.* to be soft, tender, yielding, lax.

ပြော့ပျောင်း, *v.* to be soft, tender, yielding; to be limber, pliant, flexible.

†ပြော့ကြောင်း, *n.* a flute, fluted channel in ornamental work, molding, အထိုးနှစ်ကျပ်တန်ပြော့ကြောင်းထိုးလျက်ရှိသည်။

ပြော့ကြောင်းထိုး, *v.* to flute.

ပြော်, *see* ပျော်, *v.* to be quite ripe, very soft; *more than* ပြော့။

ပြို, *v.* to break down (*intrans.*), to fall to pieces, to come to ruin; to give way, as a building, bank, or wall, သတိထားနေ်းကမ်းပါးပြိုကျလျှင်၊မြစ်ထဲကျသွားလိမ့်မည်. *Der.* ဖြို။

ပြိုပျက်ရာ, *n.* ruins.

ပြိုလဲ, *v.* same as ပြို။

ပြိုက်ပြိုက်, or တပြိုက်ပြိုက် (*pron.* ဖြိုက်ဖြိုက်), *adv.* profusely, as perspiration or tears, ချွေးတပြိုက်ပြိုက်ကျသည်, မျက်ရည်တပြိုက်ပြိုက်ကျအောင်ငိုသည်၊

ပြိုင်, *v.* to put together side by side, by way of comparison, ယှဉ်; to compare, နှိုင်း, နိုင်း; to engage together in rivalry; နှစ်ဆောင်ပြိုင်အိမ်, a house with two parallel roofs, or an M roof; ခင်ဗျားမြင်းသိခွာနှင့်၊ကျွန်တော်မြင်းစိန်မကလေးပြိုင်ကြစို့။

ပြိုင်ဆိုင်, *v.* to meet face to face; to meet in rivalry or contest; to race; တရားပြိုင်ဆိုင်သည်။

ပြိုင်တု, *v.* to engage together in rivalry.

ပြိုင်တွဲ, *v. see the parts*; ရထားမှာမြင်းနှစ်စီးပြိုင်တွဲကသည်; သံပြိုင်တွဲ၍သီချင်းဆိုကြသည်။

ပြိုင်နှိုင်း, *v.* to compare; to engage together in rivalry.

ပြိုင်ဘက်, *v.* to match, to set one person or thing over against another, ပြိုင်ဘက်တုဘက်မတွေ့ကြဘူး; ပြိုင်ဘက်မရှိ, to be peerless, *non-pareil*, incomparable, အတုမရှိ။

ပြိုင်လှောင်း, *n.* a Burmese racing (paddle) boat.

ပြိုင်လွန်ကဲ, *v.* to outvie, သာလွန်သည်။

ပြိုင်း, *v.* to be uniformly full, abundant, well furnished, whether in regard to size or number.

ပြိုင်းရှိုင်း, *v.* same as ပြိုင်း; *used adverbially*; ပြိုင်းရှိုင်း, ဥယျာဉ်ပန်းမန်ပြိုင်းရှိုင်းလှသည်။

ပြိုး, *v.* to shine (*obs.*).

ပြိုးပြက်, *v.* to glitter, ရှိုးရက်; *commonly reduplicated and used adverbially*, ပြိုးပြိုးပြက် (*pron.* ပြိုးပြိုးပြတ်), သည်မီးတောက်လိုက်သည်မှာပြိုးပြိုးပြက်လို့နေရော့။

ပြိုးပြောင်, *v.* to glare; *used adverbially*, အရောင်ပြိုးပြိုးပြောင်ပြောင်: to be brilliant in color, glossy, အရောင်ထွက်သည်။

ပွ, *v.* to be puffy; to rise, as dough; to swell, as rice in water.

ပွတတ, *adv.* swellingly, puffingly.

ပွဖေါင်းဖေါင်း, *adv.* in an inflated, bloated manner, အသားအရေပွပွဖေါင်းဖေါင်းရှိသည်။

ပွရောင်ရောင်, *adv.* same as ပွဖေါင်းဖေါင်း။

ပွရွ, *v.* same as ပွ; *used adverbially.*

ပွက်, 1, *v.* to boil up and break, as boiling liquid; or as water in a river, over rocks or shoals; ငါးပွက်သည်, to rise in the water, as fish.

ပွက်, 2 (from ပွက်, to swell up), *n.* a swell of water which rises and breaks; a mud puddle, ရွှံ့ပွက်; ပွက်ကြီးလျှင်ရေနက်သည်၊ပွက်သေးလျှင်ရေတိမ်သည်။

ပွက်ကြမ်း, *n.* a violent swell of water, which rises and bursts; *adv.* in an uproar, as in a violent quarrel, လူချင်းပွက်ကြမ်းသွားကြရော့မည်။

ပွက်ထ, *v.* to rise and burst, as a swell of water.
ပွက်ပြ, *n.* a swell of water which rises and breaks.
† ပွက်ခနဲ, *adv.* indicative of the sound which it imitates, ပွက်ခနဲအန်သည်, ပွက်ခနဲအန်ကျသည်, ဆေးပွက်ခနဲအန်လာသည်။
ပွင့်, *v.* to expand, open, be opened; to blossom; to become manifest, as a Buddh, ဘုရားပွင့်တော်မူသည်; ပွင့်ပွင့်ကြီးပြောသည်; မျက်နှာပွင့်သည်, to be a favorite with people in general, but especially popular with women; သည်နှင်းဆီပန်းများပွင့်ဘို့နည်းနည်းလိုသည်; ယိုးတိုးယားတားမပြောပါနှင့်ပွင့်ပွင့်ကြီးပြောပါ. *Der.* ဖွင့်, and အပွင့်။
ပွင့်လင်း, *v.* to be open; to be clear, conspicuous; တံခါးကိုပွင့်လင်းအောင်ဖွင့်ထားလိုက်ပါ; သည်အမှုပွင့်လင်းအောင်ပြုလုပ်ပါ။
ပွင့်လန်း, *v.* same; မျက်နှာပွင့်လန်းသည်, to be of a happy, cheerful countenance.
ပွတ်, **1**, *n.* a turner's lathe.
ပွတ်ကြိုး, *n.* the band of a lathe.
ပွတ်ခုံ, *v.* to turn in a lathe, ဆင်စွယ်ပွတ်ခုံကောင်းသည်။
ပွတ်ခုံပွတ်ကျော, *n.* same as ပွတ်။
ပွတ်ချေး, ပွတ်စာ, *n.* the chips made in turning.
ပွတ်ခြမ်း, *n.* a baluster divided in halves, lengthwise.
ပွတ်ရူး, *n.* a bore, လက်ပွတ်ရူး။
ပွတ်ဆောက်, ပွတ်တွင်ရူး, *n.* two kinds of turner's tools; *see* ပွတ်ရူး။
ပွတ်တံ, *n.* a churn stick.
ပွတ်တိုင်, *n.* one of the supports of a turning lathe.
ပွတ်တွင်ရူး, *n.* a mandrel, ပွတ်ဝင်ရိုး။
ပွတ်လုံး, *n.* a baluster.
ပွတ်လုံးလက်ရမ်း, *n.* a balustrade.
ပွတ်သမား, *n.* a turner.
ပွတ်, **2**, *v.* to rub, တိုက်; to grind in a mill, ကြိတ်; to churn by turning a churn stick; hence ရွှေပွတ်စု၊ငွေပွတ်စု, gold and silver collected or earned by hard work; ပွတ်ဖျက်, to delete, erase; သေနတ်ပြောင်းသံချေးကိုပြောင်အောင်ပွတ်လိုက်ပါ။
ပွတ်တိုက်, *v.* to rub against (in passing); to polish, burnish; မင်းငါ့ကိုဘာပြုလို့ပခုံးပွတ်တိုက်သွားသလဲ, သည်ငွေလင်ပန်းကိုပွတ်တိုက်ရမည်။
ပွတ်သတ်, *v.* to rub down (a horse).
ပွန်. *v.* to be versed, skilled in, accomplished, ကျေ, ကျင်လည်, ကျွမ်း, ထွေလာ; *rarely used but in* ကျေပွန်။
ပွန်း, *v.* to be rubbed off, worn away by friction, abraded, ခြေကိုဘိနပ်ပွန်းလို့စပ်တပ်တပ်ရှိသည်။

ပွန်းတီး, *v.* to be familiar with, intimately acquainted; *used adverbially*, သည်သူပွန်းတီးသိကျွမ်းသည်။

ပွန်းတီးတီး, *adv.* intimately.

ပွန်းပွတ်, *v.* to wear away by friction; to fret, to gall.

ပွာ, *v.* to have a wide mouth, or large aperture, အခေါင်းပွာ။

ပွား, *v.* to grow, increase, in number or size, တိုး; သားသွီးပွားလော၊ ထမင်းအိုးကြီးလေ; မကောင်းမှုပြုလျှင်အကုသိုလ်ပွားသည်, အပြစ်ဒုစရိုက်ပွားသည်အလျောက်စိတ်ဆင်းရဲခြင်းပွားများတတ်သည်။

ပွားစီး, ပွားတိုး, ပွားများ, *v.* same; မလှမယ်နှင့်အကြောင်းပါကတည်းကပွားစီးသည့်ဥစ္စာတထောင်ခန့်ရှိပြီ။

ပွေ, *v.* to be confused, ရှုပ်; လူပွေ, a mischievous person, တယ်ခင်ဘျားပွေသည့်လူ; အမှုများပွေနေရော့ (*colloq.*); to make mischief, to intrigue.

ပွေရှုပ်, *v.* to be intermixed and confused; to be intricate, as a matter, by intrigue or evil purpose.

ပွေလီ, *v.* to contrive something new or curious; to deceive in a greater or less degree; *used in either a good or bad sense*; သည်သူငွေးအသုံးအဆောင်ပွေပွေလီလီအလွန်များသည်။

ပွေ့, *v.* to support on one or both arms; ကောက်လှိုင်းတပွေ့, an armful of paddy sheaves; ထင်းတပွေ့, an armful of fagots.

ပွေ့ချီ, *v.* to carry by supporting on one or both arms.

ပွေ့ဖိုက်, *v.* to support with one arm and clasp with the other.

ပွေ့တက်, *v.* to embrace by taking up in the arms, မကြီးမိဖကလေးကိုပွေ့တက်လျက်နေသည်။

ပွေး, 1, *n.* the bamboo rat, a species of mole.

ပွေးစုန့်, *n.* the heap of earth scratched out of a mole hole.

ပွေး, 2, *n.* ringworm.

ပွေးခရုပတ်, ပွေးနက်, ပွေးဖြူ, *n.* varieties of ringworm.

ပွေးစွဲ, ပွေးပေါက်, *v.* to have ringworm.

ပွေးသတ်, *v.* to cure ringworm.

†ပွေးကိုင်း, *n.* senna.

ပွဲ, 1, *n.* food prepared and placed for eating; a place of eating, a table, eating-board, စားပွဲ; a feast, a festival or entertainment of any kind; originally a religious festival, as the Singhalese *poya*; a public entertainment, သဘင်; a place of melting silver or coining money; a customhouse for receiving transit duties; a broker's premises; မျက်လှည့်ပွဲ, အင်္ဂလိပ်ပွဲ, တရုပ်ပွဲ။

ပွဲအုပ်, *n.* an overseer or manager of a festival; a government inspector of silver, ပွဲချုပ်။

ပွဲကတော်, *n.* the wife of a broker.
ပွဲကျ, *v.* to meet with the approval of the audience at a dramatic performance, as when pleased with the sallies of wit from the လူပြက်; တယ်ပွဲကျ, to bring down the house.
ပွဲကြည့်, *v.* to witness a dramatic, or other public entertainment.
ပွဲခ, *n.* a broker's commission.
ပွဲခံ, *v.* to take part in a festival; to hold a festival.
ပွဲချင်းပြီး, *adv.* instantaneously, immediately, ပွဲချင်းပြီးသေသည်။
ပွဲငတ်, *v.* to have a craving to see a dramatic performance, owing to long abstention.
ပွဲငှား, *v.* to engage a dramatic troupe.
ပွဲစား, *n.* a dealer in uncoined money; a petty factor; a broker.
ပွဲစားရန် (*pron.* ပွဲဇရန်), *n.* a sum of money paid in advance to a dramatic troupe, to secure their future services.
ပွဲဆိပ်, *n.* a broker's landing-place or ghaut.
ပွဲညောင်း, *v.* to be satiated with witnessing dramatic performances.
ပွဲတကာ, *n.* the giver of a feast.
ပွဲတော်ကဲ, *n.* a king's cook, စားတော်ကဲ။
ပွဲတော်တည်, *v.* to partake of food, as a king, ပွဲတော်ထိုင်, ပွဲတော်သုံး။
ပွဲတော်ဖို, *n.* a king's cookhouse.
ပွဲတော်သား, *n.* people employed in the king's culinary department.
ပွဲတွေ့, *v.* to be ascertained and approved in an assembly, and hence to be ascertained and approved in any way. *In ordinary parlance* it would seem to mean, to have been tried and proved in a trial of skill, in time of danger, etc., ပွဲတွေ့ဘူးသည့်လူ, a man who has been tried and found equal to the emergency; may also be used in a bad sense, as when speaking of a person hardened in wickedness.
ပွဲထိန်း, *v.* to keep order at a *pwe*, ပွဲကြပ်။
ပွဲဖြတ်, *v.* to appraise, as a broker.
ပွဲဖို, *n.* a place of melting silver, ငွေမှုတ်ဖို။
ပွဲဖွဲ့, *v.* to indulge in sociable, festive conversation.
ပွဲမိန့်, *an abbrev. of* ပွဲအမိန့်, *n.* a written permit to hold a ပွဲ။
ပွဲရုံ, *n.* a booth in which a dramatic performance is held; a broker's shed, ပွဲတဲ။
ပွဲလန့်, *v.* to be alarmed by some outside disturbance, as an audience when witnessing a dramatic performance.
ပွဲလမ်း, *n.* a festival, entertainment.
ပွဲလုပ်, *v.* to make a festival.

ပွဲဝင်, *v.* to commence holding a festival, ဘယ်နေ့ပွဲဝင်မည်လဲ; ပွဲမဝင်ဘူးသည့်မြင်း, a horse which has never been raced; also said of human beings, when it has a meaning similar to ပွဲထွေ။

ပွဲသိမ်း, *v.* to close a dramatic performance.

ပွဲ, **2**, *v.* to be past the season, as of blossoming or bearing fruit, တုံး, နှင်းပွဲသည်, သစ်သီးပွဲသည်။

ပွဲလျှက် (*pron.* ပွဲညက်), *n.* the product of the dammer bee, deposited in hollow trees.

ပြွက်, **1**, *v.* to utter; *never used in colloq.*; ပြွက်။

ပြွက်, **2**, *see* ပွက်, *v.* to boil up and break, as boiling liquid, or as water in a river, over rocks or shoals.

ပြွတ်, **1**, *n.* a squirt, syringe, pump, any instrument which throws out water with force.

ပြွတ်တံ, *n.* a piston, ပြွတ်ထိုးတံ။

ပြွတ်ပြွတ်, *adv.* squirtingly, as water ejected from a syringe; *applied to speech*, rapidly, fluently, gushingly, စကားတပြွတ်ပြွတ်ပြောသည်။

ပြွတ်, **2**, *v.* to grow in clusters; *not used assertively*, as ပြွတ်၍နေ, to cluster, be collected in a cluster; to throng together, as persons; သည်သရက်ပင်သီးလိုက်သည့်မှာပြွတ်၍နေရော့; အိမ်တံခါးဝမှာလူများပြွတ်နေသည် (*Colloq.*).

ပြွတ်အိုး, *n.* a wide-mouthed water jug.

ပြွန်, **1**, *n.* a tube for conveying anything that flows; *comp.* ပြောင်း; a conduit, acqueduct, pipe, tap, spout, etc., ရေပြွန်, လေပြွန်, ရေကိုပြွန်နှင့်ထုတ်ယူသည်; an irrigation pipe.

ပြွန်ကောက်, *n.* a syphon, ရေခိုးပြွန်။

ပြွန်တံ, *n.* same as ပြွန်။

ပြွန်တိုင်, *n.* a hydrant.

ပြွန်, 2, *see* ပွန်, *v.* to be versed, skilled in, accomplished.

ပြွန်းတီး, *see* ပွန်းတီး, *v.* to be familiar with, intimately acquainted; *used adverbially.*

ပြွမ်း, *v.* to mix together, commingle, နှော, ရော; to be lost, commonly at sea.

ပြွမ်းနှော (*more common*), *v.* to mix together, commingle.

ပြွမ်းရှက်, *v.* to mix together, commingle, ကြာဖြူ၊ ကြာညို၊ လယ်ကစွန်းတို့သည်လည်းပြွမ်းရှက်၍တချက်တည်းဖုံးလွှမ်းကုန်၏။

ပြွမ်းသိပ်, *v.* to mix together, ပြွမ်းသိပ်ထား, တောင်းထဲမှာပြွမ်းသိပ်ထားသည်။

ပြွေ, *n.* a pipe, fife, flute, ပြွေတတ်သောသူ။

ပြွေစုံ, *n.* an organ.

ပြွေမှုတ်, *v.* to play on a flute.

# ဖ

ဖ, the twenty-second consonant in the Burmese alphabet, and the second in the class of labials.

ဖဘောင်းပင်, *n.* a tree found in the Mergui district, the fruit of which is edible; the wood is used in building.

ဖက်, 1, *n.* a leaf, considered as an article of use; *comp.* အရွက်။

ဖက်ကတော့, *n.* a funnel made of leaves; used as a flower holder or an improvised drinking cup; ဖက်စိမ်းကတော့အုပ်သည်, ကတော့ထိုးသည်။

ဖက်ကြော, *n.* the main or middle rib of a leaf, midrib.

ဖက်ကြောကလေး, *n.* the small ribs of a leaf.

ဖက်ခွက်, *n.* a dish made of leaves; used before manufactured plates were introduced into the country, ဖက်ခွက်ထိုးသည်။

ဖက်ခွက်နာ, *n.* a species of ulcer.

ဖက်ဆံ (from ဆံ, the hair of the head), *n.* the part of a thatching leaf which is doubled and pinned over the ဖက်တံ။

ဖက်ဆံတို, ဖက်ဆံရှည်, ဖက်ဆံထူ, ဖက်ဆံပါး, *a. see the parts*; *comp.* ဖက်တံတို, ဖက်တံရှည်။

ဖက်ညှာ, *n.* the footstalk of a leaf, a petiole.

ဖက်တံ, *n.* the stick over which the leaves (ဖက်ဆံ) are doubled and pinned for thatching, ဒနိတံ။

ဖက်တံတို, ဖက်တံရှည်, *a. see the parts.*

ဖက်ထိုး, *v.* to prepare leaves for thatching by doubling and pinning them over a stick; to dry leaves for making cheroots, by thrusting them between two hot substances.

ဖက်မှုတ်, *v.* to imitate the cry of a young hog deer calling its dam, by blowing against a blade of grass placed vertically between the thumbs. This ruse is practised by Burmese *shikaris,* to attract large deer and tigers.

ဖက်ရွက်, *n.* same as ဖက်။

ဖက်, 2, *see* ဘက်, *v.* to embrace, hug, without taking up in the arms.

ဖက်ခနဲ (*pron.* ဗက်ခနဲ), *adv.* indicative of the sound which it imitates; hence တဖက်ဖက်, *adv.* with a constant repetition of light blows, တဖက်ဖက်ပုတ်သည်, မအူပင်မြို့မှာခြင်ကိုက်လွန်း၍တဖက်ဖက်ပုတ်နေရသည်, မြင်းကိုကြိမ်နှင့်တဖက်ဖက်ရိုက်သည်။

ဖက်ဆွတ်ရေ, *n.* water tinged red from the leaves of the ဖက်ဆွတ် tree; it flows down the Irrawaddy, usually about the end of March; water in the beds of mountain streams, in which the leaves of the

overhanging trees have been steeped. The drinking of this water is supposed to cause malarial fever.

†ဖက်ညွှန့်, *n.* a kind of cloth.

ဖက်ယား, *n.* a species of spurgewort, the touch of the leaves of which produces an itching sensation. This name is also applied to a species of nettle, the *Urtica heterophylla.*

ဖက်ဝန်း, *n.* a name for two species of *Grewia*, the *Grewia spectabilis*, and the *Grewia Hookerii.* In some districts this name is also applied to weed-like plants of the genera *Triumphetta*, and *Corchorus.*

ဖက်သကပ်, *n.* a disease, ပါဒရက်, ဖက်သကပ်ရောဂါ။

ဖက်သချာ, *n.* a disease allied to paralysis.

ဖက်သန်း, *n.* a kind of tree, the *Bignonia stipulata*; ဖက်သန်းဆီ, an oil obtained from this tree, said to be a remedy for itch.

ဖင်, **1**, *n.* the anus (*vulgar*), စအို, ဝစ္စမဂ်။

ဖင်ခိုလန့်ထွက်ခြင်း, *n.* protrusion of the rectum; a disease of cattle.

ဖင်ဝ, *n.* same as ဖင်။

ဖင်, **2**, *v.* to be in a strait between two, hesitating which to choose, ဖိတ်ဖင်; hence တဖင်ရာရာ, *adv.* in an unsettled state of mind, with wandering, distracted thoughts.

ဖင့်, *v.* to procrastinate, delay, be dilatory, long in doing, နွဲ့, အလုပ်ကိုဖင့်မနေနှင့်, do not dawdle over your work.

ဖင့်စား, *v.* same as ဖင့်, ဖင့်စားနေလျှင်ပြီးနိုင်စရာမရှိ, if you continue to dawdle, the matter cannot be terminated.

ဖင့်နွဲ့, *v.* same.

ဖတ်, **1**, *see* ဘတ်, *v.* to read audibly.

ဖတ်, **2**, *see* ဘတ်, *v.* to interpret, explain (a dream, omen, etc.).

ဖတ်, **3**, *v.* to dress (cotton) with a bowstring, ခွမ်းဖတ်။

ဖတ်, **4**, *v.* to be fresh, glossy, implying delicacy of skin, texture, grain, etc.; used in composition with words expressive of appearance or color; *also in a reduplicated form as an intensive*; of various applications, as နူနူဖတ်ဖတ်, ဟင်းရွက်ဖတ်ဖတ်နူနူရှိသည်, သည်လူအသက်ငယ်လို့၊ ဖတ်ဖတ်ကလေးရှိသေးသည်, ဘူးသီးနုလိုက်ထာဖတ်ဖတ်ကလေး (*colloq.*); also applied to words denoting physical fatigue and exhaustion, ဖတ်ဖတ်မောလို့။

ဖတ်, **5**, *v.* to be dry, free from liquid (*obs.*), hence အဖတ်။

ဖတ်သလတ်လတ်, *a.* dry, as fruit, အရည်မရွှမ်းသည့်ကြိစ္စတ်လျှင်ဖတ်သလတ်လတ်နှင့်အရည်မရှိ။

†ဖတ်လတ်, *adv.* loosely and flappingly; *usually used in a reduplicated*

*form*, ထားနှင့်ရတ်လိုက်သည်မှာ၊အသားဖတ်လတ်လတ်ကျနေသည်, လေတိုက်လို့အထိဖတ်လတ်ဖတ်လတ်နေသည်။

ဖတိုင်, *n.* a bedstead formerly used by *pongyis*, ရတင်။

**ဖန်, 1**, *n.* glass.

ဖန်ကတိ (*obs.*), ဖန်ကတုံး, *n.* a wineglass; *comp.* ကတုံး; ဖိုင်ကလတ် is more frequently used.

**ဖန်ကပ်**, *n.* a kind of glass ornament (*obs.*).

**ဖန်ကျောက်**, *n.* crystallized quartz; a counterfeit precious stone.

ဖန်ကြာပွင့်, *n.* a glass candle shade; also called ဖန်ပဗိုင်းပွင့်, and မှန်ပဗိုင်းပွင့်။

**ဖန်ချက်**, *v.* to manufacture glass.

**ဖန်ချက်ဖို**, *n.* a glass furnace.

**ဖန်ချက်ဝန်**, *n.* the Chief of Glass-makers, a title conferred by the Kings of Burma.

**ဖန်ခွက်** (*pron.* ဗွက်), *n.* a glass cup or vessel, ဖန်တကောင်း။

ဖန်ခွက်သန်း, *v.* to be blurred, as glass.

ဖန်ပေါင်းချောင်, *n.* a globe lamp, ပေါင်းချောင်မီးအိမ်။

**ဖန်ပွတ်လုံး**, *n.* balusters made of glass, as at the **စံကျောင်း** built by King Mindon.

**ဖန်ဖလား** (*pron.* ဗလား), *n.* a glass bowl, finger bowl, tumbler.

**ဖန်, 2**, *v.* to make, create, to give a form or appearance; *not used singly*.

**ဖန်ဆင်း** (*pron.* ဇင်း), *n.* same (*more common*).

**ဖန်တီး** (*pron.* ဒီး), *v.* to plan, calculate in the mind, ထီစယ်; to contrive, invent, fabricate, ချည်တမျိုးဖြင့်အဝတ်အမျိုးမျိုးဖြစ်အောင်ဖန်တီးနိုင်သည်; စကားနားမလည်လျှင်လည်အောင်ဖန်တီးပြောတတ်သည်။

ဖန်, 3, *v.* to clean (cotton) by pulling and picking before dressing it with the gin, and with the bow, ဝါဖန်သည်။

ဖန်, 4, *v.* to be astringent (in taste); to be dazzled, အအိမ်ပျက်လို့မျက်စိဖန်နေသည်။

ဖန်ခါး, *n.* the *Terminalia tomentella*, bearing an astringent and bitter fruit; common above Prome.

ဖန်ခေါက်, *n.* any astringent bark.

ဖန်ရည်, *n.* astringent liquor; commonly applied to decoctions of barks, roots, etc.

ဖန်, 5, *v.* to shuffle (cards), ဖဲဖန်, ကုလားဖန်ထိုးသည်, to shuffle cards by holding them nearly upright and dropping them, one upon another.

ဖနှောင့် (*pron.* ဖနောင့်) (from ဘဝါး, and နှောင့်), *n.* the heel, ခြေဖနှောင့်; *comp.* လက်ဖနှောင့်။

**ဖနှောင့်ခံ**, *n.* a heel-piece; **ဖနှောင့်ခံထပ်**, *n.* a heeltap.

ဖနှောင့်ဖကျည်း, *n.* same as ဖနှောင့်။

ဖန့်ဖန့်, 1, *a.* nearly dry, ထန့်ထန့်, ထပ်ထပ်, အဝတ်များဖန့်ဖန့်ရှိသည်, မြေကြီးခပ်ဖန့်ဖန့်ရှိသည်။

ဖန့်ဖန့်, 2 (from ဖန်, to be astringent), *a.* slightly astringent.

ဖန့်မြစ်, *v.* to be hard, as liquor.

ဖပ်ဖပ်, *a.* or *adv.* moist, wet; *less than* ရွှဲရွှဲ; ထမင်းကို ဟင်းရည်ဖပ်ဖပ်သမ်းစားသည်, မုန့်လာဥကြက်ဆီဖပ်ဖပ်ထည့်ချက်လျှင်ကောင်းသည်။

ဖမိုး, *n.* the back of the hand, လက်ဖမိုး; the instep.

ဖမျက်, *n.* the ankle, ခြေဖမျက်, ခြေမျက်စိ။

ဖမ်း, *see* ဘမ်း, *v.* to try to catch; to arrest (a criminal).

ဖယ်, 1, *v.* to go aside, လွှဲ, ရှောင်; to put aside, remove out of the way; *comp.* ပယ်, and ရှား; hence ခြေဖယ်, to be splay-footed; အမိုးရမင်းလာသည့်အခါလမ်းဖယ်နေကြ။

ဖယ်ထား, *v.* to put aside, remove out of the way, သည်စာအုပ်များနိုပေါ်မှာမထားနှင့်၊ဖယ်ထားလိုက်ပါ။

ဖယ်ရမ်း, *adv.* sidelingly, with an uneven gait.

ဖယ်ရှား, *v.* to put aside, remove out of the way, သည်သူအလွန်ပွေလီသည်ကိုဖယ်ရှားမှတော်မည်။

ဖယ်လှယ်, *v.* to exchange; to borrow for a short time; *see* ဖလှယ်။

ဖယ်လွှဲ, *v. see the parts*; အမှုရင်ဆိုင်တွေ့မှဖယ်လွှဲလို့မရဘူး၊မတွေ့ခင်ဖယ်လွှဲရမည်။

ဖယ်သွား, *v.* to turn, take an other direction, as a road.

ဖယ်, 2, *n.* a saw-set, saw-wrest.

ဖယောင်း, *see* ဘယောင်း, *n.* wax.

ဖရင်ဂီ (*pron.* ဖရင်ဂျီ, *a corruption of Feringhi*), *n.* a Portuguese, or descendant of a Portuguese; a Roman Catholic. "There is no doubt that it is the name Franki, slightly corrupted, which from the days of the Crusades has been used all over Asia by the Mussulmans, to indicate Christians in general. During the campaigns in Afghanistan the English were called *Feringhis* by the natives of the country." *Bigandet.* The Roman Catholic Bishop resident at Rangoon, is styled ဖရင်ဂီဆရာတော်ကြီး, irrespective of his nationality.

ဖရင်ဂီဘာသာ, *n.* the Roman Catholic religion.

ဖရုသဝါစာ, *n.* rough, violent, abusive language, ကြမ်းတမ်းသောစကား။

ဖရုံ, *n.* the pumpkin, as ရွှေဖရုံ, the yellow pumpkin; ကျောက်ဖရုံ, the white pumpkin; ဖရုံခါး, much sought after by alchemists.

ဖရုံစိတ် (from စိတ်, to divide), *n.* a three-sided stick of timber.

ဖရုံမွဲ. *n.* the long, white species of pumpkin, ကျောက်ဖရုံ။

†ဖရိုဆွဲ, *n.* the lower parts of the posteriors; *see* တင်ပါးဆွဲ; sometimes designated ခွေးဆွဲ။

ဖရဲ (သီး), *n.* the watermelon.

ဖရိုဖရဲ, *adv.* broken, scattered, in disorder, ဖယောင်းပတာ, ကျွန်ုပ်အင်္ကျီများကိုကောင်းကောင်းခေါက်ထားပါ၊ဖရိုဖရဲမထားပါနှင့်။

ဖလခန်း, *n.* a kind of boat, ပင်လယ်ငှက်။

ဖလဌာန် (Pali ဖလ, profit, and ဌာန, a place), *n.* one who has attained any one of the four grand rewards or blessings; *comp.* မိဂ်လ်; သောတာပတ္တိဖလဌာန်, သကဒါဂါမိဖလဌာန်, အနာဂါမိဖလဌာန်, အရဟတ္တဖလဌာန်။

ဖလယ် (*a corruption of* ဖယ်လှယ်), *v.* to exchange, ထဲလှယ်; to borrow for a short time; ကျွန်ုပ်ကုန်များကိုငွေနှင့်ရောင်းမစွန်းသို့ကုန်ချင်းဖလယ်ခဲ့ရသည်။

ဖလံ (ပင်), 1, *n.* the *Bauhinia diphylla.* Ropes are made of the bark; these are said to be more serviceable in the rains than in the dry weather, wet improving them; cattle eat the leaves of the ဖလံရွက်; the flowers are made into a kind of chutney and eaten; လူဖလံ, a little spare-built man; this term is said to be derived from the fruit of the ဖလံ, which is dry and attenuated in appearance (102).

ဖလံ, 2, *n.* a winged moth, ဖလံပြွေ။

ဖလံတောင်ဝေး, *n.* a kind of plant, a species of *Spirical costus,* ပျံင်တောင်ဥ။

ဖလား, *n.* a metal cup or bowl; ဖန်ဖလား, a glass tumbler, ဖန်ခွက်တို။

ဖလားရိုက်, *v.* to fashion a metal cup or bowl.

ဖလားစို (*pron.* ဖလဇို), *n.* the four silver cups always kept in the betel-box, ဖလားစိုကွမ်းအစ်နှင့်ညှော်ခံသည်။

ဖဝါး, *see* ဘဝါး, *n.* the palm of the hand, or sole of the foot; a foot twelve inches; *comp.* မိလာ။

ဖဿ (Pali), *n.* perception, အာရုံကိုတွေ့ခြင်းဖဿဖြစ်သည်; "*phassa* includes those things that have no *rupa* (ရူပ), but are apprehended by the mind; it produces the three sensations (ဝေဒနာ); pleasure (သုခဝေဒနာ), pain (ဒုက္ခဝေဒနာ), and that which is indifferent, neither the one nor the other (ဥပေက္ခာဝေဒနာ), and from it, as from the first, comes sorrow, as it is connected with the body; sorrow is produced by means of thought, and thought and sorrow united produce fear." M.B.

ဖါ, 1, *n.* a four-cornered basket with a cover, နှီးဖါ, ထန်းခေါက်ဖါ, ထန်းရွက်ဖါ။

ဖါချုပ်, *n.* a square or round basket, in which women keep rolls of cotton: the basket in which snake charmers confine snakes.

ဖာလျှား, *n.* an oblong basket, ဖာရှည်။
ဖာဝိုင်း, *n.* a circular basket.
ဖာ, 2, *v.* to mend a breach; to close a hole by patching or otherwise; to try to rectify, *lit.* to "patch up," စကားဖာ။
ဖာထေး, *v.* to mend by calking; ကျွန်ုပ်တောင်းတယ်စုတ်သည်၊ ဖာပေးပါ, my basket is very much rent; please patch it for me.
†ဖာတန်း (*pron.* ဖာဒန်း), *n.* prostitutes' quarters in a town.
ဖာတန်းထောင်, *v.* to set up as a brothel-keeper.
ဖာပုန်း, *n.* a woman who secretly practises prostitution.
ဖာသည် (*pron.* ဖာသယ်), *n.* a prostitute.
†ဖာလာ, *n.* the cardamom plant.
ဖာလာနဖိတ် (*pron.* နဖိတ်), ဖာလာဝထိ, *n.* species of the cardamom plant.
ဖာသာ, *see* ဘာသာ, *adv.* of one's own accord, လျောက်လျား။
ဖာသီးဖာသာ, *see* ဘာသီးဘာသာ, *adv.* in an indefinite, unsettled manner, မသေမချာ။
ဖား, 1, *see* ဘား, *n.* a frog; a small piece of wood nailed on a post or the side of a house, a cleat.
ဖား, 2 (*pron.* ဘား), *v.* to hang loosely about, be flowing, full, luxuriant, ဝေ, သူ့အဝတ်ကိုဖားဖားရှည်ရှည်ဝတ်တတ်သည်, သည်သစ်ပင်နှစ်ပင်အကိုင်းအခက်အလွှန်ဖားသည်။
ဖားလျှား, *adv.* hanging loosely about, ဦးဆံဖားလျှားထားသည်, ဆံပင်ဖားလျှားချသည်။
ဖား, 3, *v.* to be fatigued and blown, as a horse in a race, သည်မြင်းလက်ဦးလား၊နောက်လားဖားသည်; also applied to gamecocks, သည်ကြက်ဖားလာပြီ။
ဖိ (from ဗိ, to be pressed), *v.* to press downward or sidewise, to crush, flatten; *less than* နှိပ်; to oppress, နှိပ်စက်; to hug the shore, as a boat, ကမ်းနားကိုလှေဖိသွားသည်။
ဖိစီး, ဖိနင်း, *v.* same; to lean on; သည်သက္ကလတ်စောင်လေမလွှင့်ရအောင်ကျောက်ခဲနှင့်ဖိထားပါ; ကျပ်ကျပ်ဖိနင်း။
ဖိတ်, 1, *see* ဘိတ်, *v.* to invite.
ဖိတ်, 2, *v.* to spill.
ဖိတ်စည် (*pron.* စဉ်), *v.* same; including the idea of spattering; *fig.*, to be lost, as the life of a human being, a term specially in vogue at the time of epidemics, သည်နှစ်အတွင်းကျောက်ပေါက်သည့်လူများအလွန်ဖိတ်စည်ကြသည်, လူနှစ်ဆယ်ကျော်သေဆုံးဖိတ်စည်သည်။
ဖိတ်ဖိတ်, *adv.* glitteringly, လက်လက်, brilliantly; *usually followed by*

တောက်, ပဝါအရောင်ဖိတ်ဖိတ်တောက်သည်, စိန်အရောင်တောက်လိုက်သည်မှာ၊ဖိတ်ဖိတ်ဖိတ်ဖိတ်နှင့်နေသည်။

ဖိတ်ဖိတ်စည်စည် (*pron.* စဉ်), *adv.* scatteringly, wastefully, as water, ရေဖိတ်ဖိတ်စည်စည်ရှိသည်; as rice, money. သည်နှစ်ရောင်းဝယ်သည့်ကုန်များဖိတ်ဖိတ်စည်စည်တယ်ရှိသည်၊အဖြတ်အစွန်းမရှိ။

ဖိတုံး (from ဖိ, and တုံး), *n.* three logs of wood overlaid with gold or silver leaf, used to keep down a corpse during the process of cremation, ရွှေဖိတုံး၊ငွေဖိတုံးတင်သည်။

ဖိန်း, 1, *v.* to feel dull, heavy, indisposed to move, မိုးသည်းအုံ့သည့်အခါ အလွန်ဖိန်းတတ်သည်၊နေမကောင်းပါ။

ဖိန်းတိန်းတိန်း, *adv.* of similar import.

ဖိန်း, 2, *v.* to crow, as a pheasant, ရစ်ဖိန်းသည်။

ဖိန်းခါ, *n.* the fourth day from the present.

ဖိန်းနွဲ့ (*sometimes pron.* ဗနွဲ့), *n.* the third day from the present; နက်ဖြန်၊သန်ဘက်၊ဖိန်းနွဲ့, to-morrow, next day after to-morrow, third day from the present.

ဖိမ့်ဖိမ့်, *adv. an intensive to* တုန်, implying a general tremor, ဖိမ့်ဖိမ့်တုန်အောင်ကြောက်သည်။

ဖီ, 1, *v.* to prevent, hinder, ဆီး, တား; *rarely used*; hence မာန်ဖီ။

ဖီဆန်, *v.* to contradict, oppose, be contrary, ငြင်းဆန်; *with* အမိန့်, *or* အာဏာ, to contravene an order, အမိန့်အာဏာဖီဆန်သည်, အစိုးရမင်းအာဏာကိုခင်ဗျားဖီဆန်လို့ဖြစ်မည်လား။

ဖီလာ, *adv.* right across, ကန့်လန့်; *n.* half a foot, six inches; a foot-breadth; *comp.* ဘဝါး; ဖီလာဆီးသည်, သိတာမြစ်ကြီးဖီလာဆီးသည်၊ခရီးမခန့်ပါဘူး, လမ်းမှာသစ်ပင်ကြီးဖီလာခံနေလို့လှေမသွားနိုင်ပါ။

ဖီလာခရိယာ, *n.* an antonym, counterterm, used as a correlate of synonym.

ဖီလာဖြတ်, *adv.* athwart, right across, ကန့်လန့်။

ဖီ, 2, *int.* expressive of dislike, disgust.

**ဖီး**, 1, *see* ဖြီး, *v.* to comb; to brush (cloth); to card (cotton or wool).

မီးယပ်ပေါင်, *n.* a wooden fireplace; a wooden frame placed in a well to support the side; *comp.* တုပ်။
မီးရထား, *n.* a steam car, a locomotive.
မီးရထားတွဲ, *n.* a railway car, a railway carriage or van.
မီးရထားရုံ, *n.* a railway station.
မီးရထားရုံဒိုင်, *n.* a railway station master.
မီးရထားလက်မှတ်, *n.* a railway ticket; အပြန်လက်မှတ်, a return ticket.
မီးရထားလမ်း, *n.* a railroad, railway.
မီးရှုတ်, *v.* to pay less on account of giving pure silver.
မီးရှူး, *n.* a torch made of a bundle of sticks, or of a single stick; *see* မီးစည်း။
မီးရှူးမြင်တော်မူသည်, *v.* to bring forth a child, as a queen or princess, မီးရှူးသန့်စင်တော်မူသည်။
မီးရှို့, *v.* to set fire to, မီးတိုက်။
မီးရှို့မှု, *n.* arson.
မီးလင်းဖို, *n.* a kind of chafing dish, a brazier; *see* မီးမယ်ဖျူး။
မီးလင်းမြွေ, *n.* a kind of rocket, which hisses in falling, ရှည်းရှည်းရှည်းရှည်းမြည်သည်။
မီးလန့်, *v.* to be frightened by a fire.
မီးလောင်, *v.* to burn, မီးသင့်လောင်သည်။
မီးလောင်ကြွက်ခဲ, *a.* a term applied to property which has been destroyed by fire, or rendered useless by neglect; *lit.*, fire-burnt and rat-bitten.
မီးလောင်တိုက်, *n.* a cage in which prisoners were burned alive, မီးလောင်တိုက်တင်, မီးလောင်တိုက်သွင်း။
မီးလောင်မာ, *n.* the scar of a burn; မီးလောင်ရာ, a fire trace.
မီးလွှတ်စား, or မီးလွှတ်စား, *adv.* setting free from restraint, giving liberty to follow one's own inclination; *see* ပေါက်လွှတ်။
မီးလှုံ, *v.* to warm one's self by a fire.
မီးလျှပ်, *n.* a corruscation of light.
မီးလျှံ, *n.* the flashing of a flame, a corruscation of flame.
မီးသင်္ဘော, *n.* a steamship: မီးသင်္ဘောကလေး, a steam launch.
မီးသင်္ဘောခေါင်းတိုင်, *n.* a steamer's funnel.

မီးသတ်, *v.* to extinguish a light or fire, မီးငြိမ်း, မီးဖေ။
မီးသတ်ပိုက်, *n.* a fire engine.
မီးသား, *v.* to clear a path in order to check the advance of fire, မီးတား, မီးမကူးလာစေခြင်းငှာမီးသားရမည်။
မီးသေ, *v.* to die, or go out, as a fire, or as the light of a candle, or lamp.
မီးသွေး (from သွေ့, to be dry), *n.* a dead coal, charcoal.
မီးသွေးဓာတ်စစ်, *n.* carbon.
† မီးဟို (*pron.* မြို), *n.* pure silver; most excellent kind, တော်။
မီးယပ်, *n.* the menses, menstrual discharge, ဥတု, ရာသီပန်း။
မီးယပ်ခြောက်, *n.* a stoppage of the menses, မီးယပ်ပျ, မီးယပ်ပိန်။
မီးယပ်မို, *n.* excessive discharge of the menses.
မီးယပ်နာ, *n.* a disease occasioned by irregularity of the menses; *comp.* တူလာ။
မီးယပ်ပြန်, *v.* to have a return of the menses.
မုခပါဌ် (Pali မုခ, a mouth, and ပတ, to fall from), *n.* a divine speech or utterance, နှုတ်ကပတ်, ဘုရားနှုတ်မှခပါဌ်ပါဠိတော်မြတ်။
မုချ (Pali) (*pron.* မုတ်ချ), *adv.* certainly; verily, ကေန်အမှန်, မုချအမှန်သွားမည်, ကြားခဲ့သည့်သိတင်းမုချကေန်ပါဘဲ, မုချဆတ်ဆတ်ပြုမည်။
မုဆိတ်, *see* မုတ်ဆိတ်, *n.* the beard of the chin.
မုဆိုး (*pron.* မုတ်ဆိုး), *n.* a huntsman, တောလည်မုဆိုး, တောလိုက်မုဆိုး; မုဆိုးတင်ငါ, huntsmen and fishermen collectively; မုဆိုး is said to be derived from အမှု, a deed or action, and ဆိုး, to be evil.
မုဆိုးလှံမ, *n.* the *Desmodium triquetum.*
† မုဆိုးဖို, *see* မုတ်ဆိုးဖို, *n.* a widower.
မုစ္စလိန္ဒာ (နဂါး), *n.* a famous *naga*, which during a storm, protected Gautama the Buddh with his hood, မုစ္စလိန္ဒာနဂါး ဘုရား၏ဦးခေါင်းတော်ကိုပါးပျဉ်းနှင့်အုပ်ထားသည်။
မုဋ္ဌော (Pali), *n.* a pagoda with a recess in each side. There are several pagodas in Burma called ရွှေမုဋ္ဌော. "These pagodas are said by the Burman annalists, to have been ordered to be completed, all at a certain time, when the moon would be emerging from an eclipse, and from this circumstance they are all called မုဋ္ဌော, from a Pali word signifying the release of the moon from eclipse." *Colonel Horace Browne.*
မုတ်, 1, *n.* aloes, the inspissated juice of the aloe, ရှားစောင်းလက်ပပ်စေး; used as a medicine, principally as a carminative.
မုတ်, 2, *n.* an arch, arched passage into a pagoda.
မုတ်ပေါင်းကူး, *n.* same; *v.* to turn such an arch.

မုတ်, 3, *n.* urine (*Med.*), အပေါ့, ကျင်ငယ်. The Burmese are of the opinion that the urine of a black bullock, is efficacious as a medicine in cases of persons who have weak circulation.

မုတ်ရည်, *n.* same as မုတ်။

မုတ်, 4, *v.* to measure with the breadth of the fist, the thumb being shut down beside the finger; hence အမုတ်။

မုတ်ကတူး, *n.* the short thick board placed at the bow and stern of a Burmese boat, in which the gunwales (သတ်နှိုး) are inserted.

မုတ်ခွံ, *n.* the shell of the pearl oyster.

မုတ်ခွံငုပ်, *v.* to dive for pearl oyster shells.

မုတ်ခွံဗိုလ်. *n.* a European master-pearler (Mergui).

မုတ်ဆိတ်, *n.* the beard of the chin, မုတ်ဆိတ်မွေး။

မုတ်ဆိတ်ကြိုး, *n.* a guy rope.

မုတ်ဆိုး, *see* မုဆိုး, *n.* a huntsman.

မုတ်ဆိုးဖို, *n.* a widower.

မုတ်ဆိုးမ, *n.* a widow.

မုတ်နား, *n.* the beard; used in composition with မုတ်ဆိတ်, မုတ်ဆိတ်မုတ်နား ရိတ်ဖြိုးလှျှင်။

မုတ်ပုတီး, *n.* a necklace.

မုတ်သုံဖြန်, မုတ်မ, *n.* a woman kept by a foreigner; a term of reproach.

မုဒ္ဒ, *n.* a rupture, hernia.

မုဒ္ဒကျို, *n.* the mastic tree, အရောင်တင်ဆီပင်; မုဒ္ဒကျိုစေး, mastic

မုဒ္ဒမနာ, *n.* *lit.* the Martaban disease, a species of leprosy, said by the Burmese to supervene after virulent syphilis, တောင်ရူနာ။

မုဒရက် (ပင်), *n.* the *Bassia latifolia.*

မုဒိတာ (Pali), *n.* joy in the happiness of others, ဝမ်းမြောက်ခြင်း။

မုဒိန်း, *n.* a kind of drum.

မုဒိမ်း, *n.* a ravisher, one who commits a rape: *comp.* တဘ္ဘ။

မုဒိမ်းကျင့်, *v.* to ravish, commit a rape.

မုဒိမ်းတဘ္ဘ (*pron.* ဒန္ဒ), *n.* a robber, ravisher, etc.

မုဒုတာ (Pali), *n.* softness, နူးညံ့သိမ်မွေ့ခြင်း, ကာယမုဒုတာ, စိတ္တမုဒုတာ။

မုဒ္ဓဇာ (Pali မုဒ္ဓ, the head, and ဇာ, produced), *a.* cerebral, produced from the head; applied to consonants of the ဋ class.

မုန်, *see* အမုန်, *n.* the temporal juice which exudes at certain seasons from the male elephant's head, ဆင်မုန်ကျသည်, ဆင်မုန်ယိုသည်။

မုန်ညင်း, *n.* the mustard plant; mustard.

မုန်ညင်းစေ့, *n.* the mustard seed.

မုန်ညင်းဆီ, *n.* oil of mustard.

မုန့်ညှင်းမုန့်, *n.* the pulverized seed of the mustard.
မုန့်တိုင်, *n.* a kind of tree, the *Cycas*, မုန့်ပင်။
မုန့်တိုင်း, *n.* a violent wind, gale, hurricane, tornado; a storm, tempest, လေမုန့်တိုင်းကျသည်။
မုန့်လာ, *n.* the radish plant; သဘော်မုန့်လာ, the cabbage plant.
မုန့်လာဥ, *n.* the radish.
မုန့်လာဥချို, *n.* the parsnip.
မုန့်လာဥနီ, *n.* the beet.
မုန့်လာဥဖြူ, *n.* the radish plant.
မုန့်လာဥဝါ, *n.* the carrot.
မုန့်လာဥဖိုင်း, *n.* the turnip.
မုန့်, 1, *n.* bread.
မုန့်ဦးနှောက် (*pron.* အုန်းနှောက်), *n.* a soft kind of bread.
မုန့်ကင်, *v.* to toast bread; *n.* (*pron.* မုန့်ဂင်), rusk, toast.
မုန့်ကျွဲသည်း, *n.* soft bread, pudding, porridge; *see* မုန့်နပ်၊
မုန့်ကြက်အူ, *n.* a kind of cake made of rice and soaked in jaggery.
မုန့်ကြာဆံ, *n.* vermicelli of Chinese manufacture.
မုန့်ကြော်, *n.* fried cake.
မုန့်ကြွပ်, *n.* a wafer, thin cake.
မုန့်စိမ်း, *n.* dough.
မုန့်စိမ်းပေါင်း *n.* bread made of coarse rice flour and jaggery, and cooked by steam.
မုန့်ဆန်, *n.* a certain preparation of rice.
မုန့်ဆီကြော်, *n.* fried cake, မုန့်ကြော်။
မုန့်ညက်, *n.* flour.
မုန့်ညက်ဖျူး, *v.* to dredge, to sprinkle flour on roasting meat.
မုန့်ဒွာပနာ, *n.* a pie.
မုန့်တီ, *n.* vermicelli, မုန့်ဟင်းခါး။
မုန့်တူန့်စ, *n.* a kind of vermicelli.
မုန့်နပ်, *n.* soft bread, pudding, porridge, မုန့်ကျွဲသည်း။
မုန့်ပင်, *n.* the breadfruit tree.
မုန့်ပါတူ, *n.* a kind of cake.
မုန့်ပျားတူ (*pron.* မုန့်ပဒူ), *n.* a kind of cake, also called မုန့်ပျားတူအုံ, from its fancied resemblance to a hornet's nest.
မုန့်ပြစ်စလက်, *n.* a pancake.
မုန့်ပြား, *n.* a cake.
မုန့်ဖြူ, *n.* blancmange.
မုန့်လေဘွေ, *n.* a thin cake, very light and brittle, မုန့်ကြွပ်။

မုန့်သည်, *n.* a seller of bread, a baker.

မုန့်ဟင်းခါး, *n.* vermicelli of Burmese manufacture.

မုန့်, 2, *v.* to be small, minute, သေး, *not used assertively*, ရေထဲမှာပိုး ကောင်မုန့်မုန့်ကလေးမမြင်နိုင်ဘူးလား။

မုန့်အောင်, *adv. highly intensive*, as မုန့်အောင်လှသည်, exceedingly handsome.

မုန်း, *v.* to dislike, hate, detest, မြင်ပျင်း။

မုန်းအားကြီး, *v.* to hate inveterately, ခင်ဗျားကျွန်တော်ကိုဘယ်အကြောင်း ကြောင့်မုန်းအားကြီးပါလိမ့်မည်လဲ။

မုန်းဆေး, *n.* hatred prompted by another.

မုန်းထား, *v.* to hate intensely, သည်လူကိုအလွန်မုန်းထားသည်။

မုန်းမာန်, *n.* wrath.

မုန်းမာန်ဖီ, *v.* to show wrath, အမိုးရမင်းမုန်းမာန်ဖီထားလို့ရောထူးမကြီးမြင့်နိုင်။

မုယော (*pron.* မယော), *n.* barley, *Hordeum vulgare*, မုယောစပါး။

မုရင်း, *n.* a kind of rice plant, grown on the bank of a stream, or the shore of a lake, in the cold season, မုရင်းစပါး, မုရင်းဆန်။

မုရိုး, *n.* a kind of tree, မြွေကြီး, the mudar.

မုရိုးစည်, *n.* a kind of drum (*obs.*).

မုရိုးစပါး, *n.* a kind of grain.

မရိုးနွယ်, *n.* a kind of creeper.

မုလေး, *n.* a kind of creeper, မြတ်လေး။

မုသာ (*commonly pron.* မုသား), *n.* falsehood; opposed to truth, မမှန် သောစကား; *comp.* မိစ္ဆာ; မုသာမပါလက်ာမချော။

မုသာနိုင်, *v.* to be addicted to falsehood, အလွန်မုသာနိုင်သည့်လူ။

မုသာပြော, *v.* to speak falsely, to tell a falsehood.

မုသာသက်သေ, *n.* a false or suborned witness, a perjurer; မုသာသက် သေခံမှု, perjury.

မုသာသုံး, *v.* to tell lies frequently, habitually.

မုံ, 1, *n.* a dyeing substance of inferior strength and color, used as a substitute for indigo, မုံခေါက်ဆိုးသည်။

မုံ, 2, *v.* to begin to form, as a bud; hence အမုံ; ကြာမုံဖူးကဲ့သို့လက်စုံဖူး။

မူ, 1 (from မူလ), *n.* an original writing from which a transcript is made; မူအတိုင်းလိုက်, to adhere to the original.

မူရင်း, *n.* an autograph; an original manuscript.

မူလက်, *n.* a copy of an original writing.

မူဟောင်း, *n.* an original document, မူဟောင်းစာ။

မူ, 2, *v.* to do, perform, ကျင့်, ဆောင်, ပြု; *frequently euphonic*; to act

like, assume the character of, ပြု, လုပ်; to be affected; ခင်ဗျားမိန့်းမကိုလမ်းမှာတွေ့မတွေ့သည်ကို ကျွန်တော်သတိမမှုလိုက်မိပါ။

မှုကား, *sometimes* မှု, *n. affix nominative, frequently with an adversative signification; verb. affix continuative*, လျှင်, ရကား, တဖြဲးကား, မှုလည်း။

မူလ (Pali), *n.* an origin, bottom, foundation, အရင်း, အမြစ်, မူလအကြောင်းအရာကိုခင်ဗျားပြောစမ်းပါဦး; ခင်ဗျားရန်ကုန်သားမူလဘဲလား, were you, sir, originally a citizen of Rangoon? မူလမှန်ကြောင်းပြသည်, to authenticate.

မူလအမြစ်, *n.* the fountain head.

မူလစစ်, မူလမှန်, မူလဟုတ်, *v.* to be simple, uncompounded, genuine.

မူလပတ္တ, *n.* (ဘူတ) same as မူလ, သည်လူပြောသည့်စကားမူလပတ္တမမှန်ဘူး။

မူလမှန်သော, *a.* authentic.

မူး, 1, *n.* a *mu*, a weight of which there are two kinds, the great and the small; the great *mu* is equal to two great *pes* (ပဲ), or one eighth of a ကျပ်, and the small *mu* is equal to two small *pes*, or one tenth of a ကျပ်; မူးစေ့, a two anna bit.

မူး, 2, *see* မှူး, *n.* a person of rank.

မူး, 3, *n.* a small river, a rivulet, မြစ်မမြင်ဘူး၊မူးကိုမြစ်ထင်သည်။

မူးကောက်, *n.* rice grown on alluvial islands in the Mu River.

မူး, 4, *v.* to be giddy, dizzy; to be sea-sick, လှိုင်းမူး; to be intoxicated, ယစ်မူး, အရက်မူး; in certain instances မူးယစ်, may be applied figuratively, when it means to be intoxicated with delight, to be in an ecstacy, etc.

မူးထူး (*pron.* မူးဒူး), မူးမော်, မူးယစ်, *v.* same; မူးယစ်စဝ, *adv.* in a drunken manner, မူးရစ်စဝနှင့်ငါ့အနားကိုမလာနှင့်, မူးယစ်စဝဖြစ်သည်။

မူးယိုင်, *v.* to be tipsy, ဝေဝေရှိသည်။

မူးဝေသွား, *v.* to faint.

မေ(လ) (Eng.), *n.* May.

မေတ္တာ (*pron.* မြစ်တာ) (Pali), *n.* benevolence, affection, love, ချစ်ခြင်း; an expression of good will or benevolence; a blessing, a prayer for the good of another.

မေတ္တာစာ (*pron.* မြစ်တဇာ), *n.* a friendly letter, an epistle.

မေတ္တာရူး, *v.* to feel deep affection or love.

မေတ္တာပို့, *v.* to wish well, to bless, to pray for, ငါးရာနှစ်ဆယ်ရှစ်သွယ်သောမေတ္တာဖြင့်သွန်းလောင်းပို့သလျက်ရှိနေပါသည်။

မေတ္တာပြု, *v.* to do a kindness, ကျေးဇူးပြု, သည်စာဖိတ်ကျွန်တော်အိမ်သို့ရောက်အောင်မေတ္တာပြုပါ။

မေတ္တာဘာဝနာ, *n.* meditation of kindness and affection. In the exer-

cise of this mode of *bawana*, the thoughts must not be fixed upon any particular individual.

မေတ္တာမဲ့, *v.* to be lacking in affection; to be without affection.

မေတ္တာရပ်ခံ, *v.* to petition (*clerical*).

မေတ္တာရှိ, *v.* to have affection for, to love.

မေတ္တာသက်လား, မေတ္တာသက်ဝင်, *v.* to have affection for, to love.

မေတ္တေယျ, *n.* Maitri; *see* အရိမေတ္တေယျ, the fifth or coming Buddh.

မေထုန် (Pali မေထုန်, ပေါင်းဘော်ခြင်း), *n.* sexual intercourse, သံဝါသ, မေထုန်သံဝါသပြုသည်; Gemini, the third sign of the zodiac, နယုန်လ မေထုန်ရာသီဖေဌနက္ခတ်နှင့်ယှဉ်သည်; မေထုန်ကျင့်, မေထုန်ပြု, မေထုန်မှီဝဲ; ဓမ္မတာအတိုင်းမဟုတ်၊မေထုန်မှီဝဲခြင်း, unnatural offense.

မေရယ, or မေရိယ, *n.* an intoxicating liquor or drug; *combined with* သူရာ; *see* ပဉ္စသီလ။

မေ့, *v.* to forget; to be stunned, to swoon; ကျွန်ုပ်တယ်အရပ်သို့ဘဲရောက် ရောက်မမေ့နိုင်ပါ, whatever locality I may reach, I cannot forget you; မြင်းပေါ်ကကျသို့မေ့နေသည်; ကျွန်တော်အင်္ကျီမေ့ကျန်ရစ်ခဲ့ပြီ, I forgot my jacket, and left it behind, ငယ်ငယ်ကသင်ခဲ့သည်စာများကြီးလို့မေ့ကုန်ပြီ။

မေ့ကျန်, *v.* same; မေ့ကျန်ရစ်, to forget and leave something behind.

မေ့ခနဲပျော်, *v.* to doze, slumber, တမြေးအိပ်သည်။

မေ့ဆေး (*pron.* ဖေး), *n.* chloroform, laughing-gas, ether, မေ့ဆေးပေး။

မေ့လျော့ (*freq. written* မေ့ရော့), *v.* same as မေ့ကျန်; to be forgetful, and hence to be heedless, careless, တယ်မေ့လျော့တတ်သည့်လူ၊ကြာလျှင် ထမင်းငတ်လိမ့်မည်, he is a very forgetful man, and will starve in time.

မေး, 1, *n.* the lower jaw.

မေးခိုက်ခိုက်တုန်, *v.* to chatter with the teeth, as when cold, or in great fear.

မေးခိုင်, *v.* to be stiff or firmly closed, as the jaws in lockjaw, or on the near approach of death.

မေးခိုင်ရောဂါ, *n.* tetanus, lockjaw.

မေးစေ့, *n.* the chin.

မေးတွဲကြိုး, *n.* a martingale.

မေးထောက်, *v.* to rest the chin on the hand.

မေးထိုး, *v.* to protrude the chin, as when in convulsions, or on the near approach of death, or in derision.

မေးဖျား, *n.* the chin, မေးစေ့။

မေးမော့, *v.* to thrust out the chin in an upward direction in contempt or derision, တယ်မေးမော့ချင်သည့်အရပ်၊မနေချင်ပါ။

မေးရိုး, *n.* the lower jaw-bone.

မေးသိုင်းကြိုး, *n.* the curb of a bridle.
မေး, 2, *v.* to ask, inquire, ခရီးဘယ်လောက်ဝေးသလဲ၊သူ့ကိုမေးစမ်းပါ, ask him, please, how far it is, မနေ့ကဦးပန်းပုံလာတုန်းခါခင်ဗျားကိုမေးသည်, yesterday, when U Pan Bon came, he inquired about you.
မေးခွန်းထုတ်, *v.* to interrogate a witness, as an advocate.
မေးခွန်းနာ, *v.* to be damaging, as questions put in cross-examination.
မေးစစ်, *v.* to interrogate.
မေးထူးခေါ်ကြား, *v.* to be on speaking terms, မေးထူးခေါ်ကြားရှိကြသည်; to be within speaking distance, as the occupants of two houses, တယ်မဝေးလှပါဘူး၊မေးထူးခေါ်ကြားလောက်ရှိပါသည်။
မေးမြန်း, *v.* to ask, inquire, ၎င်းအကြောင်းအရာကိုမေးမြန်းမည်မထင်ပါ။
မေးမြို, *v.* same (*infreq.*).
မဲ (ပင်). 1, *n.* anil, the indigo plant; indigo, မဲထိုး။
မဲကြီး, *n.* the *Ruellia indigofera*.
မဲခင်း, *n.* an indigo plantation.
မဲနယ်, *n.* indigo.
မဲနွယ်, *n.* a species of indigo plant; a creeper, producing the asclepias blue dye.
မဲရိုင်း, *n.* wild indigo.
မဲ, 2, *n.* a lot, စာရေးတံ။
မဲကောက်, မဲချ, *v.* to cast lots; မဲကောက်ယူကြစို့, let us cast lots for it.
မဲလိပ်, *n.* a raffle ticket.
မဲ, 3, *n.* an extra weight put into one side of a balance, boat, etc., in order to make an equilibrium, မဲတင်း; လှေစောင်းနေပြီ၊မဲတင်းစီးကြပါ, ထမ်းပိုးအလယ်မကျလို့မဲတင်းထမ်းရသည်။
မဲ, 4, *see* မည်း, *v.* to be dark, black; to be dark in mind, ignorant, foolish, မိုက်။
မဲတူတာ, မဲနက်, *v.* same, အသားမဲတူတာနှင့်, မိန်းမလှမဲတူတာကြီး။
မဲတဲတဲ, *a.* blackish, မဲတည်းတည်း။
မဲမဲသဲသဲ, *adv.* darkly, very dark, စပါးမဲမဲသဲသဲထသည်, သစ်ပင်များမဲမဲသဲသဲကြီးလာသည်။
မဲ, 5 (*an abbrev. of* မောင်းမဲ), *v.* to theaten, daunt; to terrify indirectly; ကျွန်တော်ကိုမဲပြီးလုပ်သည်; မယားကိုမဲချင်လို့ကြောင်ရိုက်သည်, to terrify his wife, he beats the cat.
မဲဇလီ, *n.* a kind of tree, the *Cassia florida*.
မဲဇလီကြီး, *n.* the winged cassia, used as a remedy for ringworm.
မဲဇာချောင်း, *n.* two rivers in U.B., near the confluence of which was a penal settlement; the locality being highly malarious, deportation

thence, was popularly regarded as equivalent to death.

မဲပြောင်, *n.* a kind of tree, the *Maba buxifolia.*

မဲ့, 1, *v.* to be disfigured in face, as when crying, ငိုမည်လို့မျက်နှာမဲ့နေသည်။

မဲ့စခွက်ခွက်, *adv.* with an ashamed, downcast countenance, သည်မိန်းမမျက်နှာမဲ့စခွက်ခွက်နှင့်အလွှန်အရုပ်ဆိုးသည်။

မဲ့ပွဲ့, *v. see the parts,* မျက်နှာမဲ့ပွဲ့နေသည်။

မဲ့, 2, *v.* to be wanting, not full, မပြည့်; not to be, မရှိ; *commonly used without a modal affix,* as သစ္စာမဲ့, truth wanting, or without truth; similar to the English termination "less," ကျွန်တော်မိတ်ဆွေဦးလောစံဆုံးကတည်းက၊အမိမဲ့သားကဲ့သို့ဖြစ်နေပြီ, since my friend U Law San died, I have been like a motherless child; တယ်သစ္စာမဲ့သည့်လူ၊မပေါင်းနှင့်, a very faithless man; do not associate with him; ကျွန်တော်မကိုအကြောင်းမဲ့ရိုက်ပါသည်, he beat me without cause; တရားမဲ့, lawless.

မော, *v.* to be tired, fatigued; to be in an exhausted condition, as a sick person; သည်တောင်တက်ရသည်မှာတယ်မောသည်; လူနာတယ်မောသည်၊တာရှည်ခံနိုင်မည်မထင်ပါ, the sick person is in a very exhausted condition, I do not think that he can hold out long.

မောပန်း, *v.* same; မောပန်းတကြီး, *adv.* in a tired, worn-out manner, ခင်ဗျားမောပန်းတကြီး၊ဘယ်ခရီးကလာသလဲ, from what journey have you come, that you are so weary, sir?

မောက်, *v.* to be rounded, prominent, elevated in the centre, နို; hence အမောက်; to be very high, elevated, towering; *see* မြင့်မား; ပုကန်ထဲမှာထမင်းပြည့်ရုံမကမောက်နေသည်, the dish is not merely full, the rice is heaped up.

မောက်စောက်, *v.* to be arrogant, ထောင်လွှားသည်; to be imperious, dictatorial, as language, ခင်ဗျားစကားမောက်စောက်သည်၊မဆံ့တင်ခဲဖြစ်နေပြီ, your language is imperious, sir; it has become intolerable; to be lofty, သည်သစ်ပင်အခြားသစ်ပင်ထက်မောက်စောက်သည်, this tree is more lofty than other trees.

မောက်မြိုး, *v. see the parts.*

†မောက်တို, *n.* a kind of bonnet or cap, စစ်သည်တို့ဆောင်းသည့်မောက်တို။

မောက်မာ, *v.* to be strong, firm, hard (in language), စကားမောက်မာသည်; to be of strong, atheletic build, လူလုံးလူရပ်မောက်မာသည်။

မောက်ရူ, *n.* a kind of official cap, with a crest.

မောင်, *n.* the brother of a woman; Brother; prefixed to names of men and indicative of equality; Sir, *as an appellative* to a young man,

and rather respectful; မောင်မောင်, *a term of compellation* used in addressing the sons of notable men.

မောင်ကြီး, *n.* the elder brother of a woman, မောင်ကြီးနှစ်ဆ၊ အစ်မကြီးအဆ, as in dividing an inheritance.

မောင်ငယ်, *n.* a woman's younger brother, မောင်။

မောင်တော်, *n.* a cousin, ညီအစ်ကိုတော်။

မောင်နှံ, *n.* a husband, လင်; မောင်နှံဖိုမ, male and female (of birds), မောင်နှံဖိုမတို့ရွှင်ပျော်ကစားသည်ဖြစ်၍၊ အလွန်ရှုချင်ဘွယ်ရှိ၏။

မောင်ဘဇာ, *n.* Mr.; addressed to one whose name is not known (*not respectful*); မောင်ဘဇာဘယ်ကလာသလဲ; ဘဇာ is said to be a corruption of the Pali ပဇာ, a husband; *comp.* ခွန်းရှင်။

မောင်မင်, *pron.* you, *mas.*; used to an inferior.

မောင်မင်း, *n.* same; rather imperious or disrespectful; မောင်မင်းကြီး, same; usually used in a deprecatory sense, မလုပ်ပါနှင့်မောင်မင်းကြီး ရယ်, သွားပါစေမောင်မင်းကြီးရယ်။

မောင်ရှင် (*commonly pron.* မောင်ရင်), *n.* a probationer for the Buddhist priesthood, ရှင်, သာမဏေ; မောင်ရှင်လောင်း, one about to become a probationer; Brother; *a term of compellation* addressed to men younger than one's self; *comp.* ကိုရှင်. Burmese parents frequently address their sons as မောင်ရှင်, after they have been probationers and have become laics again. It is sometimes, however, a style of address used indiscriminately by both men and women, toward young men whom they do not know; Burmese sisters usually address their younger brothers as မောင်ရှင်။

မောင်လည်နှမလည် (*pron.* မောင်လယ်နှမလယ်), *n.* mutual brothers and sisters-in-law, *e.g.*, Nga Pyu marries Nga Me's sister, and Nga Me marries Nga Pyu's sister, မောင်လည်နှမလည်တော်ကြသည်။

မောင်ဟဝါ, *n.* Mr.; addressed to one whose name is not known; *see* မောင်ဘဇာ။

မောင်ဟိုတင်း, *n.* same; *see* မောင်ဘဇာ။

†မောင်မခေါ် (ပင်), *n.* the *Combretum extensum.* Where timber and bamboos are scarce. it is used for making the walls and floorings of temporary structures, and of the houses of the poor.

မောင်း, 1, *n.* the arm; လက်မောင်း, the upper arm; လက်ရုံး, the lower arm; a lever. turning on a pivot, မောင်းတုံး; *comp.* ကုတ်; a well pole, or pump handle, မောင်းလက်; the spring of a gun, သေနတ် မောင်း; a spring.

မောင်းအုံး, *n.* the socket of the shoulder.

မောင်းကန့်လန့် (*pron.* ဂလန့်), *n.* a horizontal pivot.
မောင်းကန့်လန့်ကျင် (*pron.* ဂလန့်ကျင်), *n.* same.
မောင်းကော်, *v.* to prize; to move with a lever, to pry.
မောင်းကျောက် (*pron.* ဂျောက်), *n.* a kind of pestle used in cleaning paddy.
မောင်းချထား (*pron.* ဂျဒါး), *n.* a clasp knife.
မောင်းခွက် (*pron.* ဂွက်), *n.* the cup of a rice mortar.
မောင်းခွေး (*pron.* ဂွေး), *n.* the iron ring of the pestle of a rice mortar; a plain finger ring, မောင်းခွေးလက်စွပ်။
မောင်းစွပ်, *n.* a sleeve; any ornament worn on the arm.
မောင်းဆုံ, *n.* the cup of a rice mortar; *see* မောင်းခွက်။
မောင်းတင်, *v.* to set a spring; ထားကိုမောင်းတင်, to raise and open the blade of a knife; သေနတ်မောင်းတင်, to cock the trigger of a gun; တမောင်းတင်, to half-cock (a gun); နှစ်မောင်းတင်, to full-cock (a gun).
မောင်းတင်းကုပ်, *n.* a rice-pounding shed.
မောင်းတုံး, *n.* the lever which raises the pestle of a rice mortar; any lever used for raising by pressure on a fulcrum; *comp.* ကုတ်; မောင်းတုံးကော်, မောင်းတုံးထိုး။
မောင်းထုတ်ဆန်, *n.* pestle-pounded rice, ready for use.
မောင်းပြေ, *v.* to be weak, as a spring, သေနတ်မောင်းပြေ။
မောင်းရင်း, *n.* the upper part of the arm, close to the shoulder.
မောင်းလက်, *n.* a pump handle; a pole suspended on a pivot for raising water.
မောင်းသန်, *v.* to be strong, as a spring, သေနတ်မောင်းသန်သည်; to be strong in the upper arm.
မောင်း, **2**, *n.* a Burmese gong; formerly a measure of time equal to three English hours.
မောင်းကြော်, *v.* to expose (a malefactor), by beat of drum and declaration of his crime.
မောင်းခတ်, *v.* to proclaim by beat of gong, by way of giving information or warning to the public.
မောင်းတီး, *v.* to strike a gong, မောင်းထု။
မောင်းလက်, *n.* a gong stick, လက်ခတ်။
မောင်းလှည့်, *v.* to go about with a drum, as a crier or bellman.
မောင်း, **3**, *v.* to threaten; *not used singly*; to drive; to drive away (an animal), ခွေးကိုမောင်းလိုက်ပါ။
မောင်းမဲ, *v.* to threaten, ခြိမ်းမောင်းသည်. ခြိမ်းခြောက်မောင်းမဲ, ကျွန်တော်ကိုမောင်းမဲပြီးထွက်သွားသည်, he threatened me and went away.
မောင်းလားချ, *v.* to exercise a horse.

မောင်း, **4**, *v.* to be of a dark red or purple color, သည်ပုဆိုးအရောင်မောင်းလွန်းသည်၊လူငယ်နှင့်မတော်ပါ, the color of this *puhso* is too dark red; it is not suitable for a young man, မြတ်စွာဘုရားသည်၊မောင်းသောအရပ်မှ၊မောင်းသောရောင်ခြည်တော်ကိုလွှတ်တော်မူသည်, the most excellent Buddh sent forth, a dark red ray of light, from a dark red part (of his body) (118).

မောင်းထောင်အစ်, *n.* a kind of အစ် manufactured at the village of Maungtaung.

မောင်းထောင်ခွက်, *n.* a lacquered bamboo bowl, manufactured at the same village; a wooden bowl.

မောင်းမ, *n.* a female attendant or concubine of a king, ကိုယ်လုပ်တော်။

မောင်းမမိဿံ, *n.* same; မောင်းမမိဿံအခြွေအရံ၊ပရိသတ်။

မောနေယျ (*pron.* နေးယ), *n.* a series of the extremest austerities, so severe that during the time of a Buddh only one person is found capable of practising them; even the most enthusiastically religious person can practise them for only twelve years, those moderately so, for seven years, and those least enthusiastic, for seven days. It is incumbent on those who perform these austerities, wholly to eschew sleep; မောနေယျဆု, မောနေယျရဟန္တာ။

မောရဂိဝါကျောက်, *n.* a kind of stone used in alchemy.

မောရဂိဝါကြေးနီစားကျောက်, *n.* copper ore.

မောရဂိဝါငွေစားကျောက်, *n.* silver ore.

မောဟ, *n.* darkness, ignorance, folly; "*moha* is so called because it cleaves to that which is evil and does not cleave to that which is good." M.B.

မောဟကန်းကန်း, *adv.* in a nonplussed manner.

မောဟဖုံးလွှမ်း, *v.* to be enveloped in ignorance.

မောဟမူ, *n.* same as မောဟ; မောဟမူမိတ်နှစ်ခု။

မော့, *v.* to turn up the face, to look up, မျက်နှာတဆိတ်မော့စမ်းပါ; သေနတ်ကိုမော့ထား, to elevate a rifle or gun.

မော့ကြည့်, *v.* same, သစ်ပင်ပေါ်မှာငှက်ကိုမော့ကြည့်စမ်း။

မော်, *v.* to be ascending, to be high in a slanting direction, as a path up a hill, လမ်းမော်တက်သည်; or a rapid in a river, ရေမော်ကျသည်, ရေမော်တွေ့ပြီ၊သတိထားခတ်ကြ; to look forward in an upward direction; to be haughty, insolent, ထောင်လွှား; hence, အမော်, ရေမော်; to swagger, တယ်မော်သည့်လူ, လူမော်; to be bumptious.

မော်ကြည့်, *v.* to look forward in an upward direction, မျက်နှာကိုမော်မကြည့်ဝံ့အောင်ကြောက်သည်။

မောက်ကြွား, *v.* to be overbearing, arrogant.

မော်တီးမောက်ကန်း (*pron.* မော်ဒီးမော်ဝန်း), *adv.* in an insolent, swaggering manner.

†မော်ကွန်း (*pron.* ဂွန်း), *n.* a permanent inscription; a register, record of dates, boundaries, etc.; မော်ကွန်းမိုက်, မော်ကွန်းတင်, မော်ကွန်းထိုး, မော်ကွန်းရေး, မော်ကွန်းထိုးထောက်သည့်လူပါ။

ထော်မိမော်မန်း, *adv.* heedlessly, carelessly, without an object, နမော်နမဲ့။

မော်ယော်, *n.* a kind of silk.

မို, *v.* to be elevated, raised in the centre, မောက်။

မိုမောက်, *v.* same, သည်မြေကြီးမိုမောက်နေသည်၊ ညီအောင်ညှိလိုက်ပါ, this ground rises in the centre; please level it; တောင်ပူဆာကလေးမိုမို, a little rising hummock.

မိုက်, 1, *n.* a crucible, or cupel, မိုက်ခွက်။

မိုက်အင်, မိုက်ခွက်, *n.* a flat cupel.

မိုက်စောက်, *n.* a deep cupel, လုံးစောက်။

မိုက်ဆရာ, *n.* one skilled in extracting gold or silver from old crucibles, မိုက်သူကြီး။

မိုက်ထုတ်, *v.* to extract gold or silver from old crucibles.

မိုက်လုံး, *n.* a deep cupel; *see* မိုက်စောက်။

မိုက်, 2, *v.* to be dark, မလင်း, မှောင်, မိုက်လိုက်သည်မှာခဲနေရော့; to be ignorant, foolish, wicked, မဲ။

မိုက်ကန်း, *v.* to be blindly foolish, ထယ်မိုက်ကန်းသည့်လူ။

မိုက်မဲ, မိုက်ရိုင်း, *v.* to be foolish and impolite.

မိုက်, 3, *v.* to measure with the breadth of the fist with the thumb erected; hence အမိုက်; ဖြက်ဘယ်လောက်ရှိသလဲ၊မိုက်စမ်းပါ။

မိုဃ်း (Pali မေဃော), *n.* the sky, the visible heavens; the clouds; rain; *comp.* တိမ်; မိုဃ်း and လေ are often used together in the same expletive way as ထိုင်းလေ and သွေးလေ။

မိုဃ်းအုံ, *v.* to be covered with clouds, as the heavens.

မိုဃ်းအုံ့, *v.* to be overcast, slightly overspread with clouds.

မိုဃ်းဥတု, *n.* the rainy season, မိုဃ်းရာသီ, မိုဃ်းကာလ။

မိုဃ်းဦး, *n.* the beginning of the rains; မိုဃ်းဦးကျ; မိုဃ်းဦးစော, to be early, as the rains; မိုဃ်းဦးနှောင်း, to be late, as the rains.

မိုဃ်းကာ, *n.* a screen from the rain, an awning.

မိုဃ်းကာအင်္ကျီ, *n.* a waterproof cape or coat.

မိုဃ်းကာလ, *n.* the rainy season; *comp.* ဥတု. မိုဃ်းဥတု။

မိုဃ်းကုန်, *v.* to terminate, as the rainy season.

မိုဃ်းကုပ် (*pron.* ဂုပ်), *n.* the place of the apparent junction of the sky

and earth, the horizon, ဝဲရူးကွင်းဘယ်လောက်ကျယ်သည်မပြောနိုင်တော့၊ မိုးကုပ်ကျဒါဘဲ (*Colloq.*).
မိုးကောင်း, *v.* to rain abundantly throughout the season.
မိုးကောင်းကင်, *n.* the sky.
မိုးကောင်းငှက်, *n.* the broad-billed roller.
မိုးကြိုး, 1, *n.* an alloy of copper and gold used in making finger rings, ear tubes, etc., မိုးကြိုးလက်စွပ်, မိုးကြိုးနားတောင်း။
မိုးကြိုး, 2 (*pron.* ကြိုး), *n.* a thunderbolt, မိုးကြိုးစက်။
မိုးကြိုးကွင်း, *v.* to cause a stroke of lightning to deviate.
မိုးကြိုးကွင်းတိုင်, *n.* a lightning conductor.
မိုးကြိုးစက်, *n.* a thunderbolt; a galvanic battery.
မိုးကြိုးထစ်, *v.* to thunder in short claps.
မိုးကြိုးပစ်, *v.* to strike, as lightning, မိုးကြိုးပစ်လို့သေသည်, he was struck dead by lightning; မိုးကြိုးပစ်ထန်းလက်ကာ, to screen one's self with a *tan* leaf, to avoid being struck by lightning, *i.e.*, to meet a difficulty, or danger, with insufficient means of resistance; မမှန်သည့်စကားပြောမိလျှင်၊မိုးကြိုးပစ်စေ, if I should speak untrue words, may I be struck by lightning.
မိုးကြိုးရောင်, *a.* bluish red, နီပြာပြာ။
မိုးကြိုးသံ, *n.* thunder.
မိုးကြိုးသွား, *n.* a thunderbolt, မိုးကြိုးစက်။
မိုးခေါင် (from ခေါင်, to be out of the way), *v.* to be dry, as the clouds; not to rain in season, မိုးခေါင်ရေရှား။
မိုးခေါ်, *v.* to long for rain, as men and animals; *lit.* to call the rain.
မိုးခို, *v.* to stay through the rainy season; to take shelter from the rain.
မိုးချုန်း, *v.* to thunder, မိုးခြိမ်း။
မိုးချုပ်, *v.* to shut in, (close) as evening, မိုးချုပ်။
မိုးငွေ့, *n.* humid air, နှင်းငွေ့။
မိုးစာ (*pron.* ဇာ), *n.* a kind of sparrow.
မိုးစဲ, *v.* to cease raining, မိုးတိတ်သည်။
မိုးစွေ, *v.* to rain incessantly; to be showery.
မိုးစွေငှက်, *n.* the English swallow, *Hirundo rustica*; *comp.* ပျံလွှား။
မိုးဆင်, *v.* to have the appearance of coming rain, as the sky: *more than* မိုးနာ။
မိုးသော့, *v.* to rain in frequent showers.
မိုးဆွဲ, *v.* to be scanty, as rain in the rainy season, မိုးဆွဲပါး။
မိုးဆွေ (ပင်) (*pron.* ဇွေ), *n.* a kind of tree, အဆင်းရှိသော၊အနံ့မရှိသော မိုးဆွေပန်း။

မိုးတိတ်, *v.* to cease raining, မိုးစဲ။
မိုးတိမ် (*pron.* မိမ်), *n.* a cloud.
မိုးတွင်းသော, *n.* a species of sundew, ကျေးသံပန်း။
မိုးထင်း, *v.* to be rain-stained, as clothes.
မိုးနကြီး, *n.* the Arakanese name for the green bee-eater, ပုစဉ်းထိုးငှက်။
မိုးနံ, *n.* a kind of plant.
မိုးနာ, *v.* to have a threatening aspect, as the clouds; *lit.* the sky is sick.
မိုးနှင်း, *n.* a mist in the rainy season, a rain-fog.
မိုးနှံ (ပင်), *n.* a shrub growing into a thorny bush, from eight to ten feet in height, having ovate, glossy leaves. The root of this plant is ground up with salt and administered to persons who exhibit premonitory symptoms of smallpox.
မိုးနှောင်း, *n.* the close of the rains; *v.* to be late, as the rainy season.
မိုးပက်, *v.* to beat in, as rain.
မိုးပါး, *v.* to be scanty, as a rainfall.
မိုးပေါက်, *n.* a drop of rain, မိုးပေါက်ကျ။
မိုးပြေ, *n.* a sudden squall. မိုးပြေး, *n.* a passing shower.
မိုးပြောက်, *v.* to be rain-spotted, as clothes.
မိုးပွင့်, *n.* snow; *v.* to clear up and be sunny.
မိုးဖွဲ, *n.* fine rain.
မိုးဖွဲကျ, မိုးဖွဲဖွဲကျ, *v.* to drizzle.
မိုးမခ, 1 (from ခ to pay court to), *n.* the willow; so called because it flourishes independent of rain.
မိုးမခ, 2, *n.* the *Salix tetrasperma*, a kind of orchid.
မိုးမိ, *v.* to be overtaken by a shower of rain, or by a rainstorm.
မိုးမြည်, *v.* to rumble in the sky, to thunder.
မိုးမြေလယ်ယာကိုင်းကျွန်း, *n.* a collective term for cultivable land.
မိုးမှုန်, *v.* to be misty, dusky, as the atmosphere before rain; *comp.* လေမှုန်။
မိုးမှောင်ကျ, *v.* to become dark, as the sky with rain-clouds, မိုးမိုင်း
မိုးမှိုင်း, *v.* to lower, as the sky, မှောင်ကျသည်။
မိုးရွာ, *v.* to rain.
မိုးလင်း, *v.* to dawn; to clear up, as the sky after rain, to become fair, မိုးလင်းလျှင်ခြင်းခွဲခြစ်စရာရှိသည်; မိုးလင်းစပြုပြီ။
မိုးလယ်, *n.* the middle of the rainy season, မိုးလယ်မိုးနှောင်းကောင်း။
မိုးလေပြင်း, *v.* to be stormy, boisterous.
မိုးသက်မုန်တိုင်း (*pron.* မိုင်း), *n.* a storm, tempest.

မိုဃ်းသက်လေ, *n.* wind precursing a storm.

မိုဃ်းသား, *n.* a dark rain-cloud, မိုဃ်းသားတက်။

မိုဃ်းသီး, *n.* hail; large sago.

မိုဃ်းသီးကျ, *v.* to hail, မိုဃ်းသီးကြွေသည်။

မိုဃ်းသောက်, *v.* to be early in the morning, before sunrise; မိုဃ်းသောက်ချိန်, the dawn, မိုဃ်းသောက်ထပ (*pron.* ထဗ), မိုဃ်းသောက်လပအခါသွားပါမည် (*Colloq.*).

မိုဃ်းသောက်ထ, *v.* same as မိုဃ်းသောက်။

မိုဃ်းသောက်ယံ, *n.* the time just before dawn.

မိုင်းကိုင်စက္ကူ, *n.* a paper made in မိုင်းကိုင်, one of the Shan States.

မိုင်းမ, *v.* to help, aid, assist, ညီညာ, ကျွန်တော်ကိစ္စကိုမိုင်းမကူညီလုပ်တော်မူကြပါ, မိုင်းမကြည့်ရှုပါ။

မှို, 1, *v.* to be elevated, raised in the centre; *see* မို။

မှို, 2, *v.* to be slightly raised or swelled, as the appearance of a mountain at a distance, ဟိုကတောင်မှိုမှိုကြီးမြင်ပါသလား။

မှို, 3, *n. affix causative,* because of, on account of (*colloq.*); *frequently preceded by* လို့; ခင်ဗျားတယောက်တည်းမို့သာဆွေ့ခံသည်၊နှစ်ယောက်သုံးယောက်ဆွေ့မခံနိုင်ပါ; စိတ်ဆိုးလို့မှို ပြောသည်မဟုတ်ပါ၊ မေတ္တာရှိလို့သာပြောပါသည်; *sometimes preceded by* သို့, သို့မှိုပြောသည်, သို့မှိုကြောင့်ပြောသည်။

မှိုတုံး, *a contraction of* မဟုတ်တုံး; *used as a strong negative, affixed to an assertive affix* (*colloq.*), ခင်ဗျားဇျက်ဆီးပေဒယ်လို့ကျွန်တော်အကြံပျက်စီးသည်မှိုတုံး; *equivalent to* မဟုတ်ပါတကား, မဟုတ်ပါဘူး; သင့်ကိုဆုံးမသည်မှိုတုံး။

မှိုလား, *a contraction of* မဟုတ်လား, same; ကြီတိုင်းအောင်၊ ဆောင်တိုင်းမြောက်မှိုလား၊မင်းလိမ္မာလို့မှိုလား။

မိုး, *v.* to cover without contact, to spread overhead, as an umbrella, ထီးမိုး; to hold a *da* in a threatening manner over a person, ထားနှင့်မိုးသည်, ထားနှင့်မိုး၍ပစ္စည်းကိုတောင်းသည်; *comp.* လွှမ်း; to be chief, superior, အုပ်, ကဲ; hence အမိုး; to excel, surpass, ခင်ဗျားအကြီကျွန်တော်အကြီထက်မိုးလာသေးသည်, သည်မြို့ပေါ်မှာအကြီးပြုလုပ်လို့မိုးနေသည်, သူ့ဩဇာမိုးနေသည်။

မိုးကာ, *v.* to shelter, ward off from overhead; to cover from some evil.

မိုးနှီး, *n.* thin strips of bamboo, used for tying thatch down upon the bamboo framework of the roof of a house.

†မိုးတိုးမတ်တတ် (*pron.* ဗိုး), *adv.* standing in an erect posture; standing for a little while, as when one stops for a moment in a walk; *comp.* မတ္တ. and ခဏမတ္တ; ခဏမိုးတိုးမတ်တတ်ကြွနေပါ, မိုးတိုးမတ်တတ်မနေနှင့်,

မိုးတိုးမတ်တတ်လမ်းရှောက်သည်, ခုဒင်မိုးတိုးမတ်တတ်မြင်လိုက်သေးသည်။

မျက်, **1**, *n.* a gem, precious stone, ကျောက်မြတ်; မျက်ကိုးပါး, စိန်, diamond; ပတ္တမြား, ruby; ကျောက်မျက်ရွဲ; မြ, emerald; ဂေါမုတ်, garnet; နီလာ, sapphire; ပြောင်; ဥဿဘယား, topaz; မဿာရကန်။

မျက်အိမ်, မျက်အိုး, *n.* an ouch, the socket in which a stone is set, including both the collet and the bezel, ကျောက်မျက်အိုး။

မျက်ပါး, *n.* gold or silver leaf, ရွှေမျက်ပါး, ငွေမျက်ပါး; used also in respect to other metals, as ကြေးနီမျက်ပါး, ကြေးဝါမျက်ပါး; မျက်ပါးခတ် (119).

မျက်မွန်, မျက်ရွှင်, *n.* same as မျက်, ပတ္တမြားမျက်မွန်။

မျက်ရွဲ, *n.* same; also a particular kind of precious stone, ကျောက်မျက်ရွဲ။

မျက်, **2**, *n.* the eye; *seldom used except in composition*; မျက်စိ။

မျက်ကန်း, *a.* blind, (*impolite*); မျက်မမြင်, to be blind (*polite*).

မျက်ကလဲဆန်ပြာ, *adv.* looking about wildly from fright; ကြောက်လွန်း လို့ မျက်ကလဲဆန်ပြာနေသည်, သည်လူမျက်လုံး မျက်ကလဲဆန်ပြာ ဖြစ်နေသည် (*rare*); မျက်လုံးပိုင်း။

မျက်ကွက်, *n.* grated work, open work made in squares; a trellis, ဆင် မျက်ကွက်ထိုး, ဆင်မျက်ကွက်ရက်သည်။

မျက်ကွင်း, *n.* the eye socket, မျက်တွင်း။

မျက်ကွင်းညို, *v.* to be dark under the eyes.

မျက်ကွယ်, *adv.* out of sight, မျက်ကွယ်မှာအတင်းပြောတတ်သည်။

မျက်ခမ်း, *n.* the edge of an eyelid.

မျက်ခမ်းစပ်, *v.* to have red edges to the eyelids without eyelashes; to be blear-eyed.

မျက်ခုံး, *n.* the arch over the eye, the eyebrow.

မျက်ခုံးမွေး, *n.* the hair of the eyebrow.

မျက်ခုံးရိုး, *n.* the bone under the eyebow.

မျက်ချစ် (ဆေး), *n.* a medicine or charm to excite love, အနူဆေး, မျက် နှာချစ်ဆေး, မျက်နှာပွင့်, အားဆေး; an aphrodisiac.

မျက်ချေး, *n.* the exudation of the eye (*vulgar*), မျက်ဝတ် (*elegant*).

မျက်ချို, *adv.* with a sweet smiling face.

မျက်ချိုကျွေး, *v.* to allure with a smiling countenance.

မျက်ချိုသွေး, *v.* to allure.

မျက်ခြား, *a.* a term applied to bullocks which have a small patch of white hair outside the outer corner of each eye. To frequently purchase bullocks possessing this mark, is supposed to bring ill-luck.

မျက်ခြေပြတ်, *v.* to lose sight of, ရှေ့လူကိုနောက်လူကမျက်ခြေပြတ်လို့မလိုက်နိုင်။

မျက်ခွက်, *n.* the face, မျက်နှာ။

မျက်ခွံ, *n.* an eyelid, မျက်လွှာ။

မျက်စည်း (*pron.* စဉ်း), *n.* collyrium, eyewater, medicine for the eyes, မျက်စည်းဆေး. This medicine is injected into the eyes of horses and cattle when they are in bad condition, or have been much exposed to the sun; one recipe is ကွမ်းရွက်၊လေးညှင်း၊ဆေးရွက်၊ဆား; these ingredients are ground up together to a consistency and mixed with water, မျက်စည်းခတ်; မျက်စည်းတော်, *v.* to compound such medicine.

မျက်စပစ်, *v.* to give a hint with the eyes, မျက်ရိပ်ပေး။

မျက်စိ, *n.* the eye, မျက်စိမျက်နှာမှတ်ထားပါ; မျက်စိတမှိတ်, in the twinkling of an eye; မျက်စိတဆုံး, မျက်စိတသတ်, as far as the eye can see; ဗိ ဘုရားမျက်စိဆုံးလောက်ရှိတိုင်အောင်သွားဟန်မူ၍တာဝတိံသာသို့တက်လေ၏။

မျက်စိစောင်း, *v.* to be squint-eyed, cross-eyed, မျက်စိစွေ။

မျက်စိစွန်, *v.* to have a sty on the eyelid.

မျက်စိစွေ့ဖြ, *v.* to wink at, insultingly.

မျက်စိပြူး, *v.* to be prominent, as the eyes.

မျက်စိဖန်, *v.* to be dazzled.

မျက်စိဖုံးတုပ်, *v.* to hoodwink; to blind by covering the eyes.

မျက်စိဖြူး, *v.* to be wall-eyed.

မျက်စိရှင်, *v.* to be quick-sighted, မျက်ရိပ်ကောင်းသည်။

မျက်စိလေးလံ, *v.* to be drowsy.

မျက်စိသိ, *v.* to be purblind, မျက်စိမှုန်သည်။

မျက်စိသူငယ်အိမ်, *n.* the pupil of the eye, မျက်ဆေ့, မျက်ဆန်။

မျက်စောင်းထိုး, *v.* to cast a side glance in anger, threateningly, or from strong personal dislike, dissatisfaction, scorn, or disdain; *see* ပြန်စောင်း; မျက်စောင်းထိုးနေသည်။

မျက်ဆန်, *n.* the pupil of the eye, မျက်ဆေ့။

မျက်တောင်, *n.* the eyelashes, တည္ဟလုံးမျက်တောင်တခတ်မျှမအိပ်ရ, မျက်တောင် မြွေး၍မှုးမှိုင်တွေးဝေသည်ကိုမြင်ရသည်။

မျက်တောင်ခတ်, *v.* to wink.

မျက်တွင်း, *n.* the socket of the eye; *see* မျက်ကွင်း; မျက်လုံးအိမ်။

မျက်တွင်းချောင်, *v.* to have the eyes sunken from illness or want of sleep, မျက်တွင်းကျ။

မျက်တွင်းဟောက်, *v.* to be hollow-eyed.

မျက်ထောင့်, *n.* a corner of the eye.

မျက်နက်, *n.* the black of the eye, ထိမ်ကျွလို့မျက်နက်ဖုံးနေသည်။

မျက်ပြည်, *n.* a tear; *see* မျက်ရည်။

မျက်ဖြ, *n.* the *Melastoma malabathricum*, an evergreen, branched shrub from one to six feet high, thick-set with spines.

မျက်ဖြူ, *n.* the white of the eyes.

မျက်ဖြူဆိုက်, *v.* to show the white of the eyes, as in sudden fright.
မျက်မည်း, *n.* the black of the eye; *see* မျက်နက်။
မျက်မုန်းကြီး, *v.* to resent, feel ill-will, မျက်မုန်းအားကြီး, ကျွန်တော်ကိုအမိုး ရမင်းမျက်မုန်းကြီးနေသည်။မကြာမီအရာကျလိမ့်မည်။
မျက်မုန်းလို, *v.* same (*rare*).
မျက်မြင်တလ္ဘာ, *n.* a scene, view presented to the eye.
မျက်မှန်, *n.* spectacles, eyeglasses, သည်မျက်မှန်ကြည်၏လား, are these spectacles clear? သည်မျက်မှန်တယ်မျက်စိအေးသည်, these spectacles are very cool to the eyes.
မျက်မှန်းကောင်း, *v.* to be skilled in making an ocular estimate, *i.e.*, of the height or weight of anything.
မျက်မှန်းတမ်း, *v.* to have the view fixed on, to aim at, to intend, သည် ဥစ္စာဝယ်မည်လို့မျက်မှန်းတမ်းထားသည်, မျက်မှန်းတမ်းဝယ်သည်, သည်အိမ် မျက်မှန်းတမ်းလက်ညှိုးထိုး၊အဆိုးတယ်လောက်ကုန်မည်ထင်ပါသလဲ။
မျက်မှန်းတမ်းမိ, *v.* to have an indistinct recollection of; to guess at, မှန်းမိ; to have a distinct impression of, ခင်ဗျားကိုတခါမျက်မှန်းတမ်းမိ လျှင်မမေ့နိုင်ပါ, should I once get your face imprinted on my memory, I could not forget you.
မျက်မှောက်, *n.* the space before one's eyes, presence; present time; သည်မှန်ကျွန်တော်နေ့ထိုင်းမျက်မှောက်ကြည့်နေသည့်မှန်ဖြစ်ပါသည်။
မျက်မှောက်ထင်ထင်, *adv.* openly, clearly; sincerely, ထိုအခါမှကား၊မျက်မှောက် ထင်ထင်မြင်ရကြလိမ့်မည်။
မျက်မှောက်ပြု, *v.* to regard an absent person or thing as present, ထခြား သို့သွားသော်လည်း၊ကျွန်တော်ကိုမျက်မှောက်ပြုပါ။
မျက်မှောင်, *n.* the arch over the eye, the brow of the eye, မျက်ခုံး; မျက်ခုံးမျက်မှောင်; မျက်မှောင်မွေးဆက်, to meet, as the eyebrows.
မျက်မှောင်ကုပ်, *v.* to have a naturally scowling countenance, မျက်မှောင် ကုပ်ကြီးအလွန်ကြောက်စရာကောင်းသည်။
မျက်မှောင်ကြား, *n.* the space between the eyebrows.
မျက်မှောင်ကြုတ်, *v.* to scowl, look stern, dark, angry, threatening; to glower.
မျက်မှောင်တန်း (*pron.* ဝန်း), *n.* the eyebrows, မျက်ခုံးမွေး။
မျက်ရစ်, *n.* the iris; any thing resembling the iris.
မျက်ရည်, *n.* a tear.
မျက်ရည်ဥ, *v.* to have a tear formed in the eye.
မျက်ရည်ကျ, မျက်ရည်ယို. *v.* to weep; မျက်ရည်စီးကျ, to stream with tears, as the eyes.
မျက်ရည်ခံ, *n.* a certain spot under the inner corner of the eye.

မျက်ရည်စက်, *n.* a tear-drop, သည်မိန်းမလားလားမကောင်း၊ ယောကျ်ားသော်လို့မျက်ရည်စက်မျှမခန်းသေးဘဲ၊ ယောကျ်ားတယောက်ကိုယူပြန်ပြီ။
မျက်ရည်လွယ်, *v.* to be easily moved to tears.
မျက်ရည်ဝဲ, *v.* to have the eyes filled with tears, ဝမ်းနည်းလွန်းလို့မျက်ရည်များဝဲလျှည့်နေသည်။
မျက်ရိပ်, *n.* a hint given by the eye, မျက်ရိပ်ပြ။
မျက်ရိပ်ကောင်း, *v.* to be quick-sighted, မျက်မိရှင်။
မျက်ရိပ်ပေး, *v.* to give a hint by winking, မျက်ရိပ်သိ။
မျက်ရိပ်မျက်ခြေကောင်း, *v.* to be quick-sighted; *see* မျက်ရိပ်ကောင်း။
မျက်လုံး, *n.* the eyeball.
မျက်လုံးအိမ်, *n.* the socket of the eye, မျက်ကွင်း, မျက်တွင်း။
မျက်လုံးပြူး, *v.* to have protuberant or prominent eyes.
မျက်လုံးဝင်း, *v.* to have bright lustrous eyes.
မျက်လုံးဝိုင်း, *v.* to roll the eyes about from fear; *see* မျက်ကလဲဆန်ပြာ။
မျက်လှည့်ပြ, *v.* to practise legerdemain; မျက်လှည့်ပွဲ။
မျက်လှည့်သမား, *n.* a juggler, conjuror, မျက်လှည့်ဆရာ။
မျက်လွှာ, *n.* the eyelid, regarded as covering the eye, ဖုံးအုပ်သောမျက်လွှာ; the cornea, ကြည်လင်သောမျက်လွှာ။
မျက်ဝတ်, *n.* the exudation of the eye; *more elegant than* မျက်ချေး။
မျက်, 3, *v.* to be angry, စိတ်ဆိုး; hence အမျက်, ဒေါသမျက်; လူချင်းမျက်နေကြသည်။
မျက်, 4, *n.* a species of prominent-ligament shell.
မျက်, 5, *v.* to stick in the throat, အရိုးမျက်သည်။
မျက်နှာ, *n.* the face, the countenance, မျက်ခွက်; surface; the disc of an orb; a quarter of the heavens, or a cardinal point, အရပ်လေးမျက်နှာ။
မျက်နှာအထား, *n.* the looks, aspect.
မျက်နှာအနေ, *n.* the natural aspect; မျက်နှာလက္ခဏာ, မျက်နှာအနေကောင်းသည်. မျက်နှာအနေပျက်သည်။
မျက်နှာအန်း, *v.* to be swollen, as the face.
မျက်နှာကောင်းရ, *v.* to find favor.
မျက်နှာကြက် (*pron.* ကျက်), *n.* a canopy, ဗိတာန်; a ceiling.
မျက်နှာကြည်သာ, *v.* to have a pleasant countenance.
မျက်နှာကြည့်, *v.* to regard a person, *i.e.*, to favor a person on account of his wealth, position, etc. (*reproachful*), မျက်နှာလိုက်သည်။
မျက်နှာကြီး, မျက်နှာများ, *v.* to be distinguished; to have many friends; မျက်နှာများ, when applied to women, is a term of reproach.
မျက်နှာကြောတည့်, *v.* to be on good terms with another; *see* တည့်။

မျက်နှာခေါက်ထူ, *v.* to be thick-skinned, fat and gross in the face (*abusive*), လူပုံကထည်းမျက်နှာခေါက်ထူကြီးနှင့်။

မျက်နှာချင်းဆိုင်, *adv.* face to face, directly opposite, မျက်နှာချင်းဆိုင်အိမ်ဆောက်သည်, မျက်နှာချင်းဆိုင်စကားပြောသည်, သည်အမှုရှင်းလင်းအောင် မျက်နှာချင်းဆိုင်ထုချေပါရစေ။

မျက်နှာချယ်, မျက်နှာချေ, *n.* a preparation of flour used in smearing the face, မျက်နှာချယ်လိမ်း, မျက်နှာချယ်ဘော်, ဆန်ပုပ်မှုန့်, ကသယ်မှုန့်။

မျက်နှာချို, *v.* to have a sweet, pleasant countenance.

မျက်နှာငယ်, *v.* to have a humble and obscure station in life; to have few friends.

မျက်နှာစာ (*pron.* ဇာ), *n.* the space before, ရှေ့ဉပစာ; presence, ရင်ပြင်, ရှေ့မျက်နှာစာကမထားနှင့်။

မျက်နှာစိမ်း, *v.* to be unacquainted, unfamiliar with; *n.* a stranger.

မျက်နှာညို, *v.* to be dark in countenance, ဤစကားကိုပြောလျှင်ငြိုမျက်နှာညိုသွားသည်။

မျက်နှာညှိုး, *v.* to be dejected in countenance, whether from illness or from uneasiness of mind.

မျက်နှာတခြမ်းပုံ, *n.* a profile.

မျက်နှာတံစိုးလိုက် (မျက်နှာတံစိုး, *lit.* the bribe of countenance), *v.* to be influenced in deciding a lawsuit, or any dispute, by the official or social status of one of the parties.

မျက်နှာထား, *v.* to look stern, set the face against; *n.* looks, aspect; assumed aspect; a stern aspect; ရှေ့ကအရောတဝင်နေကြသည်၊ယခုအလွန်မျက်နှာထားသည်။

မျက်နှာထားကောင်း, *v.* to be sober, grave, composed in countenance, မျက်နှာကြက်သရေရှိသည်။

မျက်နှာထားကြီး, *v.* to look over-stern and severe, မျက်နှာထားကြီးနှင့်တွေ့လို့ရှုတ်ဆက်ဝံ့စရာမရှိဘူး။

မျက်နှာထူ, *v.* to be forbidding in countenance, harsh, surly, မျက်နှာအောက်သည်။

မျက်နှာထောက်, *v.* to esteem a person for his wealth, position, etc., မျက်နှာကြည့်။

မျက်နှာနာ, *v.* to have a feeling of constraint towards another, မျက်နှာနာသည့်လူမျှင်း။

မျက်နှာပန်း, *n.* Tenasserim lancewood.

မျက်နှာပုပ်, *v.* to be forbidding in countenance, မျက်နှာအောက်သိုးသိုးဖြစ်သည်။

မျက်နှာပိုးသတ် (*pron.* ဗိုး). *v.* to compose the countenance, အခင်မတာနိရယ် ချင်ပေဒယ်လို့၊မျက်နှာပိုးသတ်ထားရသည် (*Colloq.*).

မျက်နှာပိုးသေ, *v.* to be composed in countenance, grave, severe.

မျက်နှာပျက်, *v.* to blush; to have a change of countenance, as from illness; to lose countenance or favor (of another), လူချင်းမျက်နှာပျက် မခံချင်လို့၊အောင့်ပေါင်းရသည်။

မျက်နှာပြ, *v.* to show the face; to appear before some authority.

မျက်နှာပြင်, *n.* surface, superficies.

မျက်နှာပြု, *v.* to look toward; to stand with the face or front toward; to front, as a house; to make effort, in order to gain countenance; ခင်ဗျားဘယ်ကိုမျက်နှာပြုလို့အိမ်ဆောက်သလဲ။

မျက်နှာပြောင်တိုက် (*pron.* ပြောင်), *v.* to be impudent, shameless, to behave with effrontery, မရှက်မကြောက် မျက်နှာပြောင်တိုက်ပြီး လုပ်ပွဲသည်; to behave in a bold impudent manner.

မျက်နှာပွင့်, *n.* a medicine or charm to excite love, အနူ. မျက်ချစ်။

မျက်နှာဖုံး, *n.* a veil, covering for the face; a mask, ဝဲလာဝါ။

မျက်နှာဖျက်, *v.* to damage the good name or reputation of another.

မျက်နှာဖျော့, *v.* to be pale-faced, မျက်နှာဖျော့တော့တော့။

မျက်နှာမည်း, *v.* to be dark complexioned. When apprehensive that a European will decide against him, in a dispute in which a European and Burman are concerned, a Burman is apt to remark, မျက်နှာမည်းနှင့်မျက်နှာဖြူမတူ။

မျက်နှာမူ, *v.* to look towards.

မျက်နှာမဲ့, *v.* to be without friends.

မျက်နှာမြင်, *v.* to bring forth a child, ဖွား, မီးဝင်, မွေး, ဖွားမွေး။

မျက်နှာရ, *v.* to gain countenance, obtain favor, အစိုးရထံမျက်နှာရအောင် သွားပြီးလက်ဆောင်ဆက်သည်။

မျက်နှာရည်, *n.* the character; the expression of the countenance, မျက်နှာရည်မျက်နှာထားအလွန်သိမ်မွေ့သည်။

မျက်နှာရိပ်, *n.* the cast of countenance.

မျက်နှာရွေး, *v.* to be particular in the choice of friends, မျက်နှာရွေးတတ် သည့်သူငယ်ကလေး, မျက်နှာရွေးသည့်မြင်း။

မျက်နှာရွှင်, *v.* to be bright and happy in countenance.

မျက်နှာလိုက်, *v.* to favor a person on account of his rank or position, မျက်နှာထောက်။

မျက်နှာလွှဲ, *v.* to turn away the face, whether from dissatisfaction, or from desire to leave the business without interfering, သည်အမှုကို

မကြည့်ချင်ဘူး၊ မျက်နှာလွှဲနေသည်, မင်းကြီး မျက်နှာလွှဲလျှင်၊ မြို့အုပ် မောင်တကလေးချက်ခြင်းဒုက္ခရောက်မည်, ကျွန်တော်သားအလုပ်ကိုမျက်နှာလွှဲရပြီ၊

မျက်နှာသစ်, *v.* to wash the face.

မျက်နှာသစ်တော်ရေကျ, *v.* to wash the face on rising in the morning, as a king; to awake, as a king.

မျက်နှာသာပေး, *v.* to countenance (in doing wrong).

မျက်နှာသိ, *n.* an acquaintance, အသိအကျွမ်း။

မျက်နှာသုတ်ပဝါ, *n.* a towel for the face.

မျက်ပါးခတ်, *v.* to beat out gold leaf (ရွှေဆိုင်း).

မျည်း, 1, *v.* to be sleepy, or to sleep; *not used singly*; hence ငိုက်မျည်း, မှောက်မျည်း။

မျည်း, 2, *v.* to be weak, exhausted, cast down, dejected; *not used singly.*

မျည်းငွေ့, မျည်းနွမ်းငွေ့, မျည်းပြေ့, *v.* same (*rare in colloq.*).

†မျည်းတို, မျည်းရှည်, *n.* a kind of military coat, short or long, မျည်းရှည်ဝတ်ဆင်ရသည်။

မျည်း, 3 (*pron.* မျဉ်း), *n.* a ruler, ruling line, or a ruled line; ရွှေမျည်းဖိန်း, to be entirely gilded, as the edges of a book, or palm leaf writing; ရွှေမျည်းကြိုးဆစ်, to be two-thirds gilded, the remaining (central) part being colored with vermilion, as the edges of a palm leaf writing; မျည်းနီ, to be entirely colored with vermilion, as the edges of a palm leaf writing; မျည်းဖြူ, to be without any coloring matter, as the edges of a book or palm leaf writing; a rule of action; စည်းမျည်းသေ, to be systematic, methodical, well regulated; ရွှေမျည်းဓမ္မသတ်, a Burmese legal work, which treats of the law of inheritance, etc.

မျည်းကြောင်း (*pron.* မျဉ်းကြောင်း), *n.* a ruled line.

မျည်းကြိုး (*pron.* မျဉ်းကြိုး), *n.* a ruling line, တံမျည်း, တံမျည်းချည်။

မျည်းချ, *v.* to rule with a ruler.

မျည်းတံ (*pron.* မျဉ်းဒံ), *n.* a ruler, တံမျည်း။

မျည်းတံချ, *v.* to mark with lines by a ruler, မျည်းပစ်, မျည်းကြောင်းဆွဲ။

မျည်းပြား, *n.* a flat, parallel ruler.

မျည်းလုံး, *n.* a round ruler.

မျည်းသား, *v.* to rule with a ruler, မျည်းချ။

မျှာ, *see* မြှာ or မြှာတိုင်, *n.* a stud, short post supporting a beam or other timber.

များ, *v.* to be many, မနည်း။

များပြား, *v.* to be abundant, ရန်ကုန်မြို့မှာစားစရာအလွန်များပြားသည်။

မျှားလျှား, *adv.* in a hanging, suspensive manner; *comp.* တွဲလွဲ; This word appears to combine the meaning of တွဲလွဲ and ရှည်လျား, အင်္ကျီမျှားလျှားကြီးဝတ်သည်, ပုဆိုးမျှားလျှားကြီးခါးပုံထိုးသည်။

မှူ, *see* ဖြူ, *n.* a liquid measure of various capacities.

မျော, 1, *n.* a pole, slender post, မျောခင်း, မျောထိုး။

မျော, 2, *v.* to float down, to drift, သစ်တောင်ကြီးတစုမျောလာသည်။

မျော, 3, *see* မြော, *v.* to faint away.

မျော, 4, *v.* to be long, stretched out long, ရှည်, ကာလမျောသည်, ကာလမျောလို့မေ့လျော့ကုန်ပြီ, တည်းပို့တောင်းမျောသည်။

မျောက်, 1, *n.* a monkey; many varieties, as မျောက်စပ်, မျောက်လဟေး, မျောက်လေဒွေ။

မျောက်အုပ်ရှစ် (ပင်), *n.* the *Siphonodon celastrinus*, a tree growing to the height of thirty or forty feet, bearing a fruit the size of a small citron.

မျောက်ကျား, *n.* the monkey-tiger.

မျောက်ကြိမ်, *n.* an inferior species of rattan, the *Flagellaria Indica.*

မျောက်ခါးပတ်, *n.* a species of *Bauhinia.*

မျောက်စုန်ညင်း (*pron.* ဝုန်), *n.* a kind of creeper, the *Derris sinuata.*

မျောက်ချော, မျောက်ငို, *n.* the *Lythrum fructicosum*; the *Homalium tomentosum*; so called because the bark of the tree is so smooth that monkeys experience the greatest difficulty in climbing it, and hence weep with vexation.

မျောက်ဆီး, *n.* the *Zizyphus rugosa*, a tree from twenty to thirty feet high, bearing a yellowish fruit the size of a small cherry.

မျောက်ညို, *n.* the Tavoy and Arakanese name for the white-eyelid monkey, မျောက်မျက်ကွင်းဖြူ။

မျောက်တငါ, *n.* the fisher monkey.

မျောက်ထိုင်ခုံ, *n.* a steersman's seat (*rare and impolite*), ပဲ့စင်။

မျောက်နီ, *n.* the red-tipped, pig-tailed monkey, the *Inuus leoninus.*

မျောက်ပန်းကစား, *v.* to play at pitch and toss.

မျောက်ပုတီး, *n.* the long-haired, pig-tailed monkey.

မျောက်ပဲ့, *n.* a species of wild sword bean, the *Canavalia obtusifolia.*

မျောက်မင်းအရှုံသံတီး, *v.* to play a low, soft kind of dirge (at Burmese funerals).

မျောက်မောင်းမ, *n.* the slow loris or sloth, of Bengal.

မျောက်မျက်ကွင်းဖြူ, *n.* the white-eyelid monkey.

မျောက်မှည်း, *v.* to be half asleep and half awake; to sleep for a short time; ခင်ဘျားမျောက်မှည်းသလိုဘဲအိပ်သည်။

မျှောက်မြီးလွှ, *n.* a keyhole saw.
မျှောက်မြွားမြက်, *n.* a kind of grass; spear grass.
မျှောက်လက်, *n.* a hasp or long hinge; one kind of ပတ္တာ; an iron or wooden clamp; မျှောက်ထက်ကပ်သည်, မျှောက်လက်ရိုက်သည်။
မျှောက်လက်ဝါး (ပင်), *n.* a kind of creeper.
မျှောက်လုတ်, *n.* a kind of tree, the mock-monkey; the *lacoocha* breadfruit. The bark of this tree, in times of scarcity, is substituted for the betel nut, which it somewhat resembles in taste.
မျှောက်လုတ်ကြီး, *n.* the hairy breadfruit.
မျှောက်လုတ်ငယ်, *n.* a small species of breadfruit, resembling a fig in appearance.
မျှောက်လှေကား, *n.* a kind of creeper, the *Bauhinia scandens.*
ရခိုင်, *n.* Arakan, ရခိုင်ပြည်. Arakan, is officially applied to the whole of Arakan, *viz.*, the Akyab district, Arakan Hill Tracts, the Kyaukpyu and Sandoway districts; but the Arakanese only apply the term ရခိုင် to the Akyab district and the Hill Tracts; one of the Arakanese race. The ancient names of Arakan were ရက္ခပူရ (တိုင်း) (from ရက္ခ, a *bilu*, and ပူရ, country, city, kingdom), and ဓညဝတီ (ပြည်).

ရဂုံ, *n.* a pleasant grove, wood (*not used in colloq.*); *see* ရကိုင်။

ရင်, *n.* the breast, ရင်ပတ်; ရင်ဝယ်သားကဲ့သို့, like the child of one's bosom.

ရင်အင့်, *v.* to be uneasy in the stomach from fulness, whether occasioned by food or gas, ရင်ထဲကအင့်တင့်တင့်ရှိသည်။

ရင်အပ်တန်ဆာ, *n.* an ornament worn on the breast, ရင်လျှမ်းတန်ဆာ။

ရင်အပ်တိုက်, *v.* to hurtle.

ရင်အုပ်, *n.* the breast of a brute animal, နွားရင်အုပ်သားဆူသည်။

ရင်အုပ်တန်ဆာ, *n.* a breastplate.

ရင်အုံ, *n.* the protuberance of the breasts in man or woman.

ရင်အောင့်, *v.* to have a constriction of the chest.

ရင်ကာ (*pron.* ဂါ), *n.* a large shield of boards carried in the hand and planted when required for protection.

ရင်ကား, *v.* to be broad in the chest, ရင်ကျယ်။

ရင်ကျဉ်း (*pron.* ကျဉ်း), ရင်ကျုံ့, *v.* to be narrow in the chest.

ရင်ကျပ် (*pron.* ကျပ်), *v.* to have the sensation of tightness in the chest, so as to breathe with some difficulty; *less than* ရင်ဆို့; မေးထိုးရင်ကျပ်, မေးအောင့်ရင်ကျပ်သည်။

ရင်ကျပ်အင်္ကျီ, *n.* a close jacket worn by girls.

ရင်ကျယ်, *v.* to be broad-chested, as a man, ရင်ကား။

ရင်ကြား, *n.* the depression at the breastbone.

ရင်ကြားစေ့, *v.* to agree, be on good terms, လူချင်းရင်ကြားစေ့အောင်ပေါင်းသည်; to agree in respect to a bargain, ရင်ကြားစေ့အောင်ရောင်းပါ။

ရင်ကွဲစရပ်, *n.* two *zayats* built parallel to each other, with a pathway running between them.
ရင်ကွဲပက်လက်, *adv.* in a broken-hearted manner, prostrated with grief, လင်သေသဖြင့်မယားမှာရင်ကွဲပက်လက်နှင့်နေရစ်သည်။
ရင်ခုန်, *v.* to palpitate, beat, as the heart, ရင်ခုန်ပါသေးသည်။
ရင်ခေါင်း (*pron.* ဂေါင်း), *n.* the chest.
ရင်ချင်းအပ်, *v.* to place breast to breast, စက္ကူမှားကိုရင်ချင်းအပ်ထားသည်။
ရင်ချိုင့်, *v.* to have an unusual depression at the breastbone.
ရင်ချောင်, *v.* to feel free and natural in the chest; *opposed to* ရင်ကျပ်, *and* ရင်အောင့်။
ရင်ခွင်, *n.* the bosom, *i.e.*, the breast and parts adjacent; သားငယ်ကို ရင်ခွင်ထဲမှာသိပ်သည်။
ရင်ခွင်ပိုက်, *n.* a guardian, regent; ရင်ခွင်ပိုက်ကြီးမိုး, the mother or near relation of an hereditary ***thugyi***, who conducts his affairs during his minority (U.B.).
ရင်ငွေ, *n.* the natural warmth of the body (*lit.* breast), ကြက်သူငယ်အမိရင်ငွေကိုလှုံသည်; အရှင်ဘုရား၏ရင်ငွေကိုလှုံလိုသောကြောင့်ခြေတော်ရင်းသို့ ရောက်ပါသည်။
ရင်စည်း, *n.* something bound on the breast, ရင်စည်းတန်ဆာ။
ရင်ဆာ, *v.* to be uneasy from an unnatural appetite.
ရင်ဆိုင် (*pron.* ဇိုင်), *adv.* breast to breast, ရင်ဆိုင်တွေ့။
ရင်ဆိုင်ရှက်, *v.* to close with an enemy (*infreq.*); ရင်ဆိုင်ပွေးရှက်, to grapple in wrestling.
ရင်ဆို့, *v.* to breathe with difficulty, from an obstruction in the chest; *more than* ရင်ကျပ်; *fig.*, သည်စကားကိုကြားလျှင်ရင်ဆို့လာသည်, as in hearing disagreeable news.
ရင်ညွန့်, *n.* the pit of the stomach.
ရင်တား (*pron.* ဒါး), *n.* a fence or palisade outside a fortification.
ရင်တီး, *v.* to beat the breast, ရင်တတီးတီး, ရင်ပတ်တတီးတီး, ရင်တီးလက်ခတ်ပူဆွေးဒုက္ခရောက်ရှာသည်။
ရင်တောင်, *n.* the gusset in each side of a Burmese jacket; an ornament worn by the prince in a dramatic performance.
ရင်တွန်း, *n.* a kind of bamboo trap used in catching shrimps; *see* မြှုံး။
ရင်ထု, *v.* to beat the breast, ရင်တီး။
ရင်နာ, *v.* to be sore in the breast; *comp.* ရင်ပတ်နာ။
ရင်ပတ်, *n.* the breast (of man).
ရင်ပတ်နာ, *v.* to have severe pain in the stomach; the Arakanese say ရင်ခေါင်းနာ။

ရင်ပြင် (*pron.* ဗြင်), *n.* the space before the breast; presence, အထံ, ကိုယ်တော်ရင်ပြင်ရောက်ပါပြီ, ရင်ပြင်တည့်တည့်, မျက်မှောက်ရင်ပြင်။

ရင်ပြည့်, *v.* to have the sensation of fulness in the chest.

ရင်ဖုံး (*pron.* ဗုံး), *n.* a covering for the breast, ရင်ဖုံးတန်ဆာ; အင်္ကျီရင်ဖုံး, the forepart of a Burmese jacket; a bib, သူငယ်ရင်ဖုံး။

ရင်ဖွဲ့, *n.* a badge of office worn on the breast.

ရင်ဘောင်တန်း, *adv.* abreast.

ရင်ရိုး, *n.* the breastbone.

ရင်ရှားဝတ်, *v.* to wear the Burmese petticoat so as to cover the breasts; *comp.* ခါးချပ်ဝတ်, to wear the same with the breasts uncovered: ထမိရင်ရှားဝတ်, ထမိခါးချပ်ဝတ်။

ရင်လင်း, *v.* to feel free and natural in the chest, ရင်ချောင်။

ရင်လုံး, *v.* to be round-bodied.

ရင်လေး, *v.* to have a feeling of oppression in the breast; to feel uneasy in the stomach from fulness, ရင်အင့်; also used figuratively, သည်လူစကားပြောသည်မှာ၊အလွန်ရင်လေးစရာကောင်းသည်။

ရင်လျှောက်, *n.* a large timber suspended horizontally against the wall of a fortress, to let fall upon an assailing party.

ရင်ဝ, *n.* the breadth of the breast, ရင်ဝကျယ်။

ရင်သား, *n.* the breast of a female, နို့အုံ, သားမြတ်; ရင်သားမို့, ရင်သားမောက်, to be full in the bust.

ရင်သိုင်း, *n.* a shoulder belt.

ရင်သွေး, *n.* one's own child, ရင်ခွင်ပိုက်ချီ၍မွေးသောရင်သွေးရတနာကို၊ငါ၏အသက်နှင့်အမျှချစ်ကြင်နာ၏; ရင်သွေးရင်နှစ်, ငါ၏ရင်သွေးရင်နှစ်ချစ်သားချစ်သမီးတို့၊သင်တို့အဘယ်မှာနေကြကုန်သနည်း။

ရင်ဟာ, *v.* to feel uncomfortable from an empty stomach; ထမင်းဆာလို့ရင်ဟာသည်; ရင်ဟာ sometimes has the same meaning as ရင်လင်း။

†ရင်ခတ် (*pron.* ဂတ်), *n.* the *Gardenia coronaria*, ရင်ခတ်ဝါ, ရင်ခတ်ဖြူ။

ရင်ချုင်, *n.* the Karen cabbage-palm.

ရင်ဒေါင်, *n.* the Indian grape.

ရင့်, 1, *v.* to be mature, firm; *opposed to* နု, young, tender; အရွယ်ရင့်, ပါရမီရင့်, သစ်သီးရင့်။

ရင့်မာ, *v.* same, ပတ္တမြားနက်ငုံရင့်မာ, ပါရမီရင့်မာ, သစ်သီးသစ်ရွက်သို့ရင့်မာသောအချိန်ကာလသို့ရောက်ခဲ့ပြီ။

ရင့်, 2, *v.* to repeat melodiously, chant, ကျူး။

ရင့်ညောင်း, *v.* same, ရင့်ညောင်းကျူး၊မြှုးထူးသောငှက်သံ။

ရင့်ယူကြွေး, *v.* same, ငှက်အပေါင်းတို့ကျော်ကြောင်းသာယာ၊ ရင့်ယူကြွေးသို့၊ခေါ်ဓမေးကာနေကြသည်။

ရင့်, **3**, *v.* to trail; *not used singly.* *Der.* ဒရင့်။

ရင့်ရင့်သီသီ, *adv.* trailingly, မဏ္ဍလေးသူမျှားထမိရင့်ရင့်သီသီဝတ်တတ်ကြသည်, ပန်းကုံးကိုရင့်ရင့်သီသီပန်သည်,ရန်ကုန်သားပုဆိုးရင့်ရင့်သီသီဝတ်တတ်သည်။

ရင့်သီ, *v.* same as ရင့်။

†ရင့်သီး, *v.* to be rude, disrespectful in addressing others, သီးရင့်, ဦးစံထွန်းအပြောအဆိုအလွန်ရင့်သီးသည်, U San Dun's manner of speaking is very rude; ရင့်ရင့်သီးသီး, *adv.* rudely, disrespectfully, မိမိအထက်လူကြီးမျှားကိုရင့်ရင့်သီးသီးပြောရန်အခွင့်မရှိ, one has no right to address one's superiors in a disrespectful manner.

ရင်း, *v.* to be at the bottom, be deep-seated, as a wound or sore that has apparently healed, အနာပျောက်ခါနီးမှအစားမှားလို့ရင်းလာသည်; to retreat and return to the combat, as a fighting cock; to place or put for the sake of accumulating; ရင်း *is much used as a verb. affix in colloquial to denote frequency of action, e.g.*, တော်တော်ကြာရင်းသူ့မိန်းမကိုဆိုရင်း; *also to express the main object of an action when mentioning some collateral forming a part (usually preliminary) of it, e.g.*, သူ့ကိုရှာရင်းဒေါင်းဖြူမြို့သို့ရောက်ပါသည်။

ရင်းငွေ, *n.* capital.

ရင်းနှီး, *v.* to place or put for the sake of accumulating.

†ရင်းဆွဲ, *n.* a short ladder suspended from the top of a ထန်း tree.

ရင်းတောင်, *n.* a light ladder used in ascending a ထန်း tree.

†ရင်းပျား (ပင်), *see* ယင်းပြား, *n.* a kind of medicinal plant, the *Ancistrolobus mollis.*

ရစ်, **1**, *n.* a pheasant, ရစ်ကောင်။

ရစ်, **2**, *n.* a spinning wheel, frame, etc., ဗိုင်းဝင့်သည့်ရစ်; an irrigation water wheel, ရေစက်။

ရစ်ကြိုး, *n.* the band of such wheels.

ရစ်ကြိုးစေး (*pron.* ဈည်း), *n.* a composition with which the band is rubbed.

ရစ်နားပန်း, ရစ်နားပန်းကွင်း, *n.* the bearings in which a spindle rests and turns.

ရစ်ပေါင်း, *n.* the wheel of the spinning wheel; any wheel in a machine.

ရစ်ရဟတ်, *n.* a kind of spinning wheel.

ရစ်, **3**, *v.* to wind around, encircle, ပတ်, လည်ပင်းကျွပ်ကြိုးနှင့်ရစ်သည်မြင်းကိုဆွဲမနိုင်လို့ကြိုးနှင့်ရစ်ဆွဲရသည်။

ရစ်တက်, *v.* to entwine and climb up, as a creeper, နွယ်ရစ်တက်သည်။

ရစ်, **4**, *verb. affix*, remaining behind, သင်သည်ယခနေ့မစ၍၊ငါပြန်၍မရောက်မှီကာလပတ်လုံးအိမ်တွင်းမှမထွက်ရစ်နှင့်, ကျွန်းတော်သွားမြင်း ၁းကို၊ကောင်းစွာကြည့်ရှုရစ်ပါနော်, ကျွန်တော်မျိုးညီသေနတ်မှန်၍သေဆုံးနေရစ်ပါသည်။

ရည်, *v.* to aim at, have reference to; *not used singly*, သည်ဥစ္စာကို ဘယ်သူကိုပေးမည်လို့ရည်ထားသလဲ။
ရည်စူး, *v.* same, သည်စရပ်ကို၊ကျွန်တော်ဆရာသေသည်ကိုရည်စူး၍ဆောက်သည်။
ရည်ဆောင် (from ဆောင်), *v.* same, *most common*; ဘုရားကိစ္စမှာသုံးရန်ရည်ဆောင်ထားသည်ငွေ, the treasure intended for use in religious matters; သံသရာအကျိုးမြော်မြင်ရည်ဆောင်။
ရည်ညွှန်း, *v.* same, ဘယ်ဘုန်းကြီးကိုသူမည်လို့မရည်ညွှန်းရပါ; ရည်ညွှန်းချက်, a "subject," as in official correspondence.
ရည်မှတ်, *v.* same as ရည်ဆောင်။
ရည်ရော်, *v.* to allude to at a venture, without certain knowledge.
ရည်ရွယ်, ရည်သန်, *v.* same as ရည်စူး။
†ရည်တူ, *v.* to be equal, on a par, neither superior nor inferior, ဂုဏ်ရည်တူ. လူရည်တူ. ရည်တူချင်း, တန်းတူ, တန်းတူရည်တူချင်းကဘဲ။
ရည်တိုင် (*pron.* ရဒိုင်) (from အရည်), *n.* the pegs, or short stakes driven in the ground, on which warp is wound, ရက်ကန်းတိုင်။
ရည်သွား (*pron.* ယသွား), *n.* a weaver's reed or sley.
ရည်းငံ, *v.* to be on terms of familiar and intimate acquaintance, as betrothed lovers; ချစ်ကြည်ရည်းငံ, သူတို့နှစ်ဦးချစ်ကြည်ရည်းငံကြသည်, စုံမက်ရည်းငံ။
ရည်းစား (*pron.* ဘား), *n.* a lover of either sex whose love is reciprocated, a sweetheart; တလင်တရည်းစား, a term denoting that a person has married his or her first love.
ရည်းစားထား, *v.* to indulge in mutual love, မောင်မြို့နှင့်မငြိမ်းမယ်ရည်းစားထားကြသည်။
ရည်းစားပျက်, *v.* to be broken off, as a betrothal between lovers; *n.* a party in a broken engagement; သူတို့နှစ်ယောက်ရည်းစားပျက်ကြပြီ။
ရည်းစားဖျက်, *v.* to break an engagement, ရည်းစားမထားချင်လို့ဖျက်ပစ်သည်; *n.* a faithless lover who breaks a promise to marry.
ရည်းစားများ, *v.* to have many lovers; *comp.* ဇာတ်နာများ။
ရည်းစားသနာ, *n.* same as ရည်းစား။
ရတက်, *n.* business, trouble, အမှု (*occurs in songs*).
ရတ္တိ, *n.* a weight used by dealers in precious stones. A ရတ္တိ is about one ninth less than a carat.
ရတနာ (*pron.* ရဒနာ) (Pali), *n.* anything precious, သားသွီးရတနာ, ရွှေငွေရတနာ, ဆင်ရတနာ, မြင်းရတနာ, ရတနာရှိရာ၊ရတနာလာသည်။
ရတနာဆယ်ပါး, *n.* ten precious things, including gold, silver, and several kinds of precious stones, which priests are forbidden to handle.
ရတနာသုံးပါး, *n.* the three objects of worship, *viz.*, Buddha, the Law,

and the Priesthood, ဘုရား၊တရား၊သံဃာ; these constitute a three-fold formula which Buddhists repeat as an act of worship; three is a sacred number among Buddhists; ရတနာသုံးပါးကိုကိုးကွယ်ကြသည်။

ရတု, 1 (*pron.* ရဒု), *n.* a season of two months, one of the six seasons into which the year is divided; ရတုခြောက်ပါး; *comp.* ဥတု။

ရတု, 2, *n.* a kind of verse, ရတုရကံ (*pron.* ရဒုရဂံ).

ရထား, *n.* a carriage with four wheels; any wheel carriage superior to a cart; the large carriage used at the cremation of Buddhist priests.

ရထားခင်တိတ် (*pron.* ဂင်ဒိတ်), *n.* the small carriage on which the body of a priest is conveyed to its cremation.

ရထားစီးသူရဲ, *n.* a chariot soldier.

ရထားတန်ဆာ, *n.* ornaments or appendages of a carriage.

ရထားထိန်း (*pron.* ဒိန်း), *n.* a charioteer; a carriage driver.

ရထားပေါင်း, *n.* the top or hood of a carriage.

ရထားပေါင်းချုပ်, *n.* a carriage hood which may be closed down.

ရထားပိုင်, *n.* a private carriage.

ရထားဘီး (*pron.* ဗိန်း), ရထားဘီးစက်, *n.* the wheel of a carriage.

ရထားမြူ, *n.* the dust raised by a carriage in motion, ရထားမောင်းသွားသည့်အခါနောက်ကထသောမြူ။

ရထားမှူး, *n.* a carriage driver.

ရထားရေထုမြူ, *n.* a small particle equal to sixteen တစ္ဆရေမြူ။

ရထားလမ်း, *n.* a carriage road.

ရထားလု, *adv.* hither and thither in a state of vacillation, တောင်ပြေးမြောက်ပြေးရထားလုဖြစ်နေပြီ; သူတို့နှစ်ယောက်ရထားလုစကားပြောကြသည်။

ရထားဝင်ရိုး, *n.* the axletree of a carriage.

ရထားသန် (*usually pron.* ရထသန်), *n.* the pole or beam of a carriage; a thill or shaft.

ရန်, 1, *n.* a quarrel; enmity; danger, cause of danger; an enemy, ဘေး။

ရန်ကင်း, *v.* to be free from enemies or dangers, ရန်ကင်းတောင်။

ရန်ကြွေ, *v.* to diminish in violence, as a quarrel.

ရန်ကြွေးဆပ်, *v.* to retaliate, to avenge one's self, မင်းကိုရန်ကြွေးဆပ်ဦးမည်။

ရန်ကြွေးတင်, *v.* to incur enmity.

ရန်ခံ, *v.* to resist an assault.

ရန်ငူး, *n.* a victorious king (*poetical*), ရန်ငူးလှူတောင်ထွဋ်ခေါင်ရာဇာ။

ရန်ငြိမ်း, *v.* to be settled, quieted, done away; *more than* ရန်ပြေ; to be quiet, undisturbed by enemies.

ရန်ခြောင်, *n.* a robber, rebel; an enemy, ရန်သူးရန်ခြောင်။

ရန်ငြိုးထား, ရန်ငြိုးဖွဲ့, ရန်ငြိုးသို, *v.* to harbor resentment, bear malice; ငြိုး, အငြိုးဖွဲ့, ငြိုးသူရန်ဘက်, ရန်ငြိုးဒေါသထား။

ရန်စ (*pron.* ရန်ဇ), *n.* the beginning of a quarrel; ရန်စသူ, an aggressor, ရန်ရှာသူ; *v.* to begin a quarrel, to be the aggressor.

ရန်စင်, *v.* to be free from enemies or dangers, ရန်ကင်း။

ရန်စစ်, *n.* war, မင်းနှစ်ပါးတို့ရန်စစ်ဖြစ်ပွားနေသည့်အခါ၊ နိုင်ငံမငြိမ်ဝပ်နိုင်။

ရန်စပြု, ရန်စပျိုး, *v.* to aggress; ရန်စပျိုး, *lit.* to sow enmity, to begin a quarrel, သည်သူတယောက်ရန်စပြုနေပြီ။

ရန်စဲ, *v.* to cease, as enmity, ယခုမှရန်စဲကာရှိသေးသည်, စကားနည်းရန်စဲ။

ရန်ဆူး, *n.* a robber, rebel, ရန်ခြောင့်။

ရန်တုံ့ပြု, ရန်တုံ့မူ, *v.* to return evil for evil; *comp.* ရန်ကြွေးဆပ်, and အစားချေ။

ရန်တိုက်, *v.* to provoke a quarrel between others, လင်မယားနှစ်ယောက်အကြား၊ အခြားသူဝင်ရန်တိုက်၍၊ ကြွက်ကြွက်ဆူရန်ဖြစ်နေကြသည်။

ရန်တွေ့, *v.* to quarrel, သည်သူနှစ်ယောက်နေ့တိုင်း နေ့တိုင်းရန်တွေ့ကြသည်; usually refers to a contention in words.

ရန်ထောင်, *v.* to show an inclination to quarrel, to take occasion to quarrel.

ရန်နည်း, *v.* to have few enemies.

ရန်ပို, *v.* to come to a quarrel, ရန်မလိုရန်ပို၊ ရန်လိုရန်ပြို။

ရန်ပြု, *v.* to continue a quarrel, ကျွန်တော်ကိုအကြောင်းမဲ့ရန်ပြုနေသည်; sometimes equivalent to ရန်စ။

ရန်ပြေ, *v.* to be settled, as a quarrel, ရန်ပြေငြိမ်းအောင်ဖျန်ဖြေဆိုသည်။

ရန်ပြီ, *v.* to come to an end, as a quarrel, ရန်အေးသည်။

ရန်ပွား, *v.* to increase, become great from a small beginning, as a quarrel, မဖြစ်လောက်သည့်အမှုရန်ပွားအောင်မပြုချင်ပါနှင့်။

ရန်ဖြစ်, *v.* to quarrel; usually referring to a physical combat, သူငယ်ကလေးနှစ်ယောက်ရန်ဖြစ်နေကြသည်။ ဖျင်လိုက်ပါ။

ရန်ဘက်, *n.* a party in a quarrel, an opponent, ငြိုးသူရန်ဘက်, မင်းလိုလူရန်ဘက်ပြုလောက်သူမရှိပါဘူး; *adv.* at enmity.

ရန်မာန်, *n.* an evil, calamity, ဘေးဒဏ်, အန္တရာယ်။

ရန်မူ, *v.* to resolve on making resistance, သူအလိုရှိသည့်ဥစ္စာမပေးလို့ရန်မူနေသည်။

ရန်ရှင်း, *v.* to be free from enemies and dangers, ရန်ကင်း, မည်သူတယောက်သောက်နှင့်မျှငြိုးထားခြင်းမရှိ၊ ရန်ရှင်းသည့်လူပါဘဲ။

ရန်ရှာ, *v.* to seek a quarrel, ကျွန်တော်ကိုခဏခဏရန်ရှာသည့်အတွက်၊ သည်ရွာမှာမနေနိုင်သလောက်ဖြစ်နေပြီ။

ရန်ရှား, ရန်ရှောင်, *v.* to keep aloof, as an enemy, through fear or other cause, အခဝေးကရန်ရှားနေသည်။

ရန်ရှိ, *v.* to be dangerous, as ရန်ရှိရာအရပ်။

ရန်လို, *v.* to be quarrelsome; to be aggressive, ရန်လိုတဘ်သည့်မိန်းမ။
ရန်လွင့်, *v.* to be dissipated, as a cause of fear (*rare in colloq.*).
ရန်လွတ်, *v.* to escape danger.
ရန်လွှင့်, *v.* to dissipate enmity.
ရန်ဝေး, *v.* to be safe, as ရန်ဝေးသောအရပ်, a place of safety, သည်နေရာတွင်ရန်သူနီးသောကြောင့်ရန်ဝေးရာကိုရွှေ့မည်။
ရန်သူ, *n.* an enemy, ရန်သူမျိုးငါးပါး၊ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်လိုသောသူ; ရန်သူမျိုးငါးပါးဖျက်ဆီးလို့ပျက်စီးကုန်ပြီ, the Burmese use this collective phrase even when they speak of having suffered damage from only one of the five kinds of enemies; thus a cultivator would say that he had been ruined by the five kinds of enemies, when his crops alone had been destroyed.
ရန်, 2, *v.* to appropriate, set apart for some purpose, design for, ရန်၍ထား, လျာ; *comp.* စောင်; ကျွန်ုပ်စားဘို့ရန်ထမင်းကိုရန်ထားလိုက်ပါ။
ရန်, 3, *verb. formative*; *see* အရန်; *see Gram. sec.* 125, *3rd*; *the verbal in* ရန် (from ရန်သည်, to appropriate), denotes what is for some purpose, as ပြုရန်, what is to be done; ကျွန်ုပ်သင်ရန်စာအုပ်, a book for me to study; သူကြည့်ဘို့ရန်လာသည်, he came to look.
ရနယ်, *n.* a rafter of wood; *comp.* အခြင်။
ရနယ်ခံ, *n.* a transverse timber, which occurs at intervals between the plate and the ridge of a roof, to support the rafters.
ရနံ့, *n.* vegetable fragrance.
ရနံ့ကြူ, ရနံ့ကြိုင်, ရနံ့ထုံ, ရနံ့ပျံ့, ရနံ့မွှေး, *v.* to be fragrant, as the air filled with sweet odors.
ရန်း, *v.* to make a barrier on the side, ကာသည် (*obs.*). *Der.* ကာရန်း, စတုရန်း, စောင်ရန်း, တင်ရန်း, လက်ရန်း, အရန်းအတား။
ရပ်, *v.* to stand; to stop, halt, remain, တန့်; hence အရပ်; ခဏရပ်ပါဦး။
ရပ်ခံ, *v.* to hold out, to sustain, ခံရပ်; to withstand an enemy, ခုခံသည်; မေတ္တာရပ်ခံ, to petition (*clerical.*).
ရပ်ဆိုင်း, *v.* to wait, remain, delay, ယခုရောက်သည့်နေရာတွင်ရပ်ဆိုင်းစေဦး, သည်စာကိုမရပ်မဆိုင်းဖို့ကြရမည်။
ရပ်ဆွေရပ်မျိုး, *n.* a fellow-countryman; a fellow-townsman.
ရပ်တန့်, *v.* to stop, halt, remain.
ရပ်နား, *v.* to take up one's abode either permanently or for a brief space of time; an honorific expression applied to Buddhist monks and officials of high rank, တရားရပ်နား, မြို့သို့မသွားဘဲတရားရပ်နားနေသည်; စာကိုမရပ်မနားဖို့ကြရမည်။

ရပ်သိမ်း, *v. see the parts;* စစ်ရေးပြသည်ကိုရပ်သိမ်းလိုက်ခဲ့ပြီလား, ယခုလုပ်သည့်အနေထက်တိုး၍မလုပ်စေနှင့်၊ရပ်သိမ်း၍ထားလိုက်ပါဦး။

†ရပ်သစ်, *n.* small timber suitable for posts, ခင်ဗျားအိမ်ရပ်သစ်တယ်နှစ်လုံးစိုက်ပါသလဲ။

ရဗ, *n.* a flat basket.

ရမက်, *n.* desire, longing for, ရမက်ကပ်သည်, ရမက်ကြီးသည်, ဥစ္စာအရာ၌အလိုရမက်ကြီးသည့်လူ။

ရမ္မက် (Pali ရမ္မက်), *n.* appetite; lust, အလိုရမ္မက်, တဏှာရမ္မက်; similar to ရမက်။

ရမ္မထာ, *n.* a species of large rattan (*rare*), ရမ္မထာကြိမ်။

ရမ်း, 1, *v.* to be slightly swelled; *less than* အနိုး; မျက်နှာရမ်းတမ်းတမ်းရှိသည်။

ရမ်း, 2, *v.* to be abundant (*obs.*). *Der.* ပေါရမ်း။

ရမ်းရမ်းငွေ့, *v.* to be sufficiently abundant; *used adverbially.*

†ရမ်းကား, *v.* to be haughty, insolent, စော်ကား, တယ်ရမ်းကားသည့်လူ, စော်ကားရမ်းကားအလွန်ပြုတတ်သည်။

ရယ် (*freq. pron.* ရည်), *v.* to laugh, ငါရယ်ချင်လှသည်; ရယ်ပြုံး, ရယ်ခါပြုံးခါ, ကိုယ်မလှကိုယ်မမြင်၊သူမလှကိုယ်ရယ်ချင်။

ရယ်မော, *v.* to laugh loudly, သူငယ်ချင်းတို့ဘာဝရယ်မောနေကြသည်။

ရယ်ရွှင်, ရယ်ရွှန်း, *v.* to laugh and be merry, ရယ်ရွှင်စရာပြောတတ်သည်။

ရယ်ရွှန်းဖတ်ရွှန်း, *adv.* of similar import, ရယ်ရွှန်းဖတ်ရွှန်းစကားပြောသည်။

ရယ်သွမ်းသွေး, *v.* to laugh derisively, ကာလသားစုပြီးရယ်သွမ်းသွေးနေကြသည်။

ရယ်ဟက်, *v.* to laugh heartily (*rare*).

ရဝေတိုင် (*pron.* ဗိုင်), *n.* the middle south post in the main part of a house; *see under* ကွန်း။

ရသ (*pron.* ရ၊သ) (Pali), *n.* flavor, taste, အရသာ, ရသတဏှာခံစားသည်။

ရသာဂ္ဂ (*pron.* ရ၊သာ၊ဂ္ဂ) (from သာဂ္ဂ), *n.* flavor tasted.

ရဿ (Pali), *a.* short, အတို; ရဿသရ, a short vowel.

ရသေ့, *n.* a devotee, ascetic, ကာလဒေဝိလ,ငရသေ့. "*Raci* or *Rathee* means a hermit, a personage living by himself in some lonely and solitary recess, far from the contagious atmosphere of impure society, devoting his time to meditation and contemplation. His diet is of the coarsest kind, supplied to him by the forest he lives in; the skins of some wild animals afford him a sufficient dress. Most of these *Rathees* having reached an uncommon degree of extraordinary attainments, their bodies become spiritualized to an extent which enable them to travel from place to place by following an aerial course. [illegible]

ရသေ့ရှူး, *n.* an instrument with two points, one larger than the other, used in perforating and turning beads and buttons.

ရသေ့, *n.* a kind of fine rice, ရသေ့ဆန်။

ရဟတ်, *n.* a reel on which thread is wound from the spindle, ရဟတ်ချား; a wheel, anything that turns on an axis, စက်ရဟတ်, စပါးကို ရဟတ်နှင့်ကြိတ်သည်။

ရဟန္တာ (*pron.* ရဟန်းဒါ), *n.* an *ariya* (အရိယာ) of the highest order, အရဟတ္တဖလဌာန်; *see* အရိယာ (124).

ရဟန်း, *n.* a priest of Buddh, ထေရ်, ပဉ္စင်း; *rahan* means perfect. The difference between a *pongyi* and a *rahan* is that although both are *rahans*, the former is the abbot or head of a monastery.

ရဟန်းကျူး (*pron.* ဂျူး), *n.* a priest guilty of immorality.

ရဟန်းခံ, *v.* to receive ordination, as a priest of Buddh.

ရဟန်းတက်, *v.* to advance from being a novitiate to a *rahan*; ပဉ္စင်းတက်။

ရဟန်းတကာ, *n.* a layman who provides everything necessary for the ordination of a ရဟန်း။

ရဟန်းပြု, *v.* to receive ordination, as a priest of Buddh, ရဟန်းခံ။

ရဟန်းမ, *n.* a priestess of Buddh, ထေရီ။

ရဟန်းမင်းကြီး, *n.* the Pope of Rome.

ရဟန်းလူထွက် (*pron.* ဒွက်), *n.* one who has left the priesthood, ဘုန်းကြီးလူထွက်; *v.* to leave the priesthood.

ရံ, *v.* to surround, encircle, encompass, ဝန်းဝိုင်းစည်းရံ, တောင်ရံ, ဝင်းရံ။

ရံတပ်, *n.* an outpost; ကိုယ်ရံတပ်, a bodyguard.

ရံတိုင်, *n.* a small pillar or post forming the side of a cart, လှည်းရံတိုင်။

†ရံခါ, ရံဖန် (from အရံ), *adv.* sometimes; time and again; *less frequent than* အဖန်ဖန်; အမြဲမလာဘူး၊ရံခါရံဖန်လာပါ၏။

ရံပုံ (*pron.* ဗုံ), *v.* to consult, deliberate together, တိုင်ပင်နှီးနှော။

ရာ, 1, *v.* to be fit, proper, right, အပ်, တန်, တော်; *chiefly used as a qualifying affix*; *freq. euphonic*; ရာမရာတော်မတော်ထောက်ချင့်လို့ကြည့်ပါဦး, မိမိနှင့်မတန်သည့်စကားမပြောရာဘူး, မင်းနှယ်မင်းမျိုးဖြစ်လျက်၊မင်းကျင့်တရားနှင့်မညီကျင့်မူကား၊ဆုံးမဖြစ်တားရာ၏။

ရာ, 2 (from အရာ), *verb. formative*, denoting the object of an action, or the place of being or action; *sometimes reduplicated*; ဖြစ်ပွားရာအရပ်, မိမိနှစ်သက်ရာကိုရွေးချယ်သည်, ပြောချင်ရာပြောနေသည်။

ရာ, 3, *see* လျာ, *v.* to appropriate.

ရာကုဋေ, *n.* a billion.

ရာဂ (Pali), *n.* strong passion, particularly lust: *more than* တဏှာ; ရာဂထိုးကျင့်, ရာဂနှိပ်စက်။

ရာဇ, *see* ရာဇာ, *n.* a king.

ရာဇဂုဏ်, *n.* the pride of a king, ruler, etc.; a royal attribute of which there are eight, ရာဇဂုဏ်ရှစ်ပါး။

ရာဇဂုဏ်တက်, *v.* to feel the pride of royal blood, ရာဇဂုဏ်မောက်, ရာဇဂုဏ်ရောက်။

ရာဇဂိုဏ်း (from ဂိုဏ်း, that which is unsuitable to be done or spoken), *n.* that which is improper to be done to a king or government; disloyalty, sedition.

ရာဇဂိုဏ်းလွတ်၊မလွတ်, *v.* to be chargeable, or not chargeable, with disloyalty, whether in speech or act.

ရာဇဂိုဏ်းသင့်, *v.* to be guilty of disloyalty, sedition.

ရာဇတိုင်, *n.* the sternpost of a boat or ship.

ရာဇဒဏ်, *n.* a beating, scourging; a pecuniary penalty inflicted by government authority.

ရာဇဓမ္မ, *n.* a rule for royal observance, of which there are ten, မင်းကျင့်တရားဆယ်ပါး။

ရာဇနီတိ, *n.* a book of proverbs pertaining to government; *see* နီတိ။

ရာဇပရိယာယ်, ရာဇမာယာ, *n.* artifice used by kings or others in authority.

ရာဇပလ္လင်, *n.* a royal throne.

ရာဇမတ်, *n.* a lattice fence (usually of bamboo) erected by the side of a road where great personages are to pass, ရာဇမတ်ကာ။

ရာဇမတ္တဏ် (*pron.* မတ်), *n.* a book of rites and ceremonies pertaining to kings.

ရာဇမာန်, *n.* the anger of a king, ရာဇမာန်ပွား။

ရာဇလှံတံ (*pron.* လှံဒံ), *n.* a sceptre.

ရာဇဝင်, 1, *n.* a history of kings; civil history; ရာဇဝင်ထိုး, to place on historical record.

ရာဇဝင်, 2, *n.* a kind of tree.

ရာဇဝတ်, *n.* *lit.* the duty a subject owes to his king; a heavy penalty inflicted by government; *more than* ရာဇဒဏ်; တစ္စန်းတစဆိုးဘူးသည် ထွက်ဆိုလျှင်၊ ရာဇဝတ်တော်ခံပါမည်; ရာဇဝတ်ခိုးသေးမိုးပွား, criminal offenses of a minor kind; သူရာဇဝတ်သူထမ်းခွက်ခဲ့ရသည်။

ရာဇဝတ်အုပ်, *n.* a head constable of police.

ရာဇဝတ်ကျင့်ထုံးဥပဒေ, *n.* the Code of Criminal Procedure.

ရာဇဝတ်ကြောင်းစွဲ, *v.* to sue criminally, in contradistinction to တရားမကြောင်းစွဲ, to sue civilly.

ရာဇဝတ်ခေါင်း (*pron.* ဂေါင်း), *n.* a rural police *gaung*, ရွာခေါင်း။

ရာဇဝတ်ထိန်း, *n.* a petty constable, a *cutwal.*

ရာဇဝတ်မင်းကြီး, *n.* the Inspector-general of Police.
ရာဇဝတ်မှု, *n.* conduct exposing one to a heavy penalty from government; a criminal case, ရာဇဝတ်ပြစ်မှု, ၎င်းရာဇဝတ်မှုပေါ်ပေါက်ထင်ရှား စေရန်ဗိုဒ်ရှိယမိုက်ကြပါ။
ရာဇဝတ်ရုံး, *n.* a criminal court; a police office; *comp.* တရားရုံး။
ရာဇဝတ်ဝန်, *n.* a District Superintendent of Police; နယ်ပိုင်ရာဇဝတ် ဝန်ထောက်, ရာဇဝတ်ဝန်ထောက်, an Assistant District Superintendent of Police.
ရာဇဝတ်သင့်, *v.* to become subject to a heavy penalty inflicted by government; ရာဇဝတ်သင့်သူ, a felon; ရာဇဝတ်သင့်ထိုက်မှု, felony.
ရာဇဝတ်သား, *n.* a policeman, ရာဇဝတ်အမှုထမ်း, ပုလိပ်သား။
ရာဇသကြီ, *n.* a title of nobility.
ရာဇသတ် (from သတ်, to settle), *n.* a fresh enactment of government in addition to the standing ဓမ္မသတ်; ဣန္ဒြိယရာဇသတ်ကြီးဥပဒေ, the Indian Penal Code.
ရာဇသံပါ, *v.* to be dignified and weighty in style, as the language of an official proclamation, or as an oral official declaration.
ရာဇာ (Pali), *n.* a king, ရှင်ဘုရင်, မင်းကြီး။
ရာဇူ, *n.* large scales, ဆွဲချိန်ခွင်။
ရာထူး (*pron.* ဒူး), *n.* an office under government; ရာထူးခန့်, to appoint to an office; ရာထူးချီးမြှင့်, to promote, exalt; ရာထူးတိုးတက်, to receive promotion.
ရာနဟုတ, *n.* a nonillion, expressed by a unit and fifty-four ciphers.
ရာပြတ် (*pron.* ဖြတ်), *n.* an appraizer appointed by government, or a person who has become one by public approval, အသိုးပြတ်သော သူ; သမုတ်ရာပြတ်, usually an appraiser of precious stones.
ရာရာသာ, *adv.* having no claim to, or concern with, သည်စကားမင်း နှင့်ရာရာသာသပြောထိုက်သည့်စကားမဟုတ်ဘူး, သည်ပုဆိုးမင်းနှင့်ရာရာသာသမ စပ်ဆိုင်ဘူး။
ရာသီ (Pali), *n.* a sign of the zodiac, of which there are twelve, *viz.* မိဿ, Aries; ပြိဿ, Taurus; မေထုန်, Gemini; ကရကဋ်, Cancer; သိဟ်, Leo; ကန်, Virgo; တူ, Libra; ဗြိစ္ဆာ, Scorpio; ဓနု, Sagittarius; မကာရ, Capricorn; ကုံ, Aquarius; မိန်, Pisces; the menses, menstrual discharge, female courses, ဥတု, မိးယပ်; a tree or plant which blossoms throughout the year, a perennial, ဆယ်နှစ်ရာသီပွင့်; a tree which bears fruit throughout the year, as the plantain, ဆယ်နှစ် ရာသီသီး; the name of a plant, ဆယ်နှစ်ရာသီပင်, also called ရာသီ

ပင်; a silver bowl or cup ornamented with the twelve signs of the zodiac, ဆယ်နှစ်ရာသီဖလား။

ရာသီစက်, *n.* the zodiac.

ရာသီဂုပ်, ရာသီထိမ်, *v.* to have a suppression of the menses.

ရာသီပန်း, *n.* the menses.

ရာသီပန်းပွင့်, *v.* to have a return of the menses, ရာသီပေါ်, ရာသီပြန်။

ရာသီမှန်, *v.* to be regular in the menstrual discharge.

ရာသီလင့်, *v.* to be after the proper time, as the menses.

ရာဟု, *n.* a dark planet (ရာဟုဂြိုဟ်, ရာဟုသံတောင်းဂြိုဟ်) visible only when coming over the disc of the sun or moon, and causing an eclipse; the regent of the said dark planet; *see* အသူရိန်, and ငပုပ်။

ရာဟုဘမ်း, *v. lit.* Rahu seizes; *in an extended sense,* to become eclipsed, as the moon: *see* ငပုပ်ဘမ်း။

ရာဟုလာ, *n.* Rahula, son of Prince Sidharttha (afterwards Gautama the Buddh) and Yasodhara, daughter of Supra-Buddha.

ရိ, 1, *v.* to be gentle. moderate; *chiefly used adverbially,* as ဝမ်းထဲက ဘရိရိနာသည်။

ရိပွပ်, *v.* to cling to, hang on, as a child to a parent, or a dependent to a man of power, အမိနှင့်ရိပွပ်၍နေတတ်သောသားငယ်, ကျွဲဆိုသောအကောင်မျိုးအမိကိုခြင်သည့်အခါရိပွပ်တတ်သည်။

ရိ, 2, *v.* to be rotten, as cloth, ပုဆိုးဟောင်းလွန်းလို့ရိနေပြီ။

ရိယွဲ့, *v.* same as ရိ။

ရိ, 3, *v.* to gleet, run, as pus from a sore; applied to any slimy, filthy discharge, ရိနီ, ရိပြွ, ရိဝါ။

ရိနာ, *n.* gleet, gonorrhœa, or anything of the kind, အတွင်းနာ; the Burmese usually term syphilis အပြင်နာ, and gonorrhœa အတွင်းနာညောင်း။

ရိယွဲ့, *v.* same as ရိ။

ရိက္ခာ, *n.* provisions; commonly provisions for a journey.

ရိက္ခာကံကျေး, ရိက္ခာစားနပ်, ရိက္ခာဆန်, ရိက္ခာဆန်ရေ, *n.* same.

ရိက္ခာထုပ်, *n.* a bundle of provisions.

ရိက္ခာသေတ္တာကျီ, *n.* a commissariat granary.

ရိတ်, *v.* to reap, စပါးရိတ်; to mow, မြက်ရိတ်; to shave, ဆံပင်ရိတ်။

ရိတ်ကြောင်း, *n.* a swath, တင်န်းစာ, a line of grass or grain as cut by the mower.

ရိဿဂံ, *n.* a rectangle.

ရိတ်ထောင့်, *n.* a right angle, ကျင်တွယ်ထောင့်; ရိတ်ထောင့်ရှိ, to be rectangular.

ရိတ်ရိတ်, *adv. intensive to* လှီး, ချင်းကိုထားနှင့်ရိတ်ရိတ်လှီး, ဟင်းရွက်ကိုထား နှင့်ရိတ်ရိတ်လှီး။

ရိပ်, *v.* to throw a shadow (*obs. in this sense*); to hint at, intimate, ရိပ်ပြောသည်, ကျွန်တော်ကိုရိပ်ပြောမှန်းသိပါ၏. *Der.* အရိပ်။

ရိပ်ကာခံစား, *v.* to enjoy momentarily.

ရိပ်ခနဲ, *adv.* in the way of catching a glimpse of, ရိပ်ခနဲမြင်လိုက်သည်။

ရိပ်ခါ, ရိပ်ခါကလေး, ရိပ်တိတ်တိတ်, *adv.* hintingly, ရိပ်ခါပြောလျှင်နားလည် လိမ့်မည်။

ရိပ်တိုးရိပ်တိတ်, *adv.* hintingly, ရှိုးတိုးရိပ်တိတ်စောင်းပြောသည်။

ရိပ်တမ်းသိတမ်း, *adv.* catching at the meaning of another, အကုန်နားမ လည်သော်လည်းရိပ်တမ်းသိတမ်းနားလည်ပါ၏။

ရိပ်မိ, *v.* to get a hint of, discover, recognize, ခင်ဗျားတို့အကြံကို ကျွန်တော် ရိပ်မိသည်, ကျွန်တော်ရေးသည့်စာအဓိပ္ပာယ်ကိုရိပ်မိပါသလား။

ရိပ်ရိပ်သိသိ, *adv.* by a very little.

ရိပ်ငွဲ, ရိပ်သိ, *v.* same as ရိပ်, in certain combinations.

†ရိပ်ရိပ်, *adv. intensive to* ပြေး, ရိပ်ရိပ်ပြေးအောင်သွားသည့်သတော်. လှသုံး ယောက်လှော်လျှင်ရိပ်ရိပ်ပြေးသည့်လှေတဲ။

ရိရှားပန်းလျှ, *adv.* in most poor and wretched plight; *not used in colloq.*; အစိုးရအလုပ်ကိုမယုတ်မလျှော့စေရအောင်၊ ရိရှားပန်းလျှဥဿာဟဖြင့် ကြိုးပန်း အားထုတ်ထမ်းရွက်ခဲ့ပါသည်; ရိရှားပင်ပန်း has a similar meaning.

ရိသဲ့သဲ့, *adv.* vaguely, indefinitely, insinuatingly, စကားရိသဲ့သဲ့မပြောပါနှင့်။

ရီ, *v.* to be darkish, dusky, မိုးညိုးရီသည်, မှုန်, ဝေ; to be giddy, dizzy, မူးဝေ။

ရီတရော (*freq. pron.* ရီသရော), *adv.* darkly, duskily, as in evening twilight, နေဝင်ရီတရော. နေဝင်ရီတမှောင်။

ရီရီ, *adv.* indistinctly, obscurely, dimly, နေဝင်ဖီရီအချိန်, ရီရီကလေးသာ မြင်ရသည်။

†ရီကော်ဒါ (မင်းကြီး), *n.* the Government Recorder.

ရီဇစ္စတြာဝန်ထောက်, *n.* a Registrar.

ရုက္ခ (Pali), *n.* a tree, သစ်ပင်။

ရုက္ခစိုး (*pron.* ရုပ်ခဇိုး), *n.* a sylvan deity, a dryad.

ရုက္ခမူ, *n.* an ascetic who lives under a tree; one of the thirteen austerities (ဓုတင်), ရုက္ခမူဓုတင်ဆောက်တည်သည်။

ရုတ်, *not used singly.*

ရုတ်ခနဲ, *adv.* instantly, ချက်ခြင်း, ရှောင်တခင်, ရုတ်ခနဲအမှတ်ရသည်, ရုတ်ခ နဲထသွားသည်, ရုတ်ခနဲသိသည်, ရုတ်ခနဲ ဖွင့်, to fling open.

ရုတ်ခြင်း, ရုတ်တရက်, *adv.* same, ရုတ်တရက်မမှတ်မိ, ရုတ်တရက်မသိ။

ရုတ်ခြင်းထ, *adv.* instantly, with a sudden rush or spring.

ရုတ်ရက်, ရုတ်ရက်ခပ်, *adv.* in a bustle, flurry, တောင်ပြေးမြောက်ပြေးရုတ်ရက်ခပ်သွားကြသည်။

ရုတ်ရက်ခပ်ပြု, *v.* to make a bustle, သည်မြို့ရွာရုတ်ရက်ခပ်ပြုနေကြသည်။

ရုတ်ရိရုတ်ရက်, *adv.* in a bustle, flurry, ရုတ်ရိရုတ်ရက်တယ်နိုင်သည့်လူ။

ရုတ်ရုတ်, *adv.* quickly, rapidly, သုတ်သုတ် (*rare in colloq.*).

ရုတ်ရုတ်သဲသဲ, *adv.* noisily, clamorously (*rare* in *colloq.*).

ရုန့်, *v.* to be coarse, as thread, ကြမ်း။

ရုန့်ကြမ်း (*pron.* ဂြမ်း), *v.* same; to be of coarse grain, အထည်အလွှန်ရုန့်ကြမ်းသည်; to be coarse, violent, as language, အပြောအဆိုရုန့်ကြမ်းသည်; to be rough, harsh, violent, ကြမ်းတမ်း; အပြုအမူရုန့်ကြမ်းသည်, အသွားအလာရုန့်ကြမ်းသည်။

ရုန့်ရင်း, *v.* to be rough, harsh, violent, ရုန့်ရင်းကြမ်းတမ်း; also applied to personal appearance, သူ့ပုံပန်းလက္ခဏာရုန့်ရင်းကြမ်းတမ်းသည်။

ရုန်း, 1, *v.* to pull, draw, with a strain on the shoulder or breast, as a beast of burden, ရထားရုန်း, လှည်းရုန်း, သစ်ရုန်း; to pull contrarily in order to extricate one's self, to struggle to get free, ရုန်းထွက်ပြေးသည်; to react as an elastic body, ကန်, ကော်ဖတ်ကြိုးရုန်းလို့တိုသွားသည်; to warp, as wood, သစ်သားရုန်းသည်။

ရုန်း, 2, *v.* to be tumultuous, in a hurry, crowding before one another; *used only in an adverbial form.*

ရုန်းရင်း, *v.* to be tumultuous, as a mob, to make a disturbance; *chiefly used in adverbial forms.* လူများရုန်းရင်းရုန်းရင်းနှင့်ရန်ဖြစ်ကြသလား။

ရုန်းရင်းခတ် (*pron.* ဂတ်), ရုန်းရင်းခတ်မှု, *adv.* in a tumultuous manner; ရုန်းရင်းခတ်မှု, *n.* an affray.

ရုန်းရင်းခတ်ပြု, ရုန်းရင်းခတ်မှုပြု, ရုန်းရင်းခတ်မှုဖြစ်, *v.* same as ရုန်းရင်း; အမိုးရလမ်းပေါ်မှာရုန်းရင်းခတ်ပြုသည်အတွက်ဒဏ်ခံရသည်; ထိုပွဲမှာရုန်းရင်းခတ်မှုမပြု၊ငြိမ်ဝပ်စွာနေကြသည်။

ရုပ်, 1 (from ရူပ, visibility), *n.* matter considered as an object of sense; *opposed to* နာ်, mind; a corporeal frame, animal body, ကိုယ်; appearance, ပုံပန်, symptom, လက္ခဏာ; the aggregate of the elements that constitute the body, outward form, သည်သူ့အလွှန်ရုပ်ကောင်းသည်။

ရုပ်ကလာပ်, *n.* a corporeal collection or compound, of which eight are enumerated, *viz.* ဝဏ္ဏော, ဂန္ဓ, ရသ, ဩဇာ, ပထဝီ, အာပေါ, တေဇော, ဝါယော။

ရုပ်ဆောင်, *v.* to assume an appearance, အယောင်ဆောင်, သူလုပ်လျှက်နှင့်သူများမလုပ်ဘူးထင်အောင်ရုပ်ဆောင်သည်, သည်သူရုပ်ဆောင်လို့သာလူငယ်ထင်သည်၊အသက်ကြီးလှပြီ; ရုပ်ဆောင် is also used to express the temporary

return to consciousness and animation which sometimes occurs at the approach of death, သေခါနီးမှိုရုပ်ဆောင်သည်။

ရုပ်တု, *n.* an image, idol, ဘုရားရုပ်တုတော်, ရဟန္တာရုပ်တုတော်, ဆင်းတုတော်။

ရုပ်တွက်, *v.* to compute by algebraic signs; *see under* အက္ခရာ; to parse (*Gram.*), ရုပ်တွက်တတ်သလား။

ရုပ်ပုံ, *n.* a painted or sculptured representation; a photograph; ထုသော ရုပ်ပုံ, ရေးသောရုပ်ပုံ; ရုပ်ပုံရိုက်သည်။

ရုပ်ပွား, *n.* a multiplication of the body of a deity, ရုပ်ပွားတော်။

ရုပ်ပွားဆင်းတု, *n.* images, idols.

ရုပ်ဖျောက်, *adv.* privately, unawares, မထင်မရှား, ကျွန်တော်အမှုရောက်လို့၊ မန္တလေးမြို့ကရုပ်ဖျောက်ထွက်ပြေးခဲ့ရသည်။

ရုပ်လက္ခဏာ, *n.* appearance, symptom, ရှေးကကဲ့သို့မတူ၊ ရုပ်လက္ခဏာပျက် ၍ညှိုးနွမ်းပြီးလျှင်၊အိပ်မပျော်စားမဝင်၊တဖိန့်ဖိန့်တခြောက်ခြောက်ဖြစ်နေသည်။

ရုပ်သေး, *n.* a puppet or marionette, ငင်းငွေများကို ကဆုန်၊ နယုန်၊ ရုပ်သေး ခေါင်းဖြတ်လာဆပ်ပါမည်;ရုပ်သေးဆရာ, the manager of a puppet dramatic company; ရုပ်သေးသမား, one who pulls the strings of puppets.

ရုပ်သေးစင်, *n.* a puppet or marionette stage.

ရုပ်သေးဆွဲ, *v.* to pull the strings of a puppet.

ရုပ်သေးပွဲ, *n.* a puppet show.

ရုပ်သေးရုပ်စုံ, *n.* a collection of puppets of many kinds, ရုပ်သေးရုပ်စုံ ပြသည်; the manager of a puppet dramatic company is usually styled ရုပ်စုံဆရာ by his troupe, and ရုပ်သေးဆရာ by the public.

ရုပ်, **2**, *n.* a certain alchemical composition, ဓာတ်ခဲ။

ရုပ်, **3**, *v.* to take in, withdraw; hence, ရှုပ်; အဝတ်ကိုရုပ်သည်။

ရုပ်ထား, *v.* to fold up.

ရုပ်သိမ်း, *v.* same as ရုပ်; to take from, သန့်ရှင်းသောဝိညာဉ်တော်ရုပ်သိမ်း တော်မမူပါနှင့်; to repeal a statute or order, ဥပဒေကိုရုပ်သိမ်း, အမိန့်ကို ရုပ်သိမ်းသည်။

ရုပ်, **4**, *see* ရုတ်, *not used singly.*

ရုပ်ခနဲ, *see* ရုတ်ခနဲ, *adv.* instantly, ချက်ခြင်း။

ရုမ်း, *n.* a kind of plant, the *Anogeissus acuminatus.*

ရုသျှရှင်ဘုရင်, *n.* the Czar of Russia.

ရုသျှမိဘုရား, *n.* the Czarina of Russia.

ရုံ, **1**, *v.* to spring up in a cluster, as several sprouts from one root; to overspread, as a vine, သခွားပင်ကိုဗရုံပင်ကလွှမ်းပြီးရုံနေသည်; to put on, as a priest's garment, သင်္ကန်းရုံ။

ရုံသွေး (မြက်), *n.* spear grass.

ရုံ, **2**, *n.* a booth, shed, building for work or business, or for storing

goods; စားပွဲရုံ, an eating house; ဆားရုံ, ဇာတ်ရုံ, ထမင်းချက်ရုံ, လှေရုံ; တင်းကုပ်. *Der.* အရုံ။

ရုံဂိုဏ်း, *n.* a sect of Buddhist priests; *comp.* တိုံ။

ရုံမတိ, *see* ရုံးပတိ, *n.* a kind of wild pigeon.

ရုံသမာနာ, *n.* a tumor in the armpit; *sometimes called* ကိန္နရာနာ။

ရုံး. *n.* a courthouse, a place where justice is administered; *v.* to collect, assemble, gather together; *seldom used singly*; ရုံးတလုံးထားတစင်း, independent authority.

ရုံးအရာရှိ, *n.* an official of a court.

ရုံးကွဲ. *v.* to disperse, as a magistrate and people attending a court.

ရုံးစာရေး, *n.* a clerk of a court.

ရုံးစု. *v.* to collect, assemble, စုရုံး, လူများရုံးစုနေကြသည်။

ရုံးစေ, *n.* a constable, bound bailiff, ရုံးပြာတာ, ရုံးလုလင်။

ရုံးစိုက်. *v.* to establish or build a courthouse; refers rather to the authority of a magistrate being established in a certain locality, than to the actual construction of a courthouse, မအူပင်ရုံးစိုက်ကတည်းကအခွန်တော်ငွေအသွန်တိုးသည်။

ရုံးဆင်း, *v.* to leave a court, as a magistrate or judge.

ရုံးတက်, *v.* to attend court, as a magistrate or judge.

ရုံးထိုင်, *v.* to hold court, as a magistrate or judge; to sit, as a court.

ရုံးပိတ်, *v.* to close a court, either at the end of each day, or on the occasion of a government holiday.

ရုံးပြင်ကနား, *n.* the precincts of a court, ရုံးရင်ပြင်။

ရုံးဖွင့်, *v.* to open a court, either each day, or after a government holiday.

ရုံးမင်း, *n.* the presiding judge or magistrate of a court.

ရုံးလက်မှတ်, *n.* a decree of a court, ရုံးလက်မှတ်ခံသည်။

ရုံးလုလင်အုပ်, *n.* a constable, ရုံးစေ။

†ရုံးပတိ, 1 (*pron.* ဒိ), *n.* a kind of esculent plant, okra, lady's finger.

ရုံးပတိ, 2 (*pron.* ဒိ), *n.* the imperial pigeon; *comp.* ငှက်ငန္တား။

ရူပ (Pali), *n.* visibility, appearance, အဆင်း, အဆင်းရူပကောင်းသည်. *Der.* ရုပ်, and အရုပ်။

ရူပကာယ, *n.* the body collectively, ရုပ်ရူပကာယ, ရုပ်ရူပကာယသွပယည်ကျေးသည်; *comp.* နာမကာယ။

ရူပက္ခန္ဓာ, *n.* materiality; *see under* ခန္ဓာ (125).

ရူပါရုံ (from ရူပ, and အာရုံ), *n.* appearance seen, မြင်နိုင်သောဝတ္ထု, လူတို့၏သဘောသည်လှသောရူပါရုံကိုအလွန်စုံမက်တတ်သည်။

ရူး, *v.* to be mad, insane, စိတ်မကောင်း. *Der.* အရူး။

ရူးတူးတူး, ရူးတီးရူးတူး, *adv.* partially deranged, သည်သူသဘောရူးတူးတူးရှိသည်, ရူးတီးရူးတူးနှင့်ပြောဆိုသည့်စကားနားမထောင်။
ရူးနှမ်း, ရူးသွပ်, *v.* to be partially deranged, အမိဝမ်းထဲကရူးနှမ်းသောသူ, သည်သွေးလေဖောက်ပြန်လို့ရူးသွပ်သွပ်ဖြစ်နေသည်။
ရေ, 1, *n.* water.
ရေအိမ်, *n.* a water-closet, privy, ရေသွန်, အိမ်သာ။
ရေအိ, *v.* to be slack water.
ရေအုပ်နှဲ, *n.* a kind of tree (Pali တဏ္ဍုလ).
ရေအိုင်, *n.* a natural pool, pond, or lake; *see* အိုင်; *v.* to be stagnant, not flowing.
ရေအိုး, *n.* a waterpot.
ရေအိုးစင်, *n.* a stand for a waterpot.
ရေအိုးတင် (*pron.* ဒင်), *n.* the part of the leg above the knee where the waterpot is rested, when about to be raised to the head or shoulder, ရေအိုးတင်မှာအနာပေါက်သည်။
ရေဥ, *n.* a kind of water plant.
ရေဥဖေါင်း (*pron.* ဖေါင်း), *n.* a bubble.
ရေဦး, *n.* the first of a flood or ebb tide.
ရေဦးပေါက်, *n.* the first shower in the season: the first rise in a river at the beginning of the rains; also applied to water in ponds and fisheries reflowing into a river, when the water in the latter begins to fall at the end of the rains, ရေဦးပေါက်ငါးရသည်။
ရေဦးလည်, *v.* to begin to turn, as the tide.
ရေကင်း (*pron.* ဂင်း), *n.* a guard stationed on the water. ရေကင်းလှည့်, ရေကင်းသိ (တေးချင်း).
ရေကစား, *v.* to sport with, or in, water. ရေသတင်ကစားသည်။
ရေကတုတ်, *n.* a mound of stones running into the sea.
ရေကန် (*pron.* ဂန်), *n.* an artificial pond, pool, tank.
ရေကမိုး (*pron.* ဂမိုး), *n.* water set apart for drinking; *infreq. in colloq.*; a kind of creeper.
ရေကမိုးတင်, *n.* the triangle formed by the two protuberances on the head of an elephant, and the boss on the nape of the neck just back of where it joins the skull. The presence of this boss is said to constitute one of the points by which the Burmese distinguish a white elephant, even when its skin is black.
ရေကသစ် (ပင်), *n.* the *Erythrina lithosperma*, a tree, leafless in the hot season, sometimes attaining to the height of sixty feet: the

trunk and branches are armed with short prickles; the large flowers give place to pods containing purplish seeds.

ရေကာဒ် (*pron.* ဂါ), *n.* a water fender.

ရေကူး, *v.* to swim, move through the water by the use of the limbs.

ရေကူးညာတင်, *v.* to do beforehand, to anticipate, တင်ကူး; to forestall in order to gain a point, ရေကူးညာတင်ပြော။

ရေကျ (*pron.* ဂျ), *v.* to ebb, as a tide, ဒီရေကျ; ရေကျမိ, to be overtaken by the ebb tide; *n.* the ebb tide.

ရေကျက်အေး, *n.* cold water which previously has been boiled.

ရေကျင်း, *n.* a trough, watering trough, ရေတိုက်ရာကျင်း။

ရေကျေးရေငှက်, *n.* a collective term for aquatic birds, ဝမ်းဘဲ၊ ဟင်းသာ၊ စက္ကဝတ်စသောရေကျေးရေငှက်၊လည်ရှက်မြူးပျံ၊မောင်နှံ မိုမတို့ ရှင်ကစားသည်ဖြစ်၍၊အလွန်ရှုချင်ဘွယ်ရှိ၏။

ရေကျောက်, *n.* the chicken pox, ကျောက်ဖြူ။

ရေကျော်, *n.* a natural water communication subtending the bend of a river, or connecting one river or sea with another, ရေကျော်ဖြတ်သွားသည်, ရေကျော်ပေါက်သွားသည်; *comp.* လက်ကြား။

ရေကြက်, 1 (*pron.* ဂြက်), *n.* a kind of waterfowl, a rail or coot.

ရေကြက်, 2, *n.* a small cuttlefish with eight arms.

ရေကြက်မ, *n.* a water hen.

ရေကြည် (*pron.* ဂြည်), *n.* clear water; an embryo in the first stage of conception, ကလလ, ကလလရေကြည်တည်။

ရေကြည်ဝန်, *n.* the officer of the palace who was charged with providing water for the royal household, ရေကြည်တော်အမှုထမ်း။

ရေကြော, ရေကြောင်း, *n.* a water course; the channel of a brook or river.

ရေကြောရှပ်, *v.* to shorten distance by water; *comp.* မြေကြောရှပ်။

ရေကြောင့် ပြော့, *v.* to be pulpy.

ရေကြောင်း, *adv.* by water, သောက်ကြာရေကြောင်းမသွားကောင်း; *comp.* ကုန်းကြောင်း။

ရေကြောင်းမာလိန်, *n.* a pilot, ရေကြောင်းပြ။

ရေကြွ, *v.* to rise, as the water in a river, ရေတိုး။

ရေကြွက်, *n.* the water rat.

ရေခအုမ်း, *n.* the *Ficus cunia*, of which two varieties are described, the *Ficus cunia* proper, and the *Ficus conglomerata.*

ရေခတက်, *n.* the *Cratæva hygrophila,* a shrub from two to five feet high, bearing flowers in the axils of the leaves, and spindle-shaped berries one or two inches in length.

ရေခန်း, *v.* to dry up, as the water in a well.

ရေခပ်, *v.* to draw water; ရေခပ်မောင်း, a lever water-lift for raising water from a well, or from a canal with deep banks.

ရေခဲ, *n.* ice; ရေခဲမုန့်, ice cream; ရေခဲရုံ, an ice manufactory.

ရေချ, *v.* to water a horse, bullock, buffalo.

ရေချခံ, *v.* to bear washing, as clothes.

ရေချင်းယား, *n.* the *Dalbergia spinosa*, a large climbing shrub; the flowers, which are small and white, have ten stamens in a single slit sheath; the pods, which are reniform, contain but one seed.

ရေချမ်းအိုးစင်, *n.* a water stand.

ရေချမ်းတကာ, *n.* a layman who erects a water stand, as a religious offering for public use.

ရေချို, *n.* fresh water, as opposed to salt water.

ရေချိုး, *v.* to bathe; ရေချိုးပေး, to bathe another person, or an animal; ရေချိုးခန်း (*pron.* ချိုးဂန်း), a bath-room.

ရေခွန် (*pron.* ဂွန်), *n.* a water rate.

ရေငတ်, *v.* to be thirsty, ရေငတ်ဝမ်းကျ။

ရေငန်, *n.* salt water.

ရေငုပ်စက်, *n.* a diving apparatus.

ရေငုံး, *n.* a species of snipe.

ရေစ, ရေစပ်, *n.* the edge of the water, ရေစပ်နား။

ရေစက်, *n.* a drop of water, ရေပေါက်; a water wheel, ရစ်။

ရေစက်ချ, *v.* to pour out water, as in the ceremony of dedicating a religious offering, ရှေးတဝကအတူတကွရေစက်ချလှူဒါန်းခဲ့ဘူးသောကြောင့်၊ ယခုဘဝ၌ပေါင်းဆုံမိကြသည်။

ရေစက်ပါ, *v.* to have one's interests bound up with those of another, by reason of having conjointly made religious offerings in a past stage of existence, *e.g.*, Prince Sidharttha and Yasodhara.

ရေစက္ကူ, *n.* a thin kind of paper; *see* ဂုံစက္ကူ။

ရေစင်, *v.* to be pure, as water; *n.* (*pron.* ရေဇင်) pure water.

ရေစငှက်, *n.* a kind of bird (Pali လောဝက).

ရေစစ်, 1, *n.* a priest's water dipper, ရေစစ်ခရိုင်။

ရေစစ်, 2, *v.* to be at the lowest of the ebb tide; *n.* the lowest of the ebb tide.

ရေစည်, *n.* a water cask.

ရေစမ်း, *v.* to sound, try the depth of water, ရေစမ်းချ; *n.* a leadsman.

ရေစမ်းပေါက်, *n.* a wellspring, fountain, spring, စမ်းရေပေါက်။

ရေစာ, *n.* food and drink, ရေစာထမင်းမိး, ရေစာထမင်းမိးအပြည့်အစုံရှိစေရမည်။

ရေစိမ်, *v.* to put into water to soak, or for a bath; ရေနွေးစိမ်, to put into a warm bath, to soak in warm water.

ရေစိမ့်, *v.* to be saturated with water, so that the water oozes through, မြေနံလို့ရေစိမ့်ထွက်သည်။

ရေစိမ်း, *n.* fresh water.

ရေစီး, *v.* to flow, as a current; *n.* a current, ရေစီးကြောင်း, ရေစီးသန်။

ရေစီးကမ်းပြို (*pron.* ရေဇီးကမ်းပြို), *n.* a disease of the gums, in which they are broken down, as the bank of a river undermined by water.

ရေစုန် (*pron.* ဇုံ), *n.* the downward current of a stream.

ရေစောင်း (*pron.* ဇောင်း), *n.* a rapid, in a river; *see* ရေမော်။

ရေစို, *v.* to be wet with water, ရေစွတ်။

ရေစွယ် (*pron.* ဇွယ်), *n.* the tooth of running water, which gnaws into the banks.

ရေဆင်နှာမောင်း, *n.* a waterspout.

ရေဆန် (*pron.* ဇန်), *n.* the opposing current, whether the natural current of a stream, or a head tide.

ရေဆိပ်, *n.* a landing place, ရေဆိပ်ကမ်းနားး။

ရေဆိပ်ကမ်းဝန်, *n.* a Port Commissioner.

ရေဆေး, *v.* to wash with water, as the hands, dishes, etc.

ရေဆိုင်, *n.* the place of meeting of different streams or currents.

ရေဆွတ်, *v.* to wet with water, ရေစို။

ရေဆွဲစည်ပိုင်, *n.* a water bucket; *comp.* သံပြွန်ပုံး။

ရေဇဝါသင့်, *v.* to be weak-sighted, or partially blind, from the effects of exposure to the rays of the sun, either direct or reflected from water.

ရေညှိ, *n.* the slimy, green substance that rises on water, damp ground, or wet timber; moss.

ရေတက်, *v.* to flow or rise, as the flood tide; *n.* the flood tide; ရေတက်ဦး, the first of the flood tide.

ရေတက်မိ, *v.* to be caught or overtaken by the flood tide.

ရေတကောင်း, *n.* a goglet or gurglet.

ရေတကျည်း, *n.* a kind of tree.

ရေတင်, *v.* to lodge, as water, ရေဝပ်။

ရေတန်း (*pron.* ဒန်း), *n.* a marine creature of a thread-like appearance, found on the seacoasts of Arakan. It is said to cause death, if it encircles a human being above the navel, and to cause great pain, if it encircles the thighs and legs.

ရေတပ်, *n.* a navy, တိုက်သင်္ဘောစု, သင်္ဘောတပ်။

ရေတံခါး, *n.* a lock or sluice gate.

ရေတံခွန် (*pron.* တခွန်), *n.* a cascade, waterfall, cataract.
ရေတံလျှောက် (*pron.* ဒရောက်), *n.* a trough placed under the eaves of a roof.
ရေတိမ်, *v.* to be shallow, as water, ရေတိမ်ရေနက်ကြာရှိးကြာစွယ်ထောက်၍သိရသည်; *n.* shallow water.
ရေတုံတုံ, *a.* thin, watery, ခင်ဘျားချက်သည့်ဟင်းရေတုံတုံနှင့်တာမှုစားလို့အရသာမရှိဘူး။
ရေတိုက်, *v.* to strike against, as running water.
ရေတိုင်း, *n.* a ship's log, line, and reel collectively.
ရေတိုင်းကြိုး, *n.* the log line, ဒိလားကြိုး။
ရေတိုင်းငါး, *n.* a ship's log.
ရေတိုး, *v.* to rise, as the water of a river; ရေကြီး။
ရေတွင်း (*pron.* ခွင်း), *n.* a well; ရေတွင်းပေါင်, a well curb.
ရေထ (*pron.* ဒ), *n.* the spring tide.
ရေထရူး, *n.* a lunatic, သူရူး, ရူးသွပ်သူ။
ရေထရူးနာ, *n.* lunacy, madness occasioned by the moon.
ရေထမ်းဆိုင်း, *n.* a yoke for carrying waterpots.
ရေထိုး, *v.* to subject meat to a process of watering, in order to increase its bulk and weight.
ရေနက္ခတ်, *n.* the Hyades, ရေဝတီနက္ခတ်။
ရေနစ်, *v.* to sink in water; to drown, ရေနစ်၍သေသည်; ရေနစ်ရာဝါးကူနှိပ်သည်, to superadd to a person's misfortunes.
ရေနတ်သမီး, *n.* a naiad, ရေသူမ။
ရေနံ, *n.* earth oil, petroleum.
ရေနံကျတ်သစ်, *n.* clean, pure earth oil.
ရေနံစည်, *n.* a kerosene oil tin.
ရေနံဆီ, *n.* kerosene oil.
ရေနံတွင်း, *n.* a petroleum well; ရေနံတွင်းခွန်, tax on petroleum wells.
ရေနံလူး, ရေနံသုတ်, *v.* to rub with earth oil.
ရေနာ, *v.* to have a dirty, greenish color, as river water; said to become so at the time of great epidemics.
ရေနှထ (*pron.* နှဒ), *n.* the beginning of a spring tide.
ရေနွေး, *n.* warm water; ရေနွေးကရား, a teakettle.
ရေနှစ်မင်္ဂလာ, *n.* the ordinance of baptism, နှစ်ခြင်းမင်္ဂလာ။
ရေနှာ, *n.* any odoriferous liquid.
ရေပက်, *v.* to dash water on or against; to bail a boat, လှေကိုရေပက်လိုက်ပါ။
ရေပက်ကန့်, *n.* the space in the centre of a Burman boat reserved for bailing out water.

ရေပန်း (from ပန်း, a flower), *n.* a spray; a *jet d'eau*, ကောင်းကောင်းသွားသည့်လှေမှာရေပန်းထတတ်သည်။
ရေပူ, *n.* hot water.
ရေပူအိုင်, ရေပူကန်, *n.* a hot spring.
ရေပူလောင်, *v.* to be scalded with hot water.
ရေပုံး (*pron.* ဗုံး), *n.* a water bucket; သံဖြူပုံး, a galvanized iron bucket.
ရေပေါက်, *v.* to spring a leak, as a boat or ship; *n.* a drop of water, ရေစက်။
ရေပိုး, *n.* a water skipper.
ရေပိုးရေရွား, *n.* a collective term for water reptiles and insects.
ရေပြင်း, *v.* to be strong, as a current; *n.* a strong current.
ရေပြည့်, *v.* to be high water; *n.* the highest of the flood tide.
ရေပြန်, *n.* distilled water; urine.
ရေပွဲကုန်းပွဲ, *n.* a regatta, combined with sports on shore.
ရေပြွန် (*pron.* ဗြွန်), *n.* a water pipe.
ရေဖလား (*pron.* ဗလား), *n.* a drinking cup.
ရေဖေါင်း (*pron.* ဗေါင်း) (from ဖေါင်း, to puff up), *n.* a bubble: *see* ဥဖေါင်း။
ရေဖျဉ်းနာ (*pron.* ဗျဉ်း), *n.* the dropsy, ရေဖျဉ်းနာစွဲ။
ရေဖျန်း, *v.* to sprinkle; *n.* a sprinkler; applied to such as practise sprinkling in the rite of Christian baptism; ရေမွှေးဖျန်းသည်။
ရေဖျန်းလှည်း, *n.* a water cart for sprinkling streets.
ရေဘူး, *n.* a calabash.
ရေဘဲ, *n.* a species of wild goose.
ရေဘွေ (from ဘွေ), *n.* a waterspout, ရေဆင်နှာမောင်း။
ရေမကူ, *n.* a composition of ပွဲလျှက်, earth oil, lime, cotton, etc., used for making vessels water-tight, ရေမကူကျိုထိုး။
ရေမုန့်, *n.* a simple kind of wafer made of rice flour.
ရေမော်, *n.* a rapid in a river, ဟတ်; a rush of water in a river occasioned by a projection from land, ရေစွယ်ရေမော်။
ရေမျောထင်း, *n.* driftwood; ရေမျောကမ်းတင်သစ်, drift-timber stranded.
ရေမျို, *n.* the swallow, upper part of the gullet. လည်မျို။
ရေမြင်း, *n.* a hippopotamus.
ရေမြုပ်, *v.* to be submerged in water. ရေမြုပ်ထင်း, ရေမြုပ်မြက်။
ရေမြေရှင်, *n.* a title of the King of Burma, ရေမြေရှင်ဘဝရှင်မင်းတရားကြီး။
ရေမွန်း, *v.* to be suffocated by water.
ရေမွှာ, *n.* the water enclosed in the membrane that envelopes the *fetus.*
ရေမွှာသွား, *v.* to be discharged (of the same).
ရေမှုတ်, *n.* a water dipper.
ရေမှို, *n.* sponge.

ရေမြှုပ်, *n.* the *Trewia nudiflora.*

ရေမြှုပ်လက်နက်, *n.* a submarine torpedo; ရေမြှုပ်သင်္ဘော, a torpedo boat.

ရေမွှေး, *n.* liquid scent, water which has been scented.

ရေယဉ် (*pron.* ယဉ်), *n.* a gentle stream; ရေလျဉ်။

ရေယုန်, *n.* a kind of herpes (a skin eruption), ရေယုန်ကြီး, ရေယုန်ကလေး, ရေယုန်ပေါက်သည်။

ရေယို, *v.* to leak, to admit water, as a boat or ship.

ရေရာ, *n.* a watermark, ရေရာပေး။

ရေရိုး, *n.* the course of a brook or river, ရေရိုးကိုရှောက်စုန်သည်။

ရေလယ်သံ, *n.* the sound of a boat song.

ရေလားခြင်း, *n.* an ordeal by water.

ရေလုံ, *v.* to be water-tight; to be stanch as a boat or ship.

ရေလုံအိုး, *n.* a pot used in washing a corpse.

ရေလုံပြုတ်ချက်, *v.* to cook in water without oil, etc., ရေလုံပြုတ်။

ရေသုံသတ်, *v.* to boil (*obs.*), ရေနွေးနှင့်ပြုတ်။

ရေလဲ, 1, *n.* a bathing garment.

ရေလဲ, 2, *v.* to break over, or burst into low land beyond the banks, as the water of a river.

ရေလဲပေါက်, *n.* an irruption of water from a river into the low land beyond the banks.

ရေလောင်း, *v.* to water, pour water upon.

ရေလှောင်ထားရာကန်, *n.* a reservoir.

ရေလွှမ်းရာအရပ်, *n.* a fen, fen land, ရေလွှမ်းတတ်သောကွင်း။

ရေသွဲ့မြောင်း, *n.* a culvert, ပေါင်းကူး, လမ်းကူးမြောင်း။

ရေဝက်တိုး, *v.* to undermine and carry away, as a strong current the high bank of a river, ရေဝက်တိုးလို့ကမ်းပြိုသည်။

ရေဝန်, *n.* a Deputy Governor of a maritime province; a port officer; ရေဝန်ထောက်, an assistant port officer.

ရေဝပ်, *v.* to lodge in low-lying ground, as water, ရေတင်။

ရေဝမ်းဘဲ, *n.* a wild duck.

ရေဝေ, *n.* the division of a stream into two currents; a range of high land, lying between two river basins and discharging its waters into them from opposite directions; a watershed, ရေဝေကျော, ရေဝေတောင်။

ရေသနုပ်, *n.* a bathing garment (ရေလဲ *more common*).

ရေသပ္ပယ်, *v.* to bathe; applied to priests and idols, ဘုရားကိုရေသပ္ပယ်သည်, ဘုန်းကြီးကိုရေသပ္ပယ်သည်။

လည်း, 2, *adv.* also; when this word occurs twice in a sentence, the first one is equivalent to "either" and the second to "or," *e.g.*, သူ့ကို ခဲနှင့်လှာင်လည်းပစ်လိမ့်မည်၊တုတ်နှင့်လှာင်လည်းရိုက်လိမ့်မည်, they will either throw stones at him or beat him with sticks.

လည်းကောင်း (*often pron.* လဂေါင်း), *commonly written* ၎င်း, or ၎, *conj.* both and, and also; repeated at the close of successive clauses; *pron. a.* this, this same, ၎င်းသေတ္တာ, this same box, or that same box; these or those same, ၎င်းလူကလေးတို့သည်, these or those same boys; ditto, ၎င်းနည်း။

လည်းကောင်းနည်း, *pron. a.* ditto, the same; *adv.* besides this, moreover.

လည်းကောင်းဖြင့်, *adv.* besides this, moreover.

လတ်, 1, *v.* to be fresh, new, not stale, not old, ဟင်းသီးဟင်းရွက်လတ်သည်; new, အဝတ်ပုဆိုးလတ်သည်; မပုပ်မသိုးလတ်လတ်ဘဲရှိသည်။

လတ်ဆတ်, လတ်လော, *v.* same, *but seldom used except in an adverbial form,* ကြက်ဥဆယ်ငါးလုံးလောက်လတ်လတ်ဆတ်ဆတ်ရှာပေးပါ. သည်လူသည်ပမ်းသွားသည်မှာမကြာသေးပါ၊ ခြေရာလတ်လတ်လောလောဘဲရှိပါသေးသည်, ပန်းပင်မည္ဘိုးမနွမ်းလတ်လတ်လောလောဘဲရှိပါသေးသည်။

လတ်, 2, *v.* to be middling (*obs.*). *Der.* အလတ်။

လတ်, 3, *not used singly.*

လတ်လတ်, *adv.* suddenly, expeditiously, ချက်ခြင်း, လတ်လတ်ကိစ္စပြီးသည်။

လတ်လတ်ဆတ်ဆတ်, *adv.* suddenly and unexpectedly, လတ်လတ်ဆတ်ဆတ်သေသွားသည်။

လတ်လော, *v.* to be quick, sudden; *but used only in an adverbial form,* as လတ်လတ်လောလော, လတ်တလောလော, လတ်တလောချင်း, quickly, suddenly, လတ်တလောချင်းအကြံအစည်ရသည်, လတ်တလောချင်းပြီးသည်။

လတ်, 4, *verb. affix, euphonic; see Gram. sec.* 118.

လတ့် (from လတ်, and အံ့), *verb. affix*, shall, will; *freq. combined with* ဆဲ, ရောက်ဆဲရောက်လတ့်; ငါတို့ကိုပြည်သို့ခေါ်လတ့်။

လတာ, *n.* a spit of mud projecting into a tideway.

လတာပြင် (*pron.* ဗြင်), *n.* same as လတာ။

လန်, *v.* to be turned back, thrown back, အသားလန်, နားရွက်လန်, နှုတ်ခမ်းလန်, သင်္ဘောဦးလန်. *Der.* လှန်။

လန်ဖိ (*pron.* ဗိ), *n.* a weight used in the palace and in high officials' houses to keep down the corners of mats; a paper weight.

လန့်, *v.* to be startled, frightened, ထိတ်; to shy, as a horse, ခင်ဘျား မြင်းတယ်လန့်တတ်သည်. *Der.* လှန့်။

လန့်ကြား, *v.* same; *used chiefly in an adverbial form.*

လန့်ကြောက်, *v.* to be frightened, ကြောက်လန့်, မကောင်းမှုမှာလန့်ကြောက်ခြင်းမရှိ၊အလွန်ခိမ်းကားရက်စက်သည့်လူ။

လန့်ဖျပ်, *v.* same as လန့်, တစ္ဆေမှတ်လို့ကျွန်မအင်မတန်လန့်ဖျပ်သွားသည်, thinking it was a ghost, I was very much startled; အိပ်လူးစီးလို့ကျွန်တော်လန့်နိုးပါသည်, as I had the nightmare, I was startled and awoke.

လန်း, *v.* to be fresh, verdant, ပန်းပင်များကိုရေလောင်းလို့အလုံကြီးလန်းလာသည်, not faded, not withered, လတ်, နံနက်ကမှရှူးထဝးသည့်ပန်းညှိုးမနွမ်း၊ညနေတိုင်အောင်လန်းပါသေးသည်; to be fresh in countenance from health or joy, မျက်နှာလန်း, ယနေ့သူမမာမျက်နှာတော်တော်လန်းပြီ; to be joyful, စိတ်လန်း, ရွှင်လန်း။

လပ်. 1 (Pali လာဘ), *n.* anything obtained by gift, a present, gift, လက်ဆောင်; gains, receipts; လပ်စားမှု, a bribery case; fortune, chance, luck; a word much used by fortune tellers, traders, fishermen and shikaris; "getting, acquisition, obtaining, taking, gain, receipts." *Childers.*

လပ်ကောင်း, *v.* to be fortunate, lucky, လပ်ကောင်းလို့အမည်းများစွာရသည်။

လပ်ပုပ်, *v.* to be unfortunate, unlucky, သည်လူတယောက်ပါသည့်အတွက်လပ်ပုပ်သည်။

လပ်ရှင်, လပ်ရွှင်, *v.* to have presents in abundance, သည်မြို့သို့ရောက်မှတယ်လပ်ရွှင်သည်။

လပ်လာဘ, လပ်သပ်, လပ်သပ်ပကာ, *n.* same as လပ်။

လပ်. 2. *n.* a quotient, စားၡရသောလပ်။

လပ်. 3. *n. an astrological term; used with* စုတ်။

လပ်, 4, *v.* to be uncovered; to be empty, vacant, disengaged, ခင်ဗျားအိမ်မှာအခန်းများလပ်သလား, ကျွန်တော်အလုပ်မရှိလပ်နေပါသည်။

လပ်ခန်း, *n.* a spare room for company, a guest chamber.

လပ်လျား, လပ်လွတ်, *v.* to be empty, vacant, တောင်မကျ၊မြောက်မကျ၊လပ်လျားလျားနေသည်, as a person without a situation.

လမှို့, *see* လည်မှို့. *n.* the hump between a bullock's shoulders.

လဖော့ (ပင်), *n.* a kind of tree.

လမ်း, *n.* a path, road, street; hence, ဖြတ်လမ်း, a crossroad extended beyond a crossing; ဖြတ်လမ်း, a short cut; *comp.* ခရီး; လမ်းပန်းကိစ္စ။

လမ်းကူး (*pron.* ဂူး), *n.* a crossroad, leading from one road to another. လမ်းကူးလမ်းဆုံ။

လမ်းကူးကြွက်, *n.* a rat that crosses the road; used figuratively of those who, like such a rat, foolishly risk their lives.

လမ်းကျ. *v.* to be in the way, so as to impede another's progress; to be a locality which is situated *en route* to some place to which

one may wish to go, ရန်ကုန်မြို့သို့သွားသည့်အခါမှာပင်မြို့လမ်းကျသည်နှင့်၊သင်္ဘောဆိုက်လျှင်ခဏမွေးသမိခင်ထဝင်ရဦးမည်။
လမ်းကြား (*pron.* ကြား), *n.* a lane.
လမ်းကြောင်း, *n.* a path, road, လမ်းကြောင်းမထင်မရှားရှိသည်။
လမ်းခင်း, *v.* to metal a road.
လမ်းခရီး, *n.* a path, road; way, distance.
လမ်းစရိတ် (*pron.* ဇရိတ်), *n.* traveling expenses.
လမ်းဆစ်, *v.* to be dangerous, as a road infested with robbers or wild beasts.
လမ်းဆီး, *v.* to bar the road, as in marriage celebrations.
လမ်းဆုံ, *n.* a confluence of roads.
လမ်းတစ်ဝက်, *n.* the half of a journey.
လမ်းတာ (*pron.* ဒါ), *n.* way, distance, as ခရီးလမ်းတာဝေးသည်။
လမ်းတွင်, *v.* to be much traveled, လမ်းဖုံ။
လမ်းထောက် (*pron.* ဒေါက်), *n.* a stage, resting place, စားခန်းထောက်။
လမ်းထိုးသွား, *v.* to trot, as a horse, သည်မြင်းလမ်းထိုးကောင်းသည်, အသွားကျကောင်းသည်။
လမ်းထွင်, လမ်းဖောက်, *v.* to make a new road.
လမ်းပန်း, *n.* a path, road, လမ်းပန်းကိစ္စသာလာသည်။
လမ်းပေါက် (*pron.* ဗောက်), *n.* the entrance of a road, လမ်းပေါက်လမ်းဝ; *v.* to be passable, as a road; လမ်းမပေါက်, to be impassable, as a road, ထားဖြတ္ထုလွှန်းလို့၊လမ်းမပေါက်ပါ။
လမ်းပြ (*pron.* ဗြ), *n.* a guide; *v.* to show the way.
လမ်းပြမှတ်တိုင်, *n.* a guidepost.
လမ်းပြင်, *v.* to repair a road.
လမ်းပြင်မီးရထား, *n.* a steam roller.
လမ်းပြည်တန်ဆာ, *n.* a streetwalker.
လမ်းပွဲစား (*pron.* ဗဲ့စား), *n.* one who goes about assisting buyers and bringing custom to sellers, a solicitor of custom.
လမ်းဖယ်, *v.* to give way when meeting another in the road.
လမ်းဖောက်, *v.* to make a road.
လမ်းမ, *n.* a main road, highway.
လမ်းမြောင်(from မြောင်, to be long and narrow), *n.* a narrow road, a defile.
လမ်းခွဲ, *n.* a road that branches off from another, လမ်းဆုံလမ်းခွဲများလို့ဘယ်လမ်းသွားရမည်မှန်းမသိ။
လမ်းမှား, *v.* to go out of the way, to miss the road, လမ်းလွဲ။
လမ်းလျှောက်, *v.* to take a walk, အလည်သွား။
လမ်းလုပ်, *v.* to make or repair a road; to work on a road.

လမ်းလေးခွ (*pron.* ဒွ), *n.* four corners, the crossing of two roads, ဖိဖိ ဥစ္စာမှန်ကြောင်းကို၊လမ်းလေးခွမှာထွက်၍ကျမ်းသစ္စာပြုရသည်။
လမ်းလွဲ, *v.* to go out of the way, to miss the road, လမ်းမှား, မိုဃ်းချုပ် သည်နှင့်လမ်းလွဲသွားသည်။
လမ်းလွှဲ, *v.* to turn aside to let another pass, to give the road, လမ်းဖယ်။
လမ်းဝ, *n.* the entrance of a road, လမ်းပေါက်။
လမ်းသွယ်, *n.* a branch road.
လမုတ် (ပင်), *n.* a kind of tree bearing a curious, hard, offensive fruit.
လမယ်, *n.* a measure of capacity equal to one half of a စလယ်, လက် ဖက်နှစ်သွယ်တလမယ်, လက်ဖက်လေးသွယ်တစလယ်။
လမ်းသေား (ပင်), *n.* the garland flower.
လမု, *n.* a kind of tree, the sour *Sonneratia.* This tree grows in great profusion in tidal creeks.
လမောင်း, *see* နှာမောင်း, *n.* the probosis or trunk of an elephant.
လမိုင်း, *n.* crown predial slaves, cultivators of the king's ground, လ မိုင်းအမှုထမ်း, လမိုင်းဝန်, လမိုင်းသား. The original inhabitants of the town of Yandoon, are said to have belonged to this class.
လမိုင်းရှင်မ, *n.* a နတ်သမီး (နတ်ကတော်) or goddess, patroness of boatmen and cultivators, လမိုင်းရှင်မတင်သည်။
လမွှတ်, *n.* the horse mango.
လယ်, *n.* a rice field so constructed as to be irrigated, လယ်ခင်း. In U.B. cultivators name their rice fields, *e.g.*, အောင်မ, ငပြည်, ကြွယ်ပုံကြီး; မြစ်စွပ်ရေဝင်လယ်, rice fields worked when rivers and creeks overflow.
လယ်ကန်သင်း (*pron.* ကဇင်း), *n.* a ridge of earth in a rice field, raised to prevent the escape of water.
လယ်ကော, *n.* a rice field situated on high ground.
လယ်ကျွတ်, *n.* a field of rice which has been worked; လယ်ဖိမ်း, one which has not been worked.
လယ်ကျင်း, *n.* an area of land cleared for paddy cultivation, လယ် ကွင်း, လယ်ပြင်။
လယ်ကွက်, လယ်ခွက်, *n.* a single compartment of a rice field.
လယ်ကြွက်, *n.* a field mouse.
လယ်ခရု, *n.* a species of apple shell, *Ampullaria globosa*, ခရုသားကြီး။
လယ်ချိန်, *n.* the time for working the rice fields, လယ်ချိန်လယ်ခါ။
လယ်ဂဏန်း, *n.* a fresh-water crab; *see* လယ်ပုစွန်။
လယ်စု, *n.* the payment of revenue in kind, in lieu of money.
လယ်စုလယ်ခွန်, *n.* land revenue.
လယ်တာ, *n.* a rice field.

လယ်တီ, *n.* a field cultivated for the first time.

လယ်တော, *n.* rice fields generally; a collection of rice fields.

လယ်ထောက်ခံ, *n.* the share received by the owner of a rice field, from the cultivator who pays taxes on it in the owner's name.

လယ်ထောက်ချ, *v.* to make such an arrangement for the cultivation of one's rice field.

လယ်ထွန်, *v.* to harrow; to plough; လယ်ထွန်မင်္ဂလာပွဲတော်မှုသည်, to perform the ploughing ceremony, as the Kings of Burma formerly did in the month of Waso.

လယ်ပုစွန်, *n.* a fresh-water crab, လယ်ဂဏန်း။

လယ်ပုစွန်လုံး, *n.* a field crab.

လယ်ပျက်, *n.* a rice field on which the crops have failed; လယ်ပျက်စာရင်း, land revenue remission list.

လယ်ပြင် (*pron.* ဗြင်), *n.* an extensive rice field, or an expanse of rice fields.

လယ်မိသား, *n.* a term applied to a rice field and its nursery (ပျိုးခင်း) collectively. The nursery is called the သား, and မိ is applied to the rice field.

လယ်မြေ, *n.* ground suitable for cultivating rice; လယ်မြေခွန်, paddy land tax.

လယ်ယာ, *n. see the parts*; လယ်ယာချောင်းမြောင်း, လယ်ယာမိုးဆီးမြေ။

လယ်ယာဌာနချုပ်, *n.* the Director of the Department of Land Records and Agriculture.

လယ်ရှင်, *n.* the owner of a rice field.

လယ်လုပ်, *v.* to cultivate a rice field.

လယ်ဝန်, *n.* the Superintendent of Land Records.

လယ်သည်, *n.* a cultivator of rice.

လယ်သမား, *n.* a cultivator, တောင်သူလယ်လုပ်။

†လယ်ခြား (ငှက်), *n.* a species of stonechat.

လယ်ဗိတောက်, *n.* the *Pontedera vaginalis.*

လဟာ, *n.* an extensive plain, campaign; an open, vacant space; an expanse, အထက်လဟာ, အောက်လဟာ, ကောင်းကင်လဟာ, ပင်လယ်လဟာ။

လဟာပြင်, *n.* same as လဟာ။

လဟု (Pali), *a.* light, not heavy.

လဟုဘဏ် (from ဘဏ္ဍာ), *n.* the lighter and less important utensils of a priest; *comp.* ဂရုဘဏ်။

လဟုသံ, *n.* the light accent, အောက်မြစ်။

လဟိုလဟာ, *n.* a name given in Arakan to the hoolock gibbon, *Hylobates hoolock.*

လံ, 1, *v.* to measure by the arms extended, သည်ကြိုးတယ်လောက်ရှည်သည်ကိုလံစမ်းပါ. *Der.* အလံ။

လံတာ (*pron.* လံဒါ). *n.* the length of the arms extended, ယခုပြိုင်သည့်မြင်းပွဲမှာလံတာငါးရာစီပြိုင်ကြသည်။

လံ, 2, *v.* to tether, လံထား။

လံကြိုး, *n.* a tether, ချည်ကြိုး. မြင်းကိုမြက်ပေါသည့်နေရာမှာလံကြိုးနှင့်ထားလိုက်ပါ။

လံခါးထား (*pron.* ဂါး), *v.* to tether; *fig.*, applied to persons, as to give them "plenty of rope," with a view to a reprisal, or to cause their discomfiture, သည်လူကိုနေနှင့်ပါစေဦး၊ လံခါးထားသည်။ အချက်ကျလျှင်နာနာစီရင်မည်; to let one take his own way; နွားကိုလံခါးထားသည်။

လာ. *v.* to come; to reach in excellence or degree, to equal, ပညာအရာမှာကျွန်တော်သူလောက်မလာနိုင်ပါ; to be contained in a writing, ပါ; to come to pass, အရင်ကအလွန်ဆင်းရဲပါသည်၊ ယခုမှာဆူဖြိုး၍လာပြီ; *sometimes becomes* လှာ, *when used as a verb. aux. in combination with* ရောက်, *or when denoting an unexpected or improbable event*; ယခုမှရောက်လှာပေတော့သည်။

လား, 1, *n.* a mule, လားကောင်။

လား, 2, *v.* to proceed from the starting place to some boundary; a word much used in registering the boundaries of rice fields, gardens, etc., ယခုမြေကွက်ဝယ်သည်မှာ၊ အရှေ့ကိုလားသော်ညောင်ပင်ကြီး၊ အနောက်ကိုလားသော်မန်ကျည်းပင်ကြီး၊ တောင်ကိုလားသော်ကန်ပေါင်ရိုးထိ၊ မြောက်ကိုလားသော်လမ်းမထိ; to pass to another state of existence; usually with reference to passing to the abode of the nats, နတ်ပြည်သို့လားသည်; to pass to one of the four states of punishment, အပါယ်သို့လားသည်; to evacuate the intestines, as a Buddh, ဝမ်းတော်လား. This word is still used in colloquial, in parts of Arakan, in lieu of သွား, စစ်တွေမြို့သို့လားရအောင်အခွင့်ပန်သည်။

လားခြင်းလောင်း, *v.* to bet on a single heat in a horse or boat race, ယခုပြိုင်သည့်လှေပွဲမှာဆွတ်လားမရှိ၊လားခြင်းလောင်းကြစို့, let us bet without having a deciding heat, on a single heat in the present boat race.

လားပုပ်, *n.* the heat in a race which has been declared void.

လားပုပ်ထား, *v.* to declare a heat void, သည်လားအခြင်းအခုံထူသောကြောင့်လားပုပ်ထားကြစို့။

လား, 3, *affix, interrogative, see Gram. sec.* 110; ခင်ဗျားငွေစပါသလား; လား *is usually preceded by* သည်, *elided to* သ, *but not always*, မမြင်လား, ပြောလား (*Colloq.*).

လား, 4, *int.* Come! လား၊စားကြစို့, Come! let us eat; လား is usually placed at the end of a sentence, စားကြစို့၊လား။

လားလား, 1, *int. of threatening*, လားလားလေ၊ငါတယ်ထုပ်မိရော့မည်, လား လားလေ၊သည်လူကိုငါတယ်ရိုက်ကရော့မည် (*Colloq.*).

လားလား, 2, *adv. intensive before a negative*, as လားလားမပြော, he says nothing at all.

လားလေ, *verb. affix, see* လေ, မေးပြီလားလေ, ရှိပြီလားလေ, သွားပြီလားလေ။

လိ, *verb. formative*; the terminations ခမန်း, and လိ are of similar import with the termination ဘွယ်, but are used in a bad sense only, သည်လူ မြင်ရခြင်းကြောင့်ရုန်းဘွယ်စလိဖြစ်သည်, သည်အလောင်းပုပ်မြင်ရသည်နှင့်ရွံရှာ ဘွယ်စလိဖြစ်သည်; *see Gram. sec.* 125.

လိလိ. same; occasionally used in a good sense, ဇာ့ဘွယ်လိလိငြင်းသည်; ရွံရှာဘွယ်လိလိ; ခင်ဗျားပြောသည့်စကားဟုတ်စလိလိရှိပါသည်။

†လိက္ခာရွှ, *n.* a particle of dust which falls from a palm leaf when writing with a style, equal to thirty-six ရထားရေထုရွှ, ကညစ်ချေး. က ညစ်စာ။

လိက္ခိတသက်သေ, *n.* a witness who attests the truth of a writing, or of a copy of a record, etc.

လိင်, *n.* the private parts whether male or female, အင်္ဂါဇာတ်။

လိင်ဥ, *n.* the scrotum, ကပ်ပယ်အိတ်။

လိင်လိုက်ခေါ်, *v.* to classify according to sex.

လိတ္တာ, *n.* a minute, the sixtieth part of a degree (အသိဘ).

လိပ်, 1, *n.* the title of a book or writing, သည်စာအုပ်အမည်သိရအောင်၊ လိပ်ကိုဘတ်လိုက်စမ်းပါ; a direction or address inscribed on a letter, or on goods; any label; *see* ကမ္ပည်း။

လိပ်စာ, *n.* same as လိပ်။

လိပ်တပ်, *v.* to inscribe the title of a book or writing on its back.

လိပ်ထိုး, *v.* same; to address a letter.

လိပ်, 2, *n.* a tortoise, turtle; the constellation Orion. The Burmese call the great turtle လိပ်ကလေး (or ပှင်သာ), and the small kind လိပ်ကြီး, because the latter lays larger eggs than the former. လိပ်လို ရင်ပတ်အောက်သို့ယက်သည်, a saying applied to inordinately selfish or grasping persons.

လိပ်ဥ, *n.* a turtle's egg.

လိပ်ကမ္ဘာ, လိပ်ကုန်း (ထုန်းလိပ်), လိပ်ခွေး, လိပ်ဆောက် (ဆောတ်လိပ်), လိပ် ဓင်းချော, *n.* varieties of the tortoise.

လိပ်ကျောက်, *n.* a species of skate, ကျောက်တံခွန်; လိပ်ကျောက်ထိုး, to sting, as the skate.

လိပ်ကျောက်ခွန်, *n.* a variety of the skate.

လိပ်ကျောက်ဆူး, *n.* the sting of the skate.

လိပ်ကြည်, *n.* the soft tortoise.

လိပ်ခုံး, *a.* and *adv.* arched, as a roof, or convex, as a bridge or road, လိပ်ခုံးဆောက်သည်, လိပ်ခုံးမိုးသည်။

လိပ်ခေါင်း, *n.* turtle's head; the protruding bowel, as in obstinate cases of chronic dysentery, တူလာလိပ်ခေါင်းထွက်။

လိပ်ခေါင်းထွက်နာ, *n.* piles (*Med.*), မြင်းသရိုက်။

လိပ်ခေါင်းနီ, *n.* the red-headed tortoise.

လိပ်ချို. *n.* the upper shell of a turtle, used to dip oil, etc.

လိပ်ခွံ, *n.* a tortoise shell.

လိပ်ငိုဖွတ်ငို. *v.* to weep in the manner of tortoises and water lizards, *i.e.*, "crocodile tears."

လိပ်ဆောက်. *n.* a species of terrapin or marsh tortoise.

လိပ်တတ်, *v.* to resort to a sandbank in pairing time, as a turtle.

လိပ်တိုက် (တိုက်လိပ်), လိပ်ပုတ်. *n.* species of the tortoise.

လိပ်ပြင်ဝန်း, *n.* the sea tortoise or turtle.

လိပ်သည်းကျောက် (*pron.* သဲကျောက်), *n.* flint.

လိပ်သောင်, *n.* a turtle bank.

လိပ်သောင်ခွန်. *n.* a turtle bank tax.

လိပ်သောင်သူကြီး, *n.* a turtle bank lessee.

လိပ်, 3, *v.* to roll up. သည်အထည်မတောင်းနှမ်းအောင်အဝတ်နှင့်လိပ်ထားပါ; to curl, ဆံပင်လိပ်သည်; to be turned, as the edge of a *da* or tool, ထားသွားလိပ်ပြီ။

လိပ်ဆနွေ (ဝင်) *n.* a species of nettle, လိပ်ဆနွေဆူး။

လိပ်ပြာ, *n.* a butterfly; the spirit of composure, sometimes spoken of as a kind of fairy or spirit attached to a person from birth (131).

လိပ်ပြာကပ်, *v.* to conform to or harmonize with; in some instances similar to တန်ကျ. တန်ရ။

လိပ်ပြာကြီး, 1, *n.* the atlas moth.

လိပ်ပြာကြီး, 2, လိပ်ပြာငယ်, *n.* names given by the Burmese to the Bghai tribes of Karens, according to the localities which they occupy.

လိပ်ပြာခေါ်, *v.* to call back a လိပ်ပြာ which has separated from a person, စုန်းလိပ်ပြာခေါ်, နတ်လိပ်ပြာခေါ်။

လိပ်ပြာခွဲ, *v.* to separate the *leikpyas* of two persons supposed to be united, as of an infant and its deceased mother.

လိပ်ပြာတောင်, *n.* a hinge.

လိပ်ပြာဖြူ, *n.* a white butterfly, of the same tribe as the common garden butterflies of England, *Pierides*.

လိပ်ပြာလန့်, *v.* to be frightened, as the လိပ်ပြာ so as to make the person

ill; some suppose it to be a derangement of the nervous system, လိပ်ပြာစင်, တစ္ဆေခြောက်လို့လိပ်ပြာလန့်သွားသည်, or စင်သွားသည်။

လိပ်ပြာဝင်, *v.* to enter, as the လိပ်ပြာ when it returns to the person to whom it belongs, သေပြီးသည့်နောက်မှလိပ်ပြာဝင်လို့ပြန်ရှင်သည်။

လိပ်ပြာဝါ, *n.* a yellow butterfly, the *Pontia*; either identical with the common cabbage butterfly, or nearly related to it.

လိပ်ပြာသန့်, *v.* to be composed, tranquil in mind; လိပ်ပြာမသန့်, to be discomposed, disquieted, as an uneasy or guilty conscience.

လိပ်ချိုး (ပင်), *n:* a kind of tree furnishing a white wood used for carpenter's tools.

လိပ်လည်း, *v.* to meet with an accident which prevents the accomplishment of a work, usually implying that the accident was trifling as compared with the result, ကံဇာတာနိမ့်သည့်အခါ၊မဖြစ်လောက်သည့်အမှုနှင့်၊လိပ်လည်း သွားသည်, ရောဂါသေးနုပ်သော်လည်း၊ဆေးမှားလို့လိပ်လည်းသွားသည်။

လိမ် (ပင်), 1, *n.* a kind of tree, the *Terminalia bialata.*

လိမ်, 2, *v.* to twist, အသားကိုလိမ်, နားရွက်ကိုလိမ်, or to be twisted, ကြိုးလိမ်; to wind around, as a creeper, နွယ်လိမ်; to be deceitful, တယ်လိမ် သည့်လူ, သူတို့ပူးပေါင်းလိမ်ကြသည့်အမှုပါဘဲ; to use artifice, ကောက်ကျစ်; to delude, cheat, circumvent; to pinch the cheek, ပါးလိမ်။

လိမ်ကောက်, *v.* to be crooked and twisted, နေပူလို့လှေလိမ်ကောက်နေသည်; to be deceitful, ဖြောင့်ဖြောင့်စင်းစင်းမကြံအလွန်လိမ်ကောက်သည့်လူ။

လိမ်ကော့, *v.* to be warped out of shape, လိမ်ကော့နေသည်။

လိမ်တက်, *v.* to wind up, as an ascending creeper, သစ်ပင်ကိုနွယ်လိမ် ပတ်၍တက်သည်။

လိမ်တိမ်တိမ်, *adv.* trickishly, လိမ်တိမ်တိမ်ကြံတတ်သည်။

လိမ်ပတ်, *v.* to involve, wind over and around; to twine around, as a creeper; ကြိုးလိမ်ပတ်သည်, ချကလေးကိုမြွေလိမ်ပတ်သည်; to copulate, as serpents.

လိမ်ပြန်, *v.* to lay aside (the yellow robe) for a time, as a novitiate, မောင်ရှင်လိမ်ပြန်, ရှင်လိမ်ပြန်။

လိမ်ဖယ်, *v.* to distort; to twist, contort, သစ်သားလိမ်ဖယ်သည်, လိမ်ဖယ် လိမ်ဖယ်နှင့်သွားသည်; လိမ်ဖယ်ယူ, to wrest.

လိမ်ဖဲ့, *v.* to wrench off or away.

လိမ်ဖြတ်, *v.* to wring off, twist off.

လိမ်ရစ်, *v.* to involve, wind over and around, လိမ်ပတ်။

လိမ်လစ်, *v.* to twist, contort; to be deceitful, to use artifice, ကောက်ကျစ်, ကြွေးကိုနက်ဖြန် ဆပ်မည်ဆို့၊ သန်ဘက် ဆပ်မည်ဆို့၊ နေ့ရက် တမင် ရွှေ့နေလို့၊ တယ်လိမ်လစ်သည့်လူဘဲခင်ဗျား (*Colloq.*).

လိမ်လည်, *v.* same, in the latter sense; to delude, cheat, circumvent; *comp.* ဖျည့်စား; လိမ်လည်လှည့်ဖြား။

လိမ္မာ (from လိမ်, and မာ with change of meaning), *v.* to be clever in management; to be clever, as being marked by acuteness or shrewdness; လိမ္မာ is often used in a disparaging sense, as when one admires a person's cleverness, but despises his principles or *modus operandi*; လိမ္မာဆိုးဆိုး, *lit.* to be cleverly perverse, as a child taking advantage of a parent's kindness in order to commit a fault, နွဲ့ဆိုးဆိုး။

လိမ္မော်, *n* the orange, လိမ္မော်သီး; လိမ္မော်ရောင်, orange color.

လိမ့်, 1, *v.* to roll along, as a rolling ball or wheel, လှည်းဘီးလိမ့်. *Der.* လှိမ့်, အလိမ့်။

လိမ့်, 2, *verb. affix, compounded of* လေ, *and* အံ့, *which see,* သေကောင်း သေလိမ့်မည်, ယနေ့ရောက်လိမ့်မည်; *see also* မိမ့်။

လိမ့်ကျ, *v.* to fall off. မြင်းပေါ်ကလိမ့်ကျ, သစ်ပင်ပေါ်ကလိမ့်ကျသည်။

လိမ်း, *v.* to smear (the face or some part of the body), ဆေးလိမ်း, နံ့သာလိမ်း, သနပ်ခါးလိမ်း. *Der.* အလိမ်း။

လိမ်းကျံ. လိမ်းဆွတ်. လိမ်းသပ်, လိမ်းသာ, *v.* same, သည်ဆေးကိုမပြတ်လိမ်းဆွတ်လျှင်၊အနာပျောက်လွယ်ပါလိမ့်မည်။

လီစသ် (*pron.* လယ်), *v.* to plan, calculate in the mind, often in a bad sense, when it means to fabricate, invent, လီစယ်မပြောနှင့်၊မှန်ရာကိုသာပြောပါ။

လီဆယ်, *v.* to plan, calculate in the mind, ဖန်တီး။

လီး, *n.* the penis (*vulgar*), သို။

လီးချောင်း, *n.* the yard.

လီးငုံ (*pron.* လငုံ) (from အငုံ, a bud), *n.* the head of the penis.

လီးစေ့, လီးဆန်, *n.* the testicles.

လီးထစ် (*pron.* လထစ်), *n.* the ridge around the head of the penis.

လီးရည်, *n.* semen, သုတ်, ကာမရည်. တဏှာရည်။

လု, 1, *v.* to pull from another, take by force, snatch, plunder, လုယူ; to bore, as a horse, မြင်းသည်ဘက်ကိုလုသလဲ။

လုယက်, *v.* to take by force, snatch, plunder.

လုယူ, *v.* same as လုယက်, အထည်ပစ္စည်းများကိုလုယူထွက်ပြေးကြသည်, they seized the property by force and fled; ထားနှင့်ထိုးမည်လိုက်လို့၊ ထားကိုလုယူရသည်. as he followed in order to stab me, I was obliged to snatch the *da*; လုယူမှု, a robbery case.

လုယူဖျက်ဆီး, *v.* to harry, lay waste.

လုယူဘမ်းစား, *v.* to ravage, consume.

လု, 2, *verb. affix, near future,* about to, on the point of, ပေါက်လုပေါက်ခင်, သေလုသေခင်, သွားလုသွားခင်။

လုမတတ်, *adv.* almost, မိုဃ်းခေါင်လေရှားသောကြောင့်ထမင်းငတ်လုမတတ်ဖြစ်နေသည်, ကျွန်ုပ်ကိုထားနှင့်လိုက်သောကြောင့်၊သေလုမတတ်ပြေးရသည်။

လုင်, *an abbreviation of* လုလင်, *n.* a young man.

လုင်ကျော်, *n.* sassafras, မှန်သင်း။

လုတ်လုတ် (*often pron.* လျှတ်လျှတ်), *adv.* feebly and slowly, *under various adverbial forms,* as တလုတ်လုတ်, လုတ်လီးလုတ်လဲ့, လုတ်လုတ်လဲလဲ့, လုတ်လုတ်လဲ့လဲ့နွဲ့နွဲ့လျှာလျှာ; လုတ်လုတ်စားသည်, ဖြည်းဖြည်းနှေးနှေးလုတ်လုတ်ကလေးစားနေလို့မပြီးနိုင်ဘူး။

လုပ်, 1, *n.* a cavity, the cavity of the mouth. *Der.* အာလုပ်, စာလုပ်။

လုပ်ကျင်း (from ကျင်း, to rinse), *v.* to rinse the mouth or gargle the throat, ခံတွင်းကိုလုပ်ကျင်း, လုပ်ကျင်းစရာရေမရှိ။

လုပ်ဆေး (from ဆေး, to wash), *v.* same, ထမင်းစားပြီးလုပ်ဆေးခြင်းမျှမပြုရသေးသောကြောင့်၊စကားမပြောနိုင်သေးပါ။

လုပ်ရေ, *n.* the water with which the throat is gargled, လုပ်ရေဆေး, လုပ်ရေကျင်း။

လုပ်လတ်, *n.* same as လုပ် (*infreq.*).

လုပ်, 2, *v.* to feed one's self with the hand; *not used singly.* *Der.* အလုပ်, and ပါးလုပ်။

လုပ်ထွေး, *v.* same, *but used chiefly in an adverbial form,* as in the phrase အလုပ်အထွေးပြု၍စား, to feed one's self.

လုပ်, 3, *v.* to work, လုပ်ကိုင်; to make; to do, ပြုမူ; to act like, assume the character of. *Der.* အလုပ်။

လုပ်ကိုင်, *v.* to work, perform work, အလုပ်လုပ်, ဆင်းရဲသားဘာဝလုပ်ကိုင်စားသောက်ရသည်, ဘယ်ပညာနှင့်လုပ်ကိုင်၍အသက်မွေးပါသလဲ။

လုပ်ကြံ, *v.* to devise and execute, သွားလာရန်တိစ္စလုပ်ကြံ၍မပြီးသေး; to assault, in order to bring into one's power; to plot against.

လုပ်ကျွေး, *v.* to feed; to provide for, support, မိဘကိုလုပ်ကျွေးသမှုမပြုသောသားသမီးအမွေခံခြင်းငှာမထိုက်, sons and daughters who do not provide for their parents are unworthy of receiving an heritage.

လုပ်ခင်းဆောင်တာ, *n.* a place of employment (a term originally applied to cultivators).

လုပ်ငန်းလုပ်တာ, *n.* a task, အငန်းအတာ, ဆောင်တာလုပ်ငန်း။

လုပ်စီးဆောင်ပွား, *n.* profits of labor, earnings, သည်နှစ်လုပ်စီးဆောင်ပွားတော်တော်ဖြစ်ပါသလား။

လုပ်ဆောင်, *v.* to do, perform, carry on, လုပ်ကိုင်, လုပ်ဆောင်ရန်ကိစ္စ, လုပ်ဆောင်သည့်နေရာ, လုပ်ဆောင်သည့်စီးပွား။

လုပ်တိုင်း, *n.* a ground for burying and burning corpses, တစပြင်, သင်္ချိုင်း, သုသာန်။

လုပ်ဘော်ဆောင်ဘက်, *n.* a coadjutor, coworker, ကျွန်တော်သားတော်တော်ကြီးလို့လုပ်ဘော်ဆောင်ဘက်ရပြီ။

လုပ်မည်ပြု, *v.* to attempt to do (something).

လုပ်ရတ်, *n.* alchemy, အဂ္ဂိရတ်; လုပ်ရတ်သမား။

လုပ်ရတ်လုပ်, *v.* to practise alchemy, အဂ္ဂိရတ်ထိုး။

လုပ်လုပ်စားစား (*pron.* စားဇား), *adv.* living from hand to mouth, စီးပွားဖြစ်လောက်အောင်မရဘူး၊လုပ်လုပ်စားစားနေသည်။

လုပ်သား, *n.* a hired workman, a cooly, ခင်ဗျားလုပ်သားဘယ်နှစ်ယောက်နှင့်လယ်ကိုလုပ်ပါသလဲ။

လုလင် (*freq. pron.* နလင်), *n.* a young man. *Der.* မင်းလုလင် (*pron.* မင်းဒလင်).

လုလင်ကျော်, *n.* a kind of creeper; *comp.* လှင်ကျော်, sassafras.

လုလင်ခမဲ့, *n.* same as လုလင် (*poetical*).

လုလင်ပြန် (*pron.* နလင်ပြန်), *n.* late in the evening, about ten o'clock, the time when young men usually return from courting.

လုံ, 1, *v.* to be warm, နွေး. *Der.* လှုံ။

လုံ, 2, *v.* to be tight, as a vessel of any kind, ရေအိုးရေလုံသည်; လှေရေလုံသည်; to be secure, safe, ဘေးအန္တရာယ်လုံ; to be kept secret, to be secretive, စကားလုံ; to be free from blemish, သည်မြင်းသွေးဆိုးသွေကြမ်းတစုံတရာမပါ၊အလွှန်လုံလည်းသည့်မြင်း; to be clear, full, as sound, အသံလုံသည်။

လုံခြုံ, *v.* to be secure, safe; to be tight, သည်သင်္ဘောလေမိုးဃ်းအလွန်လုံခြုံသည်; to be free from blemish, သည်လူအပြစ်အနာမရှိ၊အလွန်လုံခြုံသည်။

လုံလည်း (*pron.* လုံလဲ), *v.* to be tight, as a vessel; to be secure, safe; to be free from blemish; လုံ and လုံလည်း often appear to have the same meaning as ထိပ်သည်း။

လုံလောက်, *v.* to be ample, amply sufficient.

လုံ, 3, *n.* a crucible, မိုက်ခွက်။

လုံးခေါက်, *n.* a deep cupel; *see* မိုက်လုံး; လုံးခေါက်နှင့်အဂ္ဂိရတ်ထိုးသည်။

လုံချည် (*pron.* လုံကျည်), *n.* a loose petticoat; the *longyi* is now worn by Burmese men as well as women

လုံမကလေး, *n.* a little girl.

လုံ့လ (*pron.* လုံးလ), *n.* diligence, industry, လုံ့လအလိုရှိတိုင်းအကျိုးကိုပြီးစေနိုင်၏။

လုံ့လကြီးကုတ်, *v.* to put forth great effort, to spare no pains.

လုံ့လထကြွ, *adv.* with great diligence and effort, ဆရာကိုလုပ်ကျွေးသကဲ့သို့၊လင်ဖြစ်သောမင်းကြီးအားငါသည်လုံ့လထကြွပြုခြင်းဖြင့်လုပ်ကျွေး၏။

လုံ့လထုတ်, လုံ့လပြု, *v.* to be diligent, industrious, ဤအမှုမှာခင်ဗျားကလုံ့လသာထုတ်မည်ဆိုလျှင်၊ယခုလိုဒုက္ခမရောက်ပါ။

**လုံ့လပြော့**, *v.* to be lax in effort.

**လုံ့လလျှော့**, *v.* to relax effort.

**လုံး**, *v.* to make round, globular, spherical, ထောက်စာလုံးသည်, စပါးပိုက်ကိုလုံးအောင်စုသည်, ဆေးကိုလုံးလိုက်ပါ; to be round, globular, spherical, မြေကြီးလုံးသည်ဟု၊အင်္ဂလိပ်လူမျိုးအယူရှိကြသည်; to be cylindrical; to be all, entire, as a ball; *used adverbially*, လုံးခဲ, *and in derivatives* အလုံး, etc.

**လုံးကြီးပေါက်လှ**, *n.* a term applied to persons of imposing and comely appearance.

**လုံးတွင်းလှေ**, *n.* a canoe, a dugout, လောင်း။

**လုံးထွေး**, *v.* to be mixed together in a mass, ထွေးလုံး, လူများ လုံးထွေးပြီးနေကြသည်, ခင်ဗျားစီသည့်စာလုံးထွေးသောကြောင့်၊အဓိပ္ပာယ်အယူခက်သည်, လုံးထွေးထွေးမပြောပါနှင့်; to wrestle, နပန်းလုံး။

**လုံးပတ်** (*pron.* ဗတ်), *n.* the girth, compass or circumference of a spherical, or cylindrical body, ကျွန်တော်သစ်တောင်မှာရှိသောသစ်များသည်လုံးပတ်ကိုးထွာစီရှိသည်, သည်လူ့ခွန်အားဗလတယ်ကောင်းသည်၊ ရင်ဝလုံးပတ်လေးထွာကျော်ကျော်ရှိသည်။

**လုံးပန်း** (*pron.* ဗန်း), *v.* to make efforts, to strive, ကြိုးစား, အားထုတ်, မြစ်လယ်မှာမိုးသက်မိသောကြောင့်၊ ကမ်းသို့ဆိုက်အောင်၊ အင်မတန်လုံးပန်းလှော်ရသည်။

**လုံးရင်း**, *v.* to mobilize, as an armed force, army, ရာဇဝတ်ချောင်း၊အနေဘတ်ချင်းတွင်းချောင်းများကို အသီးသီးလက်နက် လုံးရင်းဖွဲ့စည်းတက်စေသည်။

**လုံးရုပ်သဏ္ဌာန်**, *n.* figure and appearance, လုံးရုပ်သဏ္ဌာန်၊ကိုယ်တန်နွဲ့နယ်ငယ်သောခါး၊ရှိကုန်သောမိဘုရားခုနစ်ရာ။

**လုံးချုပ်**, *v.* to sew up a seam and fell the edges, စောင်ကိုလုံး၍ချုပ်သည်။

**လူ**, 1, *n.* a man; one of the human race, whether male or female; a rational being, whether man, *nat*, or *brahma*; a layman; the body, as လူမမာ. Burmans when speaking of any one contemptuously, pronounce လူ, လု, *e.g.*, လူတိရစ္ဆာန် becomes လုတိရစ္ဆာန်။

**လူအ**, *n.* a dumb person.

**လူအကြီးအကဲ**, *n.* an elder.

**လူအဖျင်း**, *n.* a useless, inefficient fellow, သည်သူဟာမှာအသုံးမရှိ၊လူအဖျင်းဘဲ။

**လူအုပ်မင်း**, *n.* a ruler.

**လူအို**, *n.* an old man.

**လူဦးရေခွန်**, *n.* a poll tax, လူခွန်။

**လူကန်း** (*pron.* ဂန်း), *n.* a blind person; a term applied to persons who exhibit stupidity; said to be derived from နွားကန်း။

**လူကဏ္ဍရာ**, **လူကော်စေး**, **လူကော်စေးနဲ**, *n.* a miser, niggard, skinflint, လူကဏ္ဍရာ၊အင်မတန်နှမြောတတ်သည့်လူ။

လူကပ်ပါး, *n.* a vagrant who seeks his living by expedients, or by sponging on others.

လူကလေး, *n. lit.* a little man, a boy.

လူကဲ, *n.* capacity, ability, အစွမ်းအစ။

လူကဲခတ်, *v.* to make a mental estimate of the ability or capacity of another.

လူကုံစသား, *n.* an extraordinary person.

လူကောက် (*pron.* ဂေါက်), *n.* a dishonest man, a cheat, လူလိမ်လူကောက်။

လူကောင်း (*pron.* ဂေါင်း), *n.* a person of good character; one who excels in any mental or physical attainment, သည်ရှေ့နေလူကောင်းဘဲ၊ ဘယ်ရှေ့နေမှ နိုင်အောင်ဆင်ခြေမလဲနိုင်ဘူး, သည်ထက်သမားဆရာလူကောင်းဘဲ၊ အလုပ်အကိုင်အလွန်စေ့စပ်သည်; a sane, in contradistinction to an insane, person; this term is also applied to an expert burglar, thief, pickpocket.

လူကျက်, *n.* a person known, ဤခွေးသည် လူစိမ်းလူကျက်တယ်ခွေးတတ်သည်။

လူကျယ် (*pron.* ဂျယ်), *n.* one who picks a quarrel, or seeks to plunge another into difficulty, သည်ရွာခွင်မြို့ဆိုသည့်လူလူကျယ်ဘဲ; a hector, လူကျယ်လုပ်၍နှောင့်ရှက်သည်။

လူကျော် (*pron.* ကျော်), *n.* a famous man, whether good or evil, ကျော်စောသောသူ, မန္တလေးမြို့တွင်ဗေဒင်ဆရာ၌ဆရာမှည့် လူကျော်ဘဲ, သူခိုးထဲမှာသည်သူလူကျော်ဘဲ။

လူကြမ်း, *n.* a violent, harsh, cruel person, ကြမ်းတမ်းသောသူ။

လူကြာ, *n.* a man who has age, but not corresponding wisdom and virtue, ခင်ဘျားလူကြီးမထုတ်၊လူကြာဘဲ။

လူကြီး, *n.* an elder, one who has arrived at years of discretion; an adult; a leader, a chief in any undertaking, ရွာလူကြီး, မြို့လူကြီး။

လူခြေ (*pron.* ခြေ), *n.* the human foot; *adv.* on foot, လူခြေသွားမည်ဆိုလျှင်၊ မရောက်နိုင်ပါ။

လူခြေတိတ် (*pron.* ခြေဒိတ်), *adv.* with no sound of footsteps, *lit.* when the human foot is silent; at the time of night when the sound of footsteps ceases, လူခြေတိတ်အချိန်။

လူခွန်, *n.* a poll tax, the capitation tax, လူဦးရေခွန်, လူခွန်ငွေ။

လူခွန်အစားမြေခွန်, *n.* land assessment in lieu of capitation tax.

လူခွန်တော်ခွဲပုံစာရင်း, *n.* capitation tax assessment roll.

လူငယ်လူရွယ်စု, *n.* young persons collectively, လူပျိုလူရွယ်စု။

လူစ (*pron.* ဇ), *n.* capacity, ability, လူကဲ; *often combined with* လူစွမ်း, လူစွမ်းလူစ, လူစွမ်းလူစအလွန်နည်းသည့်လူ။

လူစည်, *v.* to be well attended, crowded, as an assembly, a festival, etc.

လူစည်မှီ (*pron.* ဇည်), *v.* to attain to the average standard of one's fellowmen in health, wealth, position, etc., ငွေနှစ်မြုပ်ကတည်းက၊ ဦးဆိုးနှစ်ဘယ်အခါမှလူစည်မမှီရှာပါ။

လူစိမ်း (*pron.* ဇိမ်း), *n.* a stranger; a novice, one who is new in any business, သင်စ, လူသစ်; ကျွန်ုပ်တို့ရွာမှာလူစိမ်းမရောပါ၊ဆွေမျိုးပေါက်ဘော်ချည်းတည်းဘဲ။

လူစု, *v.* to collect or assemble men, in a bad sense, as for the purpose of committing dacoity, or rising in rebellion.

လူစွမ်း, *n.* capacity, ability, လူစွမ်းတယ်ရှိသည့်လူ, လူမစွမ်းနှုတ်စသည်။

လူစွမ်းကောင်း (*pron.* ဇွမ်းဂေါင်း), *n.* an extraordinary person; usually applied to physical attainments, to invulnerability, or to the performance of some great feat of skill or prowess, such as leaping over a prison wall, escaping from a prison from which no ordinary person can escape, etc.

လူဆက်ဝေး, *v.* to be far apart, as human habitations, villages, towns.

လူဆင်းပေါက်, *n.* a manhole.

လူဆုံးလူပါး, *n.* a condemned outcast (*rare in colloq.*).

လူဆိုး (*pron.* ဇိုး), *n.* a bad character.

လူတတ် (*pron.* ဒတ်), *n.* a learned man; a man skilled in any science or handicraft.

လူတန်းစေ့ (*pron.* ဒန်းဇိ), *v.* to be of the usual size; applied figuratively to mental attainments, position in life, etc.

လူတေ (*pron.* ဒေ), *n.* a vile fellow.

လူထင် (*pron.* ဒင်), *n.* a prominent person, သည်မြို့ပေါ်၌ဦးရွှေနီလူထင်ပါဘဲ။

လူထု (*pron.* ဒု), *n.* a crowd, သည်ပွဲမှာလူထုအလွန်နည်းသည်။

လူထောက် (*pron.* ဒေါက်), *n.* a spy; လူထောက်ထား, to employ a spy or informer.

လူထွက်, *v.* to leave the priesthood; *n.* one who has left the priesthood; ဘုန်းကြီးလူထွက် implies that the person leaving the priesthood has previously been the abbot of a monastery.

လူထွေး, *n.* a number of persons.

လူနပ်, *n.* a skilful, well-informed person; a "knowing" man.

လူပါး, *v.* to be thinly populated; to be thinly attended, as an assembly, a festival; *n.* a person of ready and quick perception.

လူပု, *n.* a short, dumpy man, a dwarf.

လူပေါက်ပန်း (from ပေါက်, a tree whose flower is of a gorgeous red

color, but destitute of fragrance), *n.* a coxcomb, **ဘာမျှမလုပ်ချင်မ ကိုင်ချင်ဘူး၊လူပေါက်ပန်းလည်နေဒါဘဲ** (*Colloq.*).

လူပေါက်သောက်, *n.* an inconsiderate, rude person.

လူပျက် (*pron.* ဗျက်), *n.* a buffoon; a dramatic performer, a clown.

လူပျင်း, *n.* a lazy fellow.

လူပျို (*pron.* ဗျို), *n.* a young, unmarried man.

လူပျိုကိုယ်, *n.* same; of pure morals, corresponding to a virgin.

လူပျိုကြီး, လူပျိုဟိုင်း, *n.* an old bachelor.

လူပျိုခင်, လူပျိုနို, လူပျိုပေါက်, လူပျိုဖြန်း, *n.* a lad at the age of puberty, တယ်မကြီးလှသေးပါ၊လူပျိုနို့ကလေးရှိသေးသည်။

လူပျိုခန်း (*pron.* ဗျိုဂန်း), *n.* the apartment in a house alloted to the young men.

လူပျိုခေါင်း (*pron.* ဂေါင်း), *n.* a chief or leader among the young men of a district, or of a quarter of a village or town; *comp.* သွေးဆောင်။

လူပျိုစကား, *n.* the language of courtship; လူပျိုစကားပြော, to speak in the language of courtship.

လူပျိုနာ, *n.* the venereal disease, အနာယည်, ရှိုးစွဲနာ, ကာလသားရောဂါ။

လူပျိုလူရွယ်, *n.* a young, unmarried man.

လူပျိုလှည်, *v.* to court, to woo.

လူဖြန်း, *n.* a simple-minded, unsophisticated person; a useless, inefficient fellow, လူအဖျင်း။

လူပြေးပွဲ, *n.* a footrace, ပန်းပြေးပွဲ။

လူပြောင် (*pron.* ဗြောင်), *n.* a buffoon; a wag, လူပျက်, လူပျောင်။

လူပြော့, *v.* to be mild and gentle in disposition; to be effeminate.

လူမွေ (*pron.* ဗွေ), *n.* a mischief-maker, a rogue, a scamp.

လူဘောင်, *n.* the society of men, လူဘောင်မှာငြိုးငွေ့၍၊သက်နိုးဝတ်ပြီးလျှင်၊ ဆွမ်းခံပုဂ္ဂိုလ်အဖြစ်သို့ရောက်သည်။

လူဘော်ဝင်, *v.* to be of an age to begin to associate with men, as a young man, အရွယ်ရောက်သည်။

လူမာ, *n.* a healthy, vigorous man, လူသန်လူမာ။

လူမိုက်, *n.* a foolish, ignorant person.

လူမျိုးစုံ, *v.* to be of various and diverse nationalities or races.

လူရည်လည်, လူရည်ဝ, လူဝါးဝ, *v.* to have knowledge and good sense with confidence to use them; to have a knowledge of the world, *i.e.*, mankind, men, တယ်လူရည်လည်သည့်သူ, လူဝါးဝသို့စော်ကားမည် ကြံသလား။

လူရာဝင်, *v.* to be of an age to begin to associate with men, လူဘော် ဝင်; to intrude, whether by speaking or acting, in a manner un-

suitable for one's age, knowledge or other circumstances; လူရာမဝင်ဘဲ လူထဲဝင်စကားပြောသည်။

လူလားမြောက်, *v.* to come to maturity, be of adult age. လူလားမမြောက်မီကမိဘသေဆုံးသွားသည်။

လူလူတာ်, *v.* to cry thief! thief! သူခိုး၊သူခိုး၊လူလူဟာစ်သံကြားသည်။

လူလျှောင်, *n.* a buffoon, လူပြောင်။

လူဝတ်လဲ, *v.* *lit.* to exchange a priest's robes for those of a layman, လူထွက်။

လူဝံ, *n.* an orang-outang (Malay, signifying jungle man).

လူဝါ, *n.* a braggart.

လူသတ်, *n.* a murderer, လူသတ်ယောက်ျား, လူသတ်မိန်းမ။

လူသန်, *n.* a strong, robust man.

လူသုံးပါး, *n.* men (လူ), *nats* (နတ်), and *brahmas* (ဗြဟ္မာ).

လူသူ, *n.* persons, people, as လူသူများသည်။

လူသေ, *n.* a dead person, a corpse, လူသေကောင်။

လူ, 2, *v.* to be disproportionately tall.

လူ, 3, *v.* to flutter, with an upward motion; *used in the adverbial forms,* လူလူ, *and* တလူလူ, တံခွန်သည်လေတိုက်သောကြောင့်၊အထက်သို့တလူလူ တက်သည်, မီးသဘော်ခေါင်းတိုင်က မီးခိုးတလူလူထွက်နေသည်; also used with reference to a person having an exaggerated opinion of himself, ခင်ဘျားစိတ်ကြီးအဖ နှင့်ဝင်သောကြောင့်၊ အထက်သို့တလူလူတက်နေသည်. *Der.* စိတ်လူ။

လူး, 1, *n.* a species of grain, the *Panicum paspalum.*

လူးနတ်ကောက်, *n.* the classic name for wheat.

လူး, 2, *v.* to smear, besmear, daub; *comp.* လိမ်း, to smear the face or some part of the body: ခြေထောက်မှာဘိနပ်ပေါက်လို့ဆေးလူးထားသည်. သနပ်ခါးပန်းမန်လူး (*less elegant than* လိမ်း): *intrans.* to be smeared, smudged, အင်္ကျီမှာအိုးမည်းလူးလို့မဝတ်နိုင်ပါ။

လူး, 3, *v.* to roll from side to side; to be crank, as a ship or boat, သဘော်လူးသည်, လှေလူးသည်: to wallow, as a buffalo, ကျွဲမြုတ်ကိုက်လို့ရွှံ့ထဲလူးနေသည်: to roll about on the ground, as a dog or horse, ခွေးထဲကထုတ်စလို့မြင်းမြေလူးသည်; to roll about in bed, as when restless from sickness or sleeplessness, နေမကောင်းလို့အိပ်ရာပေါ်မှာလူးနေသည်။

လူးအိုင်, *n.* a wallow; ကျွဲလူးအိုင်, a buffalo-wallow.

လူးလည်း, *v.* same as လူး။

လူးလာ, *v.* to move backward and forward; *used only in an adverbial form,* လူးလာခတ်, ပဒါစာဒိသားနှစ်ယောက်သေဆုံးရာတွင်၊လူးလာခတ်ပြေး၍ငိုကြွေးမြည်လာသည်, တောင်ပြေးမြောက်ပြေးလူးလာခတ်နေသည်; *adv.* to and

fro, backward and forward, ခေါက်တုံ့ခေါက်ပြန်လှူးလာခတ်သွားသည်။

†လှူးတား (*pron.* ဒါး), *n.* a kind of verse, lullaby, လှူးတားသတ်စာ, လှူးတားလင်္ကာ။

လှူးတားကြိုး, *n.* a rope attached to an anchor, tree, or other object, by which a boat is drawn against the stream, in places where the current is swift.

လှူးတားဆွဲ, *v.* to draw a boat against the current by such a rope.

လေ, 1, *n.* air, air in motion, wind, လေအောင့်, လေအောင်း။

လေအန်, *v.* to retch, eructate, without ejecting the contents of the stomach; *more than* ပို့; ရင်ဝမှာလေဆို့နေသောကြောင့်၊မအီမသာရှိသည်မှာ၊အန်ဖိသည်နှိပ်မှလေအန်လို့သက်သာပါသည်။

လေအောက်, *adv.* with the wind, လှေလေအောက်သို့သွားလို့ရွက်တိုက်ရသည်။

လေအောင်း, *v.* to suffer from gas confined in the stomach, လေခံ, လေချုပ်။

လေဦး, *n.* the beginning of a change in the direction of the wind or monsoon, မိုးဆီးဦးလေဦး။

လေကင်း, *n.* the exhalation or influence of the air of the body, supposed to produce certain diseases; *comp.* အကင်း, and သွေးကင်း; သွေးကင်းလေကင်းတက်လို့၊ယားယံရောင်ဖောခြင်းဖြစ်တတ်သည်။

လေကာ (*pron.* ဂါ), *n.* a screen to keep off the wind.

လေကျ, *v.* to blow hard, as the wind, လေကျလို့သင်္ဘောမသွားဝံ့ဘူး။

လေကျောက်ချ, *v.* to lie to (*Naut.*).

လေကြွဝ်, *v.* to suffer from gas confined in the stomach.

လေကြမ်း, *v.* to blow violently, လေထန်လေပြင်း။

လေကြော, *n.* a muscle, sinew, tendon, သွေးကြော။

လေကြောသေနာ, *n.* palsy; paralysis, လေကြောသေနာဘမ်း။

လေခပ်, *v.* to hit, agitate, as the wind; to blow.

လေခံ, *v.* to suffer from flatulency, လေခံလို့ထမင်းမစားနိုင်ပါ, လေအောင်း။

လေခေါင်းအုံး, *n.* an air pillow.

လေခို, *v.* to remain in a place secure from the wind, လေမိလို့ထောင့်ကွေ့ထဲလေခိုနေရသည်။

လေခိုက်, *v.* to suffer from the bad influence of air in the human system.

လေချဉ်တက် (*pron.* ချဉ်), *v.* to eructate acid gas from the stomach; လေကြို *is more polite.*

လေချဉ်ပင့် (*pron.* ချဉ်), *v.* same.

လေချုပ်, *v.* to suffer from gas confined in the stomach.

လေချေ, *n.* the direction from which the wind blows, ဘယ်ကလေချေမိုးဆီးချေရှိပါသလဲ, လေရိပ်လေချေ။

လေချွန်, *v.* to whistle.

လေငြိမ်, *v.* to lull, as the wind.
လေစုတ်ခြွန်, *n.* an air pump.
လေစုန်, 1 (*abbrev. of* ဝမ်းလေစုန်), *v.* to pass wind, လေလည်, လေသက်။
လေစုန်, 2, *adv.* with the wind, လေအောက်; လေစုန်တိုက်သွား, to run before the wind, as a ship.
လေစောင်း (*pron.* ဇောင်း), *n.* the edge of the wind.
လေဆင်, *v.* to have the appearance of a coming wind, or of a rising squall, အနောက်တောင်ထောင့်ကလေဆင်လာသည်; *comp.* မိုးဆင်။
လေဆန်, *n.* a head wind.
လေဆေး (*pron.* ဇေး), *n.* medicine to expel wind, a carminative.
လေဆို, *v.* to have the appearance of a rising head wind.
လေညာ, *adv.* against the wind, လေတင်, လေညာကိုဆန်ခတ်ရသောကြောင့်၊ လှေမတက်နိုင်ဘူး။
လေညှင်း, *n.* a gentle breeze, လေပြေ; လေညှင်းခံ, to take the sea air for the benefit of one's health.
လေတက်, *v.* to eructate, raise wind from the stomach.
လေတင်, *adv.* against the wind, လေညာ။
လေတံကျ (*pron.* တကျ), *n.* a painful induration in the breast or bowels, လေတံကျနာခွဲ; *comp.* သွေးတံကျ။
လေတံကျင် (*pron.* တကျင်), *n.* the pleurisy.
လေတံခွန်, *n.* a paper kite, စွန်။
လေတာ (*pron.* ဒါ), *n.* a draught of wind.
လေတာကျ, *v.* to be situated in a draught of wind, လေတာကျလို့အအေးခံမိသည်။
လေတိတ်, *v.* to lull; to be calm, be without wind; to be close, as the weather, အလွန်လေတိတ်သည့်နေ့။
လေတူလာ, *n.* blind piles.
လေတိုက်, *v.* to blow hard, as the wind.
လေတိုင်း, *n.* a dogvane.
လေတိုး, *v.* to rush and press with violence, as the wind, ရွက်ကိုလေတိုးလို့လှေမှောက်သွားသည်။
လေတွင်း, *n.* a wind hole, reservoir of wind, as in the phrase လေတွင်းကိုမျှောက်စောင့်၍လေလာသည်, or မျှောက်စောင့်သည်လိုလေလာသည်, to be shifting, variable, as if the wind were shut up in a reservoir, and a monkey, keeping guard, released it as he pleased.
လေထွက်, *v.* to escape, as air from an aperture.
လေနင့်, *v.* to have a feeling of constriction from flatulence.
လေနိုင်, လေနိမ်, *v.* to be relieved of wind in the stomach.

လေနိုကြမ်း, *n.* a violent wind without rain.
လေပင့်, *v.* to lift up, as the wind.
လေပုန်း, *n.* a sudden gust of wind.
လေပုန်းတိုး, *v.* to blow a sudden gust, as wind.
လေပုံးစက်, *n.* a balloon.
လေပူတက်, လေပူထ. လေမှုတ်, *v.* to have the heartburn.
လေပူနာ, *n.* the heartburn.
လေပေါက်, *n.* an airhole.
လေပျို့, *v.* to be disposed to vomit.
လေပြင်း, *n.* a violent wind, a gale; *comp.* မုန်တိုင်း; *v.* to blow violently; sometimes figuratively applied to individuals, *e.g.*, မောင်လှဦးတယ် လေပြင်းသည့်လူ။
လေပြေ, *n.* a gentle breeze, လေညှင်း။
လေပြွန်, *n.* a ventilating pipe; a windsail.
လေဖူး, *n.* an air ball.
လေဖျည်းနာ (*pron.* ဖျဉ်း), *n.* tympany, ရေဖျည်းနာ, သွေးဖျည်းနာ။
လေဖျန်း, *n.* a gentle (*lit.* a sprinkling) wind.
လေဘွေ (from ဘွေ), *n.* a whirlwind.
လေမိ, *v.* to be caught in a gust or storm of wind, as a boat or ship.
လေမုန်တိုင်း, *n.* a hurricane, a tempest.
လေမိုးသီး, *n.* same as လေ, *in medical language,* လေနာမိုးသီးနာ, သည် အစာလေနာမိုးသီးနာအတွက်ကောင်းသည်။
လေမွေ့ရာ, *n.* an air mattress.
လေမှုတ်ပြွန်တံ, *n.* a blowpipe, မှုတ်ရန်ပြောင်း, ဒိုးပြောင်း။
လေမှုတ်သွင်း, *v.* to blow up, as a bladder.
လေမှုန်, *v.* to be dusky, as the atmosphere before a wind.
လေရက်ကန်းခပ်, *v.* to strike, as a head wind.
လေလည်, *v.* to pass wind.
လေလဟာ, *n.* the atmosphere.
လေလာ, *v.* to blow, as the wind.
လေလုံ, *v.* to be air-tight; to be sheltered from the wind.
လေလူချော, *n.* a kind of muslin.
လေလျှည်, *v.* to be relieved of wind.
လေဝေ့, *v.* to veer, as the wind, လေဝေ့လို့ ရွက်မတိုက်နိုင်ပါ; *n.* a veering wind.
လေဝိုင်း, *n.* a cyclone, လေဝိုင်းကျသည်။
လေဝှေ့, *n.* a side squall.
လေသက်. *v.* to pass wind.
လေသက်မိုးသက်, *n.* a squall, storm, tempest, မိုးသက်မုန်တိုင်း။

လေသင်တုန်း (*pron.* ဒုန်း), *n.* a fabulous wind supposed to cut in pieces like a razor; paralysis, လေသင်တုန်းမိသည်, to have a stroke of paralysis; လေသင်တုန်းဖြတ်လို့သေသည် (heart disease, *angina pectoris*).
လေသလပ်, *v.* to impinge on the surface of any substance and absorb moisture, or check perspiration, သည်အဝတ်များကိုနေပူမလှန်းနှင့်၊နေရိပ်ထဲမှာလေသလပ်ပါလေစေ, or လေသလပ်ခံခြောက်ပါလေစေ, လေသလပ်ခံလို့ချွေးတိတ်သွားသည်။
လေသံ, *n.* the sound of air in motion, wind.
လေသံနှင့်ပြော, *v.* to speak in a whisper, နှစ်ကိုယ်ကြားလေသံကလေးနှင့်ပြောသည်, တီးတိုးစကားပြောသည်။
လေသာ, *v.* to have a pleasant breeze, to blow pleasantly; to be airy, as a site, situation (*rare*).
လေသာဆောင် (*pron.* ဇောင်), *n.* one of the buildings of the palace, more elevated than the rest, in which the King took the air.
လေသာတံခါး, *n.* a window, ပြတင်း, လေသွန်တံခါး (*obs.*).
လေသာတောင်, *n.* the quill near the tip of a wing.
လေသာနန်း, *n.* a large window (*obs.*).
လေသာပြူပြတင်း, *n.* a window.
လေသုတ်, *v.* to strike, as the wind (on a sick person, so as to affect him unfavorably), လေထိ; to blow with celerity and force, to sweep.
လေသုတ်သုတ်လာ, *v.* to blow, as a moderately gentle breeze.
လေသိုက်, *n.* a pendulous parasite.
လေသွင်း, *v.* to aerify.
လေဟော, *v.* to blow hard, as the wind, but implying that it is a dry wind; *used adverbially*, လေတဟောဟောတိုက်သည်။
လေ, 2, *v.* to be scattered, lost, evaporated, as camphor, quicksilver, etc., ပရုတ်အခိုးလေသည်, နံ့သာဆီအခိုးလေသည်; to be unsteady, to wander about without a home, so as to be lost to one's friends, ကျွန်တော်သားဘယ်ဆီသို့လေနေသည်ကို၊သိတင်းမကြားရပါ။
လေလွင့်, *v.* same, အလုပ်အကိုင်မရှိ၊လေလွင့်နေသည်; လူလေလူလွင့်, a loafer.
လေ, 3, *verb. affix, euphonic, etc.*; *see Gram. sec.* 118; *slightly emphatic or persistive*, as လားလေ (*colloq.*); *see Gram. sec.* 119; မကောင်းဘဲရှိုးလားလေ, မလိုက်ဘဲနေမည်လားလေ, ယုတ်ပြီလားလေ, ငါတယ်လုပ်လိုက်ရလေ; *also duplicated*, သင်လေခက်လေ, the more one studies, the more difficult it is, ပြောလေနာလေ, the more he speaks, the more he wounds (one's feelings); *it is also occasionally coupled with* သိ, *in an interrogative sense*, ဘယ်သွားလေသိ, *probably an abbrev. of* ဘယ်သွားလေသည်၊သိသလား။

လေမင်း (ပင်), *n.* a kind of medicinal tree.
လေလံ, *n.* an auction.
လေလံခေါင်း, *n.* an auctioneer.
လေလံဆွဲ, *v.* to bid at an auction, အင်းလေလံဆွဲ, သောင်လေလံဆွဲ, သည်
 သောင်လေလံဆွဲသည့်လူမှားသောကြောင့်၊မနှစ်ကထက်အဆိုးတက်သည်။
လေလံတက်, *v.* to outbid another at an auction, လေလံတက်ပေးသည်။
လေလံတင်, လေလံပစ်, *v.* to put up at auction, ဥစ္စာပစ္စည်းလေလံတင်သည်။
လေလံတင်ရောင်း, *v.* to sell off (surplus stock) by auction.
လေ့, 1, *v.* to practise, acquire a habit, become accustomed to (*seldom used alone*); *less than* ကျွမ်းကျင်, *and* ကျင်လည်။
လေ့ကျက်, *v.* same; to devote one's self to, as a study or a profession.
လေ့ကျင်, လေ့ကျင့်, လေ့ကျွမ်း, လေ့ကြွံ, *v. see the parts.*
လေ့လာ, *v.* to be versed, skilled in, accomplished, ခင်ဘျားစောင်းအတတ်
 ကိုလေ့လာသည်မှာ၊ နှစ်ပေါင်းဘယ်လောက်ရှိပြီလဲ, စာပေကိုလေ့လာသည်။
လေ့, 2, *v.* to fly away, as chaff, လွင့်, (*rare in colloq.*). *Der.* လှေ့။
လေ့လွင့်, *v.* same as လေ့။
†လေ့လေ့, *int.* the sound with which hogs are called, as တီတီ is used for calling fowls, and မိန့်မိန့်, or မင်မင် for calling cats, and ယော့ယော့ for calling horses and bullocks.
လေး, 1, *n.* a bow for shooting; a royal archer, လေးမတတ်သော်လည်း၊ ငှက်သေသည်မှာမူလ (*Prov.*); the curved stick used for stretching the cloth in weaving (ရက်ကန်းလေး), နယ်, နယ်ကိုင်း. Der. တူးလေး, a crossbow; လင်းလေး, a common bow; လောက်လေး, a pellet bow.
လေးကိုင်, *n.* an archer, လေးသွဲ။
လေးကိုင်း (*pron.* ဂိုင်း), *n.* the bow itself.
လေးကျင်, *n.* a curved spring (*infreq.*).
လေးခင်းပြ, *v.* to make an exhibition of skill in shooting with a bow.
လေးညှို့, *n.* a bowstring.
လေးညှို့ချ, *v.* to unbend a bow, လေးညှို့လျှော့ချ။
လေးတင်, *v.* to bend a bow; to string a bow, လေးညှို့တင်, ခေါင်တိုက်။
လေးတူး, *n.* the shank of a crossbow.
လေးပစ်, *v.* to shoot an arrow from a bow, လေးနှင့်ပစ်။
လေးဖျင်, *n.* the bow of a crossbow.
လေးသမား, *n.* an archer; လေးတော်ပစ်, လေးသည်တော်, လေးတော်သား, a royal archer.
လေး, 2, *a.* and *n.* four, ၄။
လေးခေါက်ချိုး, *n.* or *a.* octavo.

လေးဖိတ်လေးမြွာကွဲ, *v.* to be broken or split into pieces, *lit.* into four parts, ပုကန်ပြားလေးဖိတ်လေးမြွာကွဲသည်။

လေးထောင့်, လေးထောင့်စပ်စပ်, *a.* four-cornered.

လေးထောင့်ပုံ, *n.* a quadrangle.

လေးပေါင်ဖြတ်, လေးပေါင်ဖြတ်ထိး, လေးပေါင်ဖြတ်မ, လေးပေါင်ဖြတ်သား, *n.* expressions used by women in quarreling; equivalent to the imprecation, "may you be quartered."

လေးပေါင်လေးဘက်, လေးပေါင်လေးလက်, *adv.* in regard to the legs and arms; applied to words of cutting off; usually applied to buffaloes and bullocks after being slaughtered, နွားကိုလေးပေါင်လေးဘက်ဖြတ်ယူသည်, or ဖြတ်ယူသည်။

လေးဘက်ထောက်သွား, *v.* to go on all fours; လေးဘက်သွား, to trot.

လေးမျက်နှာ, *n.* the four points of the compass, အရပ်လေးမျက်နှာ။

လေးလုံးပြောက်, *a.* twilled; applied to textile fabrics, mats, etc., စလေစောင်လေးလုံးပြောက်ရက်သည်; *see* ပရွက်ကြောင်း။

လေးလုံးလေးဘက်, *adv.* referring to men with large limbs, လေးလုံးလေးဘက်နှင့်ခွန်အားဗလအလွန်ပြည့်စုံသည့်လူ,လေးလုံးလေးဘက်တယ်ထွားကျိုင်းသည့်လူ, လေးလုံးလေးဘက်နှင့်လူပါပေ, လေးလုံးလေးဘက်နှင့်တယ်ဖျင်းသည့်လူ, a great, hulking, useless fellow.

လေး, 3, *v.* to be heavy, not light, မပေါ့; to be slow, နှေး; to be heavy and dull in respect to motion, တယ်အသွားအလာလေးသည့်လူ, အသွားအလာလေးသည့်မြင်း, a logy horse; to affect the smell and taste powerfully, မင်းချက်သည့်ဟင်းငါးဖိန့်တယ်လေးသည်, သည်ဟင်းအရသာတယ်လေးသည်, သိပုရာရည်လေးလေးလုပ်ပါ, ဒွက်ရည်ထဲမှာသကြားလေးလေးထည့်ပါ; to be depressed in mind, as apprehensive of some impending trouble or calamity, ယခုသွားရမည်ထမ်းအလွန်စိတ်လေးသည်; to experience a feeling of heaviness in the back part of the neck, ကုပ်လေးသည်, or to feel heavy headed, ခေါင်းလေးသည်။

လေးကန် (*pron.* ဂန်), *v.* to be slow, နှေး, အသွားအလာလေးကန်သည့်လူဘဲ။

လေးတေးတေး, *adv. diminutive of* လေး, ကုပ်လေးတေးတေးရှိသည်, ခေါင်းလေးတေးတေးရှိသည်, လေးတေးတေးမလုပ်ပါနှင့်၊မြန်မြန်ထက်ထက်လုပ်ပါ။

လေးနက်, *v.* to be strong, as flavor, ဩဇာလေးနက်; to be weighty, as language, စကားပြောအလွန်လေးနက်သည်, လေးလေးနက်နက်ပြောတတ်သည်။

လေးပင်, *v.* to be strong, as flavor, ထမင်းအရသာလေးလေးပင်ပင်ရှိသည်; to be slow, နှေး, သည်သူမိုင်းကျောင်း၊လေးလေးပင်ပင်လုပ်သည်။

လေးထံ, *v.* to be heavy, not light; to be slow; ကိုယ်ထက်လေးထံနေအောင်ရှိသောကြောင့်၊မလှုပ်ချင်ဘူး။

လေးလေးပြော, *v.* to drawl, လေးကန်စွာပြောသည်။

လေး, 4, *v.* to respect; *seldom used singly,* ခန့်, ထိ, ရှိသေ, ကျွန်ုပ်ပြော သည့်စကားတဆိတ်မျှမလေးဘူး။
လေးခန့်, လေးငြား, လေးစား, *v.* same (*infreq.*), လေးစားမမှုမထိမဲ့မြင်ပြုထတ်သည်။
လေးမှု, *v.* same; *used adverbially only.*
လေးမြတ်, *v.* to respect; to think well of, think much of, ရှိသေလေးမြတ်; *comp.* နှစ်သက်; သည်သူငယ်သည်လူကြီးများကိုရှိသေလေးမြတ်တတ်သည်, ထိုဘပဉ္ဇင်းသည်မိမိဆရာကိုချစ်ခင်လေးမြတ်၏။
†လေးညှင်း, *n.* the clove plant.
လေးညှင်းပွင့်, *n.* the clove flower, a clove.
လဲ. 1, *n.* the product of the လက်ပံ tree.
လဲနို့, လဲဝါ, *n.* same; the product of the yellow-flowered cotton tree (*Cochlospermum gossypium*).
လဲ, 2, *v.* to fall down from an erect posture, သစ်ပင်လဲ; also used in the sense of being prostrate with a disease, ငှက်ဖျားမိလို့လဲနေသည်။
လဲကျ, *v.* to tumble, fall by losing one's footing, လိမ့်ကျသည်။
လဲလျောင်း, *v.* to lie down, be recumbent (*rare in colloq.*).
လဲ, 3, *v.* to change, exchange, မြင်းချင်းလဲ, ခင်ဗျားမြင်းနှင့်ကျွန်တော်နွားနှင့်လဲပါ, ထပ်; to rejoin, make a rejoinder (in law pleading), အမိန့်တော်ရမင်းကျွန်တော်အမှုမှာလဲပါဦး. *Der.* ပြောင်းလဲ။
လဲဆို, *v.* to speak in return, to reply, အပြန်အလှန်ဆို; particularly applied to responding before authority, တရားလိုတရားခံနှစ်ဦးတို့၏အစား၊ခ ်နေနှစ်ဦးတို့သည်၊အစိုးရမင်းထံလဲဆိုကြသည်။
လဲပြောင်း, *v.* to change place, remove; to change one thing for another; တရွာမှတရွာသို့လဲပြောင်းကြသည်။
လဲဖယ်, လဲလှယ်, *v.* same as လဲ, ကုန်သွယ်တို့ဘာဝအညာကုန်နှင့်အောက်ကုန်လဲဖယ်၍ရောင်းဝယ်ကြသည်။
လဲ, 4, *v.* to empty, as from one vessel into another, လှယ်။
လဲဖယ်, *v.* to empty, လှယ်ဖယ်, ဖန်ခွက်ထဲကရေကိုပုကန်ထဲကိုလဲဖယ်ထည့်လိုက်ပါ။
လဲ, 5, *verb. affix, interrogative,* နည်း, တုံး, *always preceded by* မည်, ဘယ်, *or* ဘာ, ဘယ်မှာရှိပါသလဲ, ဘာပြောပါသလဲ; *see Gram. sec.* 110.
လဲဘွဲ့, *n.* a species of *Terminalia* producing large timber.
လဲလု (ပင်), *n.* the *Olax scandens,* a large scandent shrub, common in all parts of Burma where there are deciduous forests.
လဲလုံးပြောက်, *a.* twilled; *see* ပခွက်ကြောင်း။
လဲ့လဲ့, *adv.* slightly; applied to the color of green and blue, စိမ်းလဲ့လဲ့; applied also to life, as လဲ့လဲ့ကျန်သည်, just alive, လဲ့လဲ့ကလေးကျန်သည်။
လော (ကောင်), 1, *n.* a species of mule.
လော, 2, *v.* to repeat with greater force than at first, လောကြီ, သည်ထ

မှုမှာလောပြီးကြီးရလျှင်၊အာထမြောက်လိမ့်မည်, မင်းနှစ်ပါးစစ်တိုက်ကြရာ၊ တပါးသောမင်းစစ်ရှုံး၍ရပ်ဆိုင်းနေပြီးမှ၊တခါလောတိုက်ပြန်သည်; to return, as a disease after convalescence, နာလန်ထမှတခါလောဖျားပြန်သည်; hence အလော။

လော, 3, *not used singly.*

လောချင်း, *adv.* instantly, တာရှည်ဆိုင်းလင့်လို့မနေနှင့်၊လောချင်း, or လောလောချင်းပြီးအောင်လုပ်ပါ။

လောလော, *adv.* instantly, လတ်တလော။

လောလောဆဲ (*usually pron.* ဇယ်), *adv.* instantly, ရုတ်တရက်လောလောဆဲချက်ပြုတ်လို့ပြီးသည်, ဆိုင်းပါဦး၊ သည်ကိစ္စလောလောဆဲမကြံနိုင်သေးပါ, ခင်ဘျားငွေကိုလောလောဆဲမဆပ်နိုင်ပါ။

လော, 4, *not used singly.*

လောအောင်, *adv.* intolerably (hot), ထမင်းလောအောင်ပူသည်၊မစားနိုင်သေးပါ, လောအောင်ပူသည့်နေတဲ့။

လော, 5, *verb. affix, interrogative*; *see Gram. sec.* 110 (*not used in colloq.*); သစ်သီးသစ်ပွင့်တို့ကိုရလွှယ်ပါ၏လော။

လောကျမ်း (*pron.* ကျမ်း), *n.* a certain medical book in which the symptoms and prescriptions are indicated in the interrogative form, with the constant recurrence of the affix လော, as ကင်းမြီးကောက်ထိုးသော်၊ ထောပတ်နှင့်ပွတ်လျှင်မပျောက်လော, ကင်းကိုက်သော်၊ ကြေးဝါသံကြားလျှင်မပျောက်လော, မျက်စိနာသော်၊ မှန်ကြည့်လျှင်မပျောက်လော, ဖြပ်ကိုက်သော်၊မုတ်ကိုစားလျှင်မပျောက်လော။

လော (ရှမ်း), 6, *n.* one of the race of Laos in Northern Siam.

လော, 7, *n.* a kind of basket used as a receptacle for fowls.

လောက်, 1, *n.* a maggot.

လောက်ကိုက်, လောက်စား, လောက်ထိုး, *v.* to be gnawed, penetrated by maggots.

လောက်ကျ, လောက်တက်, *v.* to be infested with maggots, maggoty, ငါးအလောင်းမှာလည်းပုပ်နံ၍လောက်ကျနေသည်, မစားနှင့်၊လောက်တက်သည်။

လောက်လမ်း, *n.* a species of water insect; a wriggler, the larva of the mosquito; an inchworm, measuring worm.

လောက်သေ, *n.* a kind of tree. The leaf of this tree, when pounded and applied, is said to destroy maggots; hence its name.

လောက်, 2, *n.* a bow for throwing pellets, လောက်လေး။

လောက်စာ, *n.* a pellet for a bow, လောက်စာလုံး။

လောက်စာအိမ် (*freq. pron.* စအိမ်), *n.* the bed for the pellet.

လောက်စာလုံး, *n.* a pellet for a bow, လောက်စာ။

လောက်လေး, *n.* a pellet bow, bow for throwing pellets.

လောက်လေးကန့် (*pron.* ဂန့်), *n.* a square compartment in figured cloth, လောက်လေးကန့်ဆင်ပုဆိုး; so called from its resemblance to the လောက်စာအိမ်။

လောက်ထွဲ, *n.* a kind of sling made with a stick and string.

လောက်, 3, *v.* to be enough, sufficient, ကျေးဇူးဖြစ်လောက်အောင်ကြံနိုင်သည်မထုတ်ပါ, အစားအသောက်လောက်ပါ၏လား. *Der.* အလောက်။

လောက်င, *v.* to be sufficient on being distributed, ယခုဝေခြမ်းသည်မှာ၊ လောက်ငကြပါ၏လား, လောက်လောက်ငငပေးလိုက်ပါ။

လောက်ငံ, *v.* same as လောက် (*infreq.*), ဥစ္စာလောက်ငံသည်။

လောက်လား, *v.* with အရွယ်, to come to maturity (အရွယ် *sometimes omitted*); in other senses has the same meaning as လောက် by itself, အရွယ်မလောက်မလားဘဲလျက်၊သူငယ်မကလေးကိုမိဘကထိမ်းမြားသည်, သည်နွားမှာထွန်လောက်၊တိုက်လောက်၊လောက်လောက်လားလားရှိပြီ။

လောက်, 4, *v.* to respect; *not used singly.*

လောက်စား, လောက်လား, လောက်လေး, *adv.* *used only in adverbial forms,* မထိမဲ့မြင်မလောက်လေးမလောက်စားပြုတတ်သည်။

†လောက်မင်း, *n.* a kind of tree.

လောက်လက်, *adv.* playing with feet and hands, as a child lying on its back, လောက်လက်လောက်လက်နှင့်ကစားသည်။

လောက်လီးလောက်လက်, *adv.* up and down, like the motion of a little boat among the waves, လှေငယ်လှိုင်းထဲမှာလောက်လီးလောက်လက်ဖြစ်နေသည်။

လောက (Pali, ရိတ်ခြင်း, ဖြစ်ခြင်း), *n.* a state of mortal existence, of which there are three divisions; *see* ဘဝ, and ဘုံ; this world as distinguished from a permanent future state.

လောကငြီးငွေ့, *v.* to be cloyed with, or tired of, worldly pleasures.

လောကဓံ (from ဓမ္မ), *n.* fortune, a lot incident to mortal creatures, as wealth and poverty, society and solitude, reproach and praise, happiness and misery, လောကဓံတရားရှစ်ပါးနှင့်ကင်းသည့်လူမရှိ။

လောကဓါတ်, *n.* a world; အရှေ့လောကဓါတ်, အနောက်လောကဓါတ်, မြောက်လောကဓါတ်, တောင်လောကဓါတ်, the four great islands; လောကဓါတ်ပြောစမှတ်လောက်သည့်လူ, said in a good or bad sense.

လောကနီတိ, *n.* a book of proverbs pertaining to common life; *see* နီတိ။

လောကဘုရား, *n.* a demigod.

လောကဝတ်, *n.* courteous behavior, kind attentions, politeness, ဖျူငှာ။

လောကဝတ်ကောင်း, *v.* to be hospitable, attentively polite to a guest.

လောကဝတ်ပြု, *v.* to be courteous, kind, polite, သူတို့ရွာသို့ရောက်လျှင်၊ တယ်လောကဝတ်ပြုလေသည်, စိတ်မပါဘဲစကားလောကဝတ်ပြုသည်။

လောကဝတ်ပြော, *v.* to say something for mere politeness' sake, one kind of မြှောက်ပြော, though not so strong an expression.
လောကသမုတိနတ်, *n.* a monarch, king.
လောကန္တရိက် (ငရဲ), *n.* certain hells, as places of punishment, situated in the intermediate spaces between the *sekya* worlds (132).
လောကီ, *a.* worldly, pertaining to the present world; *n.* the world, သင်တို့သည်လောကီနှင့်ဆက်ဆံလျှင်, if ye were of the world.
လောကီကာလ, *n.* time, as contrasted with eternity.
လောကီသား, *n. lit.* a son of the world, a worldling, man of the world.
လောကုတ္တရာ, *n.* a future state, subsequent to all လောက; annihilation (နိဗ္ဗာန်), according to the Buddhist system; eternal life or death, according to the Christian system. "That which is neither (ရူပ) *rupa* nor *arupa* is called *lokottara*, a state in which there is entire freedom from all *kama* (ကာမ)."
လောကုပမာ (for လောကဥပမာ), *n.* a figure pertaining to this world, လောကုပမာအားဖြင့်အပြောအဆိုကောင်းသည့်လူ။
လောင်, 1, *n.* a kind of betel box (*little used*).
လောင်, 2, *n.* to burn (a thing), as fire or anything hot, နေလောင်, မီးလောင်; to scald, ဆီလောင်, ရေနွေးလောင်; မီးတငွေ့ငွေ့လောင်, to smolder, as a fire; လောင်လွယ်သည့်အရာ, inflammable material.
လောင်ကျွမ်း, *v.* to be burnt up, consumed by fire, ကျွမ်းလောင်, တမြို့လုံးမီးလောင်ကျွမ်းလို့ကုန်ပြီ။
လောင်စာ (*pron.* ဇာ), *n.* tinder.
လောင်မီး, *n.* an electric flash when igniting some substance, ထန်းပင်ကြီးလောင်မီးကျလို့ပြတ်ကျသည်; blistering plaster.
လောင်မီးတင်, *v.* to apply a blistering plaster.
†လောင်လင် (ခတ်), *adv.* rattling together; restlessly, uneasily.
လောင်း, 1, *n.* a canoe, long slender boat, ပြိုင်လောင်း, လှော်လောင်း။
လောင်းကိုယ်, *n.* a boat with a hull like a canoe, and having a washboard on each side made of a single plank.
လောင်းစပ် (*pron.* ဇပ်), *n.* a boat with a washboard consisting of planks fixed one above the other.
လောင်း, 2, *v.* to bring into an incipient, unfinished state, with a view to finishing, အရုပ်ကိုထုမည်လို့သစ်သားလောင်းထားသည်, လှေလုပ်မည်လို့ဦးရောင်ပွဲရောင်လောင်းထားသည်. *Der.* အလောင်း။
လောင်း, 3, *v.* to pour into, or upon, ရေပုံးထဲကရေကိုရေအိုးထဲသို့လောင်းထည့်သည်, ကွမ်းခြံကိုရေလောင်းသည်, ပန်းပင်ကိုရေလောင်းသည်; *comp.* သွန်, and သွန်း; to add more to, ထပ်လောင်း, ဧက်. *Rahans* are

forbidden to make use of the word လောင်း, but use ရေသိ instead, when directing any one to water plants, သည်သစ်ပင်ကိုရေသိလိုက်ပါ။

လောင်းစွက်, *v.* to add more to, မူဟောင်းစာချွတ်ယွင်းပျက်စီးသောကြောင့်၊ စကားသစ်လောင်းစွက်၍ရေးသားပြုပြင်သည်, သည်အိုးရေမပြည့်သောကြောင့်၊ အသစ်ထပ်မံလောင်းစွက်ပြန်သည်။

လောင်းရိပ်, *n.* shade; applied to plants and trees growing in the shade, လောင်းရိပ်ခံလို့သစ်ပင်မကြီးမပွါးနိုင်ပါ, လင်းရိပ်, လောင်းရိပ်မို့, စိုက်ပျိုးသော အသီးအပင်များကိုလောင်းရိပ်ဖုံးလွှမ်းပျက်ပြားမည်စိုးရိမ်၍၊ ၎င်းကျွန်းပင်နှစ်ပင်ကိုခုတ်လှဲမိပါသည်။

လောင်းရိပ်ခံသီး, *n.* fruit ripened in the shade, လောင်းရိပ်ခံသီးမှည့်သည်; *comp.* နေပူခံသီး။

လောင်း, 4, *v.* to stake in a wager, or in gambling, to bet, ကိုင်း၊ခင်ဗျားနှင့်ကျွန်တော်ငွေငါးဆယ်စီလောင်းကြစို့။

လောင်းကြေး, *n.* money staked, လက်ဖျားလောင်းကြေး, လက်ရင်းလောင်းကြေး။

လောင်းစား, *v.* same as လောင်း။

လောင်းတမ်းကစား, လောင်းတမ်းပြု, *v.* to gamble, ကျွဲလောင်းတမ်းတိုက်ကစား, လောင်းတမ်းပြေးကစား။

လောဗန်, *n.* frankincense.

လောဘ (Pali), *n.* selfish desire, cupidity; "*lobha*, covetousness, that which cleaves to sensible objects." M.B.

လောဘကြီး, *v.* to be avaricious, တယ်လောဘကြီးသည့်လူ၊ယူလို့အားမရနိုင်ဘူး; *when abbrev. to* လောကြီး, appears to signify "to be hasty."

လောဘဇော, *n.* the force or power of selfish desire.

လောဘဇောတိုက်, *v.* to be impelled by such desire.

လောဘတဏှာ, *n.* same as လောဘ; cupidity.

လောဘမှု, *n.* same as လောဘ, လောဘမှုစိတ်ရှစ်ခု။

လောဘက်, *not used singly.*

လောဘက်တင်, လောဘက်ထိုး, *v.* to wear the end of a garment over one shoulder, and under the opposite arm, as a Buddhist priest, ပုဆိုး (or သင်္ကန်း) လောဘက်ထိုး; *see* လက်ကတော့။

လောဝါး, *n.* a pole with a hoop for suspending a bird trap.

လောဟကုမ္ဘီ, *n.* a class of inferior hells; လောဟကုမ္ဘီငရဲအိုး (ဒု, သ, န, သော, the four exclamations used by the wicked, when rising to the top of the လောဟကုမ္ဘီငရဲအိုး).

လောဟာ (Pali), *n.* metal, of which there are five kinds, *viz.* gold, silver, copper, iron and lead (ပဉ္စလောဟာ).

လော့, *verb. affix, imperative*; used in books and in a formal style of address; *see Gram. sec.* 111.

လေ်ဖာ (*commonly pron.* လှော်ဖာ), *n.* an intoxicating preparation of rice, လေ်ဖာမှုး; ဘိန်း, ဘင်း, ကစော်, လေ်ဖာ, အရက်။

လေ်ဖာဆိုင် (*pron.* ဇိုင်), *n.* a licensed shop where လေ်ဖာ liquor is sold.

လေ်မာ, *v.* to be light, vain, unsteady, wanton, မတည်ကြည်, လျှပ်ပေါ်။

လေ်လည်, *v.* same; to be unsteady in business, flying from one thing to another; frequently applied to unchaste women, လေ်လည်ခြင်း ငါးပါးနှင့်ပြည့်စုံသောမိန်းမကို စွန့်ပစ်ထိုက်သည်။

လို, 1, *v.* to desire, wish for, ဥစ္စာလိုလျှင်ခဲခက်ရမည်၊ မင်းဖြစ်လိုလျှင် ရက်စက်ရမည်, အရှင်အကျိုးကိုတယ်လိုသည့်ကျေးကျွန်ဘဲ; to be lacking in respect of, or to the amount of, ခင်ဗျားငွေဘယ်လောက်လိုသလဲ။ ငွေသုံးဆယ်လိုသည်; to be destitute of; to be wanting, to lack; သုံးနာရီ ထိုးဘို့ဘယ်လောက်လိုသလဲ; လို also signifies "wonted," in the sense of being accustomed, habituated, ဟိုကိုသူမသွားလိုပါ။ တရံတခါသာသွားသည်. *Der.* အလို, မလိုတမ။

လိုအင် (ဆန္ဒ), *n.* wish, inclination, longing.

လိုချင်, *v.* to desire, wish for.

လိုဖတ်, *n.* any object of desire, လိုဖတ်ရှိရာစကားကိုမေးမည်။

လိုရင်း, *n.* a prime want, a matter of first consequence, a primary object or consideration, လိုရင်းအကြောင်းအမိပ္ပာယ်, လိုရင်းစကား။

လိုလား, *v.* to be litigious, forward to prosecute, အမှုလိုလား, တရားလိုလား; to wish for, နတ်ပြည်စံမင်းတရားကြီးကုသိုလ်တော် အင်မတန်လိုလားတော်မူသည်; to be favorably or affectionately disposed toward, မေတ္တာလိုလား။

လိုလိုမယ်မယ်, *adv.* applicable to the laying up of little things for future use, လိုလိုမယ်မယ်သိမ်းထားလိုက်ပါ။

လိုလွန်, *adv.* of one's own accord; just as one lists, wilfully, without control (*rare in colloq.*).

လို, 2, *n.* and *verb. affix*, as, like as, ကဲ့သို့, သဘွယ်, ငါမေးသလိုမေး၊ငါလုပ်သလိုလုပ်။

လိုလို, *verb.* and *n. affix*, a little like as, သူသွားသည်လိုလို; *see Gram. sec.* 123; လိုလိုဘဲ, just as (it was), စာရေးမပြီးသေးပါ၊အရင်လိုလိုဘဲရှိပါသေးသည်။

လိုက်, 1, *v.* to follow, to pursue; to accompany; to take effect, as medicine or disease, တယ်ဆေးလိုက်သည့်ဆရာ, ရောဂါလိုက်၍မထနိုင်မကြွနိုင်; to resemble, take after, သားအဘဘက်လိုက်သည်; to be in proportion, to correspond, to suit, to become, to harmonize with, အိမ်အနံနှင့်အလျား မလိုက်ဘူး, လူချင်းသဘောမလိုက်ကြဘူး, သည်အင်္ကျီကျွန်မနှင့်မလိုက်ပါ; to follow a certain peculiar course of conduct or action.

လိုက်စား, *v.* to comply with; to follow the wishes of another, သူ့အလိုသို့လိုက်, သူသဘောလိုက်စားပေါင်းမှတော်မည်။
လိုက်နာ, *v.* to observe, as a rule or regulation; to comply with.
လိုက်ပါထမ်းရွက်, *v.* to bear company or follow in order to perform service under an official.
လိုက်ပို့, *v.* to accompany, attend, escort, ကျွန်တော်တယောက်တည်းမို့လိုက်ပို့ပါ, အရှင်တပါးတည်းမကြွပါနှင့်၊ ကျွန်တော်မျိုးလိုက်ပို့ပါမည်။
လိုက်ဘမ်း, *v.* to pursue in order to capture or arrest.
လိုက်မှီ, *v.* to overtake, come up with.
လိုက်လံ, *v.* to pursue in order to find; *commonly combined with* ရှာဖွေ, ကျွန်တော်ပစ္စည်းပျောက်ဆုံးလို့လိုက်လံရှာဖွေရာ၊ငတေအိမ်မှာ တွေ့ရှိပါသည်။
လိုက်လျော, *v.* to comform to, သူ့အလိုကိုလိုက်လျောသည်။
လိုက်သူ, *n. lit.* one who follows; one who makes a passage by some conveyance, မီးရထားနှင့်လိုက်သူများသည်, မီးသင်္ဘောနှင့်လိုက်သူနည်းသည်။
လိုက်, 2, *verb. affix, euphonic; mostly used with transitive verbs; sometimes giving a transitive meaning to an intransitive verb; see Gram. sec.* 118; in colloquial this affix is much used with ထာ, a corruption of သည်မှာ, *e.g.*, လှလိုက်သည်မှာ becomes လှလိုက်ထာ, having the meaning of the English adverb "so," လှလိုက်ထာ, so pretty, ခက်လိုက်ထာ, so difficult, ဖြူလိုက်ထာဖွေးလို့, so white as to be dazzling; in such expressions as the following, လိုက် appears to be a euphonic expletive, တွေ့လိုက်သည်, မြင်လိုက်သည်, နေအလွန်ပူလိုက်သည်။
လိုက်, 3, *v.* to give to boot, as in exchanging articles of unequal value, ခင်ဗျားမြင်းကျွန်တော်မြင်းနှင့်လဲလျှင်၊တယ်လောက်လိုက်မည်လဲ။
လိုက်ကာ, *n.* a movable screen.
လိုင်ဘ, *n.* a species of trumpet flower; *comp.* သံသစ်, and သူကဲနီ။
လို့, 1, *see* လို, *n.* and *verb. affix*, as, like as.
လို့, 2, *verb. affix, equivalent to* ၍ (*colloq.*); *see Gram. sec.* 109; ပြောလို့နားမထောင်, သည်မြင်းစီးလို့မနိုင်ပါ, လွယ်ကူစွာရှာလို့ရသည်; also equivalent in colloquial to သောကြောင့်, မရှိလို့မပေးနိုင်ပါ, ခင်ဗျားမိုက်လို့အရာကျသည်, ကျွန်မလင်စိတ်ဆိုးနေလို့အနားကိုမချည်းဝံ့ပါ။
လိုး, *v.* to pierce, penetrate *in actu coitus* (*vulgar*).
လျှ, *v.* to be thin, flimsy; to be slender, delicately formed, အားနွန်ဖလနည်းသည့်အတွက်၊လျှလျှကလေးရှိသည်, မိန်းမလျှလျှကလေး အလွန်သေးသွယ်သည်; ထမင်းဆာလို့ဝမ်းလျှလျှကလေးရှိတော့သည်။
လျှပါး, *v.* to be slender, delicately formed.
လျက်, 1 (*pron.* ယက်), *v.* to lick (with the tongue), လျှာနှင့်လျက်, ခွေးအစာစားပြီးမှနှုတ်ခမ်းလျက်သည်။

**လျက်ဆား**, *n.* a preparation of salt used medicinally; an electuary.

**လျက်**, 2, *verb. affix, continuative, denoting the continuance of an action or state of being during another,* as သွားလျက်စားသည်, he eats as he goes; *see Gram. sec.* 109; စည် (*pron.* စည့်) not infrequently precedes လျက်, အသက်ရှိစည်လျက်, သည်သူနာစည်လျက်။

**လျက်နှင့်**, *verb. affix, continuative, denoting the continuance of an action or state of being during another, but somewhat inconsistent with it,* as သွားလျက်နှင့်စားသည်; *see Gram. sec.* 109; ကြိုးစားအား ထုတ်ပါလျက်နှင့်လိုရာကိစ္စအပြီးသို့မရောက်သောကြောင့်၊အားထုတ်ရာမရောက်ဖြစ်ခဲ့သည်; သား is frequently introduced between လျက် and နှင့်, as ငါပြောလျက်သားနှင့်နားမထောင်အလွဲဖြစ်သည်။

**လျင်** (*usually pron.* လျှင်), *v.* to be quick, swift, အသွားအလာအလွှန်လျင်သည့်လူ, ဆော, မြန်, သော့။

**လျင်တန်**, *v.* same as လျင်။

**လျင်ထန်**, *v.* to be violently swift, ထိုသူ၏နောက်သို့လျင်ထန်လိုက်သွားသည်ကိုမြင်လိုက်ရပါသည်။

**လျင်မြန်**, *v.* same as လျင်; also applied to the mind.

**လျင်မြန်ပေါ့ပါး**, *v.* to be quick and active in motion; applied to human beings, bullocks, horses, etc., အလွှန်လျင်မြန်ပေါ့ပါးသည့်လူ။

**လျင်လျား**, *v.* same as လျင်။

**လျစ်လျူ**, *v.* to be in a neutral state of mind, undisturbed by passion, ဥပေက္ခာပြု, သည်အမှုတွင်ဘယ်ဘက်မှာမလိုက်ချင်ပါ၊သူလျစ်လျူနေပါသည်။

**လျစ်လျူရှု**, *v.* to wink at, to regard with indifference; မချစ်မမုန်း; to regard with equanimity, ဘာမှမပြောမဆို၊လျစ်လျူရှုနှင့်နေနိုင်ပါပေသည်။

**လျည်**, 1, *v.* to be smooth, pleasant, agreeable to the sight; *not used singly. Der.* အလျည်, စီလျည်။

**လျည်ညွာလျှော်**, *n.* a kind of tree, the tortuous *Hibiscus*, သင်ပန်း။

**လျည်**, 2 (*pron.* လျှည့်), *v.* to circumcise, cut round with a knife (*rare*).

**လျည်းပါး** (*pron.* လျှည့်း), *v.* to be connected with, familiar (*infreq.*).

**လျပ်လျပ်** (*usually pron.* လျှပ်လျှပ်), *adv.* wavingly, as a flag, လေတိုက်တိုင်းအလံတလျပ်လျပ်နှင့်နေသည်။

**လျာ** (*usually pron.* ရာ), *v.* to appropriate, to set apart for some purpose, ရန်, မြေကိုကျောင်းဆောက်ဘို့လျာထားသည်; to estimate in the mind, ချင့်တွက်; to have in view, to intend, similar to မှန်း, ခင်ဗျားထမင်းကျွေးမည်လို့ လျာထားသည်မှာ မလာလို့သူများ ကျွေးလိုက်ရသည်; hence အလျာ, and အလျာ; *see* ရာ။

**လျား**, 1, *v.* to be thin; *not used assertively. Der.* ပါးလျား။

**လျား**, 2, *v.* to be oblong; to be extended in time, ရှည်, ကာလလျား, သည်

ဘုရားကိုမည်သူတည်သည်ကိုကာလလျှားသောကြောင့်မသိရှိ. *Der.* အလျား။
လျော, *v. not used singly,* လိုက်လျော။
လျောပြွမ်း, *v.* to be on terms of intimacy; to be mixed together, commingled, လူချင်းလျောပြွမ်းနေကြလို့၊ဘယ်လူတို့စစ်သားမှန်းမသိဘူး, ပရိသတ်လျောပြွမ်းနေကြလို့၊အဘော်ကိုရှာမတွေ့နိုင်ပါ။
လျောက်, 1 (*pron.* ယောက်), *n.* a plate, the piece of timber which supports the ends of the rafters, a wall plate; *comp.* ထုပ်, a tie beam; ထုပ်, လျောက်, ဒိုင်း, မြှ။
လျောက်, 2, *v.* to accord with, be agreeable to; *not used singly. Der.* အလျောက်။
လျောက်ပတ်, *v.* to be meet, suitable, fit, proper, comely, အပြောအဆိုလျောက်ပတ်သည်, စာပေ အစီ အကုံး တယ်လျောက်ပတ်သည်, အနေ အထိုင်လျောက်ပတ်သည်, မိန်းမအဆင်းရူပကာယလျောက်ပတ်သည်။
လျောက်လျှား, *adv.* of one's own accord, ဘာသာ, မင်းကိုငါမပြောဆိုလိုပါ၊ လျောက်လျှားတဲ့နေချင်ရာနေတော့, I do not wish tó speak to you; live how and where you please; ခင်ဗျားလျောက်လျှားတဲ့, that is your own affair, sir.
လျောင်း, *v.* to recline, be recumbent, လဲလျောင်း။
လျောင်းစက်, *v.* same; appropriate to a Buddh or royalty, တဖန်ဦးခေါင်းမြို့မြိုတိုင်းမြို့ဖြိုးမှ၊ လက်ျာနံထောင်မှ၊ လက်ဝဲနံထောင်သို့ပြောင်းလဲ၍ လျောင်းစက်ပြန်လေ၏။
လျောင်းတော်ဦး, *n.* the porch of a palace, and of some other government buildings.
လျောင်းတော်မူ, လျောင်းတော်မူဟန်, *n.* a recumbent figure of a Buddh, လျောင်းတော်မူဟန်တဆူကိုပူဇော်ခဲ့ပါ။
လျော့, *v.* to be loose, lax; to be slack, as a rope, မတင်း, ကြိုးလျော့; လျော့ရိလျော့ရဲ. *adv.* loosely, as a garment, ထမိလျော့ရိလျော့ရဲဝတ်သည်; to be wanting, ခင်ဗျားရွှေတကျပ်မပြည့်ပါ၊တမူးလျော့သည်, ခင်ဗျားဆန်တတင်းမပြည့်ပါ၊တပြည်လျော့သည်; to subside, to fall, as the water of a river, မိုဃ်းကုန်ခါနီးလို့၊တဖြည်းဖြည်းရေလျော့သွားသည်; to abate, အဖျားလျော့သည်; to grow less, be diminished, ယုတ်; to subside, as an inflammatory swelling. *Der.* မေ့လျော့, ရှေလျော့, and လျော့။
လျော့ကျ, *v.* to sink, go down gradually.
လျော့ပါး, *v.* to grow less, အသက်အရွယ်ကြီးသောကြောင့်အားခွန်ဗလလျော့ပါးသည်; to be diminished, become few, သည်မြို့ရှေ့ကလောက်မစည်ကားဘူး၊တရွေ့ရွေ့လျော့ပါးကုန်ပြီ; ဆုတ်ယုတ်။
လျော့ပေါ့, *v.* to abate.
လျော့လျှည်း (*pron.* လျှည်း), လျော့လျှား, *v.* same as လျော့ပါး။

**လျော်**, 1, *v*, to suit, agree with, be proper, suitable, သင့်, တော်လျော်, ခင်ဘျားလူကြီးဖြစ်သည်နှင့်အညီလျော်အောင်ပြုပါတော့။

**လျော်ကံ** (*pron.* ဂံ), *v.* same, စကားပြောဘယ်လျော်ကံသည့်သူ, ပြောသည်အတိုင်းလျော်ကံလှပြီ, လျော်ကံသင့်မြတ်လှပြီ; လျော်ကံ is comparatively little used in ordinary colloquial, though of common occurrence in dramas.

လျော်ညီ, *v.* same, ယခုစည်းဝေးရာ၌၊သဘောတူသည်အတိုင်းလျော်ညီလှပြီ။

လျော်, 2, *v.* to forfeit, နှုတ်လွန်မှုကြောင့်ငွေတရာလျော်ရသည်။

လျော်ငွေ, လျော်ဒဏ်, လျော်ဖြစ်, *n.* a forfeit, fine, damages, အလျော်, လျော်ဒဏ်တပ်, လျော်ဖြစ်ငွေ။

လျော်, 3, *v.* to be sere and yellow, as a leaf, သစ်ရွက်လျော်သည်။

လွက်လွက်, *adv.* volubly; *see under* သွက်။

လွင်, 1, *n.* an unoccupied space beyond houses.

လွင်ကွက်, *n.* a glade.

လွင်တီးခေါင်, *n.* an extensive plain, a savanna.

လွင်တီးပြင်, လွင်ထီးထီး, *n.* same as လွင်ပြင်။

လွင်ပြင် (*pron.* ဗြင်), *n.* a level spot of ground, a plain free from trees, a campaign, ကွင်း။

လွင်ပြင်ထီးထီး, *n.* same as လွင်ပြင်။

လွင်ပြင်ဒလဟာ, *n.* a prairie.

လွင်လဟာ, *n.* an extensive waste.

လွင်, 2, *v.* to be glossy, shining, အရောင်လွင်, အရောင်လွင်သည့်ပဝါ, အရောင်လွင်သည့်ပုဆိုး; လွင်အောင်ပြု, to make glossy.

လွင်မှုန့်, *n.* a powder made from rice and applied to the face, လွင်မှုန့်လိမ်းသည်, ကသယ်မှုန့်, ဆန်ပုပ်မှုန့်, မျက်နှာချယ်။

လွင့်, *v.* to be blown away, လေတွေတိုက်လို့ပဝါလွင့်သွားသည်; to be driven out of its course by the violence of the wind, as a ship or boat, ပင်လယ်ထဲမှာလေမိလို့လွင့်သွားသည်; to be scattered and lost, dissipated, မိုဃ်းသားလွင့်သည်, ပြာလွင့်သည်, ဖွဲလွင့်သည်; to be faded, ပုဆိုးနေပူခံလို့အရောင်လွင့်ကုန်ပြီ. *Der.* လွှင့်။

လွင့်အောင်, *adv.* very, *an intensive,* to words of height, လွင့်အောင်မြင့်သည့်ပြာသာဒ်, or motion, လွင့်အောင်ပြေးသည့်မြင်း။

လွင့်စည် (*pron.* စညီ), *v.* to fly off scatteringly, as sparks or fine particles; to start and run with velocity, to dart, လွင့်စည်ပြေး။

လွင့်ပါး, *v.* same as လွင့်; ကျွန်တော်ထားသည့်စက္ကူဘယ်ကိုပျောတ်ပျက်လွင့်ပါးသွားသည်မသိ။

**လွတ်**, *v.* to be at liberty, free, unrestrained, အဆီးအတားမရှိ, လွတ်သည့်ငါးလည်းကြီးသည်တည့် (*colloq.*); to be exempt, ရောဂါဘယလွတ်ကင်း; to be free from, ငါ့ကျေးရွာနှင့်လွတ်အောင်မနေနိုင်ဘဲနှင့်၊ ငါ့ကိုပုန်ကန်စကား

ပြောသည်; to be disengaged, released, ကင်းကျွတ်; to be discharged, as a case, or as an accused, တရားခံလွှတ်သည်. *Der.* လွှတ်။

လွှတ်ငြိမ်း, *v.* to be released, freed, exempted, သည်နှစ်အခွန်တော်ငွေကိုလွှတ်ငြိမ်းချမ်းသာပါရအောင်၊အမိန့်ကယ်မသနားတော်မူပါ။

လွှတ်ငြိမ်းချမ်းသာခွင့်လက်မှတ်စာ, *n.* a revenue exemption ticket.

လွှတ်မြောက်, *v.* to escape, လွှတ်အောင်ပြေး။

လွှတ်လပ်, *v.* to be disengaged, အလုပ်အကိုင်လွှတ်လွှတ်လပ်လပ်တရက်တည်းမနေရဘူး; to be vacant, လွှတ်လပ်သည့်မြေမရှိသောကြောင့်၊အိမ်ဆောက်စရာမရှိ; to be empty, သည်အိုးမှာဘာမျှမရှိ၊ လွှတ်လပ်လျက်ဘဲရှိသေးသည်; also applied to women who are *enceinte*, သည်မိန်းမလွှတ်လွှတ်လပ်လပ်မထွက်ပါ၊ကိုယ်ဝန်ဆောင်နှင့်။

လွှတ်လွှတ်ရက်ရက်, *adv.* freely, without regret, ရက်ရက်စက်စက်, ရက်ရက်ရောရော, တွန့်တိုခြင်းမရှိလွှတ်လွှတ်ရက်ရက်လှူဒါန်းပေးကမ်းတတ်သည်။

လွှန်. 1, *n.* a kind of tree; the kernel of the fruit is considered a luxury, and was formerly presented to the Kings of Burma. In a year in which this tree bears much fruit, the Burmans expect a good rainfall.

လွှန်ဖို, *n.* the *Buchanania latifolia*, a tree common in the open and dry forests, growing to the height of thirty or forty feet, producing a purplish black fruit the size of a small cherry; *comp.* လင်းလွှန်း။

လွှန်, 2, *n.* a gimlet; *v.* to bore with a gimlet, လွှန်ပူနှင့်လွှန်, လွှန်ပူနှင့်ဖောက်။

လွှန်ပူ (*pron.* ဗူ), *n.* same, လွှန်ပူနှင့်လွှန်သည်, လွှန်ပူနှင့်လွှန်ဖောက်သည်။

လွှန်ပူကြီး, *n.* an auger.

လွှန်, 3, *n.* a rope drawn by contending parties to procure rain, လွှန်ကြိုး။

လွှန်ဆွဲ, *v.* to pull the said rope. "The inhabitants of the Burman empire, in times of drought are wont to assemble in great numbers with drums and a long cable. Dividing themselves into two parties, with a vast shouting and noise they drag the cable contrary, the one party endeavoring to get the better of the other." By doing this they suppose that the *nats* who have control over the rain (ပဇ္ဇုန်နတ်) are propitiated, and will cause rain to fall.

လွှန်ပွဲ, *n.* the festival of drawing the said rope, လွှန်ပွဲခံ။

လွှန်, 4. *v.* to take the precedence, on higher ground or advanced position, လူငယ်ဖြစ်လျက်နှင့်လူကြီးရှေ့သို့လွှန်သွားသည်; to excel, သူငယ်ချင်းနှစ်ယောက်စာပြိုင်တူသင်ကြရာ၊ငမြင့်မည်းထက်လွှန်၍တတ်သည်; to pass over, transgress, ကျူး, ကျော်, ရွာနှစ်ရွာအကြားမှာ နှစ်တောင်လွှန်သွားမှ ရောက်သည်; to be or go beyond, to exceed, အရွယ်လွှန်မှပညာသင်ခြင်း

ကြောင့်၊တတ်မြောက်ခြင်းငှါ၊မစွမ်းနိုင်ရှိချေသည်, သာ, ကျူး, ကဲ; လွန်အောင် ကောင်းသည်, လွန်အောင်ဆိုးသည်; to be in excess, to go too far, ခင်ဘျားပြောသည်မှာလွန်သည်, လွန်သွားမည်၊တယ်မလုပ်နှင့်; to go, or reach beyond, as sound, ကျွန်တော်မောင်းသာမညမြည်သည်မဟုတ်ပါ၊တောင်နှစ်လုံးကိုလွန်ကြားမြည်ပါသည်; to pass away, be gone, to die, သေလွန်; to have gone by, လွန်သွား, လွန်သည်မှာ၊လွန်ပါစေတော့, လွန်သောအရာလွန်ပါစေတော့, let by-gones be by-gones, လွန်ပြီးသည်ကိုတ၍ရနိုင်တော့မည်မဟုတ်, one will not be able to obtain that which is past by uttering expressions of regret; to lapse, as a period of time, ရက်လွန်, လလွန်, နှစ်လွန်. *Der.* လွန်း, လွှန်။

လွန်ကဲ, *v.* to be or go beyond, to exceed.

လွန်ကျူး, *v.* to go beyond, exceed, surpass, ဗေဒင်အရာ၊ ဗေဒင်ဆရာတိုင်းထက် လွန်ကျူးအောင်တတ်သည်; to transgress, တကြိမ်တခါ လွန်ကျူးပြစ်မှားသည်အချက်ကို၊စိတ်ကွက်တော်မမူပါနှင့်၊သည်းခံတော်မူပါ; to be in excess, more than proper, as wages, အလုပ်နှင့်တန်ရုံမက၊လွန်ကျူး၍အခပေးသည်။

လွန်ခဲ့သော, *a.* last, လွန်ခဲ့သောနှစ်, last year.

လွန်စွာ, လွန်မင်းစွာ, *adv.* exceedingly, ကာမဂုဏ်အရာမှာလွန်စွာလိုက်စားသည်; excellently; excessively, ကိုယ်နှင့်မတန်ရုံ၊လွန်စွာထောင်လွှားတတ်သောမာန်ကိုလည်းစွန့်ပြီလော; လွန်စွာတတ်သည်, လွန်စွာယည်ကျေးသည်။

လွန်ပြီးသော, *a.* bygone.

လွန်ပြေး, *v.* to outrun, ငစံကျော်ရှေ့သို့ကျွန်တော်က၊လွန်၍လိုက်ပြေးပါသည်။

လွန်မြောက်, *v.* to die, as a high dignitary of state, ကောဇာမင်းများနှင့်မင်းမှူးမတ်သေနာပတိစစ်သူကြီးတို့လွန်မြောက်ရှိရာ။

လွန်သွား, *v.* to go too far; to have gone beyond.

†လွန်မတံ, *n.* a kind of plant.

လွန့်, *v.* to twist to and fro, to writhe, wriggle, တံခွန်လေတိုက်တိုင်းလွန့်လွန့်နေသည်, မီးသတ်ော်နှင့် နောက်တွဲ သတ္တော် တပ်သည့်ကြိုး တလွန့် လွန့်နေသည်; to move as a serpent or worm, မြွေလွန့်သွားသည်; to turn over, roll about in bed, ကျွန်တော်နိုးတိုင်းခင်ဘျားလွန့်သံကိုကြားသည်။

လွန့်တက်, *v.* to dwell vexatiously on a subject in speaking, တိုတိုနှင့်ပြီးအောင်ပြောပါ၊စကားဆန်းရှည်အောင်လွန့်တက်မပြောပါနှင့်။

လွန့်လိမ်, *v.* to wriggle, writhe, တွန့်လိမ်သည်။

လွန်း, 1, *n.* a weaver's shuttle; *a.* marked with waving stripes, as a silk waistcloth, လွန်းပုဆိုး, a *puhso* of zigzag pattern, လွန်းထမိ။

လွန်းကျ, *a.* same, but denoting a richer fabric, လွန်းကျထမိ, လွန်းကျပုဆိုး။

လွန်းဆန် (*pron.* ဇန်), *n.* the spindle of the quill (ရက်ဖောက်), နားစောင့်လွန်းဆန်; the peg that secures the spindle in the shuttle.

လွန်းတုံး, *n.* the cross timber on which the keel of a boat is laid while building, လှေလွန်းတုံးတင်, လွန်းတုံးထိုး။
လွန်းသိး, *n.* same as လွန်းဆန်။
လွန်း, 2, *v.* to twist a strand, ကြိုးလွန်း; one kind of လိမ်. *Der.* အလွန်း။
လွန်းပေါင်းတင်, *v.* to twist several strands into one rope, to twine, လွန်းပေါင်းတင်၍ကျစ်သည်, သုံးလွန်းပေါင်းတင်၍ကျစ်သည့်ကြိုး။
လွန်း, 3 (from လွန်, to exceed), *verb. affix*, denoting excess, often preceded by လွန်, and followed by အားကြီး, ခင်ဗျားငွေကုန်လွန်လွန်းအားကြီးသည်, သည်သူလိမ္မာလွန်လွန်းအားကြီးသည်, this person is too clever; ကြောက်လွန်လွန်းလို့ ဆတ်ဆတ်တုန်နေရှာသည်, မုန်းလွန်လွန်းလို့ ကြည့်တောင်မကြည့်ချင်ဘူး; ဖျင်းလွန်းလို့ ဆုံးမလို့မရနိုင်ပါ။
လွန်း, 4, *v. an astrological term.*
လွန်းကြင်, *n.* a kind of bird, လွန်းကြင်ငှက်, ရွှေလွန်းကြင်ငှက်။
လွန်းကြင်လှေ (တော်), *n.* a royal boat shaped like the လွန်းကြင်။
လွမ်း, *v.* to regret the loss of, think of with sorrow; to yearn; လွမ်းဖျား, လွမ်းနာ, terms used in connection with lovelorn, absent lovers.
လွမ်းကျင်, *v.* same (*not used alone*).
လွမ်းချင်း, *n.* one kind of song, လွမ်းချင်းဆို။
လွမ်းဆွတ်, *v.* same as လွမ်း; *intensive*; မိန်းကလေးသူရည်းစားကိုလွမ်းဆွတ်သောကြောင့်တမှိုင်မှိုင်တတွေတွေနေသည်။
လွမ်းတ, *v.* to yearn after, and utter expressions of regret for the absence of one beloved, မိဘတို့ထံပြန်ချင်သည့်စိတ်ဇောနှင့်လွမ်းတလျက်ရှိပါသည်။
လွယ်, 1, *v.* to be easy, not difficult, မခက်, ဝတ္ထုတတ်စာများစာကြီးပေကြီးများထက်လွယ်သည်, မျက်ရည်လွယ်, same as ငိုလွယ်; to be yielding, compliant, easily influenced; said reproachfully of women; လွယ် *is often combined with other verbs*, ငိုလွယ်, ဆိုလွယ်, ပြောလွယ်, နားထောင်လွယ်, ဖြစ်လွယ်။
လွယ်ကူ, *v.* same, လွယ်ကူစွာရှာလို့ရသည်။
လွယ်လင့်တကူ, *adv.* easily, အလွယ်တကူ, အလိုရှိသည့်အခါလွယ်လင့်တကူရစေဘို့အပါးတွင်ထားသည်။
လွယ်, 2, *v.* to suspend from the shoulder, အိတ်လွယ်သည်, ထားလွယ်သည်, မြားတောင့်လွယ်သည်, သေနတ်လွယ်သည်; to carry (in the womb), ဝမ်းတွင်လွယ်၍သွားသောသားဖြစ်သည်။
လွယ်အိတ်, *n.* a wallet or bag suspended from the shoulder; လူလွယ်အိတ်, *a term of contempt, equivalent to* လူနောက်ဗိတ်ခွေး။
လွယ်ပိုး, *v.* to suspend from the head and carry on the back, as is the custom of Karens and Shans, နောက်လွယ်ပုံးလွယ်ပိုးသည်, သားငယ်ကိုအဝတ်နှင့်ပတ်၍လွယ်ပိုးလာသည်။

လွှလွှ, *adv.* shiningly; applied to words of whiteness, လွှလွှဖြူသောအဆင်းအရောင်ရှိသည့်ပန်း; ***not used in*** *colloquial.*

လွှေ, *v.* to be enough (*obs.*).

လွှေလွှေ. *adv.* satisfactorily, ကုန်လောက်သည်နှင့်။

လွှေလွှေရမ်းရမ်း, *adv.* abundantly; *see under* ရမ်းရမ်းလွှေလွှေ။

လွှေလွှေလောက်လောက်, *adv.* abundantly; *see under* လောက်လောက်။

လွေး, *v.* to feed one's self with the hand greedily; *comp.* လုပ်လွေး; လွေးစား, အလူးလူးအလဲလဲလွေးစားသည်, ပါးလုပ်ပါးပြည့် လွေးစားသည်, မြိန်ဘွယ်ရှက်ဘွယ်လွေးစားသည်။

လွဲ, *v.* to be out of the way, to vary from a certain course, လမ်းလွဲ. မတည့်; to be past the meridian, as the sun or a star, မွန်းလွဲ, ကြယ်လွဲ; to err, be wrong. မှား, အထင်လွဲ. အမိပ္ပါယ်လွဲ, အယူလွဲ; to contain errors, as a writing, စာလွဲ, မှား; hence အလွဲ, and တလွဲ, *adv.* out of the way, တလွဲလမ်းလိုက်သွားလို့နောက်ကျသည်; different from what ought to be, တလွဲကြီး, တလွဲချည်းတည်းဘဲစကားပြောသည်. *Der.* မွန်းလွဲ, လွဲ။

လွဲကမ်း, လွဲချွတ်, *v.* same, ခင်ဗျားပြောသည့်စကားတယ်လွဲကမ်းသည်, မူဟောင်းစာလွဲချွတ်သည်၊အသစ်ပြင်ရေးသည်။

လွဲတဲတဲ. *adv.* wrongly, erroneously, in a different manner from what ought to be.

လှ, 1, *v.* to be handsome, pretty, beautiful; hence မလှတမ; မလှမပ၊ှိ, *a euphemism occasionally substituted for* ကိုယ်ဝန်ရှိ, မပေါ့မပါးရှိ; မလှ, to be beyond the usual time, late, as အချိန်မလှ, အချိန်မလှ၍ဝုတန်းရွာကြေးထမ်းကြီးအိမ်တွင်အိပ်ပါသည်။

လှပ, *v.* same; *see the* parts; လှလှပပခင်းကျင်းထား, လှလှပပကျေး, လှလှပပရောက်လှာသည်, လှလှပပဝတ်ဆင်သည်။

လှပတင့်တယ် (*pron.* လှဗတင့်ဒယ်), လှပယဉ်ကျေး, *v.* to be handsome and comely, handsome and elegant, အဆင်းအရွယ်လှပတင့်တယ်သည်, လှပယဉ်ကျေးအောင်ဆေးသုတ်လိမ်းနိုင်သောပန်းချီဆရာဖြစ်ပါသည်။

လှ, 2, ***verb. affix,*** very, excessively, extremely, ကောင်းလှ, ဆိုးလှ. နာလှ, ပွေလှ; *often followed in colloquial by* ချေ *and* ကလား, နာလှချေကလား, များလှချေကလား, မြန်လှချေကလား, ဘဲ့နှယ်လဲ၊ ယခုဘဲ သွားသည်၊ ယခုဘဲပြန်လာသည်၊မြန်လှချေကလား; *also often followed in colloquial by* ချေ *and* ရဲ့ (၏); ဆိုးလှချေရဲ့, he is very wicked; နာလှချေရဲ့, it is extremely painful. In certain conbinations it is used to express the furthest limit as to number, quantity, extent, as "the utmost," "at the outside," ယခုငြရန်ကုန်မြို့သို့ လှေနှင့်သွားသည်မှာ၊ ခရီးတွင်လှပါလျှင်၊ စုနစ်ရက်နှင့်ရောက်မည်, သည်ပွဲမှာလူရှားလှပါလျှင်၊လူတထောင်ခန့်လောက်ရှိပါလိမ့်မည်။

လှင်တံ (*pron.* ဒန်), *n.* a rod or staff of authority; *comp.* နှင်တံ။

လှစ် (from လစ်), *v.* to open: *less than* ဖွင့်; အပေါက်ကိုလှစ်သည်, ထမင်းအိုးဖုံးလှစ်စမ်းပါ, တံခါးကိုလှစ်ဖွင့်စမ်းပါ။

လှစ်ပြ, *v.* to lay forth to view, ခင်ဘျားသေတ္တာကိုလှစ်ပြပါ; to expose the person, ပုဆိုးလှစ်ပြ။

လှည့်, 1 (from လည်) (*freq. pron.* လှဲ့), *v.* to go around a thing, အိမ်ကိုလှည့်သွား, မြို့ကိုလှည့်သွား; to turn round (*trans.*), ကွင်းကိုလှည့်, ဒိုးတိုင်ကိုလှည့်; to make revolve, စက်ကိုလည်အောင်လှည့်သည်; to turn from a forward direction, to make a circuit, ဝိုက်, လမ်းကိုလှည့်သွားသည်; to go about, ramble. လည်, လှည့်လည်, ပတ်; to court, woo, အပျိုလှည့်, လူပျိုလှည့်. *Der.* အလှည့်။

လှည့်စား (*pron.* ဖား), *v.* to lie to, deceive, mislead the mind, လှည့်စားတတ်သည့်လူ; *comp.* လိမ်။

လှည့်ပတ်, *v.* to go around, circle; to deceive, လှည့်စား; ဒေသစာရီလှည့်ပတ်တော်မူသည်, မြို့ကိုလှည့်ပတ်၍ကြည့်ရှုသည်။

လှည့်ဖြား, *v.* to beguile, လိမ်လည်လှည့်ဖြား၍စားတတ်သည်, လိမ်လည်လှည့်ဖြားပြောဆိုသည်; လှည့်စားသည်။

လှည့်လည်, *v.* to go from place to place.

လှည့်လည်လုယူ, *v.* to forage, plunder at large.

လှည့်, 2, *aux. affix*, used in giving commands, သည်ကိုလာလှည့်, come here.

လှည့်ကား, *verb. affix, continuative*, though, သော်လည်း (*infreq.*).

လှည်း, 1 (*freq. pron.* လှဲ), *n.* a cart, a vehicle with two wheels.

လှည်းအိမ်, *n.* the body of a cart.

လှည်းဦး, *n.* the front of a cart where the driver sits.

လှည်းဦးစွန်, *n.* the joined ends of the thills.

လှည်းဦးစွပ်, *n.* the leathern ring which secures the shaft of a cart to the yoke; *see* စည်းကုံး (*infreq.*).

လှည်းဦးပန်း, *n.* the carved work surmounting the ends of the thills, where they are fastened to the yoke.

လှည်းဦးပွတ် (*pron.* ဖွတ်), *n.* the strip of raw hide securing the လှည်းသန် and လှည်းထမ်းပိုး; above the လှည်းထမ်းပိုး is the လှည်းကျည်း, a piece of wood acting as a wedge, around which the strip of raw hide is wound.

လှည်းကုန်သည်, *n.* a trader who carries his merchandise in a cart.

လှည်းကြောင်း (*pron.* လှဲကြောင်း), *n.* a cart track; a rut.

လှည်းခင်တိတ်, *n.* a drag, truck, or similar vehicle.

လှည်းငှါး, *v.* to hire a cart; လှည်းခ, cartage.

လှည်းစည်းကုံး, *n.* the leathern ring which secures the shaft of a cart to the yoke, လှည်းဦးစွပ်။

လှည်းစပ်, *n.* an outer segment of a Burmese cart wheel; *comp.* လှည်းမ။

လှည်းစော, *n.* strips of bark inserted between the axle box of a cart wheel and the axletree, to lessen rotatory friction.

လှည်းစောထိုး, *v.* to insert such strips of bark (water being injected).

လှည်းစီး, *v.* to travel by cart.

လှည်းဆောင်ပန်း, *n.* the driver's box.

လှည်းတိုက်, *v.* to convey in a cart, to cart; လှည်းတိုက်စား, to gain a living by carting.

လှည်းထမ်းပိုး, *n.* a yoke for drawing a cart; လှည်းထမ်းပိုးကျည်း, the arms of a draught yoke, by which it is secured to the animal's neck.

လှည်းထုပ်, *n.* the crossbeam of the body of a cart.

လှည်းထောက် (*pron.* လှဲဒေါက်), *n.* a shaft support, often called ကုလားထောက်။

လှည်းထောင်, *v.* to set up in business as a proprietor of carts for hire, or as an ordinary cartman.

လှည်းပုံတောင်း (*pron.* ပဒေါင်း), *n.* the axle box of a cart.

လှည်းဘီး (*pron.* လှဲဗိန်း), *n.* a cart wheel, လှည်းဘီးဝန်း။

လှည်းဘီးကန့်, *n.* a spoke, ဘီးထောက်။

လှည်းဘုံတိုင်တိုင်, *n.* an ornamental finial (one of which is placed on either side of the driver's seat).

လှည်းမ, *n.* the middle piece of the three hewn planks in a Burmese cart wheel; *comp.* လှည်းစပ်။

လှည်းမှူး, *n.* the person placed in charge of a number of carts traveling in company.

လှည်းယည် (*pron.* ယဉ်), *n.* a light, traveling cart for carrying people.

လှည်းရုံတိုင်, *n.* one of the small pillars or posts forming the sides of a cart.

လှည်းလမ်း, *n.* a cart road.

လှည်းဝိုင်း, *n.* a circular encampment of carts.

လှည်းသန့်, *n.* the thill or shaft of a cart.

လှည်းသမား, *n.* a cartman.

လှည်း, 2, *see* လှဲ, *v.* to throw down from an erect posture.

လှည်း, 3 (*pron.* လှဲ), *v.* to sweep, အမှိုက်လှည်း, တံမြက်စည်းလှည်း; *also used fig.*, သည်လူများထားလျှင်မတော်ဘူး၊အကုန်လှည်းပစ်လိုက်မှတော်မည်။

လှည်းရုံ, *n.* a broom which consists of a long handle inserted in the back of a brush.

လှည်းစော (ပင်), *n.* a species of *Lagerstrœmia*. The wood, which is red, is used for building purposes, and for making boat paddles.

လှန်, *v.* to turn, as the water on ceasing to ebb; to turn back, throw back, beat back; to repeat, do again, တခါတည်းကိစ္စမချောသောကြောင့်၊နောက်ထပ်တကြိမ်လှန်ပြုရသည်; to do in return, ကျွန်ုပ်ကိုရိုက်လျှင်ရိုက်၊ရိုက်စားလှန်ရိုက်မည်, ကျွန်ုပ်ကိုကောင်းမွန်စွာကျွေးမွေးပြုစုပေသောကြောင့်၊ သူ့ကိုလည်းဤကဲ့သို့လှန်ပြုသင့်ပေသည်; to turn inside out, as the sleeves of a coat, အင်္ကျီလက်ကိုလှန်သည်; to turn up the legs of trousers, ပေါင်းဘီကိုလှန်, ပေါင်းဘီကိုပင့်; လှန်၍ထား, to put the upper side down or the inside out.

လှန်ပစ်, *v.* to cant, to pitch.

လှန်ပြန် (*pron.* မြန်), *v.* to do in return, do back again; commonly implying disrespectful conduct toward a superior; *comp.* ပြန်လှန်; မိဘတို့ဆုံးမသည့်စကားတကြိမ်တခါမျှလှန်ပြန်လို့မပြောဘူးပါ။

လှန်ပြန်အပြစ်တင်, *v.* to recriminate.

လှန်လှော, *v.* same as လှန်; to turn upside down, ထိုသူအိမ်မှာမသင်္ကာသောကြောင့်၊အိမ်တွင်းအိမ်ပြင်အကုန်လှန်လှော၍ရှာပါသည်။

လှန့် (from လန့်), *v.* to frighten, ခင်ဗျားကျွန်ုပ်ကိုမလှန့်ပါနှင့်, ကြက်များအိမ်ပေါ်သို့မတက်ရအောင်ဆီးလှန့်လိုက်ပါ။

လှန်း, *v.* to spread out, lay out in the sun, နေပူမှာလှန်းသည်, ငါးခြောက်လှန်းသည်, မိုးဆိုးစိုသည့်အဝတ်များကို၊ခြောက်သွေ့အောင်နေပူလှန်းလိုက်ပါ။

လှပ် (from လပ်), *v.* to uncover; to neglect, leave unperformed, ယခုနေ့စပါးပြီးအောင်မရိတ်ခဲ့ဘူး၊နက်ဖြန်ရိတ်ဘို့ရာလှပ်ထားသည်; to leave vacant, ခင်ဗျား ပွဲကြည့်လာမည် ပြောသောကြောင့်၊ နေရာလှပ်ထားသည်; to open, leave open, ပြတင်းပေါက်များကိုအကုန်လှပ်ထားလိုက်ပါ; in this sense လှပ် is considered more elegant than ဖွင့်။

လှမ်း, *v.* to reach out, stretch out (the hand), မီးခြစ်ဘူးကိုကျွန်တော်ဆီ (လက်) လှမ်းလိုက်ပါ, မတ်တတ်သေတ္တာအထက်ဆင့်ပေါ်မှာစာအုပ်လှမ်း၍ယူပေးစမ်းပါ; to step, put forth the foot either forward or backward, သေနတ်ရေးပြသည့်အခါရှေ့ကိုလှမ်းနောက်ကိုလှမ်းပြသည်; to look forward (to a distant object), ရှေ့ကိုလှမ်းကြည့်သည်; to aspire to, အထက်သို့လှမ်း၊ ဂုဏ်ရည်တူချင်းမကြိုဘူး, သည်သူ သေးသေးနုပ်နုပ်မကြိုတတ်၊ အထက်သို့သာလှမ်းကြိုသည်; to extend (the voice) toward, to call to, လှမ်း၍ခေါ်; ဟိုသွားသည့်လူကိုလှမ်းခေါ်လိုက်စမ်းပါ; applied to the reach of a missive or weapon, ဟိုဘက်ကမ်းကိုခင်ဗျားသေနတ်လှမ်းပါမည်လား, ရွာချင်းတယ်မဝေးကြပါ၊သေနတ်တလှမ်းလောက်သာဝေးပါသည်; သရက်ပင်ပေါ်မှာသရက်သီးကိုလှမ်းမှီသောကြောင့်၊လူအများဆွတ်စားကြသည်။

လှမ်းကမ်း, *v.* to anticipate, to do with reference to something ahead, ပွဲမရောက်မှီ စောစောကလှမ်းကမ်းလို့ ချက်ပြုတ်ကြော်လှော်နှင့်ရသည်, မြင်းပွဲမတိုင်မှီလှမ်းကမ်း၍စီးသားချနှင့်ရသည်; to extend (the voice) toward, to call to, ရှေ့သွားသည့်လူလှမ်းကမ်း၍ခေါ်လျှင်ကြားလောက်ပါသေး၏။

လှမ်းကြွ, *v.* to travel, as a Buddhist priest.
လှမ်းထိုးသွား, *v.* to amble, pace, ဆင်ရုံသွား။
လှမ်းပြ, *v.* to hold forth, present to view.
လှယ်, *v.* to empty (the contents of one vessel into another), အိုးထဲက ရေကို စည်ထဲကို လှယ်ထည့်သည်, သေတ္တာထဲကပုဆိုးကို ဖာထဲသို့ လှယ်ထည့်သည်; one kind of ချေး, to borrow, with the idea that the borrower will, if afterwards required, return the favor to the lender, ကျွန်တော်ကို ငွေနှစ်ဆယ်လောက် လှယ်နှင့်ပါ၊ မကြာခင်ပြန်ပေးပါမည်, အချင်းချင်းလက်လှယ်၍သုံးစားကြသည်; ငွေလှယ်စားချေး, to lend money without interest.
လှယ်ဖယ်, *v.* same; to exchange, ထပ်, လဲလှယ်, လှယ်ဖယ်သုံး, ကျွန်တော်မှာရွှေဒင်္ဂါးသာရှိသောကြောင့်၊ငွေနှင့်လှယ်ဖယ်သုံးရသည်, ခင်ဗျားအင်္ကျီ ကျွန်တော်အင်္ကျီနှင့်လှယ်ဖယ်ဝတ်ကြစို့။
လှံ, *n.* a spear.
လှံကန်, *n.* a stick used for driving animals, a horsewhip, နှင်တံ။
လှံကိုင်, *n.* a lancer, လှံကိုင်သူရဲ။
လှံစွပ် (*pron.* ဆွပ်), *n.* a bayonet.
လှံစွပ်သေနတ်, *n.* a musket with a bayonet attached.
လှံတံ, *n.* a rod or staff of authority, လှင်တံ။
လှံထိုး, *v.* to thrust at with a spear, လှံနှင့်ထိုး, လှံထိုးစစ်သည်, လှံထိုးသမား။
လှံမ, *n.* a large spear.
လှံသည် (*pron.* ယည်), *n.* a dart, လှန်တို။
လှံရိုး, *n.* the handle of a spear.
လှာ, *see under* လာ; *sometimes euphonic*, ရောက်လှာသည်,အယ်သောအခါရောက်လှာသလဲ, ကျွန်တော်သားခင်ဗျားအိမ်မရောက်လှာဘူးလား။
လှိမ့် (from လိမ့်), *v.* to roll over and over (*trans.*), ဗလီလုံးလှိမ့်ကစားသည်, တောင်ပေါ်ကကျောက်လုံးကိုလှိမ့်ချသည်။
လှိမ့်လှန်, *v.* to roll away.
လှို, *v.* to be diminutive, smaller than common, ကျစ်, ညှက်, သည်အရပ်မှာမြေကျပ်သောကြောင့်၊သစ်ပင်များတယ်လှိုသည်, သည်မိန်းမအတန်လှိုသည်။
လှိုကင်, *v.* same, မိုးဃ်းခေါင်လို့ သစ်သီးဝလ်လှိုကင်သည်, ခင်ဗျားသားသွီးများအလွန်ထွားကျိုင်းသည်၊ကျွန်တော်သားသွီးလှိုကင်ကြသည်။
လှိုလှောင်း, *v.* same (*infreq.*).
လှီး, *v.* to cut with a sliding motion, to cut a slice, as distinguished from ခုတ်, to chop, ထားနှင့်လှီးသည်; ထားလှီးဆေး, cut tobacco.
လှီးချွတ်, *v.* same as လှီး။
လှီးဖြတ်, *v.* to carve, as meat at table.
လှုပ်, *v.* to stir, move (*intrans.*), to have animal action; to work, as a machine; to shake (*trans.* and *intrans.*), စာရေးခုံလှုပ်သောကြောင့်၊

လက်ရေးမကောင်းလှပါ, ကျွန်တော်ပခုံးလှုပ်နိုးသည်; hence တလှုပ်လှုပ်, *adv.* busily, with the hands and fingers in constant motion, **ခြေလှုပ်လှုပ် လက်လှုပ်လှုပ်နှင့်ရှုခြေမှဲ့သည်။**

လှုပ်ကုလားထိုင်, *n.* a rocking chair.

လှုပ်ပုခက်, *n.* a cradle.

လှုပ်ရှက်, *v.* to move gently (*intrans.*), **လှုပ်ရှက်ခတ်။**

လှုပ်ရှား (from ရှား, to move), *v.* same as လှုပ် (*intrans.*), frequently with the additional idea of change of place; to be agitated, မငြိမ်မသက်ဖြစ်သည်, စပါးဆန်ရေရှားပါးသောကြောင့်တိုင်းပြည်လှုပ်ရှားသည်; to agitate, annoy, trouble, molest.

လှုပ်လီးလှုပ်လက်, *adv.* same as တလှုပ်လှုပ်; *see under* လှုပ်။

လှုပ်လှက်, *v.* to move gently, လှုပ်ရှက်။

လှုမ်, *n.* a species of mint plant, ပင်စိမ်း။

လှုံ, *v.* to warm one's self by a fire, မီးလှုံ; to warm one's self in the sun, နေစာလှုံ; to derive heat from, as a chicken from its mother, ကြက်ကလေးများအမိရင်ငွေ့ကိုလှုံ၍ကြီးရသည်; to adhere to, take refuge in, ခိုလှုံ, ကိုယ်တော်အရှင်ဘုန်းရိပ်ကိုခိုလှုံ၍ရောက်ပါသည်။

လှုံ့, *v.* to heat again, warm over; implying that the object was once hot; *comp.* နှိုး; to remind, re-excite.

လှူ, *v.* to give for a religious purpose, or to a religious character, to make an offering, ဘုရားကိုလှူ, သင်္ဃာတော်ကိုလှူ, ကျောင်းကိုလှူ, စရပ်ကိုလှူသည်. *Der.* အလှူ။

လှူဒါန်း, *v.* same, လှူဒါန်းပေးကမ်းခြင်းနှင့်အလွန်ဝါသနာပါသည့်လူ။

လှေ, *n.* a boat; ခတ်လှေ, a rowboat; လှော်လှေ, a paddle boat.

လှေကြုံ, *n.* a boat one happens to meet (going where one wishes to go), a chance boat, သင်္ဘောမရှိသောကြောင့်လှေကြုံစီးလိုက်ခဲ့ရသည်။

လှေဆိပ်, *n.* a landing place for boats.

လှေတက်, *n.* a collective term for boats, oars, tackle, etc., **လှေတက်မရှိ လို့သွားဘို့ခက်ပါသည်။**

လှေထိုး, *v.* to propel a boat with a pole; **လှေထိုးဝါး, လှေထိုးသမား, လှေထိုးသား, လှေထိုးတက်ခတ်။**

လှေနှိုက်, *n.* a boat thief, so called from this class of thieves thrusting their hands into boats and snatching property; *v.* to purloin property in such a manner; *comp.* တံချူ, တံချူနှင့်လှမ်းယူသည်။

လှေပြိုင်, *v.* to race, as boats.

လှေပွဲ, *n.* a regatta; လှေပွဲခံ, to hold a regatta.

လှေမကျ (*pron.* လှေ့မကျ), *v.* to sink (as a loaded boat) so that the water is level with the washboad.

လှေလောင်း, *v.* to race, as two boats for a wager.

လှေသား, *n.* a boatman, one of a boat's crew.

လှေသူကြီး, *n.* a boat owner; also called လှေဗိုး, which is not so polite.

†လှေကား, 1 (*pron.* ဂါး), *n.* a set of steps, stairs; a ladder; ကြောင်လိမ်လှေကား, a winding or spiral staircase.

လှေကားဦး, *n.* the head of a flight of stairs.

လှေကားဦးတိုက်, *n.* stairs descending directly in front and at the end of the house (of a man of distinction), which may be used only by privileged persons; *comp.* လှေကားလှဲ။

လှေကားခုံ, *n.* that which supports the foot of a flight of stairs.

လှေကားထစ်, *n.* one step in a flight of stairs; a round, a rundle, a rung.

လှေကားထောင်, *v.* to place a ladder in position.

လှေကားပေါင်, *n.* the side of a flight of stairs.

လှေကားရင်း, *n.* the foot of a flight of stairs.

လှေကားရှင်, *n.* a ladder.

လှေကားလှဲ, *n.* stairs that do not descend directly in front, but are turned to descend by the side of the house.

လှေကားသေ, *n.* a flight of stairs.

လှေကား, 2, *n.* the *Bauhinia*, မဟာလှေကား, မျောက်လှေကား။

လှေ့ (from လေ့), *v.* to winnow, စပါးလှေ့။

လှေး, *v.* to be very small, diminutive, မွှား. *Der.* အလှေး။

လှဲ (from လဲ), *v.* to throw down from an erect posture, တိုင်လှဲ, ရွက်တိုင်လှဲ, သစ်ပင်လှဲ; အလံလှဲ, to strike, as the colors when an army is defeated; to overset, turn or throw from a basis or foundation; to throw, as a wrestler, မြေကြီးကိုကျောကျအောင်နပန်းကိုင်၍လှဲသည်; တုံးလုံးလှဲအိပ်, to lie at full length.

လှဲချ, *v.* to throw down, cast down.

လှောက်, *v.* to put a small quantity into a larger, စွက်သည်, ရေအိုးမှာရေနည်းသေးသည်၊ပြည့်အောင်လှောက်လိုက်ပါ, ဟင်းရည်နည်းလို့ရေလှောက်စားသည် (*rarely used*).

လှောက်ပံ့, *v.* to aid, ထောက်ပံ့။

လှောင်, 1, *v.* to put into and shut up, as goods in a chest, သေတ္တာထဲမှာအထည်အလိပ်များကိုလှောင်ထားသည်; or in a building, စပါးလှောင်, ဆီလှောင်; or animals in an enclosure, နွားဝက်များကိုခြံနှင့်လှောင်ထားသည်, ငှက်ကိုအိမ်နှင့်လှောင်ထားသည်; or men in prison, အချုပ်ထောင်မှာလှောင်ထားသည်; to be close, stuffy, as a room, အိုက်လိုက်သည်မှာလှောင်နေသည်, သည်အခန်းကလေးလှောင်၍နေသည်၊လေမဝင်နိုင်။

လှောင်, 2, *v.* to be rude, saucy, impertinent, to banter, ဆော့, တယ်လှောင်တတ်ပြောင်တတ်သည့်လူ, လူထဲမှာမလှောင်ပါနှင့်။

လှောင်း, 1, *v.* to line, place along inside, as loose paper inside a chest, သေတ္တာကိုစက္ကူလှောင်း၍ ဆေးလိပ်ထည့်သည်, စည့်ကိုဖက်လှောင်းပြီးကာလ ငါးပိကိုထည့်သွင်းသည်, တောင်းကိုဖက်လှောင်း၍ဆားကိုထည့်သွင်းသည်။

လှောင်း, 2, *v.* to be diffusive, as scent, whether pleasant or unpleasant, or as a swarm of flies, mosquitoes, etc.; *used adverbially* (*rare in colloq.*).

လှော်, *v.* to stir backward and forward, as in parching peas, ပဲလှော်, စပါးလှော်; to paddle a canoe, လှေလှော်; လက်လှော်ကလေး, a small canoe.

လှော်ကား, *n.* a boat of state with a high, ornamented stern.

လှော်တက် (*pron.* ခတ်), *n.* a boat paddle.

လှော်လောင်း, *n.* a racing canoe, လှော်လှေ။

လှော်သစ်, *v.* to be fresh or newly polished, as gold by hot sand, လှော်သစ်ဦးသစ်သောရွှေ; *comp.* ဦးသစ်။

လှိုက်, *v.* to be thrown up or out, leaving a concavity in the centre; to swell up, lie loose, as grain in a measure, not shaken down; to throw up or out, as in scooping an excavation, လှိုက်တူး; *comp.* ခလိုင်; to feel uneasy, distressed, in body or mind, ဝမ်းနည်းလို့အသည်းထဲကလှိုက်လာသည်။

လှိုက်ဆူ, လှိုက်လှည်း, *v.* to feel uneasy, distressed in body or mind, ဆူလှိုက်, ကျွန်တော်သားကလေးသေဆုံးသည်မှာမျက်ရည်မဆည်နိုင်အောင်၊လှိုက်ဆူပူပန်ခြင်းခံရသည်, ဝမ်းနည်းလွန်းလို့၊လှိုက်လှိုက်ဆူဆူဖြစ်နေသည်။

လှိုင်, 1, *v.* to excavate; *n.* a niche in a pagoda, or in the side of a brick or stone wall.

လှိုင်ခေါင်း, လှိုင်မုတ်ကူး, *n.* same; ဥမင်လှိုင်ခေါင်းတူး, to make a tunnel.

လှိုင်သံ, *n.* an echo from an arched roof, လှိုင်သံနှင့်စကားပြောသည်။

လှိုင်, 2, *v.* to be numerous, abundant, ပေါများ; applied to fruit trees, ကနစိုးသီးလှိုင်, ဒူးရည်းသီးလှိုင်, ထန်းလှိုင်သည်; frequently applied to the diffusion of pleasant odors, ပျံ့; also applied to fish, သိတင်းကျွတ်လကျမကြီးဆွဲလို့ငါးလှိုင်သည်။

လှိုင်း, 1, *n.* a wave or billow, လှိုင်းတံပိုး; လှိုင်းကြီးရာပါရပါသည်, as in the way of being compelled to do anything, ***nolens volens.***

လှိုင်းအိ, *n.* the swell of the sea, လှိုင်းအိရှိကြောက်စရာမရှိ။

လှိုင်းအိကွေး, *n.* a scallop, curve in an edge.

လှိုင်းအိထ, *v.* to swell, as the sea, ရေနက်လို့လှိုင်းအိကြီးထ; to fluctuate.

လှိုင်းကြက်ခွပ်, *n.* a cross sea.

လှိုင်းကြက်ခွပ်ထ, *v.* to meet, as cross seas; to be ruffled, as the surface of water.

လှိုင်းကြီး, လှိုင်းလေကြီး, *v.* to be rough and tempestuous, as the sea.
လှိုင်းစီး, *v.* to ride the waves, as a boat or ship, in contradistinction to စင်းလုံးခံ, to lie like a log in the water; လှိုင်းကျော်။
လှိုင်းခေါင်းဖြူ, *n.* a white-crested wave.
လှိုင်းချုပ်, *n.* a wave compressed by the shore.
လှိုင်းစိပ်, *n.* a short, choppy sea.
လှိုင်းတံပိုး, *n.* a wave; လှိုင်းတံပိုးကြား, the trough of the sea.
လှိုင်းတောက်, *v.* to be affected with nausea, owing to the pitching or rolling of a boat or ship, to be seasick.
လှိုင်းထ, *v.* to rise, as a wave or billow.
လှိုင်းပုတ်, *v.* to dash, strike against, as a wave.
လှိုင်းဖျက်, *n.* a small, curling wave, a ripple, လှိုင်းဖျက်ကလေးထ။
လှိုင်း (ပြော), *v.* to speak in a bombastic, boastful manner, ပြောသည့်အခါအခင်မတန်လှိုင်းပြောသည်။ပြုသည့်အခါဘာမျှမဟုတ်ဘူး။
လှိုင်းမိ, *v.* to be caught in a sea, or in rough water on a river, မြစ်လယ်မှာလှိုင်းမိလို့လှေနစ်သွားသည်။
လှိုင်းမူး, *v.* to feel dizzy, to be seasick, လှိုင်းတောက်။
လှိုင်းရိုက်, *v.* to dash against, as waves.
လှိုင်းလေငြိမ်, *v.* to be calm, as the sea, လှိုင်းလေငြိမ်သက်, လှိုင်းလေသင့်သည့်အခါ, when the weather is favorable.
လှိုင်းဝင်, *v.* to take in water (as a boat or ship) from a wave, to ship a sea.
လှိုင်းသံ, *n.* the roar of the waves.
လှိုင်း, **2,** *v.* to bind into a bundle or sheaf, စည်းနှောင်; *n.* a sheaf, ကောက်လှိုင်း. *Der.* အလှိုင်းကြီး။
လျှင်, **1,** *v.* to be before, beforehand (*obs.*), တင်လျှင်; hence အလျှင်။
လျှင်, **2,** *verb. affix continuative; see Gram. sec.* 109; *denoting first, the completion of an action or state of being prior to another,* as သွားလျှင်သေသည်, having gone he died; *second, supposition or conditionality,* as သွားလျှင်သေမည်, if he goes he will die; တောင်းလျှင်ရလိမ့်မည်, if he asks he will receive; *adv. distributive; see Gram. sec.* 126, 8, as တလလျှင်တတင်း, a basket a month; *sometimes definitive or emphatic; euphonic,* as အလွန်လျှင်, သာလျှင်, ပင်လျှင်, etc.
လျှပ်, **1** (*freq. pron.* ရှပ်), *n.* lightning.
လျှပ်စစ်, လျှပ်စစ်နွယ်, *n.* same.
လျှပ်စစ်ဓါး, *n.* electric fluid; လျှပ်စစ်ဓါးသွင်း, to electrify.
လျှပ်ပြက်, လျှပ်စစ်ပြက်, *v.* to lighten.
လျှပ်ပြက်သောအလျှံ, *n.* a flash of lightning.

လျှပ်, 2 (*pron.* ရှပ်), *v.* to be very thin, flimsy; ***used adverbially***, တယ်ပါးသည်လူ၊လျှပ်လျှပ်ကလေးတဲ, တယ်ပါးသည်ဖိတ်၊လျှပ်လျှပ်ကလေးတဲ; to be light, quick, rapid, လမ်းမှာဖင့်စားမနေလေနှင့်၊ လျှပ်လျှပ်ပါအောင်သွား; to glitter, coruscate, အရောင်လျှပ်; to be light, vain, unsteady, wanton, ဆင်ခြင်မရှိ; to perform work in a superficial, perfunctory manner, အလုပ်အကိုင်လျှပ်သည့်လူ။

လျှပ်ပလာမ, *n.* a wanton woman; *used appellatively.*

လျှပ်ပေါ်, *v.* to be light, vain, unsteady, wanton, လော်မာ, လော်လည်, သေ့သွမ်း, လျှပ်ပေါ်လော်မာ, လျှပ်ပေါ်လော်လည်တတ်၏။

လျှပ်, 3, *v.* to extort money under a false pretence, အမှုမရှိဘဲနှင့်သက်သက်မဲ့ယူသည့်လူ; လူလျှပ်, one who thus extorts money.

လျှပ်စား, လျှပ်ဖြတ်, *v.* same. မဟုတ်မလျှားအကြောင်းမဲ့လျှပ်စားမနေပါနှင့်, သူများအပေါ်ခွဲသည်လိုချည်းတဲလျှပ်ဖြတ်ယူသည့်လူ။

လျှမ်း, *v.* to be brimming full. ပြည့်လျှမ်း, ရေပြည့်လျှမ်းသောမြစ်ကမ်း, ရေပြည့်လျှမ်းသောအိုးကဲ့သို့မတုန်လှုပ်သောဆင်ခြင်ရှိသည်; applied to flame, မီးရောင်လျှမ်းလျှမ်းတက်အရောင်ထွက်သည်, and to verbose, bombastic language, မသိဘဲနှင့်လျှမ်းဖြမ်းမပြောပါနှင့်; applied to inconsecutive, rambling discourse. စကားပြောလျှမ်း; also to superior mental capacity, as လျှမ်းလျှမ်းတက်အောင်ဉာဏ်ကောင်းသည်. to have a brilliant intellect; hence တလျှမ်းလျှမ်း (အရောင်ထွက်), *adv.* brilliantly, glitteringly.

လျှံ (*pron.* ရှံ), *v.* to run over, as water, ရေအိုးထဲကရေလျှံကျသည်; to overflow its bank, as a river. မြစ်ရေကမ်းကိုလျှံတက်သည်; to run over, as brightness, to be brilliant, အရောင်လျှံ။

လျှာ (*freq. written and pron.* ရှာ), *n.* the tongue.

လျှာခင် (*pron.* ရှာခင်), *n.* the uvula; the palate.

လျှာခင်သံ, *n.* a palatal (sound), လျှာခင်သံအက္ခရာ, a palatal letter.

လျှာခိုင်, *v.* to have a stiffness of the tongue, so as not to be able to speak, လျှာခိုင်လို့စကားပြီအောင်မပြောနိုင်; to be tongue-tied.

လျှာစက်, *n.* the faculty of speaking with authority, အာစက်, အာစက်လျှာစက်ကောင်းသောကြောင့်၊သူများရိုသေသည်။

ဝေ, 2, *v.* to bubble and run over, ပွက်၍လျှံ; to be flowing, rich, luxuriant, as a flowing dress, or as trees whose branches are wide spreading; ထမင်းအိုးဝေလို့လက်မနိုင်ဘူး။

ဝေဆာ, *v.* to be flowing, rich, luxuriant, သည်မိန်းမထဘိဝတ်သည်မှာ၊ ဝေဝေဆာဆာရှိသည်, သစ်ပင်ဝေဝေဆာဆာရှိသည်။

ဝေဖား, *v.* same; *generally used in a reduplicated form,* အဝတ်အစား ဝေဝေဖားဖားရှိသည်, သည်သစ်ပင်အခက်အရွက်ဝေဖားဖားရှိသည်။
ဝေ, 3, *v.* to distribute, dispense, ဥစ္စာကိုဝေ, ကုသိုလ်အမျှဝေ။
ဝေခြမ်း, ဝေခွဲ, ဝေဖန်, *v.* same, အညီအမျှဝေခြမ်း၍ယူကြသည်; to distinguish, discern, တော်သည်မတော်သည်ကိုဝေဖန်ထုံးဖွဲ့ပြောတတ်သည်။
ဝေငှ, ဝေမျှ, *v.* to distribute equally.
ဝေစု, ဝေပုံ, *n.* a share, အစုသင့်။
ဝေစုကျ, ဝေပုံကျ, *n.* same; *v.* to fall to one's share, be one's portion in a distribution, ခင်ဗျားအတွက်ဝေစုကျဘယ်လောက်ရသလဲ။
ဝေမျှ၍ပေးကမ်း, *v.* to share with another.
ဝေယူ, *v.* to distribute and take; to take and divide, သည်ငွေတဆယ် မင်းတို့လေးယောက်ဝေယူကြပါ။
ဝေ, 4, *an inelegant term of compellation, mas. or fem.* used by men or women, ငဖြူရေ၊ဝေ။
ဝေဇယန် (Pali ဝေဇယန္တော), *n.* a graduated roof, ဘုံဆင့်ပြာသာဒ်။
ဝေဒနက္ခန္ဓာ, *n.* the organs of susceptibility or sensation; *see under* ခန္ဓာ. "The *wedana khando,* or sensations, are six in number. They are produced by communication with that which is agreeable, disagreeable, or indifferent." M.B.
ဝေဒနာ (Pali), *n.* sensation, ခံစားခြင်း. *Childers* recognizes three kinds of ဝေဒနာ. *viz.,* သုခဝေဒနာ, pleasant sensation, ဒုက္ခဝေဒနာ, painful sensation, and အဒုက္ခမသုခဝေဒနာ, sensation which is neither pleasant nor painful.
ဝေနေယျ (Pali), *n.* a rational being, one capable of being instructed, ဆုံးမအပ်သောသူ. ဝေနေယျသတ္တဝါ, ချွတ်ထိုက်သောသတ္တဝါ။
ဝေဘာဂိက (Pali), *n.* distribution, ဝေဖန်ခြင်း, ဝေဘာဂိကပြု, ကျေးကျွန်ကြည့်၍မနေပါဘူး၊ဝေဘာဂိကပြုပါ၏။
ဝေယာဝစ္စ (Pali), *n.* a multiplicity of business affairs, ဝေယာဝစ္စများသည်။
ဝေဝုစ် (Pali ဝေဝစ္စ),*n.*a means,expedient,artifice,device,ဥပါယ်,ပရိယာယ်။
ဝေဠုဝန် (Pali ဝေဠုဝနံ), *n.* a bamboo grove; the name of a monastery presented by King Bimbisara (ဗိမ္ဗိသာရမင်းကြီး) to Gautama Buddha.
ဝေ့, *v.* to run around (an object), လည်; to wind, as a river or road, မြစ်ဝေ့, လမ်းဝေ့; လေဝေ့, to veer, as the wind; ဝေ့သွား, to go out of one's way.
ဝေ့လည်, *v.* same; hence တဝေ့လည်လည်နေ, to hang about, hover round an object or thing, unwilling to leave, တဝေ့လည်လည်နှင့်သည်အနားကမကွာနိုင်ဘူး။

ဝေ့ပိုက်, *v.* same, လမ်းဝေ့ပိုက်နေလို့ခရီးမတွင်; စကားတည့်တည့်မပြော၊ဝေ့ပိုက်ပြောသည်။

ဝေး, *v.* to be far, distant, not near. မနီး; in a figurative sense, to be remote from the subject, အကြောင်းချင်းဝေး; နားဝေး, သဘောဝေး, to be dull of discernment, obtuse; ဝေး is often used in a disparaging sense, as when speaking of a person actuated by mean, parsimonious motives, etc., သူနှင့်အပိုကြီးဝေးနေသည်. It is also used in a good sense, as of the inconceivableness of a high principled man committing a base act.

ဝေးကွာ, *v.* same, ခရီးဝေးကွာ, မြို့ချင်းဝေးကွာ, လူချင်းဝေးကွာသည်။

ဝေးလံ, *v.* same as ဝေး။

ဝဲ, **1**, *n.* a whirlpool, eddy.

ဝဲသြဃ, *n.* a large eddy, ခနောင်း။

ဝဲကတော့ (*pron.* ဒေါ့), *n.* a whirlpool with a vortex.

ဝဲကြက်ခွပ်, *n.* the troubled state of waters, caused by the meeting of eddies whirling about in opposite directions.

ဝဲစား, *v.* to erode (a river bank), as a whirlpool.

ဝဲစုတ်, *v.* to be sucked in by a whirlpool, လှေဝဲစုတ်လို့မြုပ်သွားသည်။

ဝဲဆန် (*pron.* ဇန်), *n.* a current running opposite to the main stream, a reflex current.

ဝဲပြေး, *n.* a rapid eddy.

ဝဲမှုတ်, *v.* to be thrown out by a whirlpool.

ဝဲလည်, *v.* to eddy.

ဝဲ, **2**, *n.* a roof in which one side projects over on the other.

ဝဲပုံ, ဝဲလင်း, *n.* same as ဝဲ။

ဝဲ, **3**, *n.* the itch; the mange.

ဝဲခြောက်, *n.* the common itch.

ဝဲစား, *v.* to be eaten away by itch or mange, as the hair of a dog, bullock, etc.

ဝဲစို, *n.* the same as ဝဲခြောက် in an advanced stage, but less than ယားနာ။

ဝဲစွဲ, *v.* to be infected with itch.

ဝဲပူ, *n.* the mange in horses.

ဝဲ, **4**, *v.* to soar around, as a bird, ငှက်များဝဲ, စွန်ဝဲ, အပုပ်ကောင်ရှိလို့လင်းတဝဲသည်; to brandish a sword, weapon, or stick.

ဝဲ, **5**, *v.* to speak with a foreign accent or brogue, စကားပြောသည့်အခါအသံဝဲသည်, မြန်မာစကားပြောလျှင်ရခိုင်လိုဝဲသည်, when he speaks Burmese, he has the Arakanese accent.

ဝေါ, *n.* a large state palanquin.
ဝေါဗလာ, *n.* same as ဝေါ။
†ဝေါခနဲ, *adv.* indicative of the sound which it imitates; particularly applicable to the noise made by a တုံး when it is fired, တုံးဝေါခနဲမြည်သည်, ကမ်းပါးဝေါခနဲ ပြိုကျသည်။
ဝေါဟာရ (Pali), *n.* common parlance; ဝေါဟာရပညတ်အတိုင်း, as sanctioned by common parlance.
ဝေါဟာရစကား, *n.* same, စာစကားမဟုတ်ပါ၊ဝေါဟာရစကားဖြစ်ပါသည်။
ဝေါဟာရဒေသနာ, *n.* commonplace religious instruction.
ဝေါဟာရဘာသာ, *n.* common parlance.
ဝိုက်, *v.* to curve around, make a circuit partially or wholly, ကွေ့; *more than* ကွေး။
ဝိုက်ကြို, *v.* to come around one coaxingly, စကားဝိုက်ကြိုပြော။
ဝိုက်ကွေ့, *v.* same as ဝိုက်, တည့်တည့်မသွား၊ဝိုက်သွားသည်, ထွန်နှင့်ဝိုက်လှည့်။
ဝိုင်း, *v.* to do by joint effort; to shake around, as rice in a shallow basket, စံကောနှင့်ဆန်ဝိုင်း; to be round; to surround, as a forest, a range of mountains, a river or sea, မြို့ကိုတောင်ဝိုင်းနေသည်, ဘိလပ်ပြည်ကိုပင်လယ်ဝိုင်းနေသည်; *n.* a circle of people; hence ဖဲဝိုင်း, ကြက်ဝိုင်း, လှည်းဝိုင်း; a fair.
ဝိုင်းညီ, *v.* to do jointly, by joint effort, သည်ဝန်ကိုဝိုင်းညီလို့ချီကြပါ, လူတယောက်တည်းကိုအများဝိုင်းညီရိုက်ကြသည်။
ဝိုင်းထား, ဝိုင်းမိ, *v.* to besiege or encompass (a city), မြို့ကိုတပ်ဝိုင်းထားသည်; to hem in, to surround, as a body of police a gang of dacoits about to commit a dacoity, ရွာသားများ သူခိုးများကိုဝိုင်းထားသောကြောင့်၊ သူခိုးများက အတင်း အဓမ္မထား လှံတို့ဖြင့် ခုတ်ထိုးထွက် ပြေးကြသည်; to surround, as a moat surrounds a city, မြို့ကိုကျုံးဝိုင်းမိသည်။
ဝိုင်းမြှု, *v.* to promote; to tend towards, ညီညာသည်။
ဝိုင်းဖွဲ့, *v.* to form a circle of people, tents, etc., ဝိုင်းဖွဲ့ကြက်တိုက်။
ဝိုင်းရုံတွန်းထိုး, *v.* to hustle, push, as a crowd of people.
ဝိုင်းဝန်း, *v.* to do jointly, by joint effort.
ဝိုး, *int.* an exclamation expressing dissatisfaction at something said, done, or about to be done.
ဝိုးဝင်း, *v.* to be brilliant, shining; *used adverbially*, လျှပ်ဝိုးဝိုးဝင်းဝင်းပြက်သည်။
ဝိုးဝါး, *v.* to be obscure; to be doubtful, uncertain; *used only in adverbial forms*, as ဝိုးတိုးဝါးတား (*pron.* ဝိုးဝိုးဝါးဝါး), obscurely, dubiously, နာမည်ကိုရုတ်တရက်ထုတ်ဘော်လို့မရ၊ဝိုးတိုးဝါးတားဖြစ်နေသည်။
ဖွက်, *v.* to hide, secrete, conceal; *rare in colloq.*, ဖွက် (*more common*).

ဍက်ထား, *v.* same as ဍက်။
ဍုန်း, *v.* to rise, burst up; to be strong, violent (*infreq.*). *Der.* ကျောင်ဍုန်း။
ဍုန်းတက်, *v.* same, အာဏာဍုန်းတက်, တန်ခိုးဍုန်းတက်သည်။
ဍုန်းဍာ, *v.* same. *Der.* အဍုန်းအဍာ။
ဍမ်း, *v.* to be low and level, as ground occasionally covered with water, သည်နေရာမှာမြေဍမ်းနေသောကြောင့်ရေဝပ်သည်, in this place the water lodges because the ground is low; *comp.* ရှိုင်; to be plain, level, ညီ, မျှ; to make level, even, ဖွမ်းမျှ; to assess *thathameda* revenue, as *thamadis* (assessors); သမာဓိဍမ်းကြေးစာရင်း, the roll of a village after the assessment has been fixed by the *thamadis*. *Der.* အဍမ်း။
ဍွေ, *v.* to push with the head, horn, or tusk; to propel violently, ဍွေ, နွားချင်းဍွေကြသည်; ဍွေ *in composition* is also applied to the rushing velocity of the wind against anything, *e. g.*, လေဍွေ၍မတိမ်းနိုင်သောတစ်ခဲနတ်တောင်ကဲ့သို့, like the tempest-beaten, solid, immovable mountain.
ဍွေး, *n.* the testicles.
ဍွေးအိတ်, *n.* the scrotum, ထိင်ဥ, ကပ်ပယ်အိတ်။
ဍွေးစေ့, *n.* same as ဍွေး။
ဍွေးထုတ်, ဍွေးလှီး, *v.* to castrate, အသိုးထုတ်, သင်း, ဆိုးမ, ကွပ်။
ဍံ့, *v.* to praise, land, extol, ချီးမွမ်း, (*not used in colloq.*).
ဍံ့ချီး, *v.* same (*not used in colloq.*).

## သ

သ, The thirtieth consonant in the Burmese alphabet.
သ, 1, *v.* to give, offer; *rarely used singly.* *Der.* ဆက်သ, ပို့သ, ပြသ။
သရောက်, *v.* to present from a distance, ဆက်သရောက်လိုက်ပါသည်, ဥစ္စာပစ္စည်းပို့သရောက်လိုက်ပါသည်, မေတ္တာပို့သရောက်လိုက်ပါသည်။
သ, 2, *v.* to repair the outside, to make anew, do afresh, do over again, improve the appearance of, ထားဆေးကုန်သောကြောင့်၊သပေးလိုက်ပါ, ပုဆိန်ကိုသ; to trim the lower extremities of the mustaches, ကြင်စွယ်သ။
သနှ, *v.* same as သ။
သ, 3, *an abbreviation of the connective* သည် *or* သော။
သက်, 1 (from အသက်, life).
သက်အို, သက်ကြီး, *n.* an old man or woman, သက်ကြီးစကားသက်ငယ်ကြား။
သက်ကျား (from အသက်, life, and ကျား, to be of different colors), *n.* an old man or woman, သက်ကျားအို; this term of appellation is not used in the presence of the person to whom it is applied.
သက်စေ့တင် (from စေ့, to complete), *v.* to make offerings equal in number

to the years of the offerer's life, ဆွမ်းတော်သက်စေ့တင်, မိးသက်စေ့တင်။
သက်စောင့်ဆေး, *n.* medicine to preserve life, အာယုဝဍ္ဍနဆေး။
သက်စောင့်သွေး, *n.* the radical part of the blood, ပထဝီသွေး။
သက်စောင့်သွေးကြော, *n.* the carotid artery, လည်ကြောမ။
သက်စွန့်ကြိုးပန်း, *adv.* performing service with untiring zeal and indomitable courage, even at the risk of one's life, သက်စွန့်ကြိုးပန်းအမှုတော်ထမ်း။
သက်တိ (from ဇာတိ, ပကတိ, etc.), *v.* to have a natural bent or disposition for anything, ဝါသနာရှိ။
သက်တူရွယ်မျှ (ရှိ), *v.* to be of the same age.
သက်တော်စောင့်, *n.* one who had charge of the king's person; *comp.* ကိုယ်ရံတော်။
သက်ပျောက်ဆွမ်း, *n.* rice offered on a person's decease, ဆွမ်းစည်။
သက်မကြီးချ. *v.* to heave a deep sigh, စိတ်ပူလို့သက်မကြီးချ၍, မောမောပန်းပန်းသက်မကြီးချ၍။
သက်ရှိသက်မဲ့, *n.* things animate and inanimate; a term applied to property, သက်ရှိသက်မဲ့အကုန်ပေးသည်, သက်ရှိသက်မဲ့အကုန်သိမ်းသည်။
သက်ဝေကြင်တော်, *n.* a poetical term for a husband or wife, "sharer of (my) life and loving companion."
သက်, 2, *v.* to go down, descend, ဆင်း; to take place, as pity, love, etc., ကရုဏာသက်; hence, တသက်သက်, *adv.* in the way of longing regret; to take effect, as the poison of သစ်စေး။
သက်ဆိုင်, *v.* to belong to; to be connected with, have relation to; to apply, အဘိုးသေဆုံးသည်ရှိသော်၊ သားသမီး အမွေခံမရှိကမြေးဦးက အမွေကိုသက်ဆိုင်ပိုင်ထိုက်သည်. အခွန်တော်နှင့်သက်ဆိုင်သည့်ဥပဒေ, တရားမနှင့်သက်ဆိုင်သည့်ဥပဒေ။
သက်ရောက်, *v.* to befall, as a calamity, ဘေးသက်ရောက်, ရောဂါသက်ရောက်; to be in force, to be extended to, as a law, statute, act, *e.g.*, ဗြိတိသျှအင်္ဂလိပ်ယနိုင်ငံတော်တဝှမ်းသက်ရောက်ဆက်ဆံသည်, extended to the whole of British India, as an act or statute.
သက်ရှောက်, *v. see the parts*, အိမ်ခွဲလောင်သောမီး၊မည်သည့်နေရာသက်ရှောက်၍လောင်ကြောင်းကိုကျွန်ုပ်မသိရပါ။
သက်လား, သက်ဝင်, *v.* to entertain affection for another, မေတ္တာသက်လား, မေတ္တာသက်ဝင်။
သက်သွယ်, *v.* to connect one with another.
သက်, 3, *v.* to be moderate.
သက်သက်, *adv.* moderately, pretty, not very, slightly, သည်လယ်ထဲ

မှာစပါးပင်သက်သက်ကလေးသာရှိသည်, သည်မြို့မှာသရက်ပင်သက်သက်သာ ရှိသည်, ကျောက်ပေါက်မှာသက်သက်ကလေးရှိသည်။
သက်သက်သာသာ, *adv.* same, သက်သက်သာသာနှိပ်, သက်သက်သာသာပြော။
သက်သာ, *v.* to moderate (*intrans.*); to be relieved, obtain ease, to be comfortable, to recover; to abate, as paroxysms of pain, or as cold and heat, အချမ်းသက်သာ, အပူသက်သာ; ရေစီးသက်သာ, လေတိုက်သက်သာ; ဆေးတည့်လို့သူမမာသက်သာသည်; to be mild, as a flavor or odor.
သက်, 4, *v.* to be only, clear, nothing else, (*obs.*).
သက်မဲ့, သက်မဲ့သာ, *adv.* at all, without aim or purpose, သက်သက်မဲ့ လည်နေသည်; without cause or reason, wantonly, သက်သက်မဲ့သာ နှိပ်စက်သည်, သူသက်သက်အကြောင်းမဲ့ခေါ်ကားသည်။
သက်သက်, *a.* mere, as မေတ္တာသက်သက်နှင့်ပြုသည်, he did it from mere affection; *adv.* ခင်ဗျားကိုကျွန်တော်တွေ့ချင်လို့သက်သက်, merely because I wished to meet you, sir; at all, *in negative sentences*, ပြိုပြို, အလျှင်း, as သက်သက်မရှိ, there is none at all.
သကတ် (Pali သကတ္တ), *n.* the substratum of matter; a book pertaining to Pali grammar (သဒ္ဒါ), သကတ်ကျမ်း။
သကဒါဂံ, *n.* *see* သကဒါဂါမိဖလဋ္ဌာန်။
သကဒါဂါမိ (Pali), *n.* the second state attained by an *ariya* (134).
သကဒါဂါမိမဂ်, *n.* the duties of the second state attained by an *ariya*.
သကဒါဂါမိမဂ္ဂဋ္ဌာန်, *n.* one who has performed the duties of said state.
သကဒါဂါမိဖလဋ္ဌာန်, *n.* one who has attained to the reward of said state.
သကဒါဂါမိဖိုလ်, *n.* the reward of the second state attained by an *ariya*.
သက္ကဘန်, *n.* a kind of umbrella.
သက်ကယ်, *see*, သက်ငယ်, *n.* a kind of grass.
သက္ကရာဇ်, *n.* an era, epoch, date, year, ကောဇာသက္ကရာဇ်, သာသနာ သက္ကရာဇ်; written engagement, obligatory writing; စာချုပ်, သက္ကရာဇ် ချုပ်; a private birth register, မွေးဖွားသည့်သက္ကရာဇ်, မွေးဖွားသော နေ့ရက်ကိုသက္ကရာဇ်ချုပ်၍ထားသည်။
သက္ကရာဇ်မှတ်စာ, *n.* annals.
သက္ကလတ် (Eng. thick cloth), *n.* woollen cloth, broadcloth, serge, tweed (135).
သက္ကလတ်အင်္ကျီ, *n.* a coat or jacket made of woolen cloth, flannel or serge.
သက္ကလတ်ကြွက်နား, *n.* fine woollen cloth, cashmere, flannel.
သက္ကလတ်စောင်, *n.* a flannel blanket.
သက်ငယ် (*pron.* သက်ကယ်), *n.* a kind of grass used in thatching.
သက်ငယ်ကျင်း, *n.* a patch of thatching-grass.
သက်ငယ်ကြီး, သက်ငယ်ညွှန်း, *n.* varieties of thatching-grass.

သက်ငယ်ပေါ (*pron.* သဗ္ဗယ်ဗော), *n.* a sheaf of thatching-grass not yet woven, သက်ငယ်တပေါ, သက်ငယ်အပေါအစိတ်။

သက်ငယ်ပျစ်, *v.* to weave said grass, so as to be ready for thatching; *n.* a stick of woven thatch.

သက်ငယ်မိုး, *v.* to thatch with the said grass.

သက်တံ့, *n.* a rainbow, သက်တံ့ရေသောက်, to have the appearance of dipping into a stream or sheet of water, as one or both ends of a rainbow; *comp.* နှိုး; according to some authorities, a rainbow is termed a သက်တံ့ when it appears in the east, and a နှိုး when it appears in the west; a carbuncle.

သက်ရင်း, *n.* a kind of tree, of which there are many varieties.

သက်ရင်းကတော်, သက်ရင်းကတိုး, *n.* the Rangoon croton plant.

သက်ရင်းနီ, *n.* the wild croton.

†သက်လုံ, *n.* wind, power of respiration, strength of lungs.

သက်လုံကောင်း, *v.* to be long-winded.

သက်လုံကွဲ, *v.* to be broken-winded.

သက်လုံပျက်, *v.* to have the respiratory organs deranged.

သက်လုံမှိ, *v.* to be out of breath, to pant feebly and faintly; *less than* ဟိုက်, (*seldom used in colloq.*).

†သက်သေ, *n.* a standard, settled rule or measure; a pattern, representative, ပုံ; a witness, anything that affords evidence or proof; an illustration, testimony; evidence, သက်သေသက်ကာ, ကုလားမှန်ကြောင်း ကိုနွားခေါင်းသက်သေ, ပညာရှိကြောင်းကိုစကားကောင်းသက်သေ, ရွှေအကြောင်း ကိုဘယောင်းသက်သေ။

သက်သေခံ, *v.* to bear witness, give testimony; *n.* a witness; သက်သေ ခံဥပဒေ, the Evidence Act; သက်သေခံချက်, the statement or deposition of a witness.

သက်သေခံပစ္စည်း, *n.* an exhibit in a civil or criminal case.

သက်သေခံပစ္စည်းမှတ်ပုံစာရင်း, *n.* a register of exhibits in a civil or criminal case.

သက်သေစရိတ်, *n.* witness' expenses (usually in a criminal case).

သက်သေတည်, သက်သေထား, *v.* to make a witness, appoint to be a witness.

သက်သေတောင်း, *v.* to call upon (as a court) a suitor in a civil case, or an accused in a criminal case, to cite witnesses.

သက်သေထုတ်, သက်သေပေး, သက်သေပြ, *v.* to produce evidence, show proof, သက်သေတင်ပြ။

သက်သေထွက်ချက်, *n.* the statement of a witness; a testimonial, သက် သေခံချက်, သက်သေခံလက်မှတ်။

**သက်သေသာကေ**, *n.* a witness: testimony, evidence.

**သကာ** (*pron.* သဂါ), *n.* unrefined sugar, the hardened sediment of molasses or treacle, whether made from the palm or cane, muscovado.

**သကျ** (*pron.* သက်ကျ) (Pali), *n.* the royal race from which Gautama descended; *see* သာကီဝင်; သကျပုတ္တ. သကျရာဇာ။

**သကျုက်**, *n.* the *Pandanus fœtidus*, an evergreen, prostrate shrub, from three to five feet high, armed with spines. The spathes are glossy and of a bright yellow color; but they have a disagreeable odor. The fruit, which varies in size from that of a hen's egg to that of an ostrich's egg, is of a reddish color when ripe.

**သကြည့်** (*pron.* သဂြည့်), *n.* open work in wood, ornamental work of palaces, monasteries, etc., သကြည့်ထောင်, သကြည့်ထောင်အပြောက်။

**သကြား**, **1**, *see* သိကြား, *n.* a superior order of *nats*.

**သကြား**, **2**, *n.* sugar; မှန်ရောင်သကြား, crystallized sugar.

**သကြားခဲ**, *n.* sugar candy.

**သကြားချက်**, *v.* to make sugar by boiling, etc.

**သကြားဆုံးပေါက်**, *n.* a kind of cake made of the groundnut and sugar.

**သကြားပွင့်**, *n.* sugar candy, သကြားခဲ။

**သကြားဖုတ်မွေး**, *n.* brown sugar, သကြားနီဗာလာ။

**သကြားမုန့်**, *n.* sugar cake.

**သခင်**, *n.* a master, lord, အရှင်; this term is often applied in a most indiscriminate manner, and has lost its original value. It has now become the equivalent of the English "Mr."

**သခင်ဘုရား**, *n.* same, but more respectful and reverential.

**သခွတ်**, *n.* a kind of tree, the *Spathodea Rheedii*.

**သခွတ်ဖို**, *n.* the *Stereospermum chelonioides*, a tree growing to the height of forty or even sixty feet, bearing yellow flowers, purplish brown on the outside; the capsules contain thick seeds, with diverging, concave, membranous, pellucid wings.

**သခွား**, *n.* the cucumber; ရေသွန်းသခွား, the common kind of cucumber.

**သခွားကောက်လျှင်**, **သခွားမိကျောင်းဥ**, *n.* varieties of the cucumber.

**သခွားငြုတ်**, *n.* a sour kind of cucumber, သခွားချဉ်။

**သခွားမ**, *n.* the muskmelon; သခွားမွေး။

**သင်**, **1**, *n.* the *Thalia cannæformis* (*Maranta dichotoma*).

**သင်ဖျာ** (*pron.* ဖျာ), *n.* a mat made of the stalk of the သင်။

**သင်ဖြူး** (*pron.* ဖြူး), *n.* a finer kind of mat; the upper part of the mat is designated အပြောက်လွှာ, and the lower အဖိန်းလွှာ. The blackness of the strips interwoven in some *thinbyus* is produced

by a dye prepared from the bark, or leaves, of the ဆီးဖြူပင်. A finely-woven သင်ဖြူး is called သင်ဖြူးချော, one used for sleeping, အိပ်ဖန်သင်ဖြူး, and one used for sitting, နေရာထိုင်သင်ဖြူး; သင်ဖြူးခင်း, သင်ဖြူးဖြန့်, to spread a *thinbyu* mat on the floor, as when receiving visitors.

သင်, 2, *pron.* thou, you, *mas.* or *fem.*: *see Gram. sec.* 77; သင်ကဲ့သို့သောသူမရှိ, သင်တို့လာမည်လား, (*rare in colloq.*).

သင်, 3, *v.* to learn, acquire knowledge or skill; to teach; သညာပေး; သူငယ်များစာသင်ကြသည်, အတုကိုမြင်မှအတတ်ကိုသင်သည်; ဆရာတပည့်များကိုသင်သည်: to tutor or coach, as a witness, သူ့သဘောအလျောက်ပြောတတ်သည်မဟုတ်၊သူများသင်လို့ပြောတတ်သည်။

သင်ကြား, *v.* to learn, receive instruction, စာပေသင်ကြားခြင်း, လက်မှုပညာသင်ကြားသည်; also has the same meaning as သင် in the last sense, *e.g.*, တတွတ်တွတ်သင်ကြားသည်, တခြားသူသင်ကြားခြင်းကြောင့်ပြောဆိုသလား။

သင်ချ, *v.* to teach, as a schoolmaster; one kind of သွန်သင်; သင်ချ *is in less frequent use than* ပို့ချ (စာပေပို့ချ).

သင်ပေး, သင်ပို့, *v.* same, သည်အတတ်ကိုမည်သူသင်ပေးလို့တတ်သလဲ, ဂဏန်းသင်္ချာသင်ပို့, စာပေသင်ပို့, ဗေဒင်သင်ပို့; သင်ပေး also has the same meaning as သညာပေး။

သင်မှီး, *v.* to learn and store up, ငယ်ရွယ်စဉ်ကပညာသင်မှီးခြင်းကိုပြုသည်။

သင်, 4, *v.* to pull off, to skin, နွှင်, နွှာ, နွေး; *less elegant than* နွှင်, နွှာ; ငှက်ပျောသီးအခွံသင်သည်, ရှောက်သီးအခွံသင်သည်; to clear, disencumber, disentangle, တောချုံကိုသင်ပစ်သည်, ထွင်, ဖြေ, ဖျင်. *Der.* သုတ်သင်။

သင်ထွင်, *v.* to clear, disentangle (*rarely used in combination in colloq.*).

သငယ် (from သားငယ်), *n.* the young of animals; used in combination with the names of brute animals, as နွားသငယ်, a calf; ကြက်သငယ်, a young fowl, a chicken; ချေသငယ်, a young barking deer, etc.; *more elegant than* နွားကလေး, ကြက်ကလေး, ချေကလေး။

သငို, *n.* a species of *Chiton*, a multivalve mollusk, တငို။

သင်္ကန်း, 1 (*pron.* သဃ်န်း), *n.* the *Hopea odorata*; this tree furnishes a valuable timber, useful for house posts and boats.

သင်္ကန်း, 2, *n.* the garment of a priest of Buddh, composed of three pieces, *viz.*, သင်းပိုင်, ကိုယ်ဝတ်, and ဒုကုဋ် (136).

သင်္ကန်းကပ်, သင်္ကန်းလှူ, *v.* to make an offering of priests' garments.

သင်္ကန်းကြီး, *n.* a double *thingan*, worn only by *rahans*.

သင်္ကန်းချည်, *v.* to wear the *thingan*, as a novice for the first time.

သင်္ကန်းဆီး, သင်္ကန်းဝတ်, *v.* to wear a *thingan*.

သင်္ကန်းဆိုး, *v.* to dye priests' garments, usually with a preparation made from the wood of the jack tree.

သင်္ကန်းတန်းကြိမ်, သင်္ကန်းတန်းဝါး, *n.* a rattan or bamboo placed in a horizontal position upon which the priests hang their garments.
သင်္ကန်းဖွတ်, *n.* a species of water bird.
သင်္ကန်းဖွပ်ပျဉ်, *n.* a board on which priests' garments are washed.
သင်္ကန်းမှို, *n.* a species of mushroom.
သင်္ကာ (Pali), *n.* doubt, suspicion; *v.* to doubt, have suspicions, ယုံမှား။
သင်္ကာကင်း, သင်္ကာရှင်, *v.* to be free from doubt, suspicion, သည်သူ့အပေါ်၌သင်္ကာမကင်း (or မရှင်) ရှိပါသည်။
သင်္ကာချေ, သင်္ကာရှင်း, *v.* to remove suspicion, ခင်ဗျားကျွန်တော်ကိုမယုံလျှင်၊ လူကြီးစုံရာနှင့်သင်္ကာရှင်းပါရစေ။
သင်္ကာနုပ္ပတ္တိဉာဏ်, *n.* a kind of wisdom possessed by a Buddh.
သင်္ကာရှိ, *v.* to be suspicious of, to have suspicions, မယုံသင်္ကာရှိ; ယုံမှားသင်္ကာရှိ is in more general colloquial use.
သင်္ကြန်, or သင်းကြန်, *n.* a fabulous head, supposed to be in the charge of seven goddesses, who transfer it from one to another at the commencement of each year. This fable is said to have owed its origin to a dispute between a Brahma called by the Burmese Athi (အာသီ) and Sekra (သိကြား) regarding a mathematical calculation; each agreed that the one whose calculation was wrong should forfeit his head. Athi lost. The names of the seven *natthamis* to whom the head was confided were ဒုံသီ, မဟောဒရကာ, ဂေါရဝသေန (or ဂေါရ), ကညာ, မန္တာ, ရက္ခိတာ, ပဏ္ဍာ. The Thingyan festival extends over a period of three days, designated respectively the အတက်နေ့, အကျပ်နေ့, and အကျနေ့; one of these days always falls on the 12th of April. The Burmese style the Thingyan period, *in ordinary parlance,* အခါတွင်း။
သင်္ကြန်ကျ, သင်္ကြန်အတာကျ, *v.* the head is delivered over by a goddess.
သင်္ကြန်ကျပ်, သင်္ကြန်အတာကျပ်, *v.* it is passing from one to another.
သင်္ကြန်ခေါင်, *v.* the king's head is washed, သင်္ကြန်တော်ခေါင်။
သင်္ကြန်စာ (*pron.* သင်္ဂြန်ဇာ), *n.* a document annually composed at the time of the *Thingyan* festival, based on astrological calculations, and purporting to foreshadow the great events of the coming year. The royal Brahmins at Mandalay, sometimes aided by ministers, used to draw up this document. This was considered the orthodox သင်္ကြန်စာ။
သင်္ကြန်တက်, သင်္ကြန်အတာတက်, *v.* the သင်္ကြန် reaches the hand of another goddess.
သင်္ကြန်လက်ဆေး (မိုးသီး), *n.* the Burmese apply this term to the brief period of rainfall which usually occurs about the time of their new year.

သင်္ခတတရား, *n.* the state of subjection to the operation of the four prime causes, အကြောင်းတရားလေးပါး, ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသောအကြောင်းတို့ဖြင့်ပြုပြင်အပ်သောသင်္ခတတရား။

သင်္ခမ်း, *n.* a shady place of retreat, a garden, grove, hermitage, အရိပ်သင်္ခမ်း, အရိပ်သင်္ခမ်းကြီးလို့သောည်, ကျောင်းသင်္ခမ်း, ရသေ့ရဟန်းတို့နေသောကျောင်းသင်္ခမ်း။

သင်္ခါရ (Pali), *n.* the mutability of creatures, by which they are continually subject to destruction and reproduction, သင်္ခါရသဘောတရား။

သင်္ခါရက္ခန္ဓာ, *n.* the organs of destruction and reproduction; *see* ခန္ဓာ။

သင်္ခါရမြန်, *v.* to be subject to a sudden change of fortune.

သင်္ခေပ (Pali, အကျဉ်း), သင်္ခေပအားဖြင့်ဟောတော်မူသည်။

သင်္ခေပနည်း, *n.* a brief, summary manner, as distinguished from ဝိတ္ထာရနည်း, in a diffuse manner, (*not used in colloq.*).

သင်္ချာ (Pali), *n.* calculation, computing, တွက်ခြင်း။

သင်္ချာအတတ်, *n.* arithmetic, ဂဏန်းသင်္ချာ။

သင်္ဂဟ (Pali), *n.* help, assistance, ထောက်ပံ့ခြင်း, ချီးမြှင့်ခြင်း။

သင်္ဂဟတရားလေးပါး, *n.* the four rules of kindness by which a king ought to govern, and which should be observed towards one's parents and children.

သင်္ဂါယနာ, *n.* a concert of primitive priests rehearsing the communications of Buddha (usually applied to the three great Buddhist convocations) (137).

သင်္ဂါယနာတင်, *v.* to hold one of the above mentioned convocations.

သင်္ဂြိုဟ်, 1 (Pali သင်္ဂဟ), *v.* to help, assist, as superiors, particularly as kings their subjects, အရှင်သည် ကျွန်ကိုသင်္ဂြိုဟ်ထောက်ပံ့ခြင်းပြုသည်, ထောက်ပံ့, ချီးမြှင့်; to assist by way of advice, teaching, preaching, ဆရာသည်တပည့်များကိုသင်္ဂြိုဟ်ဆုံးမခြင်းပြုသည်; to perform funeral rites, whether by burning (ဖုတ်ကြည်း), or burying (မြေမြှုပ်); *comp.* ကဲ့ရဲ့သင်္ဂြိုဟ်, to dispraise, censure, revile.

သင်္ဂြိုဟ်သီချင်း, *n.* an elegy.

သင်္ဂြိုဟ်, 2 (Pali သင်္ဂဟ, အကျဉ်း), *n.* an abridgment, compilation.

သင်္ဂြိုဟ်, 3, *n.* a system of metaphysics; *see under* ပရမတ်။

သင်္ဂြိုဟ်ကိုးပိုင်း, *n.* the nine divisions of said system.

သင်္ဂြိုဟ်ပြမ်း, *v.* to have made a complete study of the nine divisions.

သင်္ဃာ (Pali), *n.* a member of the priesthood of a Buddh; the priests of Buddha collectively, the clergy, ပရမတ်သင်္ဃာ, သမုတိသင်္ဃာ, ပရမတ္ထသင်္ဃာ; priests of the first order existed only in the time of Gautama.

သင်္ဃာစည် (*pron.* ဂျည်), *adv.* one after another, သင်္ဃာစည်ကြွ, သင်္ဃာစည်ထိုင်; သင်္ဃာစည်သွား (as *pongyis* walk).

သင်္ဃာတ (*sometimes written* သံဃာတ), *n.* one of the eight stages or stories of hell; *see under* ငရဲ။

သင်္ဃိက (Pali သင်္ဃာ, and ဣက, ဥစ္စာ, property), *n.* consecrated property belonging to Buddhist monks generally. Consecrated property is divided into three classes, အာရာမသင်္ဃိက, that belonging to priests of a particular locality; စတုဒိသာသင်္ဃိက, that belonging to *rahans* and laymen alike; ဗုဒ္ဓပမုခသင်္ဃိက, that belonging to a Buddh and *rahans* alike.

သင်ဂါလီ, *n.* a kind of bed-frame without legs, used by people of rank (according to some, by the royal family alone).

သင်တုန်း (*pron.* ဒုန်း), *n.* a razor; သင်တုန်း is usually combined with ထား in the colloquial, သင်တုန်းထား; သင်တုန်းစက်ငရဲ, the name of one of the lesser hells.

သင်တုန်းကျင်း, *v.* to strop a razor.

သင်တိုင်း, *n.* a close frock with short sleeves.

သင်တိုင်းဝတ်, *n.* a heron (Pali လောဟပိဋ္ဌ).

သင်တွံ, *n.* a kind of shell, Turk's cap, a large species of *Trochus*.

သင်ပန်း, *n.* a kind of tree (tortuous hibiscus).

သင်ပုတ် (*pron.* ဗုတ်), *n.* an offering of food presented before a pagoda or image, သင်ပုတ်ခွက်; သင်ပုတ်ဆေးမိုးရွာ, rain which falls on the day of a religious festival.

သင်ပုန်း, *n.* an oblong blackboard used as a slate.

သင်ပုန်းကားကြီး, *n.* a large upright blackboard; a wall blackboard.

သင်ပုန်းကြီး, *n.* the combination of the letters of the alphabet, a spelling book.

သင်ပုန်းကြီးဋီကာ, *n.* the name of a certain grammatical work.

သင်ပုန်းခေါင်း, *n.* the handle of the spelling board; a pale, picket.

သင်ပေါင်း (*pron.* ဗေါင်း), *n.* the marsh date palm.

သင်ပေါင်းစာ, *n.* a species of sparrow.

သင်ပေါင်းပိုး (*pron.* ဗေါင်းဗိုး), *n.* the large grub of a golden brown color (found in the marsh date palm), an article of food which, when properly prepared on toast, is scarcely distinguishable from marrow toast.

သင်္ဘော (*also written* သင်းဘော), *n.* a ship, any sailing vessel.

သင်္ဘောအောက်စောင့်, *n.* a tidewaiter.

သင်္ဘောဦးခွင်, *n.* the bow of a ship.

သင်္ဘောဦးချွန်း, *n.* the cutwater, prow of a ship, ဦးသွား။

သင်္ဘောဦးရွက်, *n.* a foresail. ဦးအောက်ဖုံး။
သင်္ဘောဦးရွက်တိုင်, *n.* the foremast of a ship.
သင်္ဘောဩဇာ, *n.* a species of the custard apple, the bullock's heart.
သင်္ဘောကပ္ပိတံ, *n.* the captain of a ship.
သင်္ဘောကျောက်ကပ်ပင်, *n.* a kind of plant or tree.
သင်္ဘောကြက်ဆူ, *n.* the physic nut.
သင်္ဘောကြက်သွန်, *n.* the Bombay onion.
သင်္ဘောကြစု, *n.* a species of the *Chebula.*
သင်္ဘောကြမ်း (*pron.* ဂြမ်း), *n.* a shelf made of bamboos placed across the tiebeams (ထုပ်) of a house; a garret.
သင်္ဘောချ, *v.* to launch a ship.
သင်္ဘောချည်. *n.* imported yarn.
သင်္ဘောချိပ်, *n.* sealing wax.
သင်္ဘောခွေး, *n.* a dog of foreign breed.
သင်္ဘောစက်ခေါင်းတုံး (*pron.* စတ်ဂုံး), *n.* one name for the *Gnaphalium aurem,* introduced from the Mauritius Island.
သင်္ဘောစာရေး, *n.* a steamer clerk; the purser of a ship.
သင်္ဘောဆား, *n.* imported salt.
သင်္ဘောဆိပ် (*pron.* ဇိပ်), *n.* a landing place for ships, a harbor, a quay.
သင်္ဘောဆိပ်အုပ်, *n.* a harbor master.
သင်္ဘောဆီးဖြူ, *n.* the Otaheite gooseberry.
သင်္ဘောဆိုက်, *v.* to moor alongside a wharf, or landing place, as a steamer, or sailing vessel.
သင်္ဘောတည် (*pron.* တယ်), *v.* to build a ship; to put a ship on the stocks.
သင်္ဘောတပ်, *n.* a squadron, a number of armed vessels.
သင်္ဘောတမာခါး, *n.* the neem tree, or Persian lilac.
သင်္ဘောတောက်, *v.* to feel squeamish owing to the motion of a ship; not quite as strong as လှိုင်းမူး။
သင်္ဘောထည်, *n.* imported piece goods and textile fabrics.
သင်္ဘောဒန့်သလွန်, *n.* horse-radish.
သင်္ဘောနာနတ်, *n.* the century plant.
သင်္ဘောနွယ်ချို (*pron.* ဂျို), *n.* liquorice.
သင်္ဘောပင်, *n.* the *papaya* tree, *Carica papaya.*
သင်္ဘောပဒေသာ, *n.* a species of the *papaya* tree.
သင်္ဘောပဲ့ခန်းထုပ်, *n.* a transom in a sailing vessel.
သင်္ဘောပျက်, *v.* to be wrecked, as a ship.
သင်္ဘောပြတင်းရွက်, *n.* a deadlight.
သင်္ဘောမြွှန်ပေါက်, *n.* a scupper.

သင်္ဘောပြွမ်း, *v.* to be wrecked, as a ship, သင်္ဘောပျက်။
သင်္ဘောဖောက်, *n.* a kind of fish
သင်္ဘောမညှီးပန်း, *n.* the periwinkle.
သင်္ဘောမန်ကျည်း, *n.* a species of the tamarind, the *Sophora tomentosa*.
သင်္ဘောမလီ, *n.* the great, double, Arabian jasmine.
သင်္ဘောမဟူရာ, *n.* the agate.
သင်္ဘောမာလိန်, *n.* the chief officer of a steamer or ship.
သင်္ဘောမုန်လာ, *n.* the turnip; the cabbage.
သင်္ဘောမဲဇလီ, *n.* the winged cassia (considered highly efficacious in cases of ringworm; the leaf is rubbed on the affected parts).
သင်္ဘောမျှောက်, *n.* a shrub growing into a small tree with palmate leaves; it has an edible, bulbous root.
သင်္ဘောရွက်ထည်, *n.* sailcloth, canvas, ရွက်ထည်။
သင်္ဘောလက်ျာ, *n.* starboard, သင်္ဘောလက်ျာဘက်။
သင်္ဘောလဲ, *n.* the product of the white cotton tree, said to be superior to the product of the လက်ပံ, or red cotton tree.
သင်္ဘောလွင့်, *v.* to be taken out of its course, as a ship by the violence of the wind.
သင်္ဘောဝမ်း, *n.* the hold of a ship.
သင်္ဘောဝမ်းစာ, *n.* ballast.
သင်္ဘောသခွား, *n.* the *papaya*, သင်္ဘောသီး။
သင်္ဘောသဖန်း, *n.* the fig, သဖန်းပင်, သဖန်းသီး။
သင်္ဘောသား, *n.* a sailor, one of a crew.
သင်္ဘောသူကြီး, *n.* a shipowner; *a term of compellation*, sometimes used to non-official foreigners.
သသ်ကရိုင်, *n.* the Sanskrit language.
သင့်, 1, *a modification of the pron.* သင်; *see Gram. sec.* 78; သင့်ကိုမပေးဘူး။
သင့်, 2, *v.* to be suitable, proper, becoming, တော်, လျော်, လျောက်ပတ်; to suit, agree with; to agree with, to be on good terms; to have sexual intercourse; ခင်ဘွားသည်လိုပြောလျှင်သင့်မည်ထင်ပါ; သည်ဆေးကျွန်တော်နှင့်မသင့်ပါ: သင့်ခါမှာ လာပါမည်; သင့်ရာအဘိုးများကိုရ၏လား, are fair prices obtained? *Der.* အသင့်။
သင့်တင့်, သင့်မြတ်, *v.* to agree with, to be on good terms; သင့်မြတ် also means to have sexual intercourse, to be married; in which case it is usually preceded or followed by ပေါင်းဘော်, ယခုတိုင်အောင်သင့်မြတ်ပေါင်းဘော်လျက်ရှိကြသည်; သူတို့ညီအစ်ကိုနှစ်ယောက် မသင့်မတင့်ရှိကြသည်မှာကြာလှပါပြီ။
သင့်နေ, *v.* to have sexual intercourse; to be married.

သင့်လျော်, *v.* to be suitable, proper, becoming.

သင့်, 3, *v.* to befall, come upon, ဘေးဥပဒ်သင့်; ကုန်းသွားကုန်းဘေးသင့်ပါစေသား, ရေသွားရေဘေးသင့်ပါစေသား, an imprecation used to convince of the truth of what is said; to take effect, as fire, မီးသင့်, မီးသင့်လောင်. မီးသင့်၍သေသည်; as poison, အဆိပ်သင့်, အဆိပ်သင့်၍သေဆုံးသည်; to contract, as a disease, ကပ်သင့်, ရောဂါသင့်, ရောဂါသင့်လို့သေဆုံးသည်။

သင့်ရုံမျှဖြစ်, *v.* to be just passable.

သင့်ရောက်. *v.* to befall, come upon, ဘေးသင့်ရောက်, ရောဂါသင့်ရောက်။

သင်း, 1 (*in colloq. freq. pron.* ၎င်း), *pron. a.* that (thing), သင်းဘာခေါ်သလဲ, သင်းတယ်ဆိုးသည့်လူ. *Der.* ဘယ်သင်း။

သင်း. 2. *v.* to unite, associate, ပေါင်း; *not used singly. Der.* အသင်း။

သင်းအုပ်. *n.* the chief of a society; the pastor of a church, သင်းအုပ်ဆရာ; သင်းအုပ်ဖွဲ့, applied to animals when living together in herds.

သင်းခွဲ. *v.* to make a schism, သံဃာသင်းခွဲသောသူ; also applied to laymen, လူချင်းသင်းခွဲနေသည်။

သင်းစာရေး, *n.* the secretary of a society; a church clerk, အသင်းစာရေး။

သင်းထောက်, *n.* an assistant; a deacon.

သင်းပင်း. *n.* a society, အသင်းအပင်း။

သင်းဖွဲ့, *v.* to associate, form a society, သွေးသောက်ဖွဲ့။

သင်းဝင်, *v.* to enter a society; အသင်းဝင်။

သင်းဝင်ဘော်, *n.* one who joins a society at the same time with some other person.

သင်းဝင်သူ, *n.* a member of a society; a church member, အသင်းတော်ဝင်သူ။

သင်းသီး, *adv.* apart, independent of others; သင်းသီးဥစ္စာ, property belonging to one alone, such as property given to a particular member of a family, by the parents, and not liable to be divided with the other members on the demise of the parents; usually a term used with reference to the independent property of a husband or wife, in contradistinction to joint property (နှစ်ပါးစုံလက်ထက်ပွား).

သင်း, 3, *v.* to emit a pleasant odor, as the odor of the တရုပ်စိကားပွင့်, စပယ်ပွင့်. ခရေပွင့်; one kind of မွှေး; *less than* ကြူ; ကြိုင်. ထုံ, ပျံ့, လှိုင်; သင်းသင်းကလေးမွှေးသည်. ဆိမ့်သင်းသည်, ပန်းနံ့သင်းသည်။

သင်းကြူ. သင်းပျံ့. *v.* to diffuse fragrance; *see the parts*; သင်းကြူကြူမွှေး, အမိုးအနံ့တို့ဖြင့်သင်းပျံ့စွာမွှေး။

သင်း, 4. *v.* to geld, castrate (man or beast), အသိုးထုတ်, ကွပ်။

သင်းကြောင်, *a.* imperfectly castrated, မကုန်မစင်။

သင်းကွပ်, *v.* same as သင်း; to emasculate.

သင်းစင်, *a.* perfectly castrated.
သင်းပှက်, *a.* imperfectly castrated, သင်းကြောင်။
သင်းပြီး, *a.* castrated, ကျွဲသင်းပြီး, နွားသင်းပြီး။
†သင်းကျစ်, *n.* the front brim of a cap of state; formerly a gold band worn across the forehead, နဖူးသင်းကျစ်။
သင်းကျပ်, *n.* a kind of serpent, မြွေသင်းကျပ်။
သင်းကျော, *n.* a large brown species of the earth lizard, the skink.
သင်းကြက်တူရွေး, *n.* a species of lizard with a head resembling a parrot's bill.
သင်းကြွပ်, *n.* the earth which scales off the surface of land after an inundation, မြေသင်းခဲ; သင်းကြွပ်ခေါင်းဆောင်း and သင်းကြွပ်လန် are terms applied mostly to the curling up of soil over rice plants (ပျိုး), and the sealing off of earth on which they are planted, owing to solar radiation.
သင်းကြွပ်ထ, သင်းကြွပ်လန်, *v.* the earth scales off; also applied to a kind of cutaneous affection found on uncleanly persons, ချေးသင်းကြွပ်ထ။
သင်္ချိုင်း (*pron.* သင်းချိုင်း), *n.* a place of performing funeral rites, or of disposing of the dead by burning or burying, တစပြင်, လုပ်တိုင်း, သုသာန်; တွေ့ရာသင်္ချိုင်း, the place of meeting (shall be his) burial ground; a term formerly used in proclamations regarding criminals, meaning that no mercy would be shown them.
သင်္ချိုင်းဥမင်, *n.* a catacomb, ဂူသင်္ချိုင်းဟောင်း။
သင်္ချိုင်းတွင်း, *n.* a grave.
သင်းငွေ (*pron.* ငွေ), *n.* the wild jasmine.
သင်းခွေချပ်, *n.* the pangolin or scaly ant-eater of the Malays, *Manis levicaudata*, သင်းခွေချပ်ခေါ်သောမထူးနှင့်၊ အုပ်ရှစ်တတင်းနှမ်းတတင်းဟူ၍ဆိုခြောရမည်. Its staple food is the ခါချည်, a kind of large red ant which it catches by shutting its scales down upon them (138).
သင်းပြွတ်, *see* သပြွတ်။
သင်းတွဲ (*pron.* ဒွဲ), *n.* verdigris, the bibasic acetate of copper.
သင်းတွဲမိမ်းကျောက်, *n.* green jasper.
သင်းထောက် (*pron.* ဒေါက်), *n.* a kind of creeper, the root of which is edible, and is used as a substitute for rice in times of scarcity.
သင်းပိုင် (*pron.* ဗိုင်), *n.* the under garment of a priest of Buddh; *see* သက်နိုး။
သင်းလိပ်, *n.* a small kind of tortoise, ကင်းလိပ် or ကင်းလိပ်ချော; one species of skink, a kind of lizard, ပုတ်သင်ချော; a kind of cutaneous disease.
သင်းဝင် (ပင်), *n.* a kind of tree, သင်းဝင်ပေါက်ပြူ။

သဒိ, or တဒိ, *n.* a species of *Chiton*, a multivalve mollusk.
သစ်, 1. *n.* wood, timber.
သစ်အကာ, *n.* alburnum.
သစ်အယ်, *n.* the chestnut.
သစ်ဆောင်း, *v.* to draw timber with an elephant.
သစ်ကတိုး, *n.* a species of *Sterculia.*
သစ်ကောက်, *n.* crooked timber.
သစ်ကိုင်း, *n.* a large branch of a tree, a bough; *comp.* သစ်ခက်။
သစ်ကျောက်နွယ်, *n.* a species of *Willughbeia.*
သစ်ကြံပိုး (*pron.* ကြံပိုး), *n.* the cinnamon (tree), cinnamon; ရှမ်းသစ်ကြံပိုး, cassia.
သစ်ကြား, *n.* the walnut, သစ်ကြားသီး။
သစ်ခြောင်ဝင်, *n.* hollow timber, ခြောင်ဝင်သစ်။
သစ်ကြေနှီ, *n.* the *Epidendrum moschatum.*
သစ်ခက်, *n.* a small branch of a tree; *comp.* သစ်ကိုင်း။
သစ်ခက်လင်းမြွေ, *n.* a kind of tree snake.
သစ်ခက်လမ်းသေး, *n.* the narrow-petaled, garland flower, a species of *Hedychium.*
သစ်ခါး, *n.* bitterwood, the *Terminalia pentaptera.*
သစ်ခေါက်, *n.* the bark of trees; သစ်ခေါက်ဆိုး, to dye with the bark of trees.
သစ်ခေါက်ဖတ်, *n.* tan bark, after it has been used in tanning.
သစ်ခေါက်ရည်, *n.* bark-water, water in which bark has been steeped.
သစ်ခေါင်း, 1 (from ခေါင်း), *n.* a subordinate in charge of timber; a timber merchant; a forester.
သစ်ခေါင်း, 2 (from ခေါင်း), *n.* the inside of a hollow tree or log.
သစ်ချ, *n.* the Malay chestnut.
သစ်ချေး, *n.* a kind of tree.
သစ်ချော, *n.* a kind of tree.
သစ်ချို, *n.* the *Sideroxylon tomentosum*, an evergreen tree, of which the younger parts are sometimes furnished with short, sharp, axillary spines. The leaves are oblong; the flowers, which are rather small and of a dull white color, give place to yellow fruit the size of an olive.
သစ်ခွ, *n.* a crotch in a tree; a fork.
သစ်ခွန်, *n.* duty on timber, revenue accruing from timber duties.
သစ်ခွပန်း, *n.* a parasite; a generic term for different species of orchids, as the *dendrobium*, *bolbophyllum*, and *pholidota.*
သစ်ခွံ, *n.* the bark of trees, သစ်ခေါက်။

သစ်ကြြင်, *n.* a kind of timber.
သစ်စည် (*pron.* စဦ), *n.* the sweet scented *bolbophyllum*, တစည်။
သစ်စိမ်း, *n.* green, unseasoned timber.
သစ်စေး, *n.* a kind of gum; black varnish; the tree from which the gum exudes; သစ်စေးထိုး, to tap the tree for black varnish; ထိုးသူလုပ်သား, a collective term applied to black varnish tappers and others connected with the industry; သစ်စေးသုတ်။
သစ်စေးရိုင်း, *n.* the wild, black varnish tree.
သစ်ငွပ်, *v.* to drag timber with buffaloes.
သစ်ဆည် (*pron.* ဆယ်), *v.* to salve timber.
သစ်ဆည်းလည်း, *n.* a kind of tree, the *Schrebera swietenioides.*
သစ်ဆိမ့်, *n.* a kind of tree, the *Terminalia belerica.*
သစ်ဆောက်ရိုး, *n.* the chisel-handle tree, *Dalbergia velutina.*
သစ်ဆွေး, *n.* touchwood, spunk.
သစ်ဆွဲလမ်း, *n.* a dragging path.
သစ်ညို, *n.* a kind of tree.
သစ်တက်ခွေး, *n.* a kind of wild dog.
သစ်တခြမ်း, *n.* a kind of tree.
သစ်တံမှို, *n.* a sprout from a fallen trunk.
သစ်တာ, *see* သေတ္တာ, *n.* a box.
သစ်တော, *n.* a forest.
သစ်တောကင်းဆိပ်, *n.* a timber depot.
သစ်တောဝန်, *n.* a Deputy Conservator of Forests, သစ်တောအရေးပိုင်။
သစ်တောဝန်ကြီး, *n.* a Conservator of Forests, သစ်တောမင်းကြီး။
သစ်တောဝန်ထောက်, *n.* Assistant Conservator of Forests; ဒုတိယသစ်တောဝန်ထောက်, a Sub-assistant Conservator of Forests.
သစ်တောသက်ဝင်ရာ, *n.* forest produce.
သစ်တောသီး, *n.* the apple, သစ်သီး။
သစ်တောက်, *n.* a woodpecker.
သစ်တို, *n.* the wild mangosteen, *Sandaricum Indicum.*
သစ်ထက်လင်နေ, *n.* a kind of grass.
သစ်ထက်လေသွေ, *n.* a kind of grass.
သစ်ထစ်, *v.* to blaze a tree, သစ်ထစ်ခွန်တင်ပြုသည်။
သစ်နက်, *n.* a kind of tree.
သစ်နဂါး, *n.* twisted timber.
သစ်နဖား, *n.* drag holes (in timber).
သစ်နံ့နွင်း (*freq. pron.* ဆနွင်း), *n.* the *Dalbergia nigrescens*, a leaf-shedding leguminous tree, growing to the height of forty or fifty

feet. It is so called because the wood is the color of saffron.
သစ်နီ, *n.* the *Amoora rohituka,* an evergreen tree, sometimes attaining to the height of sixty feet. It has small greenish or pale yellow flowers, and round capsules about one and one half inches in diameter.
သစ်ပင်, *n.* a tree, သစ်တပင်ကောင်းလျှင်ငှက်တသောင်းနား။
သစ်ပလာ (*pron.* ဗလာ), *n.* timber that bears no hammer-mark.
သစ်ပုကန်, *n.* the *Milettia Brandisiana,* a tree leafless in the hot season, attaining to the height of from forty to sixty feet. The flowers, which are of a steel-blue color, come in clusters forming racemes from four to eight inches in length.
သစ်ပုပ်, *n.* the *Dalbergia purpurea,* which yields a kind of oil that is eaten with food, and is also used on the hair.
သစ်ပုရွေ့, *n.* a kind of tree.
သစ်ဖူ. *n.* a burr.
သစ်ဖောက်ကြီ, *n.* a kind of insect.
သစ်ဖြူ, *n.* a tree, the *Xanthophyllum flavescens,* or *Xanthophyllum glaucum.*
သစ်ဘယောင်း, *n.* the wax wood, so called because it produces a wood the color of beeswax.
သစ်ဘိလူး, *n.* creaking timber, သစ်ချောက်။
သစ်ဘောင်, *n.* a timber raft.
သစ်မင်း, *n.* the dammer pine, *Agathis loranthifolia.*
သစ်မန်ကျည်း, *n.* a tree of the genus *Elæocarpus,* producing a hard, valuable timber; *see* တောမန်ကျည်း။
သစ်မိန်းမ, *n.* timber large at the bottom and tapering toward the top.
သစ်ယာ. *n.* a kind of tree, the *Shorea obtusa,* သစ်ယာအင်ကြင်း။
သစ်ယား. *n.* the *Gordonia floribunda.*
သစ်ယောကျ်ား, *n.* timber of uniform size from the bottom to the top.
သစ်ရည်. *n.* the sap of trees.
သစ်ရေမြှန်, *n.* the return of moisture to trees and plants on the approach of spring, သစ်ရည်တက်, ပင်ရည်တက်။
သစ်ရွက်စု. *n.* foliage.
သစ်လင်းတ, *n.* the *Heterophragma sulfurea,* a tree leafless in the hot season, sometimes attaining to the height of forty feet. It has showy, sulphur colored flowers, and seeds two inches long, provided with wings.
သစ်ဝါကြီး, *n.* the *Sophora robusta.*
သစ်သား (from အသား), *n.* wood, the substance of a tree.
သစ်သီး, *n.* the fruit of a tree.

**သစ်သီးဖလံ**, *n.* same as သစ်သီး။

**သစ်သီးဝလံ**, *n.* a collective term applied to trees, plants and creepers, သစ်သီးသစ်ပွင့်။

**သစ်သော္**, *n.* the apple.

**သစ်, 2,** *n.* a small animal of the tiger genus.

**သစ်ကုလားအုပ်**, *n.* the camelopard, giraffe, ပဉ္စရူပကောင်။

**သစ်ကြွက်**, *n.* the Nepal tiger cat.

**သစ်ကြောင်**, *n.* the leopard cat.

**သစ်ဆင်**, *n.* a large species of the သစ်, larger than ကျားသစ်။

**သစ်, 3,** *v.* to measure with the breadth of a finger, လက်သစ်တောင်တာ, သည်ဖျည်ဘယ်နှစ်သစ်ဖျည်လဲ။ ရှစ်သစ်ဖျည်ရှိပါသည်. *Der.* အသစ်။

**သစ်, 4,** *v.* to be new, not old, မဟောင်း, အင်္ကျီသစ်, ပဝါသစ်, ပုဆိုးသစ်။

**သစ်လင်း**, *v.* to renew; used chiefly in regard to renewing bonds, wills, etc., သဏ္ဍာရာဇ်သစ်လင်းချုပ်မှတ်ကြသည်။

**သစ်, 5,** *v.* to wash (the face), မျက်နှာသစ်; to awake, as a monarch, မျက်နှာသစ်တော်ရေကျသည်။

**သစ္စာ** (Pali), *n.* truth, as opposed to falsehood (မုသာ), veracity; *comp.* သစ္စာ; an engagement, promise, oath, vow; fidelity; သစ္စာ၊ဓမ္မ၊ ဓိရိယနှင့်စာဂဟူသည့်ရန်သူအောင်မှုကြောင်းလေးခု. truth, righteousness, persevering exertion, and generosity, are the four things which overcome an enemy (139).

**သစ္စာခံ**, *v.* to enter into an engagement with (a superior), မဖောက်မပြန်အမှုတော်ကိုထမ်းရွက်ပါမည်ဟုသစ္စာခံကြရသည်။

**သစ္စာဂတိ**, *n.* an engagement, promise, oath, vow.

**သစ္စာဂတိပြု**, *v.* to affirm solemnly, make a vow, take an oath, သစ္စာပြု။

**သစ္စာဂတိရှိ**, *v.* to be under an engagement, ပြုလုပ်မည်ကိုသစ္စာဂတိရှိသည်။

**သစ္စာစောင့်**, *v.* to keep an engagement, be faithful; generally applied to women who are faithful wives, သစ္စာစောင့်သည့်မိန်းမ။

**သစ္စာတည်**, *v.* to keep one's word, act up to one's engagement or promise.

**သစ္စာတိုက်**, *v.* to administer an oath, မသွေမလှန်မှန်ကန်စွာပြုစေခြင်းငှာသစ္စာတိုက်သည်။

**သစ္စာထား**, *v.* to resolve, vow, တသက်လုံးအရက်မသောက်ဟုသစ္စာထားသည်။

**သစ္စာထိန်း**, *v.* to keep an engagement, be faithful, သစ္စာစောင့်။

**သစ္စာနှံ**, *v.* to vow, as lovers (*theatrical*).

**သစ္စာပန်နက်** (*pron.* ပနက်), *v.* to take an oath, imprecate evil on one's self, မှန်သောစကားပြောပါမည်ဟုသစ္စာပန်နက်သည်။

**သစ္စာပန်း** (*pron.* ဗန်း), *n.* the tiger lily.

သစ္စာပေး, *v.* to charge solemnly, as under the sanction of an oath, သိမြင်သည်အတိုင်းထွက်ဆိုပါမည်ဟု၊သစ္စာပေးသည်အတိုင်းဝန်ခံရသည်။
သစ္စာပြန်နုတ်, သစ္စာပြန်ဖျက်, *v.* to retract an oath or promise.
သစ္စာပြု, *v.* to charge solemnly, as under the sanction of an oath; to affirm solemnly, make a vow, take an oath, ကျိန်, မိဋ္ဌာန်သစ္စာပြု။
သစ္စာဖောက်ပြန်, သစ္စာဖျက်, *v.* to break an engagement, to break faith.
သစ္စာမဲ့, *v.* to be faithless, သစ္စာနည်း။
သစ္စာရေ, *n.* prepared water drunk on taking an oath of allegiance, သစ္စာတော်ရေသောက်။
သစ္စာရှိ, *v.* to be faithful, သည်သူသစ္စာရှိပါ၏။
သစ္စာလေးပါး, *n.* the four laws of truth, *viz.*, ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, and မဂ္ဂသစ္စာ။
သစ္စာသွေ, *v.* to break an engagement, သစ္စာဖောက်ပြန်, သစ္စာသွေခြင်းကြောင့်၊စေတီရမင်းမြေမျိုခံရသည်။
သချေ္ဍ. *see* တချေ္ဍ, *n.* a ghost.
သဇင်, *n.* a species of parasite.
သဇင်ကော်, *n.* a kind of orchid.
သည်, **1** (*pron.* သယ်), *n.* an owner, proprietor; ***see*** **အသည်, 2.**
သည်, **2** (*commonly pron.* သယ်).
သည်တိုင်, *n.* an upright post of a house; a middle post, between the central (ခေါင်တိုင်), and the outside posts (လက်ခံတိုင်).
သည်တိုင်မ, *n.* the central post which supports the ridge of the roof, ခေါင်တိုင်။
သည်ထွေး (*pron.* ဒွေး), *n.* a post in the outer row of posts in a house, လက်ခံတိုင်။
သည်မ, *n.* same as သည်တိုင်မ။
သည်ရံ, *n.* a post in the middle row of posts in a house.
သည်, **3**, *pron. a.* this, ဤ။
သည်ကဲ့သို့, *adv.* in this manner.
သည်ခန့်လောက် (*pron.* ဂ), *adv. of degree*, so, so much, to such an extent, သည်ခန့်လောက် အမှုကလေး အရေးယူသင့်သည် မဟုတ်ပါ, သည်ခန့်လောက် ယုတ်မာသည့်လူတခါမျှမတွေ့မကြုံမိစဖူးပါ; သည်ကလောက် (*Colloq.*).
သည်နှယ် (*pron.* သည့်), *adv.* in this manner, thus.
သည်မှာ, *adv.* here, သည်မှာရှိပါသည်။
သည်လို, *adv.* thus, သည်လိုမပြောပါနှင့်, သည်လိုချည်းတည်းမကောင်းကြိတတ်သည့်လူ; *contracted to* သလို, ငါမေးသလိုမေး, ငါပြုသလိုပြုပါ။
သည်သို့, *pron. a.* such, of this sort, ဤသို့။
သည်, **4**, *n. affix, nominative*, denoting the agent or subject.

သည်ကား, *n. affix*, same; *see* ကား (*used in composition*).

သည်, 5, *verb. affix, assertive*, ၏, (*in colloq. pron.* တယ် or ဒယ်); *participial*, သော; *connective particle; chiefly used in connecting adjectives when prefixed to nouns*, သော; *when two verbs are conjointly used, one* သည် *is often used as a verbal affix to both, e.g.*, တခါတခေလေ၊တခါတလေပူပါသည်; *in colloq. when immediately following verbs ending in* က်, စ်, တ်, *and* ပ်, သည် *is pronounced* တယ်, *after other verbs it is pronounced* ဒယ်, *e.g.*, ခက်တယ်, ပစ်တယ်, စပ်တယ်, မိုက်တယ်; ကုန်ဒယ်, ပြုဒယ်, လွန်ဒယ်; *see* သော်လည်း။

သည်လို့, *verb. affix, continuative*, though, သော်လည်း; ရှိဒယ်လို့, သွားဒယ်လို့, သွားပေဒယ်လို့ (*Colloq.*).

သည်, 6, *emphatic affix*, ကျွန်ုပ်အိမ်မှသည်ခင်ဗျားအိမ်သို့, from my house to yours.

သညာက္ခန္ဓာ, *n.* the organs of perception, six in number; *see under* ခန္ဓာ။

သညာ (Pali) (*pron.* သင်ညာ), *n.* perception, the act or power of perceiving or noting, သိမှတ်ခြင်း; a mark, sign, name; instinct, sagacity; "*sannya*, perception, as the distinguishing of the different colors when thinking about them, whether they be blue, golden, red or white, like the placing of a mark by a carpenter upon timber, that he may know how to cut it, or work it in the form he wishes." M.B.

သညာပေး, *v.* to suggest, advise, ဥာဏ်ပေး; one kind of နှုတ်ပေးသွန်သင်, သည်သူ သဘောအလျောက် ပြောတတ်သည်မဟုတ်၊ သညာပေးသူရှိလို့သာပြောတတ်သည်; သညာပေးသူ, an adviser; သညာပေး is often used in a bad sense.

သည့်နှယ် (from သည် and နှယ်), *adv.* in this manner, thus.

သည်း, 1 (*pron.* သဲ) (from အသည်း, the liver).

သည်းအူ, *n. fig.*, a son or daughter.

သည်းကြီးအူရောင်, *n.* pleuro-pneumonia, inflammatory disease of the pleura. The Burmese usually apply this term to cattle.

သည်းကြီးရင်ကား, *n.* swelling of the flank or abdomen, a disease of cattle.

သည်းချာ, *n.* the stem of the liver, အသည်း၏အညှာ; *fig.*, a son or daughter.

သည်းခြေ (*pron.* သဲခြေ), *n.* the gall, bile; hence ဗန္ဓသည်းခြေ, the gall in a sac or bladder; အဗန္ဓသည်းခြေ, the sacless gall, *i.e.*, the synovia. အရိုးဆစ်ကိုစိုစေသောဆီ။

သည်းခြေအိတ်, *n.* the gall bladder.

သည်းခြေကြီး, *v.* to be fearless, courageous, stout-hearted; *see* သွေးကောင်း; to be confident; သည်းခြေငယ်, သည်းခြေနည်း, to be timorous, faint-hearted, cowardly.

သည်းခြေနောက်, *v.* to be mentally deranged.

သည်းခြေပျက်, *v.* to become deranged, through fright, sickness or trouble.

သည်းပွတ်, *n.* နှလုံးသည်းပွတ်, the heart and liver collectively.

သည်းလျှာ, *n. fig.*, a son or daughter, သည်းလျှာရင်းငယ်ကချစ်သည်၊ အနှစ်တရာမမေ့သာ။

သည်း, 2, *v.* to be strong, violent, အနာရောဂါသည်း, လေမိုးသည်း; to be very ill, near dying, အလောသုံးဆယ်အနာသည်းသည်။ ဆေးကု၍ရမည်မထင်ပါ; မနည်းခြစ် (*in this sense pron.* သဲ); *seldom used assertively. Der.* အသည်းအသန်။

သည်းခံ, *v.* to bear patiently; to endure forbearingly, to forgive, ခင်ဘျားကိုကျွန်တော်ပြောမိဆိုမိသမျှသည်းခံပါ၊ ဘွေမယူပါနှင့်။

သည်းခံချို, *v.* to bear patiently (*rather intensive, rare in colloq.*).

သည်းညည်းခံ (*pron.* သဲညည်းခံ), *v.* to bear patiently, to forgive, သူတပါးပြောပေဆိုပေသော်လည်းစိတ်မထွက်ဘဲသည်းညည်းခံနိုင်ပေသည်။

သည်းထန်, *v.* to be strong, violent; to be abundant, မိုးသည်းထန်စွာရွာသည်; လေသည်းထန်စွာတိုက်သည်။

သည်းနေ (*pron.* သဲ), *v.* to be very ill, near dying, အနာရောဂါသည်းနေသည်။

သဌေး, *see* သူဌေး, *n.* a rich man, သူကြွယ်။

သဏ္ဌာန် (*pron.* သဒန်) (Pali သဏ္ဌာနံ), *n.* shape, form, ပုံ, ဘုရားသဏ္ဌာန်တော်, ရဟန်းသဏ္ဌာန်တော်; တသဏ္ဌာန် *is used as an adverb*, when it means, once, once more, once and again, အရင်ကလည်းတသဏ္ဌာန်ဤစကားကိုပြောဘူးသည်, once before he used similar language.

သတ်, 1, *v.* to stop, put a stop to, as life, to kill, အသက်သတ်; as fire when quenching it, မီးသတ်; as food when starving one to death, အစာသတ်; as force, အရှိန်ကိုသတ်; as a horse by drawing in the reins, ဇက်သတ်; as a rope by making fast, ကြိုးသတ်, ဘောင်ကြိုးသတ်; as a boat by holding the oars in the water. တက်သတ်, တက်တခါသတ်; as work by finishing it, လက်စသတ်; as ground by fixing the marks of a boundary (to demarcate), သတ်မှတ်, ကန့်သတ်; *when used with the negative* မ, it means, not all. The Burmese use သတ် when two or more persons fight, but in the singular it usually means to kill, ငမြွေကာငမည်းကိုတုတ်နှင့်ရိုက်သတ်သည်. *Der.* အသတ်။

သတ်စား, *v.* to kill for food.

သတ်ညှစ်, သတ်ဖြတ်, *v.* to kill, သတ်ညှစ်ပုတ်ခတ်ခြင်းကိုပြုသည်, သူ့အသက်ကိုသတ်ဖြတ်စားလေ့ရှိသည်။

သတ်သတ်, *adv.* distinctly; by itself. သန့်သန့်။

သတ်. 2, *v.* to strike with a swinging motion of the arm in any direction; commonly applied to fighting with the hands and arms, လူနှစ်

ယောက်သတ်နေကြလို့ဖျင်မရ; to apply the mark (်) (အသတ်) to a final consonant.

သတ်အင်း, *n.* a table of words like သတ်ပုံ, သတ်ပုံသတ်အင်း။

သတ်ညွှန်းစာ (*pron.* ဇာ), *n.* one kind of သတ်ပုံ။

သတ်ပုတ်ညှဉ်းဆဲ, *v.* to beat and ill-use.

သတ်ပုံ, *n.* a vocabulary consisting of assortments of words ending in ယ်, ႅ, ဟ်, န့်, ဝ်, မ်, and ံ, to which are sometimes added words spelt with a ယပင်း, or ရရစ်; သတ်ညွှန်းသတ်ပုံ။

သတင်း, *see* သိတင်း, *n.* religious duty.

သတည် (*pron.* သဒိ), *v.* to relish, as a flavor, သည်အစာစားလို့မသတည်ပါ။

သတသ, *a.* the hundredth, တရာပြည့်သော။

သတိ (*pron.* သဒိ) (Pali), *n.* attention, heed, caution; consciousness; "recollection, active state of mind, fixing the mind strongly upon any subject, attention, attentiveness, thought, reflection, consciousness." *Childers.* "*Smirti* (*sati,* သတိ), the conscience, or faculty that reasons on moral subjects; that which prevents a man from doing wrong, and prompts him to do that which is right." M.B.

သတိကောင်း, *v.* to have presence of mind, သတိမြဲ။

သတိချပ်, *v.* same as သတိထား။

သတိလွတ်ယွင်း, *v.* to be forgetful, as an old man in his dotage, or as a person whose intellect is broken from sickness or hard usage. စိတ်လွတ်ယွင်း; to be beside one's self.

သတိထား, သတိပြု, သတိမူ, *v.* to take heed, take care, be careful, be on one's guard, be cautious, သတိရှိ, သည်သူကိုကျပ်ကျပ်သတိထားပါ၊ သို့မဟုတ်ခင်ဗျားအပေါ်၌မကောင်းကြံပါလိမ့်မည်။

သတိပဋ္ဌာန်, *n.* a kind of wisdom or learning; သတိပဋ္ဌာန်တရား; *see* သမ္မာဇည်။

သတိပေး, *v.* to warn, caution, remind, ဦးဖြူသားမောင်ဘိုးရှိန်နှင့်ပေါင်းလျှင်၊ ပျက်စီးမည်အကြောင်း၊ ကျွန်တော်အဘေသတိပေးလို့၊ မပေါင်းဘဲနေသည်။

သတိပေးချက်, *n.* a memento, memorandum, မှတ်မိရန်အချက်။

သတိမေ့, သတိလစ်, သတိလစ်လဝ်, သတိလျော့, *v.* to be off one's guard, heedless, careless, သတိမရှိ, သတိမဲ့, သတိမေ့နေသောကြောင့်၊ခင်ဗျားဆီသို့စာမပေးလိုက်ပါ, အမှတ်တမဲ့သတိလစ်မည်စိုးလို့ပြောပါသည်, ဂရုမစိုက်သတိလျော့သည့်အတွက်၊သူတပါးအကြံအောင်သည်။

သတိမြဲ, *v.* to have presence of mind, coolness, self-possession; to give constant attention, သည်မြင်းကိုစီးလျှင်သတိမြဲပါစေ၊အလွန်လန့်တတ်သည်, သည်စစ်သူကြီးအလွန်သတိမြဲသောကြောင့်၊ တဘက်စစ်သည်များ တိတ်တဆိတ်စီးတက်ခြင်းမတတ်နိုင်။

သတိရ, *v.* to recollect, call to mind, ငယ်ရွယ်စဉ်အခါကဖြစ်ခဲ့ဘူးသည့်အ

ဖြစ်မှားကို၊ အိုသည်တိုင်အောင်သတိရသေးသည်, ကျွန်တော်ကိုခင်ဘျားသတိရသေးသလား: to recover consciousness after delirium, etc., သစ်ပင်ပေါ်ကကျလို့ခဏမေ့နေသည်မှာ၊ တနာရီခန့်ကြာမှသတိရသည်။

သတိရှိ, *v.* to be aware, to take heed, သတိရှိသည့်အတွက်၊ သူတပါးမှားကမှားချက်ကိုရှာကြံလို့မရနိုင်။

သတောင်းလည်, *n.* ornamental hangings, fringes, etc., ပန်းတောင်းလည်။

သတို့သား, သတို့သမီး, *n.* son, daughter; with the additional idea of endearment, as "dear little son." These terms of endearment are met with in birth registers, သတို့သားကိုမာတာမိခင်ဘွားသန့်စင်သည်; they are also used in marriage ceremonies when speaking of the bride or bridegroom.

သတ္တ (Pali), *a.* and *n.* seven, ၇။

သတ္တဌာန် (Pali သတ္တဌာန), *n.* the seven places in which Gautama spent seven days each, on first attaining the Buddhaship; ရွှေပလ္လင်ခွဲတဌာန; အနိမိဿကုန်းခွဲတဌာန; ရတနာစင်္ကြံမတဌာန (ရတနာစင်္ကြံတဌာန); ရတနာဃရအိမ်တဌာန; အဇပါလညောင်ပင်ခွဲတဌာန; မုစလိန္ဒာအိုင်ခွဲတဌာန; ရာဇာယတနလင်းလွန်းပင်ခွဲတဌာန။

သတ္တန္တရကပ် (Pali သတ္ထ, a weapon), *n.* a period of slaughter; *see under* ကပ်သုံးပါး။

သတ္တမ, *a.* the seventh, ခုနစ်ခုမြောက်; သတ္တမီဥပုသ်, performance of the duties of religion on the seventh waxing (လဆန်းသတ္တမီ), or seventh waning (လဆုတ်သတ္တမီ) of the month.

သတ္တရဘန်တောင်စည်ခုနစ်ထပ်, *n.* the seven ranges of mountains encircling the Myinmo Mountain, *viz.*, ယုဂန္ဓိုရ်, ဤသဓိန္ဓရ, ကရဝိက, သုဒဿန, နေမိန္ဓရ, ဝိနတက, and အဿကဏ္ဏ (140).

သတ္တရသမ, *a.* the seventeenth, ဆယ့်ခုနစ်ခုမြောက်။

သတ္တဝါ (Pali သတ္တော), *n.* a rational being, ပုဂ္ဂိုလ်။

သတ္တိ (Pali), *n.* ability to accomplish, အစွမ်း, သတ္တိဗျတ္တိ; courage, intrepidity; an attribute, property, ဂုဏ်။

သတ္တိစမ်း, *v.* to put another's courage to the test, သွေးစမ်း။

သတ္တိရှိ, *v.* to be intrepid, courageous, သည်သူအလွန်သတ္တိရှိသည်; to possess an attribute or property, efficacy, သည်ဆေးသတ္တိရှိသောကြောင့်၊ သူနာမှာမကြာမီရောဂါပျောက်ကင်းသည်။

သတ္တု (Pali), *n.* metal extracted from ore.

သတ္တုကျောက်, *n.* ore.

သတ္တုချ, *v.* to extract metal from ore.

သတ္တုရိုင်း, *n.* a fossil, ကျောက်ရိုင်း။

သဒ္ဒါ (*pron.* သဒါ) (Pali), *n.* a sound, အသံ; an articulate sound, a word,

စကား, သဒ္ဒါတတ်လျှင်ဆော့၊ အဘိဓမ္မတတ်လျှင်ပြော့၊ ဝိနည်းတတ်လျှင်ကျော့။
သဒ္ဒါအကောက်, *n.* the accidence, or inflections of words.
သဒ္ဒါကျမ်း, *n.* a grammar (of the Pali language).
သဒ္ဒါနည်း, *adv.* according to the rules of grammar, grammatically, သဒ္ဒါနည်းအောင်သည်, သဒ္ဒါနည်းကျအောင်ပြောနိုင်သည်။
သဒ္ဒါယတန, *n.* sound heard; *see under* အာယတန။
သဒ္ဒါရုံ (from အာရုံ), *n.* sound heard.
သဒ္ဒါရုံအတတ်, *n.* acoustics.
သဒ္ဒါရေး, *n.* grammar.
သဒ္ဒါရှစ်စောင်, *n.* the eight books of Pali Grammar, *viz.*, သန္ဓိ, နာမ်, ကာရက, သမာသ် (*pron.* သမတ်), တဒ္ဓိတ်, အာချတ်, ကိတ်, and ဥဏာဒ်, to which are appended သုတ်စည်, and ဝိဘတ်သွယ်။
သဒ္ဓါ (*pron.* သဒါ, or သထာ) (Pali), *v.* to feel kindly, well-disposed towards; to feel complacence, particularly in religious objects, ကြည်ညိုသဒ္ဓါပသန္န, ချစ်လျှင်အကျိုး၊မြတ်နိုးလျှင်သဒ္ဓါ; သဒ္ဓါတော်မူ, to have love, affection for, as a sovereign for a subject, ဗုခန်းမင်းကြီးဦးရန် ဝေးကိုနတ်ပြည်စံမင်းတရားကြီးအလွန်သဒ္ဓါတော်မူသည်။
သဒ္ဓါကြည်ညို, *v.* same, ရတနာသုံးပါးကို သဒ္ဓါကြည်ညိုအလွန်များသည်, သဒ္ဓါ ကြည်ညိုရှိသောကြောင့်၊အပေးအကမ်းများသည်။
သဒ္ဓါတရား, *n.* the law of complacency in religious objects, သဒ္ဓါကောင်း, သဒ္ဓါကြီး,သဒ္ဓါငယ်,သဒ္ဓါတိုးပွား,သည်ဘုရားတကာသဒ္ဓါတရားအားကြီးသည်။
သဒ္ဓိန္ဒြေ, *n.* kind feeling, သဒ္ဓါခြင်း။
သဒိ (ပင်), *n.* the *Bursera serrata*, a tree growing to the height of eighty or ninety feet, bearing minute, yellowish-green flowers.
သဒိဝါ (ပင်), *n.* the many-stamened croton plant.
သဒွတ် (ပင်), *n.* a kind of tree, the *Ficus hispida*, ကဒွတ်။
သဒွေး (ပင်), *n.* a kind of creeper; the Karen potato, a species of yam.
သန်, *v.* to be strong, vigorous, thrifty; to be stiff, high, as one end of a boat, which requires more lading than the other to sit level on the water, ဦးသန်, ပဲ့သန်; also used in the sense of carrying a joke too far, *e.g.*, အကျီစားသန်; အယူသန်သည်။
သန်ကြမ်း, *v. see the parts* (*rare in colloq.*), ခင်ဗျားသန်သန်ကြမ်းကြမ်း ရှိပါ၏လား; လူပြောမသန်၊လူသန်မပြော။
သန်စွမ်း, *v.* to be strong, able-bodied, တယ်သန်စွမ်းသည့်လက်ဓွေသတ်; to grow vigorously, as vegetation, trees, etc., မြေကောင်းသောကြောင့် သစ်ပင်များသန်စွမ်းသည်။
သန်မာ, *v.* to be strong of body, hale, robust, သန်မာသည့်မိန်းမ, သန်မာ သည့်ယောကျ်ား, သန်မာသောမြင်း။

သန့်မြန်, *v.* to be vigorous and rapid; applied to things animate, သန့်မြန်သောစစ်သူရဲ မိုလ်မှူးတို့နှင့်တကွ နိုင်ငံစိုးအုပ်တော်မူသည်, သန့်မြန်သောခြေကျင်သမား, သန့်မြန်သောခြေမြန်တော်။

သနှ (ဝါး), *n.* a species of bamboo.

သနင်း, *see* သခင်နင်း, *n.* a chief, sovereign.

သနစ်, *n.* all the circumstances concerning a person, or city, or country, from the birth or origin.

သနစ်သနာ, သနစ်သနယ် (*rare in colloq.*), *n.* same, ပြည်၏သနစ်သနာ, ဒန္တြဖြိုသနစ်သနာ, လူ၏သနစ်သနာ။

သနပ်ထော် (ပင်), *n.* the gamboge tree; သနပ်ထော်ရွှေ, a kind of paper smeared with the gum of the gamboge, causing it to resemble gold leaf; သနပ်ထော်ဖြူ, သနပ်ထော်ဝါ, different kinds of gamboge used medicinally.

သနပ္ပဋ္ဌည်း (ပင်), *n.* a kind of tree. A medicine, reputed to have aphrodisiacal properties, is made from the gum of this tree.

သနပ်, 1, *n.* a kind of tree, the leaf of which is used in making cigars, the *Cordia myxa.* There are two kinds, သနပ်ကြီး, which is brought from the Shan States, known as ရှမ်းဖက်, and သနပ်ငယ်။

သနပ်, 2, *n.* pickles preserved with spices; *comp.* ချည်ဖတ်။

သနပ်ခါး, *n.* a kind of tree, the bark and root of which are used in making a fragrant paste for smearing the face and body, the *Murraya paniculata.*

သနပ်ခါးကျောက်ပျဉ်, *n.* a circular slab on which such paste is prepared.

သနပ်ခါးခေါက်, *n.* the bark of the သနပ်ခါးပင်။

သနပ်ခါးလိမ်း, သနပ်ခါးလူး, *v.* to smear the face and body with သနပ်ခါး paste.

သနပ်ခါးသွေး, *v.* to pulverize the bark of the သနပ်ခါးပင်, for the purpose of making a paste.

သနံ့ရည် (*pron.* ရေ), *n.* the serum or watery fluid which exudes from a sore.

သနား, *v.* to pity, to feel tenderly towards; to give from pity; သနားကြင်နာ, သနားစုံမက်, သနားချစ်ကြည်။

သနားကမား, *n. in its primary sense,* an object of pity; *in modern parlance,* it is used to denote that which is pleasing to the eye, မိန်းမသနားကမား, ယောက်ျားသနားကမား, a good-looking woman or man.

သန့်ချောင်, *a.* addled, as an egg, ကြက်ဥသန့်ချောင်။

သန္တာ (*pron.* သဂ္ဂါ), *n.* coral, သန္တာနားသန့်သီး, သန္တာပုတီး။

သန္တာန် (Pali သန္တာနံ), *n.* peace, စိတ်နှလုံးငြိမ်သက်ခြင်း။

သန္ဓေ (Pali), *see* ပဋိသန္ဓေ။

သန္ဓေကပ်, သန္ဓေစွဲ, သန္ဓေဆောင်, သန္ဓေတည်, သန္ဓေနေ, သန္ဓေယူ. သန္ဓေရှိ, သန္ဓေ

လွယ်, *v.* to conceive, be pregnant, သန္ဓေကိုယ်ဝန်ဆောင်, သန္ဓေကိုယ်ဝန်ရှိ; သန္ဓေကောင်း, applied to docile and tractable horses and cattle.
သန္ဓေနူတ်ငုံ, *n.* pregnancy.
သန္ဓေပေး, *v.* to beget, generate, engender, ကိုယ်စောင့်နတ်သန္ဓေပေးသောကြောင့်၊သားရတနာကိုဘွားမြင်သည်။
သန္နိဋ္ဌာန် (*pron.* သန်ဒိတ်ထန်) (Pali သန္နိဋ္ဌာန), *n.* a settled state of things, ဆုံးဖြတ်ခြင်း; conclusion.
သန္နိဋ္ဌာန်ကျ, *v.* to have a settled opinion or purpose, to have one's mind made up.
သန္နိဋ္ဌာန်ချ, *v.* to settle, make permanent; to make a firm resolve, make up one's mind, မကောင်းမှုကိုမပြုမကျင့်ပါဘူးလို့သန္နိဋ္ဌာန်ချပြီးသည့်နောက်၊တကြိမ်တခါမျှကျူးလွန်ဘူးသည်မထုတ်ပါ; used sometimes in contradistinction to သံသယ, ခင်ဗျားစကားကို သန္နိဋ္ဌာန်ချမှတ်သားရတော့မည်လား။သို့မဟုတ်သံသယရှိရဦးမည်လား။
သန္နိပါတ်, *n.* a certain influence or state of disease at the approach of death.
သန္နိပါတ်သမ်း, *v.* to be subject to such an influence, ငန်းသန္နိပါတ်သမ်း။
သန်ဘက်, *n.* the day after the morrow.
သန်လျက် (*pron.* သန်ယက်), 1, *n.* a two-edged sword.
သန်လျက်နွှန်း, *n.* a sharp projection or tongue of land, ကြက်လျှာနွှန်း။
သန်လျက် (ပင်), 2, *n.* a thorny shrub, the *Capparis horrida.*
သန်လျက်ကြီး, သန်လျက်သိမ်, *n.* two species of creepers the roots of which when ground and mixed with water and salt, are used as a poultice for boils.
သနွင်း, *see* နနွင်း, *n.* the turmeric plant or root.
သနွတ်, *n.* a kind of harpoon used for spearing crocodiles.
သန့်, *v.* to be clear from, separate, distinct; to make clear, to separate, သန့်ထား; to be clean, pure, innocent, holy, စင်, သည်ရေသန့်သလား; နေ့သန့်တော်မူ၊ညည့်သန့်တော်မူ, to sleep as a Buddh, or *Rahanda*; to sort or arrange letters, papers, documents, စာသန့်။
သန့်စင် (*pron.* ဒင်), *v.* to be clean, pure, innocent, holy; to perform the natural evacuations; applied respectfully to kings, priests, etc.; ကိုယ်လက်သန့်စင်, to cleanse the body; သားဘွားသန့်စင်, to give birth to a child; ရွှေလင်ပန်းချင်းတန်းသန့်စင်မြင်တော်မူသည်, a term formerly applied to the ladies of the royal family, when a son or daughter was born; အသျှင်ဘုရင်မဘုရားသန့်စင်တော်မူသည့်နေ့, the birthday of the Queen Empress (of India).
သန့်စင်တော်, *n.* a royal tooth brush.
သန့်ပြန့် (*pron.* ဗြန့်), *v.* same as သန့်; to be conventionally or ceremonially

clean, undefiled, အစားအသောက်သန့်ပြန့်, သန့်ပြန့်သွယ်ရာစေတနာနှင့်၊ ကောင်းမွန်စွာလုပ်ကျွေးပါသည်, အနေအထိုင်သန့်ပြန့်သည်။

သန့်ရှင်း, *v.* same (*most common*); applied also to the mind; အစားအသောက်သန့်ရှင်းသည်, အိပ်ရာနေရာသန့်ရှင်းသည်, ကိုယ်လက်သန့်ရှင်းသည်; မသန့်ရှင်းသည့်ပစ္စည်း, goods or property unlawfully acquired.

သန့်သက်, *v.* to wash after a natural evacuation, ရေသန့်သက်သည်; *n.* a vessel to hold water, used by priests သန့်သက်အိုး, သန့်သက်ခွက်။

သန့်သန့်, *adv.* distinctly, separately, by itself, without any admixture, သန့်သန့်ချန်, သန့်သန့်ထား, သန့်သန့်နေ။

သန်း (ပင်), 1, *n.* a kind of tree. A dye is obtained from the bark of this tree which is used for dyeing baskets and thread.

သန်း, 2, *n.* a louse, သန်းနှိုက်, သန်းရှာ။

သန်းဥ, *n.* a nit.

သန်းချေး, *n.* a body louse.

သန်းထူ, သန်းပေါ, သန်းများ, *v.* to be infested with lice.

သန်းဖြု, *n.* a young louse.

သန်းယား, *v.* to itch from the biting of lice, သန်းများလျှင်မယားဘူး။ ကြွေးများလျှင်မပူဘူး။

သန်း, 3, *v.* to cross a path, river, etc., တပ်ဦးတပ်ဖျားကသန်းသွားသောသူကိုရင်ခွဲစေ, let him who crosses in front of the army have his breast cloven asunder. The Burmese considered it very unlucky to have a person cross in front of an army; such a person was usually put to death; to be blurred, clouded, obscured, as the vision; မှုန်သန်း, ဖလားလင်ပန်းသန်း, မျက်စိသန်း။

သန်းခေါင် (*pron.* သခေါင်), *n.* midnight, သန်းခေါင်ထက်ညည့်မနက်နိုင်ဘူး, it cannot be later than midnight; meaning that a person cannot suffer greater misery than he has already undergone.

သန်းခေါင်ကျော်, *n.* time after midnight.

သန်းခေါင်ယံ, *n.* the time near midnight.

သန်းခေါင်သန်းလွဲ (*pron.* သခေါင်သလွဲ), *n.* the time of midnight and after.

သန်းပကောဋိ, *n.* an octillion, represented by a unit with forty eight ciphers.

သပ်, 1, *n.* a wedge.

သပ်နှက်, သပ်ပင်း, သပ်ရိုက်, *v.* to drive a wedge, သစ်တုံးကိုသပ်နှက်ပြီးခွဲသည်; သပ်ရ, to fasten with a wedge; သပ်လျှို, to insert a wedge.

သပ်မျဉ်း (*pron.* မျဉ်း), *n.* a reglet (*Arch.*).

သပ်, 2, *v.* to stroke with the hand, as the head, ခေါင်းကိုသပ်, ကျောကိုသပ်; to smooth down, သုံးသပ်; to smooth with a knife; to whittle bamboo, လျှော်, etc., ဝါးကိုဓားနှင့်သပ်။

သပ်ပယ်, *v.* to be handsome, elegant, well-dressed, etc.; applied to Deity, priests, and idols, ရွှေတိဂုံစေတီတော်ကြီးအလွန်သပ်ပယ်တော်မူသည်, မဟာမြတ်မုနိရုပ်ပွားတော်ကြီးအလွန်သပ်ပယ်တော်မူသည်, အရပ်တော်အရွယ်တော်နှင့်၊ အလွန်သပ်ပယ်တော်မူသည့်ဘုန်းတော်ကြီး, ကိုယ်တော်သက်နိးနှင့်အလွန်တရာသပ်ပယ်တော်မူသည်, as in praising a *pongyi's* personal appearance; to bathe, ရေသပ်ပယ်သည်; စေတီကိုသက်စေ့ရေသပ်ပယ်သည်, သင်္ကြန်ကျသည့်အခါ တကာတကာမတို့က ကျောင်းစည်လှည့်လည်၍ ဘုန်းတော်ကြီးများကိုရေသပ်ပယ်ကြသည်, ဘုန်းကြီးရေသပ်ပယ်တော်မူသည်; ရေသပ်ပယ် is an honorific term used by laymen to *rahans.*

သပ်ရပ်, *v.* to be well-arranged, in handsome order, အခင်းအကျင်းသပ်ရပ်ဘွယ်ရာရှိသည်, အဝတ်အစားအနေအထိုင်သပ်ရပ်သည်, အိမ်ကိုသပ်ရပ်အောင်ဆောက်နိုင်သည့်လက်သမား; *used adverbially,* as သပ်သပ်ရပ်ရပ်, သပ်သပ်ရပ်ရပ်စားတတ်သည်, or ဝတ်တတ်သည်, သပ်သပ်ရပ်ရပ်စီမံသည်။

†သပ်သပ်, *adv.* at all; *in negative sentences,* as သပ်သပ်မစားဘဲနေသည်; *a corruption of* သက်သက်။

သပိတ် (*pron.* သဗိတ်), 1, *n.* an open-mouthed pot in which priests of Buddh receive offerings of food, an alms bowl.

သပိတ်အိတ်, *n.* the sling in which the priest's alms bowl is suspended from the neck and shoulder, သပိတ်အိတ်လွယ်၍ဆွမ်းခံသည်။

သပိတ်ခြေ, *n.* a stand for an alms bowl.

သပိတ်ဖုံး, *n.* the cover of an alms bowl.

သပိတ်မှောက်, *n.* the part of a pagoda which resembles an inverted alms bowl; *v.* to invert the alms bowl, *i.e.*, to refuse to receive offerings from one; to excommunicate; sentence of excommunication is rarely carried out, yet when a *rahan* refuses the offerings of a layman, such refusal is designated သပိတ်မှောက်. သပိတ်မှောက်ခံထိုက်သောအမှု။

သပိတ်လွယ်, *v.* to suspend the alms bowl in its sling (around the neck); *n.* the wagtail, ငှက်သပိတ်လွယ်, the magpie robin.

သပိတ်သွပ်, *v.* to make offerings of food to *pongyis* on the decease of any person, or on the anniversary of such person's death, ရက်လည်ဆွမ်းသပိတ်သွပ်တရားနာ, ကျွန်တော်သားသေဆုံးရာရက်လည်ဆွမ်းသပိတ်သွပ်၍တရားနာပါသည်။

သပိတ်, 2, *n.* a species of oak.

သပေါ့ (*pron.* သဗေ့ါ), *n.* the lowland screwpine, *Pandanus furcatus.*

သပေါ့ဖျာ (*pron.* သဗေ့ါဖျာ), *n.* a mat made of the stalks of the screwpine.

သပျှဝတ်ကျား, *n.* a tree producing a strong, close-grained timber, the *Casuarina muricata.*

သပြက်, *n.* a wild creeper bearing a fruit ovoidal in shape, from five to seven inches long, and from three to five inches in diameter, which when ripe is of a bright yellow or orange color; *comp.* ခပြတ်။

သပြာ, *n.* the *Placuna placenta*, a bivalve producing an inferior kind of seed pearl.

သပြု, *n.* a kind of tree, the water *Dillenia*. The fruit of this tree is cooked in fish curries, imparting an acid flavor.

သပြုသပြေ, *n.* the Malay apple, *Eugenia Malaccensis* (*said to be a corruption of* ဇမ္ဗူသပြေ).

သပြေ, *n.* the *Eugenia*. Chin witnesses are sworn in courts of justice on a sprig or small branch of the *Eugenia*, imprecating evil on themselves through the agency of the guardian *nat* of the tree; they are even afraid of wearing a sprig in the lobes of their ears; and if they inadvertantly do this, they invariably propitiate the *nat*, lest they be possessed of an evil spirit (သဘေ့ခဲ့ဝင်း).

သပြေကြီး, *n.* the *Eugenia grandis*.

သပြေခါး, *n.* the *Eugenia venusta*.

သပြေချည် (*pron.* ချည်), *n.* the *Eugenia cerastoides*.

သပြေစက်ကလေး, သပြေဆတ်ချေး, သပြေနီ, ကျွဲလိုက်သပြေ, *n.* different species of the *Eugenia*.

သပြေနုအရွယ်, *n.* incipient puberty; applied to females, အပျိုကလေး သပြေနုအရွယ်။

သပြေတဒိုကျယ်, *n.* that species of the *Eugenia* which produces the jambo fruit, ဇမ္ဗူသပြေ။

သပြေတိုင်, *n.* the south post in the main part of a house: *see under* ကွန်း။

သပြေထမ်ရှစ်, *n.* that species of the *Eugenia*, the bark of which is used as a mordant for blue and black dyes.

သပြေပန်း, *n.* a sprig of the tender leaves of the *Eugenia*, much in demand for the urns used in making religious offerings; also called အောင်ပန်း, the "flower of victory," from the fact that formerly Burmese soldiers wore it in their topknots and in the perforations of the lobes of their ears, as an omen of victory. It is still worn by ordinary persons when about to embark on difficult or dangerous enterprises, တပ်ချီခါနီးသပြေပန်းကိုယ်စီပန်၍ချီကြသည်, တရားပြိုင်သည့်အခါသပြေပန်းပန်၍ရုံးတက်သည်။

သပြေပေါက်, *n.* the *Eugenia zeylanica*.

သပြေဖြူ, *n.* the *Eugenia jambolana*.

သပြေရောင်, *n.* reddish brown color, သပြေရောင်ဆေး, သပြေရောင်ပဝါ။

သပွတ် (ပင်) (*pron.* သဗွတ်), *n.* the *Luffa pentandra* plant, bearing a long gourd with a striped skin.

သပွတ်အူ, *n. lit.* the intestines of the said gourd, from the confused involutions of its stringy substance when dried; applied figuratively to mischievous, intriguing persons; သပွတ်အူနှမခေါ်ရသည်, သပွတ်အူအခွန်ဆက်ရသည်, mean that a man leads such a confused unprincipled life, that he has to address the *luffa* plant as his younger sister, or has to pay tribute to it.

သပွတ်အူလိုက်, *v.* to be confused in mind, မိတ်ဘယ်မှာအခါရှိရှင်းလင်းလို့မရ၊သပွတ်အူလိုက်နေသည်; also applied to conduct and language, သပွတ်အူလိုက်အောင်ရှုပ်ထွေးသည့်လူ, သပွတ်အူလိုက်အောင်စကားပြောသည်။

သပွတ်ကတိုး, *n.* a kind of creeper the fruit of which is eaten in curries.

သပွတ်ကြီး, *n.* a kind of tree.

သပွတ်ခဲ, *n.* a species of *Luffa.*

သပွတ်ခါး, *n.* the bitter gourd.

သပွတ်နာ, *n.* a kind of sore, in which the diseased part assumes a porous appearance.

သပွတ်လိုက်, *v.* the sore assumes a porous, spongy appearance.

သပွတ်သိမ် (ပင်), *n.* a kind of tree.

သဖန်း (ပင်), *n.* the sycamore, a species of *Ficus,* ဖိမ်မြောက်သဖန်းမိုက်သည့်လမ်း၊ဘေးဘျမ်းမလွတ်ရာ။

သဖန်းခါး (*pron.* ဂါး), *n.* a kind of sycamore (Pali ဟါရိကဘိ).

သဖန်းသီး, *n.* fruit of the သဖန်း tree; something attached to the *placenta*; one form of leprosy; so called from the appearance of spots resembling the said fruit, သဖန်းသီးထ။

သဖို့, *n.* a kind of song.

သဖွယ်, *see* သဘွယ်, *n. affix*, as, like as, ကဲ့သို့, လို။

သဗ္ဗ (Pali), *a.* all, ခပ်သိမ်း။

သဗ္ဗညုတ (Pali), *n.* omniscience, သဗ္ဗညုတဉာဏ်, သဗ္ဗညုတအဖြစ်သို့ရောက်သည်, သဗ္ဗညုတမြတ်စွာဘုရား။

သဗ္ဗနံပုဒ်, *adv.* in a heterogeneous manner, သဗ္ဗနံပုဒ်စကား။

သဗ္ဗာယ, *n.* harmony, accordance, amity; there are four kinds of သဗ္ဗာယ, *viz.*, အာဝါသသဗ္ဗာယ, ဂေါစရသဗ္ဗာယ, ပုဂ္ဂလသဗ္ဗာယ, ပရိသသဗ္ဗာယ။

သဗ္ဗာယဖြစ်, *v.* to agree with, to be on terms of amity, ကိုယ်တော်သည်အရပ်တွင်သိတင်းသုံးလို့၊ဂေါစရသဗ္ဗာယဖြစ်တော်မူပါ၏လား, an alternate, and more polite way of asking a *pongyi,* ဆွမ်းပြည့်စုံတော်မူပါ၏လား, သည်သူနှစ်ယောက်သဗ္ဗာယဖြစ်သည်။

သတင်, *n.* a festival of any kind, public entertainment, ပွဲ, ပွဲလမ်းသတင်, an assembly convened for any purpose.
သတင်ခံ, *v.* to hold a festival.
သတင်သည်, *n.* one who plays at a festival, a stageplayer, actor.
သဘာဝ (Pali), *n. see* သဘော, သည်လူသဘာဝကောက်ကျစ်စဉ်းလဲတတ်သောဉာဏ်ရှိသည်။
သဘိ, *n.* a species of nautilus; *see* ခရုသင်း။
သဘော, *n.* nature, character; nature, disposition, original bent or tendency; liking, satisfaction with; meaning, tenor; သဘောနှောက်ကံပါ။
သဘောကောက်, *v.* to be deceitful, dishonest; *comp.* စိတ်ကောက်။
သဘောကောင်း, *v.* to be of a good disposition; sometimes said allusively.
သဘောကျ, *v.* to be settled in opinion; to approve, ကျွန်တော်အကြံကို ခင်ဗျားသဘောကျရဲ့လား။
သဘောကြီး, *v.* to be magnanimous.
သဘောကြောင်, *v.* to be deceitful, dishonest, **သဘောကောက်။**
သဘောကြိုက်ညီ, *v.* to approve of unanimously, a term much used when villagers recommend one of their number as a *ywa thugyi.*
သဘောခက်, *v.* to be of an intractable disposition.
သဘောစူး, *v.* to permeate the mind; *lit.* to pierce the mind.
သဘောစိုက်မိ, *v.* to be settled and intent (on something), implying previous indifference, ခင်ဗျားပြောသည့်စကား မှုလသဘောမထားမိ၊ယခု သဘောစိုက်မိသည်. စိတ်တမ်းမှန်းလျက်ရှိသည်။
သဘောဆိုး, *v.* to be of an evil disposition, မနှောဆိုး။
သဘောဉာဏ်ကောင်း, *v.* to have a good intellect, ဉာဏ်ကောင်း။
သဘောတန်, *v.* to be deceitful, dishonest. သဘောကြောင်, သဘောတန်သည့်လူ။
သဘောတူ, *v.* to be of one mind, to agree, concur; *see* သဘောကျ။
သဘောတူဝန်ခံချက်, *n.* a compact; a concordat.
သဘောတိုင်း, *v.* to consider for the purpose of forming an opinion, to weigh in the mind, နက်ဖြန်သွားတော့မည်လို့၊သဘောတိုင်းထားသည်။
သဘောတွေ့, *v.* to like, favor, approve, စိတ်တွေ့, လုပ်ထားသမျှကျွန်တော် သဘောနှင့်တွေ့ပါသည်။
သဘောထား, *v.* to resolve, determine (to do); to regard, consider; *n.* attitude of the mind, intention.
သဘောနက်နဲ, *v.* to be of far-reaching mind, of a deep mind.
သဘောနည်း (*pron.* နဲ), *v.* to be narrow-minded, illiberal, mean-spirited, inconsiderate, ခင်ဗျားလူကြီးပင်ဖြစ်သော်လည်း၊အလွန်သဘောနည်းသည်။
သဘောနု, *v.* to be of immature mind, lacking in judgment and experience, သဘောနုသေးသောကြောင့်၊ဆင်ခြင်တိုင်းစားခြင်းမရှိ။

**သဘောနိုက်**, *v. lit.* to dive into or penetrate the character of (a person), အမတ်ကြီးသည်လူသဘောကိုအလွန်နိုက်တတ်သည်။
**သဘောပေါက်**, *v.* to be intelligent, penetrating, သင်ကြားမိသမျှစာကိုသဘောမကျသည်မရှိ၊အကုန်အစင်သဘောပေါက်သည်, သဘောရူး။
**သဘောပိုက်**, *v.* to accept cordially.
**သဘောပိုက်မိ**, *v.* to receive into the mind or understanding, to comprehend, ကျွန်တော်ပြောသည်စကားကိုသဘောပိုက်မည်မထင်ပါ။
**သဘောပြည့်ဝ**, *v.* to be upright, wise, patient; to be replete with all perfection of character, သဘောကြီး။
**သဘောဖြူ**, **သဘောဖြောင့်**, *v.* to be upright, honest.
**သဘောရ**, *v.* to arrive at an opinion or conclusion, ကျွန်တော်အကြံအောင်မည်မအောင်မည်ကိုခင်ဗျားကဘဲ့နှယ်သဘောရသလဲ။
**သဘောရောက်**, *v.* to be favorably disposed, inclined, စေတနာရှိ, သည်ပုဆိုးကိုခင်ဗျားပေးမည်လို့သဘောရောက်သည်; to arrive at an opinion, သည်အရာမောင်မင်းနှင့်တော်သည်ဟုသဘောရောက်သည်။
**သဘောရိုင်း**, *v.* to be rude, uncultivated, coarse in disposition; to be in bad taste.
**သဘောလွယ်**, *v.* to be of an easy, pliant disposition.
**သဘောဝင်**, *v.* to come to the same opinion, နှစ်ဦးအကြံသဘောဝင်သောကြောင့်၊အထမြောက်သည်; to esteem with regard; မေတ္တာရှိသည်, သဘောတူသည်။
**သဘောဝေး**, *v.* to have a remote conception of, as from dullness or stupidity; *see* ဝေး။
**သဘောသကန်**, **သဘောသကာ**, *n.* same as သဘော။
**သဘောသန်**, *v.* to be firm in purpose, ဤအမှုပြုလိုသည့်သဘောသန်သောကြောင့်၊အလျှင်အမြန်ပြုသည်။
**သဘျာ**, *n.* the Chinese window-oyster.
**သဘွယ်**, *n. affix*, as, like as, ကဲ့သို့, လို။
**သမ** (Pali), *v.* to coalesce into one substance, တသားတည်းပေါင်းသည်, ဗျားရည်နှင့်ဆေးသမအောင်တေသည်, မြေချင်းသမသည်, ရေအကြည်အနောက်ချင်းသမကြသည်; to be on terms of close fellowship, to be intimate.
**သမ်း**, *v.* to yawn.
**သမက်**, *n.* a son-in-law, သားမက်။
**သမက**, *n.* a kind of tree, the *Poivrea Roxburghii.* This name is also applied to the *Combretum decandrum*, and the *Congea tomentosa.*
**သမင်**, 1, *n.* a deer with branching horns, larger than the ဒရယ်, and smaller than the ဆတ်, the brow-antlered *rusa.*
**သမင်ဦးချိုအတက်**, *n.* an antler, အတက်ပါသောဆတ်ချို, ဒရယ်ချို။

သမင်ကြို့ထိုးပြု (*pron.* ဗိုး), *v.* to impose on another by legerdemain; သမင်ကြို့ထိုးပြော, to address another in a deferential manner, disparaging one's self at the same time, with a view of securing future advantage.

သမင်ချို, *n.* the horns of the သမင်။

သမင်စာ, *n.* a kind of tree.

သမင်စာနို, *n.* the *Gardenia turgida*, a tree growing to the height of twenty or thirty feet, leafless in the hot season; the trunk and branches are armed with sharp spines. It has white or yellowish flowers, and a rough, brown fruit the size of a small apple.

သမင်ဆီးဆောက် (Pali ကဏ္ဍူရ), သမင်ပို့ (Pali လိန္နိဂ), သမင်ပြောက် (Pali စိတြကံ), သမင်ဘာသရက (Pali မိဂ), သမင်ဘီလူး (Pali ကဏ္ဍူရမာဃာ), *n.* different kinds of deer, some of them probably fabulous.

သမင်ဒရယ်အဖို, *n.* a hart, ဒရယ်အဖို။

သမင်, 2, *n.* a cutaneous disease, occasioning discoloration.

သမင်နက်, သမင်နီ, သမင်ဖြူ, သမင်ရက်, *n.* varieties of သမင်, သမင်နီစွဲ။

သမင်လျှက်. *n.* same as သမင်။

သမဏသာရုပ္ပရှိ, *v.* to be handsome and genteel, elegant, graceful, လှပယဉ်ကျေးသည်။

သမတ်, *v.* to be upright, ဖြောင့်မတ်; to be uniform; *n.* a subordinate, to whom the decision of a business is committed by a superior, ခုံသမတ်; တသမတ်တည်း, *adv.* in one straight course, uniformly, consistently, မတိမ်းမစောင်းတသမတ်တည်းအယူရှိသည်, သည်လူအလုပ်ကိုတသမတ်တည်းဖြောင့်မတ်အောင်မလုပ်ပါ၊ ဖြတ်တောင်းဖြတ်တောင်းကိုသာလုပ်သည်, this person does not do his work in a uniformly faithful manner; he works by fits and starts.

သမတ်လှံ, *n.* a spear formerly carried by an executioner on occasions of inflicting public punishment.

သမတ (*pron.* သမဒ), *adv.* all together, unanimously, တညီတညွတ်တည်း။

သမတမင်း, *n.* a ruler raised to supreme authority with the consent of the people, as in the case of the President of the United States of America.

သမတိ, *adv.* long in time, ကြာမြင့်စွာ; *prefixed to* ရှည်, သည်မြို့တည်သည်မှာ၊ သမတိရှည်လျားသောကြောင့်၊ ဘယ်မင်းလက်ထက်ကတည်သည်ဟု အမှန်မဆိုနိုင်ကြပြီ။

သမန်း, *n.* a species of grass resembling the သက်ငယ်; သမန်းမြက်ရှစ်စည်း, သမန်းမြက်ရှစ်ဆုပ်, the eight bundles of *kusa* grass received by a Buddh from a Brahmin.

သမန်းကျား, *n.* a kind of creeper.

သမန္တစက္ခု (from သမန္တ, all, entire, and စက္ခု, eye), *n.* all-seeing eye. "Buddha acknowledges neither teacher nor inspiration of a god; he is *samanta chakkhu, i.e.*, his eye surveys all the boundaries of knowledge, and he clearly perceives all truth at a glance." *Gogerly.*

သမသဏ္ဍရာ (Pali), *n.* a kind of medicine.

သမသတ်, *a.* diagonal; *adv.* right before, opposite, abreast, ရင်ဆိုင်, မျက်နှာချင်းဆိုင်, သမသတ်ပြိုင်။

သမံ (Pali, ညီမျှခြင်း).

သမံတလင်း (*pron.* ဒလင်း), *n.* an artificial, level plain; a pavement around a pagoda, well, or under a house, ဘုရားပတ်ပတ်လည်သမံတလင်းခင်းထားသည်, အိမ်အောက်မှာသမံတလင်းခင်းသည်။

သမာဓိ (Pali သမ္မာဓိ), *n.* steadiness in a good cause, တည်ကြည်ခြင်း။

သမာဓိဂုဏ်, *n.* moral courage, ထိုမင်းကြီးသည်သမာဓိဂုဏ်နှင့်ပြည့်စုံသည်။

သမာဓိရှိသူ, သမာဓိ, *n.* an assessor; an assessor of *thathameda* revenue.

သမာဓိလူကြီး, *n.* an assessor in a criminal case.

သမာဓိဖွမ်းကြေးစာရင်း, *n.* the *thathameda* tax assessment of each individual house, သမာဓိတင်ကြေးစာရင်း။

သမာသ်, *n. in Pali grammar*, a root that is capable of taking a verbal termination (ပစ္စည်း).

သမား, or သ္မား, *n.* one skilled in some kind of work.

သမားယောင်မောင်းတောင်, *n.* a boastful meddler, particularly in medicine, a quack doctor, နားမလည်ဘဲသမားယောင်မောင်းတောင်မလုပ်ချင်ပါနှင့်။

✓ သမီး, or သ္မီး, *n.* a daughter; the daughter of a man's brother, or of a woman's sister; သ္မီးပျို, သားပျို, unmarried sons and daughters collectively.

သမီးကညာ, *n.* a virgin daughter, commonly denoting a king's daughter presented in marriage to another king, သ္မီးကညာဆက်; သ္မီးကညာကောက်, as a victorious general, or as a king.

သမီးခင်ပွန်း, *n.* husband and wife, မောင်စံပြမ်းမထွန်းလှသမီးခင်ပွန်းနှစ်ယောက်တို့ကာလဆန်း၃ရက်နေ့၊ကျွန်တော်တို့အိမ်တရားတော်နာကြွရောက်တော်မူပါမည်အကြောင်း၊သ္မီးခင်ပွန်းကောင်းမှုရှိဗွာန်ဆု၊နတ်လူသာစုခေါ်စေသော, a style of inscription found on bells, images, and Buddhist Scriptures, when they are the joint-offering of husband and wife.

သမီးဖွား, *n.* a daughter by affinity; a niece or an adopted daughter, also designated ကိတ္တိမသ္မီး, ဝမ်းမနာသ္မီး။

သမီးမောင်နှံ, *n.* same as သ္မီးခင်ပွန်း။

သမီးမြေးတ်သား, *n.* a cousin, being of a different sex.

သမီးယောက်ဘ, *n.* a wife's brother; a man's sister's husband; *see* ယောက်ဘ။

သမီးယောက်မ, *n.* a husband's sister; a woman's brother's wife; *see* ယောက်မ။
သမီးရင်း, *n.* an own daughter.
သမီးရည်းစား (*pron.* ဇား), *n.* an affianced couple.
သမီးလုလင်, *n.* a young woman (*poetical*).
†သမီးနို့, *n.* a species of the limpet shell.
သမုတ်, *v.* to name, give a name, ပညတ်, မှည့်။
သမုဘ်သမတ်ပြု, *v.* similar to သမုတ်။
သမုတိ (ထီး), *n.* one kind of royal (white) umbrella, ထီးသမုဘိ။
သမုတိနတ် (Pali သမုတိ, called), *n.* a monarch, လောကသမုတိနတ်။
သမုဒယ, *see under* သစ္စာ, သမုဒယသစ္စာ, *n.* one of the four laws or systems of truths.
သမုဒ္ဒရာ (Pali သမုဒ္ဒါ, so called because composed of equal parts of salt and water), *n.* the sea, ocean, ပင်လယ်။
သမုံး (ပင်), *n.* a kind of tree, which is said to grow to the height of about twenty feet, to have slender leaves, white flowers, and a single seeded fruit the size of a cherry. There are two kinds, သမုံးခါး, သမုံ့ချို။
သမဲ, *n.* a young man, လုလင်။
သမဲ့, *n.* the *Avicennia officinalis*, an evergreen tree growing to the height of from twenty-five to forty feet; the leaves are leathery and on the under side present a silvery white appearance; the flowers which are very small, are of a pale yellow ochre color; the radicle of the seed is long and furnished with a thick brush.
သမိုက်, *v.* to mark out, limit (*infreq.*), နယ်သတ်မှတ်။
သမိုင်း, *n.* a history of a pagoda, စေတီကိုသမိုင်း; also applied to other histories, ဝိဋကတ်သမိုင်း, မြို့ရွာသမိုင်း, မြန်မာသမိုင်းရာဇဝင်။
သမြတ်, *see* သားမြတ်, *n.* the breast of a female.
သမ္ဗဇဉ် (*pron.* သမ္ဗဇဉ်) (Pali သမ္ဗဇညံ), *n.* a kind of wisdom or learning, သမ္ဗဇဉ်မည်သောပညာ; သတိသမ္ဗဇဉ်တရား, the law of watchfulness; သတိသမ္ဗဇဉ်ကင်း, သမ္ဗဇဉ်ကောင်း, သမ္ဗဇဉ်ရှိ။
သမ္ပတ္တိ (Pali), *n.* completion, accomplishment, ပြည့်စုံခြင်း, သမ္ပတ္တိစက်; "success, prosperity, glory, magnificence, beauty, attainment." *Childers.*
သမ္ပဒါန်, *n.* the dative case, သို့အား။
သမ္ပယုတ် (Pali), *n.* connection, union, ယှဉ်ခြင်း။
သမ္ဗန်, 1 (Pali), *v.* to connect; to give a meaning, အနက်ပေး။
သမ္ဗန်, 2 (Chinese), *n.* a ship's boat.
သမ္ဗန်တက်မကိုင်, *n.* a cockswain.
သမ္ဗန္ဓ, *n.* the genitive or possessive case.

သဂ္ဂုဏ (*pron.* သဗ္ဗုဏ) (Pali), *n.* a good quality, accomplishment.
သမ္မန် (Eng.), *n.* a summons, တရားမသမ္မန်, ရာဇဝတ်သမ္မန်။
သမ္မန်စာ, *n.* same, ဆင့်ခေါ်စာ။
သမ္မန်ချ, *v.* to serve a summons.
သမ္မန်ထုတ်, *v.* to issue a summons.
သမ္မန်ပေး, *v.* to summon, as a plaintiff.
သမ္မာ (*commonly pron.* သမာ) (Pali), *n.* truth as opposed to error (မိစ္ဆာ); right, rectitude; *comp.* သစ္စာ; *v.* to be right; သမ္မာသောလူ, a righteous man.
သမ္မာဒေဝနတ်, *n.* a good *nat*; *comp.* နတ်မိစ္ဆာ, an evil *nat*.
သမ္မာပတ် (Pali ပါတ, arriving at), *n.* an extraordinary attainment, of which there are several classifications attained by Buddhs and *Rahandas*. It is only when a *rahan* or ascetic is replete with the six kinds of အဘိညာဉ်, and the eight kinds of သမ္မာပတ်, that his prayer to become a Buddh can be fulfilled.
**သယ်**, **1**, *v.* to carry from one place to another, to remove by repeated processes, ပြောင်းသယ်, ဝန်သယ်, စပါးသယ်။
သယ်ပို, *v.* *see the parts*.
သယ်ပိုး (*pron.* ဗိုး), *v.* to remove, to carry from one place to another, ကြည်းဆောင်; to transact business, ရွက်ဆောင်, အမှုသယ်ပိုး။
သယ်ယူ, *v.* same as သယ်။
သယ်, **2**, *int.* wonderful! rather ironical or expressive of disapprobation, သယ်သယ်ဘဲ့နှယ်လဲ, သယ်လူ။
သယမ္ဘူတ (Pali), *n.* intuitive wisdom, သယမ္ဘူတဉာဏ်, သယမ္ဘူတဉာဏ်ရသည်; "one whose knowledge is underived, self-produced; an epithet of the knowledge of a Buddh; self-produced, self-sufficient, independent, *i.e.* self dependent, without a teacher." *Childers*.
သယံ (Pali), *a.* or *adv.* of one's self, unaided, ကိုယ်အလိုလို။
သယံဇာတ (သံ), *n.* a kind of iron supposed to be produced in water; also applied to natural lakes, rocks, etc.; *v.* to come into existence of itself, မိမိအလိုလိုဖြစ်သောထုံး, အိုင်, ကျောက်။
သယံဇာတကန်, *n.* a natural tank; *comp.* လက်ဆည်ကန်။
သယောက်ထား, *v.* to commit adultery, as a woman, မှောက်မထား။
သရ (Pali), *n.* a vowel; ဒီဃသရ, အာ, ဒီ, အူ, အော, or ဩ; ရဿသရ, အ, ဣ, ဥ။
သရက် (ပင်), *n.* the mango, *Mangifera Indica*. Among the many varieties of the mango are အိုးတုတ်, သရက်ငြို, ခိုင်ပေါင်, ဆင်နင်း, တလုပ်ယော်, တောင်စွန်ရင်ကွဲ, ထိပ်ပေါက်, နက်တဲ့, ပါးနီ (*pron.* ပနီ), သရက်ဖြူ,

မင်းကြီးလက်ရိုး, မနော်နှယ်, မရမ်းကြောင်, မယ်တော်လက်သည်း, ရွှေလောတ်စာ, ဝက်ခေါက်, ဝါဆို, တောစာ, မြောတ်ခေါင်း, ရေဝင်, ရွှေပေ., သုံးနှစ်; သီဟိုဠ်သရက်, the cashew.

သရက်ကင်း, *n.* the fruit of the mango in its first state; a kind of plant bearing an edible root; so called from its fragrance resembling that of a young mango; a kind of creeper.

သရက်ခြင်း, *n.* a small basket with transverse prongs inside, attached to a pole, used for plucking mangoes.

သရက်ဆင်ပေါင်, *n.* a choice variety of the mango, ဆင်ပေါင်သရက်။

သရက်ညွန့်, *n.* the extremity of the spleen.

သရက်ထည် (*pron.* ထယ်), *n.* chintz, သရက်ထည်ကြမ်း, သရက်ထည်ချော။

သရက်ထည်ပဏ္ဍု, *n.* cretonne.

သရက်ရွက်, *n.* the spleen, milt.

သရက်သီးနီ, *n.* the *Mangifera longipes*, a species of mango.

သရက္ခန်, *n.* a species of fabulous wood, of delicious scent.

သရစ်ဖူး, *n.* the bud of a leaf, အရွက်ဖူး။

သရဇ္ဈာယ်, *v.* to repeat portions of sacred writings; more extensive than စီးဖြန်း, ကမ္မဝါဒန်းဘာဝနာစီးဖြန်းရွတ်ဘတ်သရဇ္ဈာယ်, နှုတ်ငုံပိဋကတ်မပြတ်ရွတ်ဘတ်သရဇ္ဈာယ်။

သရဏ (Pali), *n.* worship, an act of worship, ကိုးကွယ်ခြင်း. "The assistance derived from the three gems, Buddha, the truth, and the associated priesthood, is called *sarana* (သရဏ), protection;" ဗုဒ္ဓေါမေအညံသရဏံနတ္ထိ, I have no other refuge but Buddha.

သရဏဂုံ (Pali ဂုဏ,အစု), *n.* a compendious form or formula of worship; especially applied to the three formulas with which the priests of Buddh commence worship, *viz.* ဗုဒ္ဓံသရဏံဂစ္ဆာမိ (*pron.* ဗုဒ္ဓမ်းသရဏာမ်းဂစ်ဆာမိ), ဘုရားကိုကိုးကွယ်ပါ၏, I worship (*lit.* adhere to the worship of) Buddha; ဓမ္မံသရဏံဂစ္ဆာမိ, တရားကိုကိုးကွယ်ပါ၏, I worship the Law; သံဃံသရဏံဂစ္ဆာမိ, သင်္ဃာကိုကိုးကွယ်ပါ၏, I worship the Priesthood.

သရဏံ, သရဏာ, *see* သရဏ။

သရတတ်, *v.* to be disrespectful, intrusive, သရတတ်စော်ကား။

သရပတ်, *see* တရပတ်, *n.* a priest's fan (သရပတ် *is colloq.*).

သရဖိ, *n.* a kind of tree, the *Calophyllum longifolium*. The wood of this tree is used for making spars, Burmese lutes, etc.

သရဖုတ်, *n.* a priest's cook house.

သရဖူ, *n.* a crown, royal crown, မကိုဋ်။

သရဖူဝါး, *n.* a kind of bamboo, the *Gigantochloa auriculata*.

**သရမ်း**, *v.* to behave indecently, disgustingly; to behave in an insolent, defiant manner, to be audacious, မိန်းမသရမ်းလို့လင်ငယ်နေသည်, သည်နွှစ်သူခိုးထားပြသရမ်းကြသည်။

**သရဝဏ်**, *n.* the name of a star, သရဝဏ်နက္ခတ်, သရဝဏ်နက္ခတ်နှင့်ယှည်သောဝါခေါင်လ။

**သရိယ** (Pali), *n.* the body, ကိုယ်။

**သရိယဓါတ်**, *n.* the osseous relics of the body of a Buddh or *Rahanda*, သရိယဓါတ်တော်။

**သရိယဗလ**, *n.* bodily strength, ကိုယ်၏ခွန်အား။

**သရီ**, *v.* to pass near by (*obs.*), သီ။

**သရုပ်** (Pali သရူပ), *n.* form, ပုံသဏ္ဍာန်; apparent nature, character, visible characteristic; drift, meaning, သရုပ်ကွဲအောင်ပြော, to speak intelligibly.

**သရုပ်ဆောင်**, *v.* to assume an appearance, အယောင်ဆောင်, မင်းယခုမှလူကောင်းဟန်သရုပ်ဆောင်မနေပါနှင့်။

**သရုပ်ပေါ်**, *v.* to be apparent, ထင်လျှားစွာသရုပ်ပေါ်ပြီးသည့်နောက်ထိမ်ဖုက်စရာမရှိ။

**သရုပ်သကန်**, *n.* apparent nature, character, visible characteristic, သရုပ်သကန်ပေါ်အောင်ပြောသည်။

**သရုပ်သကောင်**, *n.* substance, အကောင်အထည်, မောင်မင်းအိမ်ကိုမိုးရှုံသည့်လူပေါင်းတကျိပ်ထဲက၊ ခေါင်းတည်သည့်လူ မည်သူဖြစ်သည်ကို သရုပ်သကောင်ဘော်ထုတ်၍ပြစမ်းပါ, မေးခွန်းအမိပ္ပါယ်ကိုသရုပ်သကောင်ထုတ်တော်ပါ။

**သရေ**, 1, *see* အသရေ, *n.* character, reputation.

**သရေပွဲ**, *n.* a drawn race, a dead heat; a drawn game at chess; သရေပွဲတိုက်, သရေပွဲထွက်, သရေပွဲဝင်, to result in a drawn race or game, သရေပန်းတိုက်; probably a contraction of အသရေပွဲ, implying that there has been no loss of reputation to either side.

**သရေ**, 2, *see* သားရေ, *n.* the skin of an animal.

**သရဲ**, *v.* to be petulantly wilful, pertinacious; *comp.* အတင်းခံ; to be audacious, bold, ကျားသရဲသည်, ကျီးကန်းတယ်သရဲသည်, သူခိုးသူဖုက်အလွန်သရဲသည်။

**သရော**, 1, *n.* drift on rivers; ဓိုက် is applied to compact masses of drift, သရော to scattered drift.

**သရော**, 2 (Pali, အမှား).

**သရောကျွမ်း**, *adv. intensive to* ပေါမှား, တင်းကျွမ်း, အစားအသောက်ပေါမှားလိုက်သည်မှာ၊ သရောကျွမ်းလို့နေရေ့သည်, သည်ပွဲမှာလူပေါမှားလိုက်သည်မှာ၊သရောကျွမ်းနေရေ့ (*Colloq.*).

**သရောခိုင်း**, *v.* to suffer severe famine, အလွန်အစာခေါင်းပါးသည့်ကာလသရောခိုင်း၍လူအပေါင်းတို့ငတ်မွတ်ကြသည်; သရောကြီးခိုင်း။

သရော်, *v.* to treat with irony, to ridicule, insult, ကရော်ကမည်ပြု, သရော်ချော်, or သရော်ကချော်, သရော်ချော်မဲ့, to make fun of; သရော်ပင့်ခြေ, to flatter ironically; သရော်လို့သာပြောပါသည်၊ မိတ်မဆိုးပါနှင့်။
သရောင်ထား, *see* သယောက်ထား, *v.* to commit adultery, as a woman.
သရောင်း, *see* ရောင်း, 2, *v.* to be very dry, tending to decay, သစ်ပင်ခြောက်လို့သရောင်းနေသည်, မိုဃ်းခေါင်လို့မြေသရောင်းသည်။
သရှိင်, *see* ရှိင်, (*infreq.*), *n.* a mat made of bamboos split and divided flatwise, သရှိင်ထရံကာရံသည့်အိမ်။
သရွတ်, *n.* mortar; when made of mud, မြေသရွတ်; when of a composition of lime, sand, water, etc., အင်္ဂတေသရွတ်; if made of cow-dung, paddy husks, and straw, နွားချေးသရွတ်။
သရွတ်ကိုင်, သရွတ်ကျံ, သရွတ်ချိ, သရွတ်မံ, *v.* to smear with mortar.
သလင်း, *n.* crystal, ကျောက်သလင်း။
သလာ, *n.* a film on the eye, either တိမ်သလာ, or အသားသလာ။
သလာကပ်, သလာဖုံး, သလာလွှမ်း, *v.* to form, as such a film.
†သလာလတတ် (Pali), *n.* rice distributed by lot among priests.
သလား, *v.* to pass, repass, in order to make a display of one's self, လမ်းသလား, အလှမလုပ်မကိုင်လမ်းသလားနေသည့်လူ။
သလိပ်, *n.* phlegm, ချွဲခန်း, သလိပ်အိတ်, သလိပ်ကပ်, သလိပ်ကြည်, သလိပ်ခဲ, သလိပ်ထ, သလိပ်ရွှင်။
သလိပ်တောင်း, *v.* to experience a strong desire to eat or drink acids, သည်းခြေတောင်း။
သလုံး, *n.* the leg from the knee to the ankle, ခြေသလုံး။
သလုံးသား, *n.* the calf of the leg, ခြေသလုံးကြွက်သား။
†သလုံးခွေး, *a.* roan, မြင်းသလုံးခွေး, မြင်းကျား။
သလူ, *n.* a species of palm, the *Licuala peltata.*
သလေး, *n.* *a contraction of* နမသလေး, a kind of rice plant.
သလဲ, 1, *n.* the pomegranate, *Punica Granatum.*
သလဲ, 2, *n.* sand, သဲ, သလဲကြမ်း, သလဲနု။
သလွန်, *see* သာလွန်, *n.* a kind of bedstead, used by people of rank.
သဝက်, *n.* *a corruption of* သူ့ဝှက်, one who plunders from a thief.
သဝင်, *n.* the tree from which the karung oil is extracted.
သဝန်, *n.* a letter, epistle, သဝန်စာ, မေတ္တာစာစိကုံး၍သဝန်စာပါးလိုက်ပါသည်။
သဝန်တို, *see* ဝန်တို, *v.* to be cross, disobliging, to be impatient, irritable, တယ်သဝန်တိုသည်၊ မပေးရက်မကမ်းရက်; also applied to animals, သဝန်တိုသည့်ခွေး၊ စားခွက်နားမလာအောင်ဟိန်းတတ်သည်။
သဝိညာဏက, *see* သဟဝိညာဏက, *n.* an animate substance.

သဝေ, *n.* the name of the symbol ေ, သက်သေနှစ်ယောက်သဝေမခြားထွက်ဆိုကြသည်။
သဝေထိုး, *n.* same; *v.* to write the said symbol.
သဿမေဒ (ငွေတော်), *n.* money levied by royal authority once in ten years (now levied yearly in U.B.). *The thathameda* tax was introduced by King Mindon, first at three rupees for each household, then at six rupees, and lastly at ten rupees, သဿမေဒစည်းကြပ်။
သသေနိယ (Pali), *n.* one who returns evil for good, သသေနိယသဘောရှိသည့်လူ, သသေနိထအကောင်ဘဲ။
သဟက်ခွေး, *n.* a term applied to horses of a dark brown color (supposed to bring ill-luck to the owner).
သဟဇီဝ (Pali သဟ, with, and ဇီဝ, life), *n.* a living substance; *opposed to* နိဇီဝ; သဟဇီဝသဘောမှ နိဇီဝသဘောသို့ရွှေ့ပြောင်းသွားပါသည်, သဟဇီဝသဘောမှနိဇီဝသဘောသို့ပြောင်းကြွပြန်လွန်တော်မူသည်, to die.
သဟန်, *n.* a kind of cloth.
သဟဝိညာဏက (Pali သဟ, with, and ဝိညာဏ, soul), *n.* an animate substance; *opposed to* အဝိညာဏက; သဟဝိညာဏကဝတ္ထု။
သဟာယ (Pali), *n.* associating, ပေါင်းဖော်ခြင်း. *Der.* မိတ်သဟာယ။
သဟာယပြု, *v.* to associate with, လူချင်းအတူတကွသဟာယပြုလုပ်၍နေကြသည်။
သဟာယဖွဲ့, *v.* same, တတိုင်းနိုင်ငံချင်းသဟာယဖွဲ့၍ရွှေလမ်းဖောက်သည်။
သဟဲ, *n.* a person who affords support to another, အမှီ, အမှီတံကဲ, မှီခိုရာ။
သဟဲပြု, *v.* to adhere to, ဆင်းရဲသောသူချမ်းသာသောသူကိုသဟဲပြုသည်။
သဟောက်သဟာ, သဟောက်သဟဲ, *adv.* arrogantly, သဟောက်သဟာပြု။
သံ, 1, *n.* iron; an iron nail.
သံကင်ပစ်, *n.* a gridiron.
သံကောက် (*pron.* ဂေါက်), *n.* a crooked iron; particularly one used as a key; a skeleton key.
သံကောင်း, *n.* steel, သံမဏိ။
သံကျောက်, *n.* iron ore.
သံကြိုး, *n.* a chain; an iron cable; a telegraphic wire.
သံကြိုးအရေးပိုင်, *n.* the Superintendent of the Telegraph Department.
သံကြိုးစက်, *n.* an electro-magnetic telegraph, a telegraphic instrument.
သံကြိုးစာ, *n.* a telegram (ကြေးနန်းစာ *more common*).
သံကြိုးရုံ, *n.* an electric telegraph station.
သံကြိုးရိုက်, *v.* to telegraph; *comp.* နန်းကြိုးရိုက်, ကြေးနန်းရိုက်။
သံကွန်ချာ, သံကွန်ရက်, *n.* iron lattice-work, wire netting.
သံကွပ်, *a.* ironclad.

သံခနောက်, သံခုံထောက်, *n.* a three-legged iron stand, used to support a cooking pot.
သံခမောက်, *n.* a helmet.
သံခမောက်ထိုး, *n.* a crowned helmet.
သံခုတင် (*pron.* ခဒင်), *n.* an iron bedstead.
သံခဲ, *n.* steel, သံမဏိ။
သံခဲတင်, *v.* to point or edge with steel, သံမဏိတင်။
သံချက်, *v.* to smelt iron.
သံချက်ဝန်, *n.* the Chief of Iron Smelters; a title bestowed by the late King of Burma.
သံချပ် (*pron.* ဂျပ်), *n.* mail, whether made with thin plates of iron, or with network.
သံချပ်အင်္ကျီ, *n.* a coat of mail.
သံချပ်ခြေစွပ်, *n.* greaves.
သံချပ်ဖုံး. *n.* a corselet.
သံချိတ် (*pron.* ဂျိတ်), *n.* an iron hook.
သံချေး (*pron.* ဂျည်း), *n.* iron rust; an oxide of iron.
သံချေးတက်, *v.* to rust; သံကိုယ်သံဖျက်သံချေးတက်, said of persons who bring misfortunes on themselves.
သံချောင်း (*pron.* ဂျောင်း), *n.* an iron bar.
သံခြေချင်း, *n.* fetters; *comp.* သံလက်ထိတ်။
သံခွာ, *n.* a horseshoe; သံခွာတပ်, to shoe a horse.
သံချွန် (*pron.* ဂျွန်), *n.* an iron nail.
သံစိမ်း (*pron.* ဇိမ်း), *n.* unwrought iron.
သံဆန်ခါ (*pron.* ဆဂါ), *n.* an iron sieve.
သံဆိပ် (*pron.* ဇိပ်), *n.* the stain of iron in wood.
သံဆိုင်း (*pron.* ဇိုင်း), *n.* the iron rods fastened to the ထီး of a pagoda, to keep it erect, သံဆိုင်းဆွဲ။
သံညှပ်, *n.* a blacksmith's tongs.
သံညွန်း, *n.* a treatise on iron, used by alchemists.
သံတုံး (from အတုံး, a log), *n.* a heavy bar of iron.
သံတူ (*pron.* ဒူ), *n.* a hammer, သံတူနှင့်ရိုက်။
သံတူးရွင်း, *n.* an iron crow, ခရို။
သံတိုသံစ (*pron.* သံဒိုသံဇ), သံတိုမယ်န, *n.* small bits of iron.
သံတိုက်ကျောက် (*pron.* ဒိုက်), *n.* sulphuret of iron, ဗဟန်းကျောက်။
သံတိုင်, *n.* an iron post or pillar; an iron window-bar.
သံတွေ (*pron.* ဒွေ), သံတွေခဲ, *n.* consolidated iron.
သံနန်း, *n.* a watch spring.

သံပတ်ငွေ, *n.* a rattan or cord substituted for an iron band.
သံပုကန့်ပြား, *n.* an enamelled iron plate.
သံပူအပ် (from အပ်, to apply), *v.* to cauterize, burn by the application of a hot iron.
သံပူကပ်, *v.* same as သံပူအပ်။
သံပူခတ်, *v.* to apply a hot iron, in order to brand.
သံပူတိုက်, *v.* to smooth with a hot flatiron.
သံပြား, *n.* sheet-iron.
သံဖို, *n.* a furnace for smelting iron.
သံဖြူ (*pron.* ဖြူ), *n.* a plate of iron covered with tin.
သံဖြူကျောက်တူးတော်, *v.* to work tin.
သံဖြူချက်, *v.* to smelt tin.
သံဖြူချက်ရန်ရုံ, *n.* a smelting house (for tin).
သံဖြူစည်ပုံး, *n.* a tin pail, ရေပုံး။
သံဖြူပုံး, *n.* a tin canister.
သံဘီး, *n.* a currycomb.
သံမဏိ, *n.* steel; သံမဏိတင်, to edge with steel.
သံမိးကျည်, *n.* a bombshell; a nickname facetiously given to persons of quick and irascible temper.
သံမီးဖို, *n.* an iron stove; a fire pan.
သံမှို, *n.* an iron nail with a large flat head; an arrow; a spike.
သံမျှော့, *n.* a clincher.
သံယက်, *n.* a calking iron; a mason's trowel.
သံယက်ထိတ်, *n.* irons, manacles.
သံလုံး, *n.* an iron wire nail.
သံလိုက်ကျောက်, *n.* a lodestone, magnet.
သံလိုက်အပ်ချောင်း, *n.* a magnetic needle.
သံသေတ္တာ, *n.* an iron box or safe.
သံ, 2 (from အသံ, a sound), *used in composition.*
သံအထက်, *n.* a high sound or note.
သံအောက်, *n.* a low, bass, or grave sound.
သံကောက်, *n.* a singer who leads the chorus; သံကောက်ချက်, the burden of a song, a theme in music.
သံချပ်ထိုး (*pron.* ချပ်), *v.* to sing in chorus.
သံစုံစောင်း, *n.* a pianoforte.
သံစုံသေတ္တာ, *n.* an organ (musical); a music box.
သံညောင်း, *n.* a soft, gentle sound.
သံတိုင် (from အတိုင်, a warp), *n.* the one who sings the main part of

a song, as distinguished from the chorus; one who leads a choir, a chorister, သီချင်းတိုင်သောသူ, သီချင်းသံပေးသောသူ။
သံပ. v. to boast, ကြွားဝါး။
သံပို့, n. a musical note.
သံပို့ခြမ်း, n. a quarter note, တမတ်သံပို့။
သံပို့တန်း, n. a musical staff.
သံပို့ရှေ့ကပေါက်, n. a dotted note.
သံပို့လုံး, n. a whole note, တကျပ်သံပို့။
သံပို့ဝက်, n. a half note, ငါးမူးသံပို့။
သံပေါက်, n. verse in which the lines are alternately equal and unequal, သံပေါက်ချင်း။
သံပြိုင်, သံပြိုင်ဆို, v. to sing together.
သံလေး, n. a fine, gentle sound.
သံလွင်, n. a clear, shrill sound; a pair of metal cups played together, smaller than လင်းကွင်း။
သံ, 3, n. an ambassador, envoy from one government to another, ဓမ်းသံ။
သံစေ, သံလွှတ်, v. to send an envoy.
သံဆန့်, သံတက်, v. to proceed on an embassy.
သံတမန်, n. same as သံ; သံတမန်အတတ်, diplomacy.
သံတဲ (*pron.* ဒဲ), n. a residency, the quarters alloted to an ambassador.
သံ, 4, n. a worm bred in the body, သံကောင်။
သံကျ, 1, သံထွက်, v. to be expelled, as worms from the body.
သံကျ (ပင်), 2, n. a kind of tree; it is said to derive its name from its root being considered a vermifuge, as is the bulb of the ပုတတ်စာ။
သံချအားတိုးဆေး (*pron.* သံကျအားဒိုးဆေး), n. a tonic vermifuge.
သံချဆေး, n. vermifuge, ပင်မိမ်းရှိင်းနှင့်ထန်းလျက်ရောလျှင်၊ ကျွဲ၊ မြင်းများနွှဲသံကျစေတတ်သည်၊ မကျလျှင်၊ ဩဇာရွက်ပါရောထောင်းရမည်။
သံဆေး, n. same as သံချဆေး။
သံထ, v. to be troubled by the presence of worms.
သံမှို, n. the bamboo fungus, used as a vermifuge.
သံထည်, n. a disorder occasioned by worms, causing dogs and fowls to continue turning round till they die.
သံ, 5, n. a certain class of shells.
သံကလေး, n. a species of bubble shell, *Bulla vellum*, ခရုသံကလေး။
သံကြီး, n. a species of *Pyrula*, ခရုသံကြီး; *comp.* ဝက်တောင်း။
သံဃာ, *see* သင်္ဃာ, n. a member of the priesthood of Buddh; the clergy.
သံတောင်, n. a standard cubit, equal to nineteen and one half inches.
သံတော် (from အသံ), n. the royal voice; *used in composition.*

သံတော်ဦးတင်, *v.* to speak to, to supplicate or report to, a king, ရှေ့နေ၊ တော်ကြားအောင်သံတော်ဦးတင်။

သံတော်ခံ (*pron.* ဂံ), *n.* a certain ceremonial officer. "The two *thandawgans* or receivers of royal letters, were ceremonial officers. Three times a year the king held a durbar called a *kadaw pwe* (ကန်တော့ပွဲ), which literally means 'beg-pardon festival;' at this festival all high officials and feudatory chiefs who could attend, were present and did homage to the king; those who could not attend, sent letters which it was the business of the *thandawgans* to read." *Pilcher*.

သံတော်ဆင့် (*pron.* ဇင့်), *n.* an officer of the court who received and transmitted the king's orders, a royal herald.

သံဒေ. *n.* the *Stereospermum neuranthum*, a tree growing to the height of from forty to sixty feet, shedding its leaves in the hot season; its flowers are conspicuous, of a very pale lilac or bluish white color, with dark, purple veins.

သံဓိဋ္ဌာန်, *see* သန္နိဋ္ဌာန်, *n.* settled opinion or purpose.

သံပချိပ်, *n.* a kind of tree.

သံပုရာ (ပင်), *n.* the lime tree.

သံပုရာခွံ, *n.* a close cap, skull cap, သံပုရာခွံဆောင်း။

သံပုရာမိုင်း, 1 (*pron.* သံဗယာမိုင်း), *n.* a small metal pot or pan spreading at the top.

သံပုရာမိုင်း, 2, *n.* the double starfish, of which there are two kinds, the white and the brown.

သံဘက်, *n.* a kind of monster, between a တန်ဆွေ and a ဘီလူး, သားရဲ။

သံဘန်, *see* သမ္ဗန် (Chinese), *n.* a ship's boat.

သံယုဂ် (Pali သံယောဂ), *n.* a junction (*Gram.*).

သဲပြင် (*pron.* ဗြင်), *n.* a sandy plain.

သဲပွက် (*pron.* ဗွက်), *n.* **a swell of water mixed with sand, သဲပွက်ထ, ရေဘယ်လောက်နက်သည်တိမ်သည်ကိုသိရအောင်၊သဲပွက်ကိုကြည့်ရမည်။**

သဲဖုတ်, *n.* a sandy plain.

သဲမျက်ဆန်ကြောင် (from မျက်ဆန်, **the pupil of the eye), *n.* coarse, glistening sand,** သဲမျက်ဆန်ကြောင်နှင့်အင်္ဂတေလုပ်, **သဲမျက်ဆန်ကြောင်နှင့်အိမ်** တိုင်တွင်းဥ္ဓိလောင်း။

သဲမြွေဗွေး, *n.* a species of Russell viper, poisonous (but not usually fatal).

သဲသုံး, *n.* a grain of sand.

သဲ, 2, *see* သည်း, 1 (from **အသည်း**, the liver).

သဲ, 3, *v.* to be noisy; *used only in adverbial forms.*

**သဲသဲ**, *adv.* noisily, loudly, rather indicative of a heavy murmuring sound, and implying that it is heard from some distance, ဝိုသံသဲသဲကြား, မိုဃ်းသံသဲသဲသဲသဲကြား, လူသံသဲသဲကြားသည်။

သဲသဲအိမ့်အိမ့်, မောင်းသံသဲသဲအိမ့်အိမ့်; သဲသဲအုတ်အုတ်, တမြို့လုံးသဲသဲ**အုတ်အုတ်** ဖြစ်သည်; သဲသဲအုန်းအုန်း, လှိုင်းဂရက်သံသဲသဲ**အုန်းအုန်းကြား**သည်။ပင်လယ် **နှင့်**နီးလိမ့်မည်; သဲသဲဖြိမ့်ဖြိမ့်, ပုံကြီးသံညံ့မစဲသဲသဲဖြိမ့်ဖြိမ့်ညံ့လေ့; သဲသဲဗြိမ့်ဗြိမ့်; သဲသဲစီစီ, သဲသဲစီစီလူသံကြားသည်; သဲသဲညံ့ညံ့, သဲသဲညံ့ညံ့လူသံကြား သည်; သဲသဲရုတ်ရုတ်, တမြို့လုံးလန့်လို့၊သဲသဲရုတ်ရုတ်ညံ့နေသည်; သဲသဲသိမ့်သိမ့်; သဲသဲသောင်းသောင်း, *adverbs*, in meaning similar to သဲသဲ။

သဲသဲတုန်, *v.* to be agitated with fear; spoken of a multitude, လူကြီးလူငယ်သဲသဲတုန်ထိတ်လန့်ကြသည်။

သဲသဲဘုန်ရိုက်မှ, *adv.* of similar import; also said of persons who are

wonder-struck, struck with admiration, သဲဘုန်ရိုက်၊ဘုံ့ဩချီးမွမ်းကြသည်။

†သဲကွဲ, *v.* to be distinguishable, discernible; to be plain, as meaning, သည်လူနှစ်ယောက်ပိုသဏ္ဍာန်သဲကွဲအောင်ပြောစမ်းပါ။

သဲခွဲ, *v.* to distinguish, discern, discriminate, particularize, သည်အကြောင်းကိုမသဲခွဲနိုင်ပါ, လူသံနှင့်ခွေးသံကျွန်တော်မသဲခွဲနိုင်။

သဲသဲကွဲကွဲ, *adv.* clearly, distinctly, in a manner to enable one to understand, ခင်ဗျားစကားသဲသဲကွဲကွဲရှိပါပေသည်။

သဲ့, 1, *v.* to skim, take off by skimming, အပေါ်ယံကသဲ့ယူသည်, နို့ပေါ်မှာမလိုင်ကိုဇွန်းနှင့်သဲ့ယူသည်။

သဲ့သဲ့, *adv.* faintly, weakly; hence တသဲ့သဲ့, moderately; လူသံလိုလိုသဲ့သဲ့ကြားသည်, စကားတသဲ့သဲ့ပြောသည်, တသဲ့သဲ့သွားသည်။

သဲ့, 2, *int. of praise or irony, prefixed to nouns*, သဲ့လူမင်းမကြားဘူးလား, သဲ့လူမရှက်ဘူးလား, (*probably a corruption of* သယ်).

သော, 1 (သ like *th* in *the*), *verb. affix*, connecting the verb with a subsequent noun; *see Gram. sec.* 114.

သော, 2 (သ like *th* in *thin*).

သောခနဲ (*pron.* ဂနဲ), *adv.* all at once and with noise, သောခနဲငို။

သောသော, *adv.* loudly, noisily; all at once and with noise, ရေသောသောသောသောနှင့်တက်လာသည်, လူသံသောသောကြားသည်။

သောသောအုတ်အုတ်, same as သဲသဲအုဒ်အုဒ်; သောသောအုန်းအုန်း, same as သဲသဲအုန်းအုန်း, သောသောညံညံ, same as သဲသဲညံညံ, *adv.* noisily, tumultuously.

သောသောဖြဖြ, *adv.* altogether in a hurry, ညီညာဖြဖြ, ညီညီညာညာသောသောဖြဖြကူညီလုပ်ကြသည်။

သောက်, *v.* to drink; to smoke, ဆေးလိပ်သောက်။

သောက်ရစ်စဝ, *adv.* in a drunken manner.

သောက (Pali), *n.* anxiety, စိုးရိမ်ခြင်း; ဇွာပါသောကမီး, burning anxiety.

သောကကြီး, သောကများ, *v.* to be very anxious, have many anxieties and cares.

သောကစိုက်, *v.* to be regarded as an object for anxiety; to be concerned for.

သောကပွား, *v.* to be overwhelmed with anxiety and troubles.

သောက်တော်ရေ, *n.* water offered in worship, a drink-offering; water for the use of the King, ဘုရားသောက်တော်ရေ။

သောက်ရည်, *n.* drink, liquid to be drunk.

†သောက်ကြာ, *n.* the planet Venus, the sixth day of the week, Friday, သောက်ကြာနေ့, ကြာနေ့; သောက်ကြာသား၊သမီး, a male or female child born on a Friday; *see* ဗုဒ္ဓဟူး။

သောက်ရူ. *n.* a brilliant star; used as a figure in poetry, တပြောင်ပြောင် တလက်လက်သောက်ရူကြယ်ကဲ့သို့အရောင်ထွက်သောဗိမာန်ကြီးရှင်။
သောင်, **1,** *n.* a sand bank, a shoal.
သောင်ခံ, *v.* to bar or obstruct navigation, in a main river, creek or arm of the sea, as a sand bank.
သောင်ခုံ, *n.* same as သောင်။
သောင်ငူ, *n.* the point of a sand bank.
သောင်တင်, *v.* to ground on a sand bank, as a ship or boat, ဒီးသင်္ဘော သောင်တင်, လှေသောင်တင်။
သောင်ထိပ် (*pron.* ဒိပ်), *n.* a sand bank covered with water, a shoal.
သောင်ထွန်း, သောင်ပေါ်, *v.* to form, as a sand bank.
သောင်ပြင် (*pron.* ဖြင်), *n.* a sand flat.
သောင်, **2,** *v.* to be hardy, stout, sturdy, မာ, သောင်မာ, သောင်သောင်မာ မာ; usually applied to convalescent persons, တခါသောင်မာပေပြီ၊မသေ နိုင်ဘူး; also used with reference to those in good health, သောင် သောင်မာမာရှိကြပါ၏လား။
သောင်တင်း (ငှက်), *n.* a kind of bird resembling a gull.
သောင်, **3,** *v.* to be stunted, dwarfish, လူသောင်ကလေး။
သောင်း, **1,** *v.* to be unproductive, အသီးအနှံသောင်း; to be barren, impotent; applied both to human beings and animals, သားသွီးသောင်း။
သောင်းဖျင်း, *v. see the parts;* အသီးအနှံ သောင်းဖျင်း။
သောင်း, **2,** *v.* (*obs.*), ကသောင်းကနင်း။
သောင်းကျန်း, *v.* to be rough, harsh, violent in speech, ကြမ်းထမ်း, အ ပြောအဆိုသောင်းကျန်း, နှုတ်သောင်းကျန်း; to be in a state of uproar, anarchy, civil war; to be overrun with thieves and brigands, တိုင်း ပြည်သောင်းကျန်း, သူခိုးထားပြသောင်းကျန်း; to be troublous, as the times, ကာလသောင်းကျန်း; to revolt, rebel, ပုန်ကန်။
သောင်းပြောင်း (*pron.* ပြောင်း), *adv.* all together, in the lump, the good and the bad without distinction, promiscuously, အရောရောအနှောနှော, ခင်ဗျားသစ်တောင်သောင်းပြောင်းဘယ်ဈေးရောင်းပါမည်လဲ; *comp.* ဝုတ်ပြတ်။
သောင်းပြောင်းမှု, *n.* a miscellaneous case.
သောင်းသောင်း, *adv.* loudly, noisily, in large numbers, in crowds.
သောင်းသောင်းသဲသဲ, *adv.* same, ခိုဿးသံလေသံသောင်း သောင်းသဲသဲကြား သည်, လူသံသောင်းသောင်းသဲသဲရှိသည်။
†သောင်းကောဋိ, *n.* a quintillion.
သောတ (Pali), *n.* the ear.
သောတပသာဒ, *n.* the organ of hearing.
သောတရုံ, *n.* sound heard.

**သောတဝိညာဉ်**, *n.* ear-consciousness.
**သောတာပတ္တိ** (Pali), *n.* the first state attained by an *ariya* (အရိယာ).
**သောတာပတ္တိဖလဋ္ဌာန်**, *n.* one who has attained the reward of said state.
**သောတာပတ္တိဖိုလ်**, *n.* the reward, or fruition of said state.
**သောတာပတ္တိမဂ်**, *n.* the duties of said state.
**သောတာပတ္တိမဂ္ဂဋ္ဌာန်**, *n.* one who has performed the duties of said state.
သောတာပန်, *n.* same as သောတာပတ္တိ။
သောတာယတန (*pron.* ယဒန) (Pali သောတ. and အာယတန), *n.* the faculty of hearing, သောတာယတနထိုက်, သောတာယတနဖွဲ့။
သောဠသ (Pali), *a.* or *n.* sixteen, ဆယ်ခြောက်, ၁၆။
သောဠသပြည်, *n.* the sixteen countries comprised in ancient India, သောဠသတဆယ်ခြောက်ပြည်။
သောဠသမ, *a.* the sixteenth, ဆယ်ခြောက်ခုမြောက်။
သော့, 1, *n.* a key; a lock.
သော့အိမ်, *n.* a lock.
သော့ကိုင် (*pron.* ဂိုင်), *n.* a turnkey; a doorkeeper.
သော့ကျင်, *n.* the bolt of a lock.
သော့ခတ်, *v.* to lock, fasten with a lock.
သော့ခလောက်, *n.* a padlock.
သော့စက်သွား, *n.* a check in a lock.
သော့တွဲ, *n.* a bunch of keys.
သော့ပဝါ, *n.* a handkerchief to which keys are attached.
သော့ပေး, *v.* to wind up a clock or watch, နာရီသော့ပေးလိုက်ပါ။
သော့ပေါက်, *n.* a keyhole.
သော့ဖွင့်, *v.* to unlock.
သော့မျောက်မြီး, *n.* a spring bolt.
သော့, 2, *v.* to be quick, rapid, ဆော, မြန်, လျင်; *used adverbially*; အလုပ်ကိုသော့လုပ်, တက်ကိုသော့လျှော်, မောင်းကိုသော့သော့တီး; သော့လက်ရေး, a running hand (in writing). *Der.* အသော့။
သော့, 3, *v.* to be unsteady, foolish, given to foolish jesting; to be dissolute (*not used singly*).
သော့သွပ်သွပ်, *adv.* foolishly, တယ်စိတ်မနှံ့ဘူး၊သော့သွပ်သွပ်ရှိသည်; also applied to the flesh, when it has a bloated appearance, အသားအရေသော့သွပ်သွပ်ရှိသည်။
သော့သွမ်း, *v.* same as သော့; သွမ်းသော့; has the same meaning as သရမ်း, with the additional idea of being dissolute; *often combined with* ဟော့ရမ်း, သော့သွမ်းဟော့ရမ်းသောကျွန်ပေါင်းခုနစ်ရာနှင့်တကွ၊ တိုင်းပြည်ကနှင်ထုတ်လိုက်သည်. တယ်သော့သွမ်းဟော့ရမ်းသည့်ကာလသား။

**သော်, 1** (သ like *th* in *thin*), *n.* a Chinese coin, သော်ပြား။

**သော်, 2** (သ like *th* in *the*), *verb. affix, continuative,* same as လျှင်; *see Gram. sec.* 109.

**သော်ကား** (*pron.* ဂါး), *verb. affix, equivalent to* မူကား, မိန့်တော်မူသော်ကား, ဟောတော်မူသော်ကား။

**သော်လည်း,** *verb. affix,* though, notwithstanding, မချည်း (*pron.* ဂျည်း); it sometimes means, either, or, *e.g.*, ရွှေထီးရွှေနန်းကိုသော်လည်း၊ ပေးအပ်မည်လော, စစ်ပွဲသော်လည်းပြိုင်ဆိုင်မည်လော; *in colloq.*, ပေ, *or* ဗေဒယ်လို့ *in the present, and* ပေမည် (*pron.* မယ်) လို့ *in the future, tenses, are more frequently used than* သော်လည်း, *e.g.*, သွားပေဒယ်လို့ *or* သွားပေမည်လို့တွေ့မည်မထင်ပါ; *in colloq.* ပေဒယ်လို့ *is used immediately following verbs ending in* က်, စ်, တ်, *and* ပ်, *e.g.*, ခိုက်ပေဒယ်လို့, စစ်ပေဒယ်လို့. ယပ်ပေဒယ်လို့; *after other verbs, pron.* ဗေဒယ်လို့; *see* သည်, **5.**

**သော်လည်းကောင်း** (*commonly written* သော်၎င်း, *or* သော်ငို), *conj.* either, or, *repeated at the close of successive clauses,* နီးသော်၎င်း၊ ဝေးသော်၎င်း၊အကြောင်းမဟုတ်၊မေတ္တာရှိသည်သာပဌာန။

**†သော်က** (ပင်), *n.* the *Amherstia*; *comp.* အသော်က, and အသော်ကဖို။

**သော်မှော်,** *n.* a certain ornamental work on a rich mattress.

**သို, 1,** *n.* the penis, လီး; applied to animals.

**သို, 2,** *v.* to put by, lay up, treasure, store, ဥစ္စာပစ္စည်းသို; အကြံအစည်သို, to plan in secret; စကားသိုပြော, to speak in a mysterious manner; အမြီးသို, to put the tail between the legs, as a cat, dog, etc., ခွေးအမြီးသို။

သိုထား, သိုမှီး, *v.* same, အသိုရှိသည့်အခါအလွယ်တကူရနိုင်အောင်ဥစ္စာပစ္စည်းများကိုသိုထားသည်, ဥစ္စာပစ္စည်းကိုသိုမှီးသိမ်းဆည်းထားသည်။

သိုဝှက်, သိုသိပ်, *v. see the parts*; အမှုကိုထိမ်ချန်သိုဝှက်၍ထားသည်, မိမိတတ်သောပညာကိုအခြားသူမတတ် မသိအောင်သိုသိပ်ထားသည်။

သိုက်, 1, *n.* a prophecy relating to the affairs of the present world, ဘုရားသိုက်, သိကြားသိုက်, သာသနာသိုက်, ဘုရားသိုက်ပေါ်. သိုက်တံတောင်။

သိုက်, 2, *n.* a secret depository of treasure (indicated in writing), သိုက်စာဘတ်ရာနားထောင်ပါ၊ဥစ္စာရနိုးနိုး။

သိုက်ကန်း, *v.* to be empty, destitute of treasure, as such depository.

သိုက်စာ, သိုက်ညွှန်း, *n.* a writing indicating the place of a secret depository.

သိုက်ဆရာ, *n.* an expert in the knowledge of localities of secret depositories.

သိုက်တူး, *v.* to dig for treasure, as directed by the writings termed သိုက်စာသိုက်ညွှန်း။

သိုက်လိုက်, *v.* to search for treasure according to the directions of such a writing, ဘုမ္မိရတ်လိုက်။

သိုက်, **3**, *n.* a species of bamboo, သိုက်ဝါး, the *Bambusa tulda.*

သိုက်တူမြင်တူဝါး, *n.* a species of bamboo resembling both the သိုက် and the မြင်; သိုက်ဝါးပိုး, the *Bambusa Kingiana.*

သိုက်မြိုက်, *v.* to be decent, to behave or dress with propriety and self-respect, တင့်တယ်, လျောက်ပတ်; to be well arranged, အခင်းအကျင်းသိုက်မြိုက်, အစားအသောက်သိုက်မြိုက်, အနေအထိုင်သိုက်မြိုက်။

သိုင်း, **1**, *n.* a rod carried before food prepared for the King or certain privileged persons; မင်းကြီးစားတော်အုပ်ကိုသိုင်းကိုင်၍လာသည်, ရွှေသိုင်းနောက်သိုင်း, တုတ်သိုင်း။

သိုင်းက, *v.* to brandish, to fence.

သိုင်းကစား, *v.* same as သိုင်းက။

သိုင်းကွက်, *n.* squares on which fencers are to step according to rule, သိုင်းကွက်နင်းကသည်။

သိုင်းတတ်, *v.* to be skilled in fencing, သိုင်းကောင်း။

သိုင်းရိုက်, *v.* to brandish, to fence, သိုင်းကစား။

သိုင်း, **2**, *v.* to pass a rope or garment around something (either loosely or lightly) and secure the ends, သိုင်းတင်, ပဝါကိုသိုင်းခြုံ။

သိုင်းထူး, *v.* to hopple, ခတ်ထူး, ထူးခတ်သည်။

သိုင်းဝိုင်း, *v.* to do in a certain order, and with a regard to usages, forms, and ceremonies; to make preparation for some expected contingency, လုပ်မည်ကြံသိုင်းဝိုင်းနေသည်ကအလွန်ကြာသည်။

†သိုင်း (ပင်), **3**, *n.* the *Calamus erectus*, an evergreen, low, erect, tufted palm, growing to the height of from twelve to eighteen feet, having leaves, or fronds from eight to twelve feet long. The petioles and sheaths are armed with sharp spines; the drupes are a glossy brown.

သိုရင်းအင်္ကျီ, *n.* a full-sleeved gown, formerly worn by Burmese ministers when attending at the Palace or *Hluttaw.*

သို့, **1**, *pron. a.* such. *Der.* ဤသို့, သည်သို့, ထိုသို့, ယင်းသို့, အဘယ်သို့, အကြင်သို့, ကဲ့သို့။

သို့တည်းဖြစ်သောကြောင့်, သို့ဖြစ်၍, သို့မို့ကြောင့်, *verbals, equivalent to the conjunction,* therefore.

သို့မဟုတ်, *conj.* or, otherwise.

သို့ရာတွင်, သို့သော်လည်း, *verbals, equivalent to the conjunctions,* yet, nevertheless, but, သို့သော်ငြားမချည်း (*pron.* ဂျည်း); သို့ရာတွင်ကို, howbeit.

သို့, **2**, *n. affix,* towards, into, unto; according to; at.

သိုး, **1**, *n.* a sheep; a hat, သိုးဆောင်းပေါင်းဘိဝတ်. a term applied to Europeans collectively.

သိုးကျောင်း, *n.* a shepherd.

**သိုးခမောက်**, *n.* a hat; **သိုးသေတ္တာ**, a hatbox.
**သိုးစင်**, *n.* a wether; **သိုးမ**, a ewe.
**သိုးထိန်း**, *n.* a shepherd.
**သိုးမွေး**, *n.* wool.
**သိုး**, 2, *v.* to be incipiently putrid; to be stale, rancid, **ထမင်းသိုး**, **မုန့်သိုး**, **ထောပတ်သိုး**; applied to cooked food, **ထင်းသိုး**, **ပုပ်စပ်**; to be stale, as news, **သတင်းသိုး**; to be sullen, not disposed to speak, **မျက်နှာအောက်သိုးသိုး**, **အောက်သိုးသိုးနေသည်**, **မျက်နှာမှုန်ကြီးနှင့်သိုးတိုးတိုးနေသည်**; to smell stale, as damp clothing, **အင်္ကျီသိုး**, **ပုဆိုးသိုး**, **ချွေးမခြောက်ဘဲပုဆိုးအင်္ကျီခေါက်ထားလို့သိုးနေသည်**; **မသိုးသင်္ကန်း**, a priest's garment woven within the period of a single night during the festival of the **ကထိန်**, which takes place on the full moon of Tazaungmon; strictly speaking only offered by kings. *Der.* **အသိုး**။
**သိုးကျိုးကျား**, *adv.* sullenly (*rare*).
†**သိုးကာသီးကာ** (*pron.* **သိုးဂါသီးဂါ**), *adv.* same as **သိုးသိုးသီးသီး**, but is also sometimes applied to language, when it means allusively, hintingly, **သိုးကာသီးကာသာပြောသည်၊ထင်ရှားအောင်မပြောပါ**။
**သိုးသိုးသန့်သန့်**, *adv.* indistinctly heard, scarcely audible; applied to hearing distant sounds, **လူသံလိုလိုသိုးသိုးသန့်သန့်ကြားသည်နားထောင်စမ်းပါ**; or low, indistinct, vague rumors, **သတင်းသိုးသိုးသန့်သန့်ကြားသည်**; **မသိုးမသန့်**, disgustedly, **စိတ်နှလုံးမသိုးမသန့်ရှိသည်**, **ပုကန်ခွက်ယောက်ညစ်ပတ်လို့၊စိတ်မသိုးမသန့်ရှိသည်**။
**သိုးသိုးသီးသီး**, *adv.* nearly, not quite, **မြင်းနှစ်စီးပန်းဝင်မှာတယ်မကွာလှကြဘူး၊သိုးသိုးသီးသီးတူကြသည်**။
**သွက်**, *v.* to be not sticky, not adhesive, **မစေး**; to be thin, rare, as liquid, **ကြည်း**; *opposed to* **ပျစ်**; to be loose, not sticking together, as dry (clean) clothes, hair, etc., **ချွေးမရှိလို့အဝတ်သွက်သည်**, **မထိုင်း**; to be fluent, voluble, **အပြောအဆိုသွက်**, **စကားသွက်**; *opposed to* **လေးကန်သည်**; to be easily split, as wood or bamboo, **သစ်သားသွက်လို့ခွဲလွယ်သည်**, **တယ်သွက်သည့်ဝါး၊အလွယ်တကူနှင့်ကွဲသည်**; *opposed to* **ကပ်**, *and* **စေး**; to be brisk, as the market, **ဈေးသွက်**, **ဝယ်သူကျလို့ဈေးသွက်သည်**; *opposed to* **ဈေးထိုင်း**။
**သွက်ချာ**, **သွက်သွက်ချာချာ**, *adv.* revolvingly, **ချားရဟတ်သွက်ချာလည်**, **သည်သူသွက်ချာလည်အောင် ရှုးသည်**, **သဘော်စက်သွက်ချာလည်အောင်နှုပ်သည်**; applied also to words of dizziness, giddiness, **မူးလွန်းလို့ခြေကြီးသွက်သွက်ချာလည်နေသည်**; *see* **ချာချာ**။
**သွက်လွက်**, *v.* to be fluent, voluble, **စကားသွက်လွက်**, **စကားသွက်သွက်လွက်လွက်ပြော**; also used in the same sense as **သွက်**, as regards

liquids, clothes, hair, the market, ချွေးသွက်သွက်လွှက်လွှက်ထွက်,ရေသွက်သွက်လွှက်လွှက်စီး, အဝတ်အစားသွက်သွက်လွှက်လွှက်ရှိ, ဈေးသွက်သွက်လွှက်လွှက်ရှိ, သွက်သွက်လွှက်လွှက်ရောင်း။

သွက်သွက်, *adv.* thinly, rarely, as curry cooked with much water, ဟင်းကိုအရည်သွက်သွက်လွှက်လွှက်ချက်သည်, ဟင်းမှာအရည်သွက်သွက်နေသည်; gurglingly, ရေသံသွက်သွက်မြည်; clinkingly, jinglingly, as money, ငွေသံသွက်သွက်မြည်သည်; သွက်သွက်လှုပ်, to flicker; fluently.

သွက္ကျာတော, *n.* a fool; one who is very much deranged.

သွက်ချာပါဒလေ, *n.* a pestilential wind said to occasion paralytic diseases, အကြောရှောက်လေ, သွက်ချာပါဒလေစွဲ, သွက်ချာပါဒလေဘမ်း။

သွင်သွင်, *adv.* limpidly; တသွင်သွင်, gurglingly; သွင်သွင်မြည်, to gurgle, တောင်ပေါ်ကရေတသွင်သွင်စီးကျသည်; twinklingly; တသွင်သွင်မြည်, to tinkle; သွက်သွက်။

သွင်း, *v.* to put into, cause to enter; *comp.* ထည့်; ကန်ကိုရေသွင်း, ငွေသွင်း, စာတိုက်သို့စာသွင်း, ဆင်ကိုကျုံးသွင်း, နွားကိုခြံသွင်း, မြင်းကိုဇောင်းသွင်း။

သွင်းခဲ့, *v.* to bring in, to put in.

သွင်းဆက်, *v.* to present to a ruler; ဆက်သွင်း။

သွင်းပေး, *v.* to introduce.

သွတ်, 1, *n.* blood that collects and tends to putrefaction.

သွတ်နာ, *n.* *surra*, a disease of horses.

သွတ်, 2, *v.* to put into, generally implying a small opening; စာအိတ်သွတ်, to enclose a letter in an envelope; အပ်ပေါက်သို့အပ်ကြိုးသွတ်, ခံတွင်းသို့ထမင်းလုပ်ကိုသွတ်, ခြံတွင်းသို့ဆိတ်သွတ်, နားကိုက်လျှင်နားထဲသို့ဆီသွတ်, ဘူးထဲသို့ဆီသွတ်။

သွတ်သွင်း, *v.* same (*more common*); to initiate, ရင်ဝယ်သားကိုသာသနာတော်တွင်းသွတ်သွင်းချီးမြှင့်သည်။

သွတ်, 3, *v.* to be bloated; *used adverbially in combination with* ဖော, ဖောင်း, and တွပ်, တကိုယ်လုံးသွတ်တွပ်တွပ်နေ, မျက်နှာသွတ်တွပ်တွပ်ရှိ, သေ၍နှစ်ရက်သုံးရက်ကြောက်လျှင်၊အလောင်းသွတ်ဖောင်းဖောင်းရောင်။

သွတ်တပတ် (ပင်) (*pron.* ဗတ်), *n.* a kind of tree which grows at Tunte, the *Achras sapota*; the sapodilla plum. Formerly the fruit of this tree was reserved exclusively for the King of Burma.

သွန်, 1, *v.* to pour out, spill, shed; *comp.* သွန်း; ထမင်းသွန်, ရေသွန်, ဟင်းသွန်; to pour, as rain, မိုးသည်းသွန်ရွာ; to empty, as money out of a bag, အိတ်ထဲကငွေသွန်ပြ။

သွန်သင်, *v.* to instruct, communicate information, ပြသ; *comp.* ဆုံးမ, and ပဲ့ပြင်; မလိမ္မာသောသူငယ်များကိုလိမ္မာယည်ကျေးစေခြင်းငှါသွန်သင်ဆုံးမသည်, ကျွန်တော်မလိမ္မာသည်များကိုကြည့်ရှု၍သွန်သင်ပြသပါ။

သွန်, 2, *v.* to be inefficient, destitute of the principle of vitality, and incapable of coming to maturity (မအောင်); applied particularly to eggs and bulbous roots; *comp.* ဖွင်း; ကြက်ဥသွန်, ကစွန်းဥသွန်, မုန်လာဥသွန်; *also combined with* ဖျင်း, စပါးသွန်ဖျင်း, မြေညံ့လို့အသီးအပင်သွန်ဖျင်းသည်, လိပ်မကြီးသေလို့လိပ်ဥများသွန်ဖျင်းကုန်ပြီ။

သွန်း, 1, *v.* to pour upon, as from a small aperture and with care or ceremony, in less quantity than လောင်း; *comp.* သွန်; ပန်းပင်များကိုရေသွန်း, ရေသွန်းပွဲ။

သွန်းလောင်း, *v.* same.

သွန်း, 2, *v.* to cast, by pouring liquid metal into a mold, အမြောက်သွန်း, အလေးသွန်း, ခေါင်းလောင်းသွန်း, ဆင်းတုတော်သွန်း, ဘုရားသွန်း။

သွန်းသွန်း, *a.* or *adv.* high and slender (*rare in colloq.*).

သွပ်, 1, *n.* zinc, သွပ်မြူ, သွပ်ဝါ။

သွပ်ကျောက်, *n.* zinc ore, calamine.

သွပ်ဒုတ္တာ, *n.* white vitriol, ဒုတ္တာမြူ။

သွပ်ပြား, *n.* a thin sheet of corrugated iron, covered with zinc, for roofing purposes.

သွပ်ပွင့်, *n.* tutty, an impure protoxide of zinc.

သွပ်မိုး, *v.* to roof with corrugated iron sheets.

သွပ်ရှိုင်း, *n.* spelter.

သွပ်, 2, *v.* to be slightly deranged စိတ်ပေါ့, နှမ်းသည်; *less than* ရူး, စိတ်ပေါ့လို့သွပ်တွပ်တွပ်ရှိသည်။

သွမ်း, *v.* to be unsteady, foolish in conduct, dissolute; *not used singly*; hence ဆိုးသွမ်း။

သွမ်းသော့, *v.* same, သော့သွမ်း။

သွယ်, *v.* to be slender and tapering; *comp.* ညွန့်, and ရှူး; အရပ်သွယ်, ခါးသွယ်, မေးသွယ်, မျက်နှာသွယ်, လက်သွယ်, လက်မောင်းသွယ်; to lay a telegraph line, connect by telegraph, ကြေးနန်းကြိုးသွယ်; to make a railway, connect by railway, မီးရထားလမ်းသွယ်; to connect by road, လမ်းသွယ်; to connect by a canal, a water course, မြောင်းသွယ်; သွယ် is also applied to language, စကားလမ်းကြောင်းသွယ်ပေး, to lead up to a subject when speaking, to draw out long, as circuitous conversation, သွယ်ဝိုက်; as buying and selling, whence ကုန်သွယ်; to be distinct, separate, various; *used in an adverbial form*, as အသွယ်သွယ်, diversely, variously, အသွယ်သွယ်အဝဝ, အနည်းနည်းအထွေထွေကြ. *Der.* အသွယ်။

သွယ်မြောင်း, *v.* to be narrow and long, သွယ်သွယ်မြောင်းမြောင်း, တံမြက်သွယ်သွယ်မြောင်းမြောင်း, လှုပ်သွယ်သွယ်မြောင်းမြောင်း။

သွယ်ဝယ်, *v. see next.*

သွယ်ဝိုက်, *v.* to draw out long, as circuitous conversation, သူတပါးကို သွယ်ဝိုက်မပြောချင်ပါ၊တည့်တည့်ကိုသာပြောချင်ပါသည်။

သွယ်သဗ် (from သဗ်), *v.* to be neat and slender in form and appearance; *less common than* သဗ်သဗ်သွယ်သွယ်, သဗ်သဗ်သွယ်သွယ်ယည် ကျေးသောမိန်းမ။

သွား, 1, *n.* a tooth; စက်သွား, a cog; ထားသွား, the edge of a *da*; တံစဉ်းသွား, the tooth of a file; လွှသွား, the tooth of a saw; အံသွား, a molar tooth; အထက်သွား, an upper tooth; အောက်သွား, a lower tooth; ရှေ့သွား, a front tooth.

သွားကိုက်, *v.* to have toothache, သွားနာ။

သွားကျိုး, *v.* to break, as a tooth; to lose a tooth; သွားကျိုးကုန်ပြီ, to be toothless; the Burmese often designate a toothless person as သွားကျိုး (*pron.* သဖြိုး).

သွားကြားထိုး (*pron.* သဂြားဒိုး), *n.* a toothpick, သွားကြားထိုးတံ; *v.* to pick the teeth.

သွားချေး (*pron.* သဂျေး), *n.* food that lodges between the teeth after eating; tartar, သွားချေးတက်ထူ။

သွားငုတ် (*pron.* သငုတ်), *n.* the stump of a tooth.

သွားစိုက်ဆရာ, *n.* a dentist.

သွားဆွေး, *v.* to be decayed, as a tooth.

သွားညှိ, *n.* same as သွားချေး (*rare*).

သွားတကြိတ်ကြိတ်, *adv.* gnashingly.

သွားနာ, *v.* to feel tender, be sensitive, as a tooth; to have toothache, သွားကိုက်။

သွားနုတ်, *v.* to extract a tooth.

သွားနှဲ့, *v.* to be loose, as a tooth.

သွားပါး, *n.* a tooth.

သွားပို့, *n.* an artificial tooth, သွားပုံစိုက်။

သွားပေါက်, *v.* to cut a tooth.

သွားပိုးထ, *v.* to have the toothache, from a decayed tooth, supposed to be occasioned by an insect, သွားပိုးစား (*pron.* သဗိုးစား); to have decayed teeth, supposed to be occasioned by the same cause.

သွားပွတ်ဆေး, *n.* dentifrice, tooth powder, tooth paste.

သွားပွတ်တံ, *n.* a toothbrush, သွားတိုက်တံ။

သွားဖုံး (*pron.* သဖုံး), *n.* a gum.

သွားရည် (*pron.* သရည်), *n.* saliva, slaver, drivel.

သွားရည်ယို, *v.* to slaver, drivel, drool, to water, as the mouth.

သွား, 2, *v.* to go.
သွားရာလမ်း, *n.* a course, line of motion.
သွားဟဲ့, *int.* avaunt, begone, depart.
သွေ, *v.* to deviate, go aside from; implying a departure from original intention, or a dereliction of duty, ပြောသည်အတိုင်းမပြု၊တယ်သွေထတ်သည့်လူ; to break a promise, သစ္စာသွေ; to shy, သွေ၍သွားတတ်သည်; to run off a course, as a horse in a race, မြင်းတာသွေသွား, မြင်းလမ်းသွေသွား။
သွေဆန်, *v. see the parts*; အာဏာသွေဆန်; *see* ဖီဆန်။
သွေတိမ်း, *v.* to be refracted, ရောင်ခြည်သွေတိမ်းသည်။
သွေဖယ်, *sometimes* သွေဖည်, *v.* same as သွေ။
သွေရှောင်, *v. see the parts*; အရေးကိစ္စရှိသည့်အခါ၊သွေရှောင်၍မနေပါနှင့်။
သွေလှန်, *v.* to turn aside from the path of duty, fall away, apostatize, ဖောက်ပြန်, မသွေမလှန်အမြန်သွား၍ကြိုးစားအမှုထမ်းပါတော့။
သွေလွှဲ, *v. see the parts.*
သွေ့, *v.* to become dry, free from moisture, ခြောက် (not ခန်း, dried up, as water); အဝတ်အစားသွေ့, မြေသွေ့။
သွေ့ခြောက်, *v.* same, စိုသည့်အဝတ်များကိုသွေ့ခြောက်အောင်လှန်းလိုက်ပါ, မြေကြီးသွေ့ခြောက်သည်။
သွေ့ယောင်း (*often pron.* သယောင်း), *v. see the parts*; ဆေးလိပ်သွေ့ယောင်းလို့ကျိုးသည်, ထင်းခြောက်လှန်းလို့သွေ့ယောင်းနေသည်။
သွေး, 1, *n.* blood; disposition, nerve, spirit; in some instances appears to have a meaning similar to စိတ်; *often used with* လေ။
သွေးအန်, *v.* to vomit blood.
သွေးအိမ်, *n.* the placenta.
သွေးကင်း, *n.* the exhalation of the blood; *comp.* လေကင်း, and အကင်း။
သွေးကောင်း, သွေးခိုင်, *v.* to be strong of nerve, သွေးမြိမ်း
သွေးကြီး (from သွေးသောက်ကြီး), *n.* a subordinate officer under an အရပ်ခေါင်း; *v.* to be consequential, to be imbued with an idea of one's own importance.
သွေးကြော, *n.* a blood vessel, vein or artery; သွေးကြောပြတ်, to be severed, as an artery.
သွေးကြောင်း, *n.* the indented line on the blade of a sword, မြောင့်ကြောင်း။
သွေးကွက်, *n.* a red spot on the skin; an inflammatory cutaneous disease, သွေးပွက်။
သွေးကြွ, *v.* to beat (as the pulse) quickly and strongly, as in a fever.
သွေးခုတ်, *v.* to scarify.
သွေးခုန်, *v.* to beat, as the pulse, သွေးတိုး။

သွေးခဲ, *n.* clotted blood.
သွေးချည်ဥ, *v.* to be extravasated.
သွေးကြွ, *v.* to incite, stimulate to action.
သွေးငုပ်, *v.* to be imperceptible, as the pulse.
သွေးစည်း, *v.* to bind bloods together, to band together; *see* သွေးသောက်ဖွဲ့။
သွေးစမ်း, *v.* to feel the pulse; to put another's courage to the test; *see* သတ္တိ။
သွေးစိမ်း, *n.* fresh blood.
သွေးစုခြင်း, *n.* congestion, သွေးငုပ်စုခြင်း။
သွေးစုတ်လင်းနို့, *n.* a vampire, လင်းနို့။
သွေးစုနာ, *n.* a boil (below the waist); *comp.* အနာစိမ်း။
သွေးစုန်း, *n.* mischievous blood, occasioning pain such as is produced by a witch.
သွေးစုံ, *v.* to come to maturity, as females at the age of puberty.
သွေးဆုတ်, *v.* to have no perceptible pulse, as one near to death; *comp.* သွေးငုပ်။
သွေးဆုံး, *v.* to be subject to cessation of the menstrual discharge, as at the period of the grand climacteric.
သွေးဆော့, *v.* to be quick and unsteady, as the pulse in a fever.
သွေးဆောင်, *n.* a subordinate officer under a သွေးကြီး။
သွေးဆို့, *v.* to be choked by the bursting of a blood vessel.
သွေးတက်, သွေးသက်, *v.* to ascend, or descend, as the blood (of the system).
သွေးတက်သည့်အစာ, သွေးသက်သည့်အစာ, *n.* food which promotes such action of the blood.
သွေးတံကူ, *n.* a kind of painful induration in the breast or bowels; *comp.* လေတံကူ။
သွေးတိတ်, *v.* to stop, cease flowing, as the blood, သွေးရပ်။
သွေးတိတ်မန်း, *v.* to repeat *muntras*, in order to stop the flow of blood.
သွေးတူလာ, *n.* hemorrhoids; *see* လေတူလာ။
သွေးတိုး, *v.* to beat, as the pulse, သွေးခုန်။
သွေးတိုးကျမ်း, *n.* a book that treats of the beating of the pulse.
သွေးတောင်း, *v.* to have a strong desire for a particular kind of food; *see* သလိပ်တောင်း။
သွေးထ, *v.* to be strong and rapid in pulsation.
သွေးထိတ်, *v.* to be subject to a sudden fright, commonly terminating in death or madness; *in a secondary sense,* to be alarmed, အတန်သွေးထိတ်သည့်လူချည်းဘဲ။

သွေးထုတ်, *v.* to bleed, to let blood by puncturing a vein, သွေးဖောက်။
သွေးထိုင်း, *v.* to have a slow, dull pulse.
သွေးထိုး, *v.* to extract blood by a puncture made for some other purpose than venesection.
သွေးနည်း, *v.* to be deficient in nerve, spirit, pluck.
သွေးပေါက်, *v.* to bleed by cutting the flesh in several places.
သွေးပြောင်း, *v.* to change for the worse, as conduct, disposition, စိတ်သွေးပြောင်း။
သွေးပြု, *v.* to have a hemorrhage.
သွေးပွက်, *n.* a red spot on the skin, an inflammatory cutaneous disease.
သွေးဖောက်, *v.* to bleed, let blood by opening a vein.
သွေးဖောက်ထား, *n.* a lancet.
သွေးဖျည်းနာ (*pron.* ဖျဉ်း), *n.* a species of dropsy; ဖျည်းစွဲနာ။
သွေးမစွမ်း, *n.* a leper, အနူ။
သွေးမှုန်, *v.* to be frightened to death or into insanity; to faint, lose the animal functions; also applied figuratively to persons when in a violent, uncontrollable passion, စိတ်ဆိုးလွန်းလို့ဘာပြောရမှန်းမသိ၊သွေးမှုန်နေသည်; *comp.* သွေးထိတ်။
သွေးရင်းသားရင်းမရှိ, *v.* to have no blood relations.
သွေးရူးသွေးတန်း, *a.* delirious; *more than* စိတ်ကတောင်ကယင်။
သွေးရှင်, *v.* to be strong and rapid in pulsation, သွေးထ။
သွေးလန့်, *v.* to be subject to a sudden fright, which may result in death or madness, သွေးထိတ်။
သွေးလုံ, *v.* to be self-confident, cool, self-possessed, သွေးခိုင်။
သွေးလိုက်, *v.* to resemble, take after, သားသမီးများမိဘကိုသွေးလိုက်သည်။
သွေးဝေး, *v.* to become estranged; to be distantly connected, as relatives.
သွေးသစ်လောင်း, *v.* to obtain a renewal of blood after childbirth.
သွေးသံ, *n.* same as သွေး။
သွေးသောက်, *n.* a band of fifty men; *used as a numeral affix,* တသွေးသောက်, etc.
သွေးသောက်ကြီး, *n.* the chief of a band; *see* သွေးသောက်ဖွဲ့; formerly the commander of a kind of militia in U.B. *Der.* သွေးကြီး။
သွေးသောက်ဖွဲ့, *v.* to band together for the accomplishment of any business, from the Karen custom of drinking blood; သင်းဖွဲ့။
သွေးသောက်ဝင်, *v.* to enter such a band.
သွေးသွန်နာ, *n.* excessive menstrual discharge; *v.* to have a hemorrhage after childbirth.
သွေး, **2**, *v.* to whet, to rub one substance on another in order to

sharpen, polish, pulverize, etc., ထားသွေး, လှသွေး, သင်တုန်းသွေး; ကျောက်သွေး, ဆေးသွေး, သနပ်ခါးသွေး; ထားသွေးကျောက်, a whetstone.

သွေး, 3, *v.* to draw along, persuade to accompany, အဖော်သွေး, သူ့ဘက်ကိုပါအောင်တယ်သွေးတတ်သည်။

သွေးဆောင် (*pron.* ဇောင်), *v.* same (*most common*); to entice, influence, seduce, အလိုမတူဘဲလျက် မတရားသဖြင့် သွေးဆောင်လိမ်လည်၍ အကျိုးမဲ့အောင်ပြုသည်, သွေးဆောင်လို့သာပြုရသည်။

သွေးခြိန်း, *v.* same (*infreq.*).

†သွေးရှည်, *n.* a kind of bird, the fan-tailed babbler.

သွဲ့. *v.* to swing around, as a sword, ထားသွဲ့, or as a riding whip or cane, ကြိမ်လုံးသွဲ့; to swing to and fro, as the branches of a tree, or as the tree itself, ညောင်ပင်အကိုင်းအခက်သွဲ့သည်, ကွမ်းသီးပင်လေတိုက်လို့သွဲ့သည်; to wave, as a flag, အလံသွဲ့သည်, လေလာတိုင်းအလံတသွဲ့သွဲ့နေသည်; to be supple-waisted; to move circularly in the hands, as a dish of food when offering to spirits.

သွဲ့နွဲ့. *v.* to swing about in a waving manner; to wheedle, coax, flatter, အမူအရာသွဲ့နွဲ့, သွားပုံလာပုံသွဲ့နွဲ့, စကားပြောသွဲ့နွဲ့; သွဲ့နွဲ့, in the second and third examples usually implies gracefulness of bodily movement, and style of speaking.

သွဲ့ဝဲ့, *v.* same as သွဲ့။

သျှတ္တရကျမ်း, *n.* the Shasters; အာကာသသျှတ္တရဆရာ, an astronomer.

သျှတ်သမား, *n.* one skilled in the Shasters.

သျှောင် (from ဦးသျှောင်), *n.* the knot of hair worn by men, သျှောင်ထုံး; the nimbus on the head of a Buddh, ဘုရားသျှောင်တော်. The following are different kinds of knots of hair worn by Burmans, သျှောင်ကလပ်, နှစ်ပုံခွဲသျှောင်, မန်းသျှောင်, သုံးပုံခွဲသျှောင်။

သျှောင်ကိုင် (*pron.* ဂိုင်), *v.* to attach cords to the end of a warp, when it is nearly woven up, to keep it stretched.

သျှောင်ဆွဲ, *n.* a piece of timber placed in the direction opposite to a prop, to draw a post, and preserve it in an upright position; to drag a male person by the top knot, ငမြကိုသျှောင်ဆွဲပြီးခေါ်သွားသည်။

သျှောင်ထုံး (*pron.*ယောင်ဒုံး), *n.* same as သျှောင်; *v.* to make into a topknot.

သျှောင်ပန်း, *n.* a charm against evil (bound up in the hair), ပန်းမန်းဆောင်, ပန်းမန်းပန်; formerly worn in the hair by Burmese soldiers.

သျှောင်မြိတ်, *n.* the end of the hair which is left after the knot is tied, သျှောင်မြိတ်ဆံညှောက်, သျှောင်မြိတ်ချ, သျှောင်မြိတ်တွဲထွဲ။

သျှောင်ရစ်, *v.* to wind up the သျှောင်မြိတ်, သျှောင်မြိတ်ရစ်ထား။

# ဟ

ဟ, the thirty-first consonant in the Burmese alphabet.

ဟ, 1, *v.* to open the mouth; to gape open; hence အဟ; ပစပ်ကိုဟသည်, သွားအယ်နှစ်ချောင်းပေါ်သည်ကိုသိရအောင်၊ပစပ်ကိုဟပြစမ်းပါ, ခင်ဗျားအကြောင်းမကောင်းပြောမည်ဝေးလို့နှုတ်မှာမဟမိပါဘူး, so far from my having spoken evil of you, I have not even so much as opened my mouth concerning you.

ဟ. 2, *verb. affix, imperative*, commonly used in driving away evil spirits.

ဟက်, 1, *v.* to hawk, raise phlegm, သလိပ်ဟက်, ချွဲဟက်; hence, တဟက်ဟက်, *adv.* with the sound of a hacking cough, ချောင်းတဟက်ဟက်နှင့်တညလုံးမအိပ်ရ။

ဟက်, 2, *v.* to stretch (the mouth) open by inserting a flat thing and turning it edgewise, to gag, ခွေးကိုက်မည်ပြေးလာသို့၊ ပစပ်ကိုသံပြားနှင့်ဟက်ထားသည်; to gash (a bamboo) obliquely, ဝါးလုံးကိုဓားနှင့်ဟက်ပြီးခွဲသည်; အာဟက်, to slit the mouth, as was done, it is said, for disobedience to a royal order in the days of the old Burmese Kings; မင်းလောင်းပေါ်သည်ဟုပြောဆိုသံကြားသည့်လူကိုဖမ်း၍အာဟက်ရမည်။

ဟက်စက်, *v.* to exhibit a fissure or hiatus; to gape, as a wound, အနာဟက်စက်သည်။

ဟက်ထက်ကွဲ, *v.* to be partially split or cracked, သစ်ကိုသပ်နှင့်ဟက်ထက်ကွဲအောင်ခွဲသည်, ကျောကိုဓားနှင့်ခုတ်လို့ဟက်ထက်ကွဲကြီးဖြစ်နေသည်, ခြေထောက်ကိုသံနှင့်ထိုးမိလို့ဟက်ထက်ကွဲကြီးဖြစ်နေသည်။

ဟက်ဟက်ပက်ပက်ရယ်, *v.* to laugh loudly, boisterously, ရယ်လိုက်သည်မှာဟက်ဟက်ပက်ပက်။

ဟင်, 1, *v.* to whine, as a dog; *used in adverbial forms only*, ခွေးသူ့သခင်ကိုမြင်သည့်အခါ၊အမြီးနှန့်၍ဟင်ဟင်နှင့်အသံပေးတတ်သည်။

ဟင်, 2, *int.* indicative of an unpleasant smell, ဟင်၊နံ့လိုက်တာ, ဟင်၊ ရှုံ့စရာကောင်းလိုက်တာ (*colloq.*); *also used as an int.* indicating disapproval, ဟင်၊ဆိုထန်နေဘ်၊မတန်လျှင်အရိုက်ခံရလိမ့်မည်, ဟင်၊မလုပ်နှင့်။

ဟင်အောင်, *adv. intensive*, to words of disagreeable import.

ဟင့်, 1, *v.* to make a teasing, whining noise, as a child; used in the phrase, တဟင့်ဟင့်ငိုသည်။

ဟင့်, 2. *int.* indicative of some calamity, or of surprise, ဟင့်၊ သည်လိုဆင်းရဲသည်မှာ၊တခါမျှမတို့ဘူးဘူး, ဟင့်၊မြွေကြီး၊မြွေကြီး။

ဟင်း, 1, *n.* curry; any cooked condiment to be eaten with rice, ဟင်းတခွက်, ဟင်းကောင်းရှိက၊ညှော်ရောက်စေချင်သည်၊ပုဆိုးကောင်းရှိက၊ပွဲသွားချင်

သည်, ဟင်းအလေးအပေါ့တော်ပါ၏လား, is the curry properly seasoned?
ဟင်းကနွယ်, *n.* Nepal spinach, the *Amarantus oleraceus*; *Amarantus spinosus*, another variety; ဟင်းနုနွယ်။
ဟင်းကျွေး, *n.* anything of which curry may be made, ဟင်းလျာ။
ဟင်းကြွပ်, *n.* a plant.
ဟင်းခင်း (*pron.* ဂင်း), *n.* a kitchen garden, ဟင်းရွက်ခင်း။
ဟင်းခါး (*pron.* ဂါး), *n.* a decoction made of ကြံပန်းရွက်, ခန့်သလွန်, ငရုတ်ကောင်း, ဆား, and ငါးပိ (taken by women after childbirth, to stimulate the powers of lactation).
ဟင်းချို, *n.* a cup-like ladle, ယောက်ချို။
ဟင်းဂရို, *n.* a plant.
ဟင်းဂလာ, *n.* a plant, the *Spilanthes acmella*.
ဟင်းဂလာချဉ် (*pron.* ချဉ်), ဟင်းဂလာချဉ်ဖတ်, *n.* pickled ဟင်းဂလာ။
ဟင်းဂလာယဉ် (*pron.* ယဉ်), *n.* a cultivated ဟင်းဂလာ which is eaten in a pickled state.
ဟင်းဂလာရိုင်း, *n.* the wild ဟင်းဂလာ which is used medicinally.
ဟင်းခွဲ, *n.* a plant; said to be another name for the သခွက်, *Spathodea Rheedii*.
ဟင်းဆံ့နွဲ (*pron.* ဆန့်ခွဲ), *n.* a plant.
ဟင်းညှံ့နွယ်, *n.* a creeper bearing yellow flowers. The buds are sometimes eaten cooked in pottage.
ဟင်းညို, *n.* a poor kind of ဟင်း။
ဟင်းနားတောင် (*pron.* နဒေါင်), *n.* a plant.
ဟင်းနုနွယ်, *n.* a plant; *comp.* ဟင်းကနွယ်။
ဟင်းပုဝ်, *n.* a plant.
ဟင်းဖတ်, *n.* the substantial part of a cooked condiment.
ဟင်းမျိုး, *n.* a tiger; so called to frighten him away; သည်တောတယ်ကျွားပေါ်သည်ဆိုသော်လည်း၊ဟင်းမျိုးကသဲ; also applied to the different kinds of fish and flesh eaten in curries, ဟင်းမျိုးတိရစ္ဆာန်။
ဟင်းရည်, *n.* the gravy of any cooked condiment, broth.
ဟင်းရဝ်း, *n.* a plant.
ဟင်းရဝ်းပွး, *n.* a four-sided လုဗိကာ; *comp.* ဗိစပ်ပွး။
ဟင်းရွက်, *n.* leaves used in making curry.
ဟင်းရွက်ပင်, *n.* any plant that produces leaves that are used in curry.
ဟင်းလေး, *n.* a hotch-potch curry.
ဟင်းလျာ, *n.* anything of which curry may be made, ဟင်းကျွေး။
ဟင်းသီး, *n.* fruit or vegetables used in making curry.
ဟင်း, 2, *v.* to lie open, be uncovered, unenclosed; *see* လစ်ဟင်း to be

vacant, as an office, post; to be lacking, လူတယောက်လျှော့သည့်အတွက်အလုပ်ဟင်းသည်, နွားသုံးကောင်အနက်နှစ်ကောင်ဟင်းပါသည်။

ဟင်းလင်း, *a.* or *adv.* open, unenclosed, ပလာ, ဟာလာ; to be open, as a view or prospect; to be exposed to view; to be empty, as a vessel, ပလာ; *usually used in combination with* ဟာလာ, ဟာလာဟင်းလင်း; အိမ်အမိုးအကာမရှိ ဟင်းလင်းကြီး ဖြစ်နေသည်, တောတောင်အကွယ်အကာမရှိ တောင်ပြောက်ဟင်းလင်းမြင်ရသည်; ခြင်ထောင်မရှိ၊ဟင်းလင်းမအိပ်တတ်ဘူး။

†ဟင်းငန်, *n.* a kind of fish.

ဟင်းသပြတား (*pron.* သပဒါး), *n.* vermilion.

ဟင်းသပြတားရှိင်း *n.* cinnabar, red sulphide of mercury.

ဟသာ (Pali ဟံသာ,), *n.* a species of wild duck, the *Casarea rutila*, the ruddy sheldrake. This was the national bird of Pegu.

ဟသာတာရာ, *n.* the name of one of the constellations.

ဟသာပါဒ, *n.* a kind of plant.

ဟသာလေး, *n.* a weight resembling the ဟသာ duck, ချွေလေး။

ဟစ်, *v.* to call loudly, as to a distant person, to shout, scream, အော်။

ဟစ်ကြော်, *v.* to cry out, bawl, scream, အော်ဟစ်။

ဟစ်ကြွေး, *v.* to call out, cry, proclaim aloud, halloo, shout, ကြွေးကြော်။

ဟစ်ခေါ်, *v.* to call loudly to a distant person, ဟစ်ခေါ်စမ်းပါ။

ဟစ်ငို, *v.* to weep aloud, to wail, လူကြားအောင်ဟစ်ငိုသည်။

ဟစ်ထူး, *v.* to shout back in answer to a call.

ဟည်, *int.* heigh-ho!

ဟည်း, *v.* to whine, as an elephant or a dove when angry; to roar, as the elements; to hiss, as the burning of powder from a rocket or a ဗုံး, when it fails to explode, ရှူး။

ဟတ် (Shan), *n.* a waterfall; *less than* ရေတံခွန်။

ဟတ္တိဒတ္တာ, *n.* a kind of grass.

ဟတ္ထပတ် (Pali ဟတ္ထ, a cubit), *n.* a certain space around a priest beyond which it is not lawful for him to look, when entering a village or town, လေးတောင်ထွာဟတ္ထပတ်ထက်တိုး၍မကြည့်ကောင်းဘူး, ဆွမ်းခံသည့်အခါနှစ်တောင်ထွာဟတ္ထပတ်ထက်ဝေးလို့မခံကောင်း။

ဟဒယ (Pali), *n.* the heart; "the heart, the mind, the breast." *Childers*; ဟဒယကြည်လင်, နှလုံးသွေးကြည်လင်, သည်ကနေ့နေရထိုင်ရသည်မှာဟဒယကြည်လင်သည်, ဟဒယရွှင်။

ဟဒယဝတ္ထု, *n.* "the substance of the heart; the heart of flesh." *Childers.*

ဟန်, *v.* to appear, have an appearance; *not used as a verb*; to have a natural appearance, to do as usual, as in ဟန်ရ; to be drawn to the life, as a picture or portrait, ပန်းချီဆရာမောင်ကြာညွှန့် အလွန်ဟန်

ဘောင်အရုပ်ရေးတတ်သည့်လူတဲ့; *n.* appearance, ပုံပန်း; good appearance.
ဟန်ကပ်, *v.* same as ဟန်ကျ, သည်အဝတ်နှင့်ခင်ဗျားဟန်မကပ်ဘူး။
ဟန်ကျ, *v.* to accord in appearance, to become.
ဟန်ကြီး, *v.* to be proud, to have a haughty manner.
ဟန်ခင်း, *v.* to prepare to make a feint, to make preparations as if intending to do, without doing.
ဟန်ချီ, *v.* to put on vain and boasting airs (*infreq. in colloq.*).
ဟန်ဆင်, *v.* same as ဟန်ခင်း။
ဟန်ဆောင်, *v.* to assume an appearance, to make false pretences, to feign, ငမြွေမိမိတ်ဆွေငနီကိုသတ်ပြီးကာလ၊ဘုန်းကြီးဟန်ဆောင်၍ထွက်ပြေးလေသည်, သူခိုးလူကောင်းဟန်ဆောင်၍အိမ်ပေါ်သို့တက်ခိုးသည်။
ဟန်ပန်, *n.* same as ဟန်, သည်ပုဆိုးသည်အင်္ကျီနှင့်တယ်ဟန်ပန်ရသည်, ဟန်ပန်တယ်ကောင်းသည်။
ဟန်ပြ, *v.* to make a feint, တော်တော်ဟန်ပြပါတော့၊သည်ထက်မယည်နိုင်ဘူး; *comp.* အဟန်ပြ။
ဟန်မူ, *v.* same as ဟန်ပြ, မိဘုရားစွတ်စိဆိုး လောက်ရုံတိုင်အောင်သွားဟန်မူ၍တာဝတိံသာသို့တတ်လေ၏။
ဟန်ယူ, *v.* to put on vain and boasting airs; to get ready for an effort, gather strength, as in drawing back and nerving the limbs to leap a brook, အားယူ, မြောင်းငယ်ကိုတန်ယူပြီးခုန်သည်, လူအိုများရုတ်တရက်မထနိုင်သောကြောင့်ဟန်ယူပြီးထရသည်။
ဟန်ရ, *v.* to have a good appearance, as when one's bearing and qualifications correspond with his office, အရာနှင့်လူဂုဏ်ဖြပ်ဟန်ရသည်။
ဟန်ရေးပန်ရေး, *n.* same as ဟန်ပန်, စစ်သားချင်းဟန်ရေးပန်ရေးပြသည်. ခြင်းလုံးခတ်မည်လို့ဟန်ရေးပန်ရေးပြသည်။
ဟန်ရေးဝါရေးခင်း, *v.* to prepare to make a feint, ဟန်ခင်း။
ဟန်လုပ်, *v.* to make a feint, ဟန်ပြ။
ဟန်လုံး, *n.* personal appearance and bearing, စစ်တိုက်မည်ကြံကာလလက်နက်ကရိယာဟန်လုံးရိုက်လျှင်၊ တပါးသောစစ်သည်ပပျောက်စရာရှိသည်, သည်သူနှစ်ယောက်လက်ဝှေ့သတ်မည်လို့ဟန်လုံးရိုက်နေကြသည်။
ဟန်လွှဲ, *v.* to make a swinging motion with the arm, preparatory to striking, ဟန်လွှဲခုတ်သည်; to swing the arms in walking.
ဟန့်, *v.* to stop, prevent progress, by calling out authoritatively, ကျွန်တော်ဆီးဟန့်လို့သာမရိုက်ဘဲနေကြသည်။
ဟန့်ဆီး, ဟန့်တား, *v.* same, ယောက်ျားကပေးမည်ကြံသော်လည်း၊မိန်းမကဟန့်ဆီးတားသည်, ဟန့်တားမရသောကြောင့်လွှတ်လိုက်ရသည်။
ဟပ်, **1**, *v.* to join, unite, connect; *see under* စပ်။
ဟပ်, **2**, *v.* to bite at, as a fish or a dog; to snatch in eating; ငါးအ

စာကိုဟပ်သည်, ခွေးခြေသလုံးကိုဟပ်သည်; to attract, as a magnet attracts a needle, or amber bits of paper.

ဟမား, *int.* what is it? show it! ပြစမ်း။

ဟယ်, *pron.* you, *mas.* or *fem.*, *used vocatively only* (*disrespectful*), ဟယ်၊ပြောသည့်စကားနားမထောင်ဘူး, ဟယ်၊မလုပ်နှင့်; ဟယ် is only used toward inferiors, or those who acknowledge one's authority.

ဟ္ရို, *pron. plur. of* ဟယ်, ဘယ်သွားကြသလဲဟ္ရို, ဟ္ရိုရှိကြသလား။

ဟလူ, *int. of calling*, halloo. ဟလူ၊ဘယ်သွားမည်လို့လဲ။

ဟဟ, *adv.* laughingly, တဟဟ, တဟဟနှင့် တယ်ရယ်တတ်သည့်လူ; *less than* ဟားဟား။

ဟံ, *a.* with stunted tusks, as an elephant.

ဟာ, 1, *n.* a thing, အရာ, ဥစ္စာ, ဘယ်သူ့ဟာလဲ, သည်ဟာဘာလဲ. *Der.* အဟာ။

ဟာ, 2, *v.* to lie open, unenclosed, ဟင်း; to be imperfectly devised, as a scheme or plan, အကြံဟာသည်; to be not quite full, as a box, သေတ္တာဟာသေးသည်၊အထည်ထည့်လျှင်ဆံ့သေး၏။

ဟာတာတာ, *adv.* with too large an opening; uncomfortably, as the stomach for want of food, နေလို့ထိုင်လို့ဟာတာတာရှိသည်။

ဟာလာ, *a.* or *adv.* open, unenclosed, ပလာ, ဟင်းလင်း, အမိုးအကာမရှိ၊ ဟာလာရှိသည်။

ဟာလာဟင်းလင်း, *adv.* same, ဟာလာဟင်းလင်းရှိ။

ဟာ, 3, *int. prohibitive*, ဟာ၊မလုပ်ပါနှင့်, ဟာ၊မသရေဉ်ပါနှင့်, ဟာ၊သည်လို မပြောပါကလား။

ဟာနိယအရွယ်, *n.* the age of infirmity, when strength begins to fail, ဟာနိယအရွယ်ကား၊အားယုတ်သည်; according to the Burmese the age of infirmity commences at sixty, ဟာနိယကား၊ခြောက်ဆယ်။

ဟား, *int.* expressive of wonder or joy, ဟားဟားဟားဟားနှင့်ရယ်လိုက်ကြသည်။

ဟိ, *v.* Arakanese provincialism for the verb "to be," မဟိ for မရှိ။

ဟိတ်, 1 (Pali ဟေတု), *n.* a prime motive or spring of action, of which there are six, *viz.*, လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်; a state of being of which there are four, *viz.*, ဒုဂတိဟိတ်, သုဂတိဟိတ, ဒွိဟိတ်, တိဟိတ်, or according to others three, *viz.*, ဧကဟိတ်, ဒွိဟိတ်, and တိဟိတ်, implying freedom from one or more of the three evils, လောဘ, ဒေါသ, မောဟ။

ဟိတ်, 2, *n.* prestige, the power of a name, လူစွမ်းဟိတ်အလွန်ကြီးသည်; used in a bad or good sense.

ဟိတ်တန်ခိုး, *n.* same, ဟိတ်တန်ခိုးထွက်သည့်မင်း။

ဟိတ်ထုတ်, ဟိတ်လုပ်, *v.* to use the prestige of a name for the sake of effect.

ဟိတ်ဟန်ဆောင်, *v.* to swagger, ဟန်ချီသွားလာသည်။

†ဟိတ်စာ, ဟိတ်စိ, *n.* a pinch, a small quantity; *see* ဆိတ်စာ, and ဆိတ်စိ; သေနတ်မှန်တော့မည်လို့ ဟိတ်စာသာလိုသည်, ခင်ဗျားရေးသည့်စာလုံး ဟိတ်စိသေးသည်၊ သည်ထက်ဖောက်ဖောက်ရေးလျှင်သာကောင်းလိမ့်မည်။

ဟိတ်ဟိတ်, *adv. intensive,* to words of shivering or trembling, ဟိတ်ဟိတ်တုန်သည် (*infreq.*), ဖိန့်ဖိန့်တုန်သည်။

ဟိန္ဒူ, *n.* a Hindu, ဟိန္ဒူကုလား; ဟိန္ဒူဘာသာ။

ဟိန်း, *v.* to growl, as an animal, ကျားဟိန်း, ကြောင်ဟိန်း, ခွေးဟိန်း; to murmur, roar, as the wind or sea, လေဟိန်း, ပင်လယ်ဟိန်း; to resound, as the protracted tones of a drum, ပုံရှည်ဟိန်း, ရှမ်းစည်ဟိန်း; or of an organ, bell or gong, ခေါင်းလောင်းဟိန်း, မောင်းဟိန်း; hence တဟိန်းဟိန်း, growlingly, thunderingly; ခင်ဗျားတို့အိမ်ကခွေးတဟိန်းဟိန်းနှင့်အလွန်ကြောက်စရာကောင်းသည်။

ဟိန်းအောင်, *adv.* exceedingly (great, high, etc.).

ဟိန်းချ, *v.* to give up farther effort, လက်ချ, သည်အမှုမအောင်နိုင်ဘူးလို့ဟိန်းချထားသည်။

ဟိမ (Pali), *n.* snow, မိုးသီးပွင့်, ဆီးနှင်း။

ဟိမဝန္တာ (တော), *n.* the Himalaya forest, sometimes called ဟိမဝန်။

ဟိမဝန္တာခန်း, *n.* the part of the story of Wethandaya relating to his sojourn in the Himalaya forest.

ဟိမဝန္တာတောင်တန်း, *n.* the Himalayan range of mountains.

ဟိမ်းမိုသီး, *n.* the Tavoy name for the *papaya*, သင်္ဘောသီး။

ဟိရိ (Pali), *n.* shame, modesty, ရှက်ခြင်း, ဟိရိသြတ္တပ္ပတရား, ရှက်ကြောက်သောတရား, ဟိရိသြတ္တပ္ပတရားကင်းသောသူ, ဟိရိသြတ္တပ္ပကိုမစောင့်. "*Hiri*, shame, that which deters from the performance of what is improper to be done, through the influence of shame." M.B.

ဟီ, *v.* to neigh, as a horse, မြင်းဟီ; to laugh loudly and rudely; applied reproachfully to women, တဟီဟီသည့်မိန်းမ။

ဟီဟီ, *adv.* of similar import, ဟီဟီဟီဟီနှင့်ရယ်သည်။

ဟီဟီဟာဟာ, *adv.* with loud and unrestrained laughter, တဟီဟီတဟာဟာနှင့်ရယ်ရသည်။

ဟီးရိုးဟူးရား, *adv.* headlong, recklessly, hot-headedly (*rare in colloq.*), ပုဏ္ဏားအိုဟီးရိုးဟူးရားနှင့်ဘာမိတ်ဆိုးလာသလဲ။

ဟု (from ဟူ, to say, declare, mean), *verb. affix,* that, namely, *viz.*; *see Gram. sec.* 119.

ဟုတ်, *v.* to be true, မှန်; hence မဟုတ်တရုတ်; ဟုတ်သော်ရှိမဟုတ်သော်ရှိ, whether true or untrue, ဟုတ်လှပြီ; မဟုတ်မခံဘူး, an expression applied to persons who spiritedly resent an injury or injustice.

ဟုတ်ကဲ့, *adv.* yes, it is so; yea, just so; ဟုတ်ကဲ့ရော့မည်, true indeed! (*i.e.*, not true) (*ironical*), ဟုတ်ကဲ့ရော့မည်လား, is it? indeed! somewhat suggestive of derision.

ဟုတ်ချည်, *contraction of* ဟုတ်ချေ၏ (*Colloq.*).

ဟုတ်ငြား, *used in adverbial forms only.*

ဟုတ်ငြားသော်လည်း, *an adverbial expression,* although, ဟုတ်ပင်ဟုတ်ငြားသော်လည်း။

ဟုတ်စ, is it so? equivalent to ဟုတ်ကဲ့လား, ဟုတ်မှဟုတ်ပါစ, ဟုတ်ပါစ။

ဟုတ်မှန်, *v.* to be certain, true, ဟုတ်မှန်သည့်စကားကိုပြောပါမည်။

ဟုတ်လျား, *v.* same; *used only in the negative,* မဟုတ်မလျား။

ဟုတ်ဟတ်, *v.* same as ဟုတ်မှန်, အဟုတ်အထတ်, ကျီစားထို့ပြောသည်ကိုတကယ်အဟုတ်အထတ်မှတ်ထားသည်, ဟုတ္တိဟတ္တိပြောသည်။

ဟုတ်ဟန်, *n.* verisimilitude; ဟုတ်ဟန်ရှိ, to be verisimilar.

ဟုတ်ခနဲ, *adv.* instantly, ရုတ်ခနဲ, ရေနံဆီမီးကျွလျှင်ဟုတ်ခနဲထလောင်ထတ်သည်, မီးခြစ်ကိုခြစ်လိုက်လျှင်ဟုတ်ခနဲတောက်သည်။

ဟုန်, 1, *v.* to be quick and violent, လျင် and ပြင်း; *not used assertively;* hence အဟုန်; တဟုန်ထိုးဖြစ်လျှင်၊တယ်ပြေးသည့်မြင်းဘဲ၊တာရှည်စီးလျှင်ဖား တတ်သည်; တဟုန်ထိုးကောင်း; also applied figuratively, as တဟုန်ထိုးကောင်းသည့်လူ, *i.e.*, good for a dash, but not for continued effort; to be deficient in flavor, as ငါးသိုင်း။

ဟုန်ခနဲ, *adv.* quickly and violently, ဟုန်ဟုန်။

ဟုန်, 2, *v.* to fail, as when the speed does not correspond to the effort made by sail or steam (သုန်); to fail through excess, as when fruit does not correspond to the growth and apparent thriftiness of the tree, သရက်သီးဟုန်သည်။

ဟုန်း (ပင်), 1, *n.* a kind of creeper, the *Anamirta cocculus,* or *Cocculus Indicus,* the bark of which is used for killing fish (the bark of the သစ်ပုလွေ is also used for the same purpose).

ဟုန်း, 2, *v.* to roar, as a tiger, a storm, fire, the waves of the sea, ဟိန်း။

ဟုန်းခနဲ, *adv.* roaringly, with great quickness, violence, and noise, မီးဟုန်းခနဲထ; *more than* ဟုန်ခနဲ။

ဟုန်းစုံး, *adv.* boastingly, ကြုံးဝါးရွာ။

ဟုန်းဟုန်း, *adv.* same as ဟုန်းခနဲ။

ဟုပ်, *a.* that, yon, ဟုပ်အထဲမှာ, ဟုပ်ရှမ်းပြည်မှာ; *see* ဟို။

ဟုပ်ဆီမှာ, *adv.* away off there, away off yonder (*Colloq.*).

ဟူ, 1, *v.* to say, declare; to mean, ဆို, ဆိုလို; *not used assertively* (*infreq. in colloq.*).

ဟူလို, *v.* same as ဟူ။

ဟူ, 2, *v.* to sound, as a buzzing noise in the ear, နားဟူသည်, နားလေထွက်သို့ဟူနေသည်, နားဟူသိုဘာမျှမကြားဘူး။
ဟူ၍, *conjunctive adv.* namely, *contracted to* ဟု။
ဟူးရား, *n.* astrological deductions; an astrologer.
ဟူးရားသမား, *n.* an astrologer.
ဟူးဟူး, and တဟူးဟူး, *adv.* expressive of the noise which the words indicate, လေတဟူးဟူးတိုက်သည်, ဟူးဟူးပြောင်ပြောင်မီးလောင်သည်။
ဟေ (Pali), *int. vocative,* calling at a distance or answering; or expressive of joyful surprise (*rare in colloq.*), ဟေ၊ဆိုသူတော်ကောင်းတို့, ဟေ၊အချင်းယောက်ျားတို့။
ဟေဗြဲ, *n.* a Hebrew; ဟေဗြဲဘာသာ, the Hebrew language.
ဟေမန္တဥတု (Pali), *n.* the cold season, ဆောင်းကာလ။
ဟေလသ, *n.* a Greek, ဟေလသလူ။
ဟေ့, *int. vocative,* same as ဟေ; used in frightening sparrows from the rice fields.
ဟေး, 1, *int.* same as ဟေ။
ဟေး, 2 (Beng. ဟေးလာ), *int.* indicative of effort; hence တဟေးဟေး, *adv.* unable to lift or manage; belchingly, as gas from the stomach.
ဟဲ့, *int. of censuring, threatening*; hence တဟဲ့ဟဲ့, *adv.* threateningly, ဟဲ့နေဦး၊ဘယ်သူမှာလူမထင်, ငါဟဲ့နေဦး၊သူမှားလိုမခံဘဲရှိလိမ့်မည်, ယောက်ျားဟဲ့, ဘသားဟဲ့, ဟဲ့ခွေး, ဟဲ့နွား; used also in speaking to very inferior persons, ဟဲ့၊နင်ဘယ်သွားမည်လဲ, ခင်ဘုရားကျွန်တော်ကိုတဟဲ့ဟဲ့နှင့်မခံချင်ဘူး။
ဟော, 1, *v.* to utter in a formal manner, as in preaching, တရားဟော; or in prophesying, foretelling, နိမိတ်ဟော, ဗေဒင်ဟော; to render the meaning of, as of Pali into Burmese, *e.g.*, ဒီယံ, ချစ်ခြင်းကိုဟောပါသည်။
ဟောကြား, *v.* to preach and instruct, တရားဓမ္မဟောကြားခြင်းသည်။
ဟောပြော, *v.* same as ဟော။
ဟော, 2, *int. indicative,* there! ဟော၊ကြည့်စမ်း, ဟော၊ဘဲ့နှယ်ရှိသလဲ, ဟော၊သည်လိုလုပ်ပါ။
ဟောဟော, *adv.* freely, all at once; hence တဟောဟော, one after another without intermission, ရေတဟောဟောစီးကျသည်, တဟဲဟဲစီးကျသည်။
ဟောဟောတိုင်းတိုင်း (*pron.* ဒိုင်းဒိုင်း), *adv.* frankly, openly, unreservedly, သည်သူသဘောကောက်ကျစ်ခြင်းမရှိ၊ဟောဟောတိုင်းတိုင်းပြောတတ်သည်။
ဟောက်, 1, *v.* to be low, hollow, sunken, as a vessel not full; *more than* ရှိုက်, *and* ဟိုက်; ကျွန်ုပ်ရေတကောင်းထဲမှာရေကိုအပြည့်ထည့်ထားသည်။ ယခုဟောက်ပြီ။လူယူသောက်သလား, ဆန်ကိုပြည့်အောင်ခြင်ပါ၊ မဟောက်ပါစေနှင့်. In speaking of clothes and piece goods, ဟာ is preferable to ဟောက်; ဟောက် is used with reference to dry and liquid measures;

is also applied to the eye when sunken from illness or want of sleep, မျက်တွင်းဟောက်, မျက်တွင်းချောင်။
ဟောက်တောက်, *adv.* sunken, as an eye which has been destroyed, မျက်လုံးဟောက်တောက်ကန်းသည်။
ဟောက်, 2, *v.* to snore, ဟောက်တတ်သောသူဆင်းရဲတတ်သည်; to roar, as a lion, or cry, as the barking deer.
ဟောက်, 3, *adv.* there, at a distance (*provincial*).
ဟောင်, 1, *v.* to be rancid, to have the smell of substances long decayed, ပုပ်လိုက်သည်မှာဟောင်နေရော့, ဟောင်စော်နံသည်။
ဟောင်စပ်, ဟောင်စပ်စပ်ဖြစ်, *v.* same, but less than ဟောင်။
ဟောင်ပုပ်, *v.* same as ဟောင်။
ဟောင်, 2, *v.* to bark, ခွေးဟောင်သံ, ခွေးဟောင်တိုင်းထလျှင်မအိပ်ရဘူး။
ဟောင်း, *v.* to be old, not new, မသစ်, ဟောင်းသောအဝတ်နှင့်လူထဲဝင်လျှင်မတင့်တယ်ဘူး; စကားဟောင်း, ancient, obsolete language; အိမ်အိုဟောင်းပျက်အအိပ်ခက်၊လူအိုဟောင်းပျက်အပြောခက်။
ဟောင်းနွမ်း, *v.* to be old and faded. as a garment, ပုဆိုးဟောင်းနွမ်းသည်။
ဟောင်းမြင်း, *v.* to be very old and crumbling.
†ဟောင်းပွာ, *adv.* loudly and noisily in speaking, စကားဟောင်းပွာဟောင်းပွာနှင့်ပြောတတ်သည်၊တခွန်းမျှမှတ်စရာမပါဘူး။
ဟောင်းလောင်း, *adv.* with a hole through, hollow throughout; in an exposed manner; also applied to the wearing of a ပုဆိုး, or ထမီ in an unintentionally indecent manner, ပုဆိုးဟောင်းလောင်းနှင့်လမ်းလျှောက်သွားသည်။
ဟောင်းလောင်းပေါက်, *v.* to be fistular, tubular.
ဟောင်းလောင်းဖြစ်, *v.* to have a hole through, lengthwise.
